www.burmeseclassic.com

# ပဒေါင်ကကျောင်း

## ဆုတောင်းကောင်းနဲ့လာတဲ့သူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးနိုင်နိုင်အောင်(မြ-၀၀၃၂၄)
ရတနာဝင်းပုံနှိပ်တိုက်
အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၈ခုနှစ်၊ မတ်လ။

အုပ်ရေ
၅၀၀အုပ်

တန်ဖိုး
၃၀၀၀ကျပ်

ဖြန့်ချိရေး
မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ပြေးလွှားဖြတ်သန်းလာခဲ့ရသည့် တောလမ်းတစ်လျှောက်မှာ တစ်ကိုယ်လုံး ဆူးခြစ်ရာတွေနဲ့ ပြည့်နေသည်။ ခြေထောက်မှာ ဖျတ် ခနဲဖြစ်သွားခဲ့သမျှ ဆူးလေးလားဆူးကြီးသလား ဘာတွေဖြစ်ဖြစ် ငုံ့ ကြည့်ခွင့်လည်း မရခဲ့။

BURMESE CLASSIC .com

ရန်သူတွေနဲ့ဝေးလာတော့လည်း ကျောချနားဖို့နေနေသာသာ ပင်တစ်နေရာထိုင်စာတောင်မရှိသည့် တောလမ်းကြမ်းကြီးက နေရာ တိုင်းမှာ ချုံနွယ်ပိတ်ပေါင်းတို့နှင့်.. ၊

"ခြုံတွေပဲရှိရင်လည်း ခြုံတွေပေါ်မှာပဲ ခဏထိုင်မယ်ကွာ..မပြေး နိုင်တော့ဘူး.."

"ဖြည်းဖြည်းလျှောက်နေရတာပဲကွာ.. မြေပြန့်ပြန့်လမ်းသန့် သန့်တွေ့ရင်နားရမှာပါ၊ ခဏတော့ လျှောက်စမ်းပါဦး.."

ချမ်းည မျက်နှာရှုံ့မဲ့နေသည်။ သူရက ညီဖြစ်သူကိုလှည့်ကြည့် ပြီး ခေါင်းတခါခါနှင့်.. ၊

"ငါကလည်း မင်းလိုကောင်နဲ့မှ ညီအစ်ကိုတော်နေရတယ်..အံ့ ရော."

"ဘာ.."

"ငါ့ဟာငါဆို တံပိုးရွာထိ တောက်လျှောက်ပြေးနိုင်တယ်.."

"ဟုတ်လား..ငါကလည်း ရွာမှာမင်းသားလိုနေတာလေ၊ မင်းလို လူဆိုးသူခိုးနဲ့ ညီအစ်ကိုတော်နေရလို့ ပြေးနေရတာ.."

"အဲ့ဒီလူဆိုးသူခိုး ရှာဖွေကျွေးတာနဲ့ မင်းလူဖြစ်လာတာ..မ[illegible] ကားနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ..မင်းဘယ်လိုရှာလာလာ မျိုချပေးလာခဲ့တဲ့ ကိုယ့်ညီကိုလည်း ကြံဖန်ကျေးဇူးတင်ရမှာပေါ့.."

"ဟား ဟား ဟား ဟား.."

"အမေတို့သာရှိသေးရင် မင်းခိုးဝှက်လာတာကို ငါ့လိုကြည်ကြည်သာသာ စားသောက်မျိုချပေးမယ် ထင်လို့လား.."

"တော်ပါငပျင်းရာ..ပျင်းရင်ပျင်းတယ်ပေါ့၊ ဒီမှာမင်းမှတ်ထား.. မင်းသားလေးလို ချောနေလည်းယောကျ်ားဆိုတာ လက်ကြောတင်းရတယ်ကွ."

"မင်းလိုခိုးဖို့လား.."

"မင်းလိုထိုင်စားမနေဖို့ ပြောတာ.."

"ခိုးတာနဲ့စာရင် ထိုင်စားတာနာမည်ပျက် သက်သာတယ်.."

အသားကဖြူဖြူ လူကနုနု အကျီုကျတော့ ဖျင်ထည်ဆိုမဝတ်ချင်။ ပုဆိုးဆိုရင် ချည်ချောလေးမှ။ ညီအစ်ကိုနှစ်ယောက် အရွယ်မရောက်တရောက်မှာ မိဘမဲ့ဖြစ်ခဲ့ကြသည်။

ညီငယ်က နုနုချောချော အစ်ကိုဖြစ်သူက မည်းမည်းထောင်ထောင်။ အစ်ကိုကိုယ်တိုင်ကလည်း ညီငယ်လေးကို မဆူရက်မခိုင်းရက်နှင့် အရိပ်ကြည့်ချစ်ခဲ့ရှာသည်။ မိဘမဲ့ပေမယ့် ရွာထဲမှာလယ်စာရင်းငှားဘဝနှင့် ဟိုအိမ်ဒီအိမ် အလုပ်ကြမ်းမှန်သမျှလိုက်လုပ်ပြီး ဝမ်းရေးကို ဆက်ခဲ့ကြ၏။

နောက်တော့ ညီအစ်ကိုနှစ်ယောက်၏ စားဝတ်နေရေးအဆင်မပြေ ဖြစ်လာခဲ့သည်မို့ သူရက ဟိုရွာဒီရွာ ကူးလူးရှာဖွေလာခဲ့သည်။ အပေါင်းအသင်းစုံ အဖြစ်သနစ်စုံနှင့်ကြာတော့ အုပ်စုဖွဲ့၍ မိုက်လာခဲ့၏။

နောက်တော့ သူခိုးဓားပြလေးဖြစ်ခဲ့လေသည်။ ငွေများများရသည်။ လူသက်သာသည်။ မြို့ပြနှင့်အလှမ်းဝေးသော နယ်ပယ်တွေမို့ အပြင်မှာ လုပ်ချင်ရာထွက်လုပ်ပြီး ကိုယ့်ရွာမှာပြန်နေတော့ လူကောင်း.. ၊

မကောင်းတော့တာက ကိုယ်ကျက်စားနေကျရွာတွေမှာ ချောင်းရေလျှံလိုက် တောင်ပေါ်ရေကျလိုက်နှင့် မိုးခေါင်တဲ့အခါ ချောင်းရေ



လည်းခမ်း အိုင်တွေလည်းခမ်း။

ထိုအခါ လွယ်လွယ်ရနေကျကိုမရတော့ လွယ်လွယ်လည်းမပြန်ချင်တော့ပေ။ အဖွဲ့ထဲမှာလက်ယဉ်တဲ့လူတွေက ရိုက်နှက်သတ်ဖြတ်တဲ့အထိ ဓားပြဆန်လာခဲ့သည့်နောက်မှာ ရွာသူရွာသားတွေကလည်း နာကျင်မှုတွေနဲ့ တုံ့ပြန်လာကြ၏။

သဘာဝကိုက 'ရေများရေနိုင် မီးများမီးနိုင်'မို့ လူထုနဲ့ ယှဉ်လာတော့ လူဆိုးဓားပြဆိုသည့် လူနည်းစုကပြေးရသည့်ဘဝရောက်ခဲ့လေသည်။ ဒီနေ့တောကြီးမျက်မည်းကို ဖြတ်သန်း၍ ခရာခဲဆစ်ခရီးသွားနေရတာလည်း အသက်ဘေးကြောင့်သာဖြစ်ရာ ညီဖြစ်သူ ခိုသံပေါက်အောင်ညည်းတွားနေတာ ကြားနေရပေမယ့် လစ်လျူရှုထားရသည်။

နေရာတကာတိုင်းကို အသိမပေးခဲ့တာကြောင့် ခုချိန်မှာ သူရဘာတွေ ဖြစ်ပျက်ရင်ဆိုင်နေရပြီမှန်း ချမ်းညဂဃနဏာမသိပေ။ သူရမဟုတ်တာတွေ လုပ်နေမှန်းသိသည်။ ခိုးဝှက်ပြေးလာတတ်တာထိသိသည်။

အမြဲတမ်း မကောင်းမှုတွေနဲ့ နပန်းလုံးနေရသည့်အဖြစ်ကို သေချာမသိ။ ဒီနေ့ဘယ်လောက်ထိ အသက်ဘေးနီးခဲ့သည်ကိုလည်း ယထာဝင်ဝင်သိခဲ့ခြင်းမရှိဘဲ.. ၊

"သူရ.."

"ဘာတုံး.."

"မင်းပြောတော့ သုံးလွန်းတောင်ရွာကိုသွားမှာဆို ငါတို့ဘကြီးဘုန်းကြီးရှိဆို.."

"ဟုတ်တယ်..ဒါပေမယ့် သုံးလွန်းတောင်ဆိုတာ ဘယ်မှာရှိမှန်းကို မသိတာ.."

"အဲ့ဒီမှာ ငါတို့ဘကြီးဘုန်းကြီးရှိတာကျ ဘယ်လိုလုပ်သိတာတုံး.."

"ကိုယ့်ဘကြီးအရင်းကြီးကိုး.."

"မင်းနဲ့ပဲရင်းတာလား.."

"ဘာတုံးကွာ..မင်းနဲ့ငါညီအစ်ကိုရင်းပဲဥစ္စာ၊ ငါ့ဘကြီးက မင်း

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးပေါ့ဟ.."

"မင်းကသိပြီး..ငါ့ကျမသိပါလား.."

"မင်းက စားဖို့လည်ဖို့ပဲ သိတဲ့ကောင်ကိုး.."

"အေး..ငါလည်းထင်ပါတယ်.."

ဘာပြောပြော ချမ်းညက သူနာချင်မှနာသည်။ မဟုတ်ကဟုတ်ကလေးနဲ့ အနာကြီးဆယ်လုံးလောက်ထပေါက်တတ်တာလည်း ရှိ၏။

"ညောင်းလှပြီကွာ..ဆွဲလာရတဲ့အထုပ်ကလည်း သေးသေးမဟုတ်ဘူး.."

"ငါ့ကိုပေးကွာကိုင်း..ဒီအဝတ်ထုပ်လေးကိုပဲ.."

ပေးဆိုကာမှ လက်ထဲမထည့်ဘဲ ပစ်ချလိုက်ကာ ခြုံတွေပေါ်နစ်ချက်လောက် ဘယ်ညာနင်းလိုက်ပြီး ဖင်ထိုင်ချလိုက်၏။

"ချမ်းည..ဘာလုပ်တာတုံး.."

"ထိုင်ချင်လို့.."

"မိုးချုပ်သွားမယ်ဟ..ထ ထ၊ နားလိုက်ရင် မင်းခြေထောက်မှာ စူးမိရှမိတာတွေကအနာပေါ်လာမယ်..ပိုနာလာရင်လမ်းဆက်လျှောက်နိုင်မှာ မဟုတ်တော့ဘူး.."

"မိုးချုပ်ဖို့ကအဝေးကြီးလိုသေးတယ်သူရ.. ခွေးပြေးပြေးလာတည်းက တစ်ချက်မှမနားရသေးဘူး၊ လွတ်သွားပြီဆိုတော့လည်း မနားနဲ့ဦးဆိုတာကြီးက.."

"ငါ မင်းအတွက်ပြောနေတာ..တော်ကြာမင်းပဲ ဆာတယ်လောင်တယ်ဖြစ်လာတော့မှာ၊ ဒီတောကဘယ်လောက်ထိ ဖြတ်ရဦးမယ်မသိဘူး.."

"ဟ..မင်းပဲသွားနေကျဆို.."

"သွားနေကျက အပေါင်းအသင်းရောင်းရင်းနဲ့ အေးဆေးလေကွာ.. ခုကျ ခွေးပြေးပြေးခဲ့ရတာတူမလား၊ ငါ့အထင် ငါတို့တွေတောကိုဗိုက်က ဖောက်ထွက်နေတာမဟုတ်ဘဲ ပါးစပ်ကဝင်ပြီးဖင်ကထွက်ဖို့သွားနေရော့သလားပဲ.."

"မှတ်ထား..အဲ့ဒါကို ဒေါင်လိုက်အလျားလိုက်လို့ ပြောရ



တယ်.."

"မင်းသိရင် ပြီးတာပဲ.."

"မင်းသိဖို့လည်း လိုတာပေါ့.."

"မလိုဘူး..မင်းပဲစာတတ်ပေတတ်ပါ၊ ငါက စာမတတ်ပေမတတ်.."

"တတ်တတ်မတတ်တတ် ပြောတာကိုမှတ်ထားလိုက်ရင် ပြီးရော.."

"အေးပါကွာ..ကိုင်း.."

သူရက သူပြေးလွှားဖို့ရှိသေးသည့် လမ်းကြောင်းအတွက် ရင်တွေပူနေသည်။ ချမ်းညကဘာမှမသိ။ သူရက အသက်နှစ်ဆယ့်ငါးနှစ်ဖြစ်ကာ ချမ်းညက နှစ်ဆယ်ကျော်ရုံရှိသေးသည်။ အသက်ကွာတာတောင် အသိကွာတာက ပိုလေသည်။

ချမ်းညက ဘုန်းကြီးကျောင်းစာသင်ခွင့်ရပေမယ့် သူရကတော့ ဆရာတော်ဆို သေအောင်ကြောက်သည်။ စာသင်ပြီဆိုလည်း သင်ပိုင်းမတတ်။ ထို့ကြောင့် ဘုန်းကြီးကျောင်းဆို ဥပုသ်စောင့်ဖို့ခေါ်ရင်တောင် မလိုက်ခဲ့သည့်အဖြစ်နှင့် စာဖတ်တတ်ပေမယ့် စာတစ်ကြောင်း ဖြောင့်အောင်မရေးနိုင်.. ၊

မိဘမဲ့သွားသည့်နောက်မှာ ဝမ်းရေးအတွက် လောကစံကိုရင်ဆိုင်ရခြင်းကဤသို့ရှိခဲ့ရင်း.. ၊

"ငါကမင်းကို တံပိုးရွာကိုတွေ့တာနဲ့ ထားခဲ့မှာနော်.."

"သိတယ်လေ.."

"အေး..အဲ့ဒီကစပြီး မင်းကိုယ့်အားကိုယ်ကိုးဖို့.."

"ကိုးနိုင်တယ်သူရ..မင်းသာကိုယ့်ကိုယ်ကို ဓားပြဗိုလ်ကြီးလုံးလုံး ဖြစ်မသွားဖို့ ကြိုးစားဦး.."

ဖြစ်လုဖြစ်ခင်ပဲလို့ ပြောချင်ပေမယ့် သူရပါးစပ်ပိတ်ထားလိုက်သည်။ ချမ်းညက ထိုင်နေပြီးမှ ကိုယ့်အောက်ကခြုံကို ပြန်ငုံ့ကြည့်သည်။ ပြီးတော့ ဘေးဘီကို မျက်လုံးဝေ့လိုက်ရင်း.. ၊

"ငါတို့တွေမြို့ပြဆိုတာ မြင်တောင်မမြင်ဖူးဘူး..ဒီခြုံထဲတောကြီးမျက်မည်းထဲမှာပဲ ကျင်လည်ရတော့မယ်ဆိုရင်တော့ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီ.."

"ငါဆုံးပါစေ..မင်းကိုမဆုံးစေချင်လို့ ဒီထိလိုက်ပို့တာ.."

"အံမာကွာ..မင်းကအကြီးပဲဆိုပြီး မင်းမှချစ်တတ်တယ်ထင်နေတာလား.."

"မထင်ပါဘူး မင်းကိုလည်း ချစ်ပြနေတာမှမဟုတ်တဲ့ကိစ္စ.." ပြောနေရင်း မျက်နှာလွှဲကာ.. ၊

"မိဘတွေမရှိတော့ ငယ်တဲ့သူကို အကြီးကစောင့်ရှောက်ရမယ့်ဝတ္တရားရှိလို့.."

ဝတ္တရားရှိလို့လို့ပြောနေသည့် သူရမျက်နှာကို ချမ်းညက မျက်မှောင်ကုတ်လှည့်ကြည့်သည်။ သူရက ခြေထောက်မှာဆူးစူးမိလို့ ရှာနေသလိုလို ဟိုလုပ်ဒီလုပ်နှင့် နည်းနည်းလေးမှမမော့.. ၊

"ဒါဆို မင်းကငါ့ကို တံပိုးရွာမှာလာစွန့်ပစ်တာပေါ့.."

ဘေးမှာသူ့လိုပဲ ဖင်ချထိုင်ရင်း ခြေဖနောင့်ကိုအကြောင်းရှာ၍ ပွတ်သပ်နေသည့် သူရရဲ့လှုပ်ရှားမှုတွေရပ်တန့်သွားသည်။

"ပြောစမ်းပါ..ညီအစ်ကိုချင်းတောင်မှ ဝတ္တရားရှိလို့ စောင့်ရှောက်ရတယ်ဟုတ်လား.."

"အဲ့ဒါက.."

သူရတံတွေးတစ်ချက် မျိုလိုက်ပြီး မျက်တောင်တွေခတ်နေမိ၏။ ချမ်းည သူ့ဘက်ပြန်လှည့်လာသည်နှင့် သူ့မျက်နှာကိုလွှဲလိုက်ပြီးဖြစ်ကာ.. ၊

"အရှင်းဆုံးပြောတာလေကွာ..မင်းက အသက်နှစ်ဆယ်ရှိလာတာတောင် 'ထမင်းဘယ်ကရ အိုးထဲကရ'ဆိုတဲ့ လူမျိုး.."

"တန်တော့ဟေ့ကောင်..ငါအဲ့လောက်ထိမဟုတ်ဘူး.."

ချမ်းညကအစတည်းက စကားပြောလည်သလောက် လျှင်လည်းလျှင်သည်။ ဘာမဆို သူမလုပ်ဘဲနေတာသာရှိမည်။ မသိတတ်ဆိုးရွားစွာနေတတ်တဲ့ လူစားမျိုးတော့မဟုတ်ပေ။ အစ်ကိုကြီးက အစစသိတတ် နားလည်နေခဲ့သဖြင့် ငယ်သူပီပီဆိုးလို့ရလို့ ဆိုးနေတာမျိုးသာ.. ၊

"အေးပါ..စိတ်ရင်းစိတ်ဓာတ်လေး သိရတာပေါ့.."



ရှို့မဲ့ပြောရင်း မျက်စောင်းထိုးသလို တစ်ဖက်လှည့်သွားတော့ သူရက ချမ်းညမျက်နှာကို ဘေးတိုက်ကကြည့်ရင်း ငေးနေ၏။ သူဒီလိုပြောရပါမည်။ ဒီနေ့သို့မဟုတ် မနက်ဖြန်မှာ ချမ်းညနဲ့သူခွဲရတော့မည်။

ထာဝရလား တစ်ခဏလားဆိုတာ မမြင်ရသည့် ကံကြမ္မာလက်ထဲမှာမို့ ချမ်းညဆိုသည့်ကောင်လေးဟာ သူ့ဘဝကိုသူကိုယ်တိုင်ရှက်လွှင့်ရတော့မှာဖြစ်သည်။

ဟိုအရင်ကလို ချမ်းညကိုသူ့အရိပ်အောက်မှာ တတ်နိုင်သမျှမြှို့ငှဲ့အောင်ထားဖို့ရာ သူကိုယ်တိုင်ဘယ်ကမ်းကပ်လို့ ဘယ်သောင်မှာတင်မလဲဆိုတာ မသိနိုင်သောဝရမ်းပြေးဘဝမို့.. ၊

"ကဲ..ကဲ ငါတို့ဆက်သွားရမှာ ထတော့.."

ပြောရင်းခေါးမကို ပြန်ကောက်လိုက်ပြီး ရှေ့ကထွက်သည်။ လမ်းသွားလို့ငြိနိုင်ရှုနိုင်သမျှ သစ်ကိုင်းဆူးခြုံတွေကိုရှေ့ကနေ ခုတ်ထွင်ရှင်းလင်းသွားရင်း.. ၊

"ငါပြောတာကို မမေ့နဲ့ချမ်းည.."

"ဘာကိုတုံး.."

"တံပိုးကိုရောက်ရင် သုံးလွန်းတောင်ကိုမေးပြီး ဘကြီးဘုန်းကြီးဆီ ရောက်အောင်သွား.."

"ပူမနေနဲ့..မင်းသာ သူများချောင်းရိုက်လို့တစ်ယောက်တည်းလမနေအောင် ဂရုစိုက်.."

ရွာမှာဆို အစ်ကိုဖြစ်သူအချိန်လွန်ထိ ပြန်မလာလျှင်ချမ်းညဝါးမီးတုတ်တစ်ချောင်းနှင့် တောစပ်ကိုသွားတာ ခေါက်တုံ့ခေါက်ပြန်။ တခြားရွာကနွားတင်းကုတ်မှာ အလုပ်သမားလုပ်နေသည်လို့သာ ကိုယ့်ရွာက သိထားသောကြောင့် ချမ်းညကိုမြင်တိုင်း တချို့တလေက ပြောတတ်ကြ၏။

"သူရကိုပြောကွာ..ကိုယ့်ရွာမှာပဲရှိတဲ့အလုပ် ရှာကြံလုပ်စမ်းပါလို့၊ ဘယ်နှယ့်ကွာ ရွာကြီးရွာမမှာ အလုပ်သွားလုပ်ပြီး သွားလာပြန်တာနဲ့ ဘာများထူးလို့တုန်း.."

"အေးလေကွာ..ကိုယ့်ရွာမှာပဲ အိုးမဖွာအိမ်မကွာလုပ်ပါ့လား၊

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာလိုက်ရင် သူ့ကိုယ်သူနွားလေး ဆယ့်ငါးကောင်လောက်ထိန်းကျောင်းနေရတာကို ဘုရင့်နန်းတော်က သိုးထိန်းကြီးကျလို့.."

ရွာနီးချုပ်စပ်ထဲမှာမှ ချမ်းညတို့ရွာက မကြီးမငယ်အလယ်အလတ် ရွာငယ်လေးဖြစ်သည်။ အားလုံးကလည်း သူရတစ်ယောက်ချမ်းသာတဲ့ရွာကြီးသွားပြီး အလုပ်အကိုင်ကောင်းနေသည်ပဲ ထင်ကြ၏။ တကယ်တမ်းကား.. ၊

"ဘကြီးဘုန်းကြီးက ငါ့ကိုမမှတ်မိရင် ဘယ်လိုလုပ်မတုံး.."

"မင်းရဲ့နဖူးရေဒူးရေကို မြင်လိုက်တာနဲ့ သူ့ရဲ့ညီတော်မောင်ဦးသူရိန် ခယ်မတော်ဒေါ်မယ်ချမ်းတို့ရဲ့ ဒုတိယသားလေးချမ်းညဆိုတဲ့ မင်းသားမှန်းတန်းသိမှာ ငါအာမခံတယ်.."

"တော်တော်ရှည်တဲ့လျှာ..စာမတတ်လို့ပဲ.."

"စာမတတ်ပေမယ့် စကားပြောတတ်တယ်ကွ..စာပေအက္ခရာမတတ်ပေမယ့် ဘဝအက္ခရာတွေဆို မင်းထက်ငါပိုဖတ်တယ်တယ်.."

"လာသေးတယ်..ဟား ဟား ဟား.."

"ဟေ့ကောင်.."

တောထဲမှာ အကျယ်ကြီးရယ်ချလိုက်သဖြင့် ပတ်ဝန်းကျင်မှာရှိသမျှ ကျေးငှက်သာရကာတွေ ဝုန်းခနဲထပျံကုန်၏။ ထို့ပြင် သစ်ပင်ခြုံကြားတွေ တဖျောဖျောလှုပ်ခါဆူညံသွားလေသည်။

"တောထဲမှာဆိုတာ သတိထားဦး.."

"လုပ်မနေစမ်းပါနဲ့သူရရာ..ငါ့ကိုဘယ်သတ္တဝါမှ အန္တရာယ်မပေးဘူး..မွေးလာတည်းက ဘုန်းနဲ့ကံနဲ့.."

"အေးပါ..ခုထိတော့ ပြောနိုင်သေးတာကိုး၊ ကံဆိုတာ လှေကားထစ်တွေ မဟုတ်ဘူးကွ.."

သူရ ဟန်ဆောင်ပြင်းခုံနေရရင်း ခံစားချက်တွေပွင့်အံထွက်လာခဲ့၏။ ကိုယ့်ကိုယ်ကို ကြေကွဲနေပါလားဆိုတာ သိလိုက်သည်နှင့် ချမ်းညမရိပ်မိအောင် စကားကိုရပ်ပစ်လိုက်ရသည်။

ချမ်းညကို သူစိတ်မချနိုင်ပေ။ ထို့ပြင် အရိပ်ကြည့်စောင့်ရှောက်လာခဲ့ရသည့် ကိုယ့်ညီလေးကို ဗြုန်းခနဲကြီးတစ်ယောက်တည်း ခွဲထွက်လိုက်ရသည့်အဖြစ်က အဆိုးရွားဆုံး.. ၊



ဘယ်သူမပြု မိမိအမှုလို့ ဘယ်လိုပဲတွေးပေမယ့် ဖြေသိမ့်နိုင်စွမ်းမရှိခဲ့၏။ နောက်ထပ် စကားမဆက်နိုင်ဘဲ တံတွေးတွင်တွင်မျိုချနေမိရင်း.. ၊

"ကံကြမ္မာဆိုတာ လမိုက်နေတဲ့မဟူရာညထက် မှောင်တယ်..ငါမင်းကိုထားခဲ့ရမှာက မျက်မမြင်တစ်ယောက်ကို လှေပေါ်တင်ပြီး ပင်လယ်သမုဒ္ဒရာထဲ မျှောလွှတ်လိုက်သလိုပဲဆိုတာ ငါသိတယ်..ဒါပေမယ့်.."

ငိုချင်လာခြင်းကြောင့် နှာခေါင်းတွေစပ်ဖျင်းဖျင်း မွန်လာသည်။ တံတွေးမျိုချနေပေမယ့် လည်ချောင်းထဲမှာကျပ်ခဲလာသည့် မူလောင်မှုက ဒုက္ခပေးနေ၏။

'ငါ့ဘဝက ဝရမ်းပြေးလိုမနားမနေပြေးရတော့မယ့်ဘဝမို့လို့ပါ' လို့ ညီငယ်ကို ပြောပြလိုက်ချင်သော်လည်း.. ၊

"ငါတို့တွေ တစ်နေ့နေ့ကျရင်လည်း ခု..ခုလိုပဲ ကိုယ့်လမ်းကိုယ်လျှောက်ကြမှာပဲကွ၊ အဲ့ဒါတွေက ခမ္မတာပါပဲ..ငါ ငါကမင်းကို ဘယ်လောက်ထိ.."

"မလိုပါဘူးကွာ..ငါနားလည်ပါတယ်၊ အခု မင်းချက်ချင်းကြီးငါ့ကို ဘုန်းကြီးကျောင်းပို့တည်းက ငါသိပါတယ်..မင်းမိန်းမယူမလို့မို့လား.."

"မဟုတ်..အဲ့ဒါတွေကလည်း တစ်နေ့ဖြစ်လာမှာတွေပဲ၊ ဒါပေမယ့် ငါကမိန်းမယူလိုက်ပြီး မင်းကိုထားခဲ့တာထက် မင်းကိုစိတ်ချရမှမိန်းမယူမယ်လို့ ဆုံးဖြတ်လိုက်တာပါ.."

"သူရ..သူရဟေ့ကောင်၊ မင်းဒါတော့ ငါ့ကိုနှိမ်တာပဲ.."

နောက်ကနေ အကျီစကိုဆွဲလိုက်ပြီး ချမ်းညကစိတ်တိုတာကိုသိသာအောင်ပြချင်၏။ သူရကမျက်ရည်ဝေ့နေသည့် ကိုယ့်အဖြစ်ကိုချမ်းညမြင်သွားမှာစိုးသောကြောင့် ကိုယ်ကိုလိမ်၍ ရှန်းထွက်လိုက်ပြီ.. ၊

"ခုမှနာမနေပါနဲ့ကွာ..ငါကိုက မင်းကိုအသက်နှစ်ဆယ်ကျော်နေတဲ့ ယောကျ်ားတစ်ယောက်လို့ မြင်လို့မရခဲ့တာ ဘယ်နှယ့်လုပ်ရမတုံး..ငါ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာကိုနားထောင်နေစမ်းပါ.."

www.burmeseclassic.com

www.burmeseclassic.com



သူရက အကြိုစလွှတ်ထွက်အောင်ရုန်းပြီး ရှေ့ကနေသွက်သွက်လျှောက်သွားတော့ သံယောဇဉ်မတင်းချင်လို့ စကားများများအပြောမခံသည့် ပုံပေါက်နေခဲ့၏။ ချမ်းညရင်ထဲမှာ နင့်သွားသည်။ တစ်ခါမှမခံစားခဲ့ရဘူးသည့် စူးရှနာကျင်ခြင်းသည် ကလေးလိုငိုပစ်လိုက်ချင်သည်အထိ ဖြစ်လာခဲ့လျက်.. ၊

"တံပိုးရွာထိလည်း လိုက်မပို့နဲ့တော့သူရ..အဲ့ဒီခါးငှါကိုပေးခဲ့၊ ငါ့လမ်းငါထွင်ပြီးသွားနိုင်တယ်..ပေးဆိုပေးကွာ၊ ငါ့ကိုလိုက်မပို့နဲ့.."

အတင်းဝင်လုပြီးဖွတ်လုပ်တော့ ခါးမကချမ်းညလက်ထဲပါသွားသည်။

"ချမ်းည..မင်း.."

"မလိုဘူးဟောကောင်..မင်းတော်တော်ခွဲထွက်ချင်နေတယ်မို့လား၊ ခုတည်းက ကိုယ့်လမ်းကိုယ်လျှောက်လို့ရတယ်..သွားတော့.."

"ချမ်းည.."

သူလက်ကိုဆွဲလိုက်တော့ ထိုလက်ကိုပုတ်ချပစ်သည်။ ချမ်းညရဲ့ မျက်နှာတစ်ပြင်လုံး နီရဲနေကာ မျက်ရည်တွေပြည့်အိုင်နေသည်ကို သူမြင်လိုက်၏။

မဟုတ်ဘူးချမ်းည..ဘယ်ရွာကမှ ငါ့ကိုအဝင်မခံကြတော့ဘူး၊ ငါက တောခိုရတော့မယ်ကောင်..အဲ့ဒီအခါ မင်းလည်းအားလုံးကိုဆန့်ကျင်ပြီး ငါ့နောက်ပါလာလိမ့်မယ်၊ ငါ့လိုပဲ လူဆိုးဓားပြဖြစ်တော့မယ်.. ၊

သူနေရာမှာ ရပ်ကျန်ခဲ့ရင်း မျက်ရည်စက်တွေတလိမ့်လိမ့်ကျ၏။ ပြီးတော့ ချမ်းညနဲ့အလှမ်းကွာသွားကာမှ ခပ်ဖြည်းဖြည်းလိုက်လာခဲ့မိသည်။ သူ့ဘဝတောထဲမှာပဲလူဖြစ်ရှုံးရတော့မှာကို ဘယ်တော့မှ ဖွင့်မပြောတော့ပါ။ ထို့ကြောင့် ချမ်းညသူ့ကိုစိတ်နာပါစေ။ ဒါပေမယ့် စိတ်ချရမည့် နေရာတစ်ခုခုကို မရောက်မချင်း သူချမ်းညနောက်က လိုက်နေရမည်သာ.. ၊

တကယ်တော့ တံပိုးရွာဆိုတာလည်း သူတို့ခိုးဆိုးလုယက်ဖူးခဲ့သော.. ၊

"ဂျွတ်..ဖြောင်း.."



သစ်ကိုင်းခြောက်၏ အဖျားတစ်စကိုနင်း၍ တစ်ဖက်စကိုခလုတ်တိုက်လိုက်မိကာ သစ်ကိုင်းလည်းမြည်သံပေး၍ ကျိုးသွားသည်။ သူရလည်း ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲ၏။ ရှေ့ကသွားနေသည့် ချမ်းညနောက်ကို ချာခနဲပြန်လှည့်ကြည့်သည်။

"သူရ..ဘာဖြစ်တာတုံး.."

သူ့အသံသာ ပဲ့တင်ကျန်ခဲ့လျက် တုံ့ပြန်သံမလာ.. ၊

"ဟေ့ကောင်နော်..မင်းငါ့နောက်ကပါလာတာ ငါသိတယ်.."

မေးနေရင်း နောက်ပြန်လှည့်လာခဲ့သည်။ သူရကိုချက်ချင်းမတွေ့ရတော့ တစ်နေရာမှာ ဒဏ်ရာအနာတရနှင့် တုံးခနဲလဲနေပြီလားလို့ တွေးမိကာ စိုးရိမ်စိတ်တွေကြီးစိုးသွားသည်။

"သူရ..သူရဘယ်မှာလဲ.."

"ငါ..ငါဒီမှာချမ်းည၊ ဒီ..ဒီမှာ.."

အသံက ကိုယ့်ဘေးမှာမို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူရက ပစ်ပင်နောက်မှာ ပုန်းနေပုံရှိကာ သူ့မျက်နှာရှေ့မှာ သစ်ကိုင်းတစ်ခုကနေ တန်းလန်းဆင်းလျက် မြွေဟောက်က ပါးပျဉ်းထောင်နေ၏။

သူရမျက်လုံးကြီးပြူး လက်တွေတုန်နေကာ.. ၊

"ငါ့ကိုပေါက်တော့မယ်..မြန်မြန်ကယ်ပါဦး.."

ချမ်းညက အနားကပ်လိုက်ကာ မြွေဟောက်လည်ပင်းကို ဖမ်းဆုပ်ကိုင်လိုက်သည်။ သူ့လက်ထဲမှာပါလာတာနှင့် အပေါ်မှာချိတ်ပတ်ထားသည့်အမြီးက သူ့လက်မောင်းရင်းထိ ဒေါသတကြီးလာရောက်ရစ်ပတ်၏။

"လုပ်လေ..လွှတ်ပစ်လိုက်တော့လေ၊ မင့်ကိုကိုက်လိုက်လိမ့်မယ်.."

"ကိုက်တော့ဘာဖြစ်လဲ.."

ချမ်းညက ငယ်ငယ်လေးတည်းက အဆိပ်ရှိသည့်ပိုးကောင်မွှားကောင်ဆို ဘာကောင်ကိုက်ကိုက် ယားတာနာတာလောက်နှင့်ပျောက်သွားတတ်သူဖြစ်ကာ အဆိပ်ပြင်းသည့်အကောင် ကိုက်လျှင်တောင် ဒဏ်ရာက ယောင်ယမ်းနာကျင်တာထိ ဖြစ်တတ်၏။

"ငါ့ကိုသတ်ချင်လာအောင် မလုပ်နဲ့နော်..အမြီးကိုပြန်ဖြဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ရိုက်သတ်ပစ်မှာ.."

တရှုးရှုးဒေါသကြီးနေသည့် မြွေက သူ့စကားကိုနားလည်နေသည့်နှယ် ပါးစပ်ကြီးဖြဲနေရာကနေ အမြီးကိုဖြေချလိုက်၏။ မြွေနဲ့ ချမ်းညကိုကြည့်၍ သူရအသက်မရှူနိုင်အောင် ဖြစ်နေရကာ မြွေကို တောထဲ လွှဲပစ်လိုက်ကာမှ.. ။

"ငါကမင်းကို စိတ်မချလို့ တိတ်တိတ်လေးလိုက်လာတာ.."

"သိသားပဲ.."

"ခလုတ်တိုက်မိလိုက်တာနဲ့ မင်းသိသွားပြီဆိုပြီး အဲ့ဒီသစ်ပင်နောက်ဝင်လိုက်တာ တော်သေးတာပေါ့..နည်းတဲ့အကောင်ကြီး မဟုတ်ဘူး.."

ချမ်းညက ပြန်လှည့်သွားရင်း ဆရာကြီးမျက်နှာနှင့် ပြုံးလိုက်ရင်း..

"အဲ့ဒါမှတ်ထားပေါ့ကွ..ချမ်းညမရှိရင် မင်းဘာဖြစ်သွားနိုင်လဲဆိုတာ.."

သူရကလည်းရယ်ကာ ချမ်းညပခုံးကိုဖက်ထားလိုက်ပြီး.. ။

"အေးပါ..မြွေကိုတွေ့တိုင်းသတိရမှာတော့ သေချာပါတယ်၊ ချမ်းညကယ်ပါ..ချမ်းညကယ်ပါဆိုပြီး.."

"ပြောလေ..မင်းနဲ့ညီအစ်ကိုအရင်းကြီးပဲ.."

"ဟား ဟား ဟား.."

ကြေကွဲပူလောင်သွားခဲ့ခြင်းကို ရယ်ချလိုက်တော့ ပေါ့ပါးသွားသလိုပါ..သို့သော်.. ။

☺

အခန်း(၂)

"အဲ့ဒါ သုံးလွန်းတောင်ပဲ.."

လို့ လက်ညှိုးထိုးပြလိုက်ပြီးတာနှင့် ထင်းခွေသမားလူကြီးက မျက်ချင်းပြန်လှည့်သွား၏။ ရွာကြီးက မြေပြန့်လွင်ပြင်မှာပေမယ့် ချမ်းညရပ်ကြည့်နေသည့်နေရာကနေ မြင်နေရသည့်ပုံအရ အမြင့်ပိုင်းမှာရှိနေသော အနေအထားမျိုးဖြစ်သည်။

အိမ်ကြီးအိမ်ကောင်းတွေ ရှိပုံရသလောက် အဆောက်အဦးခေါင်မိုးတွေကို အဝေးကနေ လှမ်းမြင်နေရ၏။

"သုံးလွန်းတောင်ရွာက စည်းကမ်းကြီးတယ်ကွ..ခည့်သည်သွားလုပ်ရုံဆိုရင်တော့ဖြစ်မှာပါ၊ အဲ့ဒီမှာ အခြေချဖို့လာတာဆိုရင်တော့ မောင်ရင့်ပုံစံနဲ့ ဖြစ်မယ်မထင်ဘူး.."တဲ့.. ။

လူကြီးကို လမ်းမေးတော့ ပြောပြသွားသည်။

"အဲ့ဒီရွာတည်စ ဟိုးအရင်သမိုင်းကြောင်းကိုက ရာဇဝင်ထဲက သူ့ရဲကောင်းကြီး မိသားစုသုံးစုက ရွာကိုထူထောင်ခဲ့ကြတာဆိုပဲ.. ကျုပ်တို့က ရွာနီးချုပ်စပ်အိမ်ခြေနည်းနည်း ခပ်မွဲမွဲတွေပါ၊ သုံးလွန်းတောင်ကတော့ အရှင်သခင်အတွက် အသက်ပေးဝံ့ကြတဲ့ ရာဇဝင်သူရဲကောင်းကြီး မိသားစုသုံးစုလာရောက်အခြေချ ဇာတ်မြှုပ်ခဲ့တဲ့ ရာဇဝင်နဲ့လေ.."

ရွှေငွေစည်းစိမ် ကျောက်မျက်ရတနာတွေ ပေါကြွယ်ဝသည့်မို့ ရွာကို စတင်တည်ထောင်ကြစဉ်တည်းက စနစ်တကျရှိသည်။ စည်းကမ်းကလနားနဲ့ မွှမ်းမံ၏။

လူသစ်ဝင်လာတာနှင့် စိုက်ပျိုးနိုင်ဖို့ မြေယာပေးသည်။ နေထိုင်

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဖို့ အရင်းအနှီးပေး၏။ ကိုယ်တိုင်ရှင်းလင်းထွန်ယက်ကြပေမယ့် ရွာ၏ကြွယ်ဝမှုကြောင့် လူဦးရေ အိမ်ထောင်စုဦးရေတွေ မကြာခင်မှာ တိုးပွားများပြားလာခဲ့ပြီး.. ၊

"သူဌေးကြီးက စည်းကမ်းတင်းကျပ်လွန်းတယ်..အယူသည်းတယ်၊ အခုလက်ရှိ 'ယောမင်းကြီး' အိမ်တော်ပိုင်က ပိုပြီးဒေါသကြီးတယ်လို့သိရတယ်..ဘာလဲဆိုတော့ သူတို့ရွာမှာ ဗမာမဟုတ်ရင်လုံးဝလက်မခံဘူး၊ သူဌေးရဲ့စောင့်ရှောက်မှု မရဘူး..တချို့တိုင်းရင်းသားတွေဆို သူဌေးကြီးကို လေးစားပြီး ရွာထဲမှာမနေရပေမယ့် ရွာပတ်ဝန်းကျင်မှာပဲ ဖြစ်သလို ကြုံသလိုနေကြတာတွေ ရှိတယ်.."

ချမ်းညရွာထဲကို ခပ်စမ်းစမ်းဝင်လာရင်း ထင်းခွေသမားကြီးနဲ့ အတူလာစဉ် ပြောပြခဲ့သမျှကို ပြန်စဉ်းစားနေမိသည်။

"ဘာသာရေး တအားကိုင်းရှိုင်းတယ်..'ယောမင်းကြီး'အစဉ်အဆက်တွေ အကုန်လုံးသမာဓိနဲ့ ပြည့်စုံပြီး ပေးကမ်းထောက်ပံ့တဲ့နေရာမှာ ရက်ရောတယ်..အခု သူဌေးကြီးဒေါသကြီးတတ်တာက လွဲရင်ပေါ့.."

"ဒါနဲ့'ယောမင်းကြီး'ဆိုတာက ကျွန်တော်တို့မြန်မာရာဇဝင်ထဲက.."

"ဟာ..မဟုတ်ဘူး၊ ကနဦးရွာကို ထူထောင်ခဲ့တဲ့ သူရဲကောင်းကြီးရဲ့နာမည်ကိုက'ယောမင်း'တဲ့.. အိမ်အကြီးကြီးဆောက်ပြီးတာနဲ့ ခြံခတ်ပြီး 'ယောမင်းကြီး'အိမ်တော်လို့ နာမည်ပေးခဲ့တာ.."

"ဒါဆို အဲ့ဒီမှာယောမင်းကြီး ဆွေစဉ်မျိုးဆက်တွေပေါ့.."

"ဒါပဲဖြစ်လိမ့်မယ်..ရွာကလည်း သူရဲကောင်းမိသားစုသုံးစုကို အစွဲပြုပြီး 'သုံးလွန်းတောင်'လို့ ဖြစ်လာတယ်ပြောကြတာပဲ၊ ကျုပ်တို့လူကြီးတွေပြောတဲ့အတိုင်းပါပဲ..ရွာထဲကို ကျုပ်တို့ခဏခဏ ရောက်ဖူးတယ်၊ ရွာကမြို့ကြီးလား ထင်ရတယ်ကွ.."

"ဟုတ်လား..ကျွန်တော့်ဘကြီးဘုန်းကြီးက အဲ့ဒီမှာကျောင်းထိုင်နေတာ.."

"ဒါဖြင့် ကံကောင်းပြီပေါ့..သူဌေးကြီးကဘာသာရေးကို အသက်လောက်တန်ဖိုးထားတာ၊ တစ်ရွာလုံးမှာလည်း ဘုန်းကြီး



ကျောင်းက တစ်ကျောင်းပဲရှိတယ်..အဲ့ဒီဘုန်းကြီးကျောင်းကို 'ယောမင်းကြီး' အိမ်တော်ထက် ခမ်းနားအောင် ဆောက်လုပ်လှူဒါန်းထားတာ.."

ဤကဲ့သို့ကြားရသည့် သတင်းများနှင့်ပတ်သက်၍ ချမ်းညသေချာနားလည်လိုက်သည်။ သူ့အတွက်အားကိုးဖွယ်ဟာ ဘကြီးဘုန်းကြီးပဲ ရှိလေသည်။

ရွာလမ်းမကြီးထဲကိုရောက်တော့ ရှေ့ဆက်မသွားရဲသေးဘဲ ရွာထိပ်က ညောင်ပင်အိုနဲ့ဇရပ်ကြီးပေါ်မှာ ဝင်ထိုင်လိုက်၏။ ဒီဇရပ်မှာ ရွာသားတစ်ယောက်တလေ ဝင်နားလျှင် စကားရောဖောရောမေးမြန်းစပ်စု၍ ရွာအခြေအနေကို ဒီ့ထက်ပိုသိနိုင်မည်ဟု တွေးမိသောကြောင့်၊

သို့သော် လူကိုမျှော်နေတုန်း နွားလှည်းတအီအီသံကို ကြားလိုက်ရ၏။ ပြီးတော့ ကျောက်သလဲလမ်းပေါ်မှာ နွားလှည်းတစ်စီးနှင့် ဖိုးမောင်နံ့ နှစ်ယောက်ကို မြင်လိုက်ရသည်။ အချိန်က မနက်ဆယ်နာရီဝန်းကျင်မို့ နေပူနေပြီဖြစ်၏။ နွားလှည်းကလည်း ဇရပ်ရှိရာ ညောင်ပင်ရိပ်အောက်ကိုပဲ ဦးတည်လာပြီး တစ်ထောက်နားရာ.. ၊

"မောင်ရင်က တခြားရွာကလာတာလား.."

အသက်ငါးဆယ်အရွယ် လူကြီးကပဲ စတင်နှုတ်ဆက်၏။ ချမ်းညပျာပျာသလဲ ခေါင်းညိတ်၍.. ၊

"ဟုတ်ပါတယ်ဦးကြီး..ဒီရွာထဲက လူစိမ်းမဝင်ရဘူးကြားလို့..အဲ့ဒါ.."

"လူစိမ်းမဝင်ရတာ မဟုတ်ပေါင်ကွယ်.."

အမျိုးသမီးကြီးက အသက်လေးဆယ်ဝန်းကျင်လောက်ပဲရှိကာ လှည်းပေါ်ကအဝတ်ထုတ်တစ်ထုတ်ကို ဆွဲချရင်း လှမ်းပြောသည်။ လူကြီးကလည်း နွားတွေကိုတံပိုးဖြုတ်၍ ချည်ထားလိုက်ပြီးမှ ဇရပ်ပေါ်ရောက်လာကာ.. ၊

"တို့မင်းကြီးလောက် သနားကြင်နာတတ်တာ ရှိပါ့မလားမောင်ရင်ရာ..မိသားစုတစ်ခုလိုပေါ့ကွယ်၊ သူစိမ်းဖက်လာရင် စိတ်ဝမ်းကွဲတယ် မဟုတ်ဘူးလား.."

ပြောပြီး ချမ်းညခေါင်းညိတ်လိုက်တာကို စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ..

"ကိုယ့်လူရင်းလူခံတွေ ဖွဲ့စည်းနေတဲ့ထဲကို လူစိမ်းဝင်လာရင် ပြဿနာတစ်ရပ်ရပ်တော့ ပေါ်လာတတ်တယ်ကွယ့်..ရှေးလူကြီးတွေဆိုတော့ ပိုပြီးအယူသည်းတာပေါ့.."

"ဟုတ်တာပေါ့ဦးကြီးရာ..ကျွန်တော်နားလည်ပါတယ်၊ ဒီရွာမရောက်ခင်တည်းက ရွာရဲ့စည်းလုံးပုံ စည်းစနစ်ရှိပုံတွေကို ကြားခဲ့ရတာပါ.."

"အေး..ဒါပေမယ့် ခုနောက်ပိုင်းမှာတော့ ဘာသာခြားတွေကိုပဲ ခွဲခြားထားတာပါ၊ တိုင်းရင်းသားတွေတော့ တချို့တလေလက်ခံပါတယ်.."

"အရင်တုန်းက လူမျိုးခြားတွေဝင်လာလို့လား ဦးကြီး.."

"ဝင်ပါပြီကောကွယ်..ဒါက တို့မြန်မာပြည်မြောက်ပိုင်းနယ်စပ်နီးပြီလေ၊ ဟိုတစ်ချိန်က ပိုပြီးခေါင်တယ်..ဘယ်နိုင်ငံမှာဖြစ်ဖြစ် ကပ်ဆိုးဆိုက်ပြီဆိုရင် တိုင်းပြည်ပျက်တဲ့အထိ ဖြစ်ကြတာကလား..အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကိုယ့်အိမ်ရာကိုပစ်ပြီး ပြေးကြရတာလေ.."

"ဟုတ်လား.."

"ဟုတ်ပမောင်ရေ.."

အမျိုးသမီးကြီးက အနားမှာလာထိုင်လိုက်ပြီး ဆက်၍.. ၊

"အဲ့ဒါတွေနင်တို့ မကြုံဘူးပါဘူး..ကပ်ဆိုက်တယ်ဆိုတာ ရန်သူမျိုး ငါးပါးထပ်ဆိုးတယ်ဟဲ့၊ အိမ်ရှေ့မှာ ရှုတ်ရှုတ်သဲသဲဖြစ်ပြီဆိုရင် ပါးစပ်ထဲသွင်းမယ့် ထမင်းလုတ်ပစ်ချပြီး နောက်ဖေးပေါက်က ခုန်ဆင်းပြေးရတာ.."

ထိုစကားကျတော့ အံ့သြတာမှန်ပေမယ့် ပြုံးလိုက်မိ၏။ တွေးမိတာက ရောဂါဘယဆိုတာ လူသတ္တဝါတွေလို ခြေထောက်နဲ့ပြေးလိုက်တာလည်း မဟုတ်ဘဲ.. ၊

"နင်ကထင်ပေမပေါ့..အေးဆိုးကပ်ဆိုးဆိုတာမှ နားမလည်ဘဲ၊ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ကြုံဖူးမှသိကြမှာ.."

"အဟွန်း..ယုံပါတယ်၊ ဒါပေမယ့်.."



"မင်းပုလိပ်ရောဂါဆိုတာတော့ ကြားဖူးမှာပဲ..အေး အဲ့ဒီလိုရောဂါတွေကငှက်တွေကနေ ရတာရှိတယ်၊ လေထဲကနေ ကူးကြတာလည်းရှိတယ်..မင်းတွေးကြည့်လေ၊ ပြေးလိုက်ခံရတာထက်ပိုပြီးကြောက်စရာ မကောင်းဘူးလား.."

လူကြီးသူမတွေနဲ့ စကားများများပြောရသည်နှင့် ဗဟုသုတတွေလည်း တိုးလာခဲ့သည်။ တကယ်ပြောချင်တာက ဟိုရှေးခေတ်တည်းက အကြောင်းဒုက္ခအမျိုးမျိုးနဲ့ တောရိပ်ခိုလာကြသည့် လူအမျိုးမျိုးရှိကြသည် ဆိုတာပင်.. ၊

"မောင်ရင်က ဆရာတော်ကျောင်းမှာပဲ နေမှာဆိုတော့ တခြားဘာယီရလည်း မရှိနိုင်ပါဘူး..ကိုင်း ငါတို့နဲ့လှည်းကြုံလိုက်ခဲ့၊ အတူသွားကြတာပေါ့.."

"မလိုက်တော့ဘူးဦးကြီးရာ..ရွာထဲဝင်လာပြီပဲ.."

"ရွာထဲဝင်ပေမယ့် ဆရာတော်ကျောင်းက ဟိုဘက်ရွာထိပ်မှာလေ..လမ်းလျှောက်သွားရင် မောင်ရင့်အတွက် အဆင်မပြေတာတွေဖြစ်လာနိုင်လို့ပြောတာ.."

သိလိုက်ရကာမှ ချမ်းညဝမ်းသာသွားသည်။ ပြီးတော့ ကျေးဇူးအထပ်ထပ်တင်မိ၏။ သူ့မှာပါလာသည့် အဝတ်ထုတ်ကို ပခုံးမှာကောက်ချိတ်လိုက်ပြီး နွားလှည်းပေါ်တက်လိုက်သည်။

ပြီးတော့ သူလာခဲ့သည့်တောအုပ်မည်းမည်းဆီ လှမ်းကြည့်မိ၏။ ဒီတောရဲ့ဟိုဘက်ယွန်းယွန်းမှာ တံပိုးရွာလေးရှိလေသည်။ ထိုရွာလေးကို မဝင်ခင်မှာပဲ သူ့ရတောထဲမှာလမ်းခွဲကျန်ရစ်ခဲ့ရှာသည်။

"ငါက မဟုတ်တရုတ်တွေလည်း လုပ်ထားခဲ့ဖူးတယ်..အဲ့ဒါကြောင့် တစ်နေရာရာမှာကိုယ့်ကိုသိထားတဲ့လူနဲ့ တွေ့မလားပဲ အမြဲစိုးရိမ်နေရတာ ..ငါရွာထဲကို မလိုက်တော့ဘူး.." လို့ ပြောပြခဲ့၏။

သူသိသလောက်ကတော့ ရွာမှာပျော်ပွဲရွှင်ပွဲတွေဆို သူရတို့အုပ်စုဖွဲ့ပြီး တခြားရွာထိ ကြက်ခိုးဝက်ခိုးတွေ လုပ်ခဲ့ကြသည်။ သွားလာ လောင်းကစားရင်း ရှုံးပြီဆိုရင် တွေ့ရာလူဆီက ပိုက်ဆံချေးသည်။ လူပေါက်စေ့အောင် ချေးပြီးပြန်မဆပ်တော့ ရန်များလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုဖြစ်ရပ်များနဲ့ပတ်သက်ပြီး သူရလူတွေကိုရှောင်လာခဲ့သည်။ သူသိတာ ဒါပဲဖြစ်သည်။ ထို့ကြောင့်လည်း နားလည်ပေးလိုက်သည်။ သို့သော်.. ।

"ငါတို့ညီအစ်ကို ပြန်တွေ့ချင်မှလည်း တွေ့ရတော့မှာ..ဘာပဲဖြစ်ဖြစ် ငါနဲ့အတူနေရင် မင်းနစ်နာသွားမှာချမ်းည၊ အဲ့ဒါကြောင့် ဘကြီးဘုန်းကြီးဆီ လွှတ်ရတာပါ..ငါမင်းကို တာဝန်မယူချင်လို့ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို ဂရုစိုက်..ငါ့လိုမမိုက်နဲ့.."

လို့ ဆုံးမစကားတွေပြောတော့ သူငိုချင်နေခဲ့သည်။ 'လူကြီးရှက်တော့ ရယ်'ဆိုသည့်အတိုင်း သူရရှေ့မှာတော့ 'လူကြီးသူမလိုဆုံးမမနေစမ်းပါနဲ့ကွာ'လို့ပြောပြီး ရယ်ပြခဲ့သေးသည်။

သူရကတော့ မျက်နှာကြီးနီလို့ပါ။ ပြီးတော့ 'သွားတော့ညီလေး' လို့ ပြောပြီး ချာခနဲလှည့်ထွက်သွားစဉ် မျက်ရည်စက်တွေ စင်ထွက်လာတာ သူမြင်လိုက်၏။

ချမ်းည ငုတ်တုတ်ထိုင်ရင်း မျက်ရည်တွေပြည့်တက်လာခဲ့သည်။ တအီအီလှုပ်ခါနေသည့် နွားလှည်းအရှိန်က ပြည့်အိုင်လာသည့် မျက်ရည်တို့ကို လှုပ်ချနေသလိုဖြစ်နေကာ.. ।

"မင်းလည်း ဂရုစိုက်ပါသူရရာ..မကောင်းတာတွေ မလုပ်ပါနဲ့တော့၊ မင်းကိုမပြောဖြစ်ခဲ့ပေမယ့် ငါအခုပြောနေတာတွေကို မင်းရဲ့စိတ်ကသိပါစေ.."

သူနှုတ်ခမ်းလှုပ်ရုံ ရေရွတ်နေမိရင်း.. । ကြားနိုင်ရဲ့လားဆိုတာတော့ မသိ.. ।

☺

အခန်း(၃)

"စာရင်းတွက်ကြည့်ပြီးပါပြီသခင်.."

"ပြော..ဘယ်လောက်လဲ.."

"ငွေသားတန်ဖိုးတွက်လိုက်တာ သုံးသောင်းတိတိပါသခင်.."

လူတွေအများကြီးရှိနေပေမယ့် တစ်ယောက်မှ အသံမထွက်ဘဲ တိတ်ကျသွားသည်။ ရေနံချေးဝနေသော ကြီးမားထည်ဝါသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးက အုတ်စီထားသော မီးဖိုဆောင်တွဲကြီးကိုက အိမ်တစ်လုံးစာလောက် ကြီးမားနေ၏။

အိမ်ရှေ့တစ်ပြင်လုံး၏ ခြေရင်းပိုင်းကို အုတ်ခင်းထားသော ခေါင်မိုးအမြင့်နှင့် စီရင်ဆောက်လုပ်ထားသည်။ ဒီရွာမှာ ရွာသူကြီးဆိုတာမရှိပေ။ တစ်ရွာလုံး၏ သာရေးနာရေးတရားစီရင်ရေးကို 'ယောမင်းကြီးအိမ်တော်'ကသာ ဆုံးဖြတ်သည်။

ရွာထဲမှာ အရေးအခင်းတစ်စုံတစ်ရာဖြစ်နေလျှင်လည်း ယောမင်းအိမ်တော်က လူယုံတော်ကြီး ဦးဩဘာကိုယ်တိုင်လိုက်ကြည့်ပြီး ရှင်ဝယ်သားကဲ့သို့ ဖြေရှင်းပေးတတ်သည်။ ထို့ကြောင့် အကြောင်းကြောင်ငယ်ရှိလာတိုင်း ယောမင်းကြီးအိမ်တော်မှာ ဆုံးဖြတ်ခံယူဖို့အပျက် ဘယ်ရွာသားကမှ အပန်းမကြီးကြပေ.. ।

"မောင်ငြိမ်းချမ်း.."

"အမိန့်ရှိပါသူဌေးကြီး.."

"မင်းတို့ဇနီးမောင်နှံမှာ ဘာတွေလိုအပ်နေလို့တစ်ပါးရွာကြီးမြို့တွေတင်ရတာတုံး.."

ငြိမ်းချမ်းဆိုသူက အသက်သုံးဆယ်နီးပါးခန့်ရှိကာ ထည်ဝါ

www.burmeseclassic.com

www.burmeseclassic.com



၏မေးခွန်းကြောင့် မျက်နှာငံ့သွားသည်။ ဘေးမှာရှိနေသော သူနဲ့အတူပါလာသည့် ရွာသားတချို့နှင့် အိမ်တော်ရှိလူများက သူ့ကိုပဲကြည့်နေကြ၏။

"မင်းနဲ့မယ်ညို မင်္ဂလာဆောင်ခဲ့ကြတာ တစ်နှစ်တောင်မပြည့်သေးဘူးမှတ်တယ်.."

"ဟုတ်ပါတယ်သူဌေးကြီး.."

"ကလေးသူငယ်နှောင်တည်းတာလည်း မရှိ..မင်းတို့ရဲ့ နှစ်ဖက်မိဘများလည်း တောင့်တင်းကြပါလျက်နဲ့.."

"မှန်ပါတယ်သူဌေးကြီး..ဒါပေမယ့် ညိုနဲ့ကျွန်တော့်ကို လူကြီးတွေက စုံဖက်ဖို့ခွင့်မပြုခဲ့တဲ့အတွက် မင်္ဂလာစရိတ်ကို ကျွန်တော်ပဲရှာရပါတယ်.. လယ်ယာလုပ်ကိုင်ဖို့ သူဌေးကြီးဆီမှာ တောင်းခံရင်လည်း မိဘထောက်ခံခြင်းရှိရမှာမို့လို့ ကျွန်တော်တို့လုပ်ကိုင်စားသောက်ဖို့ လယ်ယာမြေရအောင်.."

"တန်တော့..တန်တော့၊ ကျုပ်သဘောပေါက်ပြီ.."

မောင်ငြိမ်းချမ်း၏ကြွေးမြီမဆပ်နိုင်၍ တစ်ဖက်ရွာက တိုင်ကြားခံရခြင်း ပြဿနာမှာ ထုံးစံအတိုင်း ယောမင်းကြီးအိမ်တော်က ဖြေရှင်းပေးလိုက်ခြင်းဖြင့် ပြီးဆုံးသွားခဲ့လျက်.. ၊

"ဒီကြွေးကို မောင်ငြိမ်းချမ်းနဲ့မယ်ညိုက နှစ်ဖက်မိဘထံတစ်လကို ငွေလေးရာတစ်ဆယ်စီ ပို့ဆောင်ပေးပြီး သုံးနှစ်တိတိပေးဆပ်ရမယ်.."

ငြိမ်းချမ်းက ဝမ်းသာကျေနပ်သွားသည့် မျက်ဝန်းများဖြင့်မော့ကြည့်ကာ အထပ်ထပ်ခေါင်းညိတ်၏။ ဘေးမှာပါလာသည့် ညိုရီကလည်း ဝမ်းသာသွားကာ အမြန်ကတိပေးလိုက်ဖို့ လက်တို့လျှင်..

"ကျေးဇူးတင်ပါတယ်ခင်ဗျာ..ကြွေးမြီအတွက် မပျက်မကွက်ဆပ်ပါ့မယ်လို့ ကတိပြုပါ့မယ်.."

"အေး..ကတိမတည်ခဲ့ရင်တော့ သုံးလွန်းတောင်ရဲ့ စည်းကမ်းသစ္စာကို ဖောက်ဖျက်တဲ့သူအဖြစ် သတ်မှတ်မယ်၊ မင်းတို့ကို ရွာပြင်ထုတ်ပြီး ရွာသားအဖြစ်က စွန့်ရလိမ့်မယ်.."

သုံးလွန်းတောင်ရွာကြီး၏စည်းမျည်းစည်းကမ်းက ဒါပဲဖြစ်



သည်။ ကြွေးတင် ရှင်ဘုရင်ဆပ်ဆိုသည့် စကားကဒီရွာကနေစတင်လာခဲ့သလားထင်ရအောင် တစ်ရွာလုံး၏စားဝတ်နေရေးအတွက် ယောမင်းကြီးအိမ်တော်ကပဲ မြေပိုင်ယာပိုင်ဖြစ်စေခြင်း ကျွဲနွားတို့ကိုပေးအပ်ခြင်းများလုပ်ခဲ့ပြီး အခက်အခဲကြီးငယ်တွေရှိလာတိုင်း ယောမင်းကြီးအိမ်တော်က ဖြေရှင်းပေးခဲ့၏။

'ယောမင်းကြီးအိမ်တော်'၏ အစဉ်အဆက်က ဘာကြောင့်ဒီလောက် ကြွယ်ဝခဲ့ကြသည်ကို ဘယ်သူမှမခန့်မှန်းနိုင်သလို မျိုးဆက်တိုင်းက မဖောက်မပြန်သော ကရုဏာတွေနှင့် ရွာကိုစောင့်ရှောက်ခဲ့ကြ၏။

ထို့ကြောင့် သက်ဦးဆံပိုင်ဘုရင်စနစ် မရှိတော့သည့်တိုင် ဒီရွာမှာတော့ 'ယောမင်းကြီးအိမ်တော်'ကပဲ နန်းတော်ကြီးတမျှ ခမ်းနားစွာတည်ရှိနေလျက် ယောမင်းကြီးအိမ်တော် အစဉ်အဆက်တို့၏ တစ်မိန့်တစ်အာဏာသာ.. ၊

"ကိုသြဘာ.."

"အမိန့်ရှိပါသခင်.."

လူယုံတော်ကြီး ဦးသြဘာက ဦးထည်ဝါဘေးမှာ ခပ်ရှိရှိရပ်နေပြီး ခေါင်းငုံ့ထား၏။ သူဌေးကတော်ဒေါ်ရတနာလှိုင်က အိမ်နောက်ခန်းထဲကထွက်လာပြီး ဦးထည်ဝါလက်ထဲကို စာရင်းစာရွက်ရှည်ကြီးထည့်ပေးလိုက်မှ သူဌေးကြီးက ယူကြည့်လိုက်ရင်း.. ၊

"ဒီမှာ တောင်မြောက်ရွာတန်းက ပို့ထားတဲ့ပဋ္ဌင်းလောင်းအရေအတွက်.."

"ဟုတ်ကဲ့.."

ဦးသြဘာက လက်နှစ်ဖက်နဲ့တရိုတသေယူလိုက်၏။ သူဌေးကြီးက လက်နှစ်ဖက်နောက်ပစ်၍ ဝရန်တာကျယ်ကြီးဘက်ကို လျှောက်ထွက်သွားရင်း.. ၊

"ရွာဦးကျောင်းမှာ ဒုလ္လဘရဟန်းတွေအတွက် ယာယီကျောင်းဆောင်တွေ ဆောက်တာပြီးလုပြီလား.."

"ပြီးသလောက်ဖြစ်နေပါပြီသခင်..တောင်ကျစမ်းနဲ့ဝေးတော့ ရေသွယ်နိုင်အောင် ကြိုးစားနေတာပါ၊ ရှင်တစ်ရာအလှူတော်ကြီးအ

www.burmeseclassic.com

www.burmeseclassic.com



တွက် ချက်ပြုတ်ဆေးကြောဖို့လည်း လိုမှာဆိုတော့ ရေအတွက်အခ က လုပ်နေပါတယ်.."

နှစ်ယောက်စလုံး ဝရန်တာမှာရပ်မိကြကာ ခြံဝင်းကျယ်ကြီးကို ငုံ့မိုးကြည့်နေလျက်.. ၊

"သမီးအတွက် ကြင်ဖက်ရွေးဖို့လည်း စီစဉ်ရမယ်..ဒါပေမယ့် မိန်းမငယ်လေးဖြစ်နေတော့ မြို့ပြကိုခေါ်သွားဖို့လည်း ဝန်လေးနေမိ တယ်.."

"ဒါကမခဲယဉ်းပါဘူးသခင်..သခင်စီစဉ်ထားသူကို ဒီရွာကိုဆင့် ခေါ်လိုက်ရုံပါပဲ.."

ဦးသြဘာကို သူဌေးကြီးက ငဲ့ကြည့်သည်။ ပြီးမှ ရှေ့ကိုပြန် လှည့်၍.. ၊

"အင်း..ဒီလိုပဲလုပ်ရတော့မှာပဲ.."

မျိုးရိုးတူချင်းသာ လက်ဆက်စေခဲ့သော ထုံးတမ်းစဉ်လာအရ သားနဲ့သမီးရှိကြသည့်ဘယ်ဘက်ကမဆို ဖွင့်ဟတောင်းဆိုရသည် သာ.. ၊

"ဒီတစ်ခါတော့ ကျုပ်ကစပြီးတောင်းဆိုရမှာပဲ..ခင်ဗျားဘယ်လို ထင်လဲ ကိုသြဘာ၊ ဒီလိုလုပ်ရင် သင့်တော်ပါ့မလား.."

"သင့်ပါတယ်သခင်..ကျွန်တော်တို့လုံမလေးက အင်မတန်နု နယ်လွန်းပါတယ်၊ တောလမ်းကြမ်းကိုဖြတ်ပြီး လှည်းတစ်တန် ခြေ လျင်တစ်တန်နဲ့ ရထားဘူတာရောက်အောင် နှစ်ရက်လောက်သွားရ တဲ့ခရီးလမ်းနဲ့ ဘယ်လိုမှ မသင့်တော်ပါဘူး.."

ဦးသြဘာထောက်ပြမှ သူဌေးကြီးဘဝင်ကျသွားပြီး ခေါင်းညိတ် သည်။ ပြီးတော့.. ၊

"ဒါကြောင့် မောင်မင်းရဲသွေးကိုပဲ ဒီကိုဖိတ်ခေါ်မှဖြစ်မယ်လို့ ကျုပ်တွေးတာ..ရှင်တစ်ရာအလှူပွဲအပြီးမှာ မင်္ဂလာပွဲဆက်ကျင်းပ မယ်.."

"သခင်..အဲ့ဒီလိုလုပ်လို့ မကောင်းဘူးထင်တယ်.."

"ကောင်းတယ်..ဒီတိုင်းပဲလုပ်မယ်.."

သူဌေးကြီးက ဆုံးဖြတ်ပြီးသည့်လေသံနှင့်.. ၊



"ပွဲလမ်းသဘင်ဆိုတာ အပျော်ပဲ..အပျော်ဆိုတာ ငွေကုန်တယ်၊ ကျုပ်ရွာသားတွေ ဝမ်းရေးအတွက်ရုန်းကန်နေရတာ ပင်ပန်းလွန်း တယ်ကိုသြဘာ..အပျော်အပါးအတွက် ငွေကုန်ကြေးကျတွေ မဖြစ်စေ ချင်ဘူး.."

ဦးသြဘာက ခေါင်းညိတ်ရင်းတွေး၏။

ဟောဒီတောတောင်တစ်ကြောမှာ 'သုံးလွန်းတောင်'ရွာကြီး လောက် ကြီးကျယ်ခိုင်ခံ့ပြီး ပြည့်စုံပြေလည်သည့်ရွာမရှိ။ ဒါတောင် သူဌေးကြီးက သူ့ရွာသားတွေ ပင်ပန်းလှသည်ထင်နေသေးသည်။

စိတ်နှလုံးသားက ပြည့်စုံနူးညံ့လွန်းပါဘိ.. ၊

"ပွဲလမ်းသဘင်ရှိရင် မိန်းမသားတွေက အပြိုင်အဆိုင်ဝတ်စား ပြင်ဆင်ချင်တယ်..မပြည့်စုံတော့ ခင်ပွန်းသည်တွေကို နားပူတယ်၊ ကျုပ်သိသလောက် မောင်ငြိမ်းချမ်းတို့ဇနီးမောင်နှံလည်း အဲ့ဒီလို နည်းနဲ့ ကြွေးမြီတွေများခဲ့တာပဲ.."

"ဟုတ်ပါတယ်..မှန်ပါတယ်.."

"ဒါကြောင့် ပွဲလမ်းသဘင်တွေ ဆက်တိုက်ကျင်းပဖို့ ကျုပ်မ လုပ်ချင်ဘူး..ရှင်တစ်ရာပြုပွဲမှာ ရွာနီးချုပ်စပ်တွေလည်း ပါကြ မှာဆိုတော့ ရိုးရာဂီတသဘင် ဖျော်ဖြေပွဲတွေထည့်မယ်..အပမ်းဖြေ အားကစားပြိုင်ပွဲတွေ လုပ်ပေးမယ်၊ သုံးရက်သုံးညတိတိ ထမင်းရည် ချောင်းစီးဇျောတီးလှူမယ်..အဲ့ဒီမှာပဲ ကျုပ်တို့ရွာနဲ့တခြားရွာတွေ ပျော်ကြပါစေ.."

"တစ်ခုလောက် ပြောပါရစေသခင်.."

"အင်း.."

သူဌေးကြီး ခေါင်းညိတ်လိုက်မှ.. ၊

"ကတော်ကြီးက မင်္ဂလာကိစ္စအတွက် စိတ်အနှောင့်အယှက်ဖြစ် နေပုံပါပဲ.."

"ဟုတ်တယ်..သမီးက အသက်အရွယ်အားဖြင့် ငယ်သေးတာ ကိုး.."

သူဌေးကြီးလည်း မျက်နှာညှိုးသွားရှာသည်။ နှဖူးပြင်ကျယ် သည် ဆံပင်ရှည်တွေ အားလုံးကိုသိမ်းလှန်ဖြီးသင်ထားသဖြင့် ပို၍

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားစွာ မြင်နေရကာ အနည်းငယ်ရှည်ချင်သလိုရှိသော မျက်နှာမှာ ထူထဲနက်မှောင်သည့် မျက်ခုံးတန်းတို့ကြောင့် မဟာဆန်နေသည်။

ထင်ရှားသည့်နှာတံက လိုတာထက်ပို၍ ပေါ်လွင်နေသည်။ နှုတ်ခမ်းသားတို့ကညိုကာ ထူထူပြည့်ပြည့်။ သူဌေးကြီးက အသက်ငါးဆယ်ကျော်ဆိုပေမယ့် နုပျိုသွက်လက်နေခဲ့လျက် မျက်မှောင်ကုတ်လိုက်လျှင် မျက်လုံးအစုံက ပို၍ရူးရဲသွားတတ်၏။

သူဌေးကြီးဒေါသကြီးသည်ဟု နာမည်တွင်ခဲ့ပေမယ့် ဒီမျက်နှာကြီးရဲ့နောက်မှာ အလွန်စာနာတတ်သော စိတ်နှလုံးကောင်းရှိနေတာက 'ယောမင်းကြီး'အစဉ်အဆက်တို့ရဲ့ သစ္စာသွေးထင်၏။

"နောက်ပြီး နက္ခတပညာလည်းကြွယ်ဝတော့ သမီးရဲ့အနာဂတ်ကို တွက်ချက်ပြီး စိတ်တိုင်းမကျဘူးဖြစ်နေတာ..ကျုပ်ကဒါတွေကို မယုံကြည်တာမဟုတ်ပါဘူး၊ ဒါပေမယ့် မစွဲလမ်းစေချင်တာအမှန်ပဲ.."

"ကတော်ကြီးကလည်း စွဲလမ်းမှုတစ်ခုကြောင့်လို့ ကျွန်တော်မထင်ဘူးသခင်..သူကျွမ်းကျင်တဲ့ပညာနဲ့ တွက်ချက်ပြီးပူပန်တာမို့ ထည့်စဉ်းစားရမယ့် အချက်ပါ.."

"ပြောပါဦး..ခင်ဗျားဘယ်လိုထင်လို့လဲ.."

ဒါပေမယ့် ထိုအကြောင်းကိုမဆက်ဖြစ်ကြဘဲ.. ၊

"သခင် ခင်ဗျာ..ကပ္ပိယကြီးရောက်နေပါတယ်၊ ကတော်ကြီးအတွက် ဆရာတော်က ဆေးပို့ခိုင်းလိုက်ပါတယ်တဲ့.."

"ဟော..အေး..ကျုပ်လာမယ်.."

သူဌေးကတော်ဒေါ်ရတနာလှိုင်က မိန်းမသားသဘာဝသွေးသားကုန်ဆုံးချိန်မှာ ချူချာလာသည်။ ထို့ကြောင့် ဆရာတော်ကြီးဆီက ဆေးဝါးကိုပဲ မျှော်နေရတာဖြစ်သည်။

ရွာဦးကျောင်းဆရာတော်ကြီးက ဒီရွာမှာ ဆေးဆရာဆိုလည်းဟုတ် အုပ်ချုပ်သူဆိုလည်းမမှား အားလုံး၏မိဘအုပ်ထိန်းသူသဖွယ်ရှိရကာ..

☺

အခန်း(၄)

ရွာဦးဘုန်းကြီးကျောင်းသည် ခြံသေ့နှစ်ကောင်မုခ်ဝတို့နှင့် နှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်ကာ အဆုံးအစမဲ့ မြင်နေရသော ငှက်များတော သရက်တောတို့အပြင် ပိန္နဲပင်အုပ်ကြီးများနှင့် ခြံဝင်းကြီးက နေပြောက်မထိုးအောင် အေးချမ်းကျယ်ဝန်းလျက်.. ၊

"ကိုင်း..မင်းအစ်ကိုဘယ်လိုပြဿနာတွေရှိနေသလဲ ပြောပြစမ်း.."

ကိုယ့်ဦးမင်းဘကြီးဆိုပေမယ့် ငယ်စဉ်တည်းက မမြင်ဘူးခဲ့တာကြောင့် ချမ်းညစကားပြောတာကနည်းနည်း ဆရာတော်ကြီးမျက်နှာတော်ကို ငေးနေမိတာက များများဖြစ်ကာ.. ၊

"ဒီလိုပါ..သူရက.."

"ဟဲ့..အစ်ကိုကို သူရ သူရနဲ့ဘယ့်နှယ့် နားကြားပြင်းကပ်ပါကွ.."

"ဟုတ်..အဲ တင်ပါ့ဘုရား၊ အ..အကျင့်ပါနေလို့ပါဘုရား.."

"အင်း..မိဘမဲ့ခဲ့တာကိုး၊ ပြော..ဆက်ပြော.."

မိဘမဲ့မို့ မိမဆုံးမဖမဆုံးမလို့ ပြောလိုက်တာမှန်းသိတော့ ချမ်းည အောင့်သက်သက်ကြီး ဖြစ်၏။ သို့သော် ပြုံးတော့ပြုံးလိုက်ရလျက်.. ၊

"အဲ့လိုပါဘုရား.."

အားလုံးကို ပြောပြလိုက်မိလျှင် ဆရာတော်ကြီးကနားထောင်ကာ..၊

"အေးလေ..ဖြစ်သမျှအကြောင်း အကောင်းပေါ့၊ သူ့မိုက်ပြစ်နဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



လူတောမတိုးရဲတော့တာ ဘာမှမတတ်နိုင်ဘူးလေ.."

"လူတောမတိုးရဲတာ မဟုတ်ပါဘူးဘုရား..သူကိုက မလိုက်ချင်လို့ နေခဲ့တာပါ.."

အစ်ကိုကိုပြောတော့ ချက်ချင်းထုချေလျှောက်ထားမိ၏။ ဆရာတော်ကြီးက မျက်မှောင်ကုတ်သွားကာ.. ၊

"မောင်မင်းက အစ်ကိုထိတော့ နာသကိုး.."

"ပြောပြတာပါဘုရား..အဲ လျှောက်တင်တာပါဘုရား.."

"မလျှောက်တင်နဲ့..ကိုယ့်ထက်အသက်ဂုဏ်ဝါကြီးမြတ်သူနဲ့ စကားပြောရင် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ နားထောင်ရမယ်၊ အမှန်ကို ဖြေရှင်းချင်ရင် အသက်ဝါကြီးသူပြောလို့ပြီးမှ တလေးတစားခွင့်တောင်းပြီး ပြန်ပြောရတယ်..လူကြီးစကားကို ပက်ခနဲပြန်ပြောတာ မယဉ်ကျေးတာပဲ၊ လူမှန်ရင် ယဉ်ကျေးမှုရှိရတယ်..ရိုင်းစိုင်းတာကိုအဟိတ်တိရစ္ဆာန်လို့ခေါ်တယ်..မှတ်ထားစမ်း.."

"တင်ပါ့ဘုရား.."

"ကပ္ပိယကြီး.."

"ဘုရား.."

"သူ့ကိုနင့်နားမှာပဲထား.."

"တင်ပါ့.."

"သေချာသင်ပြစမ်း.."

"တင်ပါ့ဘုရား.."

"ရွာထဲကို ငါမသိဘဲလုံးဝမသွားရဘူးဆိုတာ သတိကျပ်ကျပ်ပေးထား.."

ဘာကြောင့်လဲဆိုသည့်မေးခွန်း ချမ်းညခေါင်းထဲ ရောက်လာသည်။ တစ်ခုခုသိချင်ပြီဆို ကြာကြာမျိုသိပ်မထားနိုင်သော အကျင့်က ကပ္ပိယကြီးကို ချက်ချင်းမေးမိ၏။

"နင်မကြားခဲ့ဘူးလား..ငါတို့သုံးလွန်းတောင်ရွာအကြောင်း.."

"ကြားတော့ကြားပါတယ်..နည်းနည်းပါးပါး.."

"အဲ့ဒီနည်းနည်းပါးပါးထဲမှာ 'ယောမင်းကြီးအိမ်တော်'အကြောင်းပါသမို့လား.."



"ပါတယ်.."

"အေး..အဲ့ဒါပဲ.."

ကပ္ပိယကြီးက ထင်းတွေခွဲနေရင်း ကျောင်းသားတွေကို ထင်းရုံကြီးထဲ သယ်ခိုင်းနေသည်။ ချမ်းညက အနားကနေထင်းသယ်ပေးမတော့မလို ဓားမဝင်ကိုင်ပြီး ထင်းဝိုင်းခွဲပေးတော့မလို ဘာမှလည်းမလုပ်ဘဲ ကပ္ပိယကြီးရဲ့ ဓားချက်ကျတိုင်း ဇက်ပုသွားတတ်ပြီး ထင်းစင်ထွက်လာပြီဆို တစ်ဖွေ့နှစ်ဖွေ့ခုန်ရှောင်၏။ ပြီးတော့ စကားပြောမြင်း အလုပ်မပျက်နှင့်..၊

"ပြောတော့ အဲ့ဒီရွာလူကြီးက စိတ်ရင်းကောင်းဆို.."

"ရွာလူကြီးကောင်းမကောင်း ရွာရဲ့အခြေအနေကိုကြည့်ပေါ့ကွယ်.."

"ဒါပေမယ့် ကျွန်တော့်ကိုရွာထဲ မသွားရဘူးဆိုတာ အဲ့ဒီရွာလူကြီးကို ကြောက်လို့မဟုတ်ဘူးလား.."

"အေး.."

ကပ္ပိယကြီးက ဓားမကိုင်ထားသည့်လက်ကို ထိုင်လျက်ကနေ ကွဲလွဲ ဆန့်ချထားလိုက်ရင်း ချမ်းညကိုလှည့်ကြည့်၏။ အသံသည်လည်း အလုပ်လုပ်ရင်း စကားလှည့်ပြောနေရသဖြင့် စိတ်မရှည်တာလား မောနေတာလားမသိဘဲ.. ၊

"တို့ရွာလူကြီးက ကြောက်စရာမကောင်းပေမယ့် စည်းကမ်းမလိုက်နာတဲ့သူ ရိုင်းစိုင်းတဲ့လူတွေကိုတော့ မသက်ညှာဘူး..အဲ့ဒါကြောင့်.."

"ကပ္ပိယကြီးက ကျွန်တော့်ကိုရိုင်းစိုင်းတယ်လို့ ပြောလိုက်တာလား..ဒါတော့ မတရားပါဘူးဗျာ၊ လူ့အကြောင်းပေါင်းမှသိတဲ့.."

"ပေါင်းတာတောင်မသိနိုင်ဘူးမောင်ရင်..ငါကလည်း နင့်ကိုရိုင်းစိုင်းတယ်လို့ ပြောတာမဟုတ်ပါဘူး၊ ဒါပေမယ့် မရိုင်းပါဘူးလို့လည်း မပြောနိုင်သေးဘူးလေ..ဒီရွာနဲ့နင်နဲ့ရင်းနှီးမှုမရှိသေးတဲ့ ကာလမှာ ပြောမှားဆိုမှားတွေ ဖြစ်ကြမစိုးလို့ ဆရာတော်ဘုရားက မိန့်တာပါ.."

"ဒကာကြီးက ဘာမှအလုပ်မလုပ်ဘဲနဲ့ စကားပဲများနေတာ.." ဟင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်သားလောက်ကိုရင်လေးက ချမ်းညရဲ့မျက်နှာရှေ့ကို လာရပ်ပြီး အတည်အလင်းစွပ်စွဲ၏။ မှန်ကန်သည့်စွပ်စွဲချက်မို့ ချမ်းညက စပ်ဖြဲဖြဲမျက်နှာဖြစ်သွားလျက်.. ၊

"လုပ်မှာပါကိုရင်ကလည်း ဒါပေမယ့် မနက်ကမှရောက်တာဆိုတော့ ဒီနေ့မကုန်ခင်မှာ တပည့်တော်က ဧည့်သည်လေ.."

"ကိုရင်ဥသ လာ..လာ စာအံရတော့မှာ.."

ဦးဇင်းတစ်ပါးက လှမ်းခေါ်လိုက်မှ ချမ်းညအသက်ရှူချောင်၏။ ကိုရင်လေးမို့ ပြန်မပြောရဲပေမယ့် ကလေးလေးပဲရှိသေးတာကို ချမ်းည မျက်နှာရှုံ့မဲ့မဲ့နှင့် မသက်မသာ.. ၊

"ကျောင်းမှာလည်း ကလေးတွေကစိတ်ဓာတ်ဗီဇအမျိုးမျိုးပါပဲ.. အားလုံးကို ယဉ်ကျေးလိမ္မာအောင် သွန်သင်နေရတယ်.."

ကပ္ပိယကြီးက ထင်းခွဲဖို့ပြန်လည်ပြင်ဆင်ရင်း.. ၊

"နင့်ပုံစံကြည့်ရတာလည်း အကင်းပါးမယ့်ပုံမျိုးပါ..ကိုယ့်စိတ်ကိုမကောင်းဘက်မရောက်စေနဲ့၊ ကောင်းတာကိုသင်ယူ မကောင်းတာကို မှတ်ထားရမယ်..ငါဆိုရင် ဟိုအရင်တုန်းက မိဘကိုလည်း ရှိသေရမှန်း မသိဘူး၊ ဇနီးမယားအပေါ်တာဝန်ကျေတယ်ဆိုတာ ဘာမှန်းတောင်မသိဘူး.."

"ကပ္ပိယကြီးက အိမ်သူသက်ထားရှိခဲ့တယ်ပေါ့..အခုမရှိတော့ဘူးလား.."

"ငါ့ရဲ့မိုက်ပြစ်ကြောင့် ဇနီးသည်ကမီးမဖွားနိုင်ဘဲ ဆုံးတယ်.. အမေကတော့ ဆုံးသွားတာကြာပါပြီ၊ အစတုန်းက ဖေးမရှာကလေ.. ဒီရွာကျောင်းကိုရောက်လာမှ ကိုယ့်စိတ်ကိုပြုပြင်ရတယ်.."

"ဒါနဲ့ အမည်းစက်ဆိုတာ ဖျောက်ဖျက်ခက်တယ်ဆို.."

"ဖျောက်မရလည်း ဖျောက်ဖို့ကြိုးစားရတာပဲကွယ့်..စွန်းထင်းခဲ့တာ အတိတ်၊ ကိုယ်ရှေ့ရှုရမှာက ပစ္စုပ္ပန်လေ.."

"ခွမ်း.."

"ဟာ..ဗုဒ္ဓေါ.."

စကားပြောဖို့ ရှေ့တိုးလိုက်ကာမှ ထင်းခွဲစတစ်စလွင့်ခနဲ မြောက်တက်လာသဖြင့် ဖင်ထိုင်ချလိုက်ပြီး သေလုမျောပါးရှောင်



ရတာ ပက်လက်ကြီး ပုံပျက်ပန်းပျက်.. ၊

"ဟား ဟား ဟား.."

"ဟိုအစ်ကိုကြီး..ခိ ခိ ခိ.."

"ဟား ဟား ဟား ဟား.."

ဘုန်းကြီးကျောင်းသားလေးတွေ လက်ခုပ်လက်ဝါးတီးပြီး ဝိုင်းရယ်ကြ၏။ ချမ်းညလက်သီးဆုပ်ထောင်ပြလိုက်ရင်း သူပါရောယောင်ရယ်မိလေသည်။ ကျောင်းမှာ ဦးဇင်းတွေ ကိုရင်လေးတွေ ကျောင်းသားတွေလည်း အများကြီးပင်.. ၊

ထင်းခွဲပြီးသည့် ကပ္ပိယနောက်ကို တကောက်ကောက်လိုက်နေမိစဉ် ကျောင်းပေါ်က စာအံသံတွေ စတင်ကြားလာရ၏။

"ကပ္ပိယကြီး.."

"ဆို.."

"ကျွန်တော်ကရွာထဲကို ဘယ်တော့မှသွားရမှာလဲ.."

"မနက်ဖြန်ဆွမ်းတော်ကြွရင် နင်လိုက်သွားပေါ့.."

"ကျွန်တော်က ဆွမ်းတော်စင်ထမ်းပြီးတော့လား.."

"ကြေးစည်ထုလို့လည်း ရတယ်လေ.."

"ကျွန်တော်ထုရင် ကြေးစည်ကဘယ်တော့မှ မမြည်ဘူး.."

ကပ္ပိယကြီးက မီးဖိုဆောင်ထဲဝင်သွားရင်း လှည့်ကြည့်သည်။ ချမ်းညက ရယ်လိုက်ပြီး ပါးကုပ်နားကုပ်နှင့်.. ၊

"အဟုတ်ပြောတာ ကြေးစည်ကလည်းငြိမ်ငြိမ်မနေဘူး..ကျွန်တော်ကလည်း သိပ်စိတ်မရှည်တော့.."

"ဆွမ်းတော်အော်ပေါ့ကွ.."

"မအော်ရဲဘူး.."

"ဟေ.."

မျက်လုံးပြူးကြီးနှင့် ကပ္ပိယကြီးမျက်နှာမှာ ဒေါသတွေကပ်ပါလာလျက်.. ၊

"မင်းဟာ..ဘာတုံး.."

"မသိဘူး..ကျွန်တော်ဘာလုပ်လုပ် အမြီးအမောက်တစ်ခါမှ မညီခဲ့ဘူးတာတော့ သေချာတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဆွမ်းတော်စင်ထမ်းဆိုတော့လည်း မဟုတ်ဘူးမင်းဟာ.."

"တစ်ခါပုဆိုးတုပ်ပြီးလဲလို့ ဆရာတော်ကြီးဆွမ်းဘုန်းခါနီးမှ ဟိုပြေးရ ဒီပြေးရဖြစ်ရတာလေ..ကျွန်တော်လည်း အရိုက်ခံရတယ်၊ နောက်လည်း တစ်ခါမှ မထမ်းခိုင်းတော့ဘူး.."

"ဒါဖြင့် မင်းလုပ်လို့ရတာ ဘာရှိသေးတုံး.."

"မှတ်မှတ်ရရ ပြောရမယ်ဆိုရင်တော့.."

တစ်ခုခုပြောတော့မလို့နှင့်.. ।

"ဘာမှမလုပ်ဘဲနေရင် ဘာမှမဖြစ်တော့ဘူး.."

"သြော် သြော်..တော်ပါပေ့ တကောင်းသား.."

ကပ္ပိယကြီးတော်တော် စိတ်တိုသွားပုံပေါ်ကာ.. ।

"နင့်ကိုဘုန်းကြီးကျောင်းသားအဖြစ်လက်ခံမှ ရွာထဲသွားလို့ရမှာ.."

"အဲ့လိုမျိုးလား.."

"အဲ့လိုပေါ့..ဒီကရွာသားတွေထဲမှာ နင့်ဆွေမျိုးမရှိဘူးလေ၊ ဆရာတော်ဘုရားက ဘကြီးတော်တယ်ဆိုတော့ ဆရာတော့်ကျောင်းမှာပဲ မင်းနေရမှာ..ကျောင်းမှာနေရင် ကျောင်းသားဖြစ်နေရမှာပေါ့၊ မဟုတ်ရင်လည်း ဦးပဉ္ဇင်းခံလိုက်.."

"ဟား..အဲ့ဒါတော့ မဖြစ်လောက်ဘူး.."

သူဖြစ်သွားသည့်ပုံစံကို လှည့်ကြည့်ကာ ကပ္ပိယကြီးမျက်လုံးတွေက မျက်နှာကနေခြေဖျားထိ တစ်ဆက်တည်းစုန်ဆန်ပြေး၏။ ပြီးမှ.. ।

"ဟွန်း..မဖြစ်မှန်းသိပါပြီ၊ ပုံစံကလည်း မိုးကျရွှေကိုယ်ကိုး.."

"ဟုတ်လား..ကျွန်တော်ချောလား၊ သိတော့သိပါတယ်..ရွာမှာဆိုလည်းအိမ်ပြင်တောင် မထွက်ရဲဘူးကပ္ပိယကြီးရ.."

"ဘာလဲ..အိမ်ထုတ်တန်းမှာ ပျားစွဲနေလို့လား.."

"ဟုတ်တယ်..ခေါင်းမလွတ်တော့ ပျားတုပ်ခံရတယ်လေ.."

ပြောပြီး ရယ်ချလိုက်တော့ ကပ္ပိယကြီးကလည်း ရယ်ကာ.. ।

"ငါတော့ မြင်ယောင်ပါသေးတယ်..မင်းပုံစံနဲ့ ငါ့ဆရာတော်ရဲ့



ယောသခင်ကြီးနဲ့..အင်း..."

"ယောသခင်ကြီးဟုတ်လား..ရွာသူကြီးကိုတော့ ဘယ်လိုခေါ်လဲ၊ အဲ့ဒီယောမင်းကြီးအိမ်တော်ကလူကြီးက ရွာသူကြီးထက်.."

"ကိုင်း..အမေးအမြန်းထူပါဘိမောင်ရာ၊ ငါတို့ရွာမှာ ဆရာတော်ကြီးကလွဲရင် တစ်ရွာလုံးမှာအကြီးအကဲက ယောသခင်ကြီးပဲ.."

ချမ်းညရယ်နေပုံက ရှုံ့တွတွဖြစ်သွားသည်။ ပြီးတော့ စိမ်းညို့ရွှယ်တန်းနေသည့် မျက်ခုံးတန်းတို့ကို ခပ်တွန့်တွန့်ပင့်လိုက်ရင်း..

"အဲ့ဒီအိမ်တော်ကလူတွေ သူတို့ကိုအရှင်သခင်လို သဘောထားပြီး ခေါ်ကြတာထားပါတော့..တစ်ရွာလုံးက 'သခင်'လို့ခေါ်ကြတယ်ဆိုတာ သဘာဝမကျပါဘူး၊ ဒါနဲ့ဘုရားထူးနေကြတာတော့ မဟုတ်ပါဘူးနော်.."

"ဟာ.. ဒီကောင်လေးနဲ့တော့.."

ကပ္ပိယကြီးက မီးမွှေးနေရင်း စိတ်မရှည်သလိုလှည့်အော်တော့ ချမ်းညက ရယ်နေ၏။

"ဒီအိုးကြီးနဲ့ ဘာလုပ်ဖို့တုံး.."

"ကျောင်းသားတွေအတွက် ညစာထမင်းချက်ရမှာ.."

ဒန်အိုးကြီးက ယောကျ်ားကြီးတစ်ဖက်မကကြီးသည်။ ဆန်နဲ့ရေနဲ့လည်း အိုးပြည့်ထည့်ထားတာဖြစ်၏။ ချမ်းညက အိုးကြီးကို ကြည့်ပြီး ကပ္ပိယကြီးနဲ့ မျက်နှာချင်းဆိုင်မှာထိုင်လိုက်ရင်း.. ।

"တစ်ရွာလုံးက ကလေးတွေကျောင်းမှာလာနေကြတာလား.."

လာပြန်ပြီ ဒီကောင်လေး.. ।

ကပ္ပိယကြီးက မဖြေတော့ဘဲ အလုပ်ရှုပ်နေလျှင် အဖြူရောင်ခေါင်းပိုင်နှင့် အဖြူရောင်ခြုံထည်ကို စလွယ်သိုင်းပတ်ထားသည့် ဦးသူတော်ကရောက်လာကာ.. ।

"ဘယ်ဟုတ်မတုံး..သုံးလွန်းတောင်ရွာကြီးက နည်းတာကြီးမှတ်လို့၊ ဒီကလေးတွေက ရှင်တစ်ရာပွဲမှာ သင်္ကန်းစီးကြမယ့် ရှင်သာမဏေလောင်းလျာလေးတွေလေ.. သံဃာ့ဝိနည်းတွေသင်ကြားဖို့ ကျောင်းမှာလာနေကြတာ.."

"သြော်.."

www.burmeseclassic.com

www.burmeseclassic.com



"နင်သိချင်တာ ငါပြောပြမယ်..လာ၊ ကပ္ပိယကြီးကို သွားရှုပ်မ
နေနဲ့.."

"ရှုပ်နေတာမဟုတ်ပါဘူး..ဘာဝိုင်းကူရင်ကောင်းမလဲလို့
စဉ်းစားနေတာ.."

လာသေးတယ်.. ၊

ကပ္ပိယကြီး မီးခိုးအူနေသည့်ဖိုကို မီးပြောင်းနဲ့ တေ့မှုတ်နေရင်း
လှည့်ကြည့်သည်။ ချမ်းညကရယ်၏။ ကပ္ပိယကြီးနဲ့စကားပြောရတာ
တစ်ရက်မပြည့်သေးပေမယ့် ဒီလိုလှည့်ကြည့်လာခြင်းဟာ မကျေမ
နပ်ဖြစ်သွားခြင်းပဲဆိုတာကို သိနေကာ.. ၊

"တကယ်ပြောတာပါ..ကပ္ပိယကြီးမီးမွှေးမရတာကို ဘယ်လိုကူ
ညီရမလဲလို့..အဟွန်း.."

ရယ်နေရင်း မီးဖိုနားကပ်လာကာ.. ၊

"အခုသိသွားပြီ..ဒီထင်းတုံးကြီးက ပိတ်နေတော့ ကပ္ပိယကြီး
မှုတ်သမျှလေက အထဲကိုမရောက်လို့.."

ပြောပြောဆိုဆို ထင်းတုံးအကြီးတစ်စကို ကိုင်ပြီး ထောင်ပေး
လိုက်သည်။ ပြီးတော့.. ၊

"ကပ္ပိယကြီးမှုတ်အားကောင်းတိုင်း သိပ်မမှုတ်နဲ့ဦး..မီးကသိပ်
မစွဲသေးဘူး၊ တစ်ခါတလေ လေပြည်လေညှင်းလေးနဲ့ပဲ မီးတောက်
ကြီးတွေဖြစ်အောင်လုပ်ရတာ.."

ပြောပြီး ပခုံးတွန့်ဇက်ပုရွ် အပြေးတပိုင်းထွက်သွားသည်။
ကြည့်လိုက်တော့ လေဝင်ပေါက်ရသွားသော မီးဖိုက မမှုတ်ရသေးဘဲ
တဟဲဟဲ တောက်နေကြလေသည်။

ဒီကောင်လေး ပြက်တီးပြက်ချော်တွေပြောနေပေမယ့် လုပ်ပြ
သွားတော့လည်း ဟုတ်သား.. ၊

☺

အခန်း(၅)

"ညည်းသိပြီးပြီလား..ဟိုဘုန်းကြီးကျောင်းသားအကြောင်း.."

"သိပြီးပေါ့.."

တီးတိုးစကားသံတွေကြောင့် သူဌေးကတော်ဒေါ်ရတနာလှိုင်
မြေလှမ်းတုံ့သွားသည်။

"အတော်ကြီးချောတာနော်..မင်းသားလေးကျနေတာပဲ.."

"ဟုတ်ပတော်ရေ..ကျုပ်လည်းမိမြပြောလို့ ကျောင်းရောက်သွား
တုန်း တမင်ကိုရှာကြည့်မိတာ၊ မျက်ခုံးကောင်းကောင်း နှာတံပေါ်
ပေါ်နဲ့ မျက်လုံးတွေလှလိုက်ပုံများ အကြည့်ချင်းများဆုံမိလိုက်ရင်
ကျုပ်နေရာမှာတင် သတိလစ်သွားမလားရယ်.."

"ခစ်..ခစ် ငါရောပဲ၊ ငါတွေ့တုန်းက ရေချိုးနေတော့လေ..အောင်
မလေး အသားလေးက ဖြူဝင်းစိမ်းမြပြီး ယောကျ်ားပီသတဲ့ကာယ
ကလည်း စေ့စေ့မကြည့်ရဲအောင်ပဲ.."

"အောင်မယ်ကောင်မ..ညည်းကြည့်ခဲ့လို့ သိတာပေါ့.."

"ညည်းကလည်း..ခစ် ခစ်.."

"အဟမ်း.."

ဟင်.. ၊

သူဌေးကတော်ရဲ့ချောင်းဟန့်သံကြောင့် ခိုးချောင်ခိုးဝှက်ရယ်သံ
လေးတွေ တိခနဲတိတ်ကျသွားသည်။

"ဆက်ပြောကြလေ..ဘာဖြစ်လို့တိတ်ကုန်ကြတာတုံး.."

"ဟို.."

"ကျ..ကျွန်မတို့က.."

www.burmeseclassic.com

www.burmeseclassic.com



မဟာနဖူးပြေပြေနှင့် သူဌေးကတော်က တည်ငြိမ်သည့်မျက်ဝန်းတို့နှင့် သူမတို့နှစ်ယောက်ကို ကြည့်နေလျက်.. ၊

"ဘယ်ယောကျ်ားပျိုအကြောင်း ပြောနေကြတာတုံး.."

"မ..မဟုတ်ပါဘူး.."

"ငါ့ကိုညာနေတာလား မြကြည်.."

"အဲ့လိုမဟုတ်ရပါဘူးမယ်မယ်ကြီးရယ်..ကျွန်မတို့ဟိုဥစ္စာ.."

"ဟုတ်ပါတယ်မယ်မယ်ကြီး..ပြောမိပါတယ်ရှင့်.."

မြကြည်က ဖုံးဖိနေပေမယ့် လှခင်ကရဲရင့်စွာ ဝန်ခံလိုက်ရင်း..၊

"ရွာဦးကျောင်းကို ဆွမ်းချိုင့်ပို့ရင်း လူစိမ်းတစ်ယောက်မြင်ခဲ့လို့ ပြောနေမိတာပါ.."

"အဲ့ဒီလူစိမ်းက ယောကျ်ားပျိုလေးလား.."

လှခင်တို့မျက်နှာတွေ နီရဲသွားကြသည်။

"ဘယ်အရွယ်လဲ.."

"ကျ..ကျွန်မတို့အရွယ်ပါပဲရှင့်.."

မြကြည်ကလည်း မရဲတရဲဝင်ပြောရှာကာ.. ၊

"ဟိုလေ..လူချောလူလှမို့လို့ အဲ့ဒါကိုပြောနေမိတာပါ၊ ခွင့်လွှတ်ပါရှင့်.."

သူဌေးကတော်က သူမတို့ကိုစိုက်ကြည့်နေပြီးမှ.. ၊

"မိန်းကလေးဆိုတာ စားတာသွားတာ နေထိုင်စကားပြောတာကအစ ဣန္ဒြေသိက္ခာမပျက်ရဘူး..လူကွယ်ရာမှာ တိုးတိုးပြောနေကြပေမယ့် ရယ်သံတွေက ဣန္ဒြေမဲ့တယ်၊ နောက်ကိုအဲ့လိုအသံတွေ မကြားချင်ဘူး.."

"ဟုတ်ကဲ့ပါမယ်မယ်ကြီး.."

မိန်းကလေးတွေကို ဆူပြီးထွက်လာခဲ့ရပေမယ့် သူဌေးကတော်ဒေါ်ရတနာလှိုင်၏မျက်နှာက ဒေါသမဟုတ်သောညိုမှောင်ခြင်းများနှင့် မကြည်လင်ဘဲရှိနေခဲ့လျက်။ ဘုန်းကြီးကျောင်းသားဆိုသည့်တစ်စုံတစ်ယောက်အကြောင်းကသာ ခေါင်းထဲမှာစွဲထင်ပါလာခဲ့၏။

"လှိုင်.."

"ဩော်..အစ်ကိုထည်.."



"ဘာဖြစ်လို့ မျက်နှာမသာမယာဖြစ်နေရတာလဲ.."

"ဘာမှမဟုတ်ပါဘူး.."

သူဌေးကြီးနဲ့မျက်နှာချင်းဆိုင်မိတော့ ကိုယ့်စိတ်အတွေးတို့ကိုဖျောက်ဖျက်ပစ်မိကာ.. ၊

"ဒါနဲ့ အစ်ကိုထည်..ရွာဦးကျောင်းမှာ ယာယီကျောင်းဆောင်တွေတိုးမယ့်ကိစ္စ ဘာလို့ခုထိမစသေးတာလဲ.."

သူဌေးကြီးက ခေါင်းညိတ်လိုက်ကာ ဒေါ်ရတနာလှိုင်နဲ့အတူယှဉ်တွဲလျှောက်လာရင်း.. ၊

"ဟုတ်တယ်..အဲ့ဒါလုပ်နေပြီ၊ ဒါပေမယ့် လူစုမိလိုက် ပြန်ကွဲသွားလိုက်ဖြစ်နေတာ.."

"ဘာများဖြစ်လို့လဲ.."

"ရွာထဲက အကြမ်းခံနိုင်တဲ့လူတွေ နာမကျန်းဖြစ်နေကြတယ်..ကျန်တဲ့သူ့ကမအားလပ်ကြဘူး၊ ဒီကြားထဲ ရာသီဥတုက ခုတလောဖောက်ပြန်နေတော့ မိုးသံကြားရင်မလုပ်ရဲဘူးလေ.."

"ရာသီဥတုကဖောက်ပြန်မှာပဲအစ်ကိုထည်.. မြို့တော်မှာမင်းပြောင်းမင်းလွှဲဖြစ်လာတော့မယ်ဆိုတဲ့ နိမိတ်တွေပေါ့.."

သူဌေးကြီးက ဇနီးသည်ကိုအံ့ဩသလို ကြည့်သည်။ ဒေါ်ရတနာလှိုင်သည် ခေတ်ထဲကမိန်းမသားတစ်ယောက် ဖြစ်သော်ငြား အင်မတန်နန်းဆန်ကာ အနေအထိုင်အယူအဆကအစ ရှေးထုံးလည်း မပယ် ဈေးသုံးလည်းမကြွယ်ခဲ့သူဖြစ်၏။

"ပြောပါဦး..တိုင်းရေးပြည်ရာကိုလား၊ ကျုပ်တို့ရွာအလှူပွဲနဲ့ပတ်သက်ပြီးလား.."

"တိုင်းရေးပြည်ရာကိစ္စက အဝေးကြီးပါအစ်ကိုထည်.. ကျွန်မတို့ပုခုံးထမ်းထားရတဲ့သမီးလေးရဲ့ ဘဝအရေးကိုတော့ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဖန်တီးပေးလို့ရတယ်မို့လား.."

မထင်မှတ်သည့်စကားမို့ သူဌေးကြီးဘာပြောရမှန်းမသိဘဲကြည့်နေခဲ့၏။ ပြီးတော့ သူတို့ရပ်နေသည့်နေရာမှ လှမ်းမြင်နေရသော သမီးဖြစ်သူမြပုခက်ကြိုး၏ တစ်ထပ်ဆောင်မြင့်လေးဆီမျက်လုံးရောက်ခဲ့ရင်း..၊

www.burmeseclassic.com

www.burmeseclassic.com



"အင်း..ပြောပါဦး၊ ကြိုးလေးနဲ့ပတ်သက်ပြီး ညီမတစ်ခုခု၁ ဝင်မကျဖြစ်နေတာ ကျုပ်သိတယ်..မင်္ဂလာကိစ္စအတွက်လား.."

"ဟုတ်တယ်အစ်ကိုထည်..သမီးရဲ့ဇာတာနဲ့ မောင်မင်းရဲသွေး၏ မွေးဇာတာကို ကျွန်မသေချာတိုက်ကြည့်ခဲ့တယ်.."

"ဒီလိုတိုက်ဆိုင် ကောင်းမွန်မှုလက်ဆက်ပေးမယ်ဆိုရင် တို့မျိုး နွယ်ချင်း လက်ဆက်ပေးဖို့ ခက်ခဲမှာပေါ့လို့ရင်ရယ်.."

"မခက်ခဲခဲ့လို့ ဒီနေ့ထိယောမင်းကြီးမိသားစုက မြို့မှာနေနေ တောမှာနေနေ စည်းလုံးခိုင်မာခဲ့တာပေါ့..ဒါပေမယ့်လူတွေရဲ့ အန၁ ဂတ်ကို ကျွန်မတို့ ရေးလို့မရဘူး၊ လွယ်ကူခဲ့တဲ့ပေါင်းဖက်ခြင်းတွေက သူတို့ချင်း ဆက်နွယ်လာခဲ့တဲ့ ကံကြမ္မာကောက်ကြောင်းတွေကြောင့် တစ်နည်းပြောရရင် နီးစပ်ခဲ့တဲ့ ပဋ္ဌာန်းဆက်တွေကြောင့်ပဲ.."

"ညီမပြောချင်တာက ငါတို့လုပ်ချက်တွေသင့်တော် မှန်ကန်ခဲ့ တာ မဟုတ်ဘူးပေါ့.."

"ရွေးချယ်ခွင့်မရှိတာ ကံကြမ္မာပဲလေ..ဒါပေမယ့် ကျွန်မတို့ရင်မ ဆိုင်လို့ မရဘူးမို့လား၊ ရင်ဆိုင်ရင်းအရှုံးပေးချင်တဲ့သူ..အရှုံးမပေးဘဲ ရင်ဆိုင်နေတဲ့သူ အောင်မြင်သွားတဲ့သူ ပြိုလဲသွားတဲ့သူ အဲ့ဒါတွေက ကိုယ်ရင်ဆိုင်ကျော်ဖြတ်ခဲ့တဲ့ ခြေရာတွေပဲ.."

ကိုယ့်ဇနီးသည် ဒီလောက်ထိအနုစိပ်တွေးခေါ်တတ်ခဲ့သူမှန်း ခုမှသိရကာ သူဌေးကြီးတအံ့တသြဖြစ်နေခဲ့၏။

"ကံ ကံ၏အကျိုးကို မေ့နေတဲ့လူတချို့ကတော့ ဆေးစက်ကျရာ အရုပ်ထင်နေတဲ့ လူမျိုးတွေပေါ့..အရာရာကံကြောင့်လို့ မဆိုသာပေ မယ့် များများအောင်မြင်လာရင် များများသတိထားရမယ်၊ ကံကြမ္မာ က အဆိုးတွေချည်း မပေးသလို အကောင်းတွေချည်းပဲပေးနေမှာ လည်း မဟုတ်ဘူးလေ.. ငါဆိုတဲ့ အတ္တကြီးလာရင် အဲ့ဒါဆုံးရှုံးဖို့ လမ်းစပဲ.."

"မိမိကိုယ်ကို ယုံကြည်ဖို့လည်း လိုတယ်လှိုင်..သတိထားတဲ့အ ကျင့်ကကောင်းပေမယ့် ဒါကြောင့် သံသယတွေ တွေဝေခြင်းတွေနဲ့ လုံးထွေးလာရင် ဘယ်မှာလဲတိုးတက်ရာတိုးတက်ကြောင်း.."

"နေရာတကာမှာ ညီညွတ်မျှတမှုဆိုတာရှိတယ်..ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိဖို့က ဆုံးဖြတ်ချက်တစ်ရပ်အတွက် အလုပ်တစ်ခုအတွက် ဆိုရင်လိုအပ်တယ်၊ ဒါကရဲရင့်ခြင်းလည်း မည်တယ်..နေရာတကာ တိုင်း အချိန်တိုင်းမှာ 'ငါမှန်တယ်'ဆိုတဲ့ ယုံကြည်မှုကတော့ အစွန်း ရောက်တာ.."

"ညီမပြောချင်တာက.."

"ကျွန်မပြောချင်တာကို ခေါင်းထဲထည့်ထားပေးဖို့ပါ..ကျွန်မတို့ ရဲ့ရှေ့က ယောမင်းမိသားစုတွေ အစဉ်အလာအတိုင်း အဆင်ပြေသွား ကြတယ်၊ ဒါပေမယ့် ဘဘသီဟမင်းလက်ထက်မှာတော့ ချွတ်ချော် ဟိမ်းစောင်းခဲ့တာ ရှိခဲ့တယ်.."

"ဒါက.."

"ကျွန်မက အဲ့ဒီအဖြစ်ကို ပြန်ထောက်ပြချင်တာမဟုတ်ပါဘူး.. ရှိတော့ရှိခဲ့တာပဲ၊ အဲ့လိုရှိခဲ့တာက ဘာကြောင့်လဲဆိုတာ တစ်ချက် လေးပဲ ပြန်သုံးသပ်ကြည့်ဖို့ပါ.."

သူဌေးကြီးလက်နှစ်ဖက် နောက်ပစ်ရင်း ပြတင်းတံခါးဆီ ဖြည်း လေးစွာ လျှောက်သွား၏။ ဒေါ်ရတနာလှိုင်ကလည်း နောက်ပါးက အသာလိုက်သွားလျက်.. ၊

"ဘဘသီဟတို့ရဲ့ အိမ်ထောင်ရေးဘယ်လိုတွေဖြစ်ခဲ့သလဲ တွေး ကြည့်ပါဦး..နောက်ပြီး ဘယ်လိုအဆုံးသတ်ခဲ့သလဲ၊ သူတို့မိသားစုရဲ့ မျိုးရိုးစဉ်ဆက်တွေ ခုချိန်ထိဘယ်လောက် မျက်နှာငယ်နေကြရသ လဲ.. ဖြစ်သင့်တဲ့အတိုင်း ဖြစ်လာပေမယ့် လုပ်သင့်တဲ့အတိုင်း လက်မ ခံနိုင်ကြလို့လေ၊ တကယ်တော့ အဲ့ဒါတွေက ဘယ်သူလုပ်တာမှမ ဟုတ်ဘူး.. ကံ ကံ၏အကျိုးတွေပါ.."

သူဌေးကြီးက ဒေါ်ရတနာလှိုင်နဲ့ မျက်နှာချင်းဆိုင်လှည့်ကြည့် လာကာ.. ၊

"သမီးရဲ့အိမ်ထောင်ရေးက မောင်မင်းရဲသွေးနဲ့ဆို ဘယ်လိုဖြစ် ပျက်သွားနိုင်သလဲပြောပါဦး..ညီမရဲ့တွက်ချက်မှုအရ ဘယ်လိုအ ဆင်မပြေမှုတွေ ရှိနေလို့လဲ.."

ခင်ပွန်းဖြစ်သူမျက်နှာမကြည်တော့ ဒေါ်ရတနာမျက်နှာချမိ သည်။ ပြီးမှ ခပ်တုံ့တုံ့ဖြင့်.. ၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့သွေးကသမီးရဲ့ဖူးစာဖက်မဟုတ်ဘူးလို့ကျွန်မသိနေတယ်"

"ဘာအကြောင်းကြောင့်လဲ.."

"မောင်မင်းရဲ့သွေးရဲ့ဇာတာနဲ့ သမီးရဲ့ဇာတာဘယ်လိုမှ မညီညွတ်ဘူး..ဒါပေမယ့် အစ်ကို့သမီးအတွက် အစ်ကိုကသင့်တော်မယ်ထင်လို့ စီစဉ်မှာပဲဆိုရင် ကျွန်မမတားရဲပါဘူး.."

"ညီမက ကျုပ်ရဲ့ဇနီးပဲ..လင်နဲ့မယားပြောဆိုတိုင်ပင်ရမှာပေါ့၊ အခုတော့ ပိုအရေးကြီးနေတဲ့ကိစ္စကို အရင်ရှင်းရဦးမယ်..အဆောက်အဦးအတွက် အုတ်ဖုတ်ပြီးသား မလုံလောက်ဘူး၊ အချိန်ကလည်းကပ်နေပြီဆိုတော့ ဒါကိုပဲအာရုံစိုက်ရဦးမှာ.."

သူဌေးကြီးက ပြောလိုက်ရင်း ဒေါ်ရတနာလှိုင်ရဲ့ပခုံးတစ်ဖက်ပေါ် ခပ်ဖွဖွလက်တင်၍.. ၊

"ညီမက အလွန်အေးချမ်းပြီး ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့အိမ်ထောင်ရှင်မပါ..ကျုပ်ကတော့ ညီမကိုပူပင်သောကတွေ ဖုံးလွှမ်းနေတဲ့ပုံစံနဲ့ မမြင်ချင်ဘူး.."

"သမီးလေးအတွက် ရတက်မအေးနိုင်လို့ပါအစ်ကိုထည်.."

"ဟုတ်ပါပြီ..ကျုပ်တို့တစ်ခုခုစဉ်းစားကြတာပေါ့၊ ညီမ စိတ်အေးအေးထားပြီး နေပါ.."

ထိုအခါကျမှ ဒေါ်ရတနာလှိုင်မျက်နှာ အပြုံးရိပ်ထင်၏။ သူဌေးကြီးထွက်လာခဲ့ရင်း ခပ်ကြိတ်ကြိတ် သက်ပြင်းချသည်။ ကလေးတွေရဲ့မင်္ဂလာကိစ္စက ဒီကလေးတွေမွေးလာတည်းက သတ်မှတ်လျာထားပြီးသား.. ၊

ဒီသီတင်းကျွတ်ပြီးတာနဲ့ ရှင်တစ်ရာအလှူပွဲရဲ့နောက်မှာ စုံဖက်လက်ထပ်ပေးကြတော့ဖို့ မြို့ပေါ်ကမိသားစုတွေနဲ့ တောကသူတို့တွေအားလုံးစီစဉ်နေကြပြီဖြစ်သည်။ပိုပြီးသေချာဖို့ဖြစ်လာတာက မင်းရဲ့သွေးကိုယ်တိုင် သမီးလေးကို စုံမက်မြတ်နိုးစွာ လက်ထပ်ချင်နေတာမို့ ထိုကာလမတိုင်ခင်တည်းက စောစီးစွာရောက်လာမည့်အကြောင်းလည်း သတင်းပို့ထားပြီးဖြစ်သည်။

ဒါကိုဘယ်လို ပြင်ဆင်ရမည်နည်း.. ၊

"ဟော..ကိုဩ မသွားရသေးဘူးလား.."



လူယုံကြီးဦးဩဘာက သူဌေးကြီးရှေ့ကို ရောက်လာကာ.. ၊

"အုတ်စီမယ့် ဖော်ကြီးက မိန်းမနဲ့စကားများပြီး ဘယ်ထွက်သွားမှန်း မသိဘူးတဲ့သခင်.."

"သူ့တပည့်မောင်ညိုလုံးကရော.."

"အဲ့ဒီကောင်လေးကလည်း မီးဖိုသုံးပေါက်စလုံးသူတစ်ယောက်တည်းမလုပ်ရဲဘူးတဲ့.."

"ဒါဆိုလည်း လုပ်နေကျအတိုင်း မီးတွင်းပေါက်နှစ်ပေါက်ပဲလုပ်ရမှာပေါ့.."

ဦးဩဘာက ခေါင်းခါလိုက်ရင်း.. ၊

"သူတစ်ယောက်တည်းကို မလုပ်ရဲတာပါ..ကျွန်တော်သူ့အတွက်လက်ခပိုပေးပါတယ်၊ ဒါတောင် မလုပ်ရဲဘူးပဲပြောနေတာ.."

"အင်း..ဒါဖြင့်လည်း ရွာပြင်ကဆယ်အိမ်တန်းက ဘစိုးကိုသွားခေါ်ကြည့်.."

"ခေါ်ထားတယ်သခင်..သူလည်း အလုပ်လက်စတွေနဲ့ ဖြစ်နေလို့ ဒီညနေတော့ အကြောင်းပြန်မှာပါ.."

"နို့..ကိုဘစိုးက ဘာတွေများမအားမလတ်စရာတွေ လုပ်နေရလို့တုံး.."

"သူတို့သမီးယောက္ခမက လက်သမားလိုက်နေတယ်.."

"ဩော်.."

အခြေအနေကတော့ စိတ်ရှိသလောက်ရှေ့ဆက်သွားဖို့ မလွယ်ကူတော့ပါ။ ရှင်တစ်ရာပြုပွဲကာလကလည်း တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။ အလှူကြီးလှူတော့မည်ဆို မာရ်နတ်ဖျက်တယ်ဆိုတာ ဒါမျိုးလား..။ ဒါပေမယ့် မာရ်နတ်ပဲဖြစ်ဖြစ် မာရ်နတ်ရဲ့ဘိုးတော်ဖြစ်ပါစေ။ ဘုရားရှင်သော်မှ နှောက်ယှက်ဖျက်ဆီးခံရသည့်ကြားကနေ ဘုရားအ ဖြစ် အောင်မြင်တော်မူခဲ့သည်။ ရှင်တစ်ရာအလှူပွဲကြီးကို ဘယ်လို နည်းနဲ့မှ အပျက်မခံနိုင်ပေ။ သူဌေးကြီးပင့်သက်ရှိုက်လိုက်ရင်း ခေါင်းခါ၏။ပြီးတော့နေရာမှထွက်သွားလျှင် လူယုံတော်ကြီးဦးဩဘာက နောက်ပါးမှထပ်ချပ်မကွာ.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

"နင်က ခုမှအိပ်ရာထတာလား.."

ဆရာတော်ကြီးဆွမ်းဘုန်းပေးနေစဉ် ချမ်းညက မျက်နှာသစ်ပြီး စ ခပ်အစ်အစ်မျက်နှာနှင့် ရောက်လာပြီး အနားမှာထိုင်၏။ ပြီးတော့ ဘေးမှာ စားပွဲတစ်လုံးနှင့် ဘုန်းပေးနေကြသည့် ဦးပဥ္ဇင်းနှစ်ပါးကို လှည့်ကြည့်ကာ..

"အရှင်နှစ်ပါးကလည်း ဦးပဥ္ဇင်းတွေပဲမဟုတ်ဘူးလား.."

ဦးပဥ္ဇင်းတစ်ပါးက ဆွမ်းဘုန်းပေးရင်း လှမ်းကြည့်ပြီး ခေါင်းညိတ်၏။

"တပည့်တော်နေခဲ့တဲ့ ကျောင်းမှာတော့ဆရာဘုန်းက ဦးပဥ္ဇင်းတွေနဲ့ပဲ ဆွမ်းဘုန်းတာပဲ.."

"ကိုယ်တော်တို့က ဝါငယ်လို့သပ်သပ်ဘုန်းတာပါ.."

"ဝါငယ်ပေမယ့် ဦးပဥ္ဇင်းချင်း.."

"ချမ်းည.."

"ဘုရား.."

"နင်အလုပ်မရှိဘူးလား.."

"မရှိဘူးလို့ပြောရင်ရပေမယ့် ရှိတယ်ဆိုလည်း မှန်ပါတယ်ဘုရား.."

"မရှိဘူးလို့မပြောနဲ့..လုပ်စရာရှိတာသွားလုပ်.."

သူ့ကိုပြောပြီး ဆရာတော်ကဆွမ်းဟင်းခွက်တစ်ခွက်ကို လှမ်းယူလိုက်သည်။ ပြီးတော့ပါသည့်ဆွမ်းဟင်းကို သေချာကြည့်၏။ ချမ်းညက လက်အုပ်ချီထားရင်း လည်ပင်းရှည်ကြည့်လိုက်ကာ..



"အဲ့ဒါ ငါးသံချိုင်ပိစိကွေးလေးတွေပါဘုရား..မနေ့ညနေတုန်းက ကျောင်းနောက်ကစမ်းလေးထဲမှာ ရွာထဲကကလေးတွေ ဇကာတိုက်ထားကြတာပါ.."

ဆရာတော်ကြီး မျက်နှာပျက်သွားသည်။ ပြီးတော့ ပြန်ချထားလိုက်၏။

"ငါးသံချိုင်တွေအများကြီးရလို့တောင် ပြောသွားကြသေးတယ်..ဒါတိုင်းဆို ဆွမ်းလောင်းပြီးမပိုလို့ မစားရဘူးတဲ့၊ ဒီနေ့အများကြီးရတာဆိုတော့.."

"ချမ်းည.."

"ဘုရား.."

"နင့်ကို ငါဘာပြောနေသလဲ.."

"ဘာမှမပြောပါဘူးဘုရား..အရှင်ဘုရား ဆွမ်းဟင်းအမယ်တွေ ခပ်စမ်းစမ်းဖြစ်မနေအောင် တပည့်တော်ဘာသာ တာဝန်သိသိနဲ့ လျှောက်တင်တာပါ..အဲ့ဒါက လယ်ကြွက်ကြွတ်တိုက်ထားတာထင်တယ်.."

ဆွမ်းဘုန်းပေးနေတုန်း ဆရာတော်ကိုင်သမျှ သေချာလျှောက်တင်နေရင်း ချမ်းညကရှေ့ထပ်တိုးလိုက်သေးသည်။

"အဲ့ဒီရဲရဲက ကျောင်းခေါင်းရင်းက ဦးလေးပိုက်ရဲ့ကြက်မကြီး ဥကြီးမဥနိုင်လို့ သေသွားတာလို့ပြောတယ်..ဥစားကြက်မဆိုတော့ အချိုင်းကောင်းတာပေါ့၊ ဆီပြန်လေးကိုရဲနေတာပဲ.."

ဆရာတော်ကြီးကိုင်လိုက်သမျှ ဆွမ်းဟင်းခွက်တွေကို ပြန်ချထားရသည်ချည်းဖြစ်နေ၏။ ချမ်းညက ပြောလို့ကောင်းတုန်း.. ၊

"ရွာကသူဌေးတွေချည်းပဲနော်..ဆွမ်းတော်ပွဲတွေက ထိပ်တန်းပဲ၊ ပါပေါ့..အိမ်တိုင်းမှာ ကြက်ခြံဝက်ခြံတွေနဲ့ဆိုတော့ စားချင်ရင်ရိုက်သတ်ရုံပဲ.."

"ငါ..သယ်.."

ဒေါသချောင်းချောင်းထွက်ကာ ဆရာတော်ကြီးချမ်းညကို စိတ်မရှည်စွာ ကြည့်လေသည်။

"ချမ်းည.."

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား.."

"နင့်ကိုဘယ်သူရွာထဲလွှတ်လိုက်တာလဲ.."

"မသွားခိုင်းပါဘူးဘုရား.."

"မသွားဘဲနဲ့ ရွာထဲကဟိုလူဒီလူ ဘာဖြစ်တယ်ညာဖြစ်တယ်ဆိုတာတွေ ဘယ်လိုသိနေတာတုံး.."

"မသိလို့ပြေးကြည့်တာ ပညာရှိမဟုတ်ပါဘူးဘုရား.."

အံမာ.. ၊

"တပည့်တော်က ရွာထဲကလွဲရင် ရွာနီးချုပ်စပ်မှာခြေရာချင်းထပ်နေပါပြီ.."

မေးတာကိုဖြေနေသည့်ပုံက ဘယ်သူဘာတွေဖြစ်နေနေ သူနဲ့တကွသော လောကကြီးတစ်ခုလုံး ငြိမ်းချမ်းနေသကဲ့သို့.. ၊

"ချမ်းညရေ..ဒီကိုလာဦး.."

ဆရာတော်ကြီး ဆွမ်းဘုန်းမပြေဖြစ်နေသောကြောင့် ကပ္ပိယကြီးက အချိန်မီလှမ်းခေါ်လိုက်ကာ.. ၊

"ဆရာတော့်ကို ဘာတွေသွားပြောနေတာတုံး.."

"ဆရာတော်မေးရခက်နေတာတွေပါ..ဘာပဲဖြစ်ဖြစ် ကိုယ်ဘုန်းပေးနေတာ ဘယ်လိုဘာအသားနဲ့မှန်း သေချာသိတော့ ဆွမ်းမြိန်တာပေါ့..ကပ္ပိယကြီးရဲ့.."

"နင်အသက်နှစ်ဆယ်ရှိနေပြီ..ဒီလောက်တောင် အလိုက်မသိပါလား၊ ဘုရားကျောင်းကန်နဲ့ မနေဘူးတာလည်း မဟုတ်ဘူး.."

ကပ္ပိယကြီးက ကျောင်းအောက်ထိခေါ်ပြီးမှ ကောင်းကောင်းဆူလေသည်။

"'တပည့်ကောင်းတော့ ဆရာအာပတ်လွတ်'သတဲ့.."

"ကျွန်တော်ဘာမကောင်းခဲ့လို့လဲ.."

"နင်ပြောနေတော့ ကြားသားမြင်သား ဘယ်လိုဘုန်းပေးမလဲ.."

"ဩော်..ဟား ဟား ဟား.."

အံ့သြထိတ်လန့်သွားရမည့်အစား ချမ်းညကရယ်လိုက်သဖြင့် ကပ္ပိယကြီးက ရေနွေးအိုးတည်လိုက်ပြီး အနားမှာလာထိုင်ကာ.. ၊

"ဘာတုံး..ရယ်ပုံက.."



"မဟုတ်ဘူးလေ..အဲ ဟုတ်တယ်လေအဲ့ဒါ.."

"ဘာဟုတ်တာလဲ.."

"ဆရာတော်က ဟင်းကောင်းတွေချည်းကိုင်တော့ ကျွန်တော်လည်း စားချင်လာတာနဲ့.."

"ဘယ်လို.."

"ဆွမ်းပို့ပြီးမြိန်သွားရင်လည်း ကုသိုလ်ရတယ်.. ကြားသားမြင်သားမို့ ပြန်ချလိုက်တော့လည်း ကျန်တဲ့လူတွေ စားရတာပေါ့.."

ကြည့်စမ်း..ပြောရဲလိုက်တာလည်း အင်မတန်သမာသမတ်ကျကျ ဖြေရှင်းနေတာလိုလို.. ၊

"အဲ့ဒီမှာ ဆရာတော်ကောင်းကောင်း ဆုံးဖြတ်လို့ရတယ်.."

"ဟ..နင်အဲ့လိုပြောလိုက်မှတော့.."

"ပြောတော့ဘာဖြစ်လဲ..ဘုန်းကြီးသံဃာဆိုတာ အလှူရှင်ရဲ့သဒ္ဓါစိတ်ကို ကုသိုလ်ပေးရတယ်လေ၊ အကုသိုလ်ပေးရတာ မဟုတ်ဘူး..သဒ္ဓါတရားနဲ့လှူရင် ဘာဖြစ်ဖြစ်ဘုန်းပေးနိုင်တယ်၊ မြို့မှာဖြစ်ဖြစ် တောမှာဖြစ်ဖြစ် အလှူရှင်ကလှူမယ်ဆိုရင် သစ်ခက်ကျောင်းဆောင်ကိုဖြစ်ဖြစ် ကြီးကျယ်ခမ်းနားတဲ့ ကျောင်းသင်္ကန်းကိုဖြစ်စေ သုံးဆောင်နိုင်တယ်.."

ပြောလိုက်ရင်လည်း သူ့ပဲစာတတ်ပေတတ်.. ၊

"ဆွမ်းဒကာဒကာမတွေက ပြောတာမဟုတ်ဘဲနဲ့ ခေါင်းထဲမည့်ရဘူးလေ..ကျွန်တော်ပြောလိုက်လို့ ဒီဆွမ်းဟင်းတွေကို ဘုန်းမပေးဘူးဆိုရင် ဆွမ်းဒကာတွေစိတ်ထိခိုက်မယ်၊ ဒါဆိုအကုသိုလ်စိတ်ဖြစ်ပြီ.."

"တော် တော်..စကားတတ်တိုင်း မပြောနဲ့တော့၊ မောင်မင်းလိုလူတစ်ခါမှတွေ့ဖူးပါရဲ့..ပြောချင်ရာပြောတယ် ဖြစ်သလိုဖြေရှင်းတယ်၊ ကျွန်းစကားကလည်း တတ်ပါဘိ.."

"ဟား ဟား ဟား.."

"ကပ္ပိယကြီး.."

သူတို့နားကိုရောက်လာသည့် ကိုရင်တစ်ပါးက အရပ်ထွေးကျူ၏။ လူကပိန်လှီကာ မျက်လုံးကသိသာအောင်ပြူး၏။ အသံက

www.burmeseclassic.com

www.burmeseclassic.com



လည်းညှိုသောကြောင့် ပြောရလျှင်အနည်းငယ်အကျည်းတန်လေသည်။ ကပ္ပိယကြီးက လှည့်ကြည့်ကာ.. ၊

"ဘုရား.."

"ဝါကျွတ်အလှူပွဲမှာ ရွာထဲကို ဆွမ်းကြီးလောင်းပွဲကြွဖို့ ကိုရင်လည်းပါတယ်ဗျ.."

"ပါမှာပေါ့ကိုရင်ရယ်..သံဃာတော်ကိုပင့်တယ်ဆိုရင် ဦးပဉ္စင်းရော ကိုရင်ရော သံဃာတော်တွေပဲလေ၊ ရွာထဲမှာတစ်ချိန်ထဲ အိမ်ပေါက်စေ့ ဆွမ်းပင့်ကပ်ကြတော့ ကျောင်းရှိသံဃာအားလုံးပါရတာပေါ့.."

"ကိုရင်ကတော့ ဒီနှစ်မှသံဃာတော်ဖြစ်ရတာဆိုတော့ ဆွမ်းတရားပေးရင် ဖြစ်မှာမဟုတ်ဘူးထင်တယ်..စာကျေနေရင်တောင် တရားပေးနိုင်ဖို့ မလွယ်ဘူး.."

"ကိုရင်ကတော့ လုပ်ပြီ.."

ဆွမ်းတရားပေးဖို့အတွက် တရားဟောကိုတော်က ပါတာပဲဖြစ်သည်။ ဒါကို ကိုရင်ကစိုးရိမ်စိတ်ကြီးနေသဖြင့် ပြုံးလိုက်မိ၏။

"ကိုရင်က တရားမပေးရပါဘူး..ဆွမ်းစားပင့်တဲ့သံဃာတော်အနေနဲ့ ကြွရမှာပါ.."

"ဒါဆို ကျွန်တော်လိုက်လို့ရတာပေါ့..ကျောင်းသားအနေနဲ့လေ.."

ချမ်းညမျှော်လင့်တကြီး ဝင်ပြော၏။ ကိုရင်နဲ့ကပ္ပိယက ပြိုင်တူလှည့်ကြည့်ကြသည်။ ပြီးတော့ အချင်းချင်းပြန်ကြည့်လိုက်ကြကာ..၊

"မဖြစ်လောက်ဘူးထင်တယ်.."

ကိုရင်ကလိုက်စေချင်သည့်ပုံပါ။ ကပ္ပိယကလည်းစိတ်မကောင်းစွာ ခေါင်းခါရလျက်.. ၊

"ဘယ်လိုလုပ်ဖြစ်မှာတုံး..ရွာထဲကိုဆွမ်းခံလှည့်ရင် လိုက်ပါဖို့ ဆရာတော်ပြောတုန်းက မောင်မင်းလက်ခံခဲ့ရင် ဟုတ်တုတ်တုတ်.."

"ဘာဆိုင်လို့တုံး ကပ္ပိယကြီးကလည်း.."

"ဆိုင်ပြီးကောမောင်ရယ်..မင့်ပုံစံက မင်းသဆိုက် (မင်းသား ဂိုက်) နဲ့.."



"ဘာတုံး..ကျွန်တော်ချောမောပြေပြစ်နေလို့ အပြစ်ဖြစ်နေတာလား.."

အကျီကော်လံကိုဆွဲပင့်ပြီး ရှေ့တိုးမေးတော့ ကပ္ပိယကြီးစိတ်မရှည်ပုံပေါက်သွား၏။ လိုက်ခွင့်မရပါဘူးဆိုတာတောင် ကြွားလုံးမလေးနဲ့ စောဒကတက်လာသေးသည်။

"ဘုန်းကြီးကျောင်းသားလုပ်ဖို့ကို ရုပ်ဆိုးမှဖြစ်မှာလား.."

"မဟုတ်ဘူးလေကွာ..မောင်ရင်က ရွာနဲ့လည်းမရင်းနှီးဘူး၊ မနေဘက်ပြီး.."

"ကပ္ပိယကြီးတို့ရွာက လူစိမ်းဆိုနားခိုခွင့် မရှိလို့လား.."

"ဒါကဒီလိုလေ.."

"ဘယ်လိုပဲရှိရှိ သဘာဝမှမကျတာ ကျွန်တော်ကရွာထဲလည်းဝင်နေတာ မဟုတ်ဘူး.."

"ဒါပေမယ့်.."

"ရွာပြင်ဇရပ်ပေါ်မှာ တောင်ကမှန်းမသိ မြောက်ကမှန်းမသိ ပုဆိုးခြုံပြီး လာအိပ်နေတဲ့ကလေကချေလည်း မဟုတ်ဘူး.."

"မင်းကို တစ်ရွာလုံးမသိကြတာတော့ အမှန်ပဲမဟုတ်ဘူးလား."

"ဘုန်းကြီးကျောင်းမှာနေတာလေ..တစ်ရွာလုံးသိနေစရာ လိုလို့လား.."

"ငါပြောချင်တာက.."

"ကျွန်တော်ပြောချင်တာလည်း ကပ္ပိယကြီးပြောမယ့်ဟာပါပဲ.."

ဒီသူငယ် စကားပြောတိုင်း နည်းနည်းလေးမှ နောက်ကျမခံပါလား.. ၊

"ဘုန်းကြီးကျောင်းဆိုတာ ဒုက္ခသည်တွေအတွက် ကွန်းခိုရာ အရိပ်ကောင်းတစ်ခု မဟုတ်ဘူးလား..ကျွန်တော်ပြောချင်တာက ဘုန်းကြီးကျောင်းမှာနေတဲ့လူက စိမ်းဖို့ကျက်ဖို့လိုဘူးလေ၊ မနေ့က ရောက်လာတယ်.. မနက်ကမှ ရောက်လာတယ်၊ အဲ တစ်ရက်နှစ်ရက် ဆိုပြန်မယ်.. တစ်နှစ်နှစ်နှစ်လောက် ကြာရင်ကြာမယ်၊ ဘယ်မှ ထွက်မသွားဘဲ တစ်သက်လုံးနေချင်လည်း နေမယ်..လူစိမ်း လူကျက်.."

www.burmeseclassic.com

www.burmeseclassic.com



"ကဲ တော်ပါတော့မောင်မင်းကြီးသားရယ်..ငါရှင်းရှင်းပဲပြောတော့မယ်၊ မောင်မင်းက လူချောလူလှမို့ ဒီအလှုကိုခေါ်ရင် လူတိုင်းသတိထားမိမယ်လေ..ယောသူဌေးကြီးလည်း ကြိုက်မှာမဟုတ်ဘူး၊ မသွားစေချင်တာ အဲ့ဒါပဲကွယ်.."

ဟင်.. ၊

ချမ်းညှ နားရှုပ်သွားသည်။ ထိုအခိုက်အတန့်လေးမှာ တစ်ချက်တော့ တိတ်ကျသွားပေမယ့်.. ၊

"ယောသူဌေးကြီးက ဘာကြောင့်မကြိုက်တာတုံး.."

"သူ့မှာသမီးရှိတယ်.."

"သမီးရှိတော့.."

"ပြောရကျပ်ပါဘိကွာ..မင့်နှယ်.."

"ကျပ်မှာပေါ့..ဒီရွာလူကြီးကိုက သဘာဝမတန်တာတွေ အယူသည်းနေတော့ တစ်ရွာလုံးလည်း.."

"ဟော့ ဟော့..ရွာကိုထိခိုက်မပြောနဲ့၊ မောင်မင်းအရွယ် ခုမှလက်တောက်လောက်ရယ်.."

"အဲ့ဒါတော့ ကပ္ပိယကြီးတမင်လွှဲပြောလိုက်တာပဲ.."

"ကိုင်းဗျာ..ကိုရင်ပြောပါရစေဦး.."

ငြိမ်သက်စွာနားထောင်နေခဲ့သည့် ကိုရင်ကစိတ်အိုက်သွားသလို ခေါင်းကိုပွတ်ရင်း.. ၊

"ကပ္ပိယကြီးပြောမှ ရှုပ်ကုန်တာ..ကိုရင်တို့ရွာက ဒီလောက်မဆိုးပါဘူး၊ ယောသူဌေးကြီးကလည်း တစ်ဦးတည်းသောသမီးလှရတနာလေးကို တန်ဖိုးထားရှာမှာပေါ့..ဒါပေမယ့် ပြောသလောက်လည်း မဟုတ်ပါဘူး.."

"အဲ့ဒါပြောတာပါ..တပည့်တော်က အလှုအိမ်ကအလှုထမင်းဟင်းတွေကို စားချင်တာ၊ သူ့သမီးချောကို ချစ်ကြိုက်ချင်လို့သွားကြည့်တာမှ မဟုတ်ဘဲ.."

"ဩော်..ကဲ ပြောရင်းဆိုးကုန်ပါပြီ၊ ကိုင်းကွာ မပြောတော့ဘူး.."

"ပြောလို့ရပါတယ်..ဘယ်နေရာဖြစ်ဖြစ် နှစ်ဖက်မျှတအောင်ပေါ့.."



"နှစ်ဖက်မျှတအောင် ပြောပေးဖို့ကျုပ်က ရပ်ရွာလူကြီးလား.."

ကပ္ပိယကြီးစိတ်တိုလေသည်။ ချမ်းညှကလည်း ဇောဒကတက်ပြီ ပါးစပ်တစ်လုံးကြီးပြင်၏။ သို့သော်ဆက်မပြောဖြစ်ဘဲ ရယ်ကျဲကျဲမျက်နှာဖြစ်သွားခဲ့ပြီး.. ၊

"အဲ့ဒါပဲ..အစွန်းမလွတ်တဲ့စကားမျိုး ပြောမိရင် ဟိုငြိဒီငြိဟိုခိုက်ဒီခိုက်နဲ့ ဘယ်တော့မှ လိုရင်းမရောက်တော့ဘူး.."

"ဟုတ်တယ်..မောင်မင်းပြောမှသိတာ.."

"ဟား ဟား ဟား.."

ပြောချင်တာပြောလိုက်ရပြီဆို မျက်နှာကလည်းတစ်ပတ်မညှိုး။ ကြည့်လိုက်တိုင်း ပုဆိုးခြေဖျားခတ် ရှပ်အင်္ကျီအဖြူအကွက် မထပ်အောင် ဝတ်ဆင်လျက် လမ်းသွားသည့်စတိုင်လ်က ပုဆိုးနှစ်ဖက်စတမမနှင့်..၊

တောနဲ့မတန်သော ကတ္တီပါခြေညှပ်ဖိနပ်ပေါ်မှာ ဖွေးနုသောခြေအစုံက ဖဝါးစောင်းတွေတောင် နီနေသေးသည်။ စိတ်အချဉ်ပေါက်ပြီးကြည့်မိတိုင်း အံ့ဩစိတ်နဲ့သာ ပျောက်ကွယ်ခဲ့ရသည်။ ပြောလိုက်ရင်တော့.. ၊

"ကိုယ့်အကုသိုလ်နဲ့ကိုယ်လို့ ပြောရမလား..အဟွန်း၊ သူရကတိုင်းပဲနေစမ်းပါဆိုလို့လေ..အစ်ကိုကြီးတော့ အဖအရာတဲ့၊ အစ်ကိုကြီးပီသတဲ့ လူကိုရထားတော့လည်း.."

ဆိုသည့် အပြောတွေထွက်လာတတ်တာ အသည်းယားစရာပါပေမယ့်လည်း မှားတော့မမှားပါ။ ချမ်းညှပြောသော ကိုယ့်ကုသိုလ်နဲ့ကိုယ်ဆိုသည့် စကားအတိုင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"ဘာတဲ့လဲစာဥ.."

"ရတယ်မမလေး..မြကြည်တို့လည်း ဝိုင်းပြောပေးကြတယ်၊ ဒါပေမယ့် ဒီနေ့တော့မသွားရသေးဘူးတဲ့.."

"ဘာဖြစ်လို့လဲ.."

"အုတ်ဖုတ်ဖို့အတွက် အုတ်စီမရှိလို့လေ..သခင်ကြီးတို့သောကများနေကြတယ်၊ ဒီလောက်အခွင့်ရရင်ပဲ ကျေနပ်လိုက်ပါမမလေးရယ်..တစ်ရက်ရက်တော့ သွားရမှာပါ.."

ကြိုးလေးမျက်နှာ မသာမယာဖြစ်သွားသည်။ တွေးကြည့်တော့လည်း သူမဘဝက ဒီအိမ်အခန်း ဒီခြံဝင်းအပြင် တခြားဘယ်ကိုမှလည်း မသွားရ။ အပြင်လည်းမထွက်ရ။ ကိုယ့်ခြံဝင်းထဲမှာနေတာတောင် အနားမှာမိန်းကလေးအဖော်အနည်းလေး နှစ်ယောက်တော့ရှိနေတတ်၏။

ဟိုးရှေးခေတ်က ဘုရင့်သမီးတော် ပင်တိုင်စံထိပ်ထားတွေလိုသူမဘဝက ဘာမှမခြားနားပါ။ တောမှာမို့ တောသဘာဝကိုလည်းကြည့်မြင် ခံစားလို့မရ။ ငယ်သူ့ဘဝမှာ အပေါင်းအသင်းသူငယ်ချင်းတွေနဲ့ လွတ်လပ်စွာ ရယ်မောသွားလာခွင့်ဆိုတာလည်း မရှိ.. ၊

"မမလေး စိတ်ညစ်သွားတာလားဟင်.."

အနားမှာရှိနေသည့် စာဥနဲ့လုံမတို့က ကြိုးလေးကိုအရိပ်တကြည့်ကြည့်နှင့်.. ၊

"မမလေးကို ကျွန်မတို့လည်း အပြင်မှာပျော်ပျော်ရွှင်ရွှင်သွား



လာစေချင်ပါတယ်..မမလေး အပြင်ထွက်ရရင် ကျွန်မတို့လည်းထွက်ရမှာလေ.."

"ငါသိပါတယ်စာဥရယ်..ဒီပုံနဲ့ဆို ရှင်တစ်ရာပြုပွဲမှာတောင် ငါပါဝင်ခွင့်ရပါ့မလားမသိဘူး.."

"အယ်..အဲ့ဒါကတော့ပါရမှာပါ၊ မမလေးကိုယ်တိုင် သိမ်ဆင်းလောင်းရမှာလေ..ပြီးတော့ ဆွမ်းဆည်းကပ်ရင်လည်း မိသားစုကပ်ရမှာပဲ.."

"ငါက ပွဲတန်းထဲကိုလျှောက်လည်ချင်တာ.."

လုံမက မျက်နှာလေးညိုးကျသွားပြီး သက်ပြင်းချသည်။ ပြီးတော့ ဆင်စွယ်ဘီးလေး ထယူလိုက်ရင်း ကြိုးလေးရဲ့နောက်မှာသွားထိုင်သည်။

"ကျွန်မတို့လည်း အဲ့ဒီပွဲမှာပါချင်တာပါပဲမမလေးရယ်.."

"ဟုတ်တယ်နော်..မြကြည်တို့ပြောတဲ့ ကျောင်းသားလူချောလေးလည်း လာမှာပဲ၊ ကြည့်ချင်လိုက်ပါဘိ.."

"ဘယ်သူ.."

ကြိုးလေးကပြန်မေးတော့ ရွှေစာကဇက်လေးပုသွားပြီး ပြုံးစိစိနှင့်.. ၊

"ဟိုလေ..မနေ့က မမလေးကိုပြောတဲ့ ရွာဦးကျောင်းက ကိုလူချောကိုပြောတာပါ.."

ကြိုးလေးက လုံမဆံပင်တွေဖြန့်ချလိုက်ပြီး သေချာဖြီးသင်ပေးနေတာကို မျက်နှာလေးမော့ထားနေရင်း.. ၊

"နင်တို့အဲ့လိုဖြစ်နေကြလို့ ငါအပြင်မထွက်ရတာနေမှာ.."

"အယ်..မဟုတ်ပါဘူးမမလေးကလည်း.."

"မမလေးမသိလို့နော်..အဲ့ဒီကျောင်းသား အတော်ချောတာ၊ အရပ်ကမားမား ဗလကကောင်းကောင်း တကယ်ပဲသူ့ပုံစံ တောင့်တင်းပုံက အကြမ်းပတမ်းပုံလည်းမဟုတ်တော့ ကြည့်လို့ကောင်းလိုက်တာများ ပြစရာမရှိဘူး.."

"ဟုတ်တယ်တဲ့..သူ့ကိုမမြင်ဘူးသေးတာ ကျွန်မပဲရှိတာ"

စာဥပြောပုံက မချင့်မရဲဝမ်းနည်းပက်လက်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်မင်း..အဲ့ဒါရှင်ညှို့သေးတာစာဥ၊ ကျုပ်မြင်လိုက်ရ တာ မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလိုပဲ..ရာဇဝင်ထဲက မင်း သားလေးနဲ့ တူတာသိလား.."

မိန်းမတွေချည်းပဲမို့ လွတ်လပ်စွာပြောနေကြပေမယ့် ကြိုးလေး ကတော့ စိတ်ဝင်စားနေပြီဖြစ်သည်။ တကယ်ပဲ ပြောသလောက် ချောနေလို့လား.. ၊

"သူက ရွာထဲကိုခဏခဏလာလို့လားဟင်.."

"မလာဘူးမမလေး..တစ်ခါမှမလာဖူးဘူး၊ မြကြည်တို့က မယ် မယ်ကြီးနဲ့ ဘုန်းကြီးကျောင်းကို အမြဲသွားနေတာလေ..လုံမလည် လိုက်ရတယ်၊ မလိုက်ရသေးတာ ကျွန်မပဲရှိတယ်.."

နောက်တစ်ခါပြောတော့ ရယ်လက်စမျက်နှာလေးနှင့် ကြိုးလေး ကို ကြည့်ကာ.. ၊

"ဒီတစ်ခါ ရွာဦးကျောင်းကိုလှူဖွယ်တစ်ခုခုနဲ့ သွားဖို့ရှိလာရင် မမလေးသွားချင်တယ်လို့ ပြောပါလားဟင်..မယ်မယ်ကြီးက မမလေး ကို ဘုန်းကြီးကျောင်းသွားဖို့တော့ ခဏခဏတိုက်တွန်းနေတာပဲ ဟာ.."

ကြိုးလေးက ညနေခင်းဆိုစမ်းချောင်းလေးမှာ သွားထိုင်ချင် သည်။ ရေခပ်ဆင်းကြသည့် ရွာထဲကပျိုမေတွေ လွတ်လပ်စွာလှုပ် ရှားပျော်ရွှင်နေကြတာကို ဘေးကငေးနေချင်၏။

မနက်ခင်းဆို နေခြည်ဖျဖျမှာ ရွာသူရွာသားတွေတစ်ဝမ်းတစ် ခါးအတွက် သွားလာရှုန်းကန်ကြတာ ဘယ်လိုမျိုးလဲသိရအောင် ကြည့်ချင်မိသည်။ ညနေခင်းကျတော့ အိမ်ရှေ့ကွပ်ပျစ်ကျယ်ကြီးမှာ လူကြီးတွေစကားဝိုင်းဖွဲ့ကြ၏။

အဲ့ဒီဘေးမှာထိုင်ရင်း ဘာတွေပြောနေကြတာလဲ နားထောင်ချင် ၏။ တကယ်တမ်းကျတော့ သူမအိမ်တော်ကနေ ဘယ်မှမသွားရ သည့်ပြင် ညဘက်ဆို ပြတင်းတံခါးမှာတောင် ကြာကြာရပ်နေလို့ မရ.. ၊

ထိုသို့သော အခြေအနေတွေမှာ စိတ်ညစ်ညူးနေခြင်းကြောင့် မိခင်ကြီးက ဘုရားသွားကျောင်းတက်ခေါ်တိုင်း ခေါင်းခါခဲ့မိသည်။



ဘုရားကျောင်းကန်မသွားလို၍ မဟုတ်သော်လည်း သွားချင်သည့် နေရာမှ သွားခွင့်မရခြင်းက ဆိုးလွန်းသည်။

"မမလေး.."

"ဟင်.."

"ကျွန်မတို့ပြောတာ ကြားပါတယ်နော်..'

"ဟင့်အင်း..ဘာပြောတာလဲ.."

"ဒီတစ်ခါ ဘုန်းကြီးကျောင်းသွားရင် လိုက်သွားရအောင်လို့ ..နော် မမလေး..နော်.."

ဘာရယ်မဟုတ်ဘဲ ခေါင်းညိတ်လိုက်မိတာ အလွယ်တကူ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"အလွယ်တကူ စားလို့ဖြစ်တာလုပ်လိုက်ရတယ် ဟုတ်လား.."

"ဟုတ်တယ်လေ..ညစာဆိုတာ သံဃာတွေဘုန်းပေးလို့မှ မရ တာ၊ ကျောင်းသားတွေအတွက် သပ်သပ်ချက်ပြုတ်ရတာဆိုတော့.."

"သပ်သပ်ချက်ပြုတ်တယ်ဆိုပြီး ဘယ်နှယ့်အလွယ်တကူ ခဝဲ ညွှန့်ဟင်းချိုနဲ့ ပဲငပိဖုတ်ဖြစ်ရတာတုံး.."

"ခက်ပ့ါချမ်းညရာ.."

စားပွဲဝိုင်းကြီးမှာ ဆေးထားသည့်ပန်းကန်တွေ တင်လိုက်ရင်း ဦးသူတော်က ဆက်မပြောတော့ဘဲနေ၏။ ထမင်းပြင်ဖို့ပဲကျန်ပေမယ့် ခဝဲညွှန့်နဲ့ဖရုံညွှန့်တွေရောသမမွှေထားသည့် ကြည်လောင်ဟင်းချို ပန်းကန်ကြီးက အလယ်မှာခန့်ညားစွာ ရှိနေပြီးဖြစ်ကာ ဘေးမှာကိုယ် တိုင်လုပ် ပဲငပိဖုတ်ကို ဆီဆမ်းထားသည့် ပန်းကန်လုံးကြီးလည်းရှိ နေ၏။

ပြီးတော့ မနက်က ဆွမ်းဟင်းအကျန်တွေ စုပေါင်းချက်ထား သော ဟင်းလေးချက်တစ်ခွက်.. ၊

"ကဲ..အနားမှာရှိနေရင်လည်း ဝိုင်းကူလေကွာ.."

"ဟာမ်..ကျွန်တော်.."

"အေးလေ.."

"ဘာလုပ်ရမှာလဲ.."

"အဲ့ဒီပန်းကန်တွေကို ရေစစ်ပြီး တစ်ချက်စီချထားလိုက်..ပြီးရင် ငါနဲ့ထမင်းတွေ ဝိုင်းထည့်ပေး.."

"ဟာ..ကလေးပေါက်စနတွေစားဖို့ကို ကျွန်တော်ကတည်ခင်း



သေးစရာလား၊ ကြီးသူက ငယ်သူကိုမပြုစုကောင်းပါဘူး.."

"ဒါဆို ငါနဲ့ကပ္ပိယကြီးပဲ ချက်ပြုတ်ဆေးကြောနေရတာကျ တော့ရော.."

"အဲ့ဒါက.."

ချမ်းညတစ်ချက် တွေသွားသည်။ ပြီးမှ.. ၊

"အဲ့ဒါက ဒီမှာဦးသူတော်တို့ကိုယ်တိုင် ခွဲဝေယူထားတဲ့တာဝန် တွေ မဟုတ်ဘူးလား.."

ကြွေရည်သုတ်ပန်းကန်ပြားလေးတစ်ချပ်ကို ကိုယ့်ဘာသာ လှမ်းယူလိုက်ရင်း ဦးသူတော်ကမျက်လုံးပြူးကြီး ပင့်ကြည့်၏။ ချမ်းညက နို့စိမ်းရောင်ချည်ပြောင်ရှပ်အင်္ကျီနှင့် ရေညှိစိမ်းဖောက် ထားသော ပုဆိုးအနက်ကွက်စိပ်ကို ဝတ်ထားသည်။

ဆံပင်တွေကို နဖူးကိုသိမ်းဖြီးထားသဖြင့် ပြေပြစ်သည့်မဟာ နဖူးကထင်းနေ၏။ 'လူနေတော့ခြုံကြား စိတ်နေတော့ဘုံဖျား'လို့ ပြောရအောင် လူကိုကြည့်လိုက်တော့လည်း မြေမထိနေမထိမွေးဖွား ကြီးပြင်းလာခဲ့သော မင်းသားတစ်ပါးလို.. ၊

"ဦးသူတော်.."

"ပြော.."

"ကျွန်တော်တို့အတွက် ကျန်တဲ့ဟင်းလေးချက်ထဲမှာ ကြည့် ကြည့်စမ်းပါ.."

"ဘာဖြစ်နေလို့တုံး.."

"ဘာမှမှမပါတာ.."

"ပြန်ကြော်ပြန်ချက်ဆိုတာ နွှေးဟယ်မွှေဟယ်နဲ့ ကြေမွပျော် ကျက်သွားတာပဲဟ.."

"မဟုတ်ပါဘူး..ဆွမ်းတော်ပွဲသိမ်းတည်းက ဘာမှမရှိတော့ ဘာ.."

ချမ်းညဘာကိုပြောချင်နေမှန်း ဦးသူတော်ရုတ်တရက်သဘောမ ပေါက်နိုင်.. ၊

"ဦးဇင်းတွေနဲ့ဆရာတော်က ဟင်းချက်ကောင်းတွေကို ရွေးစား လိုက်တယ်..ကိုရင်တွေကလည်း အသားငါးပါလာရင် စားကောက်

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ.."

"မောင်မင်းပြောနေတာတွေ ဆရာတော်ကြီးကြားရင်တော့ တကယ်မလွယ်ဘူးနော်.."

"ကျွန်တော်မှန်းပြောတာ မဟုတ်ဘူး..ဆွမ်းပွဲတွေဘေးမှာထိုင် ပြီး ဆွမ်းဘုန်းပေးပြီးတဲ့အထိ ကြည့်နေခဲ့တာ.."

"ဒကာချမ်းညှ.."

သူတို့စကားပြောနေတုန်း ကိုရင်လေးဥက္ကာက မျက်နှာလေး တည်တည်နှင့် ရောက်လာကာ.. ।

"ဒကာကြီးကို ဆရာတော်ခေါ်နေတယ်.."

"ကိုင်း.."

ကိုရင်ထွက်သွားတာနှင့် ဘယ်နှယ့်ရှိစဆိုသော ဦးသူတော်ရဲ့ မျက်လုံးပြူးကြီးက သူ့ဘက်ရောက်လာ၏။

"အဲ့ဒါသေချာပြီ..မောင်မင်းပြောနေတာတွေ ဆရာတော်ကြီးသိ နေပြီတွေ့လား.."

"ကြားသွားတာနေမှာပါ.."

"မဟုတ်ဘူး..ဆရာတော့်ကွယ်ရာဆိုတာ မရှိဘူး၊ ဒီကျောင်း ဘယ်နေရာမှာ ဘာပြောပြော ဆရာတော်ကသိနေတာချည်းပဲ.."

"အဟွန်း..."

"မောင်မင်းက ဘာရယ်တာတုံး."

ချမ်းညှက နေရာကထရပ်လိုက်ပြီး ခပ်ပြုံးပြုံးမျက်နှာနှင့်.. ।

"နားနဲ့မျက်စိကို တစ်ပြိုင်တည်းအသုံးချလို့ရတယ်..ပါးစပ်နဲ့ နားကို တစ်ချိန်တည်းမသုံးနိုင်ဘူး."

သူပြောတာကို ဦးသူတော်နားမလည်ဘဲ ကြည့်နေ၏။ ချမ်းညှ ကလည်း ထိုစကားကိုဆက်မပြောဘဲ.. ।

"ကျွန်တော်တို့က ပြောနေမိတာကိုး.."

ဒါပဲပြောပြီး ထွက်လာခဲ့သည်။ ဆရာတော်ကြီးက စာသင်စာ ကျောင်းသားတွေနဲ့ မလှမ်းမကမ်းမှာ စင်္ကြန်လျှောက်နေခဲ့လျှ သူလာတာမြင်မှ ဒီဘက်ကိုခန့်ညားစွာ လျှောက်လာရင်း.. ।

"ခုန ဘာတွေပြောနေတာတုံး.."



"အရှင်ဘုရား ကြားခဲ့တာတွေပါပဲ.."

ဆရာတော်မျက်မှောင်ကုတ်သွားသည်။ သို့သော်ချမ်းညှရဲ့ မျက်လုံးတွေကို စိုက်ကြည့်၍.. ।

"ကျောင်းထိုင်ဆရာတော်တစ်ပါးကို ကျောင်းမှာအရိပ်ခိုနေတဲ့ ဒကာသည်က ဘယ်နှယ့်တွယ်ကပ် ပုတ်ခတ်နေတာတုံး.."

"တပည့်တော်က ဆရာတော့်တူအရင်းခေါက်ခေါက်ပါဘုရား.."

ဒကာသည်မဟုတ်ဘူးလို့ ခုခံဖြေဆိုလိုက်တာမှန်း ဆရာတော်က သိသည်။ လက်အုပ်ချီခပ်ရို့ရို့ခေါင်းငုံ့ထားလိုက်ပေမယ့် ရဲရဲတောက် မျက်လုံးတွေကို သေချာမြင်လိုက်တာမို့.. ।

"လူဝတ်ကြောင်ကိုစွန့်ခဲ့တဲ့ ရဟန်းသံဃာမှာ မိသားစုဆွေမျိုး တော်စပ်မှုဆိုတာတွေ မရှိတော့ဘူး.."

"မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့မရပါဘူးဘုရား.. နိဗ္ဗာန် လမ်းကို မြင်နေတဲ့မြတ်စွာဘုရားရှင်တောင် သူ့မိဘဆွေမျိုးတွေအ ကုန်လုံးကို ကျွတ်တန်းဝင်အောင် ကြိုးပမ်းသွားခဲ့ပါတယ်.."

"ငါတို့ဘုရားရှင်က ကျွတ်ထိုက်သူကိုချွတ်တာပဲ..ဆွေမျိုးတွေ ရွေးကွက်ပြီး ချွတ်ခဲ့တာမှမဟုတ်ဘဲ.."

"ဘာပဲဖြစ်ဖြစ်..နိဗ္ဗာန်ကူးနိုင်နေသားနဲ့ ကျွတ်ထိုက်သူကိုချွတ်ခဲ့ တာ သံယောဇဉ်ပါပဲ.."

"မင်းပြောနေတာ ဆွမ်းဟင်းအကြောင်းတွေပဲမှတ်တယ်.."

ချမ်းညှက ဆံပင်တစ်ချက်သပ်ပြီး မျက်နှာလွှဲမလို ထပ်ဖြစ်၏။ ..... ।

"အရှင်ဘုရားနားကြားမှားတာတွေ ထင်ပါတယ်.."

"ခုနတော့ အရှင်ဘုရားကြားတဲ့ အတိုင်းပါပဲဆို.."

"တစ်ခါတလေရှင်းမှ ပိုရှုပ်တာဘုရား.."

ဆရာတော်ကြီး ပြုံးလိုက်မိပြန်သည်။ သို့သော် နောက်ထပ် ...လိုက်ရသည့်စကားကြောင့် ဆရာတော့်မျက်နှာပေါ်က အပြုံး ...မျက်ချင်း ပျောက်သွားခဲ့၏။

"တပည့်တော်ရဲ့အမှန်တွေကို လျှောက်တင်ရမယ်ဆိုရင် ... မကျေနပ်ချက်ပေါင်းများစွာကို တဖျစ်တောက်တောက်ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



မိခြင်းဟာ ဒီကျောင်းထဲကနေ တစ်ဖဝါးမှမသွားမလာနေရခြင်းတွေ
ကြောင့်ပါ.."

"ရွာထဲမဝင်ဘဲ ရွာပြင်ပမှာတော့ မင်းခြေရာတွေချည်းပဲဆို.."

"ရွာပြင်မှာသစ်ပင် တိရစ္ဆာန်တွေပဲရှိတာဘုရား..ရွာထဲဝင်ရ
လူလူချင်းပြောဆိုဆက်ဆံရမှာပါ.."

"မောင်မင်းကို ဆွမ်းခံလှည့်ရင် လိုက်ဖို့ပြောခဲ့တာပဲ.."

"တပည့်တော်က အကြောင်းပြချက်မရှိရင် မဝင်ရဘူးလာ
ဘုရား.."

"တယ်..မင်းတော်တော်ကပ်သပ်ပါလား.."

"လူဆိုတာ မလုပ်နဲ့တားရင် ပိုလုပ်ချင်တာ..အရှင်ဘုရားက
တားပဲတားနေတော့ တပည့်တော်ကလည်း ဘာကြောင့်သွားလို့မရ
သလဲဆိုတာကိုပဲ ထပ်တလဲလဲတွေးနေမိတော့တယ်..အားလုံးအေ
ချမ်းသွားအောင် ခွင့်ပြုလိုက်ပါဘုရား.."

မလုပ်နဲ့ဆိုရင် ရှေ့ပိုတိုးချင်သည့် လူ့သဘာဝကို စိတ်မဝင်စာ
ခဲ့ပေမယ့် ခေါင်းမာပြီးဇွတ်တရွတ်ဆန်နေသော ချမ်းညရဲ့စိတ်
တော့ ဆရာတော်ကတဖြည်းဖြည်းနားလည်နေပြီ ဖြစ်၏။

"ကောင်းပြီ..မင်းကို သူတော်နဲ့လွှတ်မယ်.."

"ရွာထဲကိုလားဘုရား.."

"အေး..ဒါပေမယ့် ပန်းပဲမောင်လူလှတို့အိမ်ကိုပဲ၊ တခြားဘယ်
မသွားရဘူး..မောင်လူလှရဲ့ဇနီး အအေးမိပြီးလက်မောင်းတစ်ဖ
လေဖြန်းသွားတယ်၊ တစ်မြန်နေ့ညနေက ကျောင်းမှာဆေးလ
တောင်းထားတယ်.. အဲ့ဒါ အခုသွားပို့ပေးချေ.."

"ကျေးဇူးကြီးလှပါသည်ဘုရား.."

သွားကြီးအဖြီးသားဖြစ်သွားတော့ ဆရာတော်ကဒေါသမ
သော အကြည့်စူးစူးတို့ဖြင့် ကြည့်၏။ လူဝတ်ကြောင်ဘဝနဲ့သာ
တူတော်မောင်လူချောလူလှကို ချစ်စနိုးစနောက်မိဦးမည် ထင်၏။

သူတို့တုန်းကလည်း သီဟနဲ့သူရိန်ညီအစ်ကို နှစ်ယောက်ပဲရှိ
သည်။သူကတော့ ငယ်စဉ်တည်းကကိုရင်ဝတ်နဲ့ မချွတ်ခဲ့ပါ။ နောက်
တော့ ကိုယ့်ဆရာတော်ကြီးသွားလေရာ လိုက်ပါရင်း ဒီရွာမှာဆ



တော်ပျံလွန်တော်မူခဲ့သည်။ သူလည်း ဒီမှာပဲအခြေကျသွားခဲ့၏။

သူရိန်ကတော့ အိမ်ထောင်ကျပြီး သားနှစ်ယောက်ထွန်းကားခဲ့
သည်။ ကလေးတွေကို ငယ်စဉ်ကမြင်ဖူးခဲ့သည့်တိုင် အဆက်အသွယ်
တွေပြတ်တောက်ပြီး မသိမမြင်ခဲ့ကြတာလည်း ကြာပြီဖြစ်သည်။
ကိုယ့်မိသားစု မွေးချင်းညီအစ်ကိုဆိုတာလည်း အတိတ်နဲ့အတူ ကျန်
ရစ်ပြီးဆုံးသွားခဲ့သလိုပင်.. ।

ဒါပေမယ့် ခုလိုမျက်စိအောက် ပြန်ရောက်လာတော့ သွေးဆို
သည့်အတိုင်း ဇာတိကပြလာသည်။ ဆရာတော်တစ်ပါးမို့ ဝိနည်းသိ
က္ခာတွေနဲ့ ဆက်ဆံနေရသော်ငြား ချမ်းညကိုမြင်လိုက်ရတိုင်း ချစ်ခင်
ရင်းနှီးမှုတွေ ခံစားရသည်။ မဆင်မခြင်ပြောတတ်နေတာကိုလည်း
ဒေါသမဖက်သောဂရုဏာဖြင့်သာ.. ।

"ဆရာတော်ဘုရား.."

"ဟေ.."

ခေါ်သံကြောင့် ဆရာတော်အတွေးစကို ဖြတ်၍လှည့်ကြည့်
လိုက်သည်။ ဦးသူတော်က ဒီဘက်ကိုခပ်သုတ်သုတ် လျှောက်လာ
ရင်း.. ।

"တပည့်တော် ရွာထဲသွားရတော့မလားဘုရား..ကပ္ပိယကြီးက
ဆေးပေါင်းမနပ်သေးဘူး ပြောလို့ပါ.."

"ရပါပြီ..ငါပြင်ပေးထားတဲ့ ပုလင်းထဲထည့်သွား၊ နောက်တစ်
မှန်းတည့်မှ စားလို့ရမှာလို့ပြောခဲ့.."

"တင်ပါ့ဘုရား.."

"နေဦး..နင်သွားရင် ချမ်းညကိုပါ.."

ဆရာတော်စကားမဆုံးမီ ကျောင်းသားလေးတစ်ယောက်
ရောက်လာကာ.. ।

"ယောအိမ်တော်က ငှက်သိုက်နဲ့ဂျင်ဆင်းမြစ်တွေ လာပို့တယ်
တား.."

"အဲ့ဒါယူထားလိုက်ပေါ့..ကျောင်းပေါ်မှာ ဘယ်သူမှမရှိဘူး
လား.."

"အိမ်တော်ကမမကြီးကိုယ်တိုင် လာတာဖား..သူက ဆရာတော့်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖူးချင်လို့တဲ့၊ အဲ့ဒီမမကြီးက တအားလှတာပဲဖား..ပြီးကျသူက.."

"အောင်ကြီး.."

"ဖား.."

"နင် ဘုရားတောင်ဖြောင့်အောင် မထူးနိုင်ဘဲနဲ့..လှတာကျတော့ တဖွဲ့တနွဲ့ ပါလား.."

"ဟီး..လှတာကိုးဖား.."

အောင်ကြီးက ခေါင်းတုံးဆံပင်တိုလေးတွေကို နှစ်ပတ်သုံးပတ်လည်အောင် ပွတ်နေရင်းရယ်၏။ အသက်က ဆယ်နှစ်ကျော်ပြီဖြစ်သော်လည်း 'ဘုရား'ထူးတိုင်း 'ဖား'သံပဲထွက်သည်။ တစ်ခါတလေ 'ဖ'သံလေးပဲ လုံးကျစ်ထွက်လာတတ်သေးသည်။

ထို့ပြင် တခြားသောအခေါ်အဝေါ်တွေ စကားပြောတွေမှာလည်း မပီသတာတွေရှိသေးရာ မိဘတွေကရှင်ပြုပေးချင်သော်လည်း ဒီနေ့ထိ အထမမြောက်နိုင်ပဲရှိခဲ့၏။

"သွား..ငါခုလာခဲ့မယ်.."

"တင်ပါ့ဖား.."

"နင်တို့လည်းသွားတော့လေ.."

"တပည့်တော်က ချမ်းညကိုခေါ်သွားရမှာလား.."

"အေး..သူရောက်ဖူးအောင်လို့ ခေါ်သွား၊ ဒါပေမယ့် မောင်လှလှတို့အိမ်ကိုပဲ တခြားဘယ်မှမသွားကြနဲ့.."

လိုက်ပါခွင့်ရသည်နှင့် ချမ်းညမျက်နှာပြုံးကြည်နေ၏။ သို့သော် ဆရာတော့်စကား ဒီမှာတင်ဆုံးသွားခဲ့လျှင် အားလုံးကတစ်နေရာစီ ဦးတည်ကြရင်း ပြီးသွားမှာဖြစ်သော်လည်း.. ၊

"တော်သေးတာ..ယောမင်းသမီး ရောက်လာကာမှ ချမ်းညကလည်း အပြင်ထွက်ဖို့ကြံနေလို့.."

သွက်လက်စွာ ထွက်ခဲ့သည့်ချမ်းညခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။

"လာလေချမ်းည.."

"ဆရာတော်ဘုရား ပြောသွားတာ ဦးသူတော်ကြားလိုက်လား.."

"မကြားပေါင်.."



တကယ်မကြားလိုက်သည့် ဦးသူတော်မျက်နှာက ကြောင်တောင်တောင်နှင့်.. ၊

"ကျွန်တော်ကြားတယ်.."

"ဘာတဲ့.."

"အခု ဦးသူတော်နဲ့ကျွန်တော် မလိုက်တော့ဘူး.."

"ဘယ်နှယ့်.."

"အဟွန်း.."

ရယ်မောလိုက်ရင်း ပုဆိုးစနှစ်ဖက်'မ'၍ ကျောင်းပေါ်ကိုဦးတည်လာသည်။ ထိုအပြုံးနှင့် ခြေလှမ်းကိုမြင်မှ ဦးသူတော်ဆက်စပ်တွေးမိသွား၏။

ကြည့်စမ်း..ဒီကောင်လေးတော့.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ကျစ်ဆံမြီးနှင့်ဆံပင်ရှည်တို့သည် ကျုံ့ကျုံ့လေးထိုင်နေစဉ် ကြမ်းခင်းနဲ့မထိတထိ ရှည်လျားစွာစင်းကျနေ၏။ ရွှေအိုရောင်ခပ်မှိုင်းမှိုင်း လက်ရှည်ခါးရှည်ဝတ်စုံလေးနှင့် နောက်ကျောပြင်အလှက ပန်းပုသူဇာတစ်ပါးကဲ့သို့ ကွေ့ဝိုက်ရှိုက်ဝန်းလျက်.. ။

"အ.."

မြင်လာခဲ့သည့် သူမရဲ့အဆင်းရူပါကို ပြန်တွေးမြင်ယောင်ရင်း ခလုတ်တိုက်မိတာ ကံကြီးလို့ဝမ်းလျားမှောက် မလဲခြင်းဖြစ်၏။ ချမ်းညရဲ့'အ'ဆိုသည့် ညည်းသံကြားလိုက်မှ ဦးသူတော်ကလည်း ဖျတ်ခနဲလှည့်ကြည့်ကာ.. ။

"နောက်ကပါလာတာ ဘယ့်နှာကြောင့်အသံမပေးတုံး.."

"ဦးသူတော်ကို အသံပေးနိုင်ဖို့နေနေသာသာ ကိုယ့်ကိုယ်ကိုတောင် မေ့နေလို့..အား နာလိုက်တာ ခြေမကွဲပြီထင်တယ်.."

ဦးသူတော်က ရှေ့ပြန်လှည့်လျှောက်ရင်း ပြုံးလိုက်ကာ.. ။

"မင်းသမီးလေးကို တွေ့ခဲ့ပြီပေါ့တစ်.."

"သူ့ကိုမင်းသမီးလေးလို့ပဲ ခေါ်ကြတာလား..ကျွန်တော်ဒီရွာရောက်လာမှ ရာဇဝင်ထဲပြန်ရောက်နေသလိုပဲ၊ ရွာကျတော့တခမ်းတနားပါပဲ..လူတွေကတော့ ခေတ်နောက်ပြန်ဆွဲနေတယ်.."

"ဘာဖြစ်လို့တုံး.."

"အိမ်တော်တွေ သခင်တွေနဲ့ အခုကြားရတာမင်းသမီးတဲ့..မိန်းကလေးတစ်ယောက်ဆိုပြီးတာပဲဗျာ၊ သူကြီးသမီးဆိုလည်း သူကြီးသမီးပေါ့.. မင်းသမီးဖြစ်ရတာက နာမည်မရှိလို့လား.."



"မရှိဘဲနေမလားချမ်းညရာ..ယောအိမ်တော်ကိုက ဂန္ဓဝင်ဆန်တာကွ၊ ဟိုးအစဉ်အဆက် လက်ထက်တွေထဲက တော်ဝင်မျိုးနွယ်တွေလို့ပြောကြတာပဲ၊ မြို့မှာလည်း ယောမင်းကြီးဆွေမျိုးတွေရှိတယ်..ဒီကယောမင်းကြီးတို့လည်း မြို့တက်နေလို့ရတာပဲ၊ ဒါပေမယ့် မနေဘူး..တစ်ခုခုသစ္စာဆိုထားကြသလား၊ ဘယ်လိုအကြောင်းတွေနဲ့လဲ မသိကြပါဘူး..ဒီရွာကိုသူတို့ပဲအင်အားစု သူတို့ပဲတည်ထောင်ခဲ့တာ၊ ရွာသားတိုင်းကို မိသားစုဝင်တွေလိုပဲ ကူညီတယ်..ထောက်ပံ့တယ်လုပ်တာတယ်.."

"ကြားရသမျှ မကောင်းတာဘာမှမရှိဘူး.."

ရွဲ့ပြောလိုက်တာလားဆိုသည့် မျက်လုံးတွေချမ်းညဆီရောက်လာသည်။ ချမ်းညက လမ်းဘေးကနေတိုးထွက်နေသော သစ်ကိုင်းများလေးတစ်စကို ပခုံးနှိမ့်ရှောင်လိုက်ရင်း.. ။

"အဲ့ဒါသိပြီးသားတွေပါ..မင်းသမီးနာမည်က ဘယ်သူတဲ့တုံး.."

"မြပုခက်ကြိုး.."

"ဟား.."

နာမည်ကြားပြီး ခြေလှမ်းတောင်ရပ်မိမလို ဖြစ်သွားခဲ့၏။

"မြလို့ပထမပေးခဲ့တာ..နောက်ထပ် သူဌေးကတော်က မြပုခက်လို့ပေးသတဲ့၊ အဲ့ဒီမှာ မင်းသမီးရဲ့နေ့နံဇာတာ တွက်ကြည့်ပြီး ကြိုးတစ်လုံး ထပ်တိုးလိုက်ကြတယ်.."

"မဆိုးပါဘူး..နာမည်တစ်ခါခေါ်ပြီး ရေသောက်လိုက်လို့ရတာပဲ.."

"ဟား ဟား ဟား.."

ဦးသူတော်ကသဘောကျစွာ ရယ်၏။ ချမ်းညက ဦးသူတော်ပိုက်ထားသည့် ပုလင်းကြီးကိုလက်ပြောင်းယူလိုက်ရင်း.. ။

"ဆရာတော်ကလည်း မင်းသမီးလို့ခေါ်တာပဲနော်.."

"အဲ့ဒါကတော့ တင်စားတာသက်သက်ပါ..ကြိုးလေးကလည်း မင်းသမီးတစ်ပါးလို လှတယ်လေ၊ မောင်မင်းမြင်တဲ့အတိုင်း.."

"နောက်ကျောပဲမြင်ခဲ့တာ.."

"ဟော.."

www.burmeseclassic.com

www.burmeseclassic.com



"ဘဘုန်းမြင်သွားမှာစိုးလို့ ခိုးကြည့်ရတာဦးသူတော်ရ.."

"ဩော်.."

ဦးသူတော်က ခေါင်းညိတ်ရင်း.. ၊

"ကြိုးလေးက တစ်ဦးတည်းသောသမီးလေးလည်းဖြစ်တယ်.. တောနဲ့မတန်အောင် နန်းဆန်အောင်လှလေတော့ သူနဲ့လိုက်ဖက်ရာ လေးခေါ်ကြရင်း မင်းသမီးဖြစ်လိုက် ကြိုးလေးဖြစ်လိုက်ပေါ့.."

"ကြိုးလေးဆိုတာ အဖျားဆွတ်ခေါ်တာလား.."

"ဟုတ်ပ.."

ထိုစဉ် ရွာထဲကနှစ်အိမ်ကျော်ရှေ့မှာ နွားလှည်းနှင့်ဖုန်လုံးကြီးကို မြင်လိုက်ရလျှင်.. ၊

"ဟိုရှေ့မှာ ဘာလုပ်နေကြတာတုံးဦးသူတော်.."

"အဲ့ဒီအိမ်ကချမ်းသာတယ်..ရွာထဲမှာရော တခြားရွာတွေကရော မြေပဲတွေဝယ်ပြီးလှောင်တယ်၊ အခုဟာကတော့ မြေပဲခွံတွေနေမှာ ပါ.."

"ဘာလုပ်တာတုံး.."

"မီးဆိုက်တာလေ..ထင်းမီးသွေးသုံးသလိုပေါ့၊ ကြည့်ရပုံ ထောက်ရင် တခြားရွာက လာသယ်နေပုံပဲ..အမှုန်တွေဒီလောက်ထ နေတာ.."

သူတို့ထိုနေရာကနေ ဖြတ်သွားရမှာဖြစ်သည်။ ရွာလမ်းမကဖြူး ဖြောင့်သာယာနေကာ လူနေအိမ်ခြေတွေစပြီဆိုတည်းက လမ်း ဘေးခြုံပုတ်တောင်မရှိအောင် ကျယ်ဝန်းပြောင်ရှင်းနေ၏။

နွားလှည်းနှစ်စီးလောက် အကျယ်ကြီးယှဉ်မောင်းလို့ရနေသည့် လမ်းကိုတောင် နွားလှည်းတွေပုံစံမကျစွာရပ်ထားပြီး ထောင်း ထောင်းထနေသည့် ဖုန်လုံးကြီးက တစ်ဖက်ကိုမမြင်ရ.. ၊

"ကျွန်တော်အင်္ကျီအသစ်လေးတော့ ဖုန်ကပ်ပြီဗျ.."

ချမ်းညက ခပ်တိုးတိုးညည်းရင်း အင်္ကျီကော်လံအတွင်းမှာ ထည့်ခံထားသည့် လက်ကိုင်ပဝါကို သေချာအသားကျအောင် ပြန် ထိုးထည့်သည်။ ပြီးတော့ အိတ်ကပ်ထဲက နောက်တစ်ထည်ထုတ် လိုက်ပြီး နှာခေါင်းပိတ်လျှင်.. ၊



"လက်ကိုင်ပဝါတွေ များလှချေလား..မင်းကိုယ်ပေါ်မှာ.."

"ဆောင်ထားတာကိုး.."

"ကညာစစ်လိုက်တာချမ်းညရယ်..မိန်းမပျိုလေးကျနေရော.."

"ခုလိုအရေးကြုံတော့ အကာအကွယ်ရတယ်လေ..မိန်းမပျိုလေး တွေပဲ ဆောင်ခွင့်ရှိတာလား.."

ပြောနေရင်း နွားလှည်းတွေနဲ့လှည်းပေါ်လှည်းအောက် အလုပ် လုပ်နေကြသည့် ရွာသားတွေကိုသေချာ လှမ်းကြည့်မိသည်။ ဦးသူ တော်ပြောနေသည့်အတိုင်း နွားလှည်းရုံတိုင်တွေကို ရှိုင်ပတ်ထားကာ ကွင်းဝမ်းထဲမှာ မြေပဲခွံတွေအပြည့်တင်ထား၏။

"လုပ်ပါ..အိတ်မသွပ်ရသေးလည်း ဒီတိုင်းကျုံးထည့်သွားပါ့ မယ်၊ နောက်တစ်ခေါက်မလာချင်တော့လို့.."

"ဒါဖြင့်ရင် သန့်ပြီးသားတော့မရဘူးနော်.."

"ဖြစ်ပါတယ်ဆိုတော်.."

အမျိုးသမီးတွေလည်း သယ်ချဝိုင်း'မ'နေကြကာ မြေပဲခွံတွေ ထုတ်ရောင်းနေသည့် ပျဉ်ထောင်အိမ်ကြီးကလည်း ခြေတံရှည်သ လောက်အကြီးကြီးပဲဖြစ်၏။ တစ်ရွာလုံးမှာ အိမ်ကြီးအိမ်ငယ်တွေ ပြည်းမြင်နေရကာ မျက်စိတစ်ဆုံးမှာ အိမ်စုတ်စုတ်တစ်လုံးမှ မမြင် သေးပေ.. ၊

ခြေလှမ်းတွေ ခပ်နှေးနှေးဖြစ်လာရင်း ချမ်းညမျက်ခုံးတန်းတို့ မသိမသာ တွန့်ကုတ်နေကြသည်။ နွားလှည်းတွေနဲ့ တဖွားဖွားလွင့် တက်နေသော ဖုန်မှုန့်တွေဘေးက ဖြတ်လျှောက်စဉ်.. ၊

"ဟာ..ဟော့လူ.."

"အ.."

ပြုတ်ကျသွားသည့် လက်ကိုင်ပဝါကို တက်နင်းမိမှာစိုးလို့ ကျွန်းလိုက်ပေမယ့်.. ၊

"သွားပါပြီဗျာ..ခင်ဗျားဘာလုပ်လိုက်တာတုံး.."

"ဟာ..မင်းဟာမြေကြီးပေါ်ပြုတ်ကျတာ ငါနဲ့ဘာဆိုင်လို့တုံး.."

"ချမ်းည.."

"ဦးသူတော်ဖယ်စမ်းပါ.."

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းနုရောင်ထောင့်ကွက်တွေနှင့် လက်ကိုင်ပဝါက ဖိနပ်ရ ကြီးထင်လျက် တစ်ခေါက်လိုက်တစ်ခြမ်းလုံး ပေကျံသွားခဲ့၏။

"တောက်.."

ချမ်းညက ကောက်ယူပြီးနှစ်ချက်လောက်ခါလိုက်ရင်း.. ၊

"ကန်းနေလို့တက်နင်းတာ.."

"ဘာရယ်.."

နင်းမိသည့်လူကြီးက အသက်လေးဆယ်လောက်ရှိပုံရက မျက်နှာပုံကလည်း ကြမ်း၏။

"ဟိတ်..မင်းကရှိင်းလှချေလား၊ သူ့ဟာသူရပ်နေတာကို မင်းဆွဲ လိုက်မှ နင်းမိသွားတာ.."

လှည်းပေါ်ကတစ်ယောက်က လွှားခနဲဆင်းချလာပြီး နှစ် ယောက်ယှဉ်လျက် ချမ်းညကိုရင်ဆိုင်လျှင်.. ၊

"တူတော်မောင်တို့ကို ဦးသူတော်တောင်းပန်ပါတယ်ကွယ်.. ငယ်သူမို့ ပြောမှားဆိုမှားရှိတာကို ခွင့်လွှတ်လိုက်ပါ.."

"ဒါကို ငယ်သူလို့ပြောတာလား.."

"ဦးသူတော်..သူကဘယ်သူတုံး.."

ဧည့်သည်တွေက ဒေါသကြီးနေသည်။ ဦးသူတော်က ဖျန်ဖြေဖို့ ကြိုးစားသလို မြေပဲခွံရောင်းသည့် အိမ်ထဲကရွာသား ဇနီးမောင်နှံနှစ် ယောက်က ကမန်းကတန်းထွက်လာကြပြီး.. ၊

"ဦးသူတော်နဲ့ ပါလာတာလား.."

လင်မယားနှစ်ယောက်စလုံးမေးတော့ ဦးသူတော်ကခေါင်း ညိတ်ရင်း.. ၊

"ဟုတ်ပါတယ်..ဆရာတော်ကြီးရဲ့တူတော်မောင်ပါ၊ ရောက် နေတာလည်း မကြာသေးပါဘူး.."

သူတို့ချင်းဖြေကြသံကို မြေပဲခွံဝယ်ကြသည့် ဧည့်သည်တွေက ကြားသွားကာ.. ၊

"ဘုန်းကြီးကျောင်းသား..သူတောင်းစားက.."

"ဘာသူတောင်းစားလဲ.."

ချမ်းညက ဖျတ်ခနဲရှေ့တက်ပြီး ပုဆိုးစနှစ်ဖက်ကိုအောက်ဖျား



ကနေ ခေါက်ချိုးကျသွားအောင်'မ'လိုက်ရင်း.. ၊

"နင်တို့စားဦးစားဖျား အညွန့်အဖူးကိုစားနေတာ..အဲ့ဒါကို စား ဦးစားလို့ခေါ်တယ်၊ မသိရင်မှတ်.."

"ခွပ်.."

"ဟာ..ဒီကောင်.."

"ဟော့..ဟော့ တော်ကြတော့.."

ချမ်းညက ခွပ်ခနဲထိုးချလိုက်သည်။ ဟိုဘက်ကပြန်ထိုးဖို့အ ညီမှာ ရွာသားတွေစုပြုံရောက်လာပြီး ဝင်ဆွဲကြ၏။ ထိုအခါကျမှ ချမ်းညကို မြင်ဖူးကြသည့် ရွာသားတွေကတအံ့တသြ.. ၊

ဧည့်သည်တွေက ဘယ်လိုမှမကျေနပ်ကြဘဲ မြေပဲခွံတွေတင် ထားသည့် နွားလှည်းကိုထားခဲ့ပြီး ရွာလူကြီးကိုတိုင်တန်းမည့်အ ကြောင်း ပြဿနာစလေသည်။

"သူကလည်းဧည့်သည်ပါ..နောက်ပြီး လက်ကိုင်ပဝါနုနုလေးကို နင်းမိလိုက်တော့ ဒီအရွယ်က ဒီလိုပစ္စည်းလေးတွေကို ခင်တွယ်တတ် ကြပါတယ်.."

"ဟုတ်ပါတယ်..ခင်ဗျားတို့ကလူကြီးတွေပဲ နောင်ကြီးတို့ရာ၊ ခွင့်လွှတ်သည်းခံလိုက်ပါ.."

"သူက ငါတို့ဆရာတော်ကြီးရဲ့တူပါ.."

"တို့ရွာကျောင်းက ကျောင်းသားပါ..ငါတို့လည်းတောင်းပန်နေ တာပဲ၊ မကျေနပ်ဘူးလား.."

ရွာသားတွေက ချမ်းညနဲ့ဦးသူတော်ကို ကာကွယ်ထားပြီး ဖြေရှင်းဖို့ ကြိုးစားသော်လည်း.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'ဟောမင်းကြီးအိမ်တော်'ဆိုသည့် ဆိုင်းဘုတ်ကို ကြီးမားထည် ဝါသည့် တိုက်ခံပျဉ်ထောင်အိမ်ကြီးရဲ့ အတွင်းပိုင်းမှာချိတ်ထာ သည်။ အတွင်းပိုင်းဆိုပေမယ့် မျက်နှာစာတံခါးမကြီး သုံးပေါက်ဖွ ထားသဖြင့် အိမ်ရှေ့မှာရပ်လိုက်တာနှင့် လှမ်းမြင်နေရ၏။

ပြဿနာဆိုသည့် အသံကြားတည်းက စိတ်ဆိုးလာပုံရသည် ယောသခင်ကြီးဆိုသော ဦးထည်ဝါ၏မျက်ခုံးထူထူကြီးနှစ်ဖက်က တွန့်ကုတ်လျက်သားပါလာသည်။ ထူပြည့်သောနှုတ်ခမ်းသားတို့ကို တင်းနေအောင် ဖိကပ်စေ့ပိတ်ထားသည်။

အဖြူရောင်ကော်လံကတုံးနှင့် ရှပ်အင်္ကျီလက်ရှည်သည် ရွှေကြိ တပ်ရွှေကြယ်သီးတို့နှင့် ရှေးဆန်၍ခန့်ညားနေ၏။ မီးခိုးရောင်ကွက် ကျဲပုဆိုးကို ခါးပတ်နဲ့ချိတ်ပတ်ထားလျက် ဘယ်လက်မှာဆင်စွယ ရောင်ဒိုင်ခွက်ပြားနှင့် နာရီတစ်လုံးရယ် နဝရတ်လက်စွပ်ကြီးရယ်..

ညာဘက်လက်မှာတော့ စိန်မြရုံခြယ်လက်စွပ်ကြီးက ပြိုးပြက် လက်နေသည်။ ထိုလက်မှာပဲ ဆေးတံကိုကိုင်ထား၍ မျက်နှာချ ဆိုင်လျှောက်လာနေတည်းက မျက်လုံးတွေက အနည်းငယ်မျှတိမ် ဖယ်မသွားခဲ့ဘဲ..၊

"မောင်မင်းနာမည် ဘယ်သူလဲ.."

"ချမ်းညပါ.."

ဒါပဲမေးပြီး ဦးသူတော်ဆီအကြည့်ရောက်သွားကာ.. ၊

"ရွာဦးကျောင်းမှာ ဘယ်တုန်းကရောက်နေတာလဲ.."



"တစ်ပတ်ကျော်လောက်ပဲ ရှိပါသေးတယ်..ဆရာတော်ကြီးရဲ့တူ ...အရင်းပါသူဌေးကြီးရယ်.."

"တူငယ်ဆိုတာက တူအကြီးရှိသေးတယ်လို့ ဆိုလိုတာလားဦး ...တော်.."

"ဟုတ်ပါတယ်..တစ်ရွာတစ်ပါးမှာဒုက္ခရောက်နေလို့ ခိုလှုံဖို့ ...ရောက်လာတာပါ.."

သူဌေးကြီးရဲ့မျက်လုံးတွေ ချမ်းညဆီပြန်ရောက်၏။ ပြီးတော့ ...ခုံးခေါင်းဆုံး ကြည့်ပြန်သည်။ ထိုစဉ် အတွင်းတံခါးမကြီးနားမှာ ...ဌေးကတော် ဒေါ်ရတနာလှိုင်က မိန်းကလေးတစ်ယောက်နှင့် အ ...ရောက်လာပြီး အိမ်ရှေ့ကအရေးအခင်းကို အကဲခတ်၏။

ချမ်းညကလည်း လှမ်းကြည့်ပြုံးပြရင်း အရိုအသေပေးသလို ...ခေါင်းငုံ့လိုက်သည်။ သူဌေးကြီးက သူ့နောက်မှာဇနီးသည်ရောက်နေ ...မှန်းသိလိုက်ကာ ခပ်စောင်းစောင်းငဲ့ကြည့်၏။ သို့သော်အကြည့်မ ...ရောက်ခင် ရှေ့ပြန်လှည့်လိုက်ရင်း.. ၊

"မောင်ရင် ဘာအလုပ်လုပ်တတ်လဲ.."

"ဘာမှမလုပ်တတ်ပါဘူးသူဌေးမင်း.."

သူဌေးကြီးမျက်နှာ အကျည်းတန်စွာ ရှုံ့မဲ့သွားသည်။ အနားမှာ ...နကြသည့် ဧည့်သည်နှစ်ယောက်နှင့် အိမ်တော်ကလူတွေရော ဦး ...တော်ပါ မျက်နှာတွေပျက်ကာ စကားသံတွေလည်း တိတ်ကျသွား ...သည်။

"ဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားမှီခိုရင်း သက် ...တင့်သက်သာနေဖို့ ရည်ရွယ်ခဲ့တာလား.."

ချမ်းညက ဖြေရခက်သလိုရယ်သည်။

"ကျွန်တော်လား.."

ရယ်ရင်း လည်ဂုတ်တစ်ချက်ပွတ်လိုက်မိလျက်.. ၊

"ဘယ်လိုရည်ရွယ်ချက်နဲ့ လာမိမှန်းတောင်မသိတော့ဘူး.. အ ...မှန်း.."

ရယ်လိုက်တော့ 'ဒီကောင်လေးချောသားပဲ'လို့ အသိအမှတ်မ ... မနေနိုင်အောင် ကြည့်ကောင်းသည်။ ရည်ရွယ်ချက်မဲ့ ...လုပ်

www.burmeseclassic.com

www.burmeseclassic.com



အကိုင်မရှိသော လူပေလူတေနဲ့လည်းမတူ.. ၊

ဒါပေမယ့် ဒီတိုင်းပဲဖြစ်နေသောအခြေအနေနှင့် အိမ်တော်တွင် ကို ရောက်လာသည်။ မရောက်ခင်တည်းက ပြဿနာပါလာသည့် ကိုယ့်အပြစ်ကိုလည်း သတိရပုံမပေါ်။ ဒါမှမဟုတ် မကြောက်တတ် တာလား.. ၊

"အဟမ်း.."

တိုင်တန်းဖို့ရောက်လာသည့် ဧည့်သည်နှစ်ယောက်ထဲက အကြီးလူက စကားစဖို့လည်ချောင်းရှင်းလိုက်ရင်း.. ၊

"ယောမင်းကြီးအိမ်တော်က သမာသမတ်ကျတဲ့ဆုံးဖြတ်ချက်ကို ခံယူဖို့ ကျွန်တော်တို့လာခဲ့တာပါ.."

"ဟုတ်ပါတယ်..ကျွန်တော်တို့ဒီရွာကို လာနေကျပါ၊ တစ်ခါမှ ဒီလိုမဖြစ်ဘူးပါဘူး..သူကဧည့်သည်ဆိုရင်လည်း ရောက်တာမကြာ သေးပေမယ့် အမြဲနေသွားတော့မယ့် ရွာသားပဲ၊ ဒီပြဿနာကို သူတာ ဝန်ယူရမှာပါ.."

"လက်ကိုင်ပဝါကို တကယ်နင်းမိရင်တောင် ထိုးတဲ့ကြိတ်တဲ့အ ထိလုပ်တာ စော်ကားရိုင်းပျလွန်းတယ်.."

" 'သုံးလွန်းတောင်'ရွာက အဲ့ဒီလိုမောက်မာရိုင်းပျတာမျိုး တစ်ခါမှ မကြားဖူးဘူး..သူကလူသစ်ဆိုရင် အခုတစ်ခါတည်းနေထိုင် ဆက်ဆံတတ်သွားအောင် သခ်ိန်းစာပေးရမှာ မဟုတ်ပါလားသူဌေး ကြီး.."

သူဌေးကြီးက သူတို့ဘက်ကို စူးစိုက်ကြည့်လိုက်ပြီး.. ၊

"ခင်ဗျားတို့က ကျုပ်ကိုပြန်သင်ပေးနေတာလား.."

"မဟုတ်ပါဘူး..ဒါပေမယ့် အခုကျွန်တော်တို့ရောက်လာကြတာ ဒဏ်ရာဒဏ်ချက်ဖြစ်အောင် သူထိုးလိုက်တဲ့ပြဿနာကို မကျေနပ်လို့ လေ၊ သူဌေးမင်းကတော့ သူ့ရဲ့ကိုယ်ရေးရာဇဝင်တွေ ရည်ရွယ်ချက် တွေပဲမေးနေတာ.."

"ဟုတ်တယ်..သူ့ကိုစီရင်ဆုံးဖြတ်ရမှာကျုပ်အလုပ်မဟုတ်ဘူး.."

"ဗျာ.."

"ကျုပ်တို့တစ်ရွာလုံးကိုးကွယ်ကြတဲ့ ရွာဦးကျောင်းက ကျော



သားတစ်ယောက်ကို သူ့အုပ်ထိန်းသူဖြစ်တဲ့ ဆရာတော်ကပဲဆုံးမနိုင် မယ်..ဆရာတော့်ကိုကျော်ပြီး ကျုပ်ဘက်ကဆုံးမပိုင်ခွင့်မရှိဘူး.."

"ဒါတော့.."

"ဦးသူတော် သူ့ကိုပြန်ခေါ်သွားလိုက်ပါ.."

တစ်ဆက်တည်းလှည့်ပြောလိုက်ပြီး ဧည့်သည်တွေဘက်ပြန် လှည့်၍.. ၊

"ခင်ဗျားတို့ဆရာတော်ဆီမှာ လျှောက်တင်ချေပါ..ဆရာတော် ဆုံးမပါလိမ့်မယ်.."

"ဒါဖြင့် ယောမင်းကြီးအိမ်တော်က ရွာအကြီးအကဲသူဌေးကြီး တို့တာ ဘာမှစီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိဘူးပေါ့.."

သူဌေးကြီးက တည်ငြိမ်သည့်အကြည့်နှင့်ကြည့်နေပြီး.. ၊

"ခင်ဗျားတို့က ဗုဒ္ဓဘာသာမဟုတ်ဘူးထင်တယ်.."

"ဟုတ်တယ်လေဗျာ..ဒါပေမယ့် လူကိစ္စကဆရာတော်နဲ့မှ မ ဆိုင်တာ.."

"ဒီမှာ..လေကြီးရွာကညီလေးတို့.."

အိမ်တော်ထဲက တစ်ယောက်ရှေ့တိုးထွက်လာပြီး လက်ညှိုးထိုး တာ.. ၊

"ကျွန်တော်တို့သခင်က အခိပ္ပာယ်မဲ့တဲ့စကား ဘယ်တော့မှမ ပြောဘူးဗျ..ကျွန်တော်တို့ရွာသားတွေကလည်း ဆရာတော်ကြီးက မသဆိုသေ ရှင်ဆိုရှင်ကြတဲ့လူတွေ၊ ရွာဦးကျောင်းက ခုနှစ်နှစ်သား ကျောင်းသားလေးတစ်ယောက် အပြစ်လုပ်သွားရင်တောင် ဆရာ တော့်ကို မလျှောက်ဘဲ လက်နဲ့မရွယ်ရဲဘူး.."

'ဒီလိုအားကိုးနဲ့ မိုက်ရိုင်းရဲတာလား'ဆိုသည့် အကြည့်နှင့်ဧည့် သည်လူကြီးက ချမ်းညကိုလှည့်ကြည့်ပြီး အံကြိတ်၏။ အထိုးခံထား ရသည့်မျက်နှာက ခုထိယောင်နေတုန်း.. ၊

သူများကိုကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ပြီး နောက်ခံအားကိုး နဲ့မျက်နှာက တစ်ပတ်မညှိုး.. ၊

"ကိုင်း..ဦးသူတော်နဲ့ဒီကျောင်းသားနဲ့ ဧည့်သည်တွေကို သာ ဗျာတို့ညီအစ်ကို ရွာကျောင်းအထိ လိုက်ပို့လိုက်ကြ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့သခင်.."

"ကျွန်တော်တို့လည်း လိုက်သွားလိုက်မယ်သခင်.."

နောက်ထပ် အရပ်ထောင်ထောင်မောင်းမောင်းနဲ့ လူလတ်ပိုင်း နှစ်ယောက်ကလည်း ရှေ့ထွက်လာလျှင်.. ၊

"ရပါပြီသူဌေးကြီး..ဆရာတော်ကြီးရှေ့ထိသွားပြီး မတိုင်တော့ ပါဘူး.."

"တစ်ခုတော့ရှိတာပေါ့ဗျာ..ပြဿနာတစ်ခုက ချက်ချင်းမပြေ ရှင်းဘဲထားရင် ကြွေးတင်တတ်တယ်.."

ဒါက စိန်ခေါ်သည့်စကားဖြစ်သည်။ သူဌေးကြီးမျက်နှာမည်း ညိုသွားကာ အိမ်တော်ကလူတွေရော ရွာသားတွေပါလှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။ သို့သော် အနိုင်နဲ့ပိုင်းပြီးပြောသွားသည့် ညှိသည် တွေကလှည့်ပြန်သွားလျှင်.. ၊

"ကျွန်တော်ကတော့ ကြွေးတင်မခံချင်ဘူး.."

ပြောလိုက်ရင်း ချမ်းညကထိုလူတွေရှေ့ကနေ ကာဆီးရပ်နေ လိုက်ပြီး.. ၊

"မပြောဘဲထွက်သွားရင်တောင် ဟုတ်သေးတယ်..အခု ဒီလို ပြောပြီးမှဆိုတော့ ကျွန်တော်တို့ကငြိမ်သက်ကျန်ခဲ့ရင် ကြွေးကြောက် လို့ ဖြစ်သွားမှာပေါ့.."

"အဲ့ဒါဟုတ်တယ်.."

အိမ်တော်ကနေ ကျောင်းကိုလိုက်ကြမည့် နှစ်ယောက်က ထောက်ခံရင်း ချမ်းညဘေးမှာ လာရပ်ကြ၏။ ညှိသည်နှစ်ယောက် ခြေလှမ်းတုံ့သွားကာ သူဌေးကြီးကိုလှမ်းကြည့်ကြသည်။ ထိုစဉ် နောက်ထပ်ရွာသားနှစ်ယောက်ကစကာ အနီးမှာရှိသမျှလူတွေ ချမ်း ညရဲ့ဘေးကို ရောက်ကုန်ကြလျက် ညှိသည်နှစ်ယောက်ကို ဝိုင်း ထားလိုက်သလို ဖြစ်သွားခဲ့၏။

"သူဌေးကြီး ဒါဘာလုပ်တာပါလဲ.."

"သူဌေးမင်းနဲ့မဆိုင်ပါဘူး..သူတို့နဲ့လည်း မပတ်သက်ဘူး.."

ချမ်းညက အများနဲ့ကွဲပြားအောင် ရှေ့ထပ်တိုး၍ရပ်လိုက်ရင်း..

"ခင်ဗျားတို့နဲ့အချင်းများခဲ့တာ ကျွန်တော်ပဲလေ..အခုဒီတိုင်း



လှည့်မပြန်ဘဲ ဆရာတော့်ကျောင်းကို လိုက်ခဲ့ရင်ပြီးတာပဲ.."

"ငါတို့ကလည်း ဗုဒ္ဓရဲ့သားတော်တွေပဲကွ..ဆရာတော်ရှေ့ သွားပြီးဒေါသပြဖို့ ဘယ်လိုလုပ်ရမလဲ.."

"ဒါဆိုလည်း အခုပြလိုက်ပါ..ဒေါသဖြစ်ဖြစ် ငြိမ်းချမ်းရေးဖြစ် ဖြစ်ပေါ့.."

"အံမာကွာ.."

"ဒါဆို မင်းကိုကျုပ်ပြန်ထိုးမယ်.."

အငယ်လူကပြောရင်း လက်သီးဆုပ်ပြင်လျက် ဖျတ်ခနဲရှေ့ တက်သည်။

"ဒီလိုမလုပ်နဲ့လေ.."

အိမ်တော်ကလူတွေကလည်း ချမ်းညနဲ့သူတို့ကြားထဲ ဝင် ရောက်ကာဆီးလိုက်ကြပြီး ကျန်သည့်လူတွေက သူတို့ကိုဝိုင်းချုပ် ထားတော့မလို လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်လေသည်။

"နေကြဦး.."

သူဌေးကြီးရဲ့အောင်မြင်ခန့်ညားသည့် အသံနှင့်အတူ လှုပ်ရှား မှုင်းတွေလည်း ရပ်တန့်သွားကြ၏။ သူဌေးကြီးကအနားရောက်လာ ကာ..၊

"ခင်ဗျားတို့ဗုဒ္ဓဘာသာကို လေးစားတယ်ဆိုရင် ကျုပ်ကလည်း ဆရာတော့်ကို ကြည်ညိုလို့ဆုံးဖြတ်တာပါ'ခွေးကိုရိုက်ချင်ရင် ခွေးရှင် မျက်နှာကြည့်ရတယ်'ဆိုတဲ့ စကားလည်း ခင်ဗျားတို့ကြားဖူးမှာပေါ့.."

"သူဌေးကြီး..ကျွန်တော်တို့က ကိုယ်ထိလက်ရောက်စော်ကားခံ ခဲ့ရတာပါ.."

"မှားယွင်းခြင်းနဲ့တမင်တကာမှာ မှားခဲ့တာကိုပြင်ဆင်ပေးလို့ ရတယ်..တမင်တကာကျတော့ အပြစ်ပိုကြီးတယ်.."

"သူဌေးကြီးကဘက်လိုက်ပြီး ဆုံးဖြတ်နေတာပဲ.."

"ဟော့လူတွေ.."

သူဌေးကြီးကိုထိပါးတာနှင့် အိမ်တော်ကလူတွေ လှုပ်လှုပ်ရှားရှား ဖြစ်ကြ၏။ အခြေအနေသည် အမောဖောက်နေသော ရင်ဘတ်ပြင် ကဲ့သို့ တက်လိုက်ကျလိုက်နှင့် စိတ်မောဖွယ်ရှိနေခဲ့လျက် နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ ချမ်းညက တောင်းပန်လျှင်ကျေနပ်ပါမည်လို့ ပြောကြရာ.. ၊

"ကျွန်တော်ကတော့ မတောင်းပန်နိုင်ဘူး.."

လို့ ချမ်းညကအပြတ်အသတ်ဆို၏။ သို့သော်.. ၊

"သူဌေးကြီးကခိုင်းရင်တော့ တောင်းပန်ပေးပါ့မယ်.."

တစ်ဖက်သားဘယ်လိုမှ ခံနိုင်ဖွယ်မရှိသော စကားကိုဆို၏။ ပြဿနာက ပြီးဆုံးသွားသော်လည်း သူဌေးကြီးရဲ့မျက်လုံးတွေက ချမ်းညမျက်နှာထက်မှာ ပိုမိုရူးရဲနေခဲ့ပြီး. ၊

"မင်းပြန်လို့ရပြီ.."

"ကျွန်တော့်ကို ထိပ်တုံးတွေဘာတွေ မခတ်ဘူးလား.."

သူဌေးကြီးနှုတ်ခမ်းစေ့သွားသည်။ ထိုစဉ် ဒေါ်ရတနာလှိုင်က ဘေးမှာရှိနေသည်မို့ သူဌေးကြီးဘယ်လောက်ထိ အမျက်ထွက်နေ ပြီမှန်း ခန့်မှန်းမိလိုက်ပြီး.. ၊

"ထိပ်တုံးခတ်ရအောင် ယောအိမ်တော်က ရွာသူကြီးအိမ်လည်း မဟုတ်ဘူး..အပြစ်သားတွေကို ဆုံးဖြတ်စီစဉ်ပေးတဲ့နေရာလည်း မ ဟုတ်ဘူး မင်းကိုအခုပြန်ဖို့ပြောနေပြီ မဟုတ်ဘူးလား.."

ချမ်းညက ဒေါ်ရတနာလှိုင့်ကို အလွန်ရှိသေလေးစားသော ဟ ပန်အမူအရာနှင့် ဦးညွှတ်အရိုအသေပြုကာ.. ၊

"ယောအိမ်တော်က သုံးလွန်းတောင်ရွာကြီးရဲ့ ရပ်မိရပ်ဖလို့သ ထားလို့ အပြစ်ခံယူဖို့ ကျေကျေနပ်နပ်မေးတာပါ..ပြောမှားဆိုမှားဖြစ် သွားခဲ့ရင် ခွင့်လွှတ်ပါခင်ဗျာ.."

ပုံမှန်ထက်အနည်းငယ် တိမ်းစောင်းမှုရှိနေတာကို ခံစားမိ သော်လည်း ငိုရခက် ရယ်ရခက်။ ဦးသူတော်သက်ပြင်းမချနိုင်အော ရင်မောနေခဲ့သမျှ အိမ်တော်ထဲက ပြန်ထွက်လာကာမှ ဆရာတေ ကျောင်းကပြန်လာကြသည့် သူဌေးကြီးသမီး မြပုခက်ကြိုးတို့ လှည ယာဉ်လေးနှင့်ဆုံမိတော့ မျက်လုံးပြူးသွားသည်။

"ချမ်းည..သူဌေးကြီးသမီးကို မကြည့်နဲ့နော်၊ နောက်မှာသူဌေ ကြီးတို့ဇနီးမောင်နှံ ရှိနေသေးတယ်.."

"ကြည့်ရှုပဲကြည့်တာ ဘာဖြစ်လို့တုံးဦးသူတော်ရာ..မျက်လုံ ဆိုတာကြည့်ဖို့ထားတာပဲ.."



ဦးသူတော် ချမ်းညအနားကို ထပ်ကပ်လိုက်ပြီး နှုတ်ခမ်းမလှုပ် အောင် တတ်နိုင်သမျှ ကြိုးစားနိမ့်ချ၍.. ၊

"အေး..ကွန့်မြူးရရကြည့်ဖို့ပြောနေတာ၊ ပြဿနာထပ်မလုပ်နဲ့ ..နင့်ကိုဆရာတော် ခွင့်လွှတ်မှာမဟုတ်ဘူးနော်.."

"တော်တော်လှတာပဲ.."

ပြောနေတဲ့ကြားက ချမ်းညမျက်နှာ မချိုမချဉ်ဖြစ်သွားသည်။ တော့ မျက်နှာချင်းဆိုင် နီးကပ်လာသည့်လှည်းယာဉ်ပေါ်က စွဲမက် မျက်ဝန်းလေးတွေနဲ့ဆုံမိလျှင် မျက်စိတစ်ဖက်မှိတ်ပြလိုက်တာ ခနဲ..၊

ဗုဒ္ဓေါ.. ၊

ဦးသူတော် ဟန်မဆောင်နိုင်တော့ဘဲ ချမ်းညလက်ကိုဆွဲ၍ အိမ် ဝင်းထဲကနေ အပြေးတပိုင်းထွက်လေသည်။ ချမ်းညကလည်း ောင်းပန်မှ ပြောင်းဆန်၏။

လက်ဆွဲလိုက်ကာမှ ကြိုးလေးကိုသမင်လည်ပြန်ကြည့်၍ ခ တောင် တိုက်လိုက်သေးသည်။ မြင်ကွင်းကို သေချာလှမ်းမြင် ရသည့် သူဌေးကြီးနဲ့ သူဌေးကတော်နှစ်ယောက်စလုံး မျက်တောင် မျက်မှမခတ်မိကြ.. ၊

ပြဿနာ ဤသို့စခဲ့လေသည်.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၁)

တောပန်းတို့ကြားမှာ သီးသန့်ပျိုးထောင်ထားသော သဇင်နွယ်တွေက စိမ်းလန်းသန်မာနေကြသည်။ ဒီဘက်မှာတော့ အင်ကြ ပင်ကြီးတွေရှိနေလျက် တစ်ဆက်တည်းမှာတော့ နှင်းဆီအဖြူပွ လေးတွေက ငွေစံပယ်လိုဖြူလျက် ပန်းနုရောင်ဝတ်ဆံလွှာတို့ဖြ နုလွလှပနေလေသည်။

သို့သော် ပန်းတွေရဲ့အလှတို့အပေါ်မှာ ကြိုးလေးရဲ့စိတ်က ငြိ သက်မနေခဲ့ပေ။ ညီညာသေသသွားတန်းတို့နှင့် သူ့အပြုံးကို သတိ နေသည်။ ရင်အုံဖွင့်ဖွင့် အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသောသူ ပြင်ဟန်ပန်ကို မျက်လုံးထဲကမထွက်နိုင်.. ၊

စိမ်းညို့ညို့နက်မှောင်နေသော မျက်ခုံးတန်းတို့သည် သူ့မျက် ဝန်းတွေကို ပို၍စူးရဲအောင်ထိန်းကွပ်ပေးထားသည့်နှယ်။ မျက်လုံ ချင်းဆုံမိချိန်မှာ အပြုံးယဲ့ယဲ့နှင့် ဖတ်ခနဲမှိတ်ပြသွားသည့် ညို့မျက် ဝန်းတို့ကို စွဲလမ်းနေခဲ့၏။ ညကလည်း သူမအိပ်မပျော်ခဲ့။ အိပ်ရာဝ ချိန်မှာလည်း သူ့မျက်နှာကိုပဲ သတိရနေသည်။ ပြောရလျှင် စိတ်နဲ့လူ ကမကပ်နိုင်ဘဲ..၊

"မမလေး.."

"ဟင်.."

လူရိပ်နဲ့အတူ ခေါ်သံကတစ်ဆက်တည်းမို့ လန့်သွားသည်။

"မိုးတွေခြိမ်းနေပြီ..အထဲဝင်ရအောင်လေ.."

"ဒီလိုပဲ ခြိမ်းပြီးရွာတာမှ မဟုတ်တာ.."

လုံမက စာဥကိုလှည့်ကြည့်၍ မေးဆတ်သည်။ ပြီးတော့ ကြို

ရဲ့ခြေထောက်နားမှာ ထိုင်ချလိုက်ရင်း မျက်နှာကိုမော့ကြည့်၍..

"မမလေး တစ်ခုခုဖြစ်နေတာသေချာပါပြီ..ညကလည်း ခေါင်း လေသာပြတင်းမှာညဥ့်နက်အောင် ထိုင်နေတာ.."

"ခဏ ခဏပဲထနေတာပါ..ခါတိုင်းညတွေက မမလေးလောက် ငြိမ်သက်သက်လေး အိပ်ပျော်သွားတတ်တာ မရှိဘူး.."

စာဥကတော့ အငယ်ပီပီလုံမလိုမဟုတ်ပေ။ ကြိုးလေးရဲ့ခြေရင်း မမယှ် ပို၍ကပ်ထိုင်လိုက်ကာ ပေါင်ပေါ်တင်ထားသည့် ကြိုး လက်ခုံလေးကို ဖွဖွလေးထိကိုင်လိုက်ပြီး.. ၊

"မမလေး ဘာဖြစ်လို့လဲဟင်.."

"ငါ..ငါ ဟိုတစ်ယောက်ကိုပဲ သတိရနေတယ်.."

"ဟင်.."

"ဘယ်တစ်ယောက်လဲ..ည ညနေက ရွာဦးကျောင်းက ဟို.."

"အင်း.."

"အဲတော့.."

"အိ..အဟိ.."

အုံ့ညြသွားကြပြီး ချက်ချင်းပဲပြုံးစိစိတွေ ဖြစ်ကုန်ကြသည်။ သို့ မျက်နှာတွေမှာ ခိုးကြောင်ခိုးဝှက်ပုံတွေ ချက်ချင်းပြန်ဖြစ်သွား နှစ်ယောက်သားကြိုးလေးခြေထောက်ကို ဖက်ထားမတတ်တိုး လာကြ၏။

"ဟုတ်တယ်နော်..အတော်ချောတာ.."

"ကျွန်မတို့တောင် ခုမှမြင်ဖူးတာ..မမလေးကိုမျက်စိမှိတ်.."

"တော်..တော်.."

စာဥလက်ကို တင်းခနဲဖိဆုပ်လိုက်မိကာ တစ်ကိုယ်လုံးရှိန်းခနဲ သွားခြင်းကို ဘယ်လိုကာကွယ်ရမှန်းမသိ.. ၊

"ဟို..ကျွန်မတို့မပြောတော့ပါဘူး၊ စိတ်မဆိုးပါနဲ့မမလေးရယ်.."

"မဟုတ်ပါဘူး..ငါ ငါရှက်လို့ပါ.."

ကြိုးလေးရဲ့ပါးပြင်လေးတွေ ပန်းသွေးစို့နေကာ လည်တိုင်ဖြူ လက်ဖဝါးလေးထည့်၍ တွင်တွင်ဖိပွတ်ရင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ငါလေ..ရက်လည်းရက်တယ်၊ အဲ့ဒါကို မတွေးဘဲလည်း မ
နိုင်ဘူး..အဲ့ဒါ အဲ့ဒါကြီးက.."

"အဲ့ဒါ မမလေးသူ့ကို ကြိုက်သွားတာနေမှာပဲ.."

"ဟဲ့..စာဥ.."

လုံမက မျက်လုံးပြူးမျက်ဆံပြူးနှင့် တားဆီး၏။ ကြိုးလေး
လည်း မျက်လုံးအဝိုင်းသားနှင့် ငုံ့ကြည့်ကာ.. ၊

"ကြိုက်သွားတာ.."

ဟု ထပ်မေး၍.. ၊

"ငါက..အဲ အဲ့ဒီလူကို.."

မျက်နှာတစ်ပြင်လုံးက အဝတ်စနီကဲ့သို့ တဖြည်းဖြည်းအရေ
ရင့်လာရင်း.. ၊

"ဟာ..မဟုတ်လောက်ပါဘူး၊ ခုမှမြင်ဖူးတာကို.."

"မြင်မြင်ချင်းစွဲလမ်းသွားလောက်အောင် ချောမောနေတာ
မမလေးရဲ့..နောက်ပြီးတော့လေ မမလေးနဲ့အဲ့ဒီလူနဲ့ဆို ရှေ့သ
နောက်လိုက် ညီလိုက်မယ့်ဖြစ်ခြင်းနော်လုံမ..ဟီး ဟီး.."

"အဲ့ဒါတော့ဟုတ်တယ်..အဟွန်း.."

လုံမက မျက်လုံးမှာသာအပြည့်အဝ ထောက်ခံနေပေမယ့်
ကားကိုတော့ ထိန်းထိန်းသိမ်းသိမ်းလေးပြောရင်း.. ၊

"ဒါကဒီလိုရှိတယ်မမလေးရဲ့..နဖူးစာရွာလည်တဲ့၊ ကိုယ့်ဘ
တွက်ဖူးစာရှင်က နဖူးမှာစာပါပြီးသားလို့ ရှေးလူကြီးတွေပြော
တယ်မို့လား..သူ့ကိုမြင်မြင်ချင်း မမလေးရင်ထဲမှာ စွဲလမ်းနေတာ
ကိုယ့်ရဲ့နဖူးစာပဲပေါ့.."

"အမလေး..ဟုတ်လိုက်ချေပေါ့၊ ကိုယ့်ဖူးစာဖက်မှန်လို့ ကို
ရှေ့ရောက်လာတာပဲ..ဟောဒီတောရွာတစ်ခွင်မှာ ဒီလိုလူချော
ဘယ်မှာတွေ့ဖူးလို့တုံး.."

"ဒါပေမယ့် ငါ့ကိုမြို့က သူဌေးသားနဲ့ထိမ်းမြားပေးတော့
လေ..နင်တို့ပြောသလို မဟုတ်နိုင်ပါဘူး.."

"မမလေးက အဲ့ဒီသူဌေးသားကို မေတ္တာရှိနိုင်လို့လား..မမ
စိတ်ညစ်နေတာ ကျွန်မတို့သိပါတယ်.."



ကြိုးလေးမျက်နှာမှာ ကြေကွဲရိပ်တို့ထင်လာခဲ့သည်။ နေ့လည်
အုံ့ပျက်ပျက်မိုးသက်လေနဲ့ ပန်းရနံ့တို့က သူမရဲ့စိတ်ကို
ကြည်လင်လန်းဆန်းအောင် မစွမ်းဆောင်နိုင်ဘဲရှိကာ.. ၊

"တော်ကြစမ်းပါဟယ်..ဟိုလူကဖြင့် ရှုပ်ပွေတဲ့ရုပ်ရည်မျိုးပါ.."

"ရှုပ်ပွေပါစေဦးမမလေးရယ်..မမလေးလောက်လှတဲ့ မိန်းမ
ဘယ်မှာရှိလို့တုံး.."

"ဟုတ်ပ..သူလည်း မမလေးလိုပဲ ခုလောက်ဆိုဖျောက်မရ မေ့မ
တငိုင်ငိုင် တမှိုင်မှိုင်..ဟိ ဟိ.."

သူမတို့ရှိနေသော ခရေပင်အိုကြီးရဲ့နောက်မှာ သူဌေးကတော်
ရှိနေတာကို ဘယ်သူမှသတိမထားမိကြပေ။ သူဌေးကတော်ကြီး
ရတနာလှိုင် အလွန်ရင်လေးသွားသော သက်ပြင်းတစ်ရှိုက်နှင့်
ဆိတ်စွာ လှည့်ထွက်သွားခဲ့သည်။ မျက်နှာတစ်ပြင်လုံးက အုံ့
ရီဝေနေလျက် ကြားယောင်နေတာ ထိုစကား.. ၊

"သူလည်း ခုလောက်ဆိုဖျောက်မရ မေ့မရနဲ့ တငိုင်ငိုင်တမှိုင်
မှိုင်.."

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

“မောင်မင်းကတဒိုင်ဒိုင်နဲ့ ဘာတွေများအတွေးနယ်ချဲ့နေတုန်း”

မျက်ခုံးတွေတွန့်ကုတ်နေသည်အထိ အတွေးလွန်နေသောချမ်းညက အနားရောက်လာသည့် ဦးသူတော်ကိုလှည့်ကြည့်တော့ ပြုံးနေလျက်.. ၊

“ကျွန်တော်စဉ်းစားနေတာ..”

“အေး ပြော..ဘာတွေတုံး..”

“သူဌေးသမီးကို ဘယ်လိုမှမေ့ဖျောက်မရဘူးဖြစ်နေလို့..”

“ဟော..”

“သူဒီလောက်ချောမောလှပနေတာ ကျွန်တော်လွန်သလား..”

“လွန်တာပေါ့ချမ်းညရာ..မင်းကို ငါတို့အတန်တန်မှာနေကြတာကို..”

“မေတ္တာစိတ်ကို ဘယ်အရာနဲ့တားဆီးလို့ရလို့လဲ..”

“တားမရမှန်းသိလို့ မတားရအောင် မီးကိုမလောင်ခင်ကတားရတာလေ..”

“ဒါပေမယ့် လောင်နေပြီ..အဲ့ဒါသေချာသလောက်ပဲ..”

နေ့လည်ခင်းအချိန်ဆို နေရောင်မကျအောင်အရိပ်ကောင်းသည့် ပိန္နဲပင်ကြီးတွေအောက်မှာ သူတို့ထိုင်တတ်ကြကာ ဒီနေ့တော့နေ့လည်စာစားပြီးတည်းက ချမ်းညပျောက်သွားခဲ့တာဖြစ်၏။

“ကိုင်း..မကောင်းတဲ့စိတ်ဆိုတာ အနိုင်တိုက်ပြီးဖျောက်ပစ်ရတယ်၊ လာ လာ..သုံးချက်တီးလောက်ရှိပြီထင်တယ်၊ ကျောင်းသားတွေကို စာချပေးရအောင် ဒီနေ့ဆရာတော်မရှိဘူးဆိုတော့..”



ဒီအကြောင်းအရာကနေ လှီးလွှဲဖို့ကြိုးစားရင်း ဦးသူတော်က ပြောပြီးကာမှ ပြန်ထရပ်သည်။ ချမ်းညက မလှုပ်.. ၊

“အပြစ်ဖြစ်အောင် တမင်လုပ်ပြီးအိမ်တော်ဝင်းထဲရောက်အောင် ..တာတောင် ဘယ့်နှယ်ကြောင့် ဒီတိုင်းပြန်လွှတ်လိုက်တာလည်း ..ဘူး..အံ့ရော..”

“ဟင်..ဘယ်လိုချမ်းည..”

ဦးသူတော် မျက်လုံးပြူးနှင့် ဖျတ်ခနဲပြန်ထိုင်၏။

“မင်းက တမင်လုပ်လိုက်တယ်..”

ချမ်းညက ခေါင်းငုံ့လိုက်ရင်း ဆံပင်တွေသပ်၍ရယ်၏။

“မင်းမရယ်နဲ့နော်..ဒါရယ်စရာမဟုတ်ဘူး..”

အားမလိုအားမရပြော၍ ချမ်းညလက်မောင်းကိုကိုင်လှုပ်ရင်း..၊

“မင်းဒါဆို လေကြီးရှာသားနှစ်ယောက်ကို တမင်ရန်စတာ ..ပါ..”

“သူတို့ကိုရန်မစပါဘူး..ရန်ဖြစ်ရုံပဲလုပ်တာ..”

ကြည့်စမ်း.. ၊

“ရန်ဖြစ်ရင် ယောသူဌေးကြီးဆီရောက်မယ်..သူဌေးကြီးကအ..ပေးမယ်၊ အိမ်တော်ထဲမှာ ကြာကြာနေရမှ မင်းသမီးနဲ့တွေ့ရမှာ ..သူ့ကို နောက်ကပဲမြင်လိုက်ရတာ အားမရနိုင်ဘူး..”

“မိုက်ပ့ါကွာ..ချမ်းညဆိုတဲ့ကောင် ကျွတ်..”

ဦးသူတော်ခေါင်းတခါခါ ဖြစ်သွားသည်။ ပြီးတော့ ချမ်းညတ..လုပ်ခဲ့သည်မှန်းသိလိုက်ကာမှ လက်ကိုင်ပဝါတမင်ပစ်ချပြီး သူ..က နင်းမိသွားအောင် သူပဲတွန်းပစ်လိုက်တာကို မြင်ယောင်လာ..။ ထို့ပြင် ဟိုရွာသားပြောတာကို သတိရမိသေးသည်။

“သူ့ဟာသူရပ်နေတာကို မင်းဆွဲလိုက်မှ နင်းမိသွားတာ..”တဲ့..၊ ပြဿနာဒီ့ထက်မက ကြီးထွားသွားရင် ဘယ်လိုလုပ်မလဲ။ ဒီ..င်လေး အကြောက်အလန့်လည်းမရှိ.. ၊

“ဒီကောင် မဆင်မခြင်လုပ်ချလိုက်တာလို့တွေးပြီး ဦးသူတော် ..တိုနေတာလား..”

တွေးနေတာကို သူမြင်တဲ့အတိုင်း မေးချလိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်..အဲ့လိုမလုပ်သင့်ပါဘူး၊ ဒါပေမယ့် ကျော်း မင်းသမီးရဲ့ နောက်ကျောအလှကိုမြင်လိုက်ရပြီး ကျွန်တော်လည်း

"အေး..နောက်ထပ်တစ်ခါတော့ ဒါမျိုးမလုပ်မိစေနဲ့၊ ဒီရွာသ ချင်းက အကြောင်းမဟုတ်ဘူး..တစ်ရွာနဲ့တစ်ရွာဖြစ်ကြရင် ပြဿ ကကြီးသွားမှာ ငါပြောတာနားလည်ရဲ့လား.."

"ဗျာ.."

"ကျွတ်..မောင်ရင့်ကို နောက်ထပ်တစ်ခါ အဲ့ဒါမျိုးမလုပ်မိပါ နဲ့လို့ ပြောနေတာ.."

"အဲ့ဒါမျိုးထပ်မလုပ်ပါဘူး..နောက်တစ်နည်းကြံမှာပါ.."

"ဘာ.."

"ဩော်..ဦးသူတော်ကလည်း ဒီလိုပုံစံချည်းပဲ နှစ်ခါလုပ်ရင် များရိပ်မိသွားမှာပေါ့.."

"မင်းက.."

သူတို့စကားမဆုံးသေးခင် ကပ္ပိယကြီးရောက်လာသဖြင့် ဆ မပြောဖြစ်လိုက်ဘဲ.. ၊

"ချမ်းည.."

"ခင်ဗျာ.."

"မင်းကိုဇီးကိုင်းတွေ ခုတ်ခိုင်းချင်တယ်..ကိုင်တတ်ပါမလာ

"မကိုင်တတ်ဘူးလို့ပြောရင် ပျင်းလို့အကြောင်းပြတယ်ပြေ မယ်..ကိုင်တတ်တယ်ဆိုရင်တော့ သေချာပေါက်လုပ်ရမှာပဲ..ဘယ် ဖြေသင့်လဲ ဦးသူတော်.."

ခုနတည်းက စိတ်တိုနေသဖြင့် ဦးသူတော်ကမျက်စောင်း ပြီးကြည့်၏။

"ဘယ်လိုဖြေဖြေ နင့်ကိုပဲခိုင်းမှာ.."

"ဟား ဟား ဟား.."

သူတို့ဘာတွေပြောဆိုထားကြမှန်းမသိသော ကပ္ပိယကြီ လည်း ရယ်နေကာ.. ၊

"ကလေးတွေကိုခိုင်းရင် မကိုင်တတ်မခုတ်တတ်နဲ့ ထိမိ တတ်လွန်းလို့ နောက်ပြီးသူတို့ကိုခိုင်းရင် ကြီးတဲ့လူတစ်ယောက်



ရှိုင်ကြည့်နေရတာ.."

"ရပါတယ်..ကပ္ပိယကြီးကလည်း ဇီးကိုင်းကအစိုလား အ ခြောက်လား.."

ပြောရင်း ထလိုက်လာခဲ့သည်။ ဦးသူတော်ကတော့ ပြောလက် စကားကလည်း မဆုံးသေးသည့်ပြင် နောက်ထပ်ပြဿနာထပ်ရှိလာ မယ်ကို သိလိုက်ရတာမို့ မတင်မကျမျက်နှာကြီးနှင့် နောက်ကနေမ တမ်းပါလာခဲ့၏။ ဇီးကိုင်းတွေဆိုတာက နည်းနည်းနောနောအ ကြီးမဟုတ်သည့်ပြင် ကိုင်းဖျားအလက်တွေကတောင် ကလေးလက် ကောက်ဝတ်လောက် တုတ်ခဲနေတာတွေ ပါနေသဖြင့်.. ၊

"ကျွန်တော်မြင်သမျှတော့ ဇီးပင်တစ်ပင်မှမရှိပါဘူး..ဇီးကိုင်း တွေက တောင်လိုပုံလို့ပါလား.."

"မောင်မင်းကဇီးပင်ကိုမြင်လည်း ဇီးပင်ကိုကျော်ပြီး မြင်ချင်ရာ မြင်မှာကိုး.."

ဦးသူတော် အသံထွက်လာသည်။

"ဇီးပင်ကတော့ ဇီးပင်ရှိတဲ့နေရာမှာ ရှိမှာပေါ့.."

ဟု ခပ်ငေါ့ငေါ့အဆုံးသတ်၏။ ချမ်းညက ပြုံးလိုက်ပေမယ့် ကပ္ပိယကြီးက ဓားမကြီးတစ်ချောင်းသွား ယူလာပြီးပေးကာ.. ၊

"ဟောဟိုက မန်ကျည်းတုံးပေါ်မှာ သွားခုတ်ကွာ..ဆူးတွေ လည်း မာတယ်နော်၊ သေချာလုပ်..ခပ်တုတ်တုတ် အရှည်တွေပါ လာရင် ဖြတ်မပစ်နဲ့၊ ဆရာတော်ကစိုက်ခင်းထဲမှာ တိုင်တွေလျှော့နေ လို့ အစားထည့်တတ်တာ.."

"တိုင်တွေက ဘာလို့လျှော့ရတာလဲကပ္ပိယကြီး.."

"ဩော်..ရွာထဲက ထင်းခွေလာတဲ့ကလေးတွေ နှုတ်သွားတာပေါ့ ကွာ.."

"လူကြီးတွေကတော့ နှုတ်မယူကြဘူးလား.."

"မယူဘူးကွ..တို့ရွာကမကောင်းဘူးဆို မသိနားမလည်တဲ့ က လေးတွေပဲ ရံဖန်ရံခါလုပ်တာ၊ လူကြီးတွေက အပြစ်ကြောက်တယ်.."

ဦးသူတော်ကပဲ ဝင်ပြောလျှင် ချမ်းညက အသံထွက်အောင်ရယ် သည်။ ပြီးတော့ ဦးသူတော်နားကပ်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲကရေတွင်းမှာ ရေငင်နေတဲ့ကိုယ်လုံးလှလှနဲ့ မိန်းမ တစ်ယောက်ကို နောက်ကနေဦးသူတော်စူးစူးရဲရဲ လှမ်းကြည့်လို တာလေ.."

ဦးသူတော် ကိုယ်ကြီးတုန်ခနဲဖြစ်သွား၏။

"အဟွန်း..ဖြစ်ပျက်ရှုတာတော့ မဟုတ်ဘူးမို့လား.."

ရုတ်တရက် ခိုးထုပ်ခိုးထည်နဲ့လူမိသွားသလို ဦးသူတော်ပါး အဟောင်းသားနှင့် မျက်လုံးကြီးလည်းပြူးလာသည်။ ချမ်းည ဦးသူတော် ပခုံးကို ဖက်ထားလိုက်သလို မျက်နှာချင်းနီးအောင်ငုံ့

"မကောင်းမှုမှန်းသိရက်နဲ့ ကျူးလွန်တာပိုအပြစ်ကြီးတယ် လား ဦးသူတော်.."

"မောင်မင်းအဲ့လိုပြောတာ ကျုပ်ကို.."

"ရှက်မနေပါနဲ့..ကျွန်တော်ကဘယ်သူ့မှ ပြန်မပြောပါဘူး၊ ဟား ဟား ဟား.."

ကိုယ့်ကိုအပြစ်ထောက်လိုက်တာမို့ ပခုံးတွေလှုပ်အောင် ခ ကြိတ်ကြိတ်ရယ်နေတာကိုက ချစ်ခင်နှစ်လိုဖွယ်တစ်စက်မှ မရှိ..

"ဟော့..မင်းဘယ်ကိုတုန်း.."

ချမ်းညက ခေါးကိုင်ပြီးကျောင်းပြင်ကို ထွက်သွားတာမို့ ကပ္ပိယ ကြီးက လှမ်းမေးလျှင်.. ၊

"ခဏလေး ကပ္ပိယကြီး..ဒီနားလေးတင်.."

လို့ပြောခဲ့ပြီး ပြန်လာတော့လက်ပံခေါက်တွေ ခွာထုတ်ယူလာ ၏။ သူတို့ကြည့်နေကြစဉ် အခေါက်ကနေခွာထုတ်သည့် အမှေးသာ ပြားတွေကို ဘယ်ဘက်လက်ဖဝါးမှာ သေချာရစ်ပတ်တုတ်နှောင်၍

"ဓီးသားကို ဘယ်လိုကိုင်ကိုင်လက်တော့ထိမှာပဲ.."

"ဘယ်သူကိုင်ကိုင် မင်းလိုလက်ပတ်နဲ့ကိုင်တာလည်း မတွေ့ ဘူး.."

"ဒါကြီးက ချွဲနေတာကို ဘယ်လိုလုပ်တာလဲ.."

ဦးသူတော်လည်း သူ့ကိစ္စကိုမေ့သွားပြီး အနားကပ်လာသည်

"မရှိရှိတာယူလုပ်ရတာလေ..လက်ကိုတော့ အထိမခံနိုင်ဘူး.."

ကြံကြံဖန်ဖန်တွေ လုပ်တတ်သည့်ချမ်းညကို ဦးသူတော်က



ဆန်းသဖွယ် မော့ကြည့်သည်။ မျက်နှာပြင်ကိုကြည့်ခြင်းအားဖြင့် နက်မှု မရှိသလိုထင်ရပေမယ့် တစ်ခုခုဆိုချက်ချင်း တုံ့ပြန်တတ် ညဏ်ကတော့ ချီးကျူးလောက်ပါသည်။

တချို့နေရာတွေမှာဆိုလည်း သူများသတိမထားမိနိုင်သော အ ကြောင်းကိစ္စ ဗဟုသုတတွေကို သိနေတတ်သူ.. ၊

"ဒါဆိုရပြီ..ကျွန်တော်တို့ဒီညစာ ဟင်းလေးချက်လောက်နဲ့ မရဘူးနော်.."

"အေးပါကွာ..ကိုင်း ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်းနဲ့ ကျွေးပါ့ မယ်.."

ချမ်းညက သစ်ခေါက်မှေးတွေနဲ့ ပတ်ထားသည့်လက်ကို မြေ ပြင်မှာ ဖုန်ကပ်အောင်လိုက်ပွတ်လိုက်သေးသည်။ ပြီးမှ ဓီးကိုင်းတွေ ကို စတင်ခုတ်ထစ်ရင်း.. ၊

"သူရရေ..မင်းငါ့ကိုလက်ကြောမတင်းဘူးပြောဦးမလား ဟွန်း.. မင်းစေချင်တယ်.."

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၃)

"ပိ ပိ ပိ.."

ဖားအော်သံကို ကြားလိုက်တည်းက မြွေမျိုထားသည့်အသံမှန်း ချမ်းညကသိသည်။ ကျောင်းနားနီးလာကာမှ အသံကိုရှာရင်း လမ်း ဘေးကိုဖွဲ့ဆင်းလာမိ၏။ သူတော်တော်နဲ့ရှာမတွေ့ခဲ့ဘဲ အချိန်ကြာ ပြီးမှ.. ၊

"ပိ ပိ ပိ.."

"အံမာ..အကောင်ကသေးသေးလေးနဲ့ မျိုချမယ့်ဖားက မင်း ကိုယ်လောက်မကဘူး၊ လွှတ်ပေးလိုက်ခု.."

ပြောရင်း သစ်ကိုင်းခြောက်ရှာပြီး သေချာကိုင်လိုက်သည်။ မြွေ ကအမည်းရောင်သမ်းနေပေမယ့် လက်မလုံးလောက်ပဲရှိသည်။ ဖား ကိုခြေတစ်ဖက်နဲ့ ပေါင်တစ်ချောင်းလုံးမျိုထားကာ ဆက်လည်းမမျို နိုင်။ လွှတ်လည်းမလွှတ်.. ၊

"ဟော့ကောင် ပြောနေတာမကြားဘူးလား..ငါလည်းမျိုဖြတ်ရိုက် မှာနော်.."

တုတ်နဲ့အယောင်ပြပြီးပြောလိုက်တာနှင့် မြွေကချုံပုတ်ထဲ နောက်ပြန်လျှောဝင်၏။

"ဟော့ကောင်..ဟော့ကောင်.."

ကမန်းကတန်းလိုက်ပေမယ့် မတွေ့တော့ပေ.. ၊

"ဒီနေရာမှာကျင်းလည်းမတွေ့ဘဲနဲ့ ဘယ်ရောက်သွားတာလဲ.."

ဟိုရှာဒီရှာနှင့် သူမကျေမနပ်ဖြစ်နေစဉ် ဖားအော်သံကိုအတော် ဝေးဝေးမှာ ပြန်ကြားလိုက်ရ၏။ ထိုနေရာကို သူချက်ချင်းပြေးသွားပါ



ည်။ သို့သော် အော်သံလည်းပျောက်သွားကာ မြွေနဲ့ဖားကိုလည်း ကို့မတွေ့တော့ပေ။ သူချက်ချင်းလှည့်မပြန်ဖြစ်ဘဲ တစ်ခါမှမ ရောက်သေးသည့်နေရာမှန်း သတိထားမိကာ ဒီတိုင်းလျှောက်ကြည့် မိစဉ်.. ၊

"ရွှေစာရေ..ငါတို့မမလေးကိုကြည့်စမ်း၊ ခုလိုရေစိုနေတော့ ခါး ရင်ထွားဆိုင်အလှက ဘယ်လိုပန်းချီဆရာများ ရေးလို့မီပါ့မလဲ.."

"ရေမစိုလည်း တို့မမလေးကလှနေတာပါပဲ..လူကကိုယ်တစ် ရေမြှုပ်နေပြီး ဆံပင်ရှည်တွေလွှန့်လူးရေကူးနေရင် ငါဖြင့်ကြည့် ကိုမဝဘူး.."

"ကဲပါ..တော်ကြပါတော့၊ ငါ့ခြုံထည်ပေး.."

"ဟင်..ပြီးသွားပြီလား.."

"ဟုတ်တယ်..အရင်ဆိုရင် ဒီစမ်းလေးမှာ ရေချိုးခွင့်ရရင် သိပ် တာပဲ.."

"မမလေးက ဟိုအကြောင်းပဲတွေးနေတာကိုး..သူလည်းရောက် သေးတာမှ မဟုတ်ဘဲမမလေးရယ်.."

ကြိုးလေးက လုံမဖြန့်ထားပေးသည့် အစိမ်းရောင်ကတ္တီပါခြုံ ည်ကြီးထဲ ကိုယ်လေးကျုံ့ဝင်လိုက်ရင်း.. ၊

"နင်တို့ကတော့ ဘေးလူကိုး..ပြောအားရှိမှာပေါ့.."

"ဒီလိုမပြောပါနဲ့မမလေးရယ်..မမလေးမျက်နှာညှိုးနေရင် ကျွန် တို့လည်း မပျော်နိုင်ပါဘူး.."

စာဥက ဖိနပ်လေးပြေးချပေးပြီး ကြိုးလေးရဲ့လက်ဖဝါးလေးကို င်သာစွာ ဆုပ်ကိုင်ထားကာ.. ၊

"သခင်ကြီးက စီစဉ်နေပေမယ့် မယ်မယ်ကြီးက စိတ်မပါတာ သခင်ကြီးလည်းသိပါတယ်မမလေးရဲ့.."

"ဟုတ်ပါတယ်..ကြားထဲမှာ အစီအစဉ်ပြောင်းချင်ပြောင်းသွား ပါ၊ အင်း..ငြင်းဆန်လို့ရရင်လည်း ကောင်းသားနော်.."

"သမီးမှာ ရည်ငံနေတဲ့သူမရှိဘူးဆိုတာ အဖေတို့သိတယ်.." မျိုပြီး ဒီကိစ္စကို စီစဉ်ခဲ့တာဖြစ်သည်။ ရည်ငံရလောက်အောင် ယောကျ်ားပျိုနဲ့များ သူမရင်းနှီးပတ်သက်ခဲ့ဖူးလို့.. ၊

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့ရင်ရော အမျိုးဂုဏ်မတူဘူးဆိုပြီး ခွင့်ပြုကြည်ဖြူမ မို့လို့လား.. ၊

"မမလေးဖိနပ်လဲလေ.."

ကမ်းပေါ်တက်ကာစ စီးသည့်ဖိနပ်ရေစိုသွားလျှင် နောက်ထ မွေးပွကတ္တီပါလေးတစ်ရံလဲပေးရတာမို့ စာဥကဖိနပ်လေး ထပ်ချ၏။ ကြိုးလေးက စီးထားသည့်ဖိနပ်ကို ချွတ်ကာနောက်တစ်ရံ စီးလိုက်ပြီးခြုံထားသည့် ကတ္တီပါစကို ပို၍တင်းအောင်ဆွဲကပ်လို ၏။

နောက်ကနေ လိုက်ပါလာသည့်မိန်းကလေးတွေက ဖိနပ်န ကမ်းစပ်မှာ ကျန်ရစ်သမျှပစ္စည်းအတိုအထွာတို့ကို မြန်ဆန်စွာသိမ် ဆည်း၍ ကြိုးလေးတို့နောက်ကနေ လိုက်လာကြ၏။ အားလုံး တည်သည်က စမ်းချောင်းနှင့် မနီးမဝေးမှာစောင့်နေသည့် လှည် ယာဉ်ကျော့ဆီသို့ဖြစ်ကာ နွားလှည်းမောင်းမည့်လူကလည်း အသ စောင့်နေ၏။

သူတို့အားလုံးကို အပေါ်စီးကနေလှမ်းကြည့်နေသော ချမ်း ကတော့ မင်းသမီးနဲ့စကားပြောချင်စိတ်တွေ တဖွားဖွားဖြစ်နေက သစ်ပင်ခွဆုံမှာထိုင်ရင်း အကြံအိုက်နေ၏။ ထိုစဉ်.. ၊

"ဟာ.."

လည်ဂုတ်မှာ ယားစိယားစိလာထိနေသော အရာကို လက်ဖြ ပုတ်ချလိုက်မိရာ.. ၊

ဘာလဲ..ဒါ.. ၊ မြွေ.. ၊

လန့်ဖျန့်သွားကာ ကိုယ်ကိုပြုတ်မကျအောင်ထိန်းရင်း လှ ပင်းလိမ်ပြီး ကြည့်လိုက်မိ၏။ မြွေသည်အနက်နှင့် အဝါကွက်ပ ထင်းနေလျက် ကလေးလက်မောင်းလုံးလောက် တုတ်ခိုင်ကာ သ ကိုင်းကိုရစ်ပတ်ထားသည်။ ခေါင်းပိုင်းကသစ်ကိုင်းဖျားဘက်ရော နေပြီး အမြီးဖျားက သူ့ကိုယ်ပေါ်မထိတထိ ကျလာခြင်းဖြစ်၏။

သစ်ကိုင်းကသူ့နောက်အပေါ်မှာ နီးနီးလေးရယ်၊ အမြီးကိုပ ရိုက်သလိုလုပ်လိုက်မိပြီမို့ မြွေကသူ့ဘက်လှည့်လာတော့မှာဖြ သည်။ မြွေကို ရင်ဆိုင်ဖို့ ရုတ်တရက်ကိုယ်ကို လှည့်ထိုင်ဖို့ခက်



စဉ် သူထင်တာထက် ပို၍မြန်ဆန်စွာ မြွေကသူ့ဘက်ကိုလျှော လာ၏။

"ဟော့ကောင်..ဟော့ကောင် မင်းကိုငါဘာမှမလုပ်.."

မြွေကပါးပျဉ်းထောင်၍ ပေါက်လိုက်စဉ် ချမ်းညခြေချော်ကျ သဖြင့် ရှောက်လိုက်သလိုဖြစ်သွား၏။ နောက်ထပ်ရှူးခနဲလုပ် လျှင် လန့်ဖျန့်သွားကာ လည်မျိုကိုဖမ်းဆုပ်၍ ရှောက်ချင်ရာ ကိုင်ပစ်လိုက်မိ၏။

"ဗိုး..ဘုတ်.."

မြွေသည်အရှိန်နှင့် မြောက်တက်သွားကာ ဘုတ်ခနဲပြုတ်ကျ ကျသည့်နေရာသည် ကြိုးလေးတို့လှည်းယာဉ်ရှေ့မှာ ဖြစ် ခဲ့ရာ.. ၊

"ဒုန်း ဒုန်း.."

"အား.."

"အောင်မလေး..ကယ်ပါဦး.."

"အေးသောင်း..နွားတွေကိုထိန်းဦးဟ.."

"မရဘူး..ကိုတာကြီးလုပ်ပါဦး.."

နွားတွေက မြွေကိုလန့်ပြီး ဝရုန်းသုန်းကားတွေဖြစ်ကုန်ကြ လှည်းပေါ်က မိန်းကလေးတွေရဲ့အော်သံတွေ ဆူညံသွား ၏။

"ဒုတ်..ဒုတ် ဒုန်း.."

"ညီကြီး..ဟဲ့ကောင် ဟဲ့ကောင်ကြီးငြိမ်ငြိမ်နေစမ်း၊ နင် နဂန်စာ ကျွေးမယ်.."

"ဟေး..ရွှေကြီး၊ တော်ပြီ ဟော့ကောင်ကြီး.."

ယောကျ်ားတွေသုံးယောက်တောင်ပါပေမယ့် နွားတွေကိုလည်း လို့မရ။ ပါးပျဉ်းထောင်နေသည့် မြွေအန္တရာယ်ကိုလည်း ကြောက်နေရာ.. ၊

"အား.."

"လုပ်ကြပါဦး..မမလေးပြုတ်ကျသွားပြီ.."

"အောင်မလေး.."

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ ကြိုးလေးနားပြေးကပ်ကြပေမယ့် နွားလှ...
ကလည်း နွားတွေကြောင့် ဝုန်းဒိုင်းကြဲနေရာ.. ၊

"မမလေးကို လှည်းနင်းမိတော့မယ်..ကယ်တော်မူကြပါ.."

ချမ်းညသစ်ပင်ပေါ်ကနေ ဘယ်လိုဘယ်ပုံဆင်းလိုက်မိမှ...
တောင် မသိ။ မြေပြင်ပေါ်ရောက်သည်နှင့်.. ၊

"ဟေ့လူတွေ..ရှေ့ကဖယ်လိုက်.."

နွားတွေကိုထိန်းချုပ်ဖို့ ကြိုးစားနေသည့် ယောကျ်ားတွေ...
အော်ဟစ်ဖယ်ခိုင်းလိုက်ကာ.. ၊

"ဟိုင်း.."

"ဖြောင်း.."

အသံကျယ်ကြီးနှင့်ခြောက်လှန့်အော်ကာ နွားတစ်ကောင်ရဲ့...
ပါးကို ကိုင်လာသည့်သစ်ကိုင်းခြောက်နှင့် ရိုက်ထည့်လိုက်၏။ ထို...
ခါကျမှ ရှေ့ကကာဆီးနေသည့် လှည်းသမားတွေလည်းမရှိ...
သည်မို့ နွားတွေက ခြေဦးတည့်ရာထောင်ပြေးကြ၏။

"မမလေးရေ.."

"မမလေးကိုလုပ်ကြပါဦး..ခေါ်ကြပါဦး.."

နွားလှည်းကြိတ်ခံရမည့်ဘေးက လွတ်မြောက်သွားပေမ...
ကြိုးလေးက သတိလစ်နေပြီဖြစ်သည်။ ချမ်းညသူမရဲ့ဘေး...
ရောက်သွားကာ ကြိုးလေးရဲ့တစ်ကိုယ်လုံးကို ငုံ့ကြည့်လိုက်ပြီး..

"လှည်းဘီးနဲ့တော့ ဘယ်မှမထိမိပါဘူး.."

ဟု ကိုယ့်ဘာသာရေရွတ်သလို ဆိုရင်း.. ၊

"ရေသွားခပ်မြန်မြန်.."

"ရှင်.."

"ဩော်..ချောင်းရေသွားခပ်ချေလို့.."

"ဟုတ်..ဟုတ်ကဲ့.."

အမွေးနံ့သာဘူးတွေ ထည့်ထားသည့်ငွေဖလားက တစ်ခုတည်...
ဖြစ်နေသဖြင့် စာဥကဖလားကို ပြေးကောက်ပြီး ချောင်းဆီပြန်...
၏။

"ဟေ့လူ..ဟေ့လူ မြွေကိုဘာလုပ်မလို့လဲ.."



...တုတ်တစ်ချောင်းစီကိုင်ကာ မြွေကိုရိုက်ဖို့ချက်ကောင်းရွေးနေ...
...လူနှစ်ယောက်ကို ချမ်းညအလျင်စလို လှမ်းအော်လိုက်ရင်း..

"မြွေက နေရာကမရွေ့သေးဘူး..ခင်ဗျားတို့လုပ်တာနဲ့ ပြေး...
...ကိုမှားပြီး ဒီဘက်လှည့်လာဦးမယ်.."

"ရိုက်သတ်မှတော့ ပြေးချိန်ရအောင်လုပ်စရာလား.."

"သတ်စရာမလိုပါဘူး..ခြောက်လွှတ်လိုက်ပါ.."

ဆိပ်တော်က လူနှစ်ယောက်မြွေတစ်ကောင်နှင့် အလုပ်ရှုပ်နေကြ...
...ရေခပ်လာသည့် စာဥပြန်ရောက်လာ၏။ ချမ်းညက ရေကိုတစ်...
...လောက် သွန်ပစ်လိုက်သေးသည်။ ကျန်သည့်ရေကို ကြိုးလေး...
...မျက်နှာဆီ ခပ်ကြမ်းကြမ်းပက်ထည့်လိုက်လျှင်.. ၊

"အယ်.."

"ရှင်ဘယ်လိုလုပ်လိုက်တာတုံး.."

"ကျွန်မတို့မမလေးက လေစိမ်းတိုက်ရင်တောင် သွေးခြည်ဥ...
...တဲ့ အသားအရေရှင့်.."

ချမ်းညက ဖလားကို မိန်းကလေးတစ်ယောက်လက်ထဲ ပြန်...
...လိုက်ရင်း.. ၊

"လေစိမ်းတိုက်နေတာ မဟုတ်ဘူး..ရေနဲ့ပက်တာ.."

သူမတို့ဘာမှပြန်မပြောနိုင်မီ ကြိုးလေးကမျက်နှာလေးရှုံ့မဲ့...
...မျက် လူးလွန့်လာ၏။ ပြီးတော့ မျက်ဝန်းလေးတွေပွင့်လာခဲ့ပြီး..

ဟင်.. ၊

ပထမဆုံးမြင်လိုက်ရသည့်မျက်နှာသည် သူမရှေ့မှာရှိနေသော...
...ချမ်းညဖြစ်နေခဲ့ရာ.. ၊

"ရှင်.."

"မမလေး သတိရလာပြီ..အောင်မလေး ဝမ်းသာလိုက်တာ.."

"မမလေး လိမ့်ကျသွားတာသိလား..ဘယ်နားနာသွားသေးလဲ...
...၊ အခု ဘယ်ကမှမနာဘူးလား.."

စိုးရိမ်တကြီးမေးမြန်းသံတွေကို ကြိုးလေးအာရုံမထားမိဘဲ ချမ်း...
...သူမရှေ့ကိုရောက်နေသည့် အဖြစ်ကိုနားမလည် အံ့သြစွာငေးနေခဲ့...
...မျက်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုလုပ်..အား.."

မေးရင်း အားယူထလိုက်တော့ ခါးရိုးထဲက အောင့်တက်သွားသ ဖြင့် ပွေ့ထားသည့်မိန်းကလေး ရင်ခွင်ထဲကို ပြန်ခွေကျသွားသည်၊ လိမ့်ကျသည့်အရှိန်ကြောင့် သူမဘယ်လိုမှမထနိုင်တော့ပေ။ နွာ လှည်းကိုလည်း နေရာအရောက် ပြန်မောင်းလာနိုင်ခဲ့သည့်တိုင်..၊

"ကိုကြီးအေးသောင်း..မမလေးမထနိုင်တော့ဘူး.."

"ဟင်.."

"ဒုက္ခပါပဲ.."

ဦးတာကြီးနဲ့အေးသောင်းတို့ မျက်စိမျက်နှာပျက်လျက် အနား ရောက်လာကြသည်။ သို့သော်ကြိုးလေးကို မထိဝံ့မကိုင်ဝံ့နဲ့ ဘာလုပ် လို့ လုပ်ရမှန်းလည်းမသိ။ နှစ်ယောက်စလုံးကလည်း ခပ်ပိန်ပိန် ခပ်ပုပုတွေဖြစ်နေရာ..၊

"မမလေး မတ်တပ်ထရပ်ကြည့်ပါလား.."

"မရဘူး..ကျ ကျွန်မထထိုင်လို့တောင်မရဘူး..အရမ်းနာတယ်.."

"လာပါကွာ..ငါတို့နှစ်ယောက် ဝိုင်းပွေ့ကြတာပေါ့.."

"အို..ကိုကြီးအေးသောင်းတို့က ပြောတော့မယ်..နှစ်ယောက်ပွေ့ တော့ မမလေးဘယ်လိုနေမလဲလို့.."

"မဖြစ်ပါဘူး.."

လုံမက ခေါင်းတခါခါနှင့် ချမ်းညဒီတိုင်းရပ်ကြည့်နေတာကို လက်ညှိုးလှမ်းထိုးကာ..၊

"ဟိုအစ်ကို့ကို ပွေ့ခိုင်းလိုက်ပါလား.."

ပြောလိုက်တာနှင့် အားလုံးအကြည့်တွေ ချမ်းညဆီရောက်ကုန် ၏။ ကြိုးလေးနဲ့ချမ်းညလည်း မျက်လုံးချင်းဆုံသွားကြပြီး..၊

"ကိုယ့်ကို တောင့်တောင့်ကြီးလုပ်မထားနဲ့နော်.."

ချမ်းညက ဘယ်သူ့ထောက်ခံတာကိုမှမစောင့်။ ပယ်ချမယ့်အ သံကိုလည်း ဂရုမစိုက်ဘဲ ကြိုးလေးနားလျှောက်လာသည်။ ငုံ၍ပွေ့ ယူလိုက်ရင်း သတိပေးစကားဆိုကာ ကိုယ်ကိုပြန်မတ်လိုက်တော့ သူမကိုယ်လေးကသူ့လက်ထဲ ပေါ့ပါးစွာ..၊

ကြိုးလေး ရင်ထဲမှာလှုပ်ခနဲအေးသွားကာ မျက်လုံးတွေကို မှိတ်



လိုက်မိသည်။ ပြီးတော့ သူ့ခါးကိုဖက်၍ သူ့အင်္ကျီရင်ဘက်ကို လက်တကြားဆွဲဆုပ်ထားမိတာ သတိလက်လွတ်..၊

ချမ်းညက လှည်းယာဉ်ဆီကို ပွေ့ချီခေါ်သွားခဲ့သော်လည်း ရှေ့ ဆက်မတိုးဘဲ ရပ်တန့်လိုက်ပြီး..၊

"ကျုပ်ကိုမျက်လုံးဖွင့်မကြည့်ဘဲနဲ့တော့ ဒီတိုင်းချပေးမှာမဟုတ် ဘူးနော်.."

ဟင်..၊

ကိုယ့်ကိုပြောလိုက်မှန်းသိကာ ကြိုးလေးရဲ့ကော့နက်ရှည်လျား သော မျက်တောင်ဖျားတို့ ဖျတ်ခနဲပင့်တက်သွား၏။ လှုပ်ရှွန်းလဲ့ သော မျက်ဝန်းညိုတို့သည် ငုံ့မိုးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေ အောက်မှာ ခြေမခိုင်သောကလေးသဖွယ် မခိုင့်တခိုင်အားတင်းရပ်နေ ရှင်း..၊

"ချ..ချပေးလေ.."

သူမရဲ့ အသံတုန်လေးကြောင့် ချမ်းညပြုံးသည်။ သွားတန်းတို့ ပေါ်အောင် ရယ်လိုက်သောမျက်နှာချောချောသည် ကြိုးလေးရဲ့ရင်ကို ဒိတ်ဒိတ်ဆောင့်ခုန်သွားစေလျက်..၊

"ကျွန်မကို ချပေးလို့.."

"ကျေးဇူးတင်စကားလေးတောင် မပြောတော့ဘူးလား.."

သူမ သူ့ရင်ဘက်ကအင်္ကျီစကို လှမ်းဆုပ်ဆွဲထားဆဲနှင့် ပြူးပြဲ ကြောင်တက်ရင်း ငေးကြည့်နေကြသော ပတ်ဝန်းကျင်ကလူတွေကို လည်း သတိမရခဲ့ဘဲ..၊

"ရှင်ဘယ်လိုလုပ် ဒီနားရောက်နေတာလဲဟင်.."

"မင်းသမီး လာချောင်းကြည့်တာ.."

"ဟင်.."

သူမရဲ့ပါးပြင်လေးတွေ ဖျန်းခနဲရဲတက်သွားသည်။ သူကတော့ မျက်ဖွယ်အပြုံးနှင့် သူမကိုလှည်းယာဉ်ပေါ်မှာ ညင်သာစွာချထား လိုက်ပြီး..၊

"ကျုပ်ကိုမမေ့နဲ့နော်.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

...ရန်သူငါးပါးထဲမှာ အလွန်မတန်ဆိုးရွာလှတာ...မညှာမတာ ဘယ်သူ့မှမထောက်ပါ..သူခိုးဓားပြထက်ဆိုးတဲ့ရန်သူဟာ...

ဒီဇမ္ဗူတစ်ခွင်မှာ...ယောသခင်ကြီးကို အစဉ်အမြဲသတိပြုပါ.. ဟာ ဟာ..ဟာ အေ့......

ညနေခင်းမှာ ထန်းရည်မူးသမား၏ သီချင်းသံက စူးရှ... ဖောက်လာသည်။ ချမ်းညဆွမ်းချိုင့်ကိုင်ရင်း သေချာလှမ်းကြည့်... သည်။

"ဟော့..မောင်ကျောင်းသားလာလေကွယ်၊ ကျုပ်ကိုဆွမ်းချိုင့်... ခဲ့.."

"ဩော်..ဟုတ်ကဲ့ဘဘကြီး.."

ခြံရှေ့မှာရပ်နေမိသဖြင့် ဆွမ်းချိုင့်အလွတ်ကို ကမန်းကတန်း... ပေးလိုက်ရသည်။ ဥပုသ်မနက်အရုဏ်ဆွမ်းချိုင့်ကို ရွာထဲကအ... လောင်းလိုသူများက ကြိုတင်လျှောက်ထားကြတာဖြစ်သည်။

ရွာနဲ့ရင်းနှီးမှုမရှိသေးပေမယ့် သူ့ကိုဆရာတော့်တူအဖြစ် မျ... မှန်းတန်းမိနေကြပြီမို့ ရွာထဲကိုဝင်ထွက်သွားလာခွင့်လည်း ရနေပြီ... သည်။ ဆွမ်းချိုင့်ထားခဲ့ပြီး ပြန်ထွက်လာတော့လည်း ထန်းရည်မူး... မား၏ သီချင်းသံသဲ့သဲ့ကို ကြားနေရဆဲဖြစ်ကာ လူကိုမမြင်ရ..

"မောင်ချမ်းည..ဘယ်ကပြန်လာတာတုံး.."

အသက်လေးဆယ်အရွယ် ရွာထဲကနီးဖြာသော ဦးကြူတ်... လမ်းမှာတွေ့တာနှင့် နှုတ်ဆက်၏။

"ကျွန်တော်ဆွမ်းချိုင့်လာပို့တာပါ..ဦးကြီးကရော.."



"ကျုပ်ကတို့စရာလေးလိုနေလို့ အကြော်သည်မဂျမ်းအိမ်ရှေ့က ...မ်းကစော့သီးလေးတွေ နည်းနည်းသွားတောင်းလာတာ.."

အစသိမ်းထားသည့် ခါးပုံစခပ်ဖောင်းဖောင်းကို ပုတ်ပြပြီးပြော ...၏၊

"ဦးကြီးတို့ ဟိုထန်းရည်သမားကြီး သီချင်းဆိုသွားတာ ကြားရဲ့ ...နဲ့ ဘာမှမပြောကြဘူးလား.."

"ကျားကြီးလား..သူ့ကိုတော့ဘေးမဲ့ပေးထားတော့တယ် မောင် ...ညရေ၊ ရွာထဲမှာနေတုန်းကလည်း မူးလာတိုင်းဆဲတာ..ကိုယ့်မိဘ ...တောင် ချမ်းသာမပေးချင်ဘူး.."

"ဟုတ်လား.."

"အေး..အဲ့ဒါကြောင့် သူ့ကိုရွာပြင်ထုတ်ထားတာပေါ့.."

"ဩော်..သူကရွာပြင်မှာနေတာလား.."

"ဟုတ်တယ်..ဇနီးသည်လည်းဆုံးသွားပြီ၊ သားလေးက ဆရာ ...ကျောင်းမှာလေ..ကိုရင်အဂ္ဂါဆိုတာသူ့သားပေါ့.."

ကြားရတာ စိတ်မချမ်းသာဖွယ်။ သို့သော် စိတ်ကထိုသူဆီပဲ ...ရောက်နေတာမို့ စကားစဖြတ်ပြီး မီအောင်လိုက်လာခဲ့မိ၏။

...ဒီဇမ္ဗူတစ်ခွင်မှာ...ယောသခင်ကြီးကို အစဉ်အမြဲသတိပြု ပါ...ဟီ ..ဟီ ဟီ...

...ဝမ်းနည်းစရာကောင်းလောက်အောင် တွေ့မြင်ရမှာ..အေ့ ...မိမ်အခြေမဲ့ ထန်းရည်မဲ့အောင်သာ...ဒီယောသခင်ကြီးကြောင့် ...ပြင်ထွက်ရတဲ့ မောင်ကျားကြီးမှာ....

"ကိုကျားကြီး.."

"ဟမ်.."

ဒီသီချင်းကိုပဲ ခေါက်တုံ့ခေါက်ပြန်ဆိုနေသော ကျားကြီးရဲ့အ ...သံနဲ့ ပျောက်သွားသည်။ ခြေလှမ်းပါရပ်၍ နားစွင့်၏။ ပြီးမှ ...ညဘက်ကို ခေါင်းစောင်းပြီးလှည့်ကြည့်ကာ.. ၊

"ဘာကောင်တုံးနင်က.."

"ရွာဦးကျောင်းက ကျောင်းသားပါ..ကျွန်တော်ဆွမ်းချိုင့်လာပို့ ...ခင်ဗျားသီချင်းကို ကြားပြီးစိတ်ဝင်စားလို့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟေ..ဟုတ်လား၊ ဟား ဟား ဟား..ငါ့သီချင်းကိုစိတ်ဝင်စား တာ ဟီး ဟီး..ဟေ့.."

ကျို့ထိုးပြီး ခေါင်းစိုက်လဲမတတ်ဖြစ်သွားသည်။ လဲကျမသွား အောင်ထိန်းရင်း ခြေနှစ်လှမ်းလောက် ဘယ်ညာနင်းရင်း ယိမ်းထိုး သွား၏။ ချမ်းညက ကျားကြီးရဲ့လက်ကိုဆွဲ၍ ထိန်းကိုင်ပေးလိုက်ပြီး ဘာမှသိမထားခဲ့သလိုမျိုး.. ၊

"တစ်ရွာလုံးက ကြည်ညိုလေးစားနေကြတဲ့ သူဌေးကြီးကို ကို ကျားကြီးက နာမည်တပ်ပြီးသီချင်းဆိုရဲတာ ကျွန်တော်အတော်အံ့ဩ နေတာဗျ.."

"ဟား..ကမ္ဘာပေါ်မှာ ကျားကြီးကြောက်တာဘယ်ကောင်မှ..မ အဲ ရှိတယ်၊ ငါကြောက်တာ ကျားလေး..အဲ့ဒီကောင်တစ်ကောင်ပဲရှိ တယ်.."

"ကျားလေးဆိုတာ ဘယ်သူတုံး.."

"ငါ့မိန်းမမွေးခဲ့တဲ့ ငါ့သား.."

တစ်ခုခုပြောတိုင်း အကျိုးမစေ့နိုင်သော ချွဲပြောင်ပြောင်နှင့် သူ့ရင်ဘက်ကြီးကို တဖြန်းဖြန်းပုတ်ပြတတ်ပြီး.. ၊

"ခုတော့ ဆရာတော်ကြီးကျွေးထားတဲ့ ငါ့သားပေါ့ကွာ..ကိုရင် အဂ္ဂါလေး..ဟီး ဟီး.."

"အခု ဘယ်ကိုသွားနေတာတုံး..ရွာထဲကတောင်ထွက်တော့ မယ်.."

"ငါ့အိမ်လေ..ငါ့ကိုရွာပြင်ထုတ်ထားတာ အဲ့ဒီသူဌေးကြီးပဲ..ဟီး အေ့.."

ရယ်ရင်း ကျို့ထိုးရင်းနှင့် ရယ်မှန်းငိုမှန်းတောင် မသိတော့။

"ငါ့ဟာငါ ကိုယ့်မိန်းမကိုယ်ရိုက်တာကွာ.."

ပုလင်းကိုကိုင်ထားသည့် လက်ကြီးဟိုထိုးဒီထိုးနှင့် လူကယို နေသေးသည်။ ထန်းရည်တစ်စက်နှစ်စက်လောက်ပဲရှိတော့သော လင်းလေးကို ခဏခဏနှုတ်ခမ်းမှာ တေ့မော့ပြီး ထိုတစ်စက်နှစ်စက် လောက်ကလည်း ကုန်ခမ်းသွားသည်မရှိ။ ဒီကြားထဲပုလင်းကို မြှောက်ကြည့်လိုက် ထန်းရည်အကပ်ကို ခလောက်ကြည့်လိုက်..



"နင်စဉ်းစားစမ်း..ငါ့မိန်းမကိုငါရိုက်တယ်၊ ငါ့အမေ့ကိုငါအော် တယ်..အေ့ အဲ့ဒါ..အဲ့ဒါကို ဘာဖြစ်လို့တုံး၊ မိန်းမဆိုတာ ခံရမှာပဲမ ဟုတ်ဘူးလား.."

ကျားကြီးစကားကြောင့် ချမ်းညပြုံးမိသည်။

"အမေဆိုတာလည်း..အေ့ အမေဆိုတာလည်း စော်ကားခံနိုင်တဲ့ ပါရမီရင့်သန်လို့ အမေဖြစ်နေတာ.."

"ဟား ဟား ဟား.."

"ဟင်..ရယ်တာလား၊ အေး ငါလည်းရယ်ချင်နေတာ..ဟား ဟား ဟား..ဟိုး ဟိုး..အေ့.."

ရယ်သံတွေ ဆူညံသွားသဖြင့် အိမ်တန်းပြန်ငှက်တို့ ဖရိုဖရဲထပျံ ကုန်ကြ၏။ မူးတဲ့သူက ထင်ရာပြောသည်။ မမူးတဲ့လူကလည်း ကြည့်မတတ်ပေးဖို့ မစဉ်းစား။ ကျားကြီးကို အမီလိုက်လာတာကိုက စပ်စပ်စုစုတွေ မေးမြန်းကြည့်ဖို့ဖြစ်ရာ.. ၊

"ကိုကျားကြီးက ဘာလုပ်လိုက်လို့ ရွာပြင်ထိထုတ်ခံရတာတုံး.."

"အဟီး..ငါထန်းရည်သောက်ဖို့မရှိဘူးလေ၊ ရောင်းဖို့ပေးဆို တော့ ဘာပစ္စည်းမှ မရှိတော့ဘူးတဲ့..အဲ့ဒါနဲ့ အမေ့ခါးကထမီကို ငါဘာသာချွတ်ယူတာ.."

"ဟင်.."

အံ့ဩသွားသည်။ ပြီးတော့ ငိုရခက်ရယ်ရခက်နှင့် ရယ်ချင်လာ တာ..

"ဟား ဟား ဟား ဟား.."

"ဟီး ဟီး ဟီး.."

နှစ်ယောက်သားအတူတွဲလျှောက်လာရင်း မြေစိုက်ခပ်ကုပ်ကုပ် တဲလေးတစ်လုံးကို လှမ်းမြင်လာရသည်။ ထိုနေရာမှ ညာဘက်ချိုး ချိုင် 'မမ္ဘအလင်းရောင်' ရွာဦးကျောင်းကြီးရှိနေကာ ဘယ်ဘက်ချိုး ချိုင်တော့ တောတန်းဖြစ်၏။ တောမဝင်ခင် မြေကွက်ကျယ်ကျယ် ကျစင်ကြီးနှစ်စင်အပြိုင်ကြီးထွားနေသော ကျားကြီးတို့တဲလေး ပေါ်းကျန်စွာတည်ရှိနေ၏။ တဲထဲထိ သူဝင်လိုက်သွားရင်း စကားစ မြည်ပြောဖြစ်ကြကာ ယောအိမ်တော်နဲ့ သူဌေးကြီးအကြောင်းတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက်.. ၊

"ဒီအဘိုးကြီးက သူများလင်မယားလုံးထွေးတာလည်းပါ..
များသားအမိ ထမီချွတ်တာလည်းလိုက်ကြည့် အေ့..အား အိပ်ချင်
ကွာ.."

နီးကြောဖျာလေးကျောတစ်နေရာစာ ခင်းထားသောဝါးကွပ်ပျစ်
မှာ ပစ်စလက်ခက် လှဲချလိုက်ပြီး ပုလင်းကိုတော့ မယိုင်လဲအောင်
ကိုင်ထားဆဲနှင့်.. ၊

"ယောအိမ်ကိုမုန်းတယ်..အဲ့ဒီအဖိုးကြီးကိုမုန်းတယ်၊ ငါရိုက်
လိုက်တိုင်း အော်တဲ့ဟိုကျီးကန်းမကိုလည်း မုန်းတယ်..နင်တွေးကြည့်
စမ်းပါ၊ သူ့ပါးလေးကို သုံးချက်လောက်ရိုက်တာ အော်စရာလား
ဟား အလကားမိန်းမ မယားစုတ် မယားပုံ..မယားအောက်တန်း
စား.."

တွေးစမ်းပါဆိုပြီး သူ့ဟာသူပက်လက်ကြီးကနေ စကားပြော
ရင်း အာတွေလျှာတွေ လေးလံလာသည်။ စကားသံတွေပြတ်တောက်
ပြတ်တောက်နှင့် နောက်ဆုံးမှာတိတ်ကျသွား၏။ ချမ်းညရယ်ရယ်
တဲကုတ်လေးထဲကနေ ပြန်ထွက်လာခဲ့သည်။ ပြီးတော့ ကိုယ့်အဖြစ်
ကိုလည်း ရယ်ချင်မိ၏။

ပေါင်းသင်းစရာရှားလွန်းလို့ ထန်းရည်မူးသမားကို မဟာ
တရား လက်ဆွဲမိတ်ဆက်ရတဲ့အဖြစ်.. ၊

ဒါပေမယ့် ခဏတဖြုတ်လေးကလည်း ပျော်စရာ.. ၊

☺

အခန်း(၁၅)

"အား.."

"ဝှစ်..ဘုတ်.."

"အား..နာတယ် အား.."

"နာအောင်ရိုက်တာ နာမှာပေါ့.."

ဆရာတော်ကြီးက ကြိမ်လုံးတဆဆနှင့် ဒေါသတွေကြီးနေ
တော..၊

"ပြောစမ်း..မှန်မှန်ပြောနော်၊ ဒီတစ်ခါမဟုတ်ပါဘူးထပ်ညာရင်
နင့်တင်ပါးကို နနွင်းနဲ့နယ်ရအောင် ရိုက်မှာ.."

ကြိမ်ရိုက်သံတဗြိုးဗြိုးနှင့် ချမ်းည၏အော်သံကြောင့် တစ်ကျောင်း
လုံးမှာရှိသမျှ ကိုရင်ကျောင်းသားတွေ အားလုံးအပေါ်ထပ်မှာ စုပြုံနေ
ကြ၏။ ချမ်းညကို တိုင်မှာဖက်ခိုင်းထားကာ.. ၊

"လက်ကိုနည်းနည်းမှ မလွှတ်နဲ့..တိုင်မှာပတ်ပြေးဖို့ မကြိုးစား
နဲ့၊ တင်ပါးတောင် လွဲမရှောင်နဲ့..သေသွားမယ်"ဆိုသော ဆရာ
တော့်ကြိမ်းဝါးသံကြောင့် ချမ်းညခြေတစ်လှမ်းတောင် မရွှေ့ရဲပေ။
ရှိသော်.. ၊

"တပည့်တော်က စကားပြောချင်လို့လိုက်သွားတာပါဘုရား..သူ
အိမ်ထဲထိခေါ်တာပါ၊ သူမူးပြီးအိပ်ပျော်သွားတာနဲ့.."

"လာပြန်ပြီလားချမ်းည.."

"တပည့်တော်မစားဘူးဘုရား..သူ့တဲထဲမှာ ဘာရှိမှန်းတောင်.."

"ပြော..စားတယ်လို့ပြောစမ်း.."

"ဝှီး..ဘုတ်.."

www.burmeseclassic.com

www.burmeseclassic.com



"အား..စားမှမစားတာဘုရာ့.."

"တော်..တိတ်.."

"အရှင်ဘုရား.."

ကြိမ်လုံးကို ထပ်မြှောက်လိုက်လျှင် ကပ္ပိယကြီးနဲ့ဦးသူတော်တ ရောက်လာပြီး လက်အုပ်ချီခေါင်းငုံ့လျက်.. ၊

"တပည့်တော်လျှောက်တင်ပါရစေဘုရား..ကျားကြီးရဲ့ တဲကု လေးက လယ်စောင့်တဲထက်တောင် ယိုင်နဲ့ပါသေးတယ်.."

"အဲ့ဒီတော့ ဘာဖြစ်တုံး.."

"သူ့ဟာသူမူးရူးနေတဲ့လူက တစ်နေ့ထမင်းတစ်နပ်တောင် ပုံမှ မစားတာ သူ့ထမင်းအိုးထဲက ကောက်ကြီးဆန်ထမင်းနဲ့ဝက်ပျို့သာ အချိုချက်ကို ချမ်းညစားသွားပါတယ်ဆိုတာ လီဆယ်တာပဲဖြစ်မှ ပါ.."

"ဒါလီဆယ်စကားဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားဆိုတာ ငါက သိဘူးမှတ်နေလို့လား.."

ကပ္ပိယကြီးက လက်အုပ်ချီထားသည့်လက်နှင့် မျက်နှာကွယ ထားလျက် မရဲတရဲမော့ကြည့်ကာ.. ၊

"ဒါ..ဒါဆိုလည်း ချမ်းညကို.."

"ရိုက်ရမယ်..သူများဝိုင်းထဲထိ အိမ်လိုက်လည်တဲ့ခြေထောက်ပ ကျိုးအောင်ရိုက်မယ်၊ နောက်မသွားရဲအောင် ဒဏ်ရာကြည့်မိတိုင် ကြက်သီးထနေမှ.."

"ထနေပါပြီဘုရား.."

"ဘာ.."

"နောက်ပြန်တွေးပြီးမှမဟုတ်ပါဘူး..ခုကိုပဲကြက်သီးရော ဒ သီးရောထနေပါပြီ.."

ကြည့်စမ်း.. ၊

ချမ်းညအကျယ်ကြီး ထအော်သည်။ မျက်ရည်တစ်စက်မှ ထွက်ဘဲ ရှုံ့မဲ့အော်နေသည့်ပုံက ဆရာတော်ကြီးရဲ့ဒေါသကို အတော မသတ်နိုင်အောင် ဖြစ်နေစေလျက်.. ၊

"အေး..ကြက်သီးဘဲသီးတွေ ထနေပြီဆိုတော့ ဝက်သီးကျ



တယ်၊ ကိုင်း.."

"ဗိုး..ဘုတ်.."

"တယ်..ဒီတင်ပါးသံကြားရတာ ငါကြားနေမကျပါလား..ကပ္ပိ ."

"ဘုရား.."

"သင်းရဲ့ပုဆိုးသွားချွတ်စမ်း.."

"ဟာ..အဲ့လိုမလုပ်ပါနဲ့ဘုရား၊ တပည့်တော် ရှက်လို့ပါ.."

တိုင်ကိုဖက်လျက်သားနှင့် တစ်ပတ်လည်အောင် ဘေးတိုက်ရွှေ့ ကျောင်းသားတွေ သွားကြီးတွေအဖြီးသားနှင့် ကိုယ့်ပါးစပ်ကိုယ် တဲ့သူကပိတ် နောက်ဆုတ်ကွယ်၍ တခိခိရယ်သံတွေလည်း ။ ချမ်းည ဘယ်လိုမှ မရှောင်သာတော့ဘဲ ဝိုင်းချုပ်ခံလိုက်ရကာ ထဲမှာ နောက်ထပ်ပုဆိုးတစ်ကွင်း ထပ်ခေါက်ခံထားခြင်းကို တော်မြင်သွားလေသည်။

"လာစမ်း..လာစမ်း ဒီလောက်တောင်.."

"ဗိုး..ရှမ်း.."

"အား..နာတယ် သေပြီဘုရား..အား.."

"ရှမ်း.."

"အား.."

ရိုက်သံတစ်ချက်မှာ အော်သံကသုံးကြိမ်လောက်ရောထွေးနေ နေ့လည်ပိုင်းမှာတော့ ချမ်းညမထိုင်နိုင်မထနိုင်ဖြစ်ရှာ၏။

"ကောင်းတယ်..ထန်းရည်မူးသမားနဲ့သွားပြောချင်ဦးပေါ့.."

မှောက်လျက်ကြီးညည်းညူနေသည့် ချမ်းညရဲ့ဒဏ်ရာတွေကို းနဲ့ နလင်ကျော်လိမ်းပေးနေရင်း ကရုဏာဒေါသတွေနှင့် တောက်တောက် ပြောလို့မဆုံး.. ၊

ရိုက်ခံရတာမြင်ကတည်းက စိတ်မချမ်းမသာဖြစ်နေရခြင်းသည် သည့်အတွင်းသားပေါ်က သွေးခြည်ဥဒဏ်ရာတွေကို မြင်ရ ပိဆိုး၏။ ဒါတောင် မောင်မင်းကြီးသားက မျက်ရည်တစ်စက် သည့်ပြင် ရှုံ့မဲ့ပွတ်သပ်ရင်း ညည်းသာညည်းနေသည့် ရယ် း ရယ်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဇကေန္တဒီလူ သူစားချင်တာတွေစိတ်ကူးပြီး ကျွန်တော့်ကိုလ
ကုန်းချောသွားတာ ဦးသူတော်သိလား.."

"ဘာတုံး..အရိုက်ခံရတာကို ပျော်နေတာလား.."

"အဟွန်း.."

ပြောကာမှ သွားကြီးအဖြီးသားနှင့် ရယ်လိုက်သေးသည်။ ဟ
ကယ်ဆို ဒီလူကုန်းချောတတ်ပါဘိဆိုတဲ့ ဒေါသနဲ့ 'နောက်မပတ်
သက်တော့ဘူး စကားမပြောတော့ဘူး'စတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်
လာသင့်တာကို.. ၊

"ပျော်လို့မဟုတ်ဘူးဦးသူတော်ရ..တကယ်တော့ သူ့အိမ်လိုက်
သွားပြီး စကားပြောနေခဲ့တာက တမင်အချိန်ဖြုန်းနေတာပါ.."

"ဘယ်လို.."

ဦးသူတော်က ဆေးဖျော်ထားသည့်စဥ့်အင်တုံသေးသေးလေးကို
ဘေးချထားလိုက်ရင်း ပေနေသည့်လက်ကိုဒီတိုင်းထောင်ပြီး ပေါ်
ပေါ်တင်ထားလျက်နှင့်.. ၊

"ငါသိပြီ..သူဌေးကြီးက အုတ်ဖုတ်လုပ်သားစုနေတယ်ကြားလို့
မို့လား၊ မလိုက်ချင်လို့ ရောဂါရှာတာ.."

"အဟဲ.."

"နင်ပဲ ရွာထဲမှာတရင်းတနီးဝင်ထွက်ချင်တယ်..သူဌေးကြီးရဲ့
သားစုနဲ့လည်း ရင်းနှီးချင်လှဆို.."

"ဘာဆိုင်လို့တုံး..အုတ်ဖုတ်တဲ့ကွင်းကြီးက ရွာပြင်မှာလေ၊ အ
ဂန္ထုကိုယ်တော်တွေနဲ့ ဦးပဥ္စင်းတွေသီတင်းသုံးဖို့ဆောက်မှာက ရေ
ဆောင်တွေမနည်းမနော အုတ်ချပ်တွေဘယ်လောက်ထွက်အောင်
ဖုတ်ရမလဲပဲ.."

"အကုန်လုံးနင်တစ်ယောက်တည်း လုပ်ရမှာမှမဟုတ်ဘဲ.."

"ဟုတ်တယ်..ဒါပေမယ့် သူတို့ခုချိန်ထိ ရွှံ့မနှပ်ရသေးဘူး.."

"နှပ်ပြီးပါပြီ..မနှပ်သေးတာ၊ နေစမ်းပါဦး နင်ကဒါတွေလည်း
သိတာပဲလား.."

"သိတာပေါ့..သွားကြည့်ထားတာကိုး.."

မဟုတ်သေးပါဘူးလို့ တွေးလိုက်မိသည်။ အလုပ်လုပ်မယ့်မ



ကို တစ်ချက်လေးသွားချောင်းကြည့်ရုံနဲ့ ဒီလိုအလုပ်စကားတွေ
နိုင်မလား.. ၊

"ငါတော့နင့်လောက်ပျင်းပြီး နင့်လောက်လတ်လျားလတ်လျား
နေချင်တဲ့လူမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်.."

"ပျင်းတာမဟုတ်ပါဘူးဦးသူတော်ရာ.."

"ဒါဖြင့်ဘာတုံး.."

"မလုပ်ချင်လို့ပါ.."

"ဘာထူးတုံးချမ်းည..စကားတတ်တိုင်း လျှောက်ပြောမနေနဲ့.."

"ထူးတာပေါ့..မလုပ်တတ်တာနဲ့ မလုပ်ချင်တာကမတူဘူး..ပျင်း
တာနဲ့ဖျင်းတာနဲ့လည်း ကွာတာပဲ၊ မလုပ်တတ်တာရယ် မလုပ်ချင်
တာရယ် ပျင်းတာရယ် ဖျင်းတာရယ်အားလုံးထဲမှာမှ မလုပ်ချင်လို့မ
လုပ်တာ.."

"ဟော့..မလုပ်ချင်လည်း လုပ်ရမယ်၊ ခုထွက်လာခဲ့တော့.."

ဟင်.. ၊

ပြောရင်း အခန်းဝမှာပေါ်လာသည့် ဆရာတော်ကြီးကိုမြင်လိုက်
ရချင်း ဦးသူတော်ပျာပျာသလဲ ဖြစ်သွားသည်။ ချမ်းညကပြေလျှော့
နေသည့်ပုဆိုးကို ကမန်းကတန်းပြင်ဝတ်ပြီး သင်ဖြူးပေါ်မှာဒူတ်
ထုတ်လာထထိုင်၏။ ပြီးတော့ဆရာတော်ကို ဝတ်ပြုလိုက်ရင်း.. ၊

"ဘာလုပ်ရမှာတုံးဘုရား.."

"သူဌေးကြီးအိမ်တော်ကလူတွေ ရွာထဲမှာတစ်အိမ်တက်ဆင်း
လိုက်ခေါ်နေတယ်..တစ်အိမ်တစ်ယောက်အုတ်ဖုတ်တဲ့ကွင်းထဲကို
လိုက်ဖို့၊ အဲ့ဒီတော့ ငါကျောင်းကမင်းလိုက်ရမယ်.."

ချမ်းညမျက်နှာ ရှုံ့မဲ့သွားသည်။ ပြီးတော့ နားစပ်ကိုပွတ်ရင်း
မျက်နှာငုံ့လိုက်ကာ.. ၊

"တော်တော်ရက်စက်တဲ့ဘကြီးဘုန်းကြီး.."

"ဘာပြောနေတာတုံးဒါက.."

"တော်တော်ဒုက္ခပေးတဲ့နားလို့ ပြောတာပါဘုရား..ယားလွန်း
လွန်းလို့.."

မဆိုင်းမတွလျှောက်တင်ပြီး နားကိုပို၍ပွတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ပြန်မေးကာ.. ၊

"တပည့်တော်ခုထိ ဖင်နာနေတုန်းပဲဘုရား.."

"လက်နဲ့လုပ်ရမှာ နင့်ဖင်တွေသွေးစုနာပေါက်နေလည်း မ

ဘူး.."

ပြောပြီး ဦးသူတော်ဘက်ကိုလှည့်ကာ.. ၊

"သူတော် သူ့ကိုကွင်းထဲလိုက်ပို့လိုက်.."

သူကောင်းသားက သိပြီးသားကို။ ဦးသူတော်က ငဲ့ကြည့်ပြီ

သက်ပြင်းချကာ.. ၊

"အရှင်ဘုရား..ချမ်းညကိုခုပဲ ဒဏ်ရာတွေဆေးထည့်ပေးနေတ

ဘုရား.."

"ခုထည့်ထည့် မနေ့ကပဲထည့်ထည့် မသက်သာရင်ဟိုမှာ ထ

လိမ်းလို့ရအောင် ဘူးနဲ့ထည့်ပြီး ခါးမှာချိတ်ပေးလိုက်.."

ဆရာတော်က ပြတ်ပြတ်ပြောပြီးလှည့်ထွက်သွား၏။ ဦးသူ

တော်က လှည့်ကြည့်လိုက်ပြီး ပြုံးမဲ့မဲ့ကြီးမေးဆတ်၍.. ၊

"ကြားတယ်နော်.."

"ကြားပါတယ်..ကျွန်တော့်ကိုအဖေတို့ရော သူရရော လက်နဲ့

ရွယ်ခဲ့ဖူးဘူး၊ ဘဘုန်းကရိုက်လည်းရိုက်သေး..ခိုင်းလည်း.."

"ချမ်းည.."

"ဘုရား.."

ဆရာတော်အသံက အောင်မြင်ခန့်ညားစွာ ထွက်ပေါ်လာပြ

ကာ..၊

"ထမင်းမစားရသေးရင် စားထား..လူစုသံကြားတာနဲ့ လို

သွားရမယ်၊ သူတော့်ကိုငါခိုင်းစရာရှိတာ ခုမှအမှတ်ရလို့.."

ချမ်းညခေါင်းကို လက်တစ်ဖက်နဲ့တဗျင်းဗျင်းကုတ်ဖွလုပ်

ရင်း ရှုံ့မဲ့လျက်.. ၊

"ရွာထဲက လူတွေကိုပဲခေါ်တာ ဘုန်းကြီးကျောင်းကလူ

လိုက်စရာကျလို့.."

"ဘာတုံး..ဘာပြောလိုက်တာတုံး.."

"ခုပဲသွားမယ်လို့ပြောတာပါဘုရား.."



ဆရာတော်က အပြင်ကွယ်ရပ်ကနေ ပြုံးသည်။ ပြီးတော့ လက်

နောက်ပစ်ရင်း လှည့်ထွက်သွားခဲ့၏။ တစ်ခုခုမကျေမနပ်

သွားပြီဆို ပွစိပွစိရေရွတ်တတ်ကာ ဘာလဲကောက်မေးလိုက်တိုင်း

ဆင်ခြေတစ်ခုခု မဆိုင်းမတွထွက်လာတတ်တာ ချမ်းည.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ကွင်းထဲရောက်သည်နှင့် ထန်းရည်မသောက်ရသေးသော ကျားကြီးနဲ့ဆုံလေသည်။ နှစ်ယောက်မျက်နှာချင်းဆိုင်မိသည် ... ချမ်းညစိုက်ကြည့်လျှင် ကျားကြီးမျက်နှာလွှဲမလိုဖြစ်သွား၏။ ပြီး ... ပြန်လှည့်ကြည့်ပြီးရယ်ပြကာ.. ၊

"မင်းရောလာလုပ်တာလား.."

"ခင်ဗျားကရော ဘာကိစ္စ.."

"ငါကအလုပ်လုပ်ဖို့လေ..သူဌေးကြီးက ဒီမှာလာလုပ်ခိုင်းတာ ... ဘယ်သူ့ကိုမှ အလကားမခိုင်းဘူး၊ ပိုက်ဆံပေးတယ်.."

ပြောပုံက မနေ့တုန်းက အော်ကြီးဟစ်ကျယ်တွေအတင်းတုပ်နေ ... တာ သူမဟုတ်သလိုလို.. ၊

"မင်းကဘုန်းကြီးကျောင်းမှာ အငြိမ့်သားနေရရဲ့သားနဲ့.."

"အဲ့ဒါ ခင်ဗျားနဲ့ဘာဆိုင်တုံး.."

"မင်းက ငါ့ကိုမကျေနပ်နေတာလား.."

"ထမင်းနှစ်ရက်လောက်မစားနိုင်အောင် ထိုးပစ်ချင်သေးတာ.."

ကျားကြီးက စပ်ဖြဲဖြဲဖြစ်သွားပြီး နပ်ထားသည့် ရွံ့ပုံကြီးဆီ ... တူတူ လျှောက်လာကြရင်း.. ၊

"ငါတောင်းပန်ပါတယ်ကွာ..အိပ်ရာကနိုးတော့ ငါတအားဆ ... လာတာနဲ့ စားစရာကလည်းမရှိတော့ ကျောင်းကိုပြေးခဲ့တာ.."

"အဲ့ဒါ ခင်ဗျားတောင်းစားရင် ဆရာတော်ကမကျွေးမှာမို့ ... လား.."

ချမ်းညစိတ်တိုနေမှန်းသိသောကြောင့် ကျားကြီးကရင်းနှီးသ ...



... ရယ်သွမ်းသွေး၏။

"မင်းကလည်း.."

"ဟော့..ဟိုနှစ်ယောက်ဘာလုပ်နေကြတာတုံး.."

မြှားသားတွေစုရုံးနေသည့် အရပ်ဆီမှ ခပ်ပုပုဖိုင့်ဖိုင့်အသားဖြူဖြူ ... ကြီးတစ်ယောက်က လှမ်းခေါ်၏။ ချမ်းညက လှည့်ကြည့်လိုက် ...

"အဲဒါဘယ်သူတုံး.."

"အိမ်တော်က အကြီးအကဲတစ်ယောက်ပဲ..ဒီမှာချမ်းည မင်းဘာ ... မသိဘူးမို့လား၊ အဲ့ဒီတော့ ငါ့ကိုဒေါသထွက်နေလို့ အကျိုးမရှိဘူး ... ဟီး ဟီး.."

ပြောပြီး သူ့လက်ကိုဆွဲလိုက်ကာ.. ၊

"လာပါ..အလုပ်သွားလုပ်မယ်..ဒီလိုနေ့မျိုးမှာမှ အိမ်တော် ... ပြီး ထမင်းစားခွင့်ရတာကွ.."

ဟင်.. ၊

ချမ်းညခေါင်းထောင်သွားသည်။

"အိမ်တော်မှာများကွာ အဆီစိုစိုအသားစိုစိုနဲ့ ဟင်းရွက်ကြော် ... တောင်မှ အညွန့်အဖူးလေးတွေနဲ့ ပုဇွန်စိပ်လေးတွေ ငါးဥလေး ... ရောနှောပြီး..ရှလွတ်.."

အားပါးတရပြောပြီး နှုတ်ခမ်းသပ်နေတာကို ချမ်းညစိတ်မဝင် ... .. ၊

"ပြောပါဦး..အိမ်တော်မှာ ထမင်းစားရတယ်ဆိုတာ ဘယ်လိုမျိုး ... ယာအိမ်တော်ထဲကို ဒီကအလုပ်သမားတွေ အကုန်လုံးဝင်နေရ ... ဟုတ်လား.."

"အေးလေ..အိမ်တော်ကြီးထဲတော့ ဘယ်ဟုတ်မတုံး၊ ဘေးမှာ ... လောင်းစင်ကြီးရှိတယ်လေ..သံဃာတော်တွေကို ဆွမ်းဆေးအစ ... ပြင်ဆင် လှူဒါန်းဖို့ ဆွမ်းလောင်းစင်ပေါ့၊ ရွာမှာတော့ တို့ဆရာတော် ... ကျောင်းပဲရှိတယ်ဆိုတော့ ကျောင်းရှိသံဃာတွေပဲလေ..ဆွမ်းလောင်း ... အသုံးပြုရတယ် သိပ်မရှိဘူး.."

"အဲ့ဒီမှာ ကျွန်တော်တို့ထမင်းစားရမှာလား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..သူဌေးမိသားစုက အလှူအတန်းလုပ်ရင်လည်း ရွာသားတွေကို အဲ့ဒီမှာပဲ ကျွေးမွေးတာ.."

ချမ်းညစိတ်ဝင်စားသွားပါပြီ။ လူနှစ်ဆယ်သုံးဆယ်လော အားကျိုးမာန်တက် လုပ်ကိုင်နေကြပေမယ့် သူလှုပ်ရှားမှုတွေက နွေးလျက် မြပုခက်ကြိုးဆိုသည့် မင်းသမီးမျက်နှာလေးက တဝဲဝဲ

ရေတွေနဲ့စိုကပ်နေသည့် သူမရဲ့ယဉ်တစ်ကိုယ်လုံးကို သူမွေ ရသည်။ ပင့်သက်လွတ်ရှုံမျက်နှာအကွာအဝေးနှင့် မျက်လုံးချင်းဆုံ စကားတွေလည်း ပြောခဲ့ရသည်။

"မောင်မင်းက ဘာလုပ်နေတာတုံး.."

"ဗျာ.."

ပြုံးတုံ့တုံ့မျက်နှာကို မျက်မှောင်ကုတ်နှင့်မေးရင်း ကိုဘစိုး အနားလျှောက်သွား၏။ ချမ်းညကိုသူမသိပေ။ ဒါပေမယ့် ရွာသား တွေထဲမှာ တစ်သွေးတစ်မွေးပေါ်လွင်နေသော မဟာနဖူးပြေပြေ ချမ်းညက သန့်ပြန့်ကြည်စင်နေရာ.. ၊

"မင်းက ဧည့်သည်လား.."

"မဟုတ်ပါဘူး.."

ဘစိုးမျက်မှောင်ကုတ်သွားကာ.. ၊

"မင်းကို ငါမမြင်ဘူးပါလား.."

ချမ်းညစိတ်ထဲမှာ ချဉ်သွားသည်။ ဒီလူက အိမ်တော်ကတ ယောက်ယောက်လားလို့ တစ်ချက်တော့ စဉ်းစားမိပေမယ့်.. ၊

"ဟုတ်မှာပေါ့..လူသစ်ရောက်လာတာနဲ့ သစ်ကိုင်းမှာချိတ် ရွာသားတွေလာကြည့်ဖို့ ယောသူဌေးကြီးက မောင်းထုသင့်တာ.."

"ပြောတော့ ဧည့်သည်မဟုတ်ဘူးဆို.."

"ဧည့်သည်မှမဟုတ်ဘဲ ကျွန်တော်ကဒီရွာမှာနေမယ့်သူ.."

ဘစိုးက အုတ်စီမယ့်ခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် ဒီကွင်း ထဲမှာ ကြီးကြပ်သည့်ယောအိမ်တော်က လူကြီးတစ်ယောက်က မ လျှင် သူပဲလူကြီးလုပ်နေခဲ့တာဖြစ်၏။

"မောင်ရင်က စကားပြောတာဂျွတ်ဆတ်ဆတ်ပါလား..မင်းဒီမှ အလုပ်ကြမ်းလုပ်ဖို့ လာတာမဟုတ်ဘူးလား၊ ကျုပ်က ဒီကွင်းထဲမှ



ခေါင်းဆောင်ပဲ.."

"ဟမ်.."

ချမ်းညက တမင်ပြုံးတူးပြဲတဲပုံစံကြည့်ကာ.. ၊

"ကွင်းပိုင်ကြီးပေါ့.."

ဘစိုးမျက်နှာနီသွားသည်။ ချမ်းညက ခြေဆုံးခေါင်းဆုံးကြည့် ဆဲနှင့်.. ၊

"ကျုပ်တို့ရွာလူကြီးတွေ အရက်နဲ့ကြက်သားဟင်းနဲ့ တင် ကျက်နေတာ သရဲကြီးမှတ်လို့..ခုတော့.."

"ဟိတ်ကောင်.."

ဘစိုးက ချမ်းညရင်ဘက်ကို ဆောင့်တွန်းလိုက်သည်။ နောက် ခြေတစ်လှမ်းယိုင်သွားပေမယ့် ချမ်းညကရယ်လိုက်ရင်း ရင်ဘက် လက်ဖျားနဲ့ခါထုတ်နေလျက်.. ၊

"ပါးစပ်နဲ့မနိုင်ရင် လက်ပါတတ်တာ ဘာနဲ့တူလဲသိလား.."

"ဘာပြောတယ်..မင်းဘာပြောလိုက်တယ်.."

"ဟော့..ဟိုမှာ.."

"ဘစိုးရေ.."

"ဟိုကောင်လေးနဲ့တော်ရေ..ဆရာတော့်တူ.."

ကွင်းထဲမှာ ရှုတ်ရှုတ်သဲသဲဖြစ်သွားသည်။ ဘစိုးကတက်ခေါက် 'ကောင်နဲ့အတူ မလုပ်ချင်ဘူး' ဟု ကြုံးဝါး၏။ အုတ်စီသူက ရေးကြီးဆုံးမို့ တခြားလူတွေက ဘစိုးကိုပဲဖျောင်းဖျတောင်းပန်နေ ကြကာ.. ၊

"ချမ်းညရာ..ပြဿနာမရှာစမ်းပါနဲ့၊ အုတ်စီမရှိလို့ သူ့ကိုမနည်း ပြောရတာကွ.."

ရင်းနှီးနေသည့် ရွာသားတချို့က သူ့နားလာညည်းကြ၏။ ချမ်းညက အောက်မေးဖျားခပ်လှုပ်လှုပ်နှင့် မထိတထိပြုံးကာ.. ၊

"ငကန်းသေရင် ငဆွေပေါ်လာမှာပဲ.."

"ဟော..ဟော ပြောနေရင်းရန်စကားနဲ့ ထောက်ပြန်ပြီ.."

ထိုနေ့က ဘစိုးအစောကြီးပြန်သွားကာ ကျန်သည့်ရွာသားတွေ လုပ်ပျက်မှာပါ ကြောက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အုပ်စီတဲ့လူက ဒီနေ့လာဖို့မှမလိုတာ..ဒီလူကကျွန်တော်နဲ့ ရ
ဖြစ်အောင်တမင်လာတာ.."

ထမင်းစားချိန်ရောက်တော့ ဦးသူတော်ကထမင်းစားလာခေါ
သည်။ ဖြစ်ခဲ့သည့် ပြဿနာကိုကြားတော့ သူ့ကိုပဲအပြစ်တင်၏။

"မင်းဘယ်လိုတုံ့ပြန်လိုက်တယ်ဆိုတာလည်း ငါမကြားလိုက
ပေမယ့် သိတယ်ချမ်းည..မင်းဟာက ကြက်ခေါင်းဆိတ်မှ မခံဘဲ.."

"ဦးသူတော်နော်..မညစ်ပတ်နဲ့.."

"ဟင်.."

"ခေါင်းဖြစ်ဖြစ် ဘယ်ဖြစ်ဖြစ် မခံနိုင်တဲ့နေရာကိုဆိတ်ရင် ဘယ
သူမှ မခံဘူး.."

ကိုယ့်စကားကို ကိုယ့်ဘာသာတောင်ဘယ်လိုပြောလိုက်မိမှန်း
ရုတ်တရက်မသိ။ တွေးမိလိုက်ကာမှ.. ।

"ငါဆိုးရိုးကိုပြောတာ ဘာလို့အထအန ကောက်နေတုံး..လူဆို
တာ သူများရွာမှာ ကြက်.."

"သူများရွာမှာကြက်မ..ကိုယ့်ရွာမှာကြက်ဖလို့ ပြောမလို့လား။
အဲ့ဒါ လုံးဝမှားတယ်ဦးသူတော်..လူကြီးတွေပြောဖူးတယ်လေ 'မ'ဆို
တာခံဘက်ကချည်းပဲတဲ့၊ သူများရွာသွားကာမှ ကြက်မဖြစ်ရရင်
ဘယ်လိုလုပ်ရမတုံး.."

"ဟာ..ဒီကလေးတော့.."

"ဦးသူတော်ပဲစဉ်းစားကြည့် 'နဂါးမှန်းသိအောင် အမောက်
ထောင်ပြရတယ်'ဆိုတဲ့ စကားကျတော့ဘယ်သွားထားမလဲ..ကဲ.."

"နင်အဲ့ဒါတွေ တန်းစီရှုတ်ပြမနေနဲ့လေ..ရှေးဆိုရိုးဆိုတာ.."

"အခြေအနေ အချိန်အခါအလိုက် သတိမလစ်အောင် ဆုံးမသ
တိပေးခဲ့တာတွေပါ.."

"အေးပါ..နင်ပဲပြော.."

"ဟုတ်တယ်လေ..အမြဲတမ်းပဲ၊ သူများရွာသွားတိုင်း ကြက်မဖြစ်
နေရရင်.."

"ကဲ..ကြက်မကိစ္စကြီး တော်ပါတော့.."

"ဒါဆို ထမင်းစားလာခေါ်တဲ့ကိစ္စကို ဆက်မယ်.."



"ဘာရယ်.."

ကွင်းထဲက အလုပ်သမားတွေ တစ်ဝက်လောက်ကျောင်းကိုပါ
ကြသည်။ ထိုတစ်ဝက်လောက်ထဲမှာ ချမ်းညပါလာခဲ့ခြင်း
လို့.. ।

"ကျွန်တော်က ယောအိမ်တော်က ထမင်းဟင်းမစားထိုက်လို့
.."

"အေး..အဲ့လိုပဲမှတ်လိုက်တော့.."

ဦးသူတော်က ခပ်ငေါ့ငေါ့ဖြေပြီး လမ်းမြန်မြန်လျှောက်၏။ ချမ်း
က အမီလိုက်၍.. ।

"ဦးသူတော် အခုကျွန်တော့်ကိုယောအိမ်တော် ပါသွားမှာစိုးတာ
ဒီလူတွေကိုပါ 'မ'လာရတာလား.."

စိတ်မရှည်တော့သလို လှည့်ကြည့်လာသည့် မျက်လုံးတွေနှင့်အ
.. ।

"ဘာမှမသိဘဲ ထင်သလိုတွေးနေပြီးလျှောက်မေးနေတယ်..
ဖုတ်ပြီဆိုရင် ယောအိမ်တော်က အလုပ်လုပ်တဲ့လူတွေကို ကျွေး
ယ်၊ ဒါပေမယ့် ဆရာတော်ကလည်း ကျောင်းမှာဆွမ်းကွမ်းတွေ
ပျံ့နေတာမို့လို့ တာဝန်မျှယူတယ်..တို့ရွာမှာ လူကြီးတာဝန် ရွာသား
ဝန်ဆိုတာ မခွဲထားဘူး.."

'တော်ပါတော့ အဲ့ဒါတွေလည်း နားရည်ဝနေပါပြီ'ဆိုသည့်
ကားသံကို မျက်လုံးကနေပို့လွှတ်ပြီး ချမ်းညခေါင်းတစ်ချက်
တ်၏။ သူ့ခေါင်းထဲမှာ တွေးနေတာက နောက်နေ့မှာယောအိမ်
တော်ကို အပါလိုက်နိုင်ဖို့.. ।

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

"ရွှံ့တွေမကိုင်ချင်ဘူး.."

"ဒါဆို ကက်သယ်ဖို့တာဝန်ယူလိုက်.."

"ကက်သယ်ရတာလည်း တစ်မနက်လုံးပဲ.."

ဒီရွှံ့တွေမကိုင်ချင်လို့ ရှောင်ရှားနေခဲ့တာကို ဒါပဲပြန်ကိုင်ရဖို့ဖြစ် လာတော့ ချမ်းညအပြုတ်အသတ်ငြင်းသည်။ အုတ်ရိုက်သည့်မတင် ဝင်းနဲ့ဦးညွန့်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။

ဒီကောင်လေး ဒီတစ်မနက်လုံးဟိုလျှောက်ဒီလျှောက် ဟိုဟာ လေးကိုင်ပြန်ချ ဒါလေးကိုင်ပြီးခေါင်းခါနှင့် ဘာမှလည်းမယ်မယ်ရရ လုပ်တာမမြင်။ ဒါပေမယ့် တခြားလူတွေအပြစ်မြင်မှာစိုးလို့ သူတို့ လင်မယားဘာမှမပြောဘဲကြည့်နေခဲ့တာပါ။ မတင်ဝင်းကိုယ်တိုင် ကလည်း သမီးအမွှာပူးလေးပဲရှိခဲ့တာမို့ သားယောကျ်ားလေးဆို ရူ သွပ်ရှာ၏။

ချမ်းညဆိုတဲ့ကောင်လေးကလည်း 'မင်းသရုပ်(မင်းသားရုပ်) လေးတော် ချောလိုက်တဲ့ကလေး'လို့ ချမ်းညကို လှမ်းကြည့်မိတိုင်း ပြောနေတတ်သည်။

"ယောမင်းသမီးရဲ့ ဖူးစာရှင်လာနေပြီဆိုတာ ဘယ်လိုကြင်အင် လက္ခဏာမျိုး ရှိမလဲတော့မသိဘူး..မင်းသမီးနဲ့ထိုက်တန်တဲ့ ဖူးစာရှင် ကတော့ ဒီကလေးမျိုးပဲဖြစ်သင့်တာ.."လို့ ရှေ့ရေးနောက်ရေးတွေပါ တွေးပေးနေသေးသည်။

"ချမ်းညရေ..ဒီကိုလာဦးဟေ့.."

မခိုင်းရက်သည့်ဇနီးမောင်နှံနှင့် မလုပ်ချင်သည့်ချမ်းညတို့ ပြိုင်



လှည့်ကြည့်လိုက်မိသည်။ မနက်ဆယ့်တစ်နာရီနေက အပူရှင့် ပြီဖြစ်ကာ အုတ်လှန်းသည့်နေရာက ရွာသားကလက်ယပ်ခေါ် ကိုရင်း.. ।

"လာ..ဝိုင်းလှန်းပေးပါဦး.."

ချမ်းညက နေပူပြင်ကိုလှမ်းကြည့်ပြီး မဆိုင်းမတွခေါင်းခါ၏။

"ကျွန်တော်ကနေပူထိရင် ခေါင်းမူးတတ်တယ်ဗျ.."

"အောင်မလေးကွာ..ပင်ပန်းလာရင်တော့ ခေါင်းမူးကြတာပါပဲ၊ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်ပြီး မင်းသားလုပ်နေလို့မရဘူး..လာပါ ကွာ.."

"အေးလေ..ချွေးထွက်များလာရင် ခေါင်းမူးကြတာပဲဟာ.."

"ကျွန်တော်က ချွေးမထွက်လည်းမူးတယ်..မပင်ပန်းလည်းမူး တယ်၊ နေပူပူတော့ မခေါ်နဲ့ဗျာ.."

ယောကျ်ားတန်မယ့် လက်ကြောမတင်းရခြင်းအကြောင်းတွေကို ကျယ်တဝင့်အော်ပြောနေသဖြင့် အမျိုးသမီးတွေနဲ့ ရွာသားတချို့က ပ်ကြ၏။ သူ့ကိုတော့ ဒေါသထွက်ဖို့ထက် ရယ်စရာဟာသမြောက် သလိုပဲ ယူဆကြကာ ပြောဆိုကဲ့ရယ်တဲ့သူ မရှိသလောက်ရှားသွား တာဖြစ်သည်။

ထို့ပြင် ဒီကွင်းထဲမှာ အမျိုးသမီးဆိုလည်း အပျိုရွယ်လေးမပါ ဇနီးမောင်နှံတွေ စုံတွဲလိုက်လာလုပ်ကြတာမျိုးသာရှိကာ၊ အား ပါးက ချမ်းညကို အချိန်တိုတိုအတွင်းမှာပဲ နားလည်ပေးနိုင် တာဖြစ်သည်။

ဒီကောင် ဘာကောင်လဲ.. ।

အုတ်စီသည့်နေရာက ဘစိုးကတော့မကျေနပ်ပေ။ ချမ်းညဆိုတဲ့ ဂေါ် ဘယ်နေရာမှာဘယ်လိုချစ်မွေးပေါက်ရောက်နေသလဲ မ မယ့် သူကတော့မချစ်နိုင်.. ।

"တွေ့လားဘစိုး..ဒီကောင်လေးချစ်မွေးကို ပါတာကွ.."

ဒါကိုတွေးပြီး စိတ်တိုနေတုန်း ကိုချမ်းသာကအနားရောက် ပြီး ပြောလိုက်တော့ မီးလောင်ရာလေပင့်.. ।

"သူ့ဟာသူဘာမွေးပဲပါပါ..ကျုပ်ကတော့ ကြည့်လို့မရပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကလေကချေ ခြေသလုံးအိမ်တိုင်ကများ ဆရာတော့်အားကိုးနဲ့..
"ကလေကချေတော့ မဟုတ်ပါဘူးကွာ..ငါလည်း သူတို့နဲ့
ရွာတည်းနေခဲ့ဖူးပါတယ်၊ မိဘနဲ့အိမ်ရာ ကွဲခွာနဲ့ပါ..သူတို့အရွယ်
ရောက်ခင် မိဘမဲ့ခဲ့ကြတာကွ၊ သူ့အစ်ကိုကသူနဲ့လုံးဝမတူဘူး..
တိုတိုမည်းတဲတဲပုံစံက မနိမ့်မမြင့်လို့ပြောရမလား ခပ်သေးသေး
လူပျိုတွေဖြစ်ကာမှ မမြင်ဘူးတော့ပါဘူး..ဒီကောင်က မွေးတည်း
က ဘုန်းကံပါရမီနဲ့မောင်.."

"ဘာဘုန်း ဘာကံလဲ.."

စိတ်တိုတာက အုတ်စီနေသည့်လက်တွေမှာပါ ဒေါသတွေ
လာသလားမသိ။ ဆောင့်တင့်မိလိုမိ ပြန်လွှတ်ကျလိုကျ။ တကယ်
အလုပ်က တစ်ခုပြီးမှတစ်ခုလုပ်ရမှာဖြစ်သည်။ ရွှံ့တွေကို သုံး
လောက်နှပ်ထားပြီးမှ အုပ်ခွက်ထည့်ရတာဖြစ်ကာ အစိုတွေကိုခြော
အောင် လှန်းရသေးသည်။ ပြီးမှ အုတ်စီပြီးဖိုတင်ရတာဖြစ်သည်။

ဒါပေမယ့် အခုကအရေးကြီးနေတာမို့ ရွှံ့နှပ်ခြင်းနဲ့ အခြောက်
ခြင်းမှာ ကြန့်ကြာခဲ့သမျှ နောက်ထပ်တစ်သုတ်အတွက် ပြိုင်တူ
နေရတာဖြစ်သည်။ ဒီကြားထဲမှာ မိုးကမကြာမကြာဒုက္ခပေးသည်
မိုးကြောင့်ထင်းကမကောင်းနိုင်ဘဲဖြစ်ကာ အလုပ်ကအမျိုးမျိုးကြ
ကြာခဲ့၏။

ရှင်တစ်ရာပြုပွဲကြီးအတွက် တစ်ရွာလုံးအင်တိုက်အားတိုက်
ကြိုးပမ်းနေကြတာမို့ အာဂန္တုကိုယ်တော်တွေအတွက် အုတ်ဆော
လေးတွေ ပြည့်စုံအောင်ဆောက်နိုင်ဖို့သာ အရေးကြီးဆုံးဖြစ်
ကြ၏။ ဘစိုးကလည်း စေတနာရောပညာရော ထည့်သုံးပြီးကြိုး
နေတာပါ။ ချမ်းညရဲ့ အချိုးမပြေပုံတွေကိုသာ မမြင်မကြားရ
ဆိုလျှင် အားလုံးကအေးဆေး ကျော်ဖြတ်ရုံသာ။ သို့သော်.. ၊

"ဘစိုး.."

"ဘာတုံးဗျာ.."

"မင်းကလည်း ဒေါသတွေပဲထွက်နေ.."

"ခင်ဗျားကလည်း သိရင်ဆင်ခြင်ပေါ့ဗျာ.."

"အေး..မိတ်ဆွေကောင်းဆိုတာလည်း ခင်မင်ပျက်ရချည်



ကွ၊ တော်ရာမှာတိတ်တိတ်မနေရဘူးကွ၊ မတော်တာတွေ့ရင် အ
ပြီးတားရတာပဲ.."

"ကျုပ်က ဘာတွေမတော်တာ လုပ်နေလို့တုံး..ခင်ဗျားနော်ကို
သာ၊ ဟိုသတ္တဝါလေးကို ခင်ဗျားရဲ့ဓာတ်ချက်ကြွေက ကောင်
ပဲဆိုပြီး.."

"မဟုတ်ရပါဘူးကွာ..ငါပြောတာက မင်းအတွက်ပါ၊ သူဘာ
လုပ်နေနေ မင်းကြည့်နေလို့ မြင်တာလေ.."

"ဘာဗျ.."

ဘစိုးအော်လိုက်တော့ ချမ်းသာကရယ်ကြဲကြဲနှင့် မျက်နှာချို
ပြုကာ.. ၊

"ကိုယ့်ကိုယ်ကို အကုသိုလ်အတက်ခံပြီး မကြည့်နဲ့လို့ပြောချင်
ပါကွ..ဒါနဲ့ မင်းကိုမနက်ပိုင်းတုန်းက သခင်ကြီးခေါ်ပြီး ဘာခိုင်း
လဲ.."

ဘစိုးက ရုတ်တရက်မဖြေဘဲ အုတ်စီနေသည်။ ထိုင်ရာကထပြီး
ရှေ့တော့ ချမ်းသာကလည်း လိုက်ကူပေးရင်း.. ၊

"ဟင်..ဘာခိုင်းတာလဲလို့.."

"ကြိုးလေးရဲ့ခင်ပွန်းလောင်းမိသားစုလာတဲ့အခါ သွားကြိုပေး
ပြောတာ.."

"ဟာ..တကယ်လာတော့မယ်ပေါ့၊ ကျွတ်.."

ချမ်းသာကို ဘစိုးကလှည့်ကြည့်သည်။ သူတို့နှစ်ယောက်စလုံး
အိမ်ထောင်သည်တွေဖြစ်ကာ အသက်တွေလည်း သုံးဆယ်နား
တွေပဲ ဖြစ်ကြ၏။ ကြိုးလေးအပေါ်မှာ မတော်တရော်စိတ်နဲ့
တ်ကြပေမယ့်..၊

"နှမျောစရာကြီးကွာ.."

"ဘာကိုတုံး.."

"မင်းသမီးရဲ့ခင်ပွန်းလောင်းက သိပ်မချောဘူးလို့ငါကြား
ယ်..ငါတို့အိမ်တော်က အချောအလှလေးပါသွားတော့မှာကို မင်
မနှမျောဘူးလား.."

"နှမျောတော့လည်း ကိုယ်တားနိုင်မှာကျလို့.."

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာကကွာ မြပုခက်ကြိုးဆိုတဲ့ ငါတို့ရွာက အချော
အလှမင်းသမီးလေးကို ချမ်းညလိုလူချောလေးနဲ့..အဲ.."

ပြောနေကာမှ သတိရသည်။ ဖျတ်ခနဲကြည့်လိုက်တော့ ဘစိုး
၏ဒေါသမျက်လုံးတွေက ကိုင်ထားသည့်အုတ်ခဲကိုတောင် ပစ်မ
လိုက်ပြီးဖြစ်လျက်.. ၊

"မင်းတို့မှာ အဲ့ဒီသတ္တဝါလေးမပါရင် မပြောတတ်တော့ဘူး
လား.."

"ယောင်သွားလို့ပါကွာ.."

ချမ်းသာမျက်နှာလွှဲရင်း ရယ်နေမိကာ. ၊

'ငါကလည်း ငါပဲ'ဟု အသံတိတ် ရေရွတ်လေသည်။

☺

အခန်း(၁၈)

"မင်းကငါနဲ့လာထိုင်လေကွာ.."

"မထိုင်ချင်ပါဘူး.."

ကျားကြီးက သူ့အတွက်နေရာပေးသည်။ ချမ်းညက ခေါင်းခါ
၏။ ပြီးတော့ ပုဆိုးနှစ်ဖက်မကိုင်ထားရင်း ပြင်ပေးသည့်ထမင်းစားပွဲ
ဝိုင်းကြီးတွေမှာ ဘယ်မှာထိုင်ရမလဲလိုက်ကြည့်နေ၏။ မသိရင် ထိုင်
ဖို့နေရာရွေးနေတာနဲ့မတူဘဲ တည်ခင်းကျွေးမွေးထားသည့် အလှူ
ရှင်က ပြင်ဆင်ထားတာတွေ ပြည့်စုံရဲ့လားလိုက်ကြည့်နေတာလိုလို..

"ချမ်းည.."

စားပွဲမှာ နေရာယူပြီးနေသည့်တစ်ယောက်က ထိုင်လျက်ကနေ
သူ့ပုဆိုးစကို လှမ်းဆွဲ၏။ ငုံ့ကြည့်လိုက်တော့ ကွင်းထဲမှာအလုပ်လုပ်
နေကာမှခင်ကြသည့် ရွာထဲကပိုးဖြူ.. ၊

"တော်ကြာ သူဌေးကြီးတို့စင်ပေါ်ရောက်လာကြတော့မယ်ကွ..
ထိုင်လေ.."

"ရောက်တော့ဘာဖြစ်တုံး..ထမင်းစားဖို့က.."

"ဟာ..ဟိုမှာတက်လာကြပြီဟ၊ ထိုင်ပါဆိုကွာ.."

"လာ လာ..ငါ့နားမှာလာထိုင်.."

ကိုယ်တိုင်ကိုယ်ကျ အနားနားထိလာဆွဲခေါ်သူက အမျှားကြီး
ဖြစ်သည်။ လက်ကိုပြန်ရုန်းလိုက်ပေမယ့် ပြန်ဆွဲကိုင်လိုက်ပြီး.. ၊

"ချမ်းည..ပြီးမှ မင်းငါ့ကိုကျေးဇူးတင်နေလိမ့်မယ်၊ မင်းရှာနေ
တာကို ငါပြမလို့နေဉ်.."

အဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကျတော့ စိတ်ဝင်တစားဖြစ်သွားခဲ့သည်။ ကိုကျားကြီး ကယ်သိတာလားလို့ တွေးလိုက်မိစဉ် ကျားကြီးနဲ့အတူထမင်း ပွဲဘေးမှာ ထိုင်လိုက်ပြီးဖြစ်ကာ.. ၊

"ခင်ဗျားက ဘာသိလို့ဒီလိုပြောတာတုံး.."

"သိလွန်းလို့ နှစ်ဘူတာသုံးဘူတာကျောင်လွန်သေးတယ်.. ဟီး..ကြိုးလေးကိုမင်းရှာနေတာ.."

ချမ်းညမျက်နှာ ပြုံးစိစိဖြစ်သွားသည်။ ဟုတ်တယ်မို့လား မေးဖို့မလိုအောင် သေချာသွားသဖြင့် ကျားကြီးကသူ့နားနား ကာ.. ၊

"မင်းထိုင်နေတဲ့နေရာကနေ မင်းမျက်လုံးကိုအပေါ်ဘက် လွယ်ခုတ်လောက်ကို ပင့်ကြည့်လိုက်.."

ကြည့်လိုက်တော့ အဝါနုရောင်ခန်းဆီးစလေး တလွင့်လွင့် တံခါးချပ်လှုပ်ထားသည့် ပြတင်းပေါက်တစ်ခုကို မြင်လိုက်ရသည် သူသေချာကြည့်နေပေမယ့် ဘာမှလည်းမထူးခြား.. ၊

"ပြတင်းပေါက်ကိုပြတာလား..ဘာလဲ ဘာမှ.."

"မင့်ခေါင်းကြီးကိုပြန်ငုံ့ပြီး ဣန္ဒြေရရကြည့်လေ..ဟိုမှာ သူ ကြီးနဲ့ သူဌေးကတော်တက်လာကြပြီ.."

ထမင်းကျွေးသည့်ကြမ်းခင်းရဲ့ အထက်မှာခြေဆင်းခုံတစ် စာခန့်ပိုမြင့်၍ ကျယ်ပြောသောစင်မြင့်တစ်ခုရှိနေသည်။ စင်၏ခေါ် ရင်းပိုင်းမှာ တစ်ထွာသာသာ ပိုမြင့်သည့်စင်ငယ်တစ်ခုထပ်ရှိ လျက်.. ၊

"သူတို့ကဘာဖြစ်လို့ စင်ပေါ်ကနေတက်ကြည့်တာတုံး..သူ တွေ စားသောက်နေတာကို.."

ချမ်းညက ဖျာခင်းထားသည့် ကြမ်းခင်းခုံနိမ့်ပေါ်မှာ ထိုင် သည့် အဖြစ်ကိုမကျေနပ်နိုင်။ သူဌေးကြီးဇနီးမောင်နှံက လူယုံတော် ကြီးနဲ့အတူတွဲလျက် စင်မြင့်ထက်မှာလက်နှစ်ဖက် နောက်ပစ်ရပ် ထမင်းစားကြမည့် ရွာသားတွေကို စီးမိုးကြည့်နေ၏။

"ကျွန်တော်ထင်တဲ့အတိုင်းပါပဲ.."

"ဘာတုံး.."



"အလကားဗျာ..လက်တစ်ဆုပ်စာလောက်ရှိတဲ့ ရွာလူစုလေးကို ကြမ်းစာနဲ့ချုပ်ကိုင်ပြီး 'ဘုရား'ထူးခံနေတာ.."

"ဟာ ဟော့ကောင်..မင်း မင်းအသံကြီးတိုးတိုးလုပ်စမ်းပါ၊ တော့မှာပဲ.."

ကျားကြီးက ဘေးစားပွဲကိုကြည့်ပြီး သေလုမျောပါးမျက်နှာကြီး ကားဆီး၏။ သူ့စကားကိုကြားသွားသည့် ဘေးစားပွဲက လူတ လှည့်ကြည့်တာကိုလည်း ချမ်းညမြင်သည်။ သို့သော်.. ၊

"ခုပဲကြည့်လေ..ထမင်းစားရုံဆောက်ထားပြီး အပေါ်စီးကလာ က်ကြည့်တာ အဲ့လိုကြည့်နိုင်အောင် တမင်စင်ထိုးထားတာပဲ.."

"ဟကောင်ရ..အဲ့ဒါအပေါ်စီးကကြည့်ဖို့မဟုတ်ဘူး၊ သူဌေးကြီး ရပ်နေတာ အဲ့ဒါတရားစင်မြင့်ကွ..အလှူရေစက်ချရင် အဲ့ပေါ်မှာပဲ ပျာတော်ရော တရားနာပရိသတ်ရော အတူထိုင်ကြတာပါ၊ ဒုက္ခ ပဲမသိဘဲနဲ့ လျှောက်ပြောနေပြန်ပြီ.."

"ဒီမှာဟော့လူ.."

သွားပြီဟု ကျားကြီးကရေရွတ်မိ၏။ ဘေးကတစ်ရုံတစ် ကက်က ချမ်းညကိုလက်တို့လိုက်ပြီး.. ၊

"သူဌေးကြီးတို့အနေနဲ့ စင်ပေါ်ကပဲကြည့်ကြည့် တာဝတိံသာက ကြည့်ကြည့် ကျုပ်တို့အနေနဲ့ ရှိသေလေးစားထိုက်တဲ့ကျေးဇူးရှင် နေ့ဘ်..လာမစော်ကားနဲ့၊ ဒီရွာဖြစ်လာတာ သူဌေးကြီးတို့ကြောင့် မှုလို ချမ်းသာကြွယ်ဝနေတာလည်း သူဌေးကြီးတို့ခေါင်းဆောင် ကောင်းလို့ပဲ.."

"ဟုတ်တယ်.."

"အဲ့ဒါဟုတ်တယ်.."

တစ်ယောက်တစ်ခွန်းညီညွတ်စွာ ထောက်ခံလာကြတော့ ကျား မျက်လုံးပြူးနေသည်။

"ပြောရရင် အိမ်တော်ကလူတွေလိုပဲ..ငါတို့အားလုံးလည်း သူ ကြီးလို့ခေါ်ဖို့သင့်တာ၊ တို့အားလုံးရဲ့ကျေးဇူးရှင်.."

"ဟုတ်တယ်..တို့ရွာချမ်းသာနေတာ သခင်ကြီးတို့ခေါင်းဆောင် ကောင်းလို့၊ မွဲတေနေတဲ့ရွာတွေ နင်မတွေ့ဘူးလား..ခေါင်းဆောင်မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလို့ အဲ့ဒီကရွာလူကြီးတွေလို ငါတို့သူဌေးက ကိုယ့်ဘက်ကို ယက်တာ မဟုတ်ဘူး..သူ့အိမ်ထဲကစိုက်ပြီး ရပ်ရွာကျိုးလုပ်တဲ့ သူ တော်ကောင်းတွေ.."

"နကန်းတစ်လုံးမသိလို့ ပြောနေတာပါကွာ..သူကိုယ်တိုင် တောင် သူ့ရွာမှာငတ်ပြတ်ပြီး ဘကြီးဘုန်းကြီးဆီ လာကပ်နေတာ ကိုး.."

"ဟာ..ဟော့ ခင်ဗျားအဲ့ဒါတော့လွန်ပြီနော်.."

"ချမ်းည.."

ချမ်းညက ပြောနေသူရဲ့အင်္ကျီခါးစပ်ကို နောက်ကနေဆောင့် လိုက်လျှင် ကျားကြီးကထိုလက်ကို ပုတ်ချပြီး ရယ်ရယ်မောမော ပါးစေလျက်.. ၊

"ဟုတ်တယ်..ဒီကောင်ကအဲ့လိုပဲ မသိဘဲလျှောက်လျှောက်ပြော တတ်တာ ထားလိုက်ပါကွာ၊ သူဘယ်ရွာကပဲလာလာ နောက်ဆို တို့တွေ တစ်ရွာတည်းသားချင်း ဖြစ်သွားကြမှာပဲ.."

အင်္ကျီဆွဲခံထားရသည့် ရွာသားက မကျေမနပ် လှည့်ကြည့်ရင်း အင်္ကျီစကို လက်နောက်ပြန်ဆွဲချပြုပြင်၍.. ၊

"ဒီရွာမှာ ခင်ဗျားလိုထန်းရည်သမားတစ်ယောက်ကိုပဲ ထင်ရာ လျှောက်ပြောခွင့်ပေးထားတာနော်..ထင်ရာပြောချင်ရင် ကိုယ့်ကိုယ်ကို အမူးသမားဇာတ်သွင်းလိုက်ဦး.."

"အံမာကွာ.."

"ဟော့ ဟော့..ဟိုမှာနင်တို့ကို သူဌေးကြီးတို့ကြည့်နေပြီနော်.."

ကျားကြီး ရင်ခုန်သံတွေမြန်လာသည်။ သူမူးနေတဲ့အချိန်မှာ ရင်ထဲမှာမကျေနပ်သမျှ အကုန်ပြောရဲသည်။ ရွာပြင်ထုတ်ခံထား သည့် သူ့အဖြစ်ကို ကရုဏာထားကာ ရွာသားတိုင်းကလည်း ဘာမှ ဟန့်တား ရိုးမယ်ဖွဲ့ပြောကြတာလည်း မရှိ.. ၊

အမူးပြေသည့်အချိန်ဆိုရင်တော့ မကျေနပ်တာလည်းဘာမှ ပေါ်၊ သူပြောလည်း မပြောဝံ့ပေ။ ပြောရဲနေသည့် ချမ်းညက ဒီပုံပန်းကြီးနဲ့ ဒီရပ်ဝန်းထဲမှာ ပြောချလိုက်တာ။ တုတ်ဓားဆွဲ၍ ခေါ်ထုတ်နေတဲ့အတိုင်း။ ခက်တော့တာပဲ..ဒီထမင်းပွဲတွေသိမ်း



တော့ သူဌေးကြီးတို့ ချမ်းညကိုမှချခေါ်ပြီး မေးမြန်းတော့မှာပါ.. ၊

"ထမင်းစားလို့ရပြီဟေ့.."

စားသောက်ပွဲတွေလိုက်လံ တည်ခင်းသည့်လူတွေထံမှ ခပ် ကျယ်ကျယ်လောဆော်သံ ထွက်ပေါ်လာသည်။ ရန်ထဖြစ်တော့ မလား ကိုယ့်ဒေါသကိုယ်သိမ်းရမလားနှင့် ကိုယ့်ဒေါသနဲ့ကိုယ်အ လုပ်ရှုပ်ရင်း ထမင်းစားပွဲပေါ်မှာ ဘယ်ဟင်းလျာတွေရှိနေခဲ့မှန်း တောင် မကြည့်မိခဲ့.. ၊

အဖြူရောင်ကြွေရည်သုတ် သံပန်းကန်ပြားတွေမှာ ထမင်းဖြူ ပွအပြည့်နှင့် ဆူးပုတ်ကြီးဟင်းချိုအကျဲတစ်ခွက် ငရုတ်သီးဆား ထောင်းပန်းကန်ကြီးတစ်လုံးက စားပွဲအလယ်မှာ ဟင်းချိုပန်းကန် နှင့်ပြိုင်။ ခရမ်းချဉ်သီးနဲ့ဘဲဥမွှေကြော်ဟင်းကလည်း ဆီလေး ပြန်ပြန်နှင့် မွှေးပျံ့ဝင်းထိန်နေလေသည်။ ပြီးတော့ ကန်စွန်းရွက်ပြုတ် ကြွေစရာနှင့်.. ၊

"ဟီး..ဟီး သူဌေးကြီးအိမ်မှာ စားရမှပဲဆီပြန်ဟင်းလေး စားရ တော့တယ်.."

"လိုက်ဖက်အောင်စီမံချက်ပြုတ်ထားတာများ ကိုယ့်အိမ်ရှင်မနဲ့ ကျပါဘိ.."

စားသောက်ကြပြီဆိုသည်နှင့် ရွာသားတွေခေါင်းမဖော်ကြတော့ ပေ။ ချမ်းညရန်ဖြစ်ဖို့ ပြင်ဆင်နေသေးပေမယ့် အားလုံးကရန်ပွဲကို မေ့သွားကြသည့်အခါ.. ၊

"အငက်တွေကျနေတာပဲ.."

"ချမ်းည.."

"အ.."

ကျားကြီးက စိတ်မရှည်တော့သလို ချမ်းညရဲ့ခါးကိုခပ်ဖိဖိဆွဲ ညှိမ်လိုက်၏။

"ငါကတစ်ရွာလုံးက ဖယ်ကျဉ်ထားတဲ့ငမူးနော်.."

"သိတယ်လေ..အဲ့ဒါကြောင့် ခင်ဗျားနဲ့မထိုင်ချင်တာပေါ့ ဟိုမှာတော့ ခင်ဗျားက ကြမ်းပိုးကိုလိပ်ဖြစ်အောင်ပြောတဲ့လူ.."

"အေး..အဲ့ဒီလူက အခုမင်းကိုလိုက်ထိန်းကျောင်းနေရတာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား.."

"မကောင်းဘူး.."

"မကောင်းရင်ငြိမ်ငြိမ်နေ.."

"ဘာလို့ခင်ဗျားအမိန့်ပေးတာ လုပ်ရမှာလဲ.."

"ဘာလို့ဆို ဟိုပြတင်းပေါက်မှာ ကြိုးလေးရောက်လာလို့ပဲ.."

"ဟင်..ဟုတ်လား.."

"မကြည့်နဲ့.."

လှည့်ကြည့်မယ့်မျက်နှာက ရှေ့တူရူကသူဌေးကြီးဇနီးမောင် ဆီ လမ်းပြောင်းပြီးဝေ့သွားခဲ့၏။ ကျားကြီးကမန်းကတန်းတားဆ ရှာတာလည်း အဆိုးမဆိုသာပဲဟု တွေးလိုက်မိရင်း ထမင်းပန်းကန် မျက်နှာမူလိုက်ရသည်။ သို့သော်စိတ်ကပြတင်းပေါက်ဆီကိုပဲရောက် နေခဲ့၏။ ခုနစကားများနေတုန်းကလည်း သူပဲဖြစ်ကာ.. ၊

ခုလည်းပြတင်းပေါက်ရှိရာကို လှမ်းကြည့်လိုက်လျှင် ဘယ်လို မသိမသာခိုးကြည့်ဖို့မလွယ်ပေ။ ထို့ကြောင့် သူချည်းပဲပြဿနာတစ် ပြီးတစ်ခုလုပ်နေသည့်အဖြစ်ကို ရောက်သွားမှာဖြစ်သည်။ ဒါတွေ ရာတော်နားထဲပေါက်ကြားသွားရင်မလွယ်ပေ။

ထမင်းပွဲကိုကြည့်ပြီး မင်းသမီးရဲ့မျက်နှာကိုပဲမြင်နေသည့် ဒု က မသေးပါလား။ မသိမသာမျက်လုံးလှန်ကြည့်လိုက်တော့ သူ ကတော်ကြီးဒေါ်ရတနာလှိုင်၏ အကြည့်တွေက သူ့ထံမှာစူးစိုက် သဖြင့် ကပျာကယာမျက်လွှာချလိုက်ရသည်။ သူမဘာကြောင့်ကြ နေပါသနည်း..၊

ထို့ကြောင့်စိတ်ထွက်ပေါက်ရှာရင်း ကန်စွန်းရွက် ပြုတ်တို့စရာ ပန်းကန်ဆီရောက်သွားခဲ့လျှင်.. ၊

ကောင်းတယ်..အကြံကောင်းတော့ တစ်သက်.. ၊

ချမ်းညမျက်နှာ ပြုံးရွှင်သွားသည်။ ထမင်းစားခြင်းကို ပျော်ရွှ စွာ စတင်လိုက်ပြီး ကန်စွန်းရွက်တို့စရာကို ယူ၍ထမင်းထဲမှာမြု သည်။ ကန်စွန်းရိုးကိုခပ်ရှည်ရှည်ချိုး၍ ရေနွေးဖျောကာ အပင်လို ထည့်ထားတာမို့ တစ်ပင်ယူပြီး အကုန်လုံးထည့်မြုပ်လိုက်တော့ မင်းလုတ်က အကြီးကြီးဖြစ်နေ၏။



ဒီတိုင်းပဲပါးစပ်ထဲထည့်လိုက်ပေမယ့် မဆုံမပြဲသွတ်သွင်းရခြင်း ကို သူဌေးကတော်ကြီးမြင်သာအောင် တမင်ပြသည်။ နောက်ထပ် တို့စရာယူလိုက်တော့ ဒီတိုင်းခွေလိပ်ပြီး ထမင်းထဲမထည့်တော့ဘဲ ကန်စွန်းရိုးကို အစတစ်ဖက်ကကိုင်ပြီး မျက်နှာရှေ့မှာ တန်းလန်း မြှောက်ကိုင်လိုက်သည်။ ပြီးတော့ မျက်နှာမော့၍ ကန်စွန်းရိုး၏ အောက်ဖျားစကို တစ်ထစ်ချင်းကိုက်ဖြတ်ချနေလျှင်.. ၊

"မောင်ရင် စားသောက်တာစည်းကမ်းရှိမှပေါ့.."

အေးမှာ လူရိပ်ကျလာတာနှင့် ပြဿနာစပြီကိုသိလိုက်သည်။ ပေမယ့် မင်းသမီးမြပုခက်ကြိုးကိုတော့ သူတစ်ဝကြီးရှုစားပြီးပြီ ကာ..၊

"ခင်ဗျာ.."

ကိုင်ထားသည့်လက်ရင်းထိ တိုတက်နေပြီဖြစ်သော ကန်စွန်းရိုး ကို ပန်းကန်ထဲပြန်ချပြီး မသိနားမလည်သလို ပျာပျာသလဲ.. ၊

"ကျွန်တော့်ကိုလား.."

အနားရောက်လာသည့် လူယုံကြီးဦးသြဘာက စိုက်ကြည့်နေ ခေါင်းညိတ်ကာ.. ၊

"ကန်စွန်းရိုးတို့စရာကို ဖြတ်တောက်ချခင်းထားရင် အဆင်မလှ အတွက် ဒီတိုင်းပဲတမင်လုပ်ထားတာပါ.."

"ဟုတ်ပါတယ်ခင်ဗျ..ကန်စွန်းရွက်ဆိုတာ လိပ်တို့ ဝက်တို့ ည်း စားတယ်လေ၊ ဖြတ်တောက်လိုက်ရင် ဝက်စာနဲ့တူသွားမှာ .. ဘာဘပြောတာမှန်ပါတယ်.."

ဂရုမစိုက်စွာ တမင်ပြောလိုက်မှန်းသိပေမယ့် လူယုံကြီးကကြည့် ပြီး ခေါင်းညိတ်ပြန်၏။

"အဲ့ဒီတော့ မောင်ရင်ကပိုပြီး အဆင်မလှအောင်မလုပ်ပါနဲ့.."

"ကျွန်တော်.."

"တီရစ္ဆာန်လည်း စားပေမယ့် လူစားရင်လူစာပေါ့ကွ..မောင်ရင် ည်း လူလိုစားဖို့ပြောချင်တာ.."

ထမင်းတွေ ပလုတ်ပလောင်းထည့်ထားရင်း မျိုမချရသေးသည့် မျက်နှာတွေ ဒီဘက်ကိုအားလုံးလှည့်လာကြသည်။ အ ဗလံတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလည်း တိတ်ကျသွား၏။

"အပွန်း..ဘဘကလည်း လူ နတ် ဗြဟ္မာသတ္တဝါပါပဲ၊ ကျ
တော်ကလည်း ပိုင်းဖြတ်စားလိုက်ရင် အဆင်မလှမှာစိုးလို့ တိရစ္ဆာ
ခြားနားအောင် တစ်ပင်လုံးတစ်ခါတည်း မျိုချဖို့ကြိုးစားတာပါ..

ဦးဩဘာရဲ့အကြည့်တစ်ချက် စင်ပေါ်ကိုဝေ့သွားတာကိုသူ
မြင်သည်။ ဒါပေမယ့် ချမ်းညက ကန်စွန်းရိုးတစ်ပင်ထပ်ယူပြီ
ရှေ့ကအတိုင်း အရိုးဖျားကနေ တန်းလန်းမြှောက်၍ ဒီတိုင်းစား၏

"မင်းစားသောက်ပြီးရင် အိမ်တော်ထဲကိုလာခဲ့ပါ.."

"ခင်ဗျာ..ကျွန်တော်လာရမှာလား.."

ထွက်သွားဖို့ခြေလှမ်းပြင်ရင်း ဦးဩဘာက သူ့ထံမရောက်သေ
အကြည့်တစ်ချက်နှင့် ခေါင်းညိတ်၏။ ပြီးတော့ ဒီတိုင်းဆက်လျှော
မလိုပြင်ပြီးမှ ဖျတ်ခနဲလှည့်ကြည့်သည်။ သူ့မျက်နှာကိုတည့်တည့်
ကြည့်လိုက်တာမို့ သဘောကျနှစ်ခြိုက်စွာ ရယ်ချလိုက်သောချမ်းည
ရဲ့ သွားကြီးအဖြီးသားနှင့် ပက်ပင်းတိုးလေသည်။ ရယ်လက်စရ
ချမ်းညမျက်နှာသည်.. ၊

ရယ်မိတာက အနိစ္စ.. ၊

ကိုယ့်သဘောတိုင်း မရယ်ရတာကအနတ္တ.. ၊

☺

အခန်း(၁၉)

"သူ့ကိုဘဘဩဆူနေတာလား မသိဘူးစာဥ.."

"ရှင်.."

စာဥတို့နှစ်ယောက်က ခန်းဆီးစလေးနဲ့ မစို့မပို့လှယက်ကွယ်
ပြီး ခေါင်းချင်းဆိုင်ကြည့်ကြသည်။ အပေါ်စီးကနေ မြင်နေရသည့်
မီးဖိုထဲက ဆွမ်းလောင်းစင်ရှိထဲမှာ ကွင်းမှာအလုပ်လုပ်နေကြသည့်
ရွာသားတွေ ထမင်းစားနေသည်။ ထိုအထဲမှာ ချမ်းညပါလာတာ
လည်း မြင်သည်။

ခါတိုင်းနေ့တွေမှာလည်း ရွာသားတွေထမင်းစားလာကြပြီဆို
ပြတင်းတံခါးဖွင့်၍ ကြိုးလေးရပ်ကြည့်နေကျပါ။ ဒီနေ့ကျမှ ချမ်းည
ကိုမြင်လိုက်ရတော့ ရင်ဖေ့ွလည်းခုန်ကာ ပျော်လည်းပျော်သွား
သည်။ ထမင်းစားရင်း မျက်နှာမော့ပြီး တို့စရာကိုက်စားနေတော့
ကလေးလိုပဲဆိုပြီး ရယ်မိသေး၏။ လူယုံကြီးရောက်သွားပြီး တစ်ခုခု
ပြောနေမှန်းသိလိုက်ကာမှ သူမမျက်နှာပေါ်က အပြုံးတွေပျောက်
ကွယ်ကုန်ရကာ.. ၊

"သူ့ကိုဆို အိမ်တော်မှာအကြောင်းပြောတာတစ်ခါမှ မကြားဖူး
ဘူးနော်..သူကဘယ်လိုလူမို့လို့လဲ.."

"ဒါများမမလေးရယ်..လူချောလူလှမို့ပေါ့၊ အိမ်တော်မှာသာ အ
ကြောင်းမပြောတာ အိမ်တော်ဝင်းထဲမှာတော့ ဟိုတစ်ခါလေကြီးရွာ
ကနှစ်ယောက်နဲ့ဖြစ်တဲ့ပြဿနာမှာ တို့ရွာကဘုန်းကြီးကျောင်းသား
ရှင့်ပါဘိဆိုပြီး ကိုကြီးတာဖံတို့ ဗညားတို့အားပါးတရကြီးချီး
ကျူးနေကြတာ.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဟုတ်တယ်မမလေး..လူလေးကဖြူဖြူချောချောနဲ့ သ
ကောင်းချက်များ သူများကိုမျက်နှာစေ့စေ့ကြည့်ပြီး စိန်ခေါ်ရဲတာ
"တကယ်.."
"တကယ်ပါဆိုမှ.."
ချမ်းညဆိုတဲ့လူကို အထင်ကြီးချီးကျူးနေသည့်စကားတွေ
ကိုယ့်ကိုပြောနေသလိုလို ကြိုးလေးရှက်ကိုးရှက်ကန်းပြုံးကာ လ
ပင်းလေးပွတ်မိရင်း မလုံမလဲ‌ငုံ့သွားတော့ စာဉတို့ကရယ်ကြ၏။
စဉ် ကြိုးလေးရဲ့မျက်ဝန်းလေးတွေက အိပ်ဆောင်အောက်ကငုက်
တောအစပ်ဆီရောက်သွားလျှင်.. ။
"ဟင်..ဟို ဟိုမှာ.."
"ဘာလဲဟင်..မမလေး၊ ဟယ်.."
"အယ်.."
လုံမနဲ့စာဉတို့အသံတွေထွက်ကုန်ကြကာ ကြိုးလေးအလန့်
ကြားငေးကြည့်နေပြီးမှ.. ။
"သူဒီထိလာတယ်..ဒုက္ခပါပဲ.."
ကြိုးလေးမြင်သွားမှ ချမ်းညကရှေ့ကိုတိုးလာသည်။ ကြိုးလေ
ကလည်း ပြတင်းပေါက်ကနေ ခန်းစီးစလေးသိမ်းဖယ်၍ ငုံ့ကြည့်
ကိုယ်လေးတစ်ပိုင်းအပြင်ထွက်လုဖြစ်နေကာ.. ။
"ရှင်..ဒီထိဘာလို့လာတာလဲ၊ ပြန်ပါရှင်..ဖေကြီးသိရင် ဒုက္ခ
တော့မှာပဲ.."
"မင်းသမီးကရော ကျုပ်ကိုရှာနေတာမဟုတ်ဘူးလား.."
ဘုရားရေ.. ။
အော်ပြောလိုက်တာအကျယ်ကြီး.. ။
"ကျုပ်ကလည်း မင်းသမီးကိုတွေ့ချင်လို့လာတာပါ.."
"ဩော်..ပြောလေကဲလေ၊ စာဉရေ..လုပ်ဦးလေ.."
"ကိုကြီးချမ်းညပြန်ပါရှင်.."
"ဟုတ်ပါတယ်..ကိုကြီးကိုသခင်ကြီးအပြစ်ပေးလိမ့်မယ်၊ ဒီ
ရာကိုယောကျ်ားပျိုတွေမလာရဘူး.."
စာဉနဲ့လုံမတို့ပြတင်းတံခါးကနေ ပြန်ဖို့ပြောနေကြတာ လ



ပါပါနေကာ စာခြောက်နေတဲ့အတိုင်း။ ချမ်းညက အပြုံးမပျက်
ကြည့်လျက်ကြည့်ဆဲနှင့်.. ။
"လာတော့ဘာဖြစ်သွားမှာမို့လဲ..ကျုပ်က ဘုရင့်ဘဏ္ဍာတိုက်ထဲ
ဝင်တာလည်း မဟုတ်ဘူး၊ လူတွေရှိတဲ့နေရာ လူလာတာဘာထူး
လို့လဲ.."
"ထူးဆန်းတာပေါ့ကွ..ငါတို့ရွာမှာ ငါတို့သခင်နဲ့ငါတို့အရိပ်က
ကော်ပဲ၊ တို့ရွာကိုရောက်လာရင် ရွာကသတ်မှတ်ထားတဲ့စည်း
ကို လိုက်နာရမှာပဲ.."
ရောက်လာတဲ့လူတွေက ချမ်းညကိုရှာဖို့ လူယုံကြီးဦးဩဘ
လိုက်သည့်လူတွေဖြစ်ကာ အိမ်ဝင်းတစ်ခုလုံးမှာ နှံ့အောင်လိုက်
ရသဖြင့် စိတ်တိုသည့်မျက်နှာတွေလည်းဖြစ်နေလျက်.. ။
"မင်းကိုထမင်းစားပြီးရင် အိမ်တော်ထဲလာခဲ့ဦးလို့ခေါ်ထားတာ
ပတ်ပြေးနေတာတုံး.."
ကြိုးလေးတို့ထိတ်လန့်နေကြပေမယ့် ချမ်းညကမိဘမသိအောင်
သည့်ကလေးလူမိသွားသလို ရှုံ့မဲ့မဲ့တစ်ချက်ဖြစ်သွားသည်မှ
.. ။
"ကျုပ်ကစားသောက်ပြီးရင် အိမ်သာတက်တတ်တယ်.."
"ဟေ့ကောင်..အိမ်သာကဟိုဘက်ထောင့်မှာ.."
"ဒီဘက်မှာရှိတယ်လို့ပြောလိုက်လို့.."
"ဒီဘက်မှာက သခင်ကြီးတို့တက်တဲ့အိမ်သာတွေပဲရှိတာကွ.."
"ဘာမှမဟုတ်ဘူး..ဒီကောင်အိမ်သာတွေကိုကျော်လာတာ၊ ဒီကို
လာတာအသိသာကြီး..အလကား အကန်းရေတွင်းကျစကား
တာ.."
"အကန်းရေတွင်းကျပြောတာမဟုတ်ဘူးဗျ..ဟိုအိမ်သာတွေကြည့်
ညစ်ပတ်နေလို့.."
"အံမာကွာ.."
"မင်းကပြောလိုက်ရင် လူနဲ့မလိုက်ပါလား..လူကလက်သီး
တက်..ပြောတဲ့စကားကဆင်ခေါင်းလောက်.."
ချမ်းညပါသွားတာနှင့် ကြိုးလေးရင်ဘက်လေးဖိနေခဲ့ပျက်..။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုဖေကြီး ဘာလုပ်မလဲမသိဘူးနော်.."

"ဘာမှမလုပ်လောက်ပါဘူးမမလေးရယ်..သခင်ကြီးက ဘယ် သူ့ကိုများ ပြင်းထန်တဲ့အပြစ်တွေ ပေးဖူးလို့လဲ.."

"ဒါကရွာသားတွေ အမှားအယွင်းဖြစ်တာမျိုးကိုစာဥရဲ့..ခုဟာ က.."

"ဟုတ်တယ်နော်..မမလေးအဆောင်နားထိ သူကလည်းရဲတယ် လိုက်တာလွန်ရော.."

လုံမပြောလိုက်တော့ စိတ်ပူသည့်အခြေအနေက ရေဆူအမှ ထိတက်သွားသည်။ သူနဲ့သူမဆုံခဲ့သည့်အကြိမ်ရေတွေမှာ ဖေကြီးတ နဲ့ရင်ဆိုင်မိတာတွေလည်း ရှိသည်။ မှတ်မိသလောက်ဆိုလျှင် သူ့ တင်းကြားရတိုင်း သူ့ကိုဖေကြီးမြင်လိုက်ရတိုင်းမှာ ဖေကြီးမျက်လုံ ထဲမှာ အမြင်တော်ခဲ့တာမရှိသလောက်ပင်.. ၊

ခုနထမင်းစားသည့်ပုံစံကိုပဲကြည့်..။ ကြိုးလေးရင်တွေပူနေ သည်။ အကယ်၍ သူ့ကိုရွာထဲသာဝင်ခွင့်မပေးတော့ဘူးဆိုလျှင်..

☺

အခန်း(၂၀)

"မင်းရှေ့ကဝင်သွားလိုက်..သခင်ကြီးတို့စောင့်နေတယ်.."

အိမ်တော်ထဲကိုဝင်လိုက်ပြီဆိုတည်းက အားလုံးကခေါင်းငုံ့ရှိ ယာန်တို့နှင့် အမူအရာတွေပြောင်းသွားကြသည်။ ချမ်းညကတော့ နေသည့်လူတွေကိုကျော်၍ အိမ်ရှေ့ခန်းမှာရှိနေသမျှ အရာဝတ္ထုပ စ္စည်းတို့ကို တစ်ခုချင်းစီသဘောပေါက်အောင်ကြည့်သည်။ အိမ်အ လယ်မှာရှိနေသော နတ်သမီးရုပ်ထုက ကလေးငယ်တစ်ရပ်စာလောက် ရှိသာ အစိမ်းရောင်ကျောက်သားကို ထုဆစ်ထား၏။

ဒါပေမယ့် စိမ်းမှောင်နေသည့်ကျောက်သားအရောင်က ရုပ်ထု ၏ပါးမို့လေးတွေ နဖူးပြင်နဲ့လက်ခုံလေးတွေမှာ ကြည်လဲ့နေလျက် အစိမ်းရောင်ကလည်း ဖျော့၏။ ပြီးတော့ ဖက်ဖူးစိမ်းရောင်ဝတ်ထား သည့်ဝတ်စုံမှာ ပဝါသည်ကျောက်မျက်ရတနာရောင်စုံတို့ဖြင့် အနား ကွပ်ချထားသဖြင့် ပဝါကိုသေချာကိုင်ကြည့်လိုက်သေးသည်။ ပြီး တော့.. ၊

"ဟွန်း..အတုကိုအစစ်လို့ထင်အောင် လုပ်ဖို့မလွယ်ပေမယ့် အ စစ်ကိုအတုလို့ထင်အောင်ကျတော့လွယ်သား..ဒီတိုင်းချထားလိုက်ရုံပဲ.."

ပဝါကိုကိုင်ကြည့်ပြီး ချမ်းညရှေ့တက်လိုက်တော့ ထိုင်နေကြ သည့် သူဌေးကြီးဇနီးမောင်နှံနှင့် လူယုံကြီးတို့မျက်လုံးချင်းဆုံသွား ကြသည်။

"ထင်တော့ထင်ပါတယ်..လူလူချင်းအတုတူပဲကို 'ဘုရား'ထူးနေ တာ၊ ဒီရွာသားတွေ တော်တော်တုံးတာပဲလို့.."

"မောင်ရင်စကားပြောတာ ရဲတင်းလွန်းတယ်..ဘယ်လိုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောမယ့်စကား အရိပ်သုံးပါးမကြည့်ရတာလဲ.."

"ခင်ဗျာ.."

ချမ်းညက လူယုံကြီးရဲ့စကားကြောင့် အံ့သြသွားသလို ကြည့်လျက်.. ၊

"ဘယ်လိုအရိပ်သုံးပါးလဲဘာဘ..အသက်ဉာဏ်စောင့်ဖို့ အ သုံးပါးလား၊ အပယ်မလားဖို့အရိပ်သုံးပါးလား..အဲ့ဒါတွေ ကျွန်တေ သိပါတယ်.."

"လောကအရိပ်သုံးပါး.."

"လောကအရိပ်သုံးပါးလား..အဲ့ဒါကတော့ မသိတာပဲကောင်း တယ်.."

ပြောပုံက သူငယ်ချင်းချင်းပြောသလို.. ၊

"အများကြီးသိရင် အများကြီးစောင့်ထိန်းနေရမယ်..ကာလ သ ပယောဂလေတဲ့၊ နည်းတာတွေလား.."

ယောသခင်ကြီးက မျက်မှောင်ကုတ်နေလျက်နှင့် ခေါင်းညိ သည်။ ပြီးတော့.. ၊

"အေး..မင်းနားမလည်တာဖြစ်ဖြစ် နားမလည်ချင်တာဖြစ် အဲ့ဒါတွေထားလိုက်တော့၊ အခု အိမ်တော်ထဲကိုမောင်ရင်ပါလာ အကြောင်းပြောစမ်း.."

"ထမင်းစားဖို့လိုက်လာတာပါ.."

"ကွင်းထဲကလူတချို့ကို ဆရာတော့်ကျောင်းမှာကျွေးတယ်.. နေ့တွေကလည်း မင်းမပါဘူး၊ ပါလာစရာအကြောင်းလည်းမရှိဘူ ကျုပ်ကိုမှန်မှန်ဖြေပါ၊ မင်းတမင်လိုက်လာခဲ့တာမဟုတ်ဘူးလာ

ချမ်းညက ဆတ်ခနဲခေါင်းညိတ်၏။

"ဟုတ်ပါတယ် သူဌေးမင်း.."

ယောသူဌေးဦးထည်ဝါရဲ့မျက်နှာကြီး ထင်းသွားသည်။ စကား သည်ပြောသည့်အခိုက်အတန့်ချင်း တူသော်ငြား.. ၊

"ဘာကြောင့်လဲလို့ ကျုပ်ကမေးရင်လည်း မင်းမှာဖြေဖို့အ သင့်ရှိမှာပါ.."

"ဟုတ်ကဲ့ပါ..ထမင်းစားဖို့ပါပဲ၊ အဲ နည်းနည်းလောက်ပိုတာ



တော်ထဲကို မရောက်ဘူးလို့ပါ.."

ဦးထည်ဝါက ခပ်ဖြည်းဖြည်းခေါင်းခါ၏။ ပြီးတော့.. ၊

"မင်း ကျုပ်အကြောင်းပြောနေတာပါ.."

ချမ်းညမျက်နှာ တစ်ချက်တော့ပျက်၏။ ဒီလိုတည့်တည့်မေး မည်မထင်ခဲ့သဖြင့် ရင်တစ်ချက်ခုန်သွားတာဖြစ်ကာ ထိုမျက်နှာ ည် ခဏအတွင်းမှာပဲ ပျာပျာသလဲခေါင်းညိတ်လိုက်ကာ ဝမ်းသာ ရဖြစ်လျက်.. ၊

"ဟုတ်ပါတယ်..ယောသခင်ကြီးရဲ့ကောင်းကြောင်း အိမ်တော်ရဲ့ င်းကြောင်းတွေ ကြားပဲကြားနေရပြီး မြင်လည်းမမြင်ဘူး ရောက် ည်းမရောက်ဘူးတာနဲ့ ကျောင်းမှာထမင်းလိုက်မစားဘဲ ဒီမှာလာ တာပါ.."

"ခုမြင်ဖူး ရောက်ဖူးပြီဆိုတော့ ဘယ်လိုသိသွားလဲပြောစမ်း.."

"ဘာမှမထူးခြားပါဘူး.."

ယောသခင်ကြီးမျက်မှောင်ကုတ်ထားတာထက်ပို၍ ကျည်း မောင်းသွားသည်။ လူယုံကြီးဦးသြဘာက စိတ်တိုသည့်မျက်နှာကြီး သွားလျှင်.. ၊

"အဲ..ဒီလိုပါ၊ ကျွန်တော်ကထမင်းစားတဲ့နေရာကိုပဲ မြင်ရတာမို့ ပါ..ဒီထဲမှာတော့ အင်မတန်မှခမ်းနားလှပါတယ်.."

"သခင်ကြီးကိုလှမ်းကြည့်ပြီး မင်းပြောနေတာတွေကရော.."

"ကျွန်တော်ပြောတာက.."

ချမ်းညအနည်းငယ်တုံ့ဆိုင်းသွားသော်လည်း.. ၊

"သူဌေးကြီးကို ဒုတိယတစ်ခါသေချာမြင်လိုက်ရမှ အံ့သြသွား ကိုး...သူဌေးကြီးကအင်မတန် သြဇာညောင်းပြီးမင်းစိုးရာဇာကြင် လက္ခဏာအပြည့်နဲ့ ထည်ဝါလွန်းပါဘိလို့ ချီးမွမ်းစကားပြောနေ တာပါ.."

"အဟမ်း..အဟမ်း.."

ယောသူဌေးကြီးရဲ့မျက်ခုံးအစုံ ပို၍ကုတ်ကျသွားသော်လည်း ယုံကြီးရဲ့မျက်ဝန်းတွေမှာ ရယ်မြူးရိပ်ဆင်၏။ မျက်လုံးချင်းဆုံမိ ဟောင် တစ်စက်မှမတွန့်မရွံ့ဘဲ မကောင်းရွတ်ချတွေ နေတာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့မသိတာမဟုတ်.. ၊

ဒါနဲ့တောင် ဦးပေါ်ဦးရဲ့လျှပ်တပြတ်ဉာဏ်မျိုးနဲ့ တော်တေ လျင်ပါလား.. ၊

ကိုယ့်အကြောင်းမကောင်းပြောခဲ့တာကို သေချာသိနေလျက်မ ယောသူဌေးကြီးလည်း ဘာမှထပ်မပြောနိုင်တော့သလို လှုယုံကြ မျက်နှာကလည်း ပြုံးချင်ချင်ဖြစ်နေရကာ.. ၊

"မင်းပြန်လို့ရပြီ.."

"ခင်ဗျာ.."

ယောသူဌေးကြီးကပြောပြီးတာနှင့် ထရပ်လိုက်သည်။ ဒေါ်ရ နာလှိုင်လည်း အံ့သြနေ၏။

"ဒီသူငယ် ငါတို့အကြောင်းထင်ရာတွေ စွတ်ရွတ်ပြောနေတယ်"

"သမီးတို့အဆောင်ဘက်ကို သွားတာသေချာတယ်..လိုက်ရ စမ်း.."စသဖြင့်သောဒေါသတွေနှင့် ချမ်းညရောက်လာတာနှင့်ချ ချင်းပဲ ပြစ်တင်မောင်းမဲတော့မလိုလို။ ခုကျတော့ ဘာမှမပြော လက်နှစ်ဖက်နောက်ပစ်ဆုပ်ထားရင်း ခြေလှမ်းကျဲများနှင့် လျှော ဝင်သွား၏။

တံခါးဝနားမှာ ရပ်စောင့်နေကြသည့် အိမ်တော်ကလူတွေမျ ကျားကြီးတို့ပါ ပါးစပ်အဟောင်းသားဖြစ်ကုန်လေသည်။ သူတို့ထ တာက ပွဲကြီးပွဲကောင်းကြည့်ရတော့မည်ဟု.. ၊

ပြန်ထွက်လာတော့ ချမ်းညမျက်နှာက ဦးကြီးဘကြီးအိမ်က လည်ပြန်လာတာလိုလို ခပ်ပြုံးပြုံးခပ်မော့မော့. ၊

"ချမ်းည..မင်းကိုဘာမှမပြောဆိုလိုက်ဘူးလားကွ.."

"ငါတို့မကြားလိုက်တာတွေများရှိသေးလား..သခင်ကြီးက ဘာ မှလည်းမပြောပါလား..."

"ယောသခင်ကြီးလား..ဟွန်း.."

အားပါးတရကြွားမလို့ပြင်လိုက်သည့်အရှိန်က ကျားကြီးလ ကုတ်လိုက်တာနှင့်.. ၊

"ဒီလောက်သဘောထားပြည့်ဝ နှလုံးလှတဲ့သခင်ကြီးက ဘာ 'မဟုတ်တာလေးကို အပြစ်ယူပါ့မလားဗျာ..အတော်ကိုလေးစားထို



ပုဂ္ဂိုလ်ကြီးပါပဲ.."

ယောသူဌေးကြီးကို ရည်ရွယ်လိုက်သည့်ချမ်းညစကားကြောင့် လှုယုံကြီးခြေလှမ်းတုံ့သွားသည်။ နောက်ဆက်တွဲစကားကြားမှရှေ့ ဆက်လျှောက်ခဲ့၏။ သို့သော် သွားနေရင်း ခြေလှမ်းတုံ့သွားပြန်ကာ..

ဒီသူငယ်..ငါနောက်ကပါလာတာ ရိပ်မိသွားလို့ ချက်ချင်းလွှဲ ပြောလိုက်တာများလား.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၁)

"ဟဲ့..ချမ်းည.."

"ဗျ.."

"ထစမ်း..ထစမ်း၊ ဟိုမှာသူများတွေ သွားကြပြီ.."

"ဟာ..ဦးသူတော်ကလုပ်ပြီ၊ နေရောင်တောင်ကောင်းကောင်း မြင်ရဘဲနဲ့ ဘယ်လိုလုပ်အုတ်ပုံလှမ်းမှာတုံး..သွားလည်းဘာမှမထူး ဘူး.."

"ထူးတာမထူးတာ နင်ပြောဖို့မလိုဘူး..ထွက် ခုချက်ချင်းလိုက် သွား.."

ဆရာတော်ဘုရားအသံကြားလိုက်ကာမှ ချမ်းညသင်ဖြူးပေါ်က နေ လူးလဲထထိုင်သည်။ ပြီးတော့ တံခါးဝကိုလည်းပင်းရှည်ကြည့်ပြီ၊ ပုဆိုးပြင်ဝတ်သည့်မျက်နှာသည် ရှုံ့မဲ့မဲ့နှင့်.. ၊

"မလုပ်ချင်ဘဲလုပ်နေရတာလည်း ဒုက္ခ.."

ဦးသူတော်နဲ့နှစ်ယောက်တည်း ကြားရုံညည်းမိသော်လည်း..၊

"နင်လုပ်ချင်တာ ဘာရှိလို့တုံး.."

"သက်တောင့်သက်သာအလုပ်ဆို တပည့်တော်လုပ်ချင်ပါ တယ်.."

"သယ်..ဒီကလေး ငါဝင်လာရရင်ကြိမ်လုံးစာ မိတော့မယ်.."

သေချာတာက ဆရာတော်ကြီးလက်ထဲမှာ ကြိမ်လုံးကိုင်ထား ပြီးဖြစ်နေပြီ။ တကယ်ပဲဆရာတော်က ကြိမ်လုံးကိုင်လျက် တံခါးတစ် ဖက်ကနေ ရပ်စောင့်နေခဲ့လျက် ခဏကြာတဲ့အထိထွက်မလာတော့ စိတ်မရှည်ဘဲအထဲဝင်သွားပြီး.. ၊



"ဟဲ့..သူတော်.."

"ဘုရား.."

"ဘယ်မတုံး..ဒီကောင်.."

"အဝတ်စားလဲနေပါတယ်ဘုရား.."

"မနက်ကဝတ်ထားတာ ဘာဖြစ်လို့တုံး..အသစ်တွေလဲပြီးဘယ် လျှောက်မှာမို့လဲ.."

ထိုစဉ် ချမ်းညကထွက်လာလျက် အင်္ကျီကိုကြယ်သီးတပ်နေ သည်။

"အပြင်ထွက်ရင် လူနဲ့ခြောက်..အိမ်ကိုလာရင် အိမ်နဲ့ခြောက်တဲ့ ဘုရား.."

"ဘာနဲ့ခြောက်ခြောက် နင်ကချမ်းညပဲ..ငါ့ကျောင်းမှာနေတဲ့ ကျောင်းသား၊ ဘာတွေထပ်ရှိလာမှာတုံး.."

"ရှိပြီရောဘာဘုန်းရယ်..ကွင်းထဲမှာ တပည့်တော်ကိုဆို ချိုးဖဲ့နှိပ် လုပ်ချင်နေတာ.."

"ငါကြားတာတော့ နင်ချည်းဖိနှိပ်ကွပ်နေတာတဲ့.."

ချမ်းညမျက်နှာစပ်ဖြဲဖြဲဖြစ်သွားသည်။ ပြီးတော့ ဆရာတော့်ရှေ့ မှာထိုင်ပြီး ဦးသုံးကြိမ်သေချာချပြီးမှ.. ၊

"ဒါကတော့ဘုရား.."

"ယောသူဌေးကိုတောင် ချန်မထားတာနင်.."

"ဟာ..အဲ့ဒါတော့မဟုတ်ပါဘူးဘာဘုန်းရာ၊ သူဌေးကြီးကိုက ဆီ လို့အပေါက်ရှာပြီး.."

"ဟော့ ဟော့..တော်တော့.."

"အဲ့ဒါပဲ..အဲ့ဒါ.."

"ဘာ.."

"သူဌေးကလေးလေလည်တော့ 'ကလေးကလေလည်ရင်လည်း ပုံ ကျန်းမာရေးကောင်းတာဟဲ့'ဆိုတာမျိုး..ဆင်းရဲသားကလေး လေ လည်တာကျတော့ 'သေနာလေး နံလိုက်တာ..ဒါမျိုးကျတော့ ထုံ ဟော်လားမသေဘူး..'တဲ့.."

ချမ်းညက တစ်ခုခုပြောပြီဆို ဥပမာလေးတစ်ခုခုလည်း ပါလာ

www.burmeseclassic.com

www.burmeseclassic.com



တတ်လျက်.. ၊

"ဘဘုန်းတောင်မှ သူဌေးကြီးပြောတာကျပြောပေ့စေ..တပည့်တော်ကိုကျတော့ 'တော်တော့'တဲ့၊ မျက်နှာလိုက်တာ မသိမသာလေး။ ဟုတ်ဘူး.."

"အံမာ..ကြည့်စမ်းဒီကောင်လေး.."

"ဟာ..မဟုတ်ဘူး၊ အဲ့ဒါ ဆန်ရင်းနာနာဖွတ်..ဖွတ်တာကိုသိပါတယ်ဘုရား၊ သိပါပြီလို့.."

ဆရာတော်ကြိမ်လုံးရွယ်လိုက်တာနှင့် ချမ်းညအော်ပြေးပြေးလေသည်။ ဦးသူတော်လည်း ချမ်းညကြိမ်လုံးစာပြီထင်ကာ အထိတ်တလန့်ဖြစ်သွားခဲ့သော်.. ၊

"တတ်လည်းတတ်နိုင်တဲ့ကောင်.."

ပြုံးတုံ့တုံ့ဖြစ်ကျန်ရစ်သည့် ဆရာတော့်မျက်နှာကြောင့် သူပါရောယောင်ပြုံးမိပြီး.. ၊

"ဟုတ်တယ်ဘုရား..ယောသူဌေးကြီး ဘာမှအပြစ်မပေးနိုင်တော့အောင်လည်တာ၊ အဲ့ဒီကလေး.."

ကျန်ရစ်ခဲ့သည့် လူတွေပြုံးနေခဲ့သလား မဲ့နေကြလားဘာမှမသိဘဲ ကျောင်းဝင်းအပြင်ထိလှည့်မကြည့်စတမ်း ပြေးထွက်ခဲ့သည့် ချမ်းညတစ်ယောက် ဟောဟဲဆိုက်နေ၏။

"သွားပြီ..ဘာမှမလုပ်ကသေးဘူး၊ ဈေးကရေတစ်ပုံးစာလောက်ထွက်နေပြီ.."

လမ်းသွားရင်း လည်ပင်းကြားထဲမှာခံထားသည့် လက်ကိုင်ပဝါကို ဆွဲထုတ်၍ မျက်နှာနဲ့လည်ပင်းကြားမှာ စိုစိစိဖြစ်လာတာတွေကို လိုက်ပွတ်ပစ်လိုက်သည်။ ပြီးတော့ အရှည်လိုက်လေးပြန်ခေါက်၍ အောက်ဖျားလေးချန်၍ ကော်လံနဲ့လည်ပင်းကြားထဲပြန်ထည့်သည်။

တောမှာအသန့်အပြန့်ကြိုက်သည့်ယောကျ်ားလေးတချို့ဒီတိုင်းပဲလုပ်ကြကာ ချမ်းညကတော့ ကိုယ့်ဈေးကိုတောင် ရွံသည့်လူမျိုးဖြစ်သည်။ ထို့ကြောင့်လည်း ဈေးထွက်မည့်အလုပ်မျိုးဆို ဝေးဝေးကရှောင်တတ်ကာ.. ၊

"အေး..မင်းလိုကောင်မိန်းမရရင် ဘယ်လိုနေမလဲကြည့်ချင်သေး



..."

"ကိုကျားကြီး.."

"ဘာတုံး.."

"မဆိုင်တာတွေ ထည့်မပြောနဲ့.."

"ဆိုင်တာပေါ့ကွ.."

အလုပ်လုပ်ဖို့ကွင်းထဲရောက်နေကာမှ ရှုံ့မဲ့ညည်းညူနေသည့် ...ညကို ကျားကြီးကနားနားကပ်၍.. ၊

"မင်းမိန်းမရရင်.."

"ဟော့လူ.."

"သူများသားသမီးကို ရာဇဝင်ကျွေးမွေးရမှာ မဟုတ်ဘူးလား..အလုပ်လုပ် တစ်ခုခုလုပ်ပြီဆိုရင်တော့ ဈေးကထွက်မှာပဲ၊ မြင်..ယောင်သေးတယ်.."

"လာပြန်ပြီ.."

"ဒီပုံစံမျိုးနဲ့ဆိုရင်တော့ ထမင်းအိုးတစ်လုံးကို အမြှောက်နဲ့ပစ်ရ..မှာလို့..အဲ့ဒါပြောတာ.."

"ကျုပ်ဘာသာ အနုမြူဗုံးပဲပစ်ချချ.."

ကျားကြီးကရယ်ကာ.. ၊

"ဈေးထွက်မခံချင်ရင်တော့ အနုမြူဗုံးနဲ့လည်း.."

"ချမ်းညရေ..ဟေး.."

ကိုသာခိုကလှမ်းခေါ်ရင်း သူကိုယ်တိုင်အပြေးတပိုင်းလာကာ..၊

"မင်းကို ဘစိုးခေါ်နေတယ်.."

"ဒီမှာရွံ့နပ်နေတာ သူမမြင်ဘူးလား..ခေါ်တိုင်းသွားရအောင်.."

"ချမ်းည..ဟိတ်ကောင်.."

ကိုဘစိုးက ခါးနှစ်ဖက်ထောက်လျက်အသံကျယ်ကြီးဖြင့် လှမ်း..နေကာ.. ၊

"မိုးရိပ်တွေလာတယ်..ဒီမှာလာဝိုင်းကူစမ်း၊ ဘာလုပ်နေတာတုံး..မှာ.."

"ရွံ့နပ်နေတယ်မအားဘူး.."

ချမ်းညလှမ်းအော်တော့ ကိုယ်စီအလုပ်လုပ်နေကြသည့်လူအား

www.burmeseclassic.com

www.burmeseclassic.com



လုံးက လှည့်ကြည့်ကြ၏။ ဘစိုးမျက်နှာက တင်းမာနီရဲသွား
တက်ခေါက်လိုက်ပြီး.. ၊

"ချမ်းည.."

ချမ်းညဘေးကို ချက်ချင်းရောက်သွားခဲ့၏။ ရွှံ့နှပ်နေတာ
ကျားကြီးတို့လူစုဖြစ်ကာ ကွင်းစပ်မှာမို့ စကားတပြောပြောနှင့်အ
လုပ်လို့ကောင်းသည့်နေရာဖြစ်သည်။ ထို့ပြင်အလုပ်လုပ်ယောင်
ရေသာခိုနေသူအတွက် အလွန်အဆင်ပြေသည့်နေရာလည်းဖြစ်
"အလုပ်လုပ်နေကြတဲ့ဘေးမှာ ဒီတိုင်းငုတ်တုတ်ထိုင်နေပြီး
နှပ်နေတယ်တဲ့..မင်းတော်တော်အပါးခိုတဲ့ကောင်ပါလား.."

"အလုပ်လုပ်နေကြတဲ့ဘေးမှာပဲထိုင်ထိုင် လုပ်နေတဲ့လူတွေ
ပဲတက်ထိုင်ထိုင် ဒီအဖွဲ့ကရွှံ့နှပ်တဲ့အဖွဲ့ပဲ..ရှိနေတဲ့လူတွေအ
ခေါင်းမဖော်တမ်းလုပ်နေရမယ်လို့ သူဌေးကြီးကသတ်မှတ်ထား
လား.."

"ဒီနေရာမှာသူဌေးကြီးရဲ့အမှာစကားနဲ့မဟုတ်ဘူး..ငါအုပ်
နေတာ.."

"ဘာရယ်.."

သူ့ဟာသူပြောပြီးမှ ဘစိုးမျက်နှာပျက်သွားသည်။ ချမ်းည
သပ်ပြောတတ်တာ သူမေ့သွားခဲ့သဖြင့်.. ၊

"ငါပြောတာက ငါကအုပ်စီတဲ့သူဖြစ်တဲ့အတွက် အကြီးမား
တာဝန်ယူထားရတာ.."

"အဲ့ဒါနဲ့ပဲအုပ်ချုပ်သူဖြစ်သွားတာလား..သူဌေးကြီးရဲ့စကား
အရေးမပါဘူးဆိုတော့..အင်း.."

"ဟေ့..ဟေ့ ငါအဲ့လိုပြောတာမဟုတ်ဘူးနော်၊ မင်းနော်.."

"ဒီတိုင်းကြားလိုက်တာပဲဟာ..ဟုတ်တယ်မို့လား.."

ကျားကြီးတို့ကို ပြန်မေးလိုက်တော့ အားလုံးခေါင်းညိတ်ရမ
ခေါင်းခါရမလိုဖြစ်ကုန်ကြကာ.. ၊

"ပြောတာကတော့..အဲ့.."

"အဲ့လိုသဘောမျိုးလားတော့မသိပါဘူး..ဒါပေမယ့်.."

"ကြားတော့ကြားလိုက်တယ်..အဲ သူဌေးကြီးရဲ့စကားကဘာ



..."

တစ်ယောက်တစ်ခွန်းထစ်ထစ်ငေါ့ငေါ့ပြောကြသော်လည်း စ
အားလုံးရဲ့အဆုံးသတ်က မလှပနိုင်သည်မို့ ဘစိုးမျက်နှာပျက်
ပျက်.. ၊

"ဟိတ်ကောင်..မင်း မင်းငါ့ကိုချောက်တွန်းဖို့မကြိုးစား..ခင်ဗျား
ရောဘာလဲဗျ၊ ကျုပ်ပြောချင်တာက.."

"ကဲပါကွာ..အကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ်ကုန်ပါ့မယ်၊
အလုပ်ကိုယ်လုပ်ကြတော့.."

အိမ်တော်မှာ သဘောအကောင်းဆုံးလူကြီးဖြစ်ကာ လူကြီးပိုင်း
မှာလည်း အသက်အငယ်ဆုံးဖြစ်သောဦးကျောက်လုံးက ကြားဝင်
ဖြေပြီး လူစုကွဲစေသည်။ သို့သော်.. ၊

"အဲ့ဒါကြောင့် ကိုယ့်အပိုင်းနဲ့ကိုယ်တာဝန်ယူ..ကိုယ့်အကန့်နဲ့
နေလိုက်ရင် ပြီးပြီ.."

"ချမ်းည..အဲ့ဒါကိုငါကပြောရမှာကွ.."

ဒီနှစ်ယောက်ပဲရင်ဆိုင်မိပြန်ကာ ချမ်းညကသူများဇွေ့ဇွေ့ခုန်
ပြောတတ်သူဖြစ်ကာ ဘစိုးကလည်း ဇွေ့ဇွေ့ခုန်တာထက်ဆိုး
ပျက်.. ၊

"မလိုချင်ဘူးကွာ..မင်းဟိုမှာမီးလာထိုး.."

"ကျုပ်ကမီးပူဟပ်ရင် အဖျားဝင်တတ်တယ်.."

"မြန်မြန်ဖျားတော့ မြန်မြန်ပြန်ရတာပေါ့..ငါလည်းပြောရသက်
သာတယ်၊ ဟိုမှာထင်းကမလောက်ဘူး..ရှိတဲ့ထင်းကရေထိုင်းနေ
တယ်၊ အဲ့ဒီရွှံ့ကနောက်အသုတ်မှလိုမှာ..ဖိုပေါ်ကအုတ်ခဲတွေ အရင်
ချက်ဖို့အခိက.."

ပြောတော့လည်းဟုတ်နေသည်မို့ ဦးကျောက်လုံးလည်း ချမ်းည
ကို ချော့မော့သလိုကြည့်ကာ.. ၊

"ဟုတ်သားပဲ..ဟိုမှာလူလိုနေတာ သွားဝိုင်းလုပ်လိုက်ဖါကွာ၊
အရင်အရေးကြီးတာ အရင်လုပ်လိုက်ပါ.."

"ဟုတ်ကဲ့ပါ.."

ချမ်းညကလည်း ဦးကျောက်လုံးပြောလိုက်တာနှင့် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ထရပ်သည်။ သို့သော် မီးဖိုနားရောက်တော့ စိတ်အပျက်ကြီးပျက်သွားမိကာ.. ။

"အဲ့ဒါပဲ..ကုသိုလ်တစ်ဝက် ငရဲတစ်ပိဿာဆိုတာ.."

"ဟမ်..ဘာတုံးချမ်းည၊ ဘာလို့တုံး.."

ရွာသားကိုဖိုးဖြူက စိတ်ဝင်တစားလှမ်းမေး၏။ သူ့ပွဲသည့် ထင်းတွေကိုလည်းပစ်ချလိုက်ကာ.. ။

"ဟာ..ဟုတ်သားဟ.."

ချမ်းညငုံ့ကြည့်နေတာကိုလာကြည့်ပြီး မျက်လုံးပြူးသွားသည်။ အုတ်ဖုတ်ဖိုမှာထည့်ထားသည့် သစ်ကိုင်းခြောက်တွေသစ်ချောင်းတွေမှာ ပုရွတ်ဆိတ်တွေထွက်နေကြတာ နည်းတာမဟုတ်.. ။

"ဒါတောင်အပြေးနောက်ကျပြီးသေကုန်တာ ရာနဲ့ချီပြီးရှိချင်နေမှာ.."

"အေးလေ..ကိုင်လို့လည်းမဖြစ်တော့ဘူး၊ ကိုက်မှာစိုးလို့ထည့်လိုက်ရင်လည်း သေကုန်တော့မယ်.."

"ထိုးထည့်ဖို့ပဲစိတ်ကူးသေးတယ်ကိုဖိုးရာ.."

ချမ်းညကပြောနေရင်း ထင်းစတွေကိုပုရွတ်ဆိတ်အကိုက်ခံပြီးကိုင်သည်။ ကိုင်ပြီးဆွဲထုတ်ပစ်တာ တစ်ချောင်းမှမကျန်.. ။

"ဟာ..အဲ့ဒါဘာလုပ်တာတုံး၊ ဟိတ်ကောင်.."

"ဘယ့်နှယ်..ဟိတ်ကောင် ဟိတ်ကောင်နဲ့တော်တော်ခံတွင်းတွေ့နေတဲ့ပုံပဲ.."

ချမ်းညမျက်နှာက ချဉ်တူးတူးအကြည့်တွေဖြစ်နေပြီမို့ ဘစိုးကလည်း တလွှားလွှားလျှောက်လာသဖြင့် အားလုံးစိုးရိမ်သွားကြသည်။ ခုချိန်မှာ အလုပ်ပြီးဖို့ထက် ဘာမှအရေးမကြီးပေ။ အလုပ်ပြီးဖို့ကလည်း ဒီမီးဖိုကြီးကပဲ အရေးကြီးနေသည်မို့ မီးဖိုကိုကိုင်တွယ်မည့်ဘစိုးကိုမလွန်ဆန်စေချင်။ သို့သော်.. ။

"မင်းဘယ်သူ့ကိုပြောတာလဲချမ်းည.."

"ဒီကွင်းထဲမှာ ဘယ်သူ့ကိုဖြစ်ဖြစ် ဟိတ်ကောင်ပဲခေါ်နေတာခင်ဗျားပဲရှိတယ်.."

"ခေါ်တော့ဘာဖြစ်တုံး..ဒေါသထွက်ရင်ထွက်တဲ့အသံဖြစ်မှာ



လိုပြောမရတဲ့သူကို ရသလိုပြောရမယ်.."

ချမ်းညက မျက်နှာတည်သွားပြီးမှပြုံးကာ.. ။

"ဒီလိုလည်းရတာပဲကိုး..ဟုတ်မှာပေါ့၊ လူတိုင်းကကြားဖူးနေကျစကားပဲလိုက်ပြောတတ်တာ..ကျုပ်တို့ကလူလို ပြောတာတွေပဲကြားဖူးတော့.."

"ချမ်းည..မင်း.."

"ဟော့ ဟော့..တော်ပြီ..တော်ကြတော့.."

"ဟား ဟား.."

"ခစ်..ခစ်.."

ပုဆိုးမလိုက် တက်ခေါက်လိုက်ဖြစ်သွားကာ ဘေးကအမျိုးသမီးတွေလည်း ရယ်ကုန်ကြ၏။ ဘစိုးကိုအားနာပေမယ့် တခြားလူတွေလည်း ပြုံးစိစိတွေဖြစ်ကုန်ကြလျှင်.. ။

"တော်ပြီဗျာ..ကျုပ်ဆက်မလုပ်ချင်တော့ဘူး.."

"ဟင်.."

"ဟာ..ဘစိုး မင်းအဲ့လိုတော့မလုပ်နဲ့လေ.."

အခြေအနေက ပေါ့ပေါ့ပါးပါးဖြတ်သန်းခြင်းကနေ လေးနက်မှုတွေပြောင်းလဲသွားခဲ့လျက် ဘစိုးနဲ့ချမ်းညကိုလည်း ဘယ်သူမှရင်ကြားစေ့ပေးလို့မရဘဲဖြစ်သွားကြသည်။ ချမ်းညကလည်း သူ့ကိုစကားတင်မခံသလို ဘစိုးကလည်းချမ်းညပြောသမျှ ဇွေ့ဇွေ့ခုန်လျက်..

"ရတယ်..ကျွန်တော့်ကိုမီးထိုးခိုင်းရင်တော့ အကုသိုလ်တွေလုပ်ပြီးယောသူဌေးကြီးကိုပါရမီမဖြည့်နိုင်ဘူး..အခုရွာထဲခဏသွားမယ်၊ ကျွန်တော်နဲ့လူသုံးယောက်ခေါ်သွားမယ်.."

"ဘာကိစ္စလဲ.."

ဘစိုးမေးတာကို ချမ်းညအဖြေဘဲ ဦးကျောက်လုံးဘက်လှည့်၍..

"ဘဘ ကျွန်တော့်ကိုခဏပဲအချိန်ပေးပါ..ဒီထင်းတွေနဲ့ကျွန်တော်မလုပ်ချင်လို့.."

"မလုပ်ချင်တော့ မင်းကထင်းသွားခွေမလို့လား.."

"မဟုတ်ပါဘူး..ထင်းအစားလောင်စာရှိပါသေးတယ်၊ ပြီးတော့အုတ်ဖိုထိုးရာမှာ အုတ်အရောင်ပိုလှတယ်..အလုပ်တွင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုခဏပဲအချိန်ပေးပါ.."

ဘစိုးဒေါသတွေထွက်ကာ တစ်ခုခုပြောမိမတတ်ရှိစဉ်.. ၊

"အေး..အေး မင်းခေါ်ချင်တဲ့လူတွေခေါ်သွား၊ ဒီမှာအလုပ် တယ်..မြန်မြန်တော့ပြန်ခဲ့ကြ.."

ထွက်သွားကြတော့ ဘစိုးကတက်ခေါက်လျက်.. ၊

"လူကလက်မလောက်.."

"ပြောတဲ့စကားက ငါ့ခေါင်းလောက်.."

သူ့စကားကို ဘေးကရွာသားတစ်ယောက်က ဝင်ဆက်ပေး လှည့်ကြည့်လိုက်တော့ ပြုံးတုံ့တုံ့မျက်နှာကြီးနှင့်.. ၊

"နင်ပြောနေကျမို့လို့ သိနေလို့ပါ..ဟဲ ဟဲ.."

ပြောပြီး ချမ်းညတို့ကိုလှမ်းကြည့်လိုက်ရင်း.. ၊

"မင်းချမ်းညကို ဘယ်တော့မှနိုင်အောင်မပြောနိုင်တာ အဲ့ဒါ စိုးရ..နင်ကကိုယ့်စိတ်ကိုမှမထိန်းနိုင်တာ၊ ပြောချင်ရင်ပြောစရာရှိ ပေမယ့်အချိန်ကိုစောင့်ရတယ်..'အဆောတလျင်ပြုတတ်သူဟာ ပည မဲ့သူသာ'တဲ့.."

"ဘာဗျ.."

"ဩော်..ကိုင်း.."

"ပြောပြန်ရင်လည်းမကြိုက်.."

တစ်ယောက်တစ်ခွန်းမထိခလုတ် ထိခလုတ်ပြောနေကြသဖြ ဘစိုးမျက်နှာကြီးသုန်မှုန်လျက် ထိုနေရာမှလှည့်ထွက်သွား၏။ ထို ခါ ခပ်ကြိတ်ကြိတ်ရယ်သံတွေ ကျန်ရစ်ခဲ့လျှင်.. ၊

"ရွာကလူတွေရှုးကုန်ပြီ..မနေ့တစ်နေ့ကမှရောက်လာတဲ့ ဆော ကြွားကြွားကောင်ကို အထင်တကြီးနဲ့ဘက်လိုက်ပြောနေကြတာ၊ အလုပ်က ငါမရှိရင်ဘယ်လိုဖြစ်သွားမယ်ထင်လို့လဲ.."

☺

အခန်း(၂၂)

"ဘယ်လို..ဘယ်လို ဓီးစေ့တွေဟုတ်လား.."

"ဟုတ်တယ်သခင်..ဒီနားမှာလည်း ဓီးကွဲသီးတွေကများတော့ ကောင်းအဆင်ပြေသွားတာ၊ ဒီကလေးဗဟုသုတကြွယ်ချက်တော့ အံ့ လောက်တယ်သခင်..ဒီတစ်ဖိုစာတော့ အေးဆေးရသွားပြီ၊ မီးနေ အောင် ထင်းရှာရသက်သာသွားပြီ.."

"သက်သာတာမှ အချိန်ကုန်လူသက်သာသွားတာပါဗျာ..ရွာ ယ်က မုဆိုးမဒေါ်တုတ်ကြီးဆိုရင် သူကဓီးခွံခြမ်းတွေပဲမီးဆိုက်နေ ကလေး..ငါနဲ့ဘယ်သူအကြံတူနေတာတုံးဆိုပြီး မျက်စိမှုန်မှုန်နဲ့ထွက် ကြည့်တာဗျာ.."

"ဒါတောင် ဘစိုးကသဝန်တိုပြီး ကိုယ့်ဘာသာတတ်နေကြရင် လုပ်ကြလို့ရွဲ့ပြောနေသေးတယ်..သူ့ဘာပြောပြော ချမ်းညကဖြင့်မျက် တစ်ချက်လေးမပျက်ဘူး.."

"ဟိုသင်းလိုပေါ့..ခွေးလေးခုန်လို့ဖုန်မထ.."

"ကျုပ်တို့ရွာမှာဖုန်ကိုမရှိတဲ့ဥစ္စာ..ဘယ်လိုလုပ်ဖုန်ထမတုံး.."

"အေးလေ..ဒါကြောင့် ရွှံ့ပေါက်ရတာ ပင်ပန်းလိုက်တာများ..မ ပြောချင်ဘူး.."

"ကိုင်း..ကိုင်း ငြိမ်ကြစမ်းပါဦး.."

လူယုံကြီးကခပ်ကျယ်ကျယ်ပြောလိုက်မှ တစ်ယောက်တစ်ခွန်း စကားသံတွေတိတ်ကုန်ကြသည်။ အားလုံးရဲ့အကြည့်တွေက ယော ရွှေးထံမှာ စုပြုံသွားခဲ့၏။

"ဒါဖြင့် ကျုပ်တို့နောက်ထပ်လိုတဲ့အုတ်ရေအတွက် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့.."
"ဟုတ်ကဲ့..ပြေပြီသခင်၊ ကျွန်တော်တို့တွက်ထားသလိုပဲ..
တစ်ရာပြုပွဲမတိုင်ခင်ပြီးစီးမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့်.."
"ရပါတယ်..ကျုပ်တို့အတတ်နိုင်ဆုံး လုပ်ခဲ့ပြီးပြီပဲ၊ အာ
ကိုယ်တော်တွေအတွက်ကို ဆရာတော်ကအဆင်ပြေအောင်စီစဉ်
မယ်လို့ပြောတယ်..ခုပြောဖို့ရှိတာက မောင်မင်းရဲသွေးကိုအကြို
ဖို့ကိစ္စ.."
ယောသူဌေးကြီးက ချမ်းညနဲ့ပတ်သက်သည့်အပိုင်းကို
ပြောချင်ပုံမရပေ။ အံ့သြစရာကြားလိုက်သဖြင့် အံ့သြသလိုဖြစ်သွ
ပေမယ့် အကြောင်းအရာကိုနောက်ထပ်မပြောချင်တော့သလို တ
ခေါင်းစဉ်ပြောင်းသွားကာ.. ၊
"ကိုကျောက်လုံးတို့မနက်ဖြန်အတွက် ဆိုင်းခွဲပြီးလူခေါ်ဖို့စီ
ပါ..နေ့စဉ်ဒီလူတွေချည်းဆိုရင် ပင်ပန်းပါတယ်.."
"ဟုတ်ကဲ့သခင်.."
အနားမှာရှိနေသည့်လူတွေကို ပြန်လွှတ်လိုက်ပြီးမှ ဧည့်ခန်း
သေချာပြန်ထိုင်လိုက်ကာ.. ၊
"ညီမကဘယ်လိုစီစဉ်ချင်တုံး.."
ထိုင်နေသည့်ဒေါ်ရတနာလှိုင့်ကိုမေးသည်။ မင်္ဂလာကိစ္စအတွ
ဆို အမြဲတမ်းတိတ်ဆိတ်နေတတ်ကာ ပြောဆိုအကြံပြုဖို့ရှိလာ
တက်ကြွမှုနည်းတတ်သည်မို့ ယောသူဌေးကြီးကဂရုတစိုက်မေးလို
ရင်း.. ၊
"ကိုသြကလည်း ငါတို့မိသားစုပါပဲ..ဒီနေရာမှာဘာဖြစ်ဖြစ်ကို
ပင်ကြတာပေါ့၊ မမမြတို့ဆီကလည်း အခြေအနေတွေကိုပြောပြ
ပြီးသား..ဒါကြောင့်.."
"ဒါကြောင့်နည်းနည်းတော့ စိတ်လေးမိတယ်အစ်ကိုထည်
မောင်မင်းရဲသွေးက သမီးကိုလက်ထပ်ချင်တယ်ဆိုတာ သူ့ရင်ထဲက
ကားဟုတ်ရဲ့လား..အကယ်၍လူကြီးတွေ မြန်မြန်စီစဉ်ပေးချင်
ကျွန်မတို့စိတ်ချနိုင်အောင်ပြောတဲ့စကားဆိုရင်.."
ဆက်မပြောဘဲ ခင်ပွန်းဖြစ်သူမျက်နှာကိုကြည့်သည်။ ဘာမှ



ပြောတော့မှ.. ၊
"ကျွန်မကမင်္ဂလာကိစ္စကို သိပ်သဘောမကျလို့ ရွေးချယ်နေတာ
ဟုတ်ပါဘူး..မောင်မင်းရဲသွေးက ရုပ်ရည်လေးလည်းရှိ ပညာတတ်
ကောင်းလေးပါ၊ ဒါပေမယ့် ဒါကြောင့်သူ့ကိုပိုပြီး စိတ်မချနိုင်
.."
"ညီမက မင်းရဲသွေးမှာချစ်သူမိန်းကလေးရှိနေမှာကို စိုးရိမ်တာ
.."
"ဟုတ်တယ်အစ်ကို..မမမြတို့သမီးနဲ့မင်္ဂလာကိစ္စကို ဒီမှာအလှူ
တဲ့ရက်မှာပဲ စီစဉ်စေချင်နေတာက ကျွန်မစိတ်ကိုတစ်ခုခုသတိ
နေသလိုပဲ.."
သူဌေးကြီးကသက်ပြင်းမှုင်းမှုင်းချ၍.. ၊
"အလှူရှိနေတုန်းမှာပဲ မင်္ဂလာကိစ္စလုပ်ဖို့က ငါတို့ကိုယ်တိုင်စီ
တာပဲညီမရယ်.."
"မဟုတ်ဘူး.."
ဒေါ်ရတနာလှိုင်က ပိုင်နိုင်စွာပြော၍ သူဌေးကြီးကိုကြည့်ကာ..၊
"အဲ့ဒါကိုမမမြတို့ဆီက စကားသံထွက်လာလို့ အစ်ကိုထည်
ညိတ်ခဲ့တာ..နှစ်ဦးနှစ်ဖက်ညှိနှိုင်းကြတာမဟုတ်ပေမယ့် သူတို့
စေချင်တဲ့အတိုင်း အစ်ကိုထည်ကလိုက်လျောဖို့ ဆုံးဖြတ်တာပါ..
မအဲ့ဒါကိုကြိုသိနေလို့ ဒီကိစ္စအတွက်စိတ်မပါသလိုနေခဲ့တာ
မဟုတ်ပါဘူး.."
"ညီမကိုအဲ့လိုမထင်ပါဘူး..ဒါပေမယ့် ငါတို့တွေကဆွေမျိုးတွေ
ယ်၊ တစ်ယောက်နဲ့တစ်ယောက်အတွင်းသိ အစင်းသိချင်းလို့ပြော
..သူတို့ကလေးကို တခြားမိန်းကလေးနဲ့မငြိစွန်းချင်လို့ ဒီမှာ
ထပ်ဖို့အမြန်ကြိုးစားတယ်ဆိုရင်လည်း ခေါင်းခါလို့မဖြစ်ဘူး
..ဒါငြိုငြင်စရာလည်း မဟုတ်ဘူးမို့လား.."
"ငြိစွန်းမှာစိုးလို့ကာကွယ်တာကိုနားလည်လို့ရတယ်..ငြိစွန်းနေ
ကို ဖွတ်အတင်းဖျက်ချပြီး ဒီဘက်မှာဆက်ဖို့ကြိုးစားတာဆိုရင်
မှာသမီးလေးပဲနစ်မွန်းမှာ.."
အားလုံးအသံတွေ တိတ်ကျသွားခဲ့သည်။ ပြီးမှ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညီမကဘယ်လိုစီစဉ်ချင်လို့တုံး..ပြောပါဦး.."

"သူတို့လည်းလာနေပြီအစ်ကို..အစီအစဉ်ကိုပြောင်းဖို့လည် ယဉ်းနေပါပြီ၊ တစ်ခုပဲ ကျွန်မတောင်းဆိုချင်တာ.."

"အင်းပြောလေ.."

"စေ့စပ်ဖို့ပဲလုပ်ပြီး မောင်မင်းရဲကိုအကဲခတ်စေချင်တယ်.. ငယ်ချင်းလည်း ရင်းနှီးတာပေါ့.."

သူဌေးကြီးခဏငြိမ်သွားသည်။ လူယုံကြီးဦးသြဘာကို ချက်လှမ်းကြည့်လိုက်ပြီးမှ ခပ်ဖြည်းဖြည်းခေါင်းညိတ်၍.. ၊

"အေးပေါ့..ဒါသင့်မြတ်ပါတယ်၊ အခုလည်း လူကြီးစုံရာနဲ့ ကြမှာမဟုတ်သေးတော့ ပြောရလွယ်မှာပါ..လက်ထပ်ပွဲနှစ်ခါ မယ့်အစား ဒီမှာစေ့စပ်ပြီး သမီးလိုက်သွားမှပဲ ဟိုမှာလက်ထပ်ပွဲပေါ့"

သမီးလိုက်သွားမည်ဆိုသည့်အသံကြားတာနှင့် ဒေါ်ရတ လှိုင်က မျက်နှာလွှဲပြီးဖြစ်ကာ.. ၊

"ကျွန်မခဏဝင်နားဦးမယ်အစ်ကို.."

ခွင့်ပြုသံကိုမစောင့်ဘဲ နေရာမှထထွက်လာခဲ့မိသည်။ တို့ စိတ်ထိခိုက်နေခြင်းက သမီးလေးနဲ့ရင်ဆိုင်တိုးမိလိုက်တော့ ပို ခဲ့ရပြီး.. ၊

"သမီးဒီနားမှာရှိနေတာလား.."

ဧည့်ခန်းကနေချိုးကွေ့တစ်ခုနားမှာ ကြိုးလေးကမျက်လွှာ ချရင်း ရပ်နေလျက်.. ၊

"သမီးကိုမယ်မယ်ခေါ်ထားလို့ လာတာပါ..မယ်မယ်ဧည့်ခန်း ရှိနေတယ်ဆိုလို့ သမီးလိုက်ခဲ့တာ.."

"ဒါဆိုကြားပြီးပြီပေါ့.."

ခေါင်းညိတ်ရင်း မျက်နှာလေးမော့လာတော့ မျက်ဝန်းမှာမျ ရည်စတို့ခိုတွဲလျက်.. ၊

"မယ်မယ်.."

ဒေါ်ရတနာလှိုင့်ခါးကိုသိမ်းကျုံးဖက်ထားလိုက်ပြီး ရင်ခွင်မှ မျက်နှာလေးကပ်မိရင်း.. ၊

"အိမ်ထောင်ပြုဖို့ကိစ္စကြီးကို မဖြစ်မနေထမ်းဆောင်ရမယ့်



ကြီးတစ်ခုလို ဘာဖြစ်လို့လုပ်နေရတာလဲဟင်.."

ဒေါ်ရတနာလှိုင်မဖြေနိုင်ပေ.. ၊

"ပြီးတော့လေ သမီးကလက်ထပ်ပြီးတာနဲ့ မယ်မယ်တို့နဲ့ဒီရွာ သွားရဦးမယ်..အဲ့ဒါဘာဖြစ်လို့လဲ၊ သမီးကအဲ့ဒီအရပ်ဒေသက ပဲလက်ထပ်ရတာ ဘာဖြစ်လို့လဲ..သမီးတို့ရဲ့အိမ်ထောင်ရေးကျမှ ကရွာသားတွေနဲ့ ဘာဖြစ်လို့ခြားနားနေရတာပဲ..ပြောပါဦးမယ် ယ်.."

"ရွာသားတွေက ယောအိမ်တော်ကမိသားစုတွေမဟုတ်လို့ပေါ့ ရယ်..သမီးရဲ့ဖေကြီးကို သူတို့ဘာဖြစ်လို့သခင်လို့ခေါ်ကြတာ အဲ့ဒါမယ်မယ်တို့က.."

"ငွေကြေးပြည့်စုံလို့ပါမယ်မယ်..သမီးတို့ထောက်ပံ့နိုင်တဲ့သူတွေ ပါ၊ ဒါပေမယ့် လောကကြီးမှာဆင်းရဲတဲ့သူနဲ့ချမ်းသာတဲ့လူတန်း ဆိုတာ ရှိခဲ့တာပဲ..သမီးတို့ကျမှ ဘာဖြစ်လို့သက်ဦးဆံပိုင်ဘုရင် ကလို တခမ်းတနားကြီးနေနေသေးတာလဲ.."

ဒေါ်ရတနာလှိုင်က ကြိုးလေးရဲ့မျက်နှာလေးကို လက်ဖဝါးနှစ် နဲ့ကိုင်ပြီး စိုက်ကြည့်သည်။ ပြီးတော့.. ၊

"သမီး ဘာဖြစ်လို့ခုကျမှ ဒီစကားတွေပြောနေရတာလဲ..သုံး တောင်ရွာကြီးဖြစ်ပေါ်လာခဲ့တာ မယ်မယ်တို့ရဲ့ဘိုးဘေးတွေထူ ထောင်ခဲ့တာ..ဘာလို့ထူထောင်ခဲ့တာလဲဆိုတော့.."

"ကိုယ့်အရိပ်မှာနေ ကိုယ့်မြေမှာပဲခြေချချင်လို့ပါ..သမီးကျမှ.."

"သမီးကျမှမဟုတ်ပါဘူး..သမီးဦးလေးလက်ထပ်ကစခဲ့တာပါ၊ ဖြစ်လို့လဲဆိုတော့ တို့မျိုးနွယ်တွေက မြို့ပြကိုခွဲထွက်သွားကြလို့

"သူတို့သွားကြတာ သူတို့ဘဝနဲ့သူတို့ပဲနေပါစေလားမယ်မယ်.. ကိုဒီလိုလာစေတာမကောင်းသလို သမီးတို့လည်း ဟိုကိုရောက် ရင် အတောင်ကျိုးတဲ့ငှက်ဖြစ်ရမှာ.."

"မဖြစ်ပါဘူး.."

စကားသံနှင့်အတူ သူဌေးကြီးကဧည့်ခန်းဘက်ကနေ ခပ်ဖြည်း လျှောက်လာပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးလက်ထပ်ဖို့အတွက်ပဲ ဆွေပြမျိုးပြသွားရမှာပါ..မော မင်းရဲသွေးနဲ့သမီးကို ဒီကိုပြန်ပို့ပေးကြလိမ့်မယ်.."

ဖခင်ဖြစ်သူအနားရောက်လာတော့ ကြိုးလေးမျက်ရည်ကို မန်းကတန်းသုတ်ပစ်ကာ ဒေါ်ရတနာလှိုင့်ရင်ခွင်ထဲကနေ မတ်မ စန့်စန့်လေးပြန်ရပ်၏။ သူဌေးကြီးက မျက်ရည်စတို့ဖေးတင်နေ ကြိုးလေးရဲ့မျက်တောင်ရှည်တို့ကိုကြည့်၍ ချော့မော့သလိုပြုံးက

"သူတို့တွေမြို့ကြီးပြကြီးကို ခွဲထွက်နေကြတာလည်း ကိုယ့်သ ဘောနဲ့ကိုယ်မဟုတ်ကြဘူးသမီး..ဖေကြီးတို့တွေ တောမှာနေထိုင်ကြ ပေမယ့် မြို့ပြနဲ့အလှမ်းမဝေးအောင် အသိပညာမျက်ခြေမပျက်အော လို့ပါ..အထူးသဖြင့် တောမှာမရနိုင်တာတွေကို ဖေကြီးတို့အလွ တကူရနေကြတယ်၊ တိုက်တာမော်တော်ကားဆိုတာ ထိတွေ့ရင်း နေကြတယ်.."

ပြောနေရင်း နောက်ကိုတစ်ချက်လှည့်ကြည့်၍.. ၊

"ကိုင်း..သမီးစိတ်ချမ်းသာအောင် မယ်တော်ကြီးကရှင်းပြလို ပါဦး၊ ကိုသြနဲ့ကျုပ်မနက်ဖြန်ညေ့သည်ကြိုဖို့ကိစ္စတိုင်ပင်လိုက်မယ်"

ဒေါ်ရတနာလှိုင်က ကြိုးလေးလက်လေးကိုဆွဲ၍ ထွက်သွားတ နောက်ကိုတစ်ချက်မှ ပြန်မကြည့်တော့ပေ။ စိတ်ထဲကသိနေသည် သမီးရဲ့ဇာတာကိုစစ်ကြည့်ပြီးပြီ။ သမီးနဲ့မင်းရဲသွေးတို့လက်မထ မီ သို့မဟုတ် လက်ထပ်ပြီးသည်နှင့် ဆိုးရွားတာတစ်ခုခုဖြစ်တော မည်။ ထိုဆိုးရွားမှုတွေဟာ သမီးလေးအပေါ်မကျရောက်ပါစေနဲ့ သာ.. ၊

☺

အခန်း(၂၃)

"မမ..မမလေး ထမင်းစားလာကြတာ အစ်ကိုချမ်းညပါလာ ယ်တော့..လာ လာ.."

"ဟုတ်လား.."

ကြိုးလေးလှပ်ခနဲပျော်သွားသည်။ သို့သော် မတ်မတ်စန့်စန့် သွားသည့်ကိုယ်လေးက စိတ်ဓာတ်ကျစွာပြန်လည်လျှော့ကျသွား ပြီး.. ၊

"ဝေဒနာတိုးပါတယ်ဟာ..ငါလည်းစေ့စပ်ရတော့မယ်၊ သူနဲ့ငါ .."

"ဩော်..မမလေးကလည်း ကိုယ်သဘောကျနေတဲ့သူကို မြင်နေ နေရတော့နည်းလား၊ လာပါ..မမပဲဟိုနေ့တွေကတော့ တမျှော် နဲ့.."

ဇာဥနဲ့လုံမက ကြိုးလေးကိုပြတင်းတံခါးနားထိ အတင်းဆွဲခေါ် ကြ၏။ ဒီတစ်ခါချမ်းညနေရာယူထားသည်က ကြိုးလေးရှိသည့် င်းပေါက်ဆီတကူးတကမော့လိမ်ကြည့်ဖို့မလိုသော အဆင်ပြေ ည့်နေရာဖြစ်နေ၏။ ပြတင်းပေါက်မှာကြိုးလေးရပ်လိုက်တာနှင့် ညကရယ်ပြသည်။ ကြိုးလေးသူ့ကိုလွမ်းမောတမ်းတရင်း ငေး ည့်နေမိ၏။

ပြန်ပြုံးပြဖို့တောင်သတိမရဘဲ သူနဲ့ကိုယ်နဲ့ဆုံဆည်းခွင့်မရှိ သည့်အဖြစ်ကိုတွေးမိရင်း ရင်ထဲမှာနင့်နေ၏။ ဒီယောကျ်ားရဲ့ ကြည့်တွေအပြုံးတွေမှာ ဆူမဘာကြောင့်စွဲလမ်းစိတ်တွေဖြစ် ၊ ဒီလူရဲ့ရင်ခွင်မှာ ခဏလေးဖေးတွယ်ခိုဝင်ခဲ့ဖူးပေမယ့်သူ့အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေးလိုက်တိုင်း ရင်ခုန်သံတွေကသောင်းသောင်းဖျဖျဖြစ် သည်။

နေ့နေ့ညညသတိရနေသည်။ သူနဲ့ပတ်သက်လာတိုင်း မိန် သားဆိုသည့်ဣန္ဒြေသိက္ခာကိုလည်းမေ့သည်။ ခုမှတွေ့ဖူးတာ တာကျက်တာတွေကိုလည်း ဂရုမစိုက်ချင်အောင် ရင်းနှီးနေခဲ့သ ပိုပြီးရင်းနှီးချင်သည်။ ဒီလိုဖြစ်နေမိတာ ကိုယ်ချည်းပဲတစ်ယေ တည်းလား.. ၊

"အယ်..မမလေးကိုသူတစ်ခုခုပြနေတယ်၊ မမလေး.."

"ဟင်.."

"ဟဲ့..ဘာလဲလုံမ၊ ဘာပြတာလဲ..စိတ်ဝင်စားစရာကြီး..ဟီး

"ဩော်..နင်ကတစ်မျိုး၊ ဖယ်စမ်းပါ.."

လုံမနဲ့စာဥနေရာလုနေရင်း နမူးချင်းတိုက်မိ ခြေထောက် နင်းမိတွေဖြစ်ကုန်၏။ ကြိုးလေးသူ့ကိုသေချာကြည့်မိလျှင် ချမ် ရဲ့ဘေးကို လူယုံကြီးရောက်လာတာမြင်လိုက်သဖြင့် ကမန်းကတ ကွယ်လိုက်ရကာ.. ၊

"နင်ကလည်း ကံကောင်းလို့ငါ့ကိုဘာဘညြမြင်တော့မလို့

"ဟုတ်လား..ဒါ ဒါဆိုသူဒီဘက်ကိုအချက်ပြနေတာ ဘာ မြင်သွားလို့ထင်တယ်.."

ဟင်.. ၊

ကြိုးလေးမျက်နှာမှာ စိုးရိမ်ခြင်းတွေပြည့်သိပ်သွားသည်။ က သတိထားမိကာ.. ၊

"မပူပါနဲ့မမလေးရယ်..ကိုချမ်းညက စကားပရိယာယ်ကြွယ် တယ်၊ သူ့ကိုဘယ်သူမှတရားခံဖမ်းလို့ မရပါဘူး..ဟုတ်နေရင် သူ့ကိုယ်သူအလွတ်ရုန်းနိုင်မှာပါ.."

ကြိုးလေးမျက်ရည်တွေဝေ့နေပါပြီ။ လုံမနဲ့စာဥတို့ တအံ့ ဖြစ်သွားကြပြီး ဘာဆက်ပြောရမှန်းလည်း မသိအောင်ဖြစ်ကု ၏။ ကြိုးလေးက ရွာသားတွေထမင်းစားနေကြသည့် အမိုး ဆောင်လေးဆီ မသိမသာချောင်းကြည့်ရင်း မျက်တောင်တွေတ ဖျတ်ခတ်နေခဲ့လျက်.. ၊



"သူတစ်ခုခုဖြစ်မလားလို့ထင်လာရင် ငါအရမ်းငိုချင်တာပဲ..သူ့ ဟုတန်သလို ဖေကြီးတို့ပြောဆိုနေတာကြားရင် ငါ့ကိုပြောနေသ .."

"အဲ့ဒါ မမလေးနဲ့အစ်ကိုချမ်းညတို့က ဘဝချင်းနီးစပ်ခဲ့လို့ဖြစ် .."

"အရင်ဘဝတည်းက အရမ်းချစ်တဲ့ချစ်သူ..ဒါမှမဟုတ် အကြင် မယားတွေဖြစ်ခဲလို့နေမှာပေါ့၊ ဒါကြောင့် မြင်မြင်ချင်းသဘော စ်သက်နေကြတာ.."

"အဲ့ဒါကိုပဋ္ဌာန်းဆက်နီးတာလို့ခေါ်တယ်..အရင်ဘဝက သား တော်ခဲ့လား၊ မောင်နှမလား ချစ်သူလား..တစ်ခုခုတော်စပ်ခဲ့ဖူးလို့ ၊ ဘုရားဟောတဲ့ထဲမှာ လူတွေကတစ်ချိန်ချိန်က ပတ်သက်တော် ဖူးတဲ့သူတွေချည်းပဲတဲ့..တိရစ္ဆာန်ဆိုတဲ့ သတ္တဝါတွေထဲမှာလည်း."

"ကဲဟယ်..မမလေးစိတ်ဆင်းရဲနေပါတယ်ဆို သူကတရားရှည် ဟောနေပြန်ပြီ.."

"မမလေးရေ..မမလေး.."

သူတို့တွေစကားပြောနေရင်း ခေါ်သံကြောင့်ပြတင်းပေါက်နား ကမန်းကတန်းခွာလိုက်ကြရကာ.. ၊

"ဘာလဲမြကြည်..ဝင်လာခဲ့.."

မြကြည်က ဝမ်းသာအားရဝင်လာပြီးမှ ကြိုးလေးမျက်နှာမ ကောင်းတာကိုတွေ့တော့ ဟိုကြည့်ဒီကြည့်ဖြစ်သွားသည်။ ပြီးမှ မရဲ ရဲနှင့်.. ၊

"ဟိုလေ..ဟိုဥစ္စာ.."

"ပြောလေ..ဝင်လာတုန်းကတော့ ကဆုန်ပေါက်ဝင်လာပြီး .."

အိမ်တော်မှာ ကြိုးလေးရဲ့ဘေးမှာနေရသည့်မိန်းကလေးတွေက ဖြားလူတွေထက်ပိုပြီး ပြောရေးဆိုခွင့်ရှိသလိုဖြစ်နေကာ စာဥက လိုက်သဖြင့် မြကြည်လန့်သွားသည်။

"ဟို..မြို့ကဧည့်သည်ကိုသွားကြိုတဲ့လူတွေ ပြန်လာကြပြီ.."

ဟင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို.."

မြို့ကသတို့သားလောင်းကို မြင်ချင်နေကြသဖြင့် သွားကြို ပြီဆိုသည့်အဖြစ်က တခြားသူတွေအတွက် စိတ်ဝင်စားဖွယ်ဖြစ်နေ ကြ၏။ သို့သော် ကြိုးလေးမျက်နှာပျက်သွားကာ.. ။

"တစ်ညတော့အိပ်ရမှာပဲဟာ့..ဘယ်လိုဖြစ်တာလဲ.."

"မသိဘူးမမလေးရဲ့..ဟိုဘက်ကဧည့်သည်တွေကြိုရောက်နေလိ ဖြစ်မယ်တဲ့..မယ်တော်ကြီးပြောနေတယ်၊ အဲ့ဒါ ဟိုလေ.."

"လာပြန်ပြီ..ဟိုလေ ဒီလေနဲ့.."

"ပြောမလို့ပါမလုံမကလည်း..အဲ့ဒါ ဧည့်သည်တွေ ဒီညရောက် မယ်ထင်တယ်လို့ပြောနေကြလို့၊ အဟဲ..နေ့ရာထိုင်ခင်းတွေ စားစရာ တွေပါ အပူတပြင်းပြင်နေကြရတယ်၊ မင်္ဂလာဆောင်ကျနေတာပဲ အောက်မှာပျော်စရာကြီး.."

ပြောလိုက်ရယ်လိုက်နှင့် ကြိုးလေးကိုကြည့်ပြီး မျက်နှာလေးပြ တည်သွားတာလည်းရှိသည်။ သို့သော် အပျော်လွန်နေတာကို ဖုံးဖိ ရဘဲ ပါးစပ်ပိတ်ရယ်လျက်.. ။

"မင်္ဂလာပွဲနဲ့ရှင်ပြုပွဲနဲ့ဆက်တိုက်ကြီး..ငါတို့ပျော်ရမှာသိလား ဟိဟိ.."

"ဟိဟိမနေနဲ့..အဲ့ဒါလာပြောတာလား.."

"အင်း..အဲမဟုတ်ပါဘူး၊ မယ်တော်ကြီးကမမလေးကို ကိုယ် လက်သန့်စင်ပြီး ပေါ့ပေါ့ပါးပါးနားနေပါစေတဲ့..တော်ကြာဧည့်သည် တွေလာမှ ညဉ့်နက်မိုးချုပ်ဖြစ်နေရင် ထွက်မကြိုနိုင်ဘဲဖြစ်မှာစိုးလို့ တဲ့.."

မြကြည်ပြောသွားသည့်စကားတွေက ကြိုးလေးအတွက်မီးစမီး ပွားတွေမှန်း ဘယ်သူမှသိမှာမဟုတ်ပေ။ လုံမတို့ကတော့ စိတ် ကောင်းဖြစ်သွားကြကာ.. ။

"စေ့စပ်တာပဲမမလေးရယ်..မငိုပါနဲ့နော်.."

"ဟုတ်ပါတယ်မမလေးရယ်..မြို့ကြီးသားရောက်လာလို့ တော်ကြီးခန့်ညားချောမောနေရင်လည်း မမလေးသိပ်တော့ကံမဆိုး လှပါဘူး.."



"စာဥရယ်..ချစ်တာကြိုက်တာက လှတာချောတာနဲ့မဆိုင်ပါ ဘူး.."

"အံမယ်..နင်ကချစ်ကြိုက်ဖူးလို့လား၊ ကြီးကြီးကျယ်ကျယ်နဲ့.."

"မချစ်ဖူးသေးပေမယ့် ငါလည်းကြားဖူးနားဝတော့ရှိပါတယ် ..နောက်ပြီး အစ်ကိုချမ်းညကိုကြည့်ပါဦး၊ ယောကျ်ားလည်းပီသ လည်းချော ရယ်လိုက်ရင်မျက်လုံးလေးတွေ မှေးသွားပြီးသွား လေးတွေက စီနေတာပဲ..မျက်တောင်တွေကလည်း မရှည်ပေ ထူထူသိပ်သိပ်နဲ့ မျက်တောင်ခတ်တာတောင် ကြည့်လို့ကောင်း .."

လုံမပြောနေတော့ ကြိုးလေးမျက်ဝန်းလေးတွေ ငေးစိုက်ငြိမ် သွားခဲ့၏။ လုံမပြောသမျှ မျက်လုံးထဲမှာမြင်ယောင်နေသည့် .. ။

"စကားပြောတဲ့အသံကလည်း ထူးခြားရှားပါးတဲ့ကရုဏာသံမျိုး ရှမြတ်သားတာမျိုး၊ ပြီးတော့ သူ့မျက်နှာနဲ့သူ့အသံက လိုက် တယ်..လမ်းလျှောက်သွားရင် တအားကြည့်ကောင်းတယ်၊ မြို့ ရောက်လာမယ့်သတို့သားလောင်းက လူမကနတ်တမျှချောနေရင် ငါသူ့ကိုမေ့နိုင်မှာမဟုတ်ဘူး.."

"မမလေးရယ်.."

"ဟုတ်ပါတယ်မမလေးရယ်..စေ့စပ်ထားတဲ့ကာလမှာ မယ်မယ် ကိုမမလေး.."

"စေ့စပ်ပြီးတာနဲ့ ငါတန်းလိုက်သွားရမှာ.."

ဟင်.. ။

ပြောရင်းမျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်လာတော့ စာဥ မကိုင်မိလက်မကိုင်မိတွေဖြစ်ကုန်ကြသည်။ ထို့ပြင်ကြိုးလေး ကြီးတငင်ငိုချလိုက်ပြန်ကာ.. ။

"ငါ့ရဲ့လွတ်လပ်ပျော်ရွှင်မှုတွေက ဒီနေ့ကစပြီး အဆုံးသတ်ပြီ.."

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၄)

"ဖက်.."

ခြင်တစ်ကောင်က လက်တစ်ဖျစ်စာမရှိပေမယ့် နားနားကပ်[illegible]
ဒုက္ခပေးနေတာ တစ်ကျောင်းလုံးကိုထပြီး မီးပုံရှို့ပစ်ချင်လော[illegible]
အောင် ဒေါသထွက်လာတဲ့အခါ.. ।

"တောက်.."

"ဖက်..ဖျန်း ဖျန်း.."

"ဟာဗျာ..ကိုကြီးချမ်းညကလည်း.."

"ဒီမှာခြင်ကိုက်နေလို့ကွ.."

"ဒီလိုပဲညတိုင်းအိပ်နေတာကို.."

ကလေးငယ်လေးက ပွစိပွစိရေရွတ်နေတော့ ချမ်းညငေါက်[illegible]
ထထိုင်လိုက်မိကာ.. ।

"နေစမ်းပါဦး..မင်းနဲ့ငါအတူအိပ်တာလည်းမဟုတ်ဘူး၊ ငါ[illegible]
ခုတင်ပေးမှာ မင်းကကြမ်းပေါ်မှာ.."

"အဲ့ဒါဘာဖြစ်တုံး.."

ချာတိတ်ကခုမှ ခုနှစ်နှစ်သားရယ်.. ।

"ငါညညစာဖတ်နေရင်လည်း မီးရောင်ကပူလို့.."

"ပူတာမဟုတ်လို့လား..ရေနံဆီမီးဖြစ်ဖြစ် မုန်မီးအိမ်ဖြစ်ဖြ[illegible]
ကမီးပဲဥစ္စာ.."

"ငါ့ဟာငါလွတ်လပ်ချင်လို့ ကျက်သရေဆောင်နောက်ကျေ[illegible]
လာအိပ်တာနော်..ငါ့နားလာအိပ်တာမင်းပဲ.."

"ကျွန်တော်လည်း သူများတကာနဲ့ရောသောမအိပ်တ[illegible]



[illegible]ပါ.."

"အဲ့ဒီတော့ အရင်ရောက်နေတဲ့လူကဖိုလ်ပဲ.."

"ဟာ..မရပါဘူး၊ ကိုကြီးချမ်းညအိပ်မပျော်ရင် အပြင်ထွက်ဗျာ"

"ဘာ.."

"ကိုကြီးချမ်းညခြင်ရိုက်နေတာနဲ့ ကျွန်တော်အိပ်လို့မရဘူး.."

"အဲ့ဒါကြောင့်မင်းထွက်.."

"ကိုကြီးပဲထွက်.."

"အံမာ.."

ဘာဆက်ပြောရမှန်းလည်းမသိ။ ဘယ်နှယ့်ဒီကျောင်းက ကိုရင်
[illegible]းတွေရော ကိုရင်မဝတ်ရသေးတဲ့ချာတိတ်ပေါက်စတွေရော အ
[illegible]လုံး ကြီးကြီးကျယ်ကျယ်လေးတွေပါလား.. ।

ဘယ်မှာဘယ်လိုပြောခဲ့ နိုင်ခဲ့ပါစေ။ ဒီကလေးတွေနဲ့တွေ့ရင်
[illegible]းညတို့ခံရပြီ.. ।

"အေး..ဒါဆို ဆေးရိုးမီးအုံးမယ်.."

"ဟာဗျာ.."

"ခြင်ကိုက်တယ်ကွ.."

"ဟော့..စကားပြောနေကြတာ ဘယ်သူတွေတုံးကွ.."

ကပ္ပိယကြီးအသံကြားတော့ အေးကိုဆိုသည့်ကလေးက အသံ
[illegible]းတိတ်ကျသွားပြီး ထောင်နေသည့်ခေါင်းလေးက အိပ်ပျော်နေသ
[illegible] ဆတ်ခနဲလှဲကျ၏။ ကပ္ပိယကြီးက ဓာတ်မီးတဝင်းဝင်းနဲ့ရောက်
[illegible]ကာ.. ।

"ချမ်းည ဒီထဲဘယ်တုန်းကရောက်နေတာတုံး.."

"မနေ့ညတည်းက.."

"စကားပြောနေတာမင်းလား.."

"ဟုတ်ပ..ဒီမှာပြောမကောင်း ဆိုမကောင်းလေးတွေနဲ့.."

"ကိုကြီးချမ်းညနော်.."

ခေါင်းသည်ဆတ်ခနဲပြန်ထောင်ကာ စွာတာတာစူးရှရှအသံ
[illegible]က တစ်ခွန်းမှမခံ.. ।

"ကပ္ပိယကြီး..ကိုကြီးချမ်းညရယ် ခြင်တွေကိုသတ်[illegible]ာခြင်

www.burmeseclassic.com

www.burmeseclassic.com



လည်းသေတယ်၊ ကျွန်တော်လည်းနားငြီးလို့ အိပ်မရဘူး..ကျွန်တော်ပြော
ပြောတာမှားသလား၊ သူခြင်သတ်နေတာမှားသလား..အဲ့ဒါကပွဲယ
ကြီးပြောဦး.."

"အံမာကွာ.."

"ကိုင်း..တော်ကြ.."

ကပွဲယကြီးက ချမ်းညကိုအပြင်ထွက်ခဲ့ဖို့ လက်ယပ်ခေါ်ထုတ်
လျက်.. ၊

"မင်းလိုက်ခဲ့.."

"ဟာ..ကပွဲယကြီး.."

"ကဲပါ..ထွက်ခဲ့စမ်းပါ.."

"ကပွဲယကြီးတကယ်ကျွန်တော့်ကိုလား..အဲ့ဒါငတိလေးချွန်က
နေဘ်၊ ကျွန်တော်အိပ်ပျော်တော့မလို့ ပျော်လုပျော်ခင်ဖြစ်နေပြီကို.."

"အခု မပျော်သေးဘူးမို့လား.."

"ပျော်နေပြီ.."

"ခုပြောနိုင်သေးတယ်..ငါနဲ့လိုက်ခဲ့.."

'ကောင်းလိုက်တာ'လို့ပြောပြီး အေးကိုကခေါင်းချသည်။ ဂု
ဟန်ကျပန်ကျအိပ်ရတော့မည့်ပုံစံနှင့် စောင်ခေါက်လေးကိုဖြန့်၍
ခေါင်းမြီးဆွဲခြုံ၏။ ချမ်းညက စောင်ကိုခြေထောက်တစ်ဖက်နဲ့လှမ်း
ချိတ်ပြီး ဆွဲချသည်။

"ဟာ..ဟောဒီမှာကိုကြီးချမ်းည.."

"ဘာဖြစ်တာတုံး..မမြင်မစမ်းနဲ့ ခလုတ်တိုက်တာကို.."

"တကယ်ကန်းပါစေဗျာ.."

ကလေးလေးဒေါသကြီးနေတော့ ချမ်းညတခွိခွိရယ်သည်။ ကပွဲ
ယကြီးက သူ့ခေါင်းကိုနောက်စေ့ကနေ ပုတ်ထည့်လိုက်ပြီး.. ၊

"မျက်နှာကတစ်ပတ်မညိုးဘူး..နင်.."

အရိုက်ခံရပေမယ့် ချမ်းညအရယ်မပျက်ရှိလျက်.. ၊

"အဲ့ဒီကောင်လေး ကျွန်တော်ငယ်ငယ်ကထက် ဇီဇာကြောင်
တယ်ဗျ..ဟား ဟား ရယ်ရတယ်၊ မိန်းကလေးသာဆို ဘယ်လောက်
ရန်တွေ့ကောင်းမယ့်ကောင်လဲဆိုတာ.."



"မင်းကိုလည်းမပြောချင်တော့ဘူး..ထားသလိုမနေ ကျွေးတာ
စားညည်းမစားနိုင်.."

"ကျွန်တော်က လဲမို့တုထူမွေ့ရာနဲ့အိပ်လာခဲ့တာကပွဲယကြီးရ..
ထမင်းဆိုလည်း ဆန်မကောင်းရင်တောင် ဖွဲ့နံ့နံ့တဲ့ဆန်မျိုးဘယ်တော့
မှမစားဘူး.."

"လာသေးတယ်.."

"ကြွားတယ်မထင်ဘူးဆိုရင် ကျွန်တော့်အစ်ကိုက သူ့ကိုယ်သူ
ထမင်းပန်းခံပြီး ကျွန်တော့်ကိုတော့ကောက်ကြီးဆန်နဲ့ ငါးကျည်းကြော်
ကြက်ပဲကျွေးတာ.."

"အဲ့လိုရှာကျွေးနေတာကို မောင်မင်းကဇိမ်ရှိရှိ ဂုဏ်ယူဝံ့ကြွား
ပြီး ငါးမျိုးစားသောက်နေသပေါ့.."

"ဇိမ်ရှိပေမယ့် ဂုဏ်တော့မယူပါဘူး.."

"ဩော်..ဩော်.."

"ဂုဏ်မယူပေမယ့် ကိုယ့်ဘုန်းကိုယ့်ကံမြင့်မားပါဘိလို့တော့
အကျူးမိတာပေါ့.."

"အဲ့ဒါကိုဘုန်းကံကြီးတယ်လို့ သတ်မှတ်လိုက်တာလား.."

"ဟုတ်တာပဲကပွဲယကြီးရ..အားလုံးကကံတရားအတိုင်းဖြစ်လာ
ကြတာတွေပါ.."

ညသည်ပိန်းပိတ်အောင်မှောင်မနေဘဲ ကြယ်ရောင်ဖျဖျနှင့် ခပ်
မှိန်မှိန်လင်းနေခဲ့သည်။ ကပွဲယကြီးနဲ့စကားပြောရင်း ကျောင်းရဲ့
နောက်ဘက်ကိုထွက်လာခဲ့ရင်း မီးဖိုထားတာမြင်လိုက်မှ.. ၊

"ဘာလုပ်မလို့တုံး..မီးဖိုက.."

"ဘာမှမလုပ်ပါဘူး..ဒီညသည်းကိုးဖြာဇလပ်ကြီးပွင့်မယ်ထင်
လို့.."

"သည်းကိုးဖြာက လပြည့်ညမှပွင့်မှာပါ.."

သည်းကိုးဖြာဇလပ်ကြီးသည် တံခွန်တိုင်လိုဝတ်ဆံတိုင်တစ်
ချောင်းနှင့် အဖြူရောင်ကတ္တီပါလိုပွင့်ဖတ်က ထမင်းအုပ်ဆောင်းပုံ
ဖုံ့လက်လှန်ထားသည့် သဏ္ဌာန်ရှိ၏။ ပွင့်ခါနီးမှ တစ်ပတ်သို့မ
ဟုတ် နှစ်ပတ်လောက်ထိမွှေးနေတတ်ကာ တစ်ခါတရံမှလာပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပျောက်ပြီး ပျောက်နေပြီးမှပြန်မွေးတတ်၏။

မွေးရန့်သည်တရုတ်စကားပန်းနံ့နဲ့ဆင်ဆင်တူကာ ဗမာ
ရွက်ကြီးကဲ့သို့ အနံ့ပြင်းလေမွေးရန့်နဲ့မတူလေ ခံစားရတတ်သည်
သူ့ကိုပွင့်ပြီးသုံးရက်အတွင်းခူး၍ ဝတ်ဆံတိုင်ကိုဖယ်ကာ ရိုးတံ
ဖက်ကိုသစ်ခေါင်းပျားရည်နဲ့စိမ်ထားလျှင် နှစ်ဆယ့်လေးနာရီ
တာနှင့် အရည်ပျော်ပျောက်ကွယ်သွား၏။

ထိုအရည်ကို ပုလင်းထဲမှာဝါဂွမ်းနဲ့အိနေရုံထည့်ပိတ်ထား
သည်။ မြွေကိုက်ခံရလျှင် အစွယ်ရာပေါ်မှာ ထိုဆေးရည်စိုရုံပွတ်
လိုက်ပါက အဆိပ်တွေထိုနေရာမှာစုလာ၏။ အညိုကွက်ဖြစ်လာ
မြင်သည်နှင့် အဆိပ်ကိုထုတ်ပစ်လိုက်ရုံသာ။ ဘယ်လိုမြွေမျိုးဖြစ်
သည်းကိုးဖြာဓလပ်ကြီးက နိုင်၏။

ထိုပန်းပွင့်ကို သေဆုံးပြီးစ မီးနေသည်၏နို့ရည်နှင့်သုတ်လိမ်း
ပြီး ပီယဆေးဖော်ကြတာလည်းရှိသည်လို့ ဆရာတော်ကြီးမိန့်
ကြားဖူးသည်။ ဒီရွာမှာတော့ မစမ်းသပ်ခဲ့ဘူးပေ.. ၊

ထို့ပြင် သည်းကိုးဖြာဆိုသည့်အတိုင်း အမျိုးမျိုးနှင့်ရောစပ်
စွမ်းပကားတွေထွက်လာသမျှ ထူးခြားအံ့ဖွယ်တွေဖြစ်သည်လို့လည်း
ဆို၏။ ဒါကိုဒီဒေသတစ်ဝိုက်က လူတိုင်းသိကြသည်။ ဒါပေမယ့်
ပန်းကတော့ ရှား၏။ အပင်က ပြောင်းဖူးပင်ကဲ့သို့ ရိုးတံရှိကာ အရွ
ကလည်း အမြင့်ဆုံးရှိမှ နှစ်ပေနီးပါးလောက်ပဲရှိသည်။

အရွက်အတက်မမြင်ရဘဲ အပွင့်ပွင့်ခါနီးအချိန်မှာ လက်
ဖက်တွဲရရွဲကျနေသကဲ့သို့ ရှည်မျောမျောအရွက်နှစ်ရွက်က မြေပြ
ပေါ် ခပ်ရိရိတွဲကျနေတာရှိသည်။ ဒီ့ပြင်သစ်ရွက်သစ်ခက်ဘာမှမ
ပေ။ ထို့ကြောင့် သူ့ကိုတော်ရုံနဲ့သတိမထားမိကြပေ.. ၊

ထို့ပြင် တစ်နှစ်ကျော်တစ်နှစ်မှာမှ တစ်ပင်လောက်ပဲတွေ့ရ
အပွင့်ကိုခူးပြီးသည်နှင့် အပင်ကဝါးချောင်းကဲ့သို့ကျန်ခဲ့ပြီး ခြော
သွေ့ကျိုးကျသွား၏။ ထို့ကြောင့်သိပ်မရှားပေမယ့် ရှိလည်းမရှိပေ
ရှိနေပေမယ့် မပွင့်မချင်းသိဖို့လည်းမလွယ်.. ၊

ကပ္ပိယကြီးကတော့ အနံ့ရနေသည်လို့ပြောတာငါးရက်လော
ရှိပါပြီ။ ဒါ့အရင်က အနံ့ထွက်နေတာလည်းဖြစ်နိုင်ကာ ခုမှစပြီးမွေ





လာတာလည်းဖြစ်နိုင်၏။

"ခုမှလဆန်းဆယ်ရယ်ပဲရှိသေးပေမယ့် ငါအနံ့တွေရနေတယ်
..ဆရာတော်ကလည်း ထူးခြားနေပြီလို့ပြောတယ်.."

ကပ္ပိယကြီးက ဘုရားကျောင်းဝင်းတစ်ခုလုံးကို လက်နှိပ်ဓာတ်
နဲ့ လှည့်ပတ်ထိုးရင်း ဝါးရုံပင်တွေပိန္နဲပင်ကြီးတွေပေါ်ထိ ထောင်
ကာ်ထိုးကြည့်လျက်.. ၊

"ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဒီပန်းနံ့ကိုခုလိုလူနားနီးနီးမှာ တစ်
ခါမှမရဖူးဘူး.."

"လူနားနီးနီးခုမှလာပေါက်လို့ပေါ့ကပ္ပိယကြီးရာ..ကြံဖန်အံ့သြ
နေတာပဲ.."

"ဘယ်ကကြံဖန်အံ့သြရမှာလဲ..ကျုပ်ရှာနေတာ ဘယ်နှစ်ရက်ရှိ
ပြီလဲ၊ ဒီနားမှာသည်းကိုးဖြာလုံးဝမရှိဘူး.."

"ကပ္ပိယကြီးမျက်စိလျှမ်းနေတာနေမှာပေါ့.."

"အနံ့ရတဲ့နေရာလိုက်ရှာရတာ..လျှမ်းစရာမလိုဘူးချမ်းည၊ ဆ
ရာတော့်ကို ငါပဲရှာပေးခဲ့တာတွေ ဘယ်နှစ်ခါရှိပြီလဲ.."

ချမ်းညကလည်း ငြင်းပြီဆိုအလျှော့မပေးတတ်သူဖြစ်ရာ.. ၊

"အဲ့ဒီတုန်းက ရှာလို့တွေ့ခဲ့ပေမယ့် အခုမတွေ့လို့ပဲ မရဘူးဖြစ်
နေတာပေါ့ကပ္ပိယကြီးရယ်..ကဲပါ၊ ဒီည ကျွန်တော့်ကိုရှာစေချင်တာ
ပေါ့လား.."

"အေး..ဒါကျတော့ မင်းအကင်းပါးတာ ချစ်စရာကောင်းပြန်
ရော.."

ချမ်းညက ကပ္ပိယကြီးလက်ထဲက ဓာတ်မီးကိုပြောင်းယူလိုက်
ပြီး.. ၊

"မချစ်ပါနဲ့..ကပ္ပိယကြီးချစ်လို့ ဘာမှရလာမှာမဟုတ်ဘူး.."

"မင်းကဘာရချင်လို့တုံး.."

"မြပုခက်ကြိုး.."

"ဟာ..ဒီကောင်.."

"ဟား ဟား ဟား.."

ကပ္ပိယကြီးမျက်လုံးပြူးနှင့်အော်ပြီးမှ အသံတိုးကျသွားတော့

www.burmeseclassic.com

www.burmeseclassic.com



ချမ်းညက ခပ်ကြိတ်ကြိတ်ရယ်သည်။

"သတိထားသွားနော်..ပန်းပင်ကလည်း ညမှအနံ့စူးတတ်တော့ ခက်သား.."

"ခိုင်းတုန်းကခိုင်းပြီး ဥပါဒ်လွှတ်ရှုပ္ပပန်ပြမနေပါနဲ့..ကျွန်တော့် အိပ်ရာဘေးမှာ ဆေးရိုးမီးခွက်လုပ်ပေးထားပါ၊ အပြန်ကျရင်တန်းအိပ် ချင်တာ ခြင်တွေအများကြီးပဲ.."

"စိတ်ချသွား.."

ပြောလိုက်ရပေမယ့် ထူးဆန်းနေတာကိုပဲတွေးမိပြီး ကပ္ပိယကြီး ခေါင်းခါနေမိသည်။ ညကိုးနာရီတောင်မထိုးသေးပေမယ့် ခါတိုင်း ချမ်းညမိုးချုပ်တာနှင့် အိပ်ရာဝင်ပြီ။ ကျောင်းမှာညနေခင်းတည်းက ဆေးရိုးမီးအုံးတွေ ထွန်းထားတတ်သဖြင့် ခြင်မြင်ရတယ်ဆိုတာ ခပ် ရှားရှားပင်.. ၊

တစ်ခါတလေမိုးလေးတစိမ့်စိမ်နေမှ မိုးလင်းခါနီးခြင်သံကြား ၏။ ဘယ်သူ့ဆီကမှလည်း ခြင်ကိုက်လို့အိပ်မရဘူးဆိုတာ မကြား ရပေ။ ဒီည ချမ်းညဟိုထိုင်ဒီထိုင်နှင့် စကားတွေလိုက်ပြောနေက ဆရာတော်ဆူလိုက်မှ အိပ်ရာဝင်သွားသည်။ ပြီးတော့ ခြင်ကိုက်လို့ အိပ်မရပါဘူး ထဖြစ်နေ၏။

ပြီးတော့ ဒီညချိန်ခါမဟုတ်ဘဲ သည်းကိုးဖြာပန်းနံ့ကို လှိုင်လှိုင် ကြီးရနေတာဘာလဲ.. ။ ပန်းကိုဒီနားတစ်ဝိုက်မှာ မတွေ့တာသိရက် ချမ်းညကိုလွှတ်လိုက်တာ မှားများမှားသွားပြီလား.. ၊

လူငယ်ဆိုတာ စွန့်စားချင်ကြသည်။ ရှာဖွေရင်း တောစပ်ကို ရောက်သွားရင် ခက်ရချည်။ တွေးမိပြီး ဒီနားတစ်ဝိုက်မှာပဲရှာဖို့ပြော မည့်စိတ်ကူးနှင့် ကမန်းကတန်းပြန်လှည့်လာပေမယ့် ချမ်းညက ကျောင်းဝင်းအပြင်ထွက်သွားပြီဖြစ်၏။

☺

အခန်း(၂၅)

"အူ..အူ.."

ညဥ့်မနက်သေးဘဲ တောခွေးအူသံတွေကို ကြားနေရသည်။ ရွာ ...က ခွေးတွေဤသို့ဆွဲဆွဲငင်ငင်ဆူညံအောင် အူတာသိပ်မကြားဘူး ...။ ဒါမှမဟုတ် သူဘယ်တုန်းကမှ ညဥ့်နက်အောင်မနေခဲ့ဘူးလို့မ ကြားဘူးတာလားမသိ.. ၊

ကျောင်းရဲ့ခြေရင်းဘက်ကသစ်ပင်ကြီးတွေများပေမယ့် အောက် ...ရှင်းသည်။ ထို့ကြောင့် ခေါင်းရင်းဘက်ကိုပြန်ပတ်ပြီး ဝင်ခဲ့သည်။ ...ည်းကိုးဖြာ၏အရွယ်အစားနှင့် ပေါက်တတ်သောနေရာက သစ် ...ငယ်တွေရှိနေတတ်သောနေရာဖြစ်သည်။

အမှောင်ကိုဓာတ်မီးနဲ့ထိုးရင်း ညဥ့်နက်နက်လမ်းလျှောက်ရ ...ည့်အရသာကို သဘောတွေ့နေမိသည်။ သူရကလည်း ညမှုညတာ ...သွားလာလည်းပတ်တတ်ပေမယ့် ချမ်းညလိုက်မလားလို့ တစ် ...မှမမေး။ လိုက်မယ်ပြောလည်း လက်မခံ.. ၊

"ငါကလူကောင်းမဟုတ်ဘူး..လူဆိုးသူခိုးလေးလို့ပဲ လူတိုင်း ...နေကြတာ၊ မင်းပါသိက္ခာကျတယ်..ကိုယ့်ဘာသာနေစမ်းပါ.."လို့ ...ပြီး ထားခဲ့မြဲ.. ၊

သူကလည်းမတွဲချင်လို့လည်းမဟုတ်။ တွဲချင်လွန်းတာလည်း ...ခဲ့ပါ။ ထို့ကြောင့် သူရဦးဆောင်နေသည်ဆိုသည့်အသိနှင့် တော် ...ငြိမ်နေခဲ့၏။ နေ့ဘက်ဆိုလည်းချင်ရာလည် သွားချင်ရာသွား... ...တိုင် ညဘက်ရောက်တာနှင့်အိပ်ချင်တာလည်း သူ့အ... ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီညသူမအိပ်ချင်ဘဲဖြစ်နေသည်။ ခြေလှမ်းရပ်သွား ကာ ခါတ်မီးနဲ့လျှောက်ထိုးကြည့်ရင်း အနံ့ခံနေမိသည်။ ပန်းနံ့ပြန် ရတော့ သူ့ခြေလှမ်းတွေအတော်ခရီးပေါက်နေပြီဖြစ်ကာ.. ။

"ဒီဘက်ကပဲ.."

ပန်းရနံ့ကပို၍စူးရှနီးကပ်လာသည်။ ချမ်းညခြေလှမ်းတွေလည်း တက်ကြွမြန်ဆန်လာ၏။ သို့သော်.. ။

"အဲ့ဒါပြဿနာပဲ.."

ကိုယ့်ဘာသာမချင့်မရဲညည်းမိကာ သန်းသားတချို့ပျဉ်တို တွေတချို့နှင့် ခြံတံတိုင်းကြီးကို ခါတ်မီးထိုးကြည့်ရင်းခေါင်းခါမိ၏။

ဒါယောအိမ်တော်ကြီးရဲ့ ဥယျာဉ်ကြီးပဲ.. ။

ပန်းကဒီထဲမှာဆိုရင်တော့ သူလှည့်ပြန်သွားဖို့ပဲ ဆုံးဖြတ်ရ တော့မှာဖြစ်သည်။ ထိုစဉ် နားထဲမှာရှိုက်သံသဲ့သဲ့လေး တိုးဝင်လာ ၏။

မဟုတ်သေးပါဘူး..။ သူနားကြားမှားတာလား.. ။

ပတ်ဝန်းကျင်ကို ခါတ်မီးမထိုးဘဲဒီတိုင်းဝေ့ကြည့်ပြီး အကဲခတ် လိုက်တော့ မှုန်ပျပျအလင်းရောင်နှင့် တောတန်းညို့ညို့ကပဲအကျည် တန်စွာ တိတ်ဆိတ်နေ၏။ မိန်းကလေးငိုသံလိုလို ခိုညည်းသံလိုလို ဒီလိုအသံတွေနဲ့ တောခြောက်တတ်ပါတယ်လို့တွေးမိရင်း နေရာမှ လှည့်ထွက်လိုက်လျှင်.. ။

"ရှုတ်.."

"အ.."

ဟင်.. ။

ချမ်းညခြေလှမ်းတုံ့သွားသည်။ ညည်းလိုက်တာ မိန်းကလေး သံ.. ။

"ကျွီ..အီ..အီ.."

တစ်ဖက်မှာ အာရုံစိုက်နေတုန်း နွားလှည်းမောင်းလာသံတွေ ကြားလိုက်ရသည်။ ညဉ့်နက်သံမို့ပီပြင်စွာကြားနေရပေမယ့် ဒါတ ကယ်တော့ ရွာလယ်လမ်းမကနေသွားနေသော လှည်းသံပဲဖြစ်သည်။ ပြီးတော့ စကားပြောသံတွေပါလာသည်။



ထို့ပြင် ဥယျာဉ်တော်ထဲက အိမ်တော်အလုပ်သမားတို့နေသော တန်းလျားတွေမှာ မီးအိမ်မီးဇာတွေမြှင့်လိုက်သဖြင့် အလင်းရောင် တွေ ဝင့်တက်လာတာမြင်လိုက်ရကာ.. ။

"တောက်..နေပေ့စေတော့၊ ကဲ.."

"ဖက်..ဘုတ်.."

သူဒီဘက်က အသံကြားရာဆီပြန်လှည့်လိုက်သည်နှင့် သူ့ခြေ ထောက်ရှေ့မှာ ဘုတ်ခနဲပစ်ကျလာတာ ဘာမှန်းမသိ။ ခါတ်မီးထိုး ကြည့်လိုက်တော့ မိန်းမစီးဖိနပ်အညိုရောင်ကတ္တီပါလေးတစ်ဖက်က ညည်းကြိုးပြတ်လျက်.. ။

ဒီနားမှာမိန်းကလေးတစ်ယောက်ရှိနေပြီကိုသိလိုက်ကာ ကြား လိုက်သည့်စကားသံအရ သူမသည် မြပုခက်ကြိုး.. ။

စိတ်တွေကသောင်းကနင်းထဖြစ်ကုန်သည်။ စိုးရိမ်သွားတာ လား..ဝမ်းသာသွားတာလားမသိလိုက်ခင် အသံကြားသည့်ဘက်ကို အပြေးတပိုင်းသွားမိ၏။ ထိုစဉ်.. ။

"အမေ့.."

"ဟာ.."

သူ့ခြေလှမ်းတွေပိုကြဲသွားသည်။ ထို့ကြောင့်တစ်စုံတစ်ခုပေါ်က ခုန်ချလိုက်သည့်ကြိုးလေးရဲ့တစ်ကိုယ်လုံးက သူ့ကိုဘေးတိုက်တွန်း လိုက်သလို ဖြစ်သွားပြီး.. ။

"အား.."

"ကြိုးလေး.."

သိလိုက်သည့်အချိန်မှာပဲ နှစ်ယောက်စလုံးဘေးကခြုံပုတ်ကြီး ထဲကို လုံးလုံးလျားလျားလိမ့်ဝင်သွားလေသည်။ ချမ်းညလူကိုမထိန်း လိုက်နိုင်ပေမယ့် ခါတ်မီးကိုတော့ ဆုပ်ကိုင်ထားဆဲဖြစ်လျက် ထို ကောက်ကသူမရဲ့ခါးအောက်မှာရောက်နေသဖြင့် မြေပြင်နဲ့ထပ်ဖိခံထား ရသလိုရှိကာ.. ။

"နည်းနည်းလောက်ခါးကော့ပေးပါလား.."

"ဟင်..ဘာပြောတာလဲ.."

"ကျုပ်နာနေပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဖယ်ပေးလေ.."

"ကျုပ်..အဲ ဟာမရဘူးလေ၊ ခင်ဗျားကောက်လိုက်မှ ဒီမှာလ ထုတ်လို့ရမှာပေါ့.."

သူမကိုယ်လေးထက်မှာ အုပ်မိုးသလိုဖြစ်နေသည့်ကိုယ် ဘေးလွှဲပစ်ချင်ပေမယ့် လက်ကထုတ်လို့မရ။ ကြိုးလေးလည်း လက်ကိုဖိမိနေမှန်းသိပေမယ့် သူခိုင်းသလိုလုပ်လိုက်လျှင် ဘယ်လို အဆင်မပြေနိုင်သည့် ကိုယ့်ခန္ဓာအနေအထားကြောင့် ဘာလုပ်ရမှန်း မသိ.. ၊

ချမ်းညသူမခါးနားမှာစိုးကာ ကိုင်ထားသည့်ဓာတ်မီးကိုလှ ထုတ်လိုက်ပြီး.. ၊

"ခင်ဗျားအဆင်ပြေပြီမို့လား..လုပ်လေဗျာ.."

"ကျွန်မ.."

သူမတစ်ခုခုပြောဖို့ပြင်မိလျှင် ချမ်းညကရှူးခနဲလုပ်၍ မီးရော တွေဝင်လာတာကို ပြလိုက်၏။ ရုတ်တရက်စကားမပြောရဲတော့ မယ့် ကိုယ့်ရင်ဘက်ပေါ်မှာယောက်ျားပျိုတစ်ယောက်စီးမိုးလျက် ရဲ့လက်တစ်ဖက်ကလည်း ကိုယ့်ခါးအောက်မှာ.. ၊

လူချင်းခွဲပြီး လက်ကိုဆွဲထုတ်ဖို့ကလည်း လူတွေဘယ်လို ဝင်လာမှန်းမသိသော်လည်း ခြုံကထူပိတ်နေတာ ခေါင်းတော ကောင်းကောင်းထောင်လို့မရ။ ထို့ပြင်.. ၊

"ခဏလေး..ငြိမ်ငြိမ်နေ.."

ချမ်းညက သူတွန်းလွှတ်လိုက်သည့်ကြိုးလေးရဲ့ဘေးကဓာ မီးကို လွှတ်နေသည့်လက်နဲ့ လှမ်းကောက်လျှင်.. ၊

"ရှင်..ရှင်ဘယ်လိုလုပ်တာလဲ.."

"တိတ်တိတ်နေဆိုမှ.."

ကိုယ့်ပခုံးပေါ်မှာ သူ့မေးဖျားတင်နေလျက် ပါးချင်းကပ် သည်။ ရင်ဘက်ချင်းဖိကပ်နေတာလည်း အသက်ရှူလို့မရ။ ရှ ရှက်နှင့် အတင်းရုန်းကာတစ်ခုခုပြောမလို့ပြင်ကာရှိသေးသည်။ လင်းရောင်လေးက ဖျတ်ခနဲမှောင်ကျသွားကာ.. ၊

"ဓာတ်မီးပွင့်နေတာ သူတို့မြင်သွားမှာစိုးလို့.."



ပြောလိုက်ကာမှ သူဓာတ်မီးပိတ်ဖို့ကြိုးစားတာမှန်းသိပြီး အ ပေါ်အပေါ်းအရှက်ပြေ၏။ သိပ်မကြာလိုက်ခင်.. ၊

"မင်းပြောတော့ ဒီဘက်ကြားထဲမှာဓာတ်မီးရောင်တွေ့ဆို.."

"ဟုတ်တယ်.."

"ဘာလဲ..သရဲမီးလုံးလား.."

"ဟာကွာ..တကယ်မြင်လိုက်တာပါ၊ မီးရောင်ကပြေးသွားတာ မျိုး..အပေါ်တွေဘေးတွေဝေ့ရမ်းသွားတာ.."

"တော်ပြီကွာ..မင်းသမီးက ဒီကိုထွက်ပြီးဘာလုပ်မှာတုံး၊ ကျက်မှာလမ်းကောင်းမှမရှိတာ.."

"အေးလေ..တစ်ယောက်တည်းထွက်သွားတဲ့ဥစ္စာ.."

ဓာတ်မီးရောင်တွေက အနားရောက်မလာပေမယ့် စကားသံတွေ ကြားနေရ၏။ ပြီးတော့မီးရောင်သည် ဟိုဒီပတ်ဝေ့သွားလျက် ကျက်ကြောင်းပြန်လှည့်သွားကြသည်။ ခဏကြာအောင်နားစွင့်နေပြီး နှစ်ယောက်သားခြုံထဲကနေ တွားသွားထွက်လိုက်ကြရင်း.. ၊

"ခင်ဗျားက ဒီအချိန်ကြီးဥယျာဉ်နောက်ကို ဘာထွက်လုပ်တာ လဲ.."

"ရှင်ကရော.."

"ကျုပ်ကယောက်ျားပဲ..ဘယ်အချိန်ဘယ်မှာရှိနေနေ ခိုးဖို့ဝှက်ဖို့ ချောင်းနေတာမဟုတ်ရင် ပြီးတာပဲ.."

"ကျွန်မလည်းကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့.."

"အဲ့ဒီအကြောင်းကိုမေးနေတာပဲလေ..ကျွန်မဆိုတဲ့ခင်ဗျားက ကာသူဌေးကြီးရဲ့သမီး၊ မင်းသမီးဖြစ်နေလို့မေးနေတာ..ခုနလှည့် ပတ်ဝင်လာတာ မြို့ကသတို့သားလောင်းကို ကြိုလာတဲ့လှည်းတွေ လား.."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့.."

မေးတာမကြိုက်သလိုဖြေကာ သူမကထရပ်လိုက်သည်။ ချမ်း ညကဓာတ်မီးကိုမလင်းစေချင်သည့်ဘက်ကို လက်နဲ့ကာထားပြီး နံ ရံဘက်ကြားမှာကပ်ကွယ်၍ ခလုတ်ဖွင့်၏။ ထိုအခါကြိုးလေးတတ် ထားသည့် အစိမ်းရောင်ဝတ်စုံလေးကိုမြင်လိုက်ရပြီး ဖနပ်ပျားပြေ

www.burmeseclassic.com

www.burmeseclassic.com



ကျနေသည့်ဆံပင်တွေမှာ သစ်ရွက်ခြောက်တွေအမှိုက်တွေ ကပ်တွ
နေကာ.. ၊

"အမှိုက်တွေကပ်နေတာ ပန်းပင်ထားတဲ့အတိုင်းပဲ..ဟား ဟာ

"ရှင်ဘာလို့ရယ်တာလဲ.."

ကြိုးလေးထိပ်ထိပ်ပျာပျာဖြစ်သွားကာ ဟိုဒီလှည့်ကြည့်ရင်

"ညသံကိုဘာများမှတ်နေလို့လဲ..ဖယ်စမ်းပါ၊ ပဝါနဲ့ချည်ထ
တာ ဘယ်မှာပြေကျသွားလဲမသိဘူး.."

လဲကျခဲ့သည့်ခြုံနားမှာ ဒူးထောက်လေးထိုင်ချလိုက်ပြီး ရှ
ပြင်ကာမှ ချမ်းညကမီးပိတ်လိုက်၏။

"ရှင်ဘာလုပ်တာလဲ.."

"ဟင်..ဘာလဲ.."

"ရှင်နော်..ဒီမှာပဝါရှာမလို့ပါဆိုမှ မီးမှိတ်ပစ်လိုက်တယ်.."

"ပြောလေ..လိုချင်ရင်တောင်းပေါ့.."

"ကျွတ်..စိတ်ပျက်လိုက်တာ.."

ချမ်းညက သူမဘေးမှာဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီးမှ
ယောက်နဲ့ကပ်တွယ်၍မီးဖွင့်ကာ.. ၊

"ဘာကိုစိတ်ပျက်တာလဲ..ခိုးချောင်ခိုးဝှက်လုပ်နေတာက
ဗျားရယ်.."

"အဲ့ဒါကိုရှင်သိလို့ အခွင့်အရေးယူနေတာမို့လား.."

"အဲ့ဒီတော့ ကျုပ်ကဘာရမှာမို့တုံး.."

"ဘယ်သိမလဲ.."

ကြိုးလေးစိတ်တိုနေမှန်းသိကာ ချမ်းညကပြုံးလိုက်ပြီး.. ၊

"ပဝါကလက်တစ်ဝါးလောက်လား..လက်နှစ်လုံးလောက်လ
ကလစ်လောက် ချိတ်လောက်လေးလား.."

"ပဝါဆိုမှ ကလစ်လောက်ချိတ်လောက်ကပါ့မလား..ရှင်လူ
စိတ်တိုအောင်မလုပ်နဲ့နော်၊ ကျွန်မသွားစရာရှိသေးတယ်..
နောက်ဆုတ်.."

"လုပ်ပြန်ပြီ.."

လူကိုတွန်းလိုက်တော့ ထိုင်လျက်ကနေလဲပြိုမလိုဖြစ်သွား



က်နောက်ပစ်ထောက်လိုက်ရ၏။ ပြီးတော့မှ ထိုင်နေရင်းခြေ
ထောက်တွေရှေ့ဖယ်ပေးရင်း.. ၊

"ခင်ဗျားရဲ့ပဝါကိုကျုပ်ပြန်ပေးမယ်..အခုဘာလုပ်ဖို့ထွက်လာတာ
လဲဆိုတာပြော.."

"ဘာ.."

ကြိုးလေးမျက်နှာလေးမော့လာသည်။ သူ့လည်ပင်းကြားက
က်ကိုင်ပဝါစထွက်နေတာကို သေချာကြည့်ပြီး သူ့လက်တွေထိသူ
ဘာသာကြည့်ရှုရှာဖွေပြီးမှ.. ၊

"ဘယ်မှာလဲ.."

"မေးထားတာကိုဖြေလေ.."

မီးအလင်းရောင်က နှစ်ယောက်အလယ်မှာမို့ တစ်ယောက်မျက်
နှာတစ်ယောက်နီးကပ်ပီပြင်စွာ မြင်နေရကာ ကြိုးလေးရဲ့မျက်တောင်
ရှည်တို့က မီးပင့်ထားသည့်အလင်းရောင်ကြောင့် မျက်ခွံပြေပြေမှာ
ပေါ်တောင်ဖြန့်ထားသလို အရိပ်ထင်နေ၏။

ချမ်းညရဲ့အကြည့်တွေက ဇွဲစပ်သိုသိတ်စွာစုန်ဆင်းသွားခဲ့ပြီး
သူမရဲ့နှုတ်ခမ်းလွှာလေးတွေဆီ ရောက်သွားခဲ့လျှင် ကြိုးလေးတစ်
ကိုယ်လုံးကျင်ခဲတုန်ယင်သွားလျက်.. ၊

"သွားတော့မယ်.."

ရင်တွေအဆမတန်ခုန်လာခဲ့လျက် ကြိုးလေးရှောင်ပြေးဖို့ကြိုး
စားသည်။ သို့သော် သူမရဲ့ခြေထောက်တွေခလုတ်မတိုက်ဘဲ ယိုင်
နဲ့ခဲ့၏။ ချမ်းညကသူမပခုံးလေးကို အသာလေးဖမ်းထိန်းပေးလိုက်
ရင်း.. ၊

"ခင်ဗျားတစ်ယောက်တည်းဘယ်ကိုသွားမှာလဲ သိချင်လို့ပါ..
ဘာဖြစ်လာတာလဲ.."

ကြိုးလေးသူ့ကိုမကြည့်ဘဲ ကိုင်ထားသည့်လက်တွေကိုဖယ်ချ
ပစ်ကာ.. ၊

"ကျွန်မမရှိမှဖြစ်မှာ.."

"ဘာဖြစ်လို့လဲ.."

"နောက်နေ့ဆို ကိုမင်းရဲသွေးနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



သူမဆက်မပြောပေမယ့် ချမ်းညသဘောပေါက်သွားသည်။ စိတ်ထဲမှာပျော်သွားသလိုလို စိုးရိမ်သွားသလိုလိုနှင့်.. ၊

"သူ့ကိုမယူချင်လို့ထွက်ပြေးမယ်ပေါ့..ဘယ်ကိုပြေးမှာလဲ၊ ဒီ.. ချိန်ကြီး အနီးအနားမှာဘယ်သူရှိလို့လဲ.."

"ဒီအချိန်ကြီးပြေးမှ ကျွန်မကိုအဝေးကြီးပြေးမှာမဟုတ်ဘူး.. ပြီး မလိုက်မှာပေါ့.."

"ဟုတ်ပါပြီ..ဘယ်ကိုလဲလို့.."

"ဘာလုပ်မလို့လဲ..ကျွန်မဘာသာဘယ်ရောက်ရောက်.."

"ဟာ..ခင်ဗျားတော်တော်သတ္တိကောင်းပါလား.."

"ကောင်းတယ်..ကောင်းမှဖြစ်မှာ၊ ကျွန်မမချစ်တဲ့သူကိုတော့.. ယူနိုင်ဘူး.."

ပြောရင်း သွားဖို့ပဲပြင်နေပေမယ့် ချမ်းညဆွဲမထားနိုင်တော့.. သူမရှေ့ကပိတ်ကာထားလိုက်ပြီးမှ.. ၊

"အဲ့ဒါမဟုတ်သေးဘူးထင်တယ်..ခင်ဗျားတို့က အစဉ်အဆက် ဆွေမျိုးချင်းလက်ဆက်ခဲ့ကြတာမို့လား၊ သူ့ဌေးကြီးကဒါကို.."

"ကဲ..ခရီးဖင့်လိုက်တာရှင်၊ ပြောပြပြီးပြီ..ဘယ်မှာလဲကျွန်မပဝါ.. ဘယ်လိုလုပ်ရှင့်ဆီရောက်သွားတာလဲ.."

"ကျုပ်ဆီမှာမရှိပါဘူး..ဟိုမှာ.."

"ဘယ်မှာ.."

ပြန်မေးသည့်စကားမဆုံးခင် သူပြသည့်နေရာကိုမျက်လုံး.. ရောက်သွားသည်။ သူမဥယျာဉ်ခြံကိုကျော်ထွက်ဖို့ ခြံတောင်ပို့ကြီး.. ပေါ်ကနေ ခြံတိုင်တွေဖြံပြီးခုန်ချခဲ့တာဖြစ်ကာ ပဝါကအဲ့ဒီမှာပဲသ.. ကိုင်းနဲ့ငြိကျန်ခဲ့တာဖြစ်သည်။

ပဝါကမီးခိုးရောင်ဖျော့ဖျော့ပါးပါးလေးပေမယ့် မှောင်ရိပ်ထဲမှာ.. ဖြူလွလွလေးမြင်နေရ၏။

"ဒီမှာနေ..ခင်ဗျားမီမှာမဟုတ်ဘူး.."

သူကဓာတ်မီးကို သတိထားဖွင့်ပြီး ခြံနားပြန်ကပ်သွားသည်။ ကြိုးလေးရှေ့ကိုခပ်စမ်းစမ်းတိုးပြီးကပ်လိုက်၏။ ဒီမှာနေဆိုပေမယ့် သူ့ကိုမြင်လိုက်ကာမှ ကိုယ့်အားကိုယ်ကိုးဖို့ဆုံးဖြတ်ခဲ့သည့်သတ္တိ..



..ယ်ရောက်ကုန်သည်မသိ။ ထိုစဉ်.. ၊

"ဥယျာဉ်နောက်ကိုထပ်သွားရှာကြ..သေချာတယ်၊ အိမ်တော်ထဲ ..မှာမရှိတော့ဘူး.."

ဟင်.. ၊

ဦးသြဘာ.. ၊

"ကိုသြ..လူခွဲပြီးနဲ့ အောင်လိုက်ခိုင်းစမ်းပါ.."

လှမ်းပြောနေသည့်ယောသူဌေးကြီးရဲ့အသံ။ ပြီးတော့ ညာဘက် ..မှ တဝင်းဝင်းလွင့်လာသည့်မီးတုတ်ရောင်တွေ ဓာတ်မီးရောင်တွေ

"သူတို့..သူတို့လာကြပြီ.."

"လာ..သွားမယ်.."

ချမ်းညပဝါကိုဖြစ်သလိုဆွဲဖြုတ်လိုက်ကာ တစ်ဖက်ကကြိုးက ..းလက်ကိုဆွဲ၍ တောထဲဘက်ကိုပြေးသည်။ ပြီးတော့ ပဝါကိုသစ် ..ကိုင်းဖျားတစ်ခုမှာချိတ်လိုက်ပြီး နောက်ကိုပြန်ပြေးလျှင်.. ၊

"အို..မလိုက်ဘူး၊ ရှင်ဘာလုပ်တာလဲ..ကျွန်မလုံးဝမပြန်ဘူး ..တ်.."

"မပြန်ရပါဘူး..သူတို့ကိုလမ်းလွှဲလိုက်တာ၊ ကျွတ်..တိတ်တိတ် ..နေစမ်းပါ၊ ခင်ဗျားပြန်ချင်ရင်တောင်ပြန်မလွှတ်ဘူး..ရှင်းပြီလား.."

"ဘာ.."

"ကျုပ်ကကြံရာပါဖြစ်နေပြီလေ..အမှုပတ်မခံနိုင်ဘူး.."

သူမအသံလေးတိတ်သွားတော့ ချမ်းညပြုံးလိုက်မိသည်။ ပြီး ..တော့ သူမလက်လေးကိုမလွှတ်တမ်းဆုပ်ကိုင်ထားရင်း တခြားတစ် ..ဖက်ကို ချိုးဖောက်ပြေးခဲ့၏။

ဒီည သည်းကိုးဖြာပန်းနံ့တွေ ဘာကြောင့်ရသလဲ.. ၊

ပန်းဆီကိုမရောက်ဘဲ မြပုခက်ကြိုးဆီ သူဘာလို့ရောက်လာ ..လဲ.. ၊

တိုက်ဆိုင်ခဲ့သည့်အရာရာဟာ ကံကြမ္မာရဲ့တမင်တကာညွှန် ..ပြားချက်တွေပဲဆိုလျှင်.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၆)

"သူတော်.."

"ဘုရား.."

"နေမွန်းတည့်လုပြီလား.."

"တင်ပါ့..နေကတော့ မွန်းတည့်ပါပဲဘုရား.."

ဆရာတော့်ကိုလျှောက်တင်ရင်း ခါးကြားမှာလိပ်ကျစ်ထားသည့် ကြိုးမပါသောကြေးဒိုင်ခွက်နှင့်နာရီလေးကို ထုတ်ကြည့်လိုက်သည်၊ ပြီးမှ ကမန်းကတန်းပြေးလိုက်ကာ.. ၊

"မှန်ပါ့ဘုရား..နေမွန်းတည့်ဖို့အကွက်သုံးကွက်လိုပါသေးတယ် ဘုရား..အဲ တစ်ကွက်ငါးမိနစ်ဆိုတော့.."

"ဟဲ့..သူတော်.."

"ဘုရား.."

"နင်ဘယ်လောက်သင်သင် ဘာလို့အမှတ်သညာမရှိတာတုံး.. ဒီနာရီကိုခုထိကောင်းကောင်းမကြည့်တတ်ဘူး၊ လမ်းမှာမို့နော်..ငါ နင့်ခေါင်းကိုလက်ဆစ်နဲ့နာအောင် ခေါက်ပစ်ချင်တာ.."

ဦးသူတော်ပြုံးမဲ့မဲ့ကြီးဖြစ်ကာ ဆံပင်မရှိသည့်ခေါင်းကိုလက် ဝါးနဲ့သာမကဘဲ လက်တစ်ချောင်းလုံးကွေးတဲ့ထဲထည့်၍ တိုးလျှို ပွတ်သပ်ရင်း.. ၊

"တပည့်တော်လည်း မှတ်တာပဲဘုရား..သုံးကွက်သုံးကွက်လေ စိတ်ခွဲမှတ်ထားတာ၊ အဲ့ဒါကို သုံးကွက်ကို.."

"တော်တော့..တော်တော့၊ ရွာကျောင်းကိုပြန်မရောက်ခင် အရိုက် ခံရတော့မယ်..ငါ့ကိုရေတစ်ခွက်ပေး.."



"မှန်ပါ့.."

ဆရာတော်ကြီးက အိုးပုံရွာကိုသွားတိုင်း ဟိုကျောင်းမှာပဲည ...တတ်ကာ ဒီတစ်ခါကျမှမနက်လေးနာရီကနေထလာရပြီး ဆွမ်း ...ပေးပြီးတာနှင့် ချက်ချင်းပြန်ကြွဖို့လုပ်တော့သည်။

"အရှင်ဘုရား..ဆွမ်းဘုန်းပေးပြီးကာမှ လမ်းကြမ်းကြမ်းမ ...ျှောက်သင့်ပါဘူးဘုရား.."

ခပ်ဖိုင့်ဖိုင့်ထောင်ထောင်မောင်းမောင်းကိုယ်ကာယရှိသည့် ဆ ...တော်ကြီး၏ခြေလှမ်းကို ပိန်ပါးပါးခပ်ပုပုရှိသောဦးသူတော်ဘယ် ...မှီအောင်မလိုက်နိုင်ဘဲ နောက်ကနေအမောတကောလျှောက်တင် ... ဆရာတော်ကြီးက ပုံမှန်အတိုင်းလျှောက်နေလျက်က ခြေလှမ်းမ ...တဲ.. ၊

"ရွာမှာသာမဏေလောင်းတွေက ထိန်းရခက်တယ်ကွယ့်..ရ ...န်းခံရှင်ပြုအလှူပွဲကလည်း နီးနေပြီ၊ သာမဏေလောင်းတွေ စာမ ...ကျသေးဘူး..ဒါကြောင့် ဘယ်သွားလို့မှနောက်ကြောင်းအေးနေလို့ ...ဖြစ်ဘူး.."

ဆရာတော်ကြီးက ရွာနီးချုပ်စပ်ကျောင်းတွေရှိသမျှ ကျောင်း ...ိုင်တွေထဲမှာလည်း အသက်ဝါအကြီးဆုံးဖြစ်ကာ အသက်ဝါငယ် ...ည့်ဆရာတော်တွေထက်လည်း ကျန်းမာသန်စွမ်းလေသည်။ သုံး ...လွန်းတောင်ရွာက ဘယ်ရွာနဲ့မှမနီးစပ်ပေမယ့် ဆရာတော်ကြီးတော့ ...ယ်ရွာဖြစ်ဖြစ် တောလမ်းကနေခြေလျင်ကြွတာပဲများ၏။

သံဃာကိစ္စနဲ့ကြွရသည့်တိုင် သံဃာကိုလာကြို ပြန်ပို့တာတွေ ...ကြောင့် တခြားရွာတွေကနေ လူဝင်လူထွက်ရှုပ်လာမှာကို မလိုချင် ...လည်းပါသည်။ သုံးလွန်းတောင်ရွာကြီးတစ်ရွာလုံးက မိသားစု ...စ်စုတည်းလိုဖြစ်နေတာမို့ ရွာအတွက်လုံခြုံရေးစည်းကမ်းဆိုတာ ...ို အထူးတလည်ချမှတ်ထိန်းချုပ်နေဖို့မလိုပေ.. ၊

ရွာသည်ဆရာတော်ကြီးရဲ့ တစ်မိန့်တစ်အာဏာပဲဖြစ်ကာ ရွာ ...သာရေးနာရေးစီးပွားရေးအစစအရာရာကို ယောအိမ်တော်ကြီး ...တောင်ထိန်းချုပ်ထားနိုင်ခဲ့၏။ ဆရာတော်ကြီးက ကိုယ့်ရွာနဲ့...င်နီး ...တောင်တာများကို တွေးနေရင်း စိတ်ရှုပ်လာသလိုရှိလျှင် ...ွာသုတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရွတ်၏။ ဦးသူတော်မေးစရာရှိသည်ကို မေးဖို့အခွင့်မသာတော့ ဆရာတော်ကြီးရွတ်နေသော မေတ္တာသုတ်ကိုနာရင်း တိတ်ဆိတ် လိုက်ရခြင်းသို့ရောက်လေသည်။

ထိုစဉ် လယ်သုံးကွက်ဆိုင်နှင့်မန်ကျည်းပင်ကွေ့နားရောက်လာ ကာ.. ၊

"ဟာ..ဒီမှာအကြော်ဆိုင်ထွက်နေပါလား၊ အတော်ပဲ.."

"နင်ဘာလုပ်ချင်လို့တုံး.."

"မလုပ်ပါဘူးဘုရား..ထန်းကြောဖျာလေးနဲ့သောက်ရေအိုးစင် အကြော်ဆိုင်ကလည်း ရေနွေးပူပူလေးနဲ့ဆိုတော့.."

"မနားနဲ့တော့..နားလိုက်ရင် ပိုပင်ပန်းတယ်.."

ဟင်.. ၊

ဦးသူတော်အသံတိတ်သွားတော့လည်း ဆရာတော်ကြီး လှမ်းနေ့သွားကာ.. ၊

"ရွာနားလည်းနီးနေပါပြီ..ကိုင်း ရေလေးဘာလေးဝင်သော ချင်သောက်၊ ကျုပ်ဟောဟိုသစ်တုံးမှာ တအောင့်ထိုင်မယ်.."

"တင်ပါ့ဘုရား.."

အကြော်ဆိုင်သည် ဝါးတိုင်ထူ၍သစ်ခက်တွေမိုးထားပေမယ့် အတော်ကျယ်၏။ အမျိုးသမီးကြီးတစ်ယောက်က အကြော်ကြော်နေ ကာ အဘိုးအိုတစ်ယောက်က အကြော်ဆယ်လိုက်မီးထိုးလိုက်။ ရှေ့ မှာ ဝါးကြမ်းစားပွဲလေးနှစ်လုံးနှင့် ထန်းကြောဖျာကြမ်းတွေခင်းထား သည်။ ဖျာဆိုပေမယ့် ဖျာပုံမပီပြင်တော့အောင် ထောင့်တွေမှာဖွာ ထွက် စုတ်ပြဲနေကြကာ.. ၊

"ဒီနေ့ရောင်းရပါးသလားဘကြီးဖြိုး.."

"မပါးပေါင်ကွယ်..နေ့တိုင်းဒီလိုပါပဲ.."

"တော်သေးတာပေါ့ဘကြီးဖြိုးရာ..ဘကြီးဖြိုးတို့သားအဖအရင် ပြုတ်သွားပြီဆိုတဲ့အသံ မကြားပါရစေနဲ့လို့ ဆုတောင်းနေရတယ် မှာ.."

"ဟုတ်တယ်..ဒီနားမှာဘကြီးဖြိုးတို့အကြော်ဆိုင်လေး ထွက် ကာမှ ခရီးတစ်ထောက်နားခွင့်ရတယ်၊ နောက်ပြီး ဈေးဆိုင်ဆိုတ



သွားလူလာစုံတယ်လေ..လူစုံတော့ သတင်းစုံကြားရတာပေါ့နော့.."

"ကဲ ပြောလိုက်တော့မဦးရေ..သူများကသတင်းပေးမှာမဟုတ် ။ နင်ကပဲပြောချင်နေတာမို့လား.."

"ဟုတ်လား..မမဦး ဘာသတင်းများတုံး.."

အကြော်ကြော်နေသည့်အမျိုးသမီးကပါ လှမ်းမေးတော့ သူမ ရယ်လိုက်ပြီး.. ၊

"ဒါကတော့ တကယ့်သတင်းထူးပါပဲ မရယ်..သုံးလွန်းတောင် မှာက သူဌေးကြီးသမီးလေ.."

ရေအိုးစင်မှာနီးအုပ်ဆောင်းလေးကို ဖွင့်နေသည့်ဦးသူတော်ရဲ့ က်တို့ခနဲဖြစ်သွားသည်။ အတော်လှမ်းလှမ်းက သစ်လုံးကြီးလှဲနေ ည့်ပေါ်မှာ ထိုင်ဖို့သွားနေသည့် ဆရာတော့်ခြေလှမ်းတွေလည်း ကျသွားသည်။ နှစ်ယောက်စလုံး ထိုစကားဆက်လာမည့်အရေး စိတ်စောစွာနားစွင့်လိုက်မိစဉ်.. ၊

"ညတုန်းကသူဌေးသမီး ပျောက်သွားလို့တဲ့.."

"ဟင်..တကယ်လား.."

"ဟုတ်ပါတယ်ဆို..အဲ့ဒါကိုသေချာကြားခဲ့တာ၊ မနက်ကမှ အဲ့ နေ ငါ့ရဲ့မတ်ပြန်လာတာပါ.."

"ကိုလှဌေးလား..ဟုတ်တယ် သူကရှင်တစ်ရာပွဲအတွက် အာဂ ဆောင်ဆောက်ဖို့ အလုပ်သမားတွေခေါ်တုန်းက လိုက်သွားလုပ် နေ့ာ.."

"အေးလေ..ဒီရက်ပိုင်းဟိုမှာပဲ နေ့ရောညရောနေပြီးလုပ်နေရ ငါးရက်ရှိပြီဥစ္စာ၊ မနက်ကပြန်လာတော့ ညကကိစ္စတွေဖြစ်သွား သူတို့တောင် ဝိုင်းရှာပေးခဲ့ရသေးတယ်တဲ့.."

"ဒါနဲ့သူတို့က ဆွေမျိုးချင်းလက်ဆက်မှာဆို..အလှူနဲ့အတူတူ ယောဆောင်မှာလို့ကြားတာကို.."

"သတို့သားလည်းမရောက်သေးပါဘူး..ဒါပေမယ့် ငါ့မတ်က ပြောတော့ သူဌေးကြီးသမီးက ချစ်သူနဲ့ပါသွားတာဖြစ်မှာတဲ့၊ ယောက်တည်း ညဘက်ကြီးသွားရဲ့စရာအကြောင်းမှမရှိတာ.."

"ဟုတ်ပါ့မလားမမဦးရယ်..သူဌေးကြီးသမီးကို ရှာသ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဝံ့ပါ့မလား၊ နောက်ပြီး အဲ့ဒီသူဌေးသမီးလုချက်က လက်ပ
ခါလောက်တယ်ဆိုပဲ..လူတိုင်းတောင်မြင်ဘူးတာမဟုတ်ဘဲနဲ့..

"ကဲ..ကဲ မိန်းကလေးတို့သတင်းထူးတာလည်း ထူးတာပ
ကိုယ်မသိတဲ့အကြောင်းပြောတာ ထိန်းထိန်းသိမ်းသိမ်းပြောကြ

အဘိုးအိုကသတိပေးရင်း ရေနွေးပန်းကန်လုံးလေးနဲ့ ရေနွေး
ပြီး နေရာမှထရပ်လိုက်လျှင်.. ၊

"အဖေကဘာလုပ်မလို့တုံး.."

"ဒီမှာဆရာတော်ဘုရားကို..ဟင်.."

ဆရာတော်နဲ့ဦးသူတော်တို့က အကြော်ဆိုင်နဲ့အတော်ဝေး
ကို ရောက်သွားခဲ့ပြီးဖြစ်ကာ.. ၊

"ဆရာတော်ဘုရား.."

"စကားမများနဲ့သူတော်..မြန်မြန်လျှောက်စမ်း.."

"တင်ပါ့ဘုရား.."

ဦးသူတော်ကလည်း ခုနကခြေလှမ်းမျိုးမဟုတ်တော့ဘဲ ဆရာ
တော့်ကိုအမီပြေးလိုက်ရင်း.. ၊

"အရှင်ဘုရား..တပည့်တော်တို့မနက်အုန်းမောင်းခေါက်ပြီးတ
က ထွက်လာမိလို့ထင်တယ်နော်၊ အဲ့ဒီကိစ္စကြီးကို မကြားခဲ့ဘူ
ရား.."

"ညတုန်းကဆိုတော့ ဒီကိစ္စကသေးသေးကွေးကွေးဟုတ်ဟ
တူဘူး.."

မိမိဘာသာရေရွတ်ရင်း တစ်စုံတစ်ခုကိုသတိရသွားကာ ဆရာ
တော့်ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ ဦးသူတော်လည်း ဘုမသိဘမ
ရပ်လိုက်မိကာ ရှုတ်တရက်မေးလည်းမမေးရဲ.. ၊

"အရှင်ဘုရား..ဘ ဘာဖြစ်.."

"မနက်ကအရှုဏ်ဆွမ်းဘုန်းပေးပြီးတော့.."

တွေးမိလိုက်ပေမယ့် ဆက်မပြောဖြစ်ခဲ့ပေ။ ပြီးတော့ ကပ္ပိယ
မေးခဲ့စဉ် ကပ္ပိယပြန်ဖြေပုံက.. ၊

"ကပ္ပိယ..ချမ်းညဘာလုပ်နေတုံး.."

"ချမ်းည အိပ်ရာကတော့ထသွားပြီဘုရား.."



"အေး..သူမနက်စာစားရင် ဒီမနက်သက်သတ်လွတ်စားရမှာ
မမေ့နဲ့.."

"တင်ပါ့.."

"သူမေ့နေမယ်..သတိပေးလိုက်ဦး.."

"တင်ပါ့ဘုရား..သူ့အတွက် ကင်းမုံသီးနဲ့မှိုစိစပ်လေးကြော်ထား
ရှိပါတယ်ဘုရား၊ ဒါပေမယ့် သူ့ကိုညတုန်းက သည်းကိုးဖြာရှာ
လိုက်တာ ဘယ်အချိန်ပြန်ဝင်အိပ်သလဲမသိဘူး..ခုလည်းထွက်
သွားတာလား ပြန်မအိပ်သေးတာလားပဲ.."

"ချမ်းညကိုနေရာတကာ မခိုင်းနဲ့..ဒီကလေးက ပြဿနာကိုမ
ကြောက်တတ်ဘူး.."

ဆရာတော်ကြီးတွေးနေရင်း စိုးရိမ်မကင်းဖြစ်လာခဲ့သည်။ အ
ကြောင်းအရာကို ဘာကြောင့်အလေးအနက်ဆက်မတွေးမိဘဲ ကိုယ်
ချင်ရာကို ပြောခဲ့မိမှန်းမသိ.. ၊

ချမ်းညကို သည်းကိုးဖြာပန်းပင်ရှာခိုင်းလိုက်သည်။ ညကပြန်
လာသလား မအိပ်ဘူးလားဆိုတာ ကပ္ပိယကြီးသေချာမသိသေးသည့်
အဖြစ်မှာ အရှုဏ်ဆွမ်းဘုန်းပေးပြီးတာနှင့် သူတော်ကိုခေါ်၍ကျောင်း
မှ ထွက်လာခဲ့တာဖြစ်သည်။

မင်းသမီးလေးညကပျောက်သွားသည်ဆိုတာ ချမ်းညနဲ့ပတ်
သက်နေနိုင်သလား.. ၊

ဆရာတော်ကြီးတစ်ပါးဖြစ်လာသည်အထိ တစ်ခါမှမလှုပ်ရှား
ဖူးသော စိတ်ထဲမှာပူလောင်မှုတွေပါနေမှန်း မိမိဘာသာသိနေ၏။
ခက်ပြီကော.. ၊

ချမ်းည မင်းသမီးလေးကိုမြင်ပြီး ဒါပဲတမ်းတမ်းစွဲပြောနေတတ်
တာ ဆရာတော်ကြားလည်းကြားသည်။ ကပ္ပိယကြီးလျှောက်တင်ခဲ့
တာလည်း ရှိ၏။

မဟုတ်မှလွဲရော ဒီကလေး မင်းသမီးကိုများ.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၇)

ရွာပြင်ညောင်အိုကြီးနားမှာနေသော ပန်းပုဆရာကြီးဦးချစ်ထံ ဒီညနေဆွမ်းလှည့်ကျသည်ဖြစ်ကာ ကျောင်းကကျောင်းသား၊ယောက်က ဆွမ်းချိုင့်ကိုကိုင်ပြီး ဦးချစ်တင်အိမ်ခြံထဲဝင်သွား၏။ ရာတော်ကြီးက ဒါကိုလှမ်းမြင်ကာ.. ၊

"ဟဲ့..သူတော်.."

"ဘုရား.."

"ဒကာချစ်တင်အိမ်ထဲ တောက်တဲ့နဲ့ကံကောင်းတို့ဝင်သွား တယ်.."

"မှန်ပါ့..ဒီညနေဆွမ်းလှည့်.."

"သူတော်.."

"ဘုရား.."

"နင့်ကိုသူတို့ဘာကြောင့်ဝင်သွားတာလဲလို့ မေးနေတာမဟုတ် ဘူး..ငါ့ရှေ့ကမြန်မြန်သုတ်သုတ်လျှောက်ပြီး သူတို့ထွက်လာတာ စောင့်.."

"တင်ပါ့.."

"ကျောင်းမှာချမ်းညရှိနေလားမေးစမ်း.."

"တင်ပါ့ဘုရား.."

"သွား..အုပ်မိအောင်သွားစမ်း၊ ငါယောအိမ်တော်ရှေ့ကမဖြတ် ခင် သေချာသိရမှဖြစ်မယ်..ပြေးမြန်မြန်.."

"ပြေးပါပြီဘုရား.."

ဦးသူတော်လည်း အသက်အရွယ်နဲ့မမျှအောင် အပြေးတပိုင်



ချေတင်လေသည်။ ဒါတောင် တောက်တဲ့နဲ့ကံကောင်းတို့ပြန်ထွက်လာကြတာကို မီရုံလေး.. ၊

ထိုအချိန်လေးမှာပဲ ညောင်ပင်ကြီးရဲ့တစ်ဖက်က ရွာတောင်နတ်နန်းကနေ ထွက်လာကြသည့်ဒေါ်ရတနာလှိုင်နှင့် သူဌေးကြီးတို့ရဲ့လှည်းယာဉ်ကျော့က ဆရာတော့်နောက်ကိုရောက်လာပြီဖြစ်ရာ. ၊

"အရှင်ဘုရား..နေပူကျဲကျဲမှာ ဘယ်ကပြန်ကြွလာတာတုံးဘုရား.."

ဟင်.. ၊

ဆရာတော့်ကိုယ်ကြီး မတ်ခနဲဖြစ်သွားသည်။ ပြီးမှ ပြန်လှည့်ကြည့်လိုက်တော့ သူဌေးကြီးတို့က လှည်းယာဉ်ပေါ်ကနေ ဆင်းလိုက်ကြပြီဖြစ်လျက်.. ၊

"ကျောင်းထိလိုက်ပို့ပါ့မယ်..လှည်းယာဉ်ပေါ်ကြွပါဘုရား.."

"မောင်မင်းတို့ကရော ခုနင့်တုန်းကတော့ ဒီနားမှာကျုပ်မမြင်မိပါလား.."

ဆရာတော့်အမေးကြောင့် ဒေါ်ရတနာလှိုင်က ခပ်ရှိ့ရှိ့ရှေ့တိုးပြီး လက်အုပ်ချီ၍.. ၊

"တပည့်တော်တို့က ရွာတော်အရှင်နတ်နန်းကို လာကြတာပါဘုရား..သမီးမိုက်က သူ့ဘိုးတော်လိုအမိုက်ဇာတ်ခင်းလေသလား၊ အမှန်းမသိရဘဲ ပျောက်နေလို့ပါ.."

ဆရာတော်ကြီး မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ သူဌေးကြီးကိုအကြည့်ရောက်ကာ.. ၊

"နတ်ကွန်းကိုမိန်းမသားက ရောက်လာတာထားလိုက်ပါတော့..မောင်မင်းက ဘာကိစ္စနဲ့တုံး.."

"တပည့်တော်က..အဲ.."

သူဌေးကြီးမျက်နှာပျက်သွားကာ ဆရာတော်ဘာကြောင့်မေးလိုက်တာကိုလည်း နားလည်သည်ဖြစ်ရာ.. ၊

"ဒီလိုရှိပါတယ်ဘုရား..ဇနီးသည်ကလည်း သမီးအတွက်ပူပင်နေရာတော့.."

"အဲ့ဒါနဲ့ပဲ နင်တို့သမီးဘယ်ရောက်နေသလဲလို့ နတ်[illegible]သွား

www.burmeseclassic.com

www.burmeseclassic.com



မေးတယ်ပေါ့.."

"အဲ..အဲ့ဒါ.."

"ပြောပြလိုက်လား..ရွာတော့်အရှင်ဆိုတဲ့ပုဂ္ဂိုလ်က.."

ဆရာတော်က ခပ်ငေါ့ငေါ့ပြောပြီး လှည့်ထွက်လာခဲ့သည်။ အခါကျမှ သူအရေးကြီးနေသည့်ကိစ္စကို သတိရစေသည့်အကြော သည်..။

"အရှင်ဘုရား..ချမ်းညလည်းပျောက်.."

"တန်တော့..တန်တော့.."

ဆရာတော်အသံတွေဘာတွေပါ ပျက်ကျသွားကာ သူဌေး နဲ့ပြောနေဆဲအကြောင်းအရာတွေလည်း ပျောက်ရှကုန်၏။

"အရှင်ဘုရား..အရှင်ဘုရား.."

"ဟဲ့..ဘာတုံး.."

"လှည်းယာဉ်ပေါ်ကြွပါဘုရား..တေိုးရေ လှည်းယာဉ်မော ဟဲ့.."

"နင်တို့လိုတဲ့ခရီးကိုသွားကြပါ..ငါ့အတွက်မလိုပါဘူး.."

ဆရာတော် ဒီတိုင်းသုတ်သုတ်လျှောက်နေသမျှ သူဌေးကြီး မောင်နှံလည်း လက်အုပ်ချီရင်းအပြေးတပိုင်းလိုက်နေရကာ..။

"လှည်းယာဉ်ပါနေရက်နဲ့ အရှင်ဘုရားကခြေလျင်ကြွနေ မသင့်တော်ပါဘူးဘုရား.."

ဒါဖြင့် ဒီဇနီးမောင်နှံကအိမ်တော်မှာဝင်နေခဲ့ကြပြီး ငါ့ကိုလှ ယာဉ်နဲ့ပြန်ပို့ပေးမပေါ့..။

ဆရာတော်ခြေလှမ်းတုံ့ပြီး ပြန်ငဲ့ကြည့်လျှင်..။

"တပည့်တော်တို့လည်း ကျောင်းကိုလာကြမို့ပါ.."

"ဟင်.."

"အရှင်ဘုရားလှည်းယာဉ်ပေါ် ကြွပါ..တပည့်တော်တို့ဒီတို ဘေးက.."

"နေ..နေ ငါဒီတိုင်းပဲလျှောက်နေကျ.."

လှည်းယာဉ်ကော ဇနီးမောင်နှံပါ ဒီတိုင်းကပ်ပါနေကြ ဆရာတော့်ခြေလှမ်းတွေ ကျဲသထက်ကျဲလာ၏။ သူဌေးကြီး



ဘာလိုက်လုပ်မည်မသိ။ ချမ်းညဘယ်လိုပျောက်ပြီး ဘာတွေဖြစ် ကနေတာလည်းမသိရ..။

ထို့ကြောင့် သူဌေးကြီးဇနီးမောင်နှံထက်ကိုယ်ကအရင်ဦးအောင် ရောက်မှဖြစ်မည်။ ချမ်းညနဲ့မင်းသမီးတစ်ခုခုပတ်သက်နေနိုင်သ ခံစားမိနေပေမယ့် ဒါကိုကာကွယ်ဖို့သာစိတ်ကဖြစ်နေကာ..။

"ဆရာတော်ဘုရား..ဒါဆိုလည်းဖြည်းဖြည်းလျှောက်တော်မူပါ ရား၊ တပည့်တော်တို့လည်း လှည်းယာဉ်ထားခဲ့ပါတော့မယ်.."

ရော်..။

ကိုယ်အရင်ရောက်သွားဖို့ဆို ပြေးမှဖြစ်တော့မယ့်ကိန်းပါလား..

"ဘယ်နှာကြောင့် ကျုပ်ကိုတားဆီးနေတာတုံး.."

ဆရာတော့်မျက်နှာပေါ်ကဒေါသအငွေ့အသက်ကြောင့် သူဌေး ကြီးခြေလှမ်းတုံ့သွားပြီး အံ့အားသင့်နေ၏။ ဦးသူတော်ကလည်း အ လိုက်တသိအရင်သွားနှင့်ဖို့ မကြိုးစားသဖြင့် ဆရာတော်စိတ်တိုနေ ကာ..။

"နင်တို့ဘယ်သွားသွား လှည်းယာဉ်နဲ့သွားနေကျမဟုတ်ဘူး လား.."

"ဒါပေမယ့် အခုဆရာတော်ခြေလျင်ကြွနေတာမြင်သားနဲ့ တ ပည့်တော်တို့က လှည်းယာဉ်နဲ့လိုက်ပါစရာလားဘုရား..ဒါမသင့် တော်တဲ့ကိစ္စပါ.."

နောက်ထပ်ငြင်းဆိုဖို့မသင့်တော့ပြီဖြစ်ရာ ကြက်သွေးရောင်ရင့် ရင့်ကတ္တီပါကော်ဇောကြီးခင်းထားသော လှည်းယာဉ်ပေါ်ကိုထိုင် လိုက်ရလေသည်။

"သူတော်.."

"ဘုရား.."

"ကျောင်းကိုမြန်မြန်သွား.."

စိတ်ရှိတဲ့အတိုင်းလွှတ်ခနဲပြောမိပြီးမှ..။

"အဟမ်း..အဟမ်း နေပူရင်ပြောပါတယ်.."

ပြောပြန်တော့လည်း သူဌေးကြီးနဲ့ဇနီးသည်တို့ ဒီတိုင်း မ်း ျောက်လိုက်လာကြမှာကို သတိရကာ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီးက အိမ်တော်မှာဝင်နေခဲ့လို့ ရရဲ့မဟုတ်လား.."

"ဘုရား.."

"ဒကာမကြီးနေပူလို့ပြောတာပါ.."

"ဟုတ်တယ်..အစ်ကိုထည်လည်း လှည်းယာဉ်ပေါ်ကလိုက် ရသွားလိမ့်မယ်၊ တင်ပါ့ဘုရား..တပည့်တော်နေခဲ့ပါတော့မယ်၊ ..နှင်ပါဆင်းခဲ့.. ၊

လှည်းယာဉ်ပေါ်မှာ လူအပြောင်းအလဲတွေဖြစ်နေကြစဉ် ပေပေရပ်နေသည့်ဦးသူတော်ကို ကျောင်းကိုသွားနှင့်ဖို့ ဆရာတော် ချက်ပြရင်း ဒေါ်သများပါထွက်လျက်.. ၊

ကျောင်းမှာသာဆို ဒီသူတော်ကြီမ်လုံးစာမိနေပြီ..သင်း.. ၊

☺

အခန်း(၂၈)

ကျောင်းကိုဦးအောင်ပြန်စေချင်တာ ဘာကြောင့်မှန်း ဒီသူတော် ...မိမည်လည်းမထင်ပါ။ ထို့ကြောင့် ကျောင်းဝင်းထဲကိုလှည်းယာဉ် ...လာတာနှင့် ဆင်းဖို့ပြင်ထားရကာ သေချာရပ်လိုက်တာနှင့် ဆရာ ...ော်ဆင်း၏။ သို့သော်သက်န်းကိုဆွဲထားလိုက်သဖြင့်.. ၊

"ဟဲ့..ထည်ဝါ ဘယ်နှာကြောင့်ငါ့ကိုပဲတားဆီးနေသတုံး.."

"တပည့်တော်မတားပါဘူးဘုရား..ဒီမှာနဖားကြိုးချည်နေတုံး ...ပါ.."

"ဟော.."

ပြန်ကြည့်လိုက်တော့ သင်္ကန်းကလှည်းယာဉ်အောက်တန်းနဲ့ ...နေတာဖြစ်လျှင် သူဌေးကြီးလှည့်မကြည့်ခင် ကမန်းကတန်းလှည့် ...တ်ရသည်။ ထိုစဉ် အိမ်တော်ကလှည်းယာဉ်နဲ့ဆရာတော်ရော ...ာသခင်ကြီးပါပါလာတာမြင်ကာ ကပ္ပိယကြီးနှင့် ကျောင်းသား ...းတွေ ကမန်းကတန်းထွက်ကြိုကြရာ.. ၊

"အရှင်ဘုရား.."

"ဘုန်းဘုန်းဘုရား.."

"ဟော့..ဟော့ မလိုဘူး၊ သွားကြ..ပြန်ဝင်ကြစမ်း.."

"နေပါစေဦးဘုရား..ကျောင်းအတွက်လှူဖွယ်ပစ္စည်းတွေပါလာ.."

"အဲ့ဒါတွေပြီးမှသယ်နိုင်းပါ့မယ်..ကျောင်းထဲရောက်နေမှပဲ.."

"ကောင်းပါပြီဘုရား..ဒါဖြင့်လည်း တပည့်တော်တစ်ခါတည်း ...ိုက်ခဲ့ပါတော့မယ်.."

ဟော.. ၊

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးနဲ့ကလေးတွေကို မေးမြန်းစပ်စုနေမည်စိုး၍ ပစ္စည်း မသယ်နိုင်းကာမှ သူဌေးကြီးလှည်းယာဉ်ပေါ်ကဆင်းလိုက်လာတော့ ဆရာတော်ချာခနဲပြန်လှည့်သည်။ ကျောင်းပေါ်ကနေ ပြေးဆင်းလာသည့် ဦးသူတော်နှင့်မျက်နှာချင်းဆိုင်တိုးလျှင်.. ၊

"ဟဲ့..ချမ်းညရှိရဲ့လား.."

"အခုမရှိဘူးဘုရား.."

"သယ်..အခုတွေ တော်ကြာတွေနင့်ကိုခွဲခြားကြည့်ခိုင်းလိုက်တာ လား၊ နင်တော့လေ.."

ဒီနေ့ဘယ်သူ့ပြဿဒါးနေ့ဖြစ်နေသည်မသိ။ ကျောင်းပေါ်မှ အေးဆေးဟန်နဲ့ထိုင်နေပေမယ့် အနားကိုတစ်ယောက်မှမလာကြ..

"အဟမ်း..အဟမ်း ကိုရင်ဥက္ကာ.."

"ကွင်မရှိပါဘူးဖား.."

"မရှိဘူးပြောတဲ့လူက ဘယ်ကနေပြောနေတာတုံး..ခုထွက်လာ စမ်း.."

အနားမှာစကားမပီတဲ့ အောင်ကြီးပဲရှိနေတာလည်းမတတ်နိုင်။ ကိုရင်ခေါ်တာကိုစကားမပီတော့ 'ကွင်'ဖြစ်နေသည်။ သို့သော် ကျောင်းမှာအမြဲတမ်းရှိနေတာသူပဲမို့.. ၊

"ဟဲ့..အောင်ကြီး လာစမ်းမြန်မြန်.."

ဆရာတော်ခေါ်ထုတ်ပေမယ့် သူဌေးကြီးရောက်လာပြီးမှ အောင် ကြီးကနောက်ကရောက်လာကာ.. ၊

"ရောက်ပါပြီဖား.."

ရောက်လာပေမယ့် သူဌေးကြီးရှေ့မှာ ပြောရခက်မေးရခက်ဖြစ် နေခဲ့ဆဲ.. ၊

"အရှင်ဘုရားကိုလမ်းမှာတည်းက မေးချင်တာဘုရား..အရှင်ဘု ရားအတော်ဝေးဝေးက ကြွလာတယ်ထင်လို့ မောပန်းဟန်လည်းမြင် ရတာနဲ့.."

"မေးစမ်းဘာတုံး.."

မကြားချင်သည့်စကားပေမယ့် မြန်မြန်ဆန်ဆန်သိချင်နေသ ဖြင့် ကြားဖြတ်မေးမိကာ.. ၊



"ကျုပ်ကတော့နားလိုက်မှ ပိုပြီးပမ်းတတ်တဲ့လူမျိုး..မောင်မင်း ချင်တာမေးလေ.."

နားချင်နေပြီဆိုတာသိစေလိုက်ပေမယ့် ယောသူဌေးကလည်း ကိုအံ့သြသင့်နေသည့်အကြည့်တို့ဖြင့်.. ၊

"ကြိုးလေး ညဉ့်နက်တုန်းကအိမ်တော်ကထွက်သွားတာ အရှင် ဘုရားသိပြီးရောမှတ်တာ.."

"ကျုပ်ကဒီမနက် အရုဏ်ဆွမ်းဘုန်းပေးပြီးတည်းက လက်ပံနီ ကျောင်းကိုကြွနေတာ..ဒါပေမယ့် အခုပြန်လမ်းမှာတော့ ကြားခဲ့ပါ တယ်၊ နို့ မောင်မင်းတို့ကဘယ်နှာကြောင့် ကိုယ့်သားသမီးရဲ့သဘော ကို မစူးစမ်းမမေးမြန်းဘဲ စေ့စပ်ကြောင်းလမ်းမှုတွေ လုပ်ရတာ တုံး.."

"မှန်ပါ့ဘုရား..ဒါကြောင့် ထွက်သွားမှန်းသိကာမှ မှားပြီဆိုတာ သိရပါတယ်၊ ဒါပေမယ့် သူကိုယ်တိုင်ခေါင်းညိတ်နာခံခဲ့လို့ ဒီအခြေ အနေထိ စီစဉ်ခဲ့တာပါ..ခုလိုလုပ်သွားရလောက်အောင် မနှစ်သက် ဖြစ်နေမယ်လို့ တကယ်ကိုမထင်ခဲ့ပါဘူး.."

"မိဘဆိုတာ သားသမီးမျက်နှာကို အရိပ်လိုကြည့်နေကြတာ ..ဒါတောင် မောင်မင်းတို့မှာမထင်ခဲ့တာတွေ မသိခဲ့တာတွေရှိနေ သေးတာလား..ဆိုးပါ့.."

"အရိပ်လိုကြည့်နေတာလည်း မျက်နှာကိုပဲမြင်ရတာကိုးဘုရား.. သူတို့ရင်တွင်းခံစားချက်တွေ ဘယ်လိုဖြစ်ပျက်ပြောင်းလဲနေသလဲဆို ကတော့ အလုံးစုံသိနိုင်ဖို့မလွယ်ပါဘူး..တခြားမိဘတွေလည်း တ ပည့်တော်လိုပဲ ရှိကြမှာပါ.."

ဒီတိုင်းမေးမြန်းလျှောက်ထားနေရင်း ဖြေရှင်းငြင်းခုံရဖွယ်ရှိလာ တော့ ဆရာတော်ကြီးကပြုံး၏။ သဘောကျနှစ်ခြိုက်စွာပြုံးခြင်းတော့ မဟုတ်ပေ.. ၊

တကယ်ဆို ဆရာတော်တစ်ဖြစ်လဲ မောင်သီဟဆိုသည့်ကိုးနှစ် အရွယ်ကိုရင်လေးရယ် မောင်ထည်ဝါဆိုသော ယောအိမ်တော်ရဲ့မှီ ခိုကျေးလူငယ်လေးရယ်ဟာ ငယ်စဉ်တောင်ချေးကလေးဘဝတုန်း က အလွန်အဆော့သန်သည့် သူငယ်ချင်းနှစ်ယောက်ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီရွာကိုသီဟရောက်လာတော့ ကိုရင်ဝတ်လေးနဲ့ဖြစ်သည်။ ဟာနဖူးကျယ်ကျယ် မျက်နှာပြည့်ပြည့်နှင့်မာနကြီးသည့်မျက်ဝ လေးတွေပိုင်ဆိုင်ထားသောသီဟကို ယောအိမ်တော်ကသူဌေးမိသ စုကလည်း ချစ်ကြသည်။

ကျောင်းကိုရောက်လာကြရင်ဖြစ်စေ ယောအိမ်တော်ကိုကျော ကကိစ္စ ဆရာတော်ကြီးကိစ္စနှင့်သီဟကရောက်သွားခဲ့သည်ဖြစ်စေ ကို ရင်လေးနဲ့ထည်ဝါတို့တွေ့ကြပြီဆို ထမင်းမေ့ဟင်းမေ့ဆော့ကြလေ့ သည်။

ပြီးတော့ ငြင်းလည်းငြင်းသည်။ ထည်ဝါက ဒေါသကြီး လောက် သီဟကအငြင်းသန်သည်။ သီဟကိုမှခင်နေခဲ့သည့် ထည် ဝါကပဲအလျှော့ပေးလာခဲ့ရတာဖြစ်ကာ ဆော့နေရင်းအမြဲတမ်းငြ ခုန်အနိုင်လု၏။

"ငါကကိုရင်..နင်ကငါ့ကိုရှိခိုးရမှာ.."

"မဟုတ်ဘူး..ဘုန်းဘုန်းကိုပဲ ရှိခိုးရတာ.."

"ဘုန်းဘုန်းနဲ့ကိုရင်အတူတူပဲ..အားလုံးသံဃာတော်ပဲ.."

"မတူဘူး..ကိုရင်က ငယ်ငယ်လေးရှိသေးတာ.."

"ငယ်ငယ်လေးလည်း ငါကကိုရင်..နင်ကလူ.."

"ကိုရင့်ကို ရှိမခိုးရဘူး.."

နှစ်ယောက်ခဏခဏအငြင်းပွားနေကာ သံဃာတော်ဖြစ်နေ အတူတူပါဂဲလို့ လူကြီးတွေကရှင်းပြကြပေမယ့် ကိုရင့်ရှေ့ကျ ထည်ဝါက ခေါင်းခါငြင်း၏။

"ဥသြငှက်က အထီးမရှိဘူး.."

"ရှိတယ်.."

"မရှိဘူး.."

စသဖြင့် ငြင်းခုံမိပြီဆို ထိုညနေမှာ စိတ်ဆိုးလျက်လမ်းခွဲရတာ များကာ အစသန်တာကျတော့ တက်ညီလက်ညီ.. ၊

"ကိုရင်ကုလားကပေါချာချာရယ်..ငါတို့သူ့ကိုစရအောင်.."

ကိုရင်ဘဝနဲ့ ဆယ်နှစ်ကျော်အရွယ်ဖြစ်လာလျှင် ခုနစ်နှစ်အ ရွယ်ကိုရင်ငယ်တစ်ပါးကို စနောက်ဖို့အကြောင်းရှာတတ်လာ၏။



ကျတော့ ကိုရင်သီဟကအသက်ပိုကြီးပေမယ့် ထည်ဝါကလက် တိုင်း ခေါင်းညိတ်တတ်တာသူပဲဖြစ်ကာ.. ၊

"ကိုရင်ကုလား..လာဦး ခုနကအပျိုကြီးကျောင်းပေါ်တက်သွား မြင်လိုက်လား.."

"အင်း..မြင်တယ်.."

"အဲ့ဒါဘုန်းဘုန်းကို ဖောင်ထင်လှူသွားတာ.."

"ဖောင်ထင်ဆိုတာ ဘာမုန့်လဲ.."

"ငါတို့လည်းမသိဘူး..အဲ့ဒါဘုန်းဘုန်း သိမ်းထားလိုက်ပြီ၊ ကို ကိုရင်ဘုန်းဘုန်းက ထုတ်ကျွေးမှာပါ၊ သွားတောင်းချေသွား.."

"သွားမယ်.."

ကိုရင်ကုလားလေးက သက်န်းစီးကာစမှာ စကားလည်းမပီ။ ကတွေလည်း မရှိကြသဖြင့် ဆရာတော်ကကရုဏာပိုသည်။ အစစ ရာရာဂရုစိုက်တာလည်း တစ်ကျောင်းလုံးသိကြသည်။ သို့သော် ကတော့ ကရုဏာတွေပါပျောက်ကုန်တဲ့အထိ ဆရာတော့်မျက် ကြီး နီမြန်းနေလျက်.. ၊

"ဘာ..ဘာပြောတယ်ကိုရင်၊ ပီအောင်ပြောစမ်း.."

"အပျိုကြီးဖောင်တင်လှူသွားတာ..စားချင်လို့ပါဘုရား.."

"သယ်..ကိုရင် ဘာတွေလာလျှောက်နေတာတုံး၊ သွား..သွား.."

ကျောင်းဝင်းမုခ်ဝပြင်ဖို့ ရောက်လာကြသည့် ပန်းရံအလုပ်သ တွေနှင့် ဒကာတွေရောက်နေကြသဖြင့် ဆရာတော်မျက်နှာကြီးနီ ကာ တွင်တွင်နှင်ထုတ်သော်လည်း.. ၊

"ကိုရင်ကောဝိဒ သေချာပြောပါတယ်ဘုရား..အပျိုကြီးဖောင် လှူသွားတာ တပိတော်သိတယ်ဖျား.."

"ကိုရင်ကုလား.."

"ဖျား.."

"နင်မသွားရင်ငါရိုက်မိတော့မယ်.."

"ဖောင်ထင်မုန့်စားချင်လို့ဖျား.."

"ကိုင်း..ကြိမ်လုံးပေးစမ်း.."

ကိုရင်ကုလားကလည်း ဖွဲသန်သည်။ ဖောင်ထင်မုန့်စားချင်

www.burmeseclassic.com

www.burmeseclassic.com



တာထက် ဘာမုန့်လဲဆိုတာသိချင်နေကာ.. ၊

"ရှမ်း.."

"အား..ဟီး ဟီး ဟီး..ဖောင်ထင်မုန့်စားချင်လို့.."

"စားချင်ဦး.."

"ရှမ်း.."

"အား.. ဟီး ဟီး..ဖောင်ထင်မုန့်ပေး.."

ကိုရင်ကုလားအရိုက်ခံရသည့် ကြိမ်လုံးမွှေ့သံကြားနေရ ထည်ဝါနဲ့ကိုရင်တို့ကျောင်းအောက်ကနေ တခွိခွိရယ်နေကြလေ ကာ၊ ညနေမစောင်းခင် သူတို့အလှည့်ရောက်လာခဲ့လျှင်.. ၊

"အောင်မလေး..အဲ့ဒါထည်ဝါအကြံပေးတာပါဘုရား.."

"တပည့်တော်က ပြောပြတာပါဘုရား..ကိုရင်ကုလားကို သူ တာပါ.."

"ရှမ်း.."

"ရှမ်း.."

"အား..နာပါတယ်ဘုရား.."

"ကြောက်ပါပြီဘုရား..ဖေကြီးရေ မယ်မယ်ရေ.."

ဆရာတော်ဆုံးမလိုက်ပြီဆိုရင်လည်း ဘာလို့ရိုက်လိုက်တာ မမေးဘဲ 'သားကဘာသွားလုပ်ခဲ့တာတုံး' လို့မေးသည့် မိဘတွေ သည်။ ဆရာတော်ဆိုလျှင် မျက်မွေးထော်၍ကြည့်ပုံကြတာမဟု အတိတ်ကပုံရိပ်တွေ ဟိုတစ်စဒီတစ်စပြန်ပေါ်လာရင်း တည် တင်းမလိုဖြစ်သွားကြသည့်မျက်နှာတွေနှင့် ခဏတဖြုတ်တိတ် သွားခဲ့သည်။

အသက်တွေရလာကာမှ လူနဲ့ဘုန်းကြီးအငြင်းပွားဖွယ် လည်း ရှိမလာရအောင် သူဌေးကြီးကလည်း တော်ရုံကိစ္စလော ကျောင်းကိုမလာ။ ဆရာတော်ကလည်း ယောအိမ်တော်ကိုရောက် တောင် မိုးတိုးမတ်တပ်ကြည့်ရှုမှာကြားပြီး ပြန်ကြွတတ်သည်ပဲ ငယ်ပိုင်းထဲက ရွာသားတွေဆို ဆရာတော်ကြီးနဲ့သူဌေးကြီးတို့ ငယ်က သူငယ်ချင်းတွေဆိုတာမသိကြပေ.. ၊

မထင်မှတ်သည့်အကြောင်းတစ်ခုကြောင့် ဒီနေ့မျက်နှာချင်း



င်းပွားဖွယ်ဖြစ်လာခြင်းသည် ရှေးဟောင်းနှောင်းဖြစ်တို့ကို သတိ ာက်မေ့စေခဲ့လျက်.. ၊

"အရှင်ဘုရားကဒီရွာရဲ့မိဘသဖွယ် လေးစားအားထားရတဲ့ ဆ တော်တပါးပါ.."

ဟင်.. ၊

ရုတ်တရက်ပြန်ပြောလာသည့်သူဌေးကြီးရဲ့စကားသံက ဟိုအ ကလို အတိုက်အခံမာနတွေပါလာသဖြင့် ဆရာတော်အံ့ဩသွား ည်။ ဘယ်နှယ့်ကိုယ့်အတွေးတွေက သူ့ခေါင်းထဲခုန်ဝင်သွားတာ ..၊

ဖြစ်နိုင်သည်က ကိုယ်လိုပဲသူလည်း ငယ်စဉ်ကာလအခါသမ တို့ကို သတိရသွားတာဖြစ်နိုင်လျက်.. ၊

"ရွာသူရွာသားတွေကို ကိုယ့်ရဲ့ရင်ဝယ်သားကဲ့သို့ သဘောထား ဂုလိုသောကများနေတဲ့အချိန်မှာ ပြစ်တင်ကဲ့ရယ်တဲ့စကားမျိုးမ သင့်ပါဘူးဘုရား.."

"နေပါဦး..ကျုပ်ကဘာများပြောမိလို့တုံး.."

ပြောရက်ပါဘိဆိုသည့်အကြည့်တစ်ချက် သူဌေးကြီးမျက်လုံး မှာ ပေါ်လာပြန်သည်။ ပြီးတော့ လက်အုပ်ချီမပျက်နှင့်.. ၊

"မမှားပါဘူးဘုရား..ထားလိုက်ပါတော့ဘုရား.."

"နို့..မောင်မင်းလေသံက မကျေမနပ်အောင့်သက်သက်ပါလား."

"တပည့်တော်က.."

သူဌေးကြီးလည်း မျက်တောင်တွေပဲဖိခတ်နေလျက် နှုတ်ခမ်း ကဖွင့်လိုက်ပြန်ပိတ်လိုက်နှင့် စိတ်ရှုပ်ထွေးပုံဖြစ်နေရကာ.. ၊

"အရှင်ဘုရားကို ဘယ်သူမှမရှိတုန်း တပည့်တော်ပွင့်ပွင့်လင်း င်းမေးချင်ပါတယ်ဘုရား.."

ဘေးမှာကလေးရှိနေသဖြင့် လက်အုပ်ချီသည့်လက်တို့နဲ့ နှုတ် မ်းကိုကွယ်၍ အသံခပ်အုပ်အုပ်လျှောက်လေသည်။ ဆရာတော်က ည်း ဆတ်ခနဲခေါင်းညိတ်၍.. ၊

"မေးပါလို့မင့်ကို ကျုပ်ပြောပြီးပါပကော.."

"အရှင်ဘုရားရဲ့ကျောင်းသား မောင်ချမ်းညလည်းကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ကြားပါတယ်..အဲ့ဒါဘယ်အချိန်တည်းက မရှိတာလဲ၊ မရှိဘူးလား..ဘာကြောင့်မရှိတာလဲဆိုတာ.."

"ကျုပ်ကျောင်းသား ကျောင်းမှာရှိနေတာ ရှိမနေတာကို မင်းကဘယ်တုန်းကစိတ်ဝင်စားသွားတာတုံး.."

မေးခွန်းထွက်လာပြီဆို အဖြေမပေးဘဲ မေးခွန်းပြန်ထုတ်တဲ့အကျင့်ကလည်း သူတို့နှစ်ယောက်အတူတူပဲမို့ သူဋ္ဌေးကြီး ခုံးထူထူကြီးတွေ ဆတ်ခနဲကုတ်သွားသည်။

"တပည့်တော်ကမေးတာပါဘုရား.."

"ကျုပ်ကလည်း မရှင်းလို့မေးတာပါ..ချမ်းညကိုမောင်မင်း ဂရုတစိုက်.."

"ဂရုမစိုက်ပါဘူးဘုရား..ဒါပေမယ့် သမီးကြီးလေးပျောက်တဲ့ ချိန်မှာ ချမ်းညလည်းဒီမှာမရှိဘူးလို့ ကြားလိုက်ရတော့.."

"မောင်မင်းရဲ့သမီးက ပျောက်ရအောင် ပစ္စည်းမှမဟုတ်ဘဲ ဋ္ဌေးကြီးရယ်..သူ့ခြေထောက်နဲ့သူထွက်သွားချေတာမဟုတ်ဘူးလား"

သူဋ္ဌေးကြီးမျက်နှာညိုသွားသည်။

"ချမ်းညကျောင်းမှာမရှိတိုင်း မောင်မင်းဟိုလိုဒီလိုထင်ရအောင် မင်းသမီးနဲ့ချမ်းညက ချစ်ကြိုးသွယ်ခဲ့ကြတာလည်းမဟုတ်.."

"ဒါကဒီလိုရှိပါတယ်ဘုရား.."

"ဘယ်လိုရှိသွားတာတုံး.."

မေးတော့လည်း ဘာဖြေရမှန်းမသိ။ သမီးကိုဒီသူငယ်တိတ် ခိုးမေတ္တာရှိနေတာသိနေပါလျက် ပြောရခက်၏။ တစ်ဖက်ကပြော နာဆိုမနာ ငြင်းခုံနေကျကိုယ့်သူငယ်ချင်းမို့ စိတ်ထဲရှိသလိုပြောမို့ တော့လည်း ဆရာတော်တစ်ပါးဖြစ်နေပြီမို့ ပြောမှားဆိုမှားမပြု

"ကျုပ်မေးတာဖြေပါဦး..မင်းသမီးထွက်သွားတာနဲ့ကျုပ်ကျော သားအခုမရှိတာက ဘယ်လိုများပတ်သက်သွားရတာတုံး.."

"ဒါကတစ်ခုခုတော့ ပတ်သက်မှုရှိနေနိုင်တာပဲဘုရား..ချမ်း က ချမ်းညကသမီးအပေါ် မရိုးမသားကြည့်တာတွေ တပည့်တော် ကိုယ်တိုင်မြင်ခဲ့ဖူးပါတယ်.."

"ဒါကိုမောင်မင်းက.."



"သူကအိမ်တော်မှာ မကြာခဏဝင်ထွက်နေတာပါ..တစ်ခါက ထမင်းစားဆောင်ကနေ သမီးတို့အဆောင်အောက်ရောက်နေ သူ့ကိုခေါ်ဆူရသေးတယ်.."

"နို့ပေသိ..အပြစ်မယူသာလို့သာ မောင်မင်းကျုပ်နားထဲမရောက် တာမဟုတ်ဘူးလား.."

ဒီလိုသာမဟုတ်လျှင် မတိုင်တန်းဘဲနေပါ့မလားထည်ဝါ..လို့ မေးလိုက်ချင်တော့သည်။

"ချမ်းညကလည်း ရဲရင့်တဲ့စရိုက်လက္ခဏာရှိတယ်..ဒါပေမယ့် ဆီးထားတာကိုတော့ တမင်ကျူးကျော်စော်ကားမယ့်ကလေးမ ပါဘူး.."

"တပည့်တော်ပြောချင်တာက တမင်တကာမဟုတ်ရင်တောင် ချင်းအကူအညီပေးဖို့ ချိန်းချက်ပြီး.."

"သယ်..ဘယ့်နှယ့်မောင်မင်းထင်ရာဆွဲတွေးနေရတာတုံး.."

"အှာဟာ တပိတော်တိလယ်ဖား.."

ဟာင် .. ၊

ကောင်းပုံကောင်းရဲ့အသံတိတ်ထိုင်နေပြီးမှ ဒီကလေးထဗွေ ကြိုပြီ.. ၊

အောင်ကြီးကလက်အုပ်ချီပြီး ဆရာတော့်ကိုမျက်နှာမူ၍ ထိုင်နေ သော်လည်း မျက်နှာကသူဋ္ဌေးကြီးဘက်ကို လှည့်မော့၍.. ၊

"မီးတမီးလေးရ ကိုကြီးရှမ်းညနဲ့.."

"ဟဲ့..တော်စမ်း.."

ဆရာတော်ဟန်မဆောင်နိုင်စွာ တားဆီးလိုက်မိကာ.. ၊

"သူတို့ချင်းသင့်မြတ်ကြတာလည်း မဟုတ်ဘူး..ကလေးကက ားလိုနေ၊ ဘာမှမသိဘဲနဲ့..သွား ကျောင်းအောက်မှာကပွဲယကိုသွား .."

"တပိယကြီးက အကြီးရှိန်ကိုအှာဟာတွားမေးနေတာဖား..ကို ရှမ်းညနဲ့ မီးတမီးလေးကို အကြီးရှိန်တို့.."

"ဟဲ့..သူတော်.."

"ဘုရား.."

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အသံကျယ်ကျယ်ခေါ်လိုက်သဖြင့် ဦးသူတော်လ... အုပ်ချီလျက် ရောက်လာ၏။

"အောင်ကြီးကိုအင်တုံပြည့်အောင် ရေဖြည့်ခိုင်းစမ်း..ဒီက... ကို ငါကြိမ်လုံးစာကျွေးမိတော့မယ်.."

သူဌေးကြီးက ဆရာတော့်ကိုငေးကြည့်ပြီး မချင့်မရဲရှုံ့တွတွ... နှာကြီး ဖြစ်နေလေသည်။ ရွာထိပ်မှာလည်းယာဉ်နဲ့လိုက်ဖို့ပ... တည်းက ဆရာတော့်ပုံစံထူးခြားနေတာကို သတိထားမိခဲ့သည်။

ကျောင်းရောက်တော့လည်း လှည်းပေါ်ကဆင်းဖို့ကို တာ... တာ ဘာတွေအလျှင်လိုနေမှန်းမသိ။ ခုကျတော့ သူဌေးကြီးရင်... သံသယတွေက ပိုမိုပြန့်ကားကြီးထွားလာခဲ့လျက်.. ၊

"နေပါဦး..နေပါဦး ကလေးကိုစကားဆုံးအောင်ပြောပါစေ... ပည့်တော်က သမီးပျောက်လို့သောကပွေနေရတဲ့သူပါဘုရား.."

"ကလေးဆိုတာ အရိပ်သုံးပါးနားလည်တာမဟုတ်ဘူး၊ ထင်... စွတ်ပြောတာ.."

"ကလေးကမညာတတ်ဘူးဘုရား.."

ဆရာတော်ကြီး မျက်နှာတစ်ချက်ပျက်လျက်.. ၊

"အဲ့ဒါကြောင့် ခက်တာပဲသူဌေးကြီး..ဒီမှာလူနှစ်ယောက်... မရှိနေတုန်း ဒီကလေးရဲ့စကားကြောင့်ယုန်ထင်ကြောင်ထင်တွေ... ကုန်တော့မယ်.."

ဦးသူတော်လည်း ဆရာတော့်ကိုကြည့်လိုက် သူဌေးကြီး... ကြည့်လိုက်နှင့် အောင်ကြီးကိုတွန်းလွှတ်လိုက်ရမလို ရှေ့ပြန်ပို့ရမ... ဖြစ်နေလေသည်။ ဆရာတော်ကြီးကတော့ ဦးသူတော်အကင်း... တာကြောင့် မချင့်မရဲဖြစ်နေရကာ.. ၊

"ချမ်းညကိုကျူပ်က.."

"ဟုတ်ပါတယ်သူဌေးကြီး..ချမ်းညကညဏ္ဍန်းလာ သည်းကို... ရှာဖို့ထွက်သွားတာပါ.."

ကပ္ပိယကြီးရောက်လာပြီး ဆရာတော်ပြောမည့်စကား... ထောက်ခံလိုက်တာဖြစ်သည်။ သို့သော်.. ၊

"မင်းသမီးလေးနဲ့ ချမ်းညအတူတူပျောက်သွားတာမဟုတ်...



...ဘူး..မင်းသမီးလေးကိစ္စကို သူသိတောင်သိမယ်မထင်ပါဘူး.."

"ဒါဖြင့် ချမ်းညဘယ်အချိန်ထွက်တာတုံး.."

သူဌေးကြီးမေးလိုက်တော့ ဆရာတော်မျက်လုံးပြူးသွားသည်။ ...ပ္ပိယကြီးကလည်း ဒီဘက်ကိုတစ်ချက်မှလှည့်မကြည့်သဖြင့် အ...မျက်ပြဖို့ကလည်း မဖြစ်နိုင်.. ၊

"ချမ်းညကိုညက.."

"ချမ်းညတစ်ညလုံးရှိနေတာမဟုတ်ဘူးလားကပ္ပိယကြီး.."

"အဲ..ညက.."

"ညကငါတောင် နှင်းခိုင်းနေသေးတာ..ပြီးတော့ သူတော်.."

"ဘုရား.."

"နှင်နဲ့ညဥ့်နက်တဲ့အထိ စကားပြောနေဆို.."

"အဲ့ဒါ မဟုတ်..အဲ မှန်ပါ့.."

ဦးသူတော်နဲ့ကပ္ပိယတို့ ဆရာတော့်အရိပ်အကဲကို နားလည်...သည့်အချိန်မှာ စကားတွေလွန်ကျွံကုန်ပြီဖြစ်ရာ မရိုးသားသည့်...ကားသံတို့က အနှုတ်အသိမ်းမညီဘဲ အိုးနင်းခွက်နင်း။ ထိုစဉ်.. ၊

"ဘုန်းဘုန်းဘုရား.."

ကိုရင်အဂ္ဂါ ကျောင်းပေါ်တက်လာပြီး.. ၊

"တောင်ညိုတောင်ရွာက မုန့်ဖတ်ထုတ်သည်ကကြွေးလာ...ောင်းနေတယ်ဘုရား.."

"ဟေ.."

ဆရာတော်ကြီးပေါင်ပေါ်လက်ပြန်ထောက်လျက် လည်ပင်း...ကြည့်၏။ ကြည့်နေတုန်းဈေးသည်က ခေါင်းခုလုပ်ထားခဲ့သော...ချည်ဟောင်းကိုဖြည်ချရင်း ပခုံးတစ်ဖက်မှာတဘက်လိုတင်၏။ ...တော့ ခါးညွတ်လက်အုပ်ချီလျက် ခပ်လှမ်းလှမ်းမှာကျုံ့ကျုံ့လေး...ထိုင်လိုက်ကာ.. ၊

"အရှင်ဘုရားထံမှာ ကြွေးတောင်းတာမဟုတ်ပါဘူးဘုရား..တ...ည့်တော်လည်း ကလေးနှစ်ယောက်ရဲ့မျက်နှာလေးတွေ သန့်စင်လှ...မွန်းလို့ မြင်မြင်ချင်းချစ်မိတာနဲ့.."

"ဟဲ့..လိုရင်းကိုပြောစမ်း၊ ဒကာမကြီးဆီက ကြွေးယူ...လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ကျုပ်ကျောင်းကကျောင်းသားလား.."

"မှန်ပါ့..နှစ်ယောက်ပါဘုရား.."

"ဟုတ်ပြီ..ကိုင်း ကပ္ပိယ..ကျောင်းသားတွေရှိသမျှ ခေါ်
စမ်း၊ ဒီကလေးတွေဘယ်လိုအကျင့်စရိုက်တွေ ရှိနေကြတာတုံး..
ပါဘိတော့.."

ကလေးတွေဈေးသည်ဆီမှာ ကြွေးဝယ်စားတာကိုတော့
သူ့ကိုဖြစ်ဖြစ် ဘယ်တုန်းကမှလည်း ခွင့်မလွှတ်ခဲ့ဘူးပါ။ ဒါပေမဲ့
ဒီနေ့ကျတော့ ခါတိုင်းထက်ပိုပြီး တခမ်းတနားစီရင်ဖို့စိတ်ကူး
၏။ အကြောင်းမှာ သူဌေးကြီးရဲ့နောက်ဆက်တွဲမေးခွန်းတွေကို
လိုတော့ခြင်းသာဖြစ်လျက်.. ၊

"ဒါမျိုးကိုငါမကြိုက်ဘူးဆိုတာ သိရက်နဲ့..ဘယ်သူတုံး
အားလုံးခေါ်ထုတ်ခဲ့.."

"အရှင်ဘုရား..သူတို့က ကလေးတွေမဟုတ်ပါဘူးဘုရား.."

"ဟင်.."

"ကျောင်းကကျောင်းသားချည်းပဲလည်း မဟုတ်ပါဘူး..
ကျောင်းသားဖြူဖြူချောချော ယောကျ်ားလူပျိုလေးရယ်..အင်မတန်
လှတဲ့မိန်းကလေးတစ်ယောက်ရယ်ပါ.."

"ဟေ.."

ဆရာတော်အံ့အားသင့်လျက် ဒီလိုမဖြစ်ပါစေနဲ့လို့ ဆုတောင်း
ခဲ့သမျှသည်.. ၊

"ဒါ..ဒါဆို.."

သူဌေးကြီးရဲ့လျက်ညိုးကဘယ်ရယ်မဟုတ်ဘဲ ဟိုဒီညွှန်
ကတုန်ကယင်နှင့်.. ၊

"မဖြစ်နိုင်ပါဘူးသူဌေးကြီးရယ်..သေချာဂဃနဏမေးပါဦးမယ်.."

ဘုန်းတော်ကြီးမတန်မယ့် ဒီလိုမဟုတ်ဖို့စိတ်ထဲက အတိုက်
ဆုတောင်းနေမိကာ.. ၊

"ဒကာမကြီးက ကျုပ်ကျောင်းကကျောင်းသားကို သေချာသိ
လို့လား..ဒီဘက်ပိုင်းကို ဒကာမကြီးသိပ်မလာတတ်ပါဘူး.."

"ဒါပေမယ့် ဈေးသည်ပဲဘုရား..တစ်ခါတလေတော့ ရောက်



ပါပဲ၊ နောက်ပြီး အဲ့ဒီကျောင်းသားလိုလူချောလူလှက ဒီနားမှာ
ရှိတာ တပည့်တော်မှတ်မိတာပေါ့..သူနဲ့ရှိနေတဲ့မိန်းကလေးကို
မမြင်ဖူးပါဘူး၊ ဒါကြောင့် သူကအစိမ်းရောင်လေးလည်း ဝတ်
တော့ ရှုတ်တရက်ဥစ္စာစောင့်မလေးထင်ပြီး တပည့်တော်ပြေးမ
နှုပ်တောင်ချွတ်လိုက်မိသေးတာ.."

သေချာလေပြီ.. ၊

ဆရာတော်ကြီး ဘာပြောရမှန်းမသိဖြစ်လျက် နှုတ်ခမ်းတလှုပ်
လှုပ်နှင့် အသံတိတ်သွား၏။ သူဌေးကြီးရဲ့မျက်နှာကြီးနီရဲတက်လာ
ပြီ..

"အမိုက်မ.."

☺

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၉)

"မယ်တော်ကြီး..မမလေးသတင်းစုံစမ်းလို့ရပြီတဲ့.."

ဟင်.. ၊

ဒေါ်ရတနာလှိုင်မျက်လုံးတွေမှိတ်၍ တိတ်ဆိတ်စွာနေမိ... ကြိုးလေးထွက်သွားပြီးတည်းကဖြစ်သည်။ စိုးရိမ်တာပဲလည်း... ဟုတ်။ ဒေါသသည်လည်း ကရုဏာဒေါသဖြစ်ကာ စိုးရိမ်တာ... ဒေါသတွေကြားမှာ စားချင်စိတ်လည်းမရှိ။ စကားပြောလိုစိတ်လ... မဖြစ်ခဲ့ပေ.. ၊

မနက်က ရွာတော်အရှင်နတ်ကွန်းကို သွားခဲ့တာလည်း စိတ်... ပဲလေးလံနေလို့လားမသိ။ အိမ်ကထွက်တည်းက မကောင်းသ... မိတ်တွေပဲ မြင်နေကြားနေခဲ့ရ၏။ ထို့ကြောင့် နတ်နန်းကပြန်... တော့လည်း ရေငုံ့နှုတ်ပိတ်နေခဲ့မိလျက်.. ၊

"မယ်တော်ကြီးသိလား..သခင်ကြီးဘုန်းကြီးကျောင်းက... ရောက်လာတည်းက အဲ့ဒါပဲပြောနေတာ.."

ဒေါ်ရတနာလှိုင်ပက်လက်ကုလားထိုင်ကြီးပေါ်ကနေ ငုတ်... ထထိုင်လိုက်ရင်း ကိုင်ထားသည့်စိတ်ပုတီးကို လက်လောက်ဝတ်... ရစ်ပတ်လိုက်သည်။ ပြီးတော့.. ၊

"ဘုန်းကြီးကျောင်းကနေ တစ်ခုခုသိလာတာလား.."

"အဲ့ဒါတော့မသိဘူးမယ်တော်ကြီး..ဒါပေမယ့် ဝင်လာတည်... ဦးကြီးကျော့ကိုခေါ်ပြီး ပြောနေတာ.."

"ဘာတွေလဲ.."

"တောင်ညိုတောင်မှာတဲ့..ဟိုလေ ဟို.."



"ပြောစမ်းပါမြကြည်ရယ်..အရေးထဲမှာ စကားလာထစ်နေပြန်..."

မြကြည်သည် သိထားပေမယ့်မပြောရဲဘဲ အတန်ကြာထစ်ငေါ့... ၏။ ပြီးမှ စိတ်စောနေရှာသည့် သူဌေးကတော်ကြီးရဲ့ မျက်နှာ... မဝံ့မရဲကြည့်၍.. ၊

"ဟိုဟာလေ..မမလေးက ဘုန်း..ဘုန်းကြီးကျောင်းက ချမ်းည.."

"ဘာ.."

ဒေါ်ရတနာလှိုင်သတိလက်လွှတ်အော်လိုက်မိ၏။ ရုတ်တရက်...ယက်ရှမြန်လာသဖြင့် နိမ့်ချီမြင့်ချီလှုပ်ရှားနေသော ရင်ဘက်က...ဖြည်းဖြည်းပြန်လည်ငြိမ်သက်သွားခဲ့ပြီး.. ၊

"ချမ်းည.."

နှုတ်မှတီးတိုးရေရွတ်ရင်း ကုလားထိုင်ပေါ်ကနေ ဆင်းရပ်လိုက်...ည်။ မရှိကြတာကို ရိပ်မိနေခဲ့သည်။ ဒါပေမယ့် ကိုယ့်သမီးကိုတော့...ထင်ကြီးယုံကြည်ခဲ့မိသည်။ ဒီကလေးနဲ့သမီး ချစ်ကြိုးသွယ်ကြတဲ့...ဆင့်ထိတော့ မဟုတ်ကြသေးတာ သေချာပါသည်။ ဒါဖြင့် ဘာ...ကြောင့် ဒီလိုဖြစ်ရတာလဲ.. ၊

မနက်က ဆရာတော်ကြီးရေးကြီးသုတ်ပျာ သွားလာနေတာကို...တည်းက ဘာကြောင့်မှန်းမသိဘဲ စိတ်ကလေးနေခဲ့တာတွေပါ။...လိုလိုကာမှ အစ်ကိုထည်နဲ့ဆရာတော်ကြီးက အငြင်းဝါဒတွေနဲ့...ဘုန်းတည်းက မသင့်မြတ်ခဲ့တဲ့သူငယ်ချင်းတွေ.. ၊

ဆရာတော့်ကိုတစ်မျိုးထင်ပြီး အစ်ကိုထည်ပြောမှားဆိုမှားတွေ...ကုန်ရင် ခက်တော့မည်။ မနက်ကဆရာတော်ကြီးအစောကြီး...ကျောင်းကထွက်ပြီး တခြားရွာကိုကြွနေသည့်အဖြစ်မှာ အစ်ကိုထည်...တလွဲတွေးတော့မှာပါ.. ၊

သမီးနဲ့ချမ်းညတို့ တကယ်တမ်းအတူတူထွက်သွားတာမှန်လျှင်...ကိစ္စမှာတစ်ခုခုတော့ မှားယွင်းမှုရှိကိုရှိလိမ့်မည်။

"ညီမ.."

ဒေါ်ရတနာလှိုင်အပြင်ထွက်မည်ပြင်ကာမှ သူဌေးကြီး...နာ...သာမယာနှင့် အခန်းဝမှာပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းသမီးသတင်းတော့ ရပြီ.."

စကားသံက မာထန်နေခဲ့ပြီး. ၊

"ယုန်ကတိုးတာလား..ပိုက်တာတိုးတာလားမသိဘူး၊ သေချ တာကတော့ ခိုးရာလိုက်တာပဲ.."

"ကျွန်မလည်း ခုမှသိတာပါ.."

ဘာပဲဖြစ်ဖြစ် သမီးမိန်းကလေးတစ်ခုခု မှားယွင်းပြီဆိုရင် မိခ သည်သာ မျက်နှာငယ်ရသည်ဖြစ်ကာ.. ၊

"သွေးသားမတော်စပ်တဲ့ယောကျ်ားလေးနဲ့မိန်းကလေး ခုလို တူသွားကြတော့ ခိုးရာလိုက်ပြေးတယ်ပဲ ထင်စရာဖြစ်တာပေါ့..ဘ ကယ်တော့ သမီးဘက်က ဒီလိုလုပ်သွားတာမဟုတ်မှန်း.."

"ငါတို့သိနေရုံနဲ့မရဘူးညီမ..ခိုးရာလိုက်ပြေးတယ်လို့ ထင်စရ ဖြစ်မယ်ဆိုတာ သူသိရမှာ၊ သူပဲဆင်ခြင်ရမှာ.."

"ဒါကတော့အစ်ကိုထည်.."

"သမီးဘက်က ဖြေတွေးမနေနဲ့တော့လို်..ဒီကိစ္စမှာ ငါတို့က မစိုက်မိလိုက်တာမှန်တယ်၊ သူခေါင်းညိတ်လို့ စီစဉ်ခဲ့ကြတာပဲ..တ ကယ်တမ်း လက်မခံနိုင်ပါဘူးဆိုရင်တောင် ဟိုကလာမယ့်ကာလ ရောက်ခင် ငြင်းလို့ရသေးတယ်..ခုလိုအဆင်ဆိုးအောင် လုပ်သွား လိုသလား.."

"ဟုတ်ပါတယ်..လူငယ်ကတော့.."

"လူငယ်တွေမှားတတ်ရင်လည်း ငါ့သမီးမှားတာကိုတော့ လွှတ်ပေးလို့မရဘူး..ဒီရွာမှာ ဆရာတော်ကြီးကလွဲရင် ငါ့စကားငါ့ ဒအတိုင်း နာခံတည်မြဲလာခဲ့တာ၊ ဘယ့်နှယ်ငါ့သမီးကျမှ.."

သူဌေးကြီးအသံတွေပါ တုန်လာသည်။ အဆင့်အတန်းကွာမြ နေတာကြောင့်လည်း မဟုတ်ပါ။ ကိုယ်လည်းဒီရွာမှာနေသည်။ ဒီရွ ကလူနဲ့နီးစပ်သွားခဲ့သည်ဆိုတာလည်း မဖြစ်စေချင်ပေမယ့် ဖြစ်သွ ပြီဆိုရင်တော့ မတတ်နိုင်.. ၊

ခုတော့ ကိုယ့်ရွာသားလို့သတ်မှတ်ဖို့လည်းခက်သည်။ ကိုယ် အမိန့်ကိုယ့်စကားကိုလည်း တစ်ချက်လေးမှနာခံခဲ့တာမရှိသည့်ပြ ယဉ်ကျေးမှုလည်း မရှိသော.. ၊



"ချမ်းညနဲ့သမီးက စကားတောင်ပြောဖူးကြတာ မဟုတ်ပါဘူး"

တွေးနေတုန်းမို့ ဒေါ်ရတနာလှိုင်ပြောလိုက်သည့်စကားက ဒေါ သကိုဆွပေးလိုက်သလိုပင်.. ၊

"ဘယ်လိုတွေနားလည်ဖို့ ကြိုးစားနေသေးတာတုံး..စကား ပြောဖူးလို့ပဲ ခုပါသွားပြီလေ၊ သားသမီးအကြောင်းဆိုတာ မိဘက ဖတ်ဝန်းကျင်နားမဆံ့မှ ကြားရတာ..ငါတို့ကတော့ ကြားလိုက်ရတဲ့ အဆင့်တောင်မရောက်လိုက်ဘူး၊ အခု ဘယ်လိုလုပ်ကြမတုံး..မင်း သွေးကလည်း ကားမှောက်လို့ခြေထောက်ဒဏ်ရာရနေတယ်၊ ဒီမှာ ညည်း သမီးကမရှိတော့ဘူး.."

တကယ်တော့ မင်းရဲသွေးကဘူတာကို တစ်ဆင့်လာတဲ့လမ်းမှာ မြေကျုံပြီး ကားမှောက်ခဲ့သည်။ ထို့ကြောင့် သွားကြိုကြသည့်လူ တွ ဒီတိုင်းပြန်လာကြရသည်။ အခြေအနေတွေ ပြောင်းလဲကုန်တာ ကို ပြောပြချိန်တောင်မရလိုက်ဘဲ ကြိုးလေးကထွက်ပြေးသွားခဲ့၏။

"သမီးကိစ္စနဲ့မင်းရဲသွေးနဲ့တော့ မဆိုင်ပါဘူးအစ်ကိုထည်..သမီး က သူဘာဖြစ်သွားလဲဆိုတာလည်း သိခဲ့တာမဟုတ်ဘူး၊ နောက်ပြီး သူတို့ဒီလိုဖြစ်သွားတာလည်း သူတို့ဘက်နဲ့နီးလို့ သူတို့ဆီပြန်ရောက် မှားတာ၊ ကျွန်မတို့က ကားမှောက်တဲ့နေရာကို ပြေးကောက်လို့ရတာ မှ မဟုတ်တာ.."

"ငါကလည်း မင်းရဲသွေးကို တာဝန်မယူရလေခြင်းဆိုပြီး ညည်း များနေတာမဟုတ်ပါဘူး..ဒါပေမယ့် အချိန်ကတိုက်ဆိုင်နေတော့ ဟို ကလေးဒုက္ခတွေ့နေကာမှ ဒီကမိန်းကလေးက ယောကျ်ားနဲ့လိုက်ပြေး သလိုမျိုး.."

"ခုကျမှ သူများအထင်လွဲမှာကို အစ်ကိုဘာဖြစ်လို့ဒီလောက် တောင် စိုးရိမ်နေမှန်းမသိဘူး..ကျွန်မကတော့ ကိုယ်မမှားဘူးထင်ရင် ရင်ဆိုင်မှာပဲ.."

သူဌေးကြီးက ဇနီးသည်ကို အံ့သြသလိုဖျတ်ခနဲလှည့်ကြည့် သည်။ ခပ်စူးစူးကြည့်နေပြီးမှ.. ၊

"ဒါဆို ငါတို့ကဘာလုပ်ဖို့ ရှိသေးလို့တုံး.."

"ကားမှောက်တဲ့လူနာက သူ့ဘက်မှာဖြစ်လို့ သူ့...ကပြန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားကြပြီ..သမီးကလည်း သူနဲ့လက်မထပ်ချင်ဘူးဆိုတာ
ဆန္ဒကိုထုတ်ပြသွားပြီလေ၊ မင်္ဂလာကိစ္စကို ဖျက်သွားပြီပဲသ
ထားရမှာပေါ့.."

"ညီမစကားကို ပြက်ရယ်ပြုသလို ဖြစ်သွားမှာစိုးပေမယ့်
တော့ရယ်ချင်တယ်.."

"ဘာဖြစ်လို့လဲ.."

"ခိုးရာလိုက်သွားတဲ့နောက်တော့ ဒီကမင်္ဂလာကိစ္စကိုဘယ်
သတ်မှတ်လို့ရဦးမှာတုံး.."

ဒေါ်ရတနာလှိုင်က ခိုင်မာသည့်မျက်နှာနှင့် ခေါင်းခါလိုက်
သူဌေးကြီးရှေ့ထိ လျှောက်လာကာ... ၊

"သမီးနဲ့ချမ်းညခိုးပြေးကြတာ မဟုတ်ဘူးအစ်ကိုထည်..အဲ့ဒါ
ကျွန်မအနိုင်အမာပြောရဲတယ်.."

"လာပြန်ပြီလှိုင်..ညည်းသမီးနဲ့ချမ်းညနဲ့ နှစ်ယောက်တည်
သွားတည်းက ဘာကိုပြင်ဆင်ချင်သေးတာတုံး၊ ငါတို့ကဗမာပြီး
ဗုဒ္ဓဘာသာစစ်စစ်တွေ..ဟီရိသြတ္တပ္ပတရားနဲ့နေထိုင်ကြတာ.."

"ဒါကတော့အစ်ကိုရယ်..ဒါကျွန်မတို့ရွာပဲ၊ ရွာသားတွေ
လည်း ကျွန်မတို့ရဲ့မိသားစုတွေချည်းပါ..လူတွေအထင်လွဲစရာ
တာနဲ့ပဲ ပေးစားလိုက်တာမျိုးလုပ်စရာမလိုပါဘူး.."

"ဘယ်လို.."

"နားထဲမှရှိုင်းချင်ရှိုင်းသွားလိမ့်မယ်..ကျွန်မကတော့ သူတို့
ကယ်ခိုးပြေးတာမဟုတ်ဘဲ ခရီးလမ်းသင့်လို့အတူသွားဖြစ်တာမျိုး
ရင် ဒါကိုအားလုံးသိအောင်ရှင်းပြမယ်၊ ပြီးရင်တော့.."

"ပြီးရင်ဘာဖြစ်မှာလဲညီမ..ဘာကိုရှင်းပြမှာလဲ၊ ညဦးနက်
ခေါင် အတူတူထွက်သွားကြတာကို ခရီးလမ်းသင့်လို့ အတူတူ
ဖြစ်ကြတာပါလို့ မင်းပြောမှာလား.."

"ဒါဆိုအစ်ကိုထည်က ဒီတိုင်းထားလိုက်မှာလား..ချမ်းည
ဘောတူနိုင်လို့လား.."

"လုံးဝမတူဘူး.."

သူဌေးကြီးဆုံးဖြတ်ပြီးဖြစ်နေပုံနှင့် ပြတ်သားစွာပြောသည်။



အခန်းထဲဝင်လာပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်း.. ၊

"ချမ်းညဖြစ်နေတဲ့အတွက် ဒီကလေးမျိုးကိုသမက်မတော်နိုင်
..."

ထိုစဉ် အပြင်ကနေ တစ်ယောက်ရောက်လာပြီး.. ၊

"အဆင်သင့်ဖြစ်နေပါပြီသခင်.."

"အေး.."

ဒေါ်ရတနာလှိုင်နားမလည်သလို လိုက်ကြည့်နေလျက်.. ၊

"ဘာတွေအဆင်သင့်ဖြစ်နေတာလဲအစ်ကိုထည်.."

"ငါတောင်ညိုတောင်ရွာကိုလိုက်မလို့.."

ဟင်.. ၊

ဒီတစ်ခါမယုံနိုင်အောင်ဖြစ်သွားခဲ့သည့် အံ့သြခြင်းသည် ကိုယ့်
ခင်ပွန်းဟုတ်ရဲ့လားလို့တောင် တွေးမိရတဲ့အထိ။ ဂုဏ်ပကာသန
ဆင့်အတန်းတွေကို သူမတို့ဒီလောက်ထိရှေ့တန်းမတင်ခဲ့ဘူးပါ။
မှာနေထိုင်ကြမည်။ မြို့မှာလည်း ငါတို့ရှိကြမည်ဆိုသည့် ညီ
တ်မှုများနှင့် တောနဲ့မြို့ဖြန့်ကျက်ပြီး ဆွေမျိုးစုအခြေချခဲ့ကြသည်။
ဒါကြောင့် ဖိတ်ချင်းဖိတ်ကိုယ့်အိတ်ပဲဖြစ်ရမည်။ ငါတို့မျိုးရိုး
ခြားသွေးတိုးဖို့မလိုဆိုသည့် ဆုံးဖြတ်ချက်ကိုအတည်ပြုခဲ့သည်။
ကလည်း ကိုယ်ပိုင်အေးချမ်းမှုရှာခဲ့တဲ့သဘောနဲ့ပါ.. ၊

ခုတော့ ခင်ပွန်းဖြစ်သူရဲ့ဒေါသမောဟတွေက အလွန်အကဲဖြစ်
ခဲ့သည်။

"အစ်ကိုထည်.."

ဒေါ်ရတနာလှိုင်က သေချာအနားကပ်ခေါ်လိုက်လျက်.. ၊

"အစ်ကိုထည်လိုက်သွားပြီး ဘာလုပ်မလို့လဲဟင်.."

သူဌေးကြီးကမဖြေဘဲ အပြင်ထွက်သွားခဲ့၏။ ဒေါ်ရတနာလှိုင်
အားကနေလိုက်ပါသွားကာ.. ၊

"သူလည်းဒီရွာသားဖြစ်နေပါပြီ..ကိုယ့်သမီးနဲ့ပတ်သက်ကာမှ
ားစီးဖားစီးလိုက်လုပ်လိုက်လျှင် ကျွန်မတို့ကိုလေးစားအားထား
ရွာသားတွေဘယ်လိုမြင်ကုန်မလဲ.."

သူဌေးကြီးခြေလှမ်းတုံ့သွားသည်။ ဒါပေမယ့် ရပ်
သွားတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပေ။ ခြေလှမ်းနှေးသွားမှ ဒေါ်ရတနာလှိုင်သက်ပြင်း
ချလိုက်မိကာ.. ။

"မင်းရဲ့သွေးရဲ့ကျန်းမာရေးသတင်းလည်း မေးရဦးမှာဆိုတော့
အစ်ကိုထည်သွားမယ်ဆိုရင် အဲ့ဒီကိစ္စကိုပဲ အဓိကရည်ရွယ်လိုက်ပါ..
သမီးဆီကိုဝင်မယ်ဆိုရင်လည်း.."

"ဝင်မယ်ဆိုတဲ့စကားက အိမ်ထောင်ရက်သားကျနေတဲ့ သာ
သမီးဆီမိဘက အလည်တစ်ခေါက်သွားတာမျိုးကိုပြောတာ..ဒီလို
စားလေးနဲ့ မိဘမျက်နှာအိုးမည်းသုတ်ပြီးလိုက်သွားတဲ့သမီးဆီ ငါ
ဘာဝင်လုပ်ရမှာတုံး.."

"ဒါဖြင့်လည်း ကျွန်မပဲ.."

"မသွားရဘူး.."

"ဟင်.."

"ငါပဲသွားမယ်..ဘာလုပ်သင့်သလဲဆိုတာ ငါသိတယ်၊ မင်းဘာ
မှမပူနဲ့..ချမ်းညနဲ့ဘယ်လိုမှ သဘောမတူနိုင်ဘူးလို့ ငါပြောလည်း
ချမ်းညဆိုတဲ့ကောင်လေးအကြောင်းသိထားတဲ့ ရွာသားတွေနားလည်
ကြလိမ့်မယ်.."

လူကိုမျက်နှာရှေ့ထားပြီး 'ဘုရားထူးခံရအောင် ရွာသားတွေကို
ပိုက်ဆံပေါတိုင်းထောက်ပံ့နေတာပါ'လို့ ပြောရဲခဲ့တဲ့လူ။ မေးခွန်းတစ်
ခုရောက်သွားတိုင်း မျက်နှာကိုသေချာကြည့်ပြီး မတွန့်မရွံ့ဖြေရဲတဲ့
ကောင်လေး.. ။

ဒါကသတ္တိလား..ရိုင်းပျတာလား.. ။

ရိုင်းပျခြင်းကို ကိုယ့်စိတ်ကတိုက်ရိုက်ခံစားမိချိန်မှာ ဒီကောင်
လေးရဲ့အမူအရာအပြောအဆိုတိုင်းက နားဝင်မချိုတော့ပေ။ ဒီလိုလူ
ဟာ ကိုယ့်မိသားစုဖြစ်လာဖွယ်ရှိနေသည့်အဖြစ်ကို ဘယ်လိုလက်ခံ
ရမလဲ.. ။

ဘယ်လိုမှမဖြစ်နိုင်သည့်ကိစ္စ.. ။

☺

## အခန်း(၃၀)

"ဟင်..ဆရာတော်ဒီကိုကြွလာတာလား.."

"အေး.."

ဆရာတော်က အုံ့ဩသွားပေမယ့် အကြည့်တစ်ချက်သာဖြစ်
ကာ ဆက်လက်ထွက်ခွာသွားခဲ့၏။ သူဌေးကြီးမျက်မှောင်ကုတ်လျက်
ကျန်ခဲ့ကာ။ ပြီးမှ.. ။

"ဆရာတော်ဘုရား.."

နောက်ကခပ်သုတ်သုတ်လိုက်ခဲ့ရင်း.. ။

"ဆရာတော်က ချမ်းညဒီမှာရှိတယ်ကြားလို့လားဘုရား.."

"မောင်မင်းကရော.."

"တပည့်တော်က သမီးကိုပြန်ခေါ်ရအောင်ပါဘုရား.."

"ငါလည်း ငါ့ကျောင်းသားကိုပြန်ခေါ်မလို့.."

နောက်တစ်ခါလည်း သူဌေးကြီးကျန်ခဲ့ပြန်၏။ သို့သော်တောင်
ကျိုတောင်ရွာ၏ ရွာလူကြီးအိမ်က ရွာအဝင်ဝမှာပဲရှိနေတာမို့ နောက်
ထပ်စကားမဆက်နိုင်တော့ဘဲ အိမ်ရှေ့ရောက်သွားခဲ့ကြပြီး. ။

"ဩော်..ထိုင်ပါဦးခင်ဗျာ၊ သုံးလွန်းတောင်ရွာကသူဌေးကြီး
ကိုယ်တိုင်ရောက်လာတာကိုး.."

"ဆရာတော်ကြီးဘုရား..ဒီမှာထိုင်ပါဘုရား.."

ကုလားထိုင်ကြီးတစ်လုံးမှာ ချည်စောင်ကြီးတစ်ထည်ကမန်းက
တန်းခင်းပြီး ဆရာတော့်ကိုနေရာပေးသည်။ သူတို့စုံစမ်းသည့်ကိစ္စ
ကြားမှ ရွာလူကြီးနှင့်အနီးအနားက လူတချို့အံ့ဩတကြီးဖြစ်ကုန်
ကြကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..သိပြီ၊ မနက်အစောကြီးက ဖြတ်သွားကြတဲ့ဖြူဖြူ... ချောလှငယ်လေးနဲ့ မိန်းကလေးတစ်ယောက်ကိုပြောတာထင်တယ်..

"ဟုတ်တယ်..ရောက်လာတယ်၊ ဒါပေမယ့် ရွာလယ်က... ပောင်းနားဇရပ်မှာ ခဏပဲနားကြတာပါ.."

"ဟုတ်တယ်..သူတို့ကိုလူတွေဝိုင်းကြည့်နေကြတော့ ရှက်နေ... ပုံပဲ၊ သိပ်အကြာကြီးမနေဘူး..ထွက်သွားကြတာ.."

"ပထမတုန်းက ကလေးတွေကဥစ္စာစောင့်တွေ့ဖူးပြီဆိုပြီး ... ကိုအော်ပြီးပြေးသွားကြတာ..အဲ့ဒီမှာ ကျုပ်တို့ပါပါပြီး ဇရပ်မှာလူ... များသွားတာပေါ့.."

"ပြောစရာပဲလေ..မိန်းကလေးကလှလိုက်တာမှ ဆံပင်... ကောင်းမှကောင်း.."

"ဟဲ့..တိုးတိုးပြော၊ အဲ့ဒါ သုံးလွန်းတောင်ကယောသူဌေးကြီး... သမီး.."

"ဟုတ်လား..မသိဘူးလေ.."

စကားသံတွေက ကျယ်ကျယ်တချို့ တိုးတိုးတချို့ထွက်လာ... ကာ ကြားရသည့်ကိုယ့်သမီးလေးရဲ့ဂုဏ်သတင်းကို ကြားရလေ... နာလေ။ ဒီလောက်ချွေရည်ပန်းစက်လေးလို ယုယပျိုးထောင်ခဲ့ရ... သင်းကလေးမိုက်လုံးကြီးပါဘိ.. ၊

ဘုန်းကြီးကျောင်းသားနဲ့ချစ်ရည်မျှပြီး ဘဝကိုဘယ်လို... ထောင်ကြမလဲ။ မိန်းမတစ်ယောက် မိသားစုတစ်စုရဲ့ဘဝကို ... မှုပေးနိုင်ဖို့နေနေသာသာ သူ့ဘဝသူတောင် ဘယ်ခြေပြီးညာခြေလှ... ဖို့ အင်အားမရှိတဲ့သူ.. ၊

"အခု ဘယ်လိုလုပ်ကြမတုံးကိုသြ.."

"သခင့်ဆန္ဒအတိုင်းဆုံးဖြတ်ပါ..သူတို့ဘယ်ကိုဦးတည်သွား... တယ်ဆိုတာ သိနေပြီဆိုတော့ နောက်ပြန်လှည့်ရင်လည်း.."

သူတို့တိုင်ပင်နေကြသည့်အချိန်မှာ ဆရာတော်ကြီးနဲ့ဦးသူ... က ရွာထဲဝင်သွားကြသည်။ ဘုန်းကြီးမို့ဘုန်းကြီးကျောင်းသွား... တအောင့်တစ်ဖြုတ်နားဖို့ပဲဖြစ်လိမ့်မည်။ သူဌေးကြီးကတော့ နား... စိတ်မကူးပါ။ ထို့ပြင် ဆရာတော့်ရည်ရွယ်ချက်ကိုလည်း သိချင်စိ...



...နေခဲ့လျက်.. ၊

"ဆရာတော်က ဒီရွာထိလိုက်လာပြီး ဘာလုပ်တာများလဲ..တွေး... ...ည့်စမ်းကိုသြ.."

"သူလည်း ချမ်းညအတွက်စိတ်ပူလို့ပဲဖြစ်မှာပါသခင်..ဆရာ... ...က ကျောင်းကခွေးနဲ့တခြားခွေးနဲ့ကိုက်ရင်တောင် ကိုယ့်ခွေးနိုင်... ...ကျိုက်တာ သခင်လည်းသိပါတယ်.."

ပိုသိတာပေါ့လို့တော့ မပြောဖြစ်လိုက်ပါ။ ဆရာတော့်ကို ဟို... ...ရင်က ကိုယ့်သူငယ်ချင်းဆိုတဲ့မျက်လုံးနဲ့လည်း သူမကြည့်ခဲ့ပေ။ ...ကြောင့် ဆရာတော်လည်း ကိုယ့်လိုပဲသီးခြားစီမြင်စေချင်သည်။ ...ကိစ်ရေးရာကိစ္စတွေအတွက် လူတွေပင်ပန်းနေသလို ဆရာတော့် ...ကို မဖြစ်စေချင်ပေ.. ၊

"ဒါဖြင့်ရင် ကျုပ်တို့ဆက်သွားကြတာပေါ့..ကသစ်ကုန်းဘက် ...ကို သွားတယ်ဆိုတော့ အဲ့ဒီဘက်ကိုသိပ်တော့ မသွားခဲ့ဖူးဘူး၊ ဒါ... ...မယ့် သွားလာရင်းမိုးချုပ်သွားရင် ရောက်တဲ့ရွာမှာပဲ ပြောဆိုပြီး ...ညတလေတည်းလိုက်တာပေါ့.."

"ကောင်းပါတယ်..ကျွန်တော့်အထင်ပြောရရင် ကတော်ကြီး ...ပြောသလိုပဲဖြစ်မှာပါ၊ မင်းသမီးလေးခက်ခဲနေတဲ့အခြေအနေမှာ ချမ်း...ကကူညီနေတာ ဖြစ်ပါလိမ့်မယ်..ဘာဖြစ်လို့လဲဆိုတော့ မင်းသမီး...လေးကမိုက်မဲမယ့် မိန်းကလေးမဟုတ်ပါဘူး၊ အိမ်ထောင်ရေးဆိုတာ ...ကို မလိုလားတဲ့စိတ်က ကြီးမားနေလို့သာ ရုတ်တရက်ဆင်ခြင်မဲ့ဖြစ်...သွားတာပါ.."

လူယုံကြီးဦးသြဘာစကားကြောင့် သူဌေးကြီးခေါင်းညိတ်ကာ ...အားတက်သွားခဲ့သည်။ ထို့ကြောင့် နေညိုချိန်ကိုမှန်းဆမိသည်နှင့် ...ရွာက ထွက်ဖို့ချက်ချင်းပြင်တော့သည်။ တောင်ညိုတောင်ကနေထွက် ...သည်နှင့် ထင်းခုတ်သမားတစ်ယောက်ကို မေးကြည့်လျှင်.. ၊

"ကသစ်ကုန်းကဒီကနေသွားရင် ကွမ်းတစ်ရာညက်လောက် ...လျှောက်ရဦးမှာ.."

"ကွမ်းတစ်ရာညက်ဆိုတော့ ကွမ်းဝါးကြပုံချင်းမှမတူဘဲ..."

ခရီးမမှန်းတတ်သလို ဦးသြကတွက်နေလျှင် သူဌေးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါ၍.. ၊

"ပိုပြီးတွက်ကြည့်လိုက်တာပေါ့..ဖြစ်ပါတယ်၊ ဟိုရောက် တောင် မိုးချုပ်ဦးမှာမဟုတ်ဘူး..သွားမယ်ကိုညြ.."

"နွားလှည်းနဲ့သွားမလားသခင်..သခင်ခရီးပမ်းမှာစိုးလို့ပါ"

"မလိုပါဘူး..ခရီးကြန့်ကြာပါတယ်၊ ကျုပ်ဘာမှမဖြစ်ပါဘူး"

ထင်းခုတ်သမားကလည်း ဓားမရှည်ကို နောက်ခါးကြား ထည့်နေရင်း ရယ်ကာ.. ၊

"ဒီခရီးလောက်လေးကို ဦးလေးကလည်းဗျာ..စောနတုန်း ဘုန်းကြီးတစ်ပါးနဲ့သူတော်တို့တောင် ခြေလျှင်ကြွသွားကြတာပါ ဟင်.. ၊

အားတက်သရောလှမ်းလိုက်သည့်ခြေလှမ်းက တုံ့ခနဲဖြစ်သွား သည်။ ဦးညြနဲ့မျက်လုံးချင်းဆုံမိတော့ ထင်းခုတ်သမားက ထင်း ကြီးကို ပခုံးပေါ်ကောက်ထမ်းပြီး ထွက်သွားပြီဖြစ်၏။

"ကျုပ်တို့ဆရာတော်ကိုပြောသွားတာလား"

"ဒါပဲရှိမှာပါ..ဆရာတော်ကြီးက သခင်လိုက်လာတယ်ဆို စိတ်ပူပြီး ထွက်လိုက်လာတာထင်တယ်.."

"မဟုတ်လောက်ဘူး..သူတို့ကျုပ်တို့ရှေ့ကနေ ထွက်လာကြ သေချာတယ်၊ ဘာဖြစ်လို့လို့ထင်လဲ.."

စကားပြောနေရင်း တောလမ်းကိုဆက်ထွက်လာခဲ့ကြသ ဆရာတော်ဘာကြောင့်ထွက်လာသည်ဖြစ်စေ တစ်ခရီးတည်းသွ ပြီဆိုရင်တော့ ရည်ရွယ်ချက်ချင်းလည်း တူနေမှာပင်.. ၊

ဒါမှမဟုတ် ချမ်းညကိုသူတို့ဘာလုပ်မယ်ထင်လို့လဲ..။ ဒီ လိုက်လာခြင်းအားဖြင့် ဆရာတော်တစ်ပါးအနေနဲ့ ဘာလုပ်နိုင်မှ လဲ..။ ဘာပဲဖြစ်ဖြစ် ချမ်းညအတွက်ဆရာတော်ရတက်မအေးနိုင် နေတာကိုတော့ သိရပြီဖြစ်၏။ ထို့ကြောင့် ဆရာတော်ကြီးနဲ့သူ ကြီးတို့ သူ့ဘက်ကိုယ့်ဘက်ငြင်းခုံရဖွယ်တွေရှိလာပြီဖြစ်ကာ.. ၊

"ခက်တော့တာပဲ..ဆရာတော်နဲ့တော့.."

သူဌေးကြီးခပ်တိုးတိုးညည်း၏။ မျက်နှာကတော့ အလွန် ရှုံ့မဲ့နေခဲ့ပြီး.. ၊



"ရွာမှာဆရာတော်မရှိ ကျုပ်တို့မရှိနဲ့..ခက်ပါ့.."

"ဟုတ်တယ်..ချမ်းညကလည်း အပြင်ရောက်နေသေးတယ်.."

"ဘာရယ်ကိုညြ.."

"ခြော်..ဘာရယ်မဟုတ်ပါဘူး၊ ဒီကလေးက ဉာဏ်ကောင်း ယ်..ရှုတ်တရက်အခက်အခဲဖြစ်လာရင် ရှန်းထွက်တတ်တယ်၊ သူ့ မှ.."

"ဒီလိုလူကို ဘာကြောင့်အားကိုးတကြီးထည့်ပြောနေရတာတုံး.. ပြပါဘိခင်ဗျားမှာ.."

စိတ်တိုသွားတာ သေးသေးလေးမဟုတ်။ ဦးညြကလည်း ပျာ လဲရှင်းပြရင်း မျက်နှာပျက်ပျက်နှင့်.. ၊

"ဆရာတော်ကြီးကိုပြောရင်း သတိရသွားလို့ပါသခင်..တခြား ကြောင့်မဟုတ်ပါဘူး.."

"ဒီကလေးမှာဘယ်လိုအရင်းအချင်းတွေပဲရှိနေနေ ဒါကြောင့် ဖက်နေတာလို့ပဲ ကျုပ်မြင်တယ်..သမီးနဲ့ဘယ်လိုပုံစံပတ်သက် ဖြစ်ဖြစ် နောက်ထပ်ဆိုတာ လုံးဝမရှိစေရဘူး.."

ဦးညြဘာမှမပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။ ဒါပေမယ့် လူအနေနဲ့ကတော့ မိဘလိုရင်ပူလောင်မြိုက်နေတာမဟုတ်သည့် တွက် နားလည်နေသည်။ ဆန်းကြယ်သည့်ဖူးစာရေစက်ကိုက ရှားစွာလွှဲဖယ်တွေ့ဆုံပေးခဲ့ပြီမို့ ဒီလူငယ်နှစ်ယောက်ကို ဘယ်လို ကာ ကွဲကွာစေနိုင်မှာလဲ.. ၊

ကိုယ့်အရှင်သခင် စိတ်ဆင်းရဲပူပန်နေရသည့်အဖြစ်ကို မြင် ပြီးမမြင်ရက်ပါ။ ဒါပေမယ့်လည်း မတတ်နိုင်။ နေဝန်းနီသည် ကျက်ဘက်တောတောင်ညို့ညို့ဆီ ငိုက်ဆင်းလျက် စွမ်းအင်ရှိသ ကို ထုတ်လွှတ်ပေးဆပ်နေဆဲရှိလေသည်။

သို့သော် ကမ္ဘာမြေကိုတစ်နေ့တာအတွက် နှုတ်ဆက်လက်ပြဖို့ ပြင်ဆင်နေပြီဖြစ်သည်။ ကွမ်းတစ်ရာညက်ဆိုသည့် ခရီးအကွာအ ကို နေအတော်စောင်းမှ ရောက်ကြသည်။ ထို့ပြင် ကသစ်ကုန်း သည် လှည်းလမ်း၏ညာဘက်မှာရှိနေကာ လမ်းနှင့်တစ်မိုင်ခန့် ဝေးနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာထဲကိုဝင်ဖို့ လမ်းကနေဘေးလမ်းလေးကို ဖဲ့ဆင်း... အတော်လျှောက်လာကာမှ.. ၊

"ဗျို့..ဆရာကြီးတို့၊ ဟေး.."

နောက်ကနေ လှမ်းအော်ခေါ်သံနှင့်အတူ ပြေးလိုက်လာကာ..၊

"ဘယ်ကိုသွားမှာတုံး..ခင်ဗျားတို့ကိုထင်တယ်၊ ခုနင့်ကဆရာ တော်ကြီးနဲ့ဖိုးသူတော်လာရှာသေးတယ်.."

"ဟင်..အခု ရွာထဲမှာလား.."

ဦးသြဘာကမေးလိုက်တော့ အသက်လေးဆယ်ခန့်လူကြီး... ကြိုးခွေကိုင်ထားသည့်လက်ကိုပင့်၍ မေးဖျားကချွေးတို့ကို ပွတ်သု... လိုက်ရင်း.. ၊

"ကျုပ်လည်းခုတင်ပဲ အင်းထဲကတက်လာတာဗျ..သူတို့ရွာထဲ ဝင်မဝင်တော့မသိဘူး၊ ဒေ့သည်နှစ်ယောက်ဒီရောက်နေသလား... မေးသံကြားလိုက်တာ.."

"ကြာပြီလား.."

"သိပ်မကြာသေးပါဘူး..နောက်ပြီး သူတို့မှာ.."

ထိုသူဘာပြောချင်သည်မသိသေးခင် သူဌေးကြီးလှည့်ထွက် သွားသဖြင့် ဦးသြဘာလည်း မီအောင်လိုက်ခဲ့ရသည်။ အားနာစိတ် နှင့် ထိုသူကိုလက်ပြလိုက်တော့ အံ့သြနေသည့်မျက်လုံးတွေနဲ့ဆုံ၏၊ ဦးသြလည်း သူဌေးကြီးကိုအံ့သြနေတာပဲဖြစ်သည်။

သမီးအတွက်ရတက်မအေးဖွယ်ဖြစ်လာကာမှ တစ်ခါမှမမြင် ဘူးခဲ့သည့် စိုးရိမ်ပူပန်ဟာခတ်ခြင်းကို သူဌေးကြီးမှာမြင်လိုက်ရသည်၊ ပြောရမည်ဆိုလျှင် ကတော်ကြီးထက်ပင် ပို၍စိတ်လှုပ်ရှားပူပန်နေ ခဲ့၏။ ချမ်းညအပေါ်မှာ ဒီလောက်ထိစိတ်ပျက်နေခဲ့မှန်းလည်း မှု ပဲသိရတော့သည်။ ကလေးတွေကိုများ ခုနေတွေ့လိုက်လျှင် ဘာလုပ် မည်ဆိုတာမသိ.. ၊

"သခင်မိုးချုပ်တော့မှာနော်..ရှေ့ခရီးကို နည်းနည်းစုံစမ်းကြည့် သင့်တယ်ထင်တယ်.."

"ဘာလိုဦးမှာတုံး..ဆရာတော်ကြီးတောင် မနားဘဲသွားတာကို ကျုပ်ကနားစရာလား.."



ဦးသြဘာသတိပေးနေတာကို ဂရုမစိုက်မိခဲ့ပေ။ ခရီးကရှေ့တစ် ...ကိုပြီး နည်းနည်းချင်းစီတိုးလာခဲ့ရင်း လမ်းလည်းမဆုံး ရွာလည်း ...ွေ့.. ၊

"မိုးချုပ်နေပြီ..ပတ်ဝန်းကျင်တစ်ခေါ်လောက်မှာ လူနေအိမ်ခြေ ...လည်းမပေါ်ပါလား.."

တောလမ်းကကျဉ်းလာသည်။ လှည်းလမ်းလောက်မကြမ်း ...လည်း ဘေးနှစ်ဖက်က တောတန်းကပိုအုပ်လာသည်။ ဒါမှမ ...ဟက် မိုးချုပ်လို့ပိုမှောင်လာတာလား.. ၊

"ကိုသြ..ကျုပ်တို့ဘယ်ကိုရောက်လာတာတုံး.."

"ကျွန်တော်လည်းမသိဘူးသခင်.."

"ကျုပ်က တစ်နေရာမှာတော့ ဆရာတော်ကြီးတို့နဲ့ဆုံမှာပဲထင် ..."

"ကျွန်တော်ကတော့ မထင်ခဲ့ဘူး.."

"ဟင်.."

"ဆရာတော်ကြီးက စိတ်မြန်ကိုယ်မြန်ရယ်..ကျန်းမာရေးက ...ည်းကောင်း စိတ်ကလည်းမြန်ပါဘိ၊ နောက်ပြီး ကျွန်တော်တို့ရှေ့ ...ထွက်သွားတဲ့အချိန်ဘယ်လောက်စောသလဲဆိုတာလည်း အတိ ...ကျမသိဘူးလေ.."

"ဟုတ်ပါပြီ..ဒါဖြင့် ကြိုးလေးတို့ဘယ်မှာရှိနေတယ်ဆိုတာ ဆ ...ရာတော်ကြီးက သေချာသိနေတာလား၊ ကျုပ်တို့ကတော့ ဘယ်ကြည့် ...ကြည့် ရှေ့မျှော်နောက်မျှော်နဲ့ သွားနေရတာလေ.."

နှစ်ယောက်သားအဖြေမပေါ်နိုင်တာတွေပဲ တွေးနေမိလျက် ...ည်းခိုနိုင်သည့်နေရာလည်း ရှာလို့မရ။ လက်နှိပ်ဓာတ်မီးလည်း ...ပါဘဲ မှောင်လာလေ လမ်းပျောက်နေလေ.. ၊

ထိုစဉ် မီးရောင်လေးလက်နေတာကို နှစ်ယောက်စလုံးလှမ်းမြင် ...လိုက်ကြလျှင်.. ၊

"ဟိုမှာ.."

"မီးရောင်တွေ့ပြီ.."

ပြိုင်တူပြောမိကြရင်း အမှောင်ကိုမှေကာ မီးရောင်ဆီ...ပြေးတ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသွားမိကြ၏။ တကယ်တော့ လမ်းဘေးသစ်ပင်တွေက တော
နေလောက်အောင် ထူနေတာမဟုတ်ပေ။ မီးရောင်နဲ့နီးသွားကာမှ
ကိုယ့်ပတ်ဝန်းကျင်ကို မြင်လာရတော့ လမ်းဘေးကိုဖဲ့ဆင်းလာသလို
ရှိပေမယ့် သစ်ပင်ခြုံပုတ်တချို့သာရှိနေလျက်.. ၊

"ဆရာတော်ကြီးတို့ပဲ.."

"ဟုတ်တယ်..တော်သေးတာပေါ့.."

ဆရာတော်ကြီးနဲ့ဦးသူတော်တို့က လယ်စောင့်တဲသာသာတဲ
လုံးကြီးထဲမှာရှိနေကြကာ သူတို့အပြင်ဘယ်သူမှရှိမနေကြပေ။ တဲ
ထဲမှာ မီးဖိုရှိနေကာ မီးဖိုထဲမှာထင်းခြောက်တွေထည့်မွှေးထားတာ
ဖြစ်၏။

ဦးသူတော်က မီးမွှေးပြီးတာနှင့် နေရာမှထလာကာ ဆရာတော်
ကြီးက ဝါးကွပ်ပျစ်ပေါ်မှာ ဆေးဘူးနှစ်ဘူးနှင့် ဗမာဆေးရွက်ကြီး
တွေ အလိပ်လိုက်ကိုအထုတ်ဖြေနေ၏။ ကြည့်ရတာရောက်လာတာ
နှင့် မီးမွှေးနေတာဖြစ်ပုံရှိလျက် ရောက်တာလည်းမကြာသေးသည့်
ပုံ.. ၊

"ရောက်လာကြပြီလား.."

"မှန်ပါ့..အရှင်ဘုရားတို့က တပည့်တော်တို့လာကြတာကို သိ
နေတာလားဘုရား.."

"သိဆို..မောင်မင်းတို့သွားမယ်ဆိုလို့ ကျုပ်ကထလိုက်လာရ
တာကိုး.."

ဟင်.. ၊

ကွပ်ပျစ်အစပ်မှာ ခပ်ရှို့ရှို့ဝင်ထိုင်ရင်း သူဌေးကြီးအတွက်တွေ
စရာ ချက်ချင်းရသွားလေသည်။ ဆရာတော်ကြီးက သူတို့ထင်ထား
တာထက်ပို၍ စိတ်ဆတ်မြန်ဆန်သည်လား..။

လောကီကိစ္စဘုန်းကြီးနဲ့မှမဆိုင်တာ ဘာကြောင့်စိတ်ရောကိုယ်
ပါ ပင်ပန်းခံနေပါသလဲ..။ ပြောပြန်ရင်လည်း ဟိုတစ်ချိန်က သီဟ
နဲ့ထည်ဝါဘဝပြန်ရောက်ဖို့ရှိကာ.. ၊

"အဟမ်း..တပည့်တော်က သမီးအရေးအတွက် ရတက်မအေး
လို့ လိုက်ခဲ့ရတာဘုရား.."



"ကျုပ်ကတော့ ကိုယ့်ကျောင်းသားအရေးဆိုပါတော့.."

"ကျောင်းသားက ဒီလိုလုပ်သွားမှဖြင့် ဒီအရေးကိစ္စက ကျောင်း
သက်ဆိုင်သေးလို့လားဘုရား.."

"မဆိုင်လည်းရ ဆိုင်လည်းရပေါ့.."

ဆရာတော်က ဗမာဆေးရွက်ကြီးကို ဆေးရွက်တွေသပ်ချ၍
ေးရိုးတွေထုတ်နေရင်း လှုပ်ရှားနေသည့်လက်နှစ်ဖက်ကို စုံချလိုက်
။ သူဌေးကြီးကိုကြည့်ကာ.. ၊

"ဆိုပါဦး..မောင်မင်းကရော ဘာအတွက်ရေမပါမီးမပါ ရေးကြီး
ခုတ်ပျာနဲ့လိုက်လာခဲ့တာတုံး.."

"တပည့်တော်က.."

ကိုယ့်ဒေါသနဲ့ကိုယ်ပေမယ့် ဒါဘယ်လိုမှပြောလို့မဖြစ်သည့်ကိ
။ ဆရာတော်ကိုညာဖို့လည်း မတတ်နိုင်။ ဖုံးဖိကာကွယ်ထားလို့
ပြီးသွားမယ့်ကိစ္စလည်းမဟုတ်.. ၊

သူဌေးကြီးအကြံအိုက်နေခဲ့လျက် ဆရာတော်ကလည်း ဆေး
ရွက်ကြီးတွေကိုပြန်ကိုင်ရင်း နားစွင့်နေ၏။ ဦးသူတော်နဲ့ဦးသြဘာ
တို့ မျက်လုံးချင်းဆုံကာ ပြိုင်တူမျက်နှာလွှဲကြ၏။ ဆရာတော်နဲ့သူ
ဌေးကြီးတို့အရင်တုန်းက သူငယ်ချင်းဆိုတဲ့အကြောင်း သူတို့လည်း
သိထားကြသည်ဖြစ်ရာ ခပ်မဆိတ်နေလိုက်ကြတာဖြစ်၏။

မီးဖိုမီးက အားကောင်းနေသည်။ သို့သော် မှိုုပျစ်သည့်ည၏
လေက ခပ်ကြမ်းကြမ်းသုတ်ဖြူးနေရာ မီးတောက်တို့၏အညွန့်ဖျား
တို့က ကခုန်နေသောမင်းသမီးလက်ချောင်းတို့ကဲ့သို့.. ၊

"သူတို့ချင်းမေတ္တာမျှနေကြတာ မဟုတ်ဘူးဘုရား.."

"မောင်မင်းကဘယ်လိုသိ.."

"အဲ.."

"အခုခိုးပြေးသွားကြပြီလို့ တစ်ရွာလုံးပြောနေတော့မယ်.."

"ဒါပေမယ့် ဟုတ်မှမဟုတ်တာဘုရား.."

"အေးပါ..ဒါကိုမောင်မင်းကဘယ်လိုသိတာတုံး.."

"ဖအေက မသိနိုင်ရင်တောင် မိခင်တစ်ယောက်ကတော့သူ့ရဲ့
သမီးကညာ အချိန်အခါအရွယ်ရောက်ပြီဆိုတည်းက အရိပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေရသူပါဘုရား.."

"စိတ်ပူနေပေမယ့် ပါသွားခဲ့ပြီမဟုတ်ဘူးလား..လူငယ်သ
မေတ္တာမျှကြတဲ့အရေးကို ကြိုတင်ကာကွယ်တဲ့နည်း မရှိဘူး၊ ဘယ်
အုတ်မြစ်ချတားလို့မှလည်း မရဘူး..ဒါလည်းမပြောင်းလဲတဲ့သ
တရားပဲ..မောင်မင်းနားလည်ပါတယ်လေ.."

"ဒါပေမယ့်ဘုရား.."

"ကိုယ့်လက်ပူမှပူမှန်းသိတာလား.."

သူဌေးကြီးမျက်နှာ ကွက်ခနဲပျက်၏။ ယိမ်းနွဲ့လှုပ်ရှားနေ
မီးရောင်ကမျက်နှာတစ်ခြမ်းကို ထင်ဟပ်ကာ နီသွားသလိုလို ညို
သလိုလို.. ၊

"ကျုပ်ကဒီလိုလည်း မပြောချင်ပါဘူး.."

"ပြောပြီးနေပြီပဲဘုရား.."

"မောင်မင်းနားမလည်လို့ ပြောရတာလေ.."

"တပည့်တော်နားမလည်တာလည်း သဘာဝပါပဲဘုရား..
သမီးအပူကို မိဘရင်ဘက်နဲ့ပဲ ခံစားနိုင်တာပါ၊ မိဘဖြစ်မှလည်
နားနိုင်မှာပါ.."

ဆရာတော်ကြီး မျက်ခုံးအစုံမြင့်တက်သွားသည်။ ထိုစဉ်
ကကြမ်းလာကာ မီးဖိုမီးတောက်သည်လည်း ပိုမိုယိမ်းထိုးလျက်
ပြားဝပ်သွားလိုက် ဟဲခနဲထောင်တက်လာလိုက်.. ၊

"အရှင်ဘုရားတောင်မှ တူသားနောင်မယ်တော်စပ်ရုံနဲ့
တော်ရှေ့ကရောက်အောင် ကြွလာခဲ့ရသေးတာ တပည့်တော်က
ရှင်ပါဘုရား.."

"ဘယ့်နှယ်ကိုယ့်အကြောင်းကိုယ်မပြောဘဲ မောင်မင်းက
ခိုက်နန်းခိုက်ပါလား.."

"မှန်ပါ့..မခိုက်ချင်ဘဲခိုက်ရတာပါဘုရား.."

"ဩော်..ဩော် ကျုပ်ကပြောမိသကိုး.."

"မဟုတ်ပါဘူးဘုရား..သားသမီးအပူနဲ့တော့ ဘယ်အပူမှ
တာကို လျှောက်တင်တာပါဘုရား.."

ဆရာတော်ကြီးက ခေါင်းညိတ်လိုက်ရင်း လွယ်အိတ်ထဲ



သီးဆုပ်အရွယ် တစ်မိုက်လောက်ရှည်သည့် သစ်တုံးတစ်တုံးကို
ယူကာ.. ၊

"သစ်ကိုင်းခြောက်မကောက်နဲ့တော့သူတော်..မိုးသံလေသံကြား
ပိုးကောင်မွှားကောင်တွေ ဗျာများတတ်တယ်၊ ဒါထည့်ထားလိုက်
.."

ပစ်ပေးလိုက်ပေမယ့် ကွပ်ပျစ်အစပ်ကိုပဲရောက်သည်ဖြစ်ရာ ဦး
ကကောက်ယူပြီး ဦးသူတော်ကိုကမ်းပေး၍.. ၊

"ရှားသားထင်းပဲ..ကောင်းလိုက်ပါဘိ.."

"ဟုတ်တယ်..တောင်ညိုတောင်ရွာကထည့်ပေးလိုက်တာ၊ ဒီ
ကို ခရီးဆက်မယ်ဆိုတော့ အချိန်လင့်ပြီဆိုပြီး သောက်ရေနဲ့မ
ရိက္ခာတက်ဆွမ်းအတွက် မုန့်ခြောက်လည်းပါသေး.."

"ဩော်..ဒီလိုသတိပေးလိုက်တာကိုး၊ အင်းပေါ့..ဆရာတော်သံ
တော်ဆိုတော့ ပူပန်ရှာတာ.."

"ခရီးထွက်လာတဲ့အကြောင်းအရင်းကို မမေးလိုက်ဘူးထင်ပါ
ဟုတ်လားဦးသူတော်.."

ဦးသူတော်အိုးတိုးအမ်းတမ်းဖြစ်သွားပြီး ဘာဖြေရမှန်းမသိ။ ဆ
တော်ကပြုံးကာ.. ၊

"မေးပြီလားသူဌေးကြီးရယ်..ကျုပ်ကျောင်းကကျောင်းသား
မလာလို့လို့ဖြေခဲ့တာပေါ့၊ ဒီလိုပဲဖြေဖို့ရှိတာလေ..ဆေးပင်အရှာ
ကဲ့ကိစ္စ ပျောက်ချင်းမလှပျောက်နေတာ မဟုတ်ပေဘူးလား.."

သူဌေးကြီး အသံတိတ်သွားသည်။

"နို့..မောင်မင်းတို့ကိုလည်း မေးလိုက်သေးလို့လား.."

မေးပြီး အဖြေကိုလည်းမစောင့်ဘဲ.. ၊

"အေးလေ..သမီးရှင်ဆိုတော့ ဖြေရခက်မှာပေါ့.."

"ဖြေရမခက်ပါဘူးဘုရား..ဒါပေမယ့် မေးလည်းမမေးပါဘူး၊
ကြိုးလေးက မိဘအပေါ်တစ်မျိုးအထင်ရောက်ပြီး စိတ်အခန့်မ
လို့ ထွက်သွားတာပါ.."

"ညဉ့်နက်နက်တောတိုးပြီးတော့.."

"အိမ်ကလူတွေမသိအောင် ထွက်ရတာကိုးဘုရား..ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆေးပင်ရှာထွက်လာတဲ့ ချမ်းညနဲ့ဆုံမိတာဖြစ်မှာပါ၊ သူတို့ ချင်းသိနေကြလို့သာ ခရီးလမ်းမှာအဖော်ရအောင် ခေါ်သွားခဲ့တာဖြစ် မှာပါ.."

"ဘယ်ကိုခေါ်သွားတာတုံး.."

ဒါကိုဖြေဖို့ ပါးစပ်ပြင်လည်းမဖြေနိုင်.. ၊

"တောင်ညိုတောင်မှာ မိုးလင်းမယ်..ဒါဆိုနှစ်ယောက်အတူ ခရီး ဆက်ဖို့လိုလို့လား.."

သူဌေးကြီးမျက်နှာတင်းမာသယောင် ရှိလာသော်လည်း ဘာမှ မဖြေနိုင်.. ၊

"မောင်မင်းစဉ်းစားလေ..ညကြီးမင်းကြီးအတူတူပျောက်သွား တာနဲ့ လူတွေဘာပြောကြမယ်ဆိုတာ မသိတဲ့အရွယ်လည်း မဟုတ် ဘူး..ညအချိန်ကြောင့် အဖော်ခေါ်သွားတာဆိုရင်လည်း မိုးလင်းရင် ဒီခရီးမဆုံးသင့်ဘူးလား၊ တကယ်ဆို ဒါမလုပ်သင့်ဆုံးကိစ္စ.."

"အရှင်ဘုရားက ကလေးနှစ်ယောက်ကို ထိမ်းမြားပေးစေချင် တာလားဘုရား.."

ဆရာတော်က သူဌေးကြီးကိုကြည့်သည်။

"ကျုပ်ကပေးစားချင်ပါတယ်ဆိုတော့ မောင်မင်းကပေးစားမှာ မို့လား.."

"ဒါဘယ်လိုမှ မဖြစ်သင့်တာပဲဘုရား.."

"အေး..ဒါကြောင့် မောင်မင်းရဲ့ဒေါသအမျက်တွေ ကိုယ့်သမီးကို မနိုင်တိုင်း ငါ့ကျောင်းသားပေါ်ကျမစိုးလို့ လိုက်ခဲ့ရတာ.."

ပြောရင်း ဆေးရိုးတွေစု၍အစည်းလေးလုပ်ကာ ဦးသူတော်ကို ပေးလိုက်ပြီး.. ၊

"အပေါ်က သစ်ကိုင်းအစိုလေးအုံပြီး ဒါတင်ထားလိုက်..ပြီးရင် နင်တက်လာခဲ့တော့.."

"တင်ပါ့.."

ပတ်ဝန်းကျင်သည် ကွင်းပြင်ကျယ်လား တောပေမယ့်တောက တုံးလားဆိုတာမသိ။ လေတစ်ချက်တစ်ချက်ဆောင့်တိုက်လာလျှင် ခေါင်မိုးပါလှုပ်ခါသွားတတ်လျက် မီးဖိုမီးသည်ရဲခနဲ ဟူးခနဲဖြစ်နေ



ရ၏။

ထိုစဉ် မိုးစက်တွေတဖြောက်ဖြောက်ကျလာသဖြင့် အားလုံးပဲ ခေါင်မိုးကို မော့ကြည့်မိကြ၏။ တဲသည် မိသားစုနေခဲ့ကြပုံပေါ် က ကွပ်ပျစ်ကိုအလယ်ကခြား၍ အခန်းကာထားခဲ့ပုံပေါ်သော နီး ပြုးတွေကလည်း ခေါင်မိုးဝါးတန်းမှာ ပြုတ်ပြတ်လက်စတွေနှင့် ရှိ နေသေးသည်။

သို့သော် လောလောဆယ်မှာတော့ အနားနှစ်ဖက်မှာ ရိုင်လိပ် တွေနဲ့ကာထားသော ဝါးသက်ကယ်မိုးထားသည့်တဲကြီးသည် အကာ ရဲ့တွေလည်း မခိုင့်တခိုင်နှင့် ခေါင်မိုးသည်လည်း.. ၊

"မိုးယိုနေပြီသခင်.."

"ဟုတ်တယ်..ခင်ဗျားဒီဘက်တိုးလိုက်.."

ကျောပေါ်ကိုရေပေါက်ကျလာတော့ ကျောကော့၍ နေရာနည်း နည်းရွှေ့လိုက်သည်။ ခေါင်မိုးရဲ့အနားစပ်ပိုင်းတွေမှာ ကြက်မတစ်ဝပ် လောက် ဟောင်းလောင်းပေါက်တွေလည်းရှိကာ သူဌေးကြီးတို့ ထိုင်သည့်ဘက်ခြမ်းမှာပဲ အပေါက်အပြဲတွေဖြစ်နေခဲ့ပြီး.. ၊

"သခင်ဒီဘက်ရွှေ့လိုက်ပါ.."

"ခင်ဗျားထပ်တိုးရင် မိုးပေါက်မှန်မှာပေါ့.."

"ဖြစ်ပါတယ်..လွတ်အောင်ထိုင်ပါ့မယ် တိုးပါ.."

သူဌေးကြီးက ဦးသြဘာကိုပြောနေပေမယ့် ဆရာတော့်ကိုပဲ လှမ်းကြည့်၏။ သံဃာတော်ဂုဏ်ရောင်နှင့် ဘေးကင်းနေသလား ကွမသိ။ ဆရာတော်နဲ့ဦးသူတော်တို့က အေးဆေးစွာရှိနေကြပြီး မှတို့ကို လှမ်းလည်းမကြည့်။ ရှိသည်လို့တောင် ထင်ပုံမရ.. ၊

မိုးကပိုသည်းလာသည်။ အပြင်မှာမိုးရွာသလို အထဲမှာလည်း ရွာလာ၏။ သူဌေးကြီးနဲ့ဦးသြဘာတို့ ဘယ်လိုမှမနေနိုင်တော့ဘဲ ရာတော့်ဆီက ခေါ်ယူနေရာပေးမှုကိုလည်း မစောင့်နိုင်တော့ပေ..။

"ကိုသြလာဗျာ..ဒီမှာပဲစုနေရတော့မှာပဲ၊ အကျီအနားစပ်တွေစို နပြီ.."

ဦးသြကိုခေါ်ရင်း အနားကပ်ဖို့အတွက် အကြောင်းကြလိုက် ည်။ ကိုယ်ကသမီးကိုပြန်ခေါ်ဖို့လာတဲ့သူ။ ဆရာတော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ချမ်းညအတွက် ကာကွယ်မှာပါလို့ပြောခဲ့ပြီးပြီ။ ထို့ကြောင့် ဆ
တော်နဲ့သူ့အဖြစ်က ဒီနေရာမှာ နွေးထွေးစွာကူညီရိုင်းပင်းမှုတွေ
လာကြဖို့ မလွယ်သည်ဖြစ်ရာ.. ၊

"အရှင်ဘုရား.."

"ဘာတုံး.."

"မိုးစက်တွေဒီဘက်ထိရောက်လာလို့ပါ..နေရာလေး နည်းန
တိုးပေးပါဘုရား.."

ဆရာတော်ကြီးက စူပွပွမျက်နှာကြီးနှင့် လှည့်ကြည့်၏။ အ
သူတို့ဟာသူတို့ တိုးလာကြသည်။ ပြီးတော့ ထပ်တိုး၏။ နေရာ
ကာစက ခပ်ကွာကွာ။ တဖြည်းဖြည်းအသားချင်းထိအောင်တိုးပြီး
တိုးနေဆဲဖြစ်လျက်.. ။

"ဟဲ့..သူတော်.."

"ဘုရား.."

"ခုနင့်တုန်းက မိုးဒီလောက်မယိုပါဘူး.."

"တင်ပါ့ဘုရား..ကြာလာတော့ စိမ့်လာတာထင်ပါတယ်ဘု

"ဟုတ်ဟန်မတူပါဘူး.."

ဆရာတော်က ခေါင်းမိုးပေါ်မော့ကြည့်နေရင်း သူဌေးကြီးရဲ့
ကြိုဖားဖား လက်ပွပွကြီးတွေမှာ စိုရွှဲနေတာကို ပြန်ကြည့်ကာ.. ၊

"ဒီနေရာမှာ စိတ်ဆိုးစိတ်ညစ်တွေရှိနေလို့ သန့်စင်အောင်
ကြောတာများလား.."

သူဌေးကြီးမျက်နှာ ခပ်မဲ့မဲ့ဖြစ်သွားသည်။ ဆရာတော်ကြီး
ပြုံးတုံ့တုံ့နှင့် ခေါင်းညိတ်နေရင်း.. ၊

"တရားကျဖို့ကောင်းလိုက်ပါဘိတော့..ဟဲ ဟဲ ဟဲ.."

သူဌေးကြီးလည်း ဆရာတော်ပြောဆိုသမျှ ခေါင်းငုံ့ခံနေရ

"တပည့်တော်ကို ရေနည်းနည်းတိုက်ပါဘုရား.."

"ဟဲ့..သူတော်.."

"ဘုရား.."

"ရေမြန်မြန်တိုက်စမ်း..တော်ကြာ အဲ့ဒီမိုးပါ အပြင်ထွက်လာ
မိုးထဲရေထဲမီးထလောင်ဦးမယ်.."



ဦးသူတော် ရေတာကောင်းကနေ ရေငှဲ့ထည့်ရင်း ခပ်ကြိတ်ကြိတ်
ယ်၏။ ဦးညြဘာ သူဌေးကြီးကို အရင်အကဲခတ်သည်။ မီးဖိုမှာမီး
ချင်မရှိသလောက်ဖြစ်နေပြီမို့ မျက်နှာတွေကို သဲကွဲစွာမမြင်ရတော့
။ ထို့ကြောင့် မျက်နှာတစ်ဖက်လွှဲ၍ အသံတိတ်ရယ်သော်လည်း..

"ကိုညြ.."

"အဟီး..ဟွတ်..ဗျာ သခင်.."

"ဘာကြောင့်တဲကတုန်နေတာတုံး.."

"ဟား ဟား ဟား ဟား.."

ဦးညြအသံတိတ်သွားသော်လည်း ဆရာတော်ကြီးကခန့်ညား
ရယ်ချလိုက်လေသည်။

"တုံးပါဘိတော့ သူဌေးနှယ်.."

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

ကြည့်လိုက်တိုင်း ရုပ်အင်္ကျီကိုကော်လံထိကြယ်သီးအစုံတပ်၍ ခါးမှာပုဆိုးက ခပ်ပျော့ပျော့တင်လျက် ခြေဖျားမှာပုံ၏။ လမ်းသွား ပြီဆို ပုဆိုးစနှစ်ဖက်ကို'မ'၍ ခပ်လှုပ်လှုပ်နှစ်ဖက်က လမ်းလျှောက် တာကိုပဲ ပျင်းလှပါဘိလို့ ညည်းတွားလာတာမျိုး ကိုယ်ခန္ဓာက တဖြုတ်ဖြုတ်ပြုတ်ကျမတတ် လျှော့ချထား၏။

ခေါင်းမှာ ဆံပင်ပွနေတာတစ်ခါမှ မမြင်ဘူးခဲ့ပေ။ အုတ်ရိုက် ကွင်းထဲမှာလည်း အလုပ်လုပ်ဖို့လာတာ ဒီပုံစံမပျက်.. ၊

"ဘယ်မှာတုံး..ကျုပ်သမီး.."

"ထွက်လာမယ်ထင်တာပါပဲ.."

"ဘာ.."

သူဌေးကြီးပင်ပန်းနေသည့်အရှိန်နှင့် 'ဘာ'သံကမာထန်နေသည် ချမ်းညက ထန်းလက်ခုံမှာ မိန့်မိန့်ကြီးထိုင်နေသည့် ဆရာတော်မျ မှာ ဒူးတုပ်ဦးချလိုက်ရင်း သူဌေးကြီးဘက်ပြန်လှည့်ကာ.. ၊

"သူကြောက်နေတာထင်တယ်..ကျွန်တော်ကတော့.."

"ချမ်းည.."

"အမိန့်ရှိပါသူဌေးကြီး.."

"မင်းတို့ဘာလုပ်သွားကြတာလဲ..မင်းတို့သိတယ်နော်.."

"ကျွန်တော်က သည်းကိုးဖြာရာရင်း ထွက်လာတာပါ.."

သူဌေးကြီးမျက်နှာပျက်သွားသည်။ ဒီအဖြေကိုလိုချင်ပေမယ့် ချမ်းညကပြောတာမို့ စိတ်တိုသွားခဲ့သည်။ ထို့ပြင် မကျည်းတောရွာ သားတချို့အနားမှာရှိနေကြသဖြင့် မျက်နှာပူနေသည်။



တစ်ရွာတွေ့နိုးမျှော်ကိုးရင်း လယ်တဲကနေခရီးဆက်ခဲ့တာ ...က်ထပ်ရွာတစ်ရွာကျော်မှ မကျည်းတောမှာလာတွေ့၏။ အချိန် ...ည်း နေ့လည်မွန်းလွဲဖြစ်ကာ ခုချိန်ထိထမင်းရယ် ရေရယ်ကျန ... မစားမသောက်ရသေး.. ၊

ဒီကြားထဲကိုယ့်မိဘလိုက်လာသည်ဆိုပြီး မိဘခြေရင်းပြေး၍ ...တိုက်တောင်းပန်ရမည့်အစား သင်းလေးကထွက်တောင်မလာ.. ၊

"သူကတော့ ခြံနောက်ဘေးကထွက်ပြေးတာပါ..အဲ့မှာကျွန် ...က်နဲ့သူ.."

"ဟော့..တိတ်စမ်း.."

"ဟုတ်ကဲ့..မင်းသမီးက အဲ့အတိုင်းပြောပေးပါဆိုလို့ပါ.."

"ကိုညြ.."

"ဟုတ်ကဲ့..သခင်.."

"သွားခေါ်ချေ..ဒီအမိုက်မကို.."

"ဟော..ဟိုမှာမိန်းကလေးလာပါပြီ.."

ရွာလေးက ခပ်သေးသေး။ ဆင်းရဲကြသဖြင့် အိမ်တိုင်းမှာကိုင်း ...်တွေကိုသာ အိမ်မိုးတင်ထားရှာ၏။ အကြီးဆုံးအကျယ်ဆုံးအိမ်ဆို ...က သုံးလွှန်းတောင်ရွာက အိမ်တိုင်းမှာထားသည့် စပါးကျီလောက် ...ာင် ခိုင်မာသပ်ယပ်မှုမရှိပေ.. ၊

ကြိုးလေးက ဝါးထရံအစုတ်လေးကာထားသည့် တံခါးချပ်လေး ...ကို သူမဘာသာ'မ'ရွှေ့လိုက်ပြီး ခေါင်းလေးငုံ့ထွက်လာ၏။ ကျောက် ...းရောင်ဝတ်စုံလေးက နွမ်းကြေနေကာ ဆံပင်တွေကအုပ်ခဲ့နွဲ့နှောင်း ...ကျောထက်မှာ ဝေ့ဖြာနေ၏။

ဖြူဝင်းကြည်လင်နေတတ်သည့်မျက်နှာလေးက ခုကျတော့ နီ ...မြန်းနွမ်းလျနေခဲ့လျက်.. ၊

"ဖေကြီး.."

"အေး..ညည်း ငါ့ကိုအဖေမှန်းတော့ သိသေးတာဝမ်းသာတယ်၊ ...ခုချက်ချင်း ရွာကိုပြန်လိုက်ခဲ့တော့.."

"ဘာထူးတော့မှာလဲဖေကြီးရယ်.."

"ဘာ.."

www.burmeseclassic.com

www.burmeseclassic.com



ကြိုးလေးက ချမ်းညထိုင်နေသည့် မြေပြင်ထက်ကဝါးကွပ်…
ပေါ်မှာ ချမ်းညရဲ့ဘယ်ဘက်ကနေ ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်…

"သမီးမိုက်ခဲ့မိတာကို ခွင့်လွှတ်ပါဖေကြီးရယ်.."

"ခွင့်မလွှတ်ဘူး..ငါ့ကိုညည်းအဖေလို့ခေါ်ချင်သေးတယ်ဆို…
ခုပြန်လိုက်ခဲ့.."

ပြောပြီး ဆရာတော့်ကိုလှည့်ကြည့်ကာ.. ။

"အရှင်ဘုရား..ချမ်းညကိုအရှင်ဘုရား သူ့ဆွေမျိုးသားချင်း…
တဲ့ ရွာတစ်ရွာမှာသေချာအပ်နှံခဲ့ရင် အကောင်းဆုံးဖြစ်ပါလိမ့်မယ်…

"ဘယ်လိုကြောင့်တုံး.."

"ဒီလိုပြဿနာရှိခဲ့တဲ့ လူငယ်နှစ်ယောက်ကို တစ်ရွာတည်း…
အတူထပ်ထားဖို့ မဖြစ်နိုင်လို့ပါ.."

"ရော်..မောင်မင်းက ကျုပ်ကျောင်းသားကို နယ်နှင်ဒဏ်ပေး…
တာလား.."

"ဒီသဘောမထားပါနဲ့ဘုရား..အရှင်ဘုရားလည်း အရင်တုန်း…
သုံးလွန်းတောင်ရွာနဲ့ ယောအိမ်တော်အတွက်ဆို မိဘအုပ်ထိန်း…
ပဲ့ပြင်ထိန်းကျောင်းလာခဲ့တာပါ.."

"ဒါဖြင့် ချမ်းညကိုစွန့်ပစ်သင့်တာက သုံးလွန်းတောင်ရွာ…
ချစ်ခင်ကြောင်းပြဖို့အတွက်ပေါ့..."

"ဒီလိုတော့မဟုတ်ပါဘူး.."

"အတိအကျဟုတ်နေတာတစ်ခုလောက် ကျုပ်ကိုပြောစမ်းပါ…
ဘယ့်နှယ်မင်းသမီးက အကူအညီလိုတော့ခေါ်တယ်၊ ကူညီတဲ့သူ…
အပြစ်သားဖြစ်ရတယ်..မောင်မင်းကယောသခင်ကြီးတဲ့လား.."

သမီးစိတ်နဲ့စကားတွေ လွန်ကျူံမှားယွင်းကုန်ပေမယ့် သူဌေး…
က ဒေါသရိပ်တို့ရှိနေဆဲနှင့်.. ။

"ဘာပဲဖြစ်ဖြစ် ချမ်းညကရောက်လာတာ တစ်လလောက်…
သေးတာဘုရား.."

"တစ်ပတ်ပဲရှိရှိ သူကအလည်လာတာမဟုတ်ဘူး..ကျောင်းသ…
အဖြစ်နေဖို့လာတာလေ၊ ဘုန်းကြီးကျောင်းဆိုတာလည်း အယုတ်…
လတ် အမြတ်မရွေး ဘယ်သတ္တဝါမဆို နားခိုခွင့်ရှိတဲ့နေရာပါ..ချမ်…



…က ကျုပ်နဲ့ဆွေမျိုးတော်နေလို့မဟုတ်ဘူး၊ ဒီနေရာမှာ ဘယ်သူဖြစ်
… ကျုပ်ကအားနည်းတဲ့သူဘက်က ရပ်တည်မှာပဲ.."

"ဖေကြီး.."

သူဌေးကြီးနောက်ထပ်စကားမဆက်ရသေးမီ ကြိုးလေးမျက်နှာ
…ငုံ့ငုံ့နှင့်.. ။

"သမီးဖေကြီးနဲ့ပြန်မလိုက်ပါရစေနဲ့.."

"ဟင်..ဘယ်လိုသမီး.."

သူဌေးကြီးတအံ့တဩနှင့် ကိုယ့်သမီးကိုမမြင်ဘူးခဲ့သလို ကြည့်
…ကြ.. ။

"ဘယ်လိုပြောလိုက်တယ်ကြိုးလေး.."

"ဟို..သမီး သမီးတို့က.."

ကြိုးလေးဘယ်လိုပင် အားယူကြိုးစားသော်ငြား ပြောလို့မထွက်
…ရှိကာ ဒီတိုင်းအေးဆေးစွာထိုင်နေသည့် ချမ်းညကိုလှည့်ကြည့်၏။
…က်ဝန်းတို့သည် တောင်းပန်တာနဲ့တူကာ စိတ်မရှည်ပုံလည်းပေါ်နေ
…ဖြင့် ချမ်းညမျက်ခုံးတန်းတွေ ခပ်ပင့်ပင့်တက်သွားပြီး.. ။

"အဲ..ဒီလိုပါသူဌေးကြီး.."

"ဟော့..မင်းပြောတာကျုပ်မကြားချင်ဘူး.."

"မကြားချင်ပေမယ့် နားနဲ့မနာဖဝါးနဲ့နာပါခင်ဗျာ..အဟမ်း.. အ
…မ်း.."

စကားပြောပြီဆို ချောင်းဟန့်တတ်တာက ပြောရခက်သည့်စ
…ားအတွက် အရှိန်ယူရတာမျိုးဖြစ်တတ်၏။ ချမ်းညကတော့ ပြော
…က်တာ ဘာညာရှိနေမည့်ပုံစံလည်းမဖြစ်ဘဲ ချောင်းဟန့်လိုက် အ
…ကော်လံကိုင်လိုက်နှင့် မျက်နှာသည်လည်း တည်မှာလိုလို ပြုံးမှာ
…လို.. ။

သေချာတာက ရှိုးတိုးရှန့်တန့်ဖြစ်နေတာ လုံးဝမဟုတ်ခြင်းပင်..

"ကျွန်တော်တို့က ဟိုလိုဒီလိုစိတ်ကူးတွေနဲ့ ထွက်ခဲ့ကြတာမ
…က်ပေမယ့် အခု ဟိုလိုဒီလိုတွေဖြစ်.."

"ဟိတ်ကောင်..တိတ်.."

သူဌေးကြီးရှက်မျက်နှာကြီး ရဲရဲနီလျက် ချမ်းညကိုထ…တော့

www.burmeseclassic.com

www.burmeseclassic.com



မလို ဆတ်ခနဲထရပ်လေသည်။ ကြိုးလေးမျက်လုံးလေးဝိုင်း ချမ်းညလက်မောင်းကို အလန့်တကြားဖက်ထားလိုက်၏။ လည်း အံ့အားသင့်နေကြကာ ဆရာတော်ကနေရာမှ ထရပ်လိုက်

"ဒေါ်သမောဟဆိုတာ ဆင်ခြင်တုံတရားမဲ့စေတယ်သူ့ဌေး လူငယ်တွေက အပြောအဆိုမတတ်ရင်တောင်.."

"ဒီလိုတော့ မသိကျိုးနွံမပြုပါနဲ့ဘုရား..ချမ်းညအကြောင်း တော်ကပိုသိမှာပါ၊ သင်းက အပြောမတတ်တာမဟုတ်ဘူး..မ သလိုလုပ်နေတာ မသိတာလည်းမဟုတ်ဘူး..အားလုံးသိတယ်.."

"မောင်မင်းကိုယ်တိုင်က အဲ့လိုမျက်လုံးနဲ့ကြည့်နေတာ ဖြစ်နိုင်ဘူးလား.."

"အရှင်ဘုရားကလည်း တပည့်တော်ကိုအဲ့ဒီလိုကြည့်နေ ဟုတ်ဘူးလားဘုရား..ဘာပဲဖြစ်ဖြစ် ချမ်းညနဲ့တပည့်တော်တို့ကိ ဘုန်းဘုန်းက ကျောသားရင်သားခွဲနေတာပါ.."

စွပ်စွပ်စွဲစွဲပါလား.. ၊

ဆရာတော်က လက်နှစ်ဖက်နောက်ပစ်ဆုပ်လိုက်ပြီး မျက်မှ ကုတ်၍ ခဏငြိမ်နေ၏။ ပြီးမှ တိတ်ဆိတ်စွာရပ်ကြည့်နေကြ ရွာသားတချို့ကို မျက်လုံးဝေ့လိုက်ပြီး သူဌေးကြီးဘက်လှည့်၍

"မောင်မင်းက အပြောဦးသွားတော့ ကျုပ်ဘယ်လိုပြောရမှ သိတော့ဘူး.."

ဟုအစချီ၍ ခပ်ပြုံးပြုံးနှင့်.. ၊

"ရွာသားတွေအပေါ်မှာ ရင်ဝယ်သားလိုညီနှိုင်းဆုံးဖြတ်ပေး ခဲ့တဲ့ သူဌေးကြီးက ဒီနေ့မင်းသမီးရဲ့ဖခင်ကောင်းဖြစ်သွားတော့"

"ဘာမှမပြောင်းလဲဘူးဘုရား..အရှင်ဘုရားပဲ မျှမျှတတ ပေးပါ၊ သူကိုယ်တိုင်တောင် ဘုန်းကြီးကျောင်းမှာနေရတဲ့ယောက် တစ်ယောက်က မိသားစုတာဝန်ဘယ်လိုယူမှာတုံးဘုရား.."

"အဲ့ဒါကစောပါသေးတယ်..ခုချိန်ထိ သူတို့ချင်းဘယ်သူ တွက်မှ တာဝန်မယူရသေးပါဘူး.."

သူဌေးကြီးထောင်းခနဲဖြစ်သွားသည်။ ခုပဲမခွဲနိုင်မခွာရက် ဖြစ်နေကြပြီကို စောပါသေးတယ်ဆိုတာ ဘာတုံး.. ၊



သမီးရှင်တစ်ယောက်ရဲ့ရင်ထဲကို ရဟန်းတစ်ပါးအနေနဲ့ ဘယ် ားလည်နိုင်မှာလဲ..။ လူဝတ်ကြောင်ကိုစွန့်ပြီး သာသနာ့ဘောင် နေကာမှ ဘာကြောင့်လူတွေရဲ့ဖြစ်ရိုးဖြစ်စဉ်တွေထဲ ဝင်ပါနေရတာ .. ၊

ဆရာတော့်ကို ဒေါသထွက်တာမဟုတ်ပါ။ ကိုယ့်ဘက်ကစိတ် ဖွယ်အခြေအနေကို စိတ်ပျက်နေအတိုင်းပြောခွင့်မရ။ ဒေါသ ်နေတာကို ဒေါသအလျှောက်ပြောတိုင်း ကဲ့ရယ်နေသည်။

"ကျုပ်ကမောင်မင်းရဲ့ဒေါသဆင်ရိုင်းကို ချွန်းအုပ်ထိန်းပေးရုံ င်ပါ..ကိုင်း မောင်မင်းတို့သားအဖပဲ ပြောဆိုကြည့်ပါဦး.."

"ဟုတ်ပါတယ်ခင်ဗျာ..ကျွန်တော်ပြောချင်တာကလည်း စကား ုံးသေးလို့ မဖွယ်ရာသလိုဖြစ်သွားတာပါ၊ ပြောချင်တာက မရည် ခဲ့ပေမယ့် အခုဟိုလိုဒီလိုတွေထင်စရာဖြစ်နေပြီဆိုတော့.."

"ဘယ်လိုထင်စရာတွေဖြစ်ဖြစ်ပေ့..မင်းနဲ့တော့လုံးဝသဘောမ ဘူး.."

"ကျွန်တော်ကဖြစ်ပါတယ်ခင်ဗျာ.."

ကြည့်စမ်း.. ၊

"ကျွန်တော်ပြောနေရတာလည်း မင်းသမီးရဲ့ဂုဏ်သိက္ခာအ ်ပါ..ပြီးတော့ သူပဲဒီတိုင်းပြောပေးဖို့ တောင်းဆိုထားလို့ပါ.."

ပြောရင်း မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေသည့်ကြိုးလေးကို ကြည့်လိုက်ကာ.. ၊

"ခင်ဗျားကြားတဲ့အတိုင်းပဲနော်..ကျုပ်တတ်နိုင်တာဒါပဲ၊ ပြန် ်ဖို့ မလိုက်ဖို့ကို ခင်ဗျားပဲဆုံးဖြတ်ရမှာ.."

သူဌေးကြီးအံကြိတ်ထားရင်း သမီးမျက်နှာကိုစိုက်ကြည့်နေခဲ့ ။ ခဏကြာတဲ့အထိ ကြိုးလေးမဆုံးဖြတ်နိုင်ဖြစ်နေတာသိလျှင်..၊

"ကောင်းပြီ..ညည်းကိုယောအိမ်တော်က စွန့်လွှတ်လိုက်ပြီမြပု ်ကြိုး.."

"ဖေကြီး.."

ကြိုးလေးဒီလိုစကားကြားရလိမ့်မည်လို့ ထင်မှတ်ခဲ့ပုံမပေါ်။ နေရာမှထရပ်ဖို့ ကမန်းကတန်းကြိုးစားလျှင် ခြေဖဝါးစောင်း လမ်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်များထားသော အပူလောင်နာတွေက နာကျင်သွား...
ညွတ်ခနဲယိမ်းယိုင်သွား၏။

"ပြန်မယ်ကိုသြ..ကျုပ်မှာသမီးမရှိခဲ့ဘူးလို့ပဲ သတ်မှတ်လို...
သင်း ယောအိမ်တော်ရဲ့အရိပ်ကိုတောင် မနင်းစေနဲ့၊ ရှေ့က...
ဖြတ်မလျှောက်ရဘူး..သွားမယ်.."

အရာရာသည် အငိုလွယ်အရှိုက်ခက်နေခဲ့လျက်.. ၊

☺

အခန်း(၃၂)

"ကိုချမ်း.."

"ဟင်.."

"ရှင်ဘယ်လိုမှာနတွေနဲ့ ငြင်းလိုက်တာလဲဟင်.."

"ဘာကိုတုံး.."

"ဘဘသြကပိုက်ဆံပေးတာကို မယူချင်ဘူးဆိုပြီးလေ.."

"ဘာလုပ်ဖို့တုံးမင်းသမီးရယ်..ခင်ဗျားတို့အိမ်တော်က အလိုလို
...မှ ကျုပ်ကိုအထင်မြင်သေးနေကြတာ.."

အထင်သေးမခံချင်သည့်လူက သံပြားတစ်ပြားကိုသစ်သားပြား
...းတစ်ခုပေါ်တင်ပြီး ထုနေတာတစ်နေ့လည်လုံး။ မနက်ပိုင်းက
...ည်း ကလေးတွေမြူးထောင်တော့လိုက်သွားသေးသည်။ ဘာတစ်
...မှ ဖင်ကျအောင်အလုပ်မလုပ်ဘဲ လူအထင်သေးတာလည်း မခံချင်..

ကြိုးလေးစိတ်ညစ်လက်ညစ်ထိုင်နေမိရင်း ကိုယ့်ဘာသာဘာ
...ုပ်ရမလဲပဲ စဉ်းစားရတော့သည်။ မနေ့ကဖေကြီးတို့ပြန်သွားကြ
...နှင့် 'ငါတို့ဒီမှာမနေဘူး'ဆိုပြီး နောက်ထပ်ခရီးဆက်ခဲ့သည်။

လကုန်းရွာနဲ့သဲတောရွာနှစ်ရွာက ဆက်လက်ရှိနေကာ လကုန်း
...က ပြည့်စုံကြပုံပေါ်လျက် သဲတောရွာက အိမ်ခြေပိုများပြီး ဆင်းရဲ
...သိသာ၏။ ဒါကို သဲတောရွာမှာအခြေချဖို့သင့်သည်ဟု သူပဲဆုံး
...ဖြတ်၏။ ကြိုးလေးနဲ့သူ နေရေးထိုင်ရေးအတွက်ရော စားရေးသောက်
...ရေးအတွက်ရော ဘာမှမတိုင်ပင်မိကြဘဲ သူဘာလုပ်နေလဲ ငါဘာ
...ုပ်ရမလဲဆိုပြီး တိတ်ဆိတ်စွာနေခဲ့မိကြ၏။

ရှက်နေတာလားဆိုတော့လည်း မဟုတ်။ ဘယ်လိုခံစားချက်မှ

www.burmeseclassic.com

www.burmeseclassic.com



မရှိတာလားလို့မေးရင်လည်း မဟုတ်ပေ။ ဒါပေမယ့်ပြန်တွေးကြ
တော့ ချမ်းညနဲ့သူမဘယ်လိုပတ်သက်ခဲ့ကြတာလဲဆိုရင် အဖြေ
ရှိ။ ဒါကိုအဖြေရှာကြဖို့ ပြောမိကြပြီဆိုရင်လည်း သူမကပဲ စ
လမ်းကြောင်းတွေလွှဲပစ်မိကာ သူ့အကြည့်တွေကိုရှောင်ပုန်းနေ
၏။

ထိုအခါ ပြောသင့်သည့်အကြောင်းအရာတွေကို မပြောဖြစ်
ဘဲ ကိုယ်ကသူ့ကိုပြောရင်လည်း ဘယ်လိုအနေအထားနဲ့ပြောရမှ
မသိ။ သူကပြောလာရင်လည်း ဘယ်လိုနားနဲ့လက်ခံရမယ်ဆို
မခွဲခြားနိုင်.. ၊

လောလောဆယ်ပြောဖို့လိုလာတာက နှစ်ယောက်ဘ
ထောင်ကြတော့မည်ဆိုလျှင် စားရေးနေရေးအတွက် ဘယ်လိုလု
ကိုင်ရှာဖွေကြမလဲဆိုတာပင်။ ဒါပေမယ့် ပြောဖို့သည်.. ၊

"မင်းသမီး.."

"ဟင်.."

အတွေးထဲမှာနစ်မျောနေတုန်း ရုတ်တရက်ခေါ်လိုက်တော့ လ
သွားသည်။ ချမ်းညက တူတစ်ချောင်းကိုင်လျက် နေရာမှထလိုက်
"ချောင်းရိုးမှာလမ်းလျှောက်ရအောင်.."

"ချောင်းရိုးဆိုတာ သစ်ပင်ခြုံနွယ်တွေနဲ့လား.."

"လာပါ..လိုက်ခဲ့ပါ.."

"အဲ့ဒီတူကြီးက ဘာလုပ်ဖို့လဲ.."

"ကိုင်စရာမရှိလို့ ကိုင်လာတာ.."

ပြောလိုက်တိုင်းလည်း စကားကအမြီးအမောက်တည့်တာမရှိ
ဘယ်ကိုသွားသွား သူ့လက်ထဲမှာ တုတ် ဓားတစ်ခုခုပါသွားတတ်က
ကိုယ့်ကိုယ်ကိုမလုံခြုံလို့ လက်နက်ကိုင်တာမျိုးလည်း မဟုတ်ပေ
သူဓားကိုင်ထားလျှင် ဓားနဲ့တစ်ခုခုသုံးဖို့ကိစ္စနှင့်ကြုံသလို တုတ်ကို
ထားလျှင် တုတ်ပါလာလို့အဆင်ပြေသွားတာမျိုး ဖြစ်တတ်ခဲ့၏။

ကိုင်လာလို့အဆင်ပြေတာလား..။ အဆင်မပြေစရာကြုံမှာကို
တွေးပူတတ်တာပဲလား.. ၊

ချမ်းညရဲ့ရာဇဝင်အရတော့ တွေးတောပူပန်တာမျိုး မရှိခဲ့ဘူ



သည်။

"ကျွန်တော်ဒီရွာရောက်တည်းက အနံ့အစနံ့ကြည့်ထားပြီးသား
များဘာမှမဖြစ်စေရဘူး..လိုက်ခဲ့.."

သူထပ်ပြောမှ ကိုယ့်ပုံစံဘယ်လိုဖြစ်နေသလဲဆိုတာ ပြန်ကြည့်
။

"ခင်ဗျားကျွန်တော့်ကို အားကိုးမိတာမှားပြီလားလို့ တွေးနေ
လား.."

ဟင်.. ၊

သူမတိတ်ဆိတ်နေသမျှ ထင်စရာတွေနောက်ထပ်ဖြစ်လာမှာကို
မိလိုက်ကာ.. ၊

"မှားလားလို့မတွေးမိပါဘူး..မှားပြီလို့အော်မိမှာကိုတော့ စိုးရိမ်
ယ်၊ ရှင့်ကိုနားလည်ဖို့မကြိုးစားဘဲနဲ့ ဒီအခြေအနေမျိုးဖြစ်လာ
ဖန်တီးမိတာကကျွန်မပဲ..ကျွန်မသတ္တိနည်းမိမှာပဲစိုးတာ.."

ချမ်းညကလှည့်ကြည့်သည်။ မျက်လုံးချင်းဆုံမိသည်နှင့် ကြိုး
မျက်နှာလွှဲလိုက်မိသည်။ ရွာလေးသည်လမ်းကကြမ်းသလို သစ်
ကြီးတွေလည်း သိပ်မများသောကြောင့် အနည်းငယ်ပူချင်သည်။
နေရာမှာ ကျင်းချိုင့်ကြီးဖြစ်နေသဖြင့် လမ်းကသစ်ပင်ခြုံတွေပေါ်
တက်နင်းဖြတ်ကပ်သွားရလျှင်.. ၊

"လာ..ဒီဘက်တိုး.."

"ရပါတယ်.."

"ရမနေနဲ့..ခင်ဗျားလက်မောင်းတွေ သစ်ကိုင်းနဲ့ခြစ်မိမှာ.."

"ဟေး..ကိုလူချော ဘယ်ကိုသွားမလို့တုံး.."

"ချောင်းစပ်ကိုအဘရေ.."

နွားလှည်းက ရွာထဲကိုတခြားလမ်းကနေဝင်နေတာဖြစ်ကာ
ည်းပေါ်က လူကြီးကသွားကြီးအဖြီးသားနှင့် လက်ပြနေကာ.. ၊

"လယ်ထဲကဖြတ်တာမဟုတ်ဘူးလူချောလေးရာ..အဲ့ဒီလမ်းက
ယ်တောထက်ကြမ်းတယ်ဟ.."

ရွာသားတွေက 'လူချောလေး' 'မင်းသမီးလေး'လို့ပဲ ခေါ်ကြ
ကို့ကို ဘယ်လိုဘာသာတွေ မေးမြန်းစပ်စုကြတာလည်း ရှိ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရွာသားတွေက ကျွန်မကို မင်းသမီးတို့ခေါ်နေကြတာ ကြားလို့မကောင်းပါဘူး..အဲ့ဒါရှင့်ကြောင့်.."

"ဘာဆိုင်လို့လဲ..ခင်ဗျားတစ်သက်လုံး သူများတွေဒီတိုင်းခေါ်လာတာပဲ.."

"တစ်သက်လုံးပေမယ့်လည်း အဲ့လိုခေါ်တာကို ကျေနပ်နေတာမှမဟုတ်ဘဲ.."

"ခေါ်တဲ့လူတွေကလည်း ခင်ဗျားကျေနပ်နေတယ်ထင်ပြီး ခေါ်နေတာမဟုတ်ဘူးလေ..လုပ်မနေစမ်းပါနဲ့၊ လူဆိုတာ အကျိုးမရှိတဲ့အတွေးတွေနဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို မဖြုန်းရဘူး.."

"ခုချိန်မှာအကျိုးရှိမယ့်အတွေးတွေ ဘယ်လိုလုပ်တွေးနိုင်မှာလဲ..ရှင်နဲ့ကျွန်မ.."

လွှတ်ခနဲပြောမိပြီးမှ ရှေ့မဆက်တော့ ချမ်းညကလှည့်ကြည့်ပြီး မချိုမချဉ်ပြုံး၏။ ပြီးတော့ ကက်သီးကက်သပ်လျှောက်နေသည့်သူမလက်လေးကို လှမ်းဆွဲ၍.. ၊

"ရှေ့ကသွား.."

သူ့ကိုယ်ကိုယို့ပြီး နောက်ဆုတ်ပေးကာ လမ်းကောင်းသည့်ဘက်က ခပ်ဖြည်းဖြည်းသွားနေရင်း.. ၊

"ဆက်ပြောလေ..ခင်ဗျားနဲ့ကျွန်တော်.."

"ဘာပြောရမှန်းလည်းမသိတော့ဘူး..ဒါပေမယ့်.."

"ကျွန်တော်တို့ရွာထဲက လူကြီးတွေကိုပဲ ထမင်းကျွေးပြီးဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်တယ်လေ..ဒီနေ့ကစပြီး လင်မယားတော်သွားကြပြီ.."

"အမေ့ရေ.."

"ကြိုးလေး.."

သူမခြေချော်သွားသည်နှင့် ချိုင့်ကြီးထဲမကျအောင် ချမ်းညက လှမ်းဆွဲလိုက်သည်။ ကြိုးလေးရဲ့ကျောပြင်လေး ချမ်းညရဲ့ရင်ခွင်ထဲမှာ နောက်ပြန်မှီလျက်လေးကပ်သွားခဲ့ပြီး.. ၊

"ဘာဖြစ်တာတုံး..လင်မယားတော်သွားပြီဆိုလို့ လက်တုန်ခြေတုန်ဖြစ်သွားတာလား.."



"အို..ဘာလို့တုန်ရမှာလဲ.."

ကြိုးလေးသူ့ကိုတွန်းဖယ်လိုက်ပြီး ထမီလေးတစ်ဖက်'မ'၍ အပြေးတပိုင်းလျှောက်သွား၏။ ချမ်းညကရယ်နေရင်း နောက်ကလိုက်သွားကာ.. ၊

"ဖြည်းဖြည်းလျှောက်ပါဗျာ..ခြေမခိုင်လက်မခိုင်ချော်ချက်လဲရင်လှမ်းဆွဲလို့ရအောင်.."

"ဒီမှာ.."

"အင်း..ပြော.."

တမာပင်ရိပ်မှာ ကြိုးလေးကသူနဲ့မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်ကာ.. ၊

"ရှင်ကျွန်မကို မင်းသမီးလို့ဆက်ခေါ်နေဦးမှာလား.."

"ခင်ဗျားက.."

"ခုနကတော့ ကြိုးလေးလို့ရှင်ခေါ်လိုက်ပါတယ်.."

"ဟုတ်လား..မသိလိုက်ဘူး.."

"သိသိမသိသိ မင်းသမီးလို့ခေါ်တာပြင်လိုက်စမ်းပါ..ရှင့်ကိုကျတော့ ကိုချမ်းလို့ခေါ်ရတယ်.."

"ဟုတ်တော့ဟုတ်ပေမယ့် ကိုချမ်းလို့ကျွန်တော်က မခေါ်ခိုင်းပါနဲ့ ခင်ဗျားကိုယ့်စိတ်ကူးနဲ့ကိုယ်ခေါ်တာ အဆင်ပြေတယ်..ကျွန်တော်ကကျတော့.."

"ရှင့်မှာတော့ စိတ်ကူးမရှိဘူးပေါ့.."

မျက်လုံးချင်းဆုံတော့ ချမ်းညကရယ်သည်။ ပြီးတော့ ဆံပင်တစ်ချက်သပ်လိုက်ရင်း တမာပင်ကိုအဓိပ္ပာယ်မဲ့မော့ကြည့်နေကာ..

"ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး.."

"ပြောမနေနဲ့တော့.."

ကြိုးလေးစိတ်တိုသွားသည်။

"ဟုတ်ပါတယ်..ကျွန်မကတော့ စိတ်ကူးယဉ်နေတာလေ၊ ရှင်နဲ့ကွာနေရင် ဘယ်လိုခေါ်မယ်ဘာညာ.."

"တကယ်လား.."

ပြန်ပြောတော့ ပြုံးတူးပြဲတဲနှင့်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါများစောတည်းက ဖွင့်ပြောတာမဟုတ်ဘူးမင်းသမီးရယ်.. နှစ်ယောက်ညှိလိုက်ရင် ပြီးသွားမှာကို.."

"ကြည့်စမ်း..ရှင် ရှင်နော်.."

ကြိုးလေးပါးပြင်လေးတွေ နီရဲနေလျက် ချမ်းညကိုလက်ချော ဆုပ်လေးတွေနှင့် လိုက်ထုတော့သည်။ ချမ်းညရယ်ချင်ပတ်ကျိုးမျက် နှာနှင့် ခင်တည်တည် ကြောင်တောင်တောင်လုပ်နေသေးသည်။ ပြီး တော့မှ ကြိုးလေးရဲ့လက်သီးဆုပ်လေးတွေကို ဖမ်းကိုင်ထားလိုက် ရင်း တဟားဟားရယ်ကာ.. ၊

"အဟုတ်ပြောတာပါ..မောင်ရေပဲခေါ်ခေါ်၊ အစ်ကို ကိုကို..တ ဖြစ်ဖြစ် ဒါစိတ်ဆိုးစရာမှမဟုတ်တာ.."

"ရှင်နော်..ရှင် အခုတော်တော့.."

ကြိုးလေးသူ့ကိုအော်ပြီး လှည့်ထွက်သွားလျှင် ချမ်းညကလက် ကို ပြန်ဆွဲထားလိုက်ပြီး.. ၊

"မင်းသမီး.."

"ရှင် ခေါ်ပြန်ပြီ.."

"အဲ့လိုပဲခေါ်ချင်တယ်ဗျာ..ဒါကစိမ်းသလိုလို အမွှန်းတင်သလို လိုဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့ တန်ဖိုးတစ်ခုပဲ.."

လက်ကိုပြန်ရုန်းနေရင်း ကြိုးလေးနဲ့သူမျက်လုံးချင်းဆုံသွား သည်။ ချမ်းညက ကြိုးလေးရဲ့လက်ဖဝါးလေးကို သူ့လက်နှစ်ဖက် ထဲမှာ ထွေးဆုပ်ထားရင်း ပိုနီးအောင်ရွေ့တိုးလိုက်ပြီး.. ၊

"ရာဇဝင်ထဲကလိုပဲ မဟုတ်ဘူးလား..ကျွန်တော်ယောအိမ်တော် ကြီးကိုမြင်ရတော့ ရာဇဝင်ထဲကိုပြန်ရောက်သွားသလိုပဲ၊ ယောအိမ် တော်က မင်းသမီးလေးကိုတွေ့တော့ ကိုယ့်ကိုယ်ကိုတောင် မေ့သွား ခဲ့တယ်..တကယ်တော့ ခင်ဗျားကပင်တိုင်စံထိပ်ထားလေးပါ၊ ကျွန် တော်ကတော့ ဘာမှကိုမရှိတဲ့အညတြ.."

ကြိုးလေးဘာမှမပြောနိုင်။ မျက်နှာလေးလည်းမော့မလာတော့ ဘဲ ငုံ့သွားလိုက် လွှဲဖယ်မလို ဟိုလှည့်ဒီလှည့်ဖြစ်သွားလိုက်နှင့်.. ၊

"ဒါပေမယ့် ခုလိုတွေဖြစ်ရတာ ကျွန်မကြောင့်ပါ..ရှင့်စိတ်ထဲမှာ ဘာမှ.."



"ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိဘူးလို့ ဘာဖြစ်လို့ထင်ရတာ လဲ.."

ကြိုးလေးမရဲတရဲမော့ကြည့်သည်။ ချမ်းညက သူမနဲ့မျက်လုံး ချင်းဆုံအောင် စောင့်နေပြီးမှ.. ၊

"တုံးခုပြီးလှမ်းလို့လည်းမီမှာမဟုတ်..တံခြူနဲ့ချူဖို့လည်း အင် အားမရှိတော့ ဒီလိုပဲအပူရုပ်ကို ဟန်လုပ်ပြုံးနေရတာပေါ့..ယောအိမ် တော်ထဲကို အကြောင်းအမျိုးမျိုးနဲ့ ဝင်ထွက်နေရတာ ဘာကြောင့်မို့ လို့လဲ.."

ကြိုးလေးကပြုံးလိုက်ပြီး မျက်လွှာချပစ်လျှင် သူမမေးဖျားလေး ကို မော့ယူလိုက်ကာ.. ၊

"ကျွန်တော်အခု မင်းသမီးကိုပိုင်ဆိုင်ခွင့်ရှိပြီထင်တယ်.."

ကြိုးလေးက သူ့ကိုမျက်လွှာပင့်ကြည့်နေရင်း.. ၊

"ရှင်ချူယူစရာမလိုအောင် ကျွန်မကရှင့်ရင်ခွင်ထဲ ခုန်ချခဲ့တာ လေ.."

"ဒါပေမယ့် ခင်ဗျားကျွန်တော့်နောက်လိုက်ဖို့ ထွက်လာတာမှ မဟုတ်တာ.."

"ရှင်လည်း ကျွန်မကိုလာခိုးတာမှမဟုတ်ဘဲ.."

"ခိုးယူပါရစေဆိုရင် ခင်ဗျားကခေါင်းညိတ်မှာမို့လို့လား.."

ကြိုးလေးက မျက်နှာလွှဲလိုက်ရင်း ပြုံးကာ.. ၊

"ရှင်အဲ့လိုမှမပြောခဲ့ဘူးတော့ မသိဘူး.."

"အဟွန်း.."

ချမ်းညက ကြိုးလေးရဲ့ပခုံးလေးကို မချင့်မရဲဖိဆုပ်လိုက်ရင်း ရယ်သည်။ ဇွေစောင်းနေသောနေရောင်ခြည်သည် တမာပင်ရဲ့တစ် ဖက်ကနေ ရှက်မျက်နှာလေးကို မီးမောင်းထိုးပြနေသလိုပင်.. ၊

မျက်တောင်ကော့ကော့ နှုတ်ခမ်းလွှာမပွင့်တပွင့်နှင့် သူမလေးရဲ့ ပါးပြင်မို့မို့လေးတွေကို ငေးကြည့်ရင်း ချမ်းညရင်ခုန်သံတွေ မြန်လာ သည်။ ညှင်းသွဲ့သွဲ့လေပြည်မှာ သစ်ရွက်ခြောက်လေးတစ်စ ကြိုး လေးရဲ့ပခုံးပေါ်မှာ ညင်သာစွာခုန်ဆင်းလာ၏။

ထို့ပြင်သစ်ရွာမှာကပ်ပါလာသည့် ပိုးအိမ်လေးထဲကမှ အစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပိုးကောင်လေးတစ်ယောက်ထွက်လာပြီး ကြိုးလေးရဲ့လည်တို နနုဆီတရွရွဆင်းသွားလေသည်။ သစ်ရွက်ကို ချမ်းညလက်နဲ့ လိုက်သော်လည်း ပိုးကောင်လေးက လည်တိုင်ပေါ်တက်သွားရ ကျန်ရစ်၏။

ကြိုးလေးတရွရွထိတွေ့မှုကို ခံစားမိလိုက်ကာ ခါချပစ်ဖို့လက် လှမ်းလိုက်လျှင် သူမလက်လေးကို ချမ်းညကဖမ်းကိုင်ထားလိုက်ပြီ

"အကျီထဲကျသွားလိမ့်မယ်.."

ဟုပြော၍ ပိုးကောင်လေးကို လက်ချောင်းကွေးနှင့်အသာ တောက်ထုတ်လိုက်၏။ သို့သော် ဖြူဝင်းနုရဲနေသာ သူမရဲ့ဂုတ်သား လေးမှာ ရှုန်လျော့သည်။

"အာ..ဘာလုပ်တာလဲ၊ ဟင့်အင်း..ဖယ်.."

"မဖယ်နဲ့တဲ့.."

"ဘာ.."

"အတင်းနမ်းခိုင်းနေတာ.."

"ရှင်နော်.."

ကြိုးလေးပခုံးလေးကျုံ့ထားမိသော်လည်း သူ့အနမ်းနှင့်ထိက လိုက်ချိန်တွင် သတိလစ်မတတ်ကျင်ခဲတုန်ယင်သွားခဲ့ပြီး.. ၊

အချစ်နဲ့ဘဝ ထပ်တူညီပါရစေ..လို့.. ၊

☺

အခန်း(၃၃)

"သူတော်လားဟေ့.."

"မှန်ပါ့ဘုရား.."

"ကျက်သရေဆောင် နောက်ခြမ်းပြင်နေတာ ပြီးသွားကြပြီ လား.."

ဦးသူတော် မျက်နှာမသာမယာနှင့် တက်လာပြီး ဆရာတော့်ရှေ့ မှာ ဒူးတုတ်ထိုင်လိုက်ရင်း.. ၊

"မြင်နေကျအတိုင်းပဲဘုရား..အုတ်အလျှင်မမီလို့ ဘာမှလုပ်မရ တော့တာနဲ့ အလုပ်သမားတွေပြန်သွားကြပြီဘုရား.."

"အင်း.."

နေ့လည်ခင်းတစ်ရေးလောက် ကျိန်းလိုက်မိသည်။ နိုးလာတော့ ကြားရသည့်အကြောင်းက စိတ်မချမ်းမြေ့ဖွယ်ပါလား။ အုတ်ရေကျ လာသလောက်တွက်ပြီးမှ တစ်ဆောင်ပြီးတစ်ဆောင် ဆောက်ခဲ့ရင် တော်သေးသည်။ အဆောင်ကိုးဆောင်ကို သေချာအကျအန တည် ဆောက်ချင်သည်။

ကျောင်းမှာရှိသည့် ကျက်သရေဆောင်ကိုလည်း တိုးချဲ့ဆောက် လုပ်ချင်သေးသည်။ အုတ်မြစ်ချတည်းကအင်္ဂတေတွေနဲ့မလုပ်ဘဲ ပစ်ဝါးနဲ့သာ ဆောက်ဖို့ပြောတော့လည်း မဟုတ်။ ခုတော့ လူကမ နိုင်။ အလုပ်ကမပြီး။ ရည်မှန်းထားသည့်အချိန်မှာ ပြီးဖို့ကလွယ်မ လား.. ၊

ပြီးပြီးမပြီးပြီး အလှူပွဲကိုလုပ်တော့မည်ဆိုဦးတော့ သစ်ဝါးနဲ့ သာမြန်ဆောက်ဖို့ကလည်း အင်္ဂတေအုတ်မြစ်ချပြီးလက်စရှိနေ့ အ

www.burmeseclassic.com

www.burmeseclassic.com



ဆင်မပြေနိုင်တော့ပေ.. ၊

"နောက်ပြီး သူဌေးကြီးလည်း သိပ်မကျန်းမာဘူးလို့ ပြော
ကြားတယ်ဘုရား.."

ဆရာတော်ကြီးစိတ်ညစ်နေတာ သိပေမယ့် မသိသေးတာ
တော့ လျှောက်တင်ရမှာပဲမို့.. ၊

"ကတော်ကြီးလည်း နလံထရော သူဌေးကြီးကလဲပြန်ရော
ကွင်းထဲမှာ သေချာဖိဖိစီးစီးမရှိကြတာလည်း ပါမယ်ထင်တယ်ဘု
ရား.."

"သေချာတာပေါ့.."

စိတ်မသက်သာသည့်အတိုင်း ကရုဏာဒေါသတွေလည်း ဖြစ်
မိကာ ဗီရိုထဖွင့်၍ ဒူးကုတ်တစ်ထည်ယူရင်း ပခုံးပေါ်တင်လိုက်၍..

"အမှန်က ကတော်ကြီးလဲကတည်းက သူလဲချင်နေတာ..သမီး
တစ်ကောင် နွားတစ်ထောင်တဲ့၊ ဒါလောက်မှ တရားမရှိဘူးလား..
သမီးခိုးရာလိုက်တာနဲ့ပဲ.."

"တပည့်တော် ဘာမှမဖြစ်ဘူးဘုရား.."

နောက်က သူဌေးကြီးအသံကြားလိုက်သည်နှင့် ဆရာတော့်လှုပ်
ရှားမှုတစ်ချက်ရပ်သွားသည်။ ပြီးမှ ဗီရိုကိုပြန်ပိတ်လိုက်ပြီး အေး
ဆေးပုံစံနှင့် လှည့်လာကာ.. ၊

"ကြည့်တော့လည်း အကောင်းကြီးပါလား.."

သူဌေးကြီးက ရှေ့မှာထိုင်ပြီးဝတ်ချပြီးဖြစ်ကာ ဒေါ်ရတနာလို
က လှူဖွယ်ပစ္စည်းကို ကပ္ပိယလက်ထဲထည့်၍ တစ်ခုခုမှာနေဆဲမို့
လှေကားထိပ်မှာပဲရှိနေသေး၏။

"တပည့်တော်ကမလဲပါဘူး..သမီးမိုက်တာကို မိုက်တဲ့အတိုင်း
ပစ်ထားလိုက်ရုံပါပဲ၊ အရှင်ဘုရားသာ.."

ဟော.. ၊

ဒီစကားဒီမှာပဲရပ်သွားပေမယ့် ဘာကိုဆက်ချင်တာလဲ.. ၊

"ဘာတုံး..မောင်မင်းရဲ့အရှင်ဘုရားသာဆိုတာက.."

"အရှင်ဘုရားက ချမ်းညကိုထောက်ပံ့ဖို့ ဦးသူတော်နဲ့လွှတ်တဲ့
ကိစ္စ.."



ဆရာတော့်မျက်နှာ ခပ်လွှဲလွှဲဖြစ်သွားသည်။ သို့သော် ပြန်လှည့်
ပြီး သူဌေးကြီးကိုမေးဆတ်၍.. ၊

"အဲ့ဒီကိစ္စ မောင်မင်းကဘယ်လိုလုပ်သိတာတုံး.."

"ဦးသူတော်နဲ့ ကိုညြတွေ့ခဲ့တာပဲဘုရား.."

"ဟုတ်လား.."

ဆရာတော်ကခေါင်းညိတ်ပြီး ပြုံးနေသဖြင့် သူဌေးကြီးမလုံမလဲ
ဖြစ်သွားကာ မျက်နှာကြီးလည်းနီလျက်.. ၊

"ကိုညြက..ကိုညြကို လှိုင်ကခိုင်းလိုက်တာ..တပည့်တော်မပါ
ပါ.."

"သိတော့သိတယ်ထင်ပါ့.."

နောက်ထပ်မျက်နှာကြီး နီရဲသွားပြန်ကာ.. ၊

"အရှင်ဘုရားက တပည့်တော်ကို ကဲ့ရယ်နေလို့ လျှောက်တင်
ရတာပါ..တပည့်တော်အိပ်ရာထဲ လဲနေတာမဟုတ်ပါဘူး၊ သမီးဖြစ်
သူအတွက် ဗျာများနေတဲ့ဇနီးသည်ကို တားလည်းမတားချင် နှစ်
သိမ့်လည်းမနှစ်သက်နိုင်တာကြောင့် ကိုယ့်ဘာသာကော်ရာလွှဲနေခဲ့တာ
ပါ.."

"ဟုတ်ပါပြီ..မောင်မင်းတို့လည်း ဒီကလေးတွကို ဒုက္ခရောက်မှာ
စိုးတယ်၊ ကျုပ်ကလည်း.."

"တပည့်တော်တို့စိုးရိမ်တာက အိမ်တော်ကနေ တစ်ခါမှမခွာခဲ့
ဖူးတဲ့ သမီးအတွက်ပါ..မိဘအရိပ်မှာ နေမထိမြေမထိနေလာခဲ့ပြီး
လက်တွဲဖော်ရွေးတော့.."

"ဘုန်းကြီးကျောင်းသားတော့ ဘာဖြစ်သွားနိုင်လို့တုံးသူဌေးကြီး
ရဲ့..သူတောင်းစားနဲ့ဘုရင့်သမီးတော်တောင် ညားခဲ့ဖူးပါတယ်၊ ချစ်
ကြမြတ်နိုးတယ်..ပေါင်းဖက်ကြတယ် ကွဲကွာကြတယ်..ဒါတွေက ကံ
ကြောင်းတရားတွေပါ.."

"တပည့်တော်ကို တရားမပြပါနဲ့ဘုရား.."

"တရားမပြလို့ ကျုပ်မှာပြစရာ ဘာရှိလို့တုံး.."

လုပ်ပြီ..ဒီဆရာတော်တော့.. ၊

"မောင်မင်းက ဘုန်းကြီးကျောင်းကိုလာပြီး တရားမပြဖို့ပြော

www.burmeseclassic.com

www.burmeseclassic.com



နေတယ်.."

"အဲ့ဒါလာပြောတာ မဟုတ်ပါဘူး..အရှင်ဘုရားရဲ့ကျောင်းသ[illegible] ဘယ်လိုစိတ်ကူးကြံစည်နေတယ်ဆိုတာ လာလျှောက်တင်တာပါ.."

"ဟော.."

ဆရာတော်က အံ့ဩသွားသလို မျက်မှောင်ကုတ်၏။ ထို[illegible] ဒေါ်ရတနာလှိုင်လည်း သူဌေးကြီးဘေးမှာ ဝင်ထိုင်လိုက်ပြီး ဆရာ တော့်ကိုဝတ်ပြု၍.. ।

"တပည့်တော်ကတော့ နားလည်ပါတယ်ဘုရား..ချမ်းညပြော တာ မှန်မှန်မှားမှား နှစ်ဦးနှစ်ဖက်မပြေလည်တဲ့အချိန်မှာ ခြေသံပြ[illegible] ပြင်းနင်းလျှောက်သွားရင်တောင် ငါ့ကိုခြေဆောင့်သွားတာလို့ ထ[illegible] တာမို့လား.."

"ငါကထင်တာတွေ ပြောနေတာမဟုတ်ဘူးလှိုင်..သိနေတာ[illegible] ပြောတာ.."

"အဟမ်း.."

ကိုယ့်ရှေ့မှာ လင်မယားအချေအတင်တွေ ပြောလာကြသဖြ[illegible] ဆရာတော်က ချောင်းဟန့်လိုက်ရင်း တားဆီး၍.. ।

"သိတာကိုပဲပြောပါစေဒကာမကြီး..ပြောပါ၊ ချမ်းညက ဘ[illegible] တွေကြံစည်နေလို့တုံး.."

ဆရာတော်မေးမှ သူဌေးကြီးကဇနီးသည်ကိုကြည့်နေရင်းက[illegible] ဒီဘက်ပြန်လှည့်၍ လက်အုပ်ချီရင်း.. ।

"တပည့်တော်တို့ငွေကြေးထောက်ပံ့တော့ လူသေးသေးစကာ[illegible] လုံးကြီးကြီးနဲ့ ငြင်းလွှတ်လိုက်တယ်..အရှင်ဘုရားကထောက်ပံ့တော[illegible] လက်ခံထားပြီး.."

"အင်း..အဲ့ဒါကိုမောင်မင်းကမကျေနပ်တာလား.."

"မဟုတ်ပေါင်ဘုရား..ဦးသူတော်ကို သူဘာပြောလွှတ်လိုက်သ[illegible] လဲ အရှင်ဘုရားသိပြီးဖြစ်မှာပါ.."

ထိုစဉ် ဦးသူတော်ကမန်းကတန်းအနားမှာ လာထိုင်ပြီး လက[illegible] အုပ်ချီ၍.. ।

"ဆရာတော်မသိသေးပါဘူး..ကျုပ်ဘယ်သူ့ကိုမှလည်း မပြေ[illegible]



[illegible]ပါဘူး၊ အဲ့ဒါ အဲ့ဒါသူဌေးကြီးနားထဲ ဘယ်လိုရောက်သလဲဆိုတာ.."

"ဘယ်လိုရောက်သလဲ နင်စဉ်းစားကြည့်ဖို့မလိုဘူး..မြန်မြန် [illegible]ပြာစမ်း၊ ချမ်းညဘာပြောလိုက်တာတုံး.."

သူဌေးကြီးမျက်နှာက မှုန်ကုတ်တင်းမာနေကာ ဦးသူတော်က [illegible]ကားတွေမှားပြီး ထစ်ငေါ့နေ၏။

"တပည့်ဟော်ပိုက်ဆံပေးတာကို ယူလိုက်တယ်ဘုရား.."

"အင်း..ပြီးတော့.."

"အဲ့ဒီငွေကို သူဌေးကြီးဆီကရရင် ပြန်ဆပ်မယ်တဲ့.."

"ဘယ်လို..ဘယ်လို.."

"မသိတော့ပါဘူးဘုရား..ထပ်မေးတော့လည်း အဲ့ဒါပဲထပ်ပြော [illegible]တယ်ဘုရာ့.."

သူဌေးကြီးက နှုတ်ခမ်းမွှေးတော့မလို ပါးကြီးတွေနဲ့နှာခေါင်းချွန် [illegible]ရောသော တွန့်လှုပ်နေလျက်.. ।

"ဘာမှမှအားကိုးမရှိတာ..အားကိုးရှိတာကိုပဲ ဆွဲပြောမှာပေါ့.."

"နို့..မောင်မင်းအဲ့လိုထင်နေရင်လည်း ကျုပ်ဆီလာလျှောက်တင် [illegible]ဖို့ လိုလို့လား.."

"မရှင်းသေးတာက အဲ့လိုကိုယ်စွမ်းကိုယ်စမရှိဘဲနဲ့ ဒီကထောက် [illegible]တော့ ဘာကြောင့်စကားလုံးအကြီးကြီးတွေနဲ့ ခေါင်းခါလွှတ်လိုက် [illegible]တုံးဘုရား..နောက်ပြီးတပည့်တော်တို့ သူတို့ကိုတွေ့ခဲ့တဲ့ရွာမှာ [illegible]ရှိကြတော့ဘူးတဲ့.."

"ဒါတော့ ကျုပ်သိတယ်.."

"သူ့ကိုတွေ့ဖို့ အဲ့ဒီရွာကနေ တစ်နာရီကျော်နှစ်နာရီနီးပါးစောင့် [illegible]တယ်တဲ့.."

"မဟုတ်မှလွဲရော မောင်မင်းကိုယ်တိုင်နောက်တစ်ခေါက်ရောက် [illegible]တာ ဖြစ်မယ်.."

ဆရာတော့်စကားကြောင့် သူဌေးကြီးမျက်နှာကြီး အနီရောင် [illegible]မ်းပြန်ကာ.. ।

"တပည့်တော်အားလုံးသိတယ်ဘုရား..မိခင်တစ်ယောက်[illegible] ရင် [illegible]ကို စာနာမိလို့ မသိသလိုနေခဲ့တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်သွားပြန်ပြီ.."

ဆရာတော်က မပွင့်တပွင့်ပြောလိုက်ပြီးမှ ခပ်တည်တည် ကြည့်ကာ.. ။

"ဒါကြောင့် ရေကိုကုန်အောင်သောက်..စကားကိုကုန်အော ပြောရဘူးလို့ ဆိုတာပေါ့၊ မောင်မင်းပဲကလေးတွေရှေ့မှာတုန် တော့ အိပ်ရိပ်တောင်မနင်းရဘူးဆို.."

"အဲ့ဒါ.."

"အိမ်ရှေ့တောင်ဖြတ်မလျှောက်နဲ့လို့လည်း ပြောခဲ့ပါတယ်.."

"တပည့်တော်.."

"ငါ့သမီးမဟုတ်တော့ဘူးဆိုလား..ဘာလား.."

"တပည့်တော်ဒေါသထွက်သင့်တာပဲဘုရား.."

"ဒေါသစိတ်က တငွေ့ငွေ့လောင်မြိုက်တာမဟုတ်ဘူးသူ ကြီး..ကိလေသာမီးကမှ ဖွဲမီးလိုတငွေ့ငွေ့လောင်တာ၊ ဟုန်းခနဲထ တဲ့ဒေါသအမှောင်ကို မောင်မင်းကထိန်းမှမထိန်းချုပ်နိုင်ဘဲ..ဒါ ထားပါလေ၊ အခုမောင်မင်းတို့လာတဲ့အကြောင်းကို ပြောပါဦး.."

"တပည့်တော်က အရှင်ဘုရားဆီမှာ အရိုးကျိုးပေါင်းလိမ်း လာတောင်းချင်လို့ ထွက်လာတာပါဘုရား..နောက်ပြီး မနက်အရု ဆွမ်းအတွက် ငါးရံ့ခြောက်ထောင်းနဲ့ သရက်သီးကလယ်တယ်ပါ လာခဲ့ပါတယ်၊ နောက်ပြီးတော့ ငလုံးတို့ခြံကကြက်ဥတွေလည် ကျောင်းကိုလှူချင်လို့ ဝင်ဝယ်ခဲ့သေးတယ်.."

"တပည့်တော်က အဲ့ဒါတွေပြောချင်လို့ တမင်လိုက်ခဲ့တာ ရား.."

သူပြောရမယ့်အလှည့်ကိုမစောင့်ဘဲ သူဌေးကြီးကကြားဖြတ် ဖြေသည်။ သူမဖြေလည်း ဆရာတော့်ထံက အနှောင့်အသွားမလွ သည့်မေးခွန်းတစ်ခုခု ထွက်လာတော့မှာကိုသိနေတာလည်း တ ကြောင်းဖြစ်ကာ.. ။

"ဆရာတော်ဘုရားက ဘယ်ရွာသားဖြစ်ဖြစ် ဘယ်သူ့အပေါ်ဖြ ဖြစ် ခုလိုမျိုးထောက်ပံ့ကူညီတတ်တာ တပည့်တော်နားလည်ပါတယ် ..ဒါပေမယ့် သူလုပ်လိုက်တဲ့ပုံစံကြောင့် တပည့်တော်နဲ့ဆရာတော်



ကြားမှာ တစ်စုံတစ်ရာလွဲမှားမှု ဖြစ်မသွားနိုင်ဘူးလားဘုရား.."

"မောင်မင်းပဲတွေးနေတာပါ..ကျုပ်ကတော့အေးချမ်းနေပါတယ်.."

ကိုယ်ကတော့ ပူလောင်နေသပေါ့.. ။

ဘယ်လိုမှအဆင်ပြေပြေ လျှောက်တင်လို့မရပါလား.. ။

ဦးပဍ္ဍင်းဘဝကနေ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်သွားကာမှ လောက်ကြာကြာ မျက်နှာချင်းဆိုင်ပြောဆိုဖြစ်ခဲ့တာလည်း မရှိခဲ့ ပါ။ ပြောဖြစ်စရာအကြောင်းရှိလာလိမ့်မယ်လို့လည်း မထင်ခဲ့..၊

"မောင်မင်းလည်း မောင်မင်းသမီးနဲ့တိုက်ရိုက်မဆက်ဆံချင် ူး..ကျုပ်ရဲ့သူတော်ကလည်း ကိုယ့်လူကိုပဲပေးယူဖို့ အကြောင်းရှိ ာလေ၊ ဒီတော့ နှစ်ဖက်စလုံးက ချမ်းညကိုပဲပေးဖို့ကြိုးစားတယ်.. ျမ်းညအနေနဲ့ကလည်း မောင်မင်းဆီကတော့ ဘယ်ယူချင်ပါ့မတုံး.."

ဆရာတော်ကပြန်စလိုက်တော့ သူဌေးကြီးက မော့ကြည့်လိုက် ကာ.. ။

"ဘာပဲဖြစ်ဖြစ် လူကြီးမိဘကျေနပ်အောင် ပြောဆိုနေထိုင်ဖို့က သူ့တာဝန်ပဲဘုရား..ဒါကိုကိုသြကိုတော့ သူများထောက်ပံ့စာမလိုပါ ူးပြော၊ ဦးသူတော်ပေးတော့ ယူတယ်..ဒီတိုင်းယူထားလိုက်ရင် ာင် 'ဒီလူငယ်မာနကြီးပါဘိ'လို့ ထင်ဖွယ်ရှိပါသေးတယ်.."

"တကယ်ယူထားလိုက်ရင်တော့ မောင်မင်းဒီလိုပြောမယ်မထင် ါဘူး.."

ဆရာတော့်စကားကြောင့် သူဌေးကြီးမျက်နှာမအီမလည်ဖြစ် သွား၏။ ဆရာတော်ကခပ်တည်တည်.. ။

"ဒီလိုပြောမယ်မထင်တာကို ပြောပါတယ်.."

ဆရာတော်နဲ့စကားလက်ဆုံကျဖြစ်တိုင်း သူဌေးကြီးသာရှုံးရဖန် များတတ်ခဲ့ပြီး ဟိုတုန်းတည်းကခုချိန်ထိ ကြာကြာမျက်နှာချင်းဆိုင် ပြီဆို ပြောဖြစ်သွားတာအတိုက်အခံတွေသာ.. ။

"တကယ်ပါပဲကွာ..ဆရာတော်ကလည်း အသက်ကြီးလာလေ လေ.."

"အစ်ကိုထည်.."

အိမ်အပြန်လမ်းမှာ လှည်းယာဉ်ပေါ်မှာထိုင်မိသည့်အခါ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးမျက်နှာခပ်မဲ့မဲ့နှင့် ဗျစ်တောက်ဗျစ်တောက်ညည်း၏။ ဒေါ်ရတ လှိုင်ကလည်း ဒါကိုပဲပြောချင်နေသည်ဖြစ်ရာ.. ၊

"သံဃာတော်ကို အပြစ်မှားပါနဲ့အစ်ကိုထည်..သံဃာကိ ဃာနဲ့ပဲဆိုင်ပါတယ်၊ လောကီဘောင်မှာသံဃာတော်တွေလည်း ဇဉ်တွေပဲလေ..လူတိုင်းဝတ်ကြောင်စွန့်ပြီး သံဃာ့သိက္ခာပုဒ်တွေ မထားနိုင်ဘူး၊ သူတို့က ဝတ်ကြောင်စွန့်ခဲ့တယ်..သိက္ခာပုဒ်တွေ များကြီးနဲ့ ဝိနည်းအတိုင်းကျင့်ကြံနေထိုင်ရတယ်၊ အမှားအယွင် တာတော့ ရှိမှာပဲလေ.."

"ငါသိပါတယ်ညီမရယ်..ကြည်ညိုပျက်တာလည်း မဟုတ် ဘူး၊ ပြောရပြီဆိုရင် လိုရင်းမရောက်တော့ဘူး.."

"အစ်ကိုထည်က သိတယ်သာဆိုတယ်..ဆရာတော်တစ်ပါ ပြောဆိုဆက်ဆံနေတာနဲ့မှ မတူဘဲ.."

"မင်းကသူ့ကျတော့ အမှားအယွင်းဆိုတာရှိတတ်တယ်..ငါ တော့.."

"အစ်ကိုထည်အပြစ်ရမှာစိုးလို့ ပြောတာပါ..ဥပမာပြရရင် ကျွန်မတို့ရဲ့ မြတ်စွာဘုရားရှင်လည်း သက်တော်ထင်ရှားမရှိ ပါဘူး..ဒါပေမယ့် ကျွန်မတို့ရှိခိုးဦးခိုက်နေတုန်းပဲ၊ ကျွန်မတို့ရှိ ကြတာ ဆင်းတုရုပ်ပွားတော်တွေပဲ မဟုတ်ဘူးလား.."

"ဟ..ဒါက.."

"ဟုတ်တယ်..ဘုရားဂုဏ်တော်ကိုမှန်းပြီး အာရုံပြုပူဇော်နေ တာ၊ သံဃာကိုရှိခိုးရင်လည်း ဘုရားရဲ့တပည့်သားသံဃာအမှ ဂုဏ်တော်ကို ရှိခိုးပါ..ဒီဦးပဉ္ဇင်း ဦးဇင်းသာအေးမို့လို့၊ ဒီဘုန်းကြီ ငါ့အဖေ ငါ့အဘမို့လို့ဆိုတဲ့ပုဂ္ဂိုလ်စွဲတွေမပါပါနဲ့.."

"အင်း..ကျုပ်မိန်းမက ကျုပ်ကိုတရားပြနေပြီပေါ့၊ ကျလည် ပါ့.."

ဒေါ်ရတနာလှိုင်က ပြုံးလိုက်ရင်း လှည်းယာဉ်အနည်း ဆောင့်ခုန်သွားတော့ သူဌေးကြီးရဲ့လက်မောင်းကို ခပ်ဖွဖွထိန် ထားလိုက်ကာ.. ၊

"အစ်ကိုထည်သိပြီးသားတွေမှန်း ကျွန်မသိပါတယ်..သတိ



စိုးလို့ ပြောနေရတာပါ၊ ပုထုဇဉ်ရဟန်းမို့ 'ငါ'စွဲမချွတ်နိုင်သေးပေ ယ့် ဘုရားရှင်လည်း သတ္တဝါတွေအပေါ် မေတ္တာကြီးမားခဲ့တာပဲ.. ရာတော်ကြီးက ကျွန်မတို့ရွာသားတွေအပေါ် ဘယ်လောက်ကရု ထားခဲ့သလဲ၊ သူ့ကိုယ်ကျိုးဘာမှမဖက်ဘဲ ကိုယ်ကျိုးစွန့်စောင့် ရှောက်ခဲ့တာ.."

သူဌေးကြီးမျက်နှာခပ်လွှဲလွှဲဖြစ်နေဆဲပေမယ့် ဆရာတော့်အ ကြောင်းကိုတွေးမိနေသည်။ ဒီရွာကိုလူစွမ်းကောင်းတွေ ထူထောင် ကြသလို တော်ဝင်မျိုးနွယ်တို့၏ကြွယ်ဝမှုတွေနဲ့ ရက်ရောစွာပံ့ပိုး ရေရှည်အတွက်ရှင်သန်စေခဲ့သည်။

ထို့အတူ ဒီနေရာဟာသာသနာ့မြေလို့ သတ်မှတ်၍ ဘုန်းကြီး ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ခဲ့ကြစဉ် ထိုမြေကြီးထဲမှာ အုတ် ဟောင်းကြီးတစ်ခုကို တူးဆွမိခဲ့သည်။ ဆက်လက်ဖြိုခွဲလိုက်လျှင် အုတ်ပုံကြီးနှင့်အတူ ရတနာတွေအမြောက်အများကို ရရှိခဲ့သည်။

သာသနာ့မြေလို့ သတ်မှတ်ပြီးသည့်အတွက် ထိုကျောင်းမှာထိုင် ဆရာတော်ကိုသာကျောင်းနှင့် အတူတူလှူဒါန်းခဲ့ပြီး ဒီကျောင်း ရွာအကျိုးအတွက်ရည်သန်ခဲ့ကြသည်။ ကျောင်းထိုင်အဆက် က် ပြောင်းလာခဲ့သလောက် ဆရာတော်အားလုံးသည်လည်း သာ နာ့ဘောင်မှာ ရာသက်ပန်ပျော်မွေ့ခဲ့ကြသလို ကျောင်းနဲ့ပတ်သက် မျှ ပိုင်ဆိုင်မှုမှန်သမျှကို လောဘဖက်ခဲ့ကြတာလည်းမရှိ.. ၊

ကျောင်းကနေဒေသတစ်ပါးကို ထွက်ခွာဖို့လည်းမကြံစည်။ ထို့ ကြောင့် သုံးလွန်းတောင်ရွာသားတိုင်းသည် ဆရာတော်ဆိုကိုယ့်မိဘ ဘွားတွေထက် ချစ်ကြောက်ရိုသေခဲ့ကြသည်။ ဘယ်လောက်ထိ းစိုင်းတဲ့သူဖြစ်ပါစေ ဒေါသကြီးတတ်သူ ဘယ်သူဖြစ်ဖြစ် ဆရာ တော့်အသံကြားသည်နှင့် ဒူးတုတ်ငြိမ်ဝပ်သွားကြသည်သာ။

သုံးလွန်းတောင်၏အစဉ်အလာက ဤသို့ရှိခဲ့တာဖြစ်သည်။ က်တွေဘယ်လိုပြောင်းပြောင်း သုံးလွန်းတောင်ရွာက ခေတ်နောက် ည်းမလိုက် ခေတ်နောက်ပြန်တာလည်းမဟုတ်။ သို့သော် အစဉ် ဖြင့် ခိုင်မြဲလာခဲ့သောအရာသည် တစ်ရွာလုံးမှာရှိသမျှ ရွာသား င်းသွေးနီးကြသလို ဘာသာရေးကို အလေးထားမြတ်နိုးကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်.. ၊

ဒီနေ့တော့ သူဌေးကြီးရဲ့ဒေါသတွေက ငါ့ဆရာတော်ဆိုသည့် ရှိရင်းစွဲသံယောဇဉ်တွေကိုတောင် ဥပေက္ခာထားလိုက်ချင်တဲ့အထိ

"ဆရာတော်ကြီးက ရွာသားတွေနဲ့ရွာရဲ့အရေးကလွဲပြီး ဘာကို ဦးစားမပေးခဲ့ဘူး..အဆောင်အယောင်ပကာသနအပေါ်မှာလည်း ခင်တွယ်ခဲ့ဘူး၊ အဲ့ဒါတွေကိုပြန်တွေးပြီး ချမ်းညကသူ့တူမို့ ကာကွယ် ချင်တာ စောင့်ရှောက်ချင်တာဆိုတဲ့အတွေးတွေ မတွေးပါနဲ့အစ်ကို ရယ်.."

"တော်ပါပြီကွာ..ငါလည်းမပြောတော့ပါဘူး၊ တကယ်ပါပဲ..ငါ သထွက်ရတာတောင် တိုးတိုးဖော်မရှိတဲ့ဘဝ.."

"တိုးတိုးဖော်ဆိုတာတော့ ကျွန်မနားမလည်ဘူး..ဒါပေမယ့်ကျွန် မကတော့ အစ်ကိုဒေါသတွေနဲ့ ပူလောင်နေချိန်မှာ အဲ့ဒီမီးကိုပိုပြီး အားကောင်းသွားမယ့်စကားမျိုး ပြောပေးမှာမဟုတ်ဘူး.."

သူဌေးကြီးကနှုတ်ခမ်းမွေးစစကို လက်ညှိုးနဲ့ပွတ်ရင်း မျက်နှာ ကြီးရှုံ့တွတွဖြစ်နေ၏။ ဒီအကြောင်းပြောလာရင်း အိမ်ပြန်ရောက်တာ တောင် အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်မိတဲ့အထိ မပြီးပြတ်နိုင်.. ၊

"ကိုယ့်ရဲ့နှုတ်ဖျားကနေ 'အဲ့ဒီဘုန်းကြီး'လို့ ပြောလိုက်တာ သရဏဂုဏ်ကို စော်ကားရာရောက်နေပြီ..'အဲ့ဒီဘုန်းကြီးတွေ'လို့ ပြော မိရင်တော့.."

"ငါဘယ်သူ့ကိုမှ မစော်ကားဘူးလှိုင်..သံဃာတော်တွေခြုံငုံပြီး မကောင်းစိတ်ဝင်မိဖို့ဆို ဝေးပါသေးတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် ဒီလိုတော့ရှိသင့်တာပေါ့လို့ အစ်ကိုထည်အတွေးဝင် လာတာကိုက မကောင်းတဲ့အကုသိုလ်စိတ်ဖြစ်လာတာပဲလေ..ကျွန် မတို့ ဦးခိုက်ပူဇော်နေတာ သံဃာ့ ဂုဏ်ကိုပါ.."

ဒေါ်ရတနာလှိုင်က မြင့်မြတ်သောအယူဝါဒနှင့် ငြိမ်းချမ်းစွာနေ သူဖြစ်သည့်အတိုင်း သရဏဂုံမြဲသည့်သူလည်း ဖြစ်သည်။ ထို့ ကြောင့် သူမရဲ့စိတ်ဓာတ်အယူအဆတော်တော်များများဟာ တစ်ဖက် စောင်းနင်းဖြစ်သွားခဲ့တာမျိုးလည်း မရှိခဲ့ပေ.. ၊

"စားချင်ပေမယ့် ကိုယ်နဲ့လက်လှမ်းမမီလို့ သူများကခူးယူကျွေး



ယ်ဆိုရင် အဲ့ဒီလက်ကသန့်သန့်မသန့်သန့် ကိုယ်စားချင်စားမယ်.. စားချင်ရင် မစားဘဲနေလိုက်၊ ခူးပေးတဲ့သူကိုတော့ မစော်ကားနဲ့ ပါ..သံဃာတော်တွေက ဘယ်လိုနေထိုင်ပြုမူသင့်တယ်ဆိုတာ ကျွန် မတို့ပြောရမှာမဟုတ်ဘူး.."

ဘာသာရေးနဲ့ပတ်သက်ပြီး အပြောအဆိုတိမ်းစောင်းနေပြီထင် ကာနှင့် ဒေါ်ရတနာလှိုင်က သူစိမ်းသူကျက်မရွေး ဆုံးမပြောပြတတ် က ခင်ပွန်းဖြစ်သူဆိုတော့ ပိုဆိုးသွားသည်။ လင်နဲ့မယားစိတ်တူ ကိုယ်တူ ညီညွတ်နေဖို့သာရှိရာ.. ၊

"အစ်ကိုထည်က အမြဲတမ်းစိတ်ထားနူးညံ့ကောင်းမွန်တယ်.. ဒါပေမယ့် ဆရာတော့်ကိုငါ့သူငယ်ချင်းဆိုတဲ့ အမြင်နဲ့တစ်ချက်တစ် ချက် မဆင်မခြင်ဝေဖန်တာတွေကတော့ ဆိုးတယ်.."

"မဟုတ်ရပါဘူးလှိုင်ရယ်..အခုကိစ္စကို မင်းပဲစဉ်းစားကြည့်၊ သမီးကိုငါတို့က ထောက်ပံ့မှ သမီးရဲ့အင်အားဖြစ်မှာလေ..ဆရာတော် က သူ့ဘက်ကနေ.."

"ဆရာတော်ကြီးကလည်း ကျွန်မတို့အားလုံးရဲ့မိဘပါပဲရှင်.."

"ငါဆရာတော့်ကိုမပြောလိုဘူးညီမ..ချမ်းညဆိုတဲ့ လူ့ပေါ်ကျော့ လေးကို စိတ်တိုတာ၊ ရုပ်ရည်လေးပဲ သနားကမားရှိနေတာ..တခြား ဘာအရည်အချင်းရှိလို့လဲ၊ ပြောတာဆိုတာလည်း မလေးနက်..လက် ကြောလည်း မတင်း၊ လူဆိုတာ လောဘမကြီးသင့်ပေမယ့် လောဘ နည်းတော့ မွဲတတ်တယ်.."

"ချမ်းညမှာ လောဘနည်းတယ်လို့ ဘာဖြစ်လို့ထင်ရတာလဲအစ် ကိုရယ်.."

ဒေါ်ရတနာလှိုင်က မိန်းကလေးတစ်ယောက်ယူလာပေးသည့် ရေချိုင့်ကိုယူကာ သူဌေးကြီးကိုတစ်ခွက်ထည့်ပေးပြီးမှ သူမအတွက် ထည့်သည်။ ပြီးတော့ မသောက်သေးဘဲ ဒီတိုင်းကိုင်ထားလျက်..၊

"သူ့ကိုကြည့်ရင် ပူပင်ကြောင့်ကျမှုမရှိသလို ထင်ရပေမယ့် ဒီ ကောင်လေး လူပျင်းလူဖျင်းကလေး မဟုတ်နိုင်ဘူးဆိုတာ ကျွန်မမြို ကြည်တယ်.."

"ဘယ်လို.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့သမီးလေးရဲ့ အိမ်ထော ဖက်က ချို့တဲ့ဆိုးရွားမှုတွေ ပြည့်နှက်နေတဲ့ယောကျ်ား ဘယ်လိုမှ ဖြစ်နိုင်လို့ပဲ.."

စိတ်ကူးတွေထဲမှာတော့ ကိုယ့်သမီးလေးက ဆင်စီးပြီးမြင်းရံရျှ ပဲနေမှာပေါ့.. ၊

သူ့ဒွေးကြီးမျက်နှာမသာမယာနှင့် သက်ပြင်းချသည်။ ပြီးတော့ တစ်ဖက်လှည့်ပြီး ခေါင်းခါ၏။

ကျောက်ခဲကနို့ထွက်တော့မည်ဆိုရင်တောင် ယုံလိုက်ဦးမည်။ ချမ်းညလိုကောင်လေးမျိုးက အရည်အချင်းရှိလာဖို့ဆိုတာများ.. ၊

ဟွန်း.. ၊

☺

အခန်း(၃၄)

"ကိုလူချောရေ.."

"ကိုကြီးချမ်းည..ဒီမှာရပြီဗျို့.."

အပြင်ကဆူညံသံတွေကြောင့် ကြိုးလေးဆန်ပြာနေရင်း ဆန် ကောကို ချထားခဲ့ပြီး ထွက်လာခဲ့လျှင်.. ၊

"ဩော်..တို့အစ်မကြီးရှိတာပဲ.."

"မင်းသမီးလေး..ဒီမှာခင်ဗျားရဲ့လင်တော်မောင် မှာထားတာ တွေရပြီ.."

ယောကျ်ားလေးတွေ လေးငါးယောက်ဖြစ်ကာ လူငယ်တွေရော ကလေးတွေရော လူလတ်ပိုင်းတွေလည်းပါ၏။ သူတို့သယ်လာကြ တာတွေက သွပ်ပြားသံပြားတွေဖြစ်ကာ.. ၊

"နောက်မှာတိုင်လုံးတွေလည်း ပါတယ်ဗျ.."

"တိုင်လုံးတွေရော ဟုတ်လား..ဘာတိုင်တွေလဲဟင်၊ ဘာအ တွက်လဲ.."

"ဟုတ်ပါ့ကွယ်..ကလေးတွေကို ငါ့အိမ်မှာပဲထားမှာပါဆိုမှ ဘာ တုံးသူကြီးသာဒင်က အိမ်ခွဲဆောက်ခိုင်းလိုက်တာလား.."

အိမ်ပိုင်ရှင်ဒေါ်နီတာကလည်း ထွက်လာပြီး စိတ်မကောင်းသံ နှင့် ပြောလျှင်.. ၊

"မဟုတ်ပါဘူးဗျာ..ဒါတွေကိုကြီးချမ်းည ပိုက်ဆံပေးဝယ်ထား တာပါ၊ တိုင်တွေကိုတော့ နောက်မှာရွာသားတွေထမ်းလာလိမ့်မယ်.."

"ဟော့..ဟော့ ထမ်းလာရမှာမဟုတ်ဘူး..ဒီကိုသယ်ရမှာမဟုတ် ဘူးနော်.."

www.burmeseclassic.com

www.burmeseclassic.com



ချမ်းညအသံကိုကြားလိုက်ရကာ လူကနောက်ကျမှခြံပြင်က လျှောက်ဝင်လာပြီး လက်လည်းကာလျက်.. ၊

"အဲ့ဒါတွေကို ရွာဦးစေတီနောက်မှာ စုပုံထားမှာ..ဘိလပ်မြေ ရော.."

"ရမှာပေါ့လူချောရာ..ငါစဉ်းစားမိသမျှ ဘိလပ်မြေရနိုင်တဲ့နေရာ တွေကို ငါ့လူတွေခွဲပြီး လွှတ်ထားတယ်၊ နေပါဦးကိုယ့်လူက အဲ့ဒါ တွေဘာလုပ်ဖို့တုံး.."

"ကျွန်တော့်အတွက် အသုံးဝင်လို့ပါ..ပစ္စည်းစုံရင် အားလုံးကို ရှင်းပြမယ်.."

ပစ္စည်းတွေရောက်လာတော့ သံတိုသံစ သွပ်ချပ်သံပြားတွေဖြ ကာ အိမ်ရိုက်သံမှိုကြီးတွေက ပါသေးသည်။ ထိုထဲက ဆယ့်သုံးနှ သားလောက် ကံချွန်ဆိုသည့်ကောင်လေးက ရယ်ကျဲကျဲနှင့် လက် ဝါးတွေ ပွတ်သပ်ခါရင်း.. ၊

"ကိုကြီးချမ်းည အဲ့ဒါတွေဘာလုပ်ဖို့တုံးဗျ..ကျွန်တော်တို့ရွာမှ ဘုန်းကြီးကျောင်းတောင် အဲ့လောက်တိုင်လုံးကြီးတာတွေ မရှိဘူး ဟီး ဟီး..သံခွက်တွေကရော.."

တိုင်လုံးကြီးတွေဆိုတော့လည်း တိုင်ကိုလိုက်ရှာမိသည်။ ဒါမေ မယ့် အိမ်ကိုပါမလာသည့်ပစ္စည်းတွေမို့ ကြည့်လို့လည်းမရပေ။ သံ ခွက်တွေဆိုတာကလည်း ကြိုးလေးတို့မြင်နေတာကတော့ သံပြား သွပ်ပြားတွေပဲမို့ ဘာကိုပြောနေကြမှန်းမသိ.. ၊

ကိုယ်ကဇနီးမယားပေမယ့် ခင်ပွန်းဖြစ်သူ ဘာတွေလုပ်ပြီး ဘာ တွေရည်ရွယ်နေမှန်းမသိရခြင်းအတွက် သူများတွေရှေ့မှာလည်း မ မေးချင်။ ထိုစဉ် ရွာလူကြီးဦးသာဒင်က ပုဆိုးတိုတို ပင်နီတိုက်ပုံ မသေမသပ်နှင့်ရောက်ချလာကာ.. ၊

"မောင်ချမ်းည.."

"ဗျာ..သူကြီး.."

"ကျုပ်တို့ကိုလည်း လင်းစမ်းပါဦး..မင်းဘာတွေလုပ်နေတာ တုံး.."

သူကြီးနဲ့အတူ လူသုံးယောက်ပါလာသဖြင့် ဒေါ်နီတာ့အိမ်ပိုင်၊



လေးထဲမှာ လူတွေစည်ကားသွား၏။

"ကျုပ်ညီကတောင် ဖျဉ်းကတိုးတိုင်ရှာမရလို့ဆိုပြီး ကျုပ်အိမ် တိုင်ချွတ်မယ် တကဲကဲလုပ်နေပြီ..ဘာလုပ်ဖို့တုံး အဲ့ဒီတိုင်ကြီးတွေ ရည်းမနောကို.."

သူကြီးကပြောနေရင်း ကြိုးလေးဆီမျက်လုံးရောက်သွားတော့ နောက်ထပ် မရွှေ့မဖယ်စူးစိုက်ငြိမ်သက်သွားခဲ့ပြီး.. ၊

"တိုင်လုံးကြီးတွေက လှကလှနဲ့.."

"သူကြီး.."

ချမ်းညက သူ့လက်မောင်းကိုကိုင်ပြီး လှုပ်ခေါ်လိုက်မှ ဆတ်ခနဲ သတိဝင်ကာ.. ၊

"မဟုတ်ဘူး..တိုင်လုံးကြီးတွေကိုပြောတာပါ၊ အဲ့ဒါ အဲ့ဒါ တိုင် တွေကို မင်းကလိုက်ကြည့်ထားပြီးမှ ရအောင်ဝယ်ပေးပါလို့ ခိုင်းလို့ ကို.."

နောက်ထပ်ကြိုးလေးဆီ မျက်လုံးရောက်သွားတော့ ချမ်းညက ပင်သပ်ရင်းရယ်၏။ တခြားလူတွေပြုံးစိစိဖြစ်ကုန်ကြသည်။ ရွာ လူကြီးက အသက်လေးဆယ်ကျော်ပေမယ့် လူပျိုကြီးဖြစ်ကာ သူ့ ထက်လေးနှစ်ငယ်နေသော နောက်ထပ်လူကြီးလုပ်မည့် ညီဖြစ်သူက လည်း လူပျိုကြီးပဲဖြစ်၏။

ချမ်းညနဲ့ကြိုးလေးရောက်လာတည်းက သူတို့ညီအစ်ကိုပဲပျာ ကီပျာယာဖြစ်နေကြကာ ဘယ်နေရာမှာပဲလူကြီးသူကြီးလိုနေနေ ကြိုး လေးကိုမြင်လိုက်တာနှင့် ခလုတ်တွေတိုက် စကားတွေမှား.. ၊

တစ်ခုခုကိုင်တွယ်လုပ်ကိုင်နေချိန်ဆို ဟိုဟာတွေလွှတ်ကျ ဒီ ဟာတွေပြုတ်ကျနှင့် ကြိုးလေးကိုအသားကုန်အသားခမ်းငေးနေတော့ သည်။ မရိုးမသားသဘောထားနှင့် ရိရွဲတ်ကမ်းလှမ်းတာလည်း မရှိ ပါဘဲ မမြင်ဖူးသည့်စိတ်ဝင်စားဖွယ်တစ်ခုခုကို တမေ့တမြောငေးတာ မျိုး.. ၊

ထို့ကြောင့် ဒီလူကြီးသိက္ခာမဲ့ပါဘိလို့လည်း ဘယ်သူကမှမထင် တော့ဘဲ ဒီလိုဖြစ်တာမြင်ကြတိုင်း ရွာသားတွေကရယ်စရာသ တစ်ခုလိုပင်။ ချမ်းညကိုယ်တိုင် ကြိုးလေးကသာဒေါသထွက်မပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုလျှင် ဝါးလုံးကွဲရယ်မိမှာသေချာ၏။

လူကြီးဦးသာဒင်သည် အသားကမည်းမည်း နှုတ်ခမ်းထူထူ က ပြာမည်းနေကာ ရှေ့သွားတွေသိသာစွာကြီး၏။ ထို့ပြင် ရှေ့သွ တစ်ချောင်းက ရွှေသွားမို့ ရယ်လိုက်တိုင်း ဝင်းဝင်းလက်လက်..

"ဘာဖြစ်လို့တုံးသူကြီး..ကျွန်တော်က ဒီရွာသားလုပ်ပြီး ရွာ ကျိုးသယ်ပိုးမလို့ပါ.."

"ကောင်းတယ်.."

သူကြီးကကြိုးလေးကို ငေးရင်းထောက်ခံ၏။ ပြီးမှဆတ် လှည့်ကြည့်ကာ.. ၊

"ဟမ်..ဘာပြောလိုက်တယ်.."

"ဟား ဟား ဟား ဟား.."

အားလုံးရှေ့ကနေ လှည့်ထွက်လာရင်း ကြိုးလေးစိတ်တွေ မိသည်။ သူမတစ်သက်လုံးမှာ ဘာမှလိုလေသေးမရှိသော ပြည့် များနှင့် နေလာခဲ့ရသည်။ ကိုယ့်စိတ်ချမ်းသာပျော်ရွှင်ရေးအတွက် ဝိုင်းဝန်းဖြည့်ဆည်းပေးခဲ့ကြ၏။

ထို့ကြောင့် ခုချိန်မရောက်မီအထိ သူမဒေါသတကြီးဖြစ်ရဖူး မရှိခဲ့ပေ။ အလိုမကျခြင်းကြောင့် ခုလောက်ကြာကြာစိတ်ပျက် လောင်နေရတာမျိုးလည်း မရှိခဲ့။ သူစိမ်းတစ်ရံဆံတွေကြားမှာ သူ တစ်ယောက်တည်း ရောက်လာခဲ့ပြီဆိုတာနှင့် ခံစားမှုအသွယ်သွ စိတ်တိုင်းမကျခြင်းအဝဝတို့ဖြင့်.. ၊

"မင်းသမီးဒီမှာ ဘာလုပ်နေတာတုံး.."

"ထိုင်နေတာ.."

"ထိုင်နေတာမြင်သားပဲ..ထမင်းမစားဘဲနဲ့ဒီအချိန်ထိ.."

မေးရင်း သူမထိုင်နေသည့်ပုန်းညက်ပင်ရိပ်မှာ ချမ်းညဝင် လိုက်ကာ.. ၊

"ဘာလို့လဲ..နေမကောင်းဘူးလား.."

"ခုနမကောင်းဘူး..ခုမှနားအေးသွားလို့ အဆင်ပြေသွားတာ.."

ချမ်းညမျက်မှောင်ကုတ်သွားသည်။ ပြီးမှရယ်လိုက်ရင်း.. ၊

"ဟုတ်မှာပေါ့..ခင်ဗျားကပင်တိုင်စံထိပ်ထားပဲ၊ ဆင်းရဲသာ



ားတွေနဲ့ လူများများရောနှောမနေဖူးတော့.."

"အဲ့လိုမဟုတ်ပါဘူး.."

ကြိုးလေးသူ့ကိုငဲ့ကြည့်လိုက်တော့ ချမ်းညရဲ့လက်တစ်ဖက်က ့ကိုဖက်မလို့ပြင်နေသည့်ပုံနှင့် ကျောနောက်ရောက်နေကာ မျက်လုံး ွကလည်း ထိုဆီမှာစိတ်ဝင်တစားရှိနေလျှင်.. ၊

"ရှင်ဘာလုပ်.."

"ငြိမ်ငြိမ်နေ..မင်းဆံပင်ပေါ်မှာကျိုင်းကောင်.."

"ဟင်.."

ကြိုးလေးလန့်သွားကာ.. ၊

"အဲ့ဒါဘယ်လိုအကောင်လဲ..ဖယ်ချပေးလေ.."

"ဘာမှမလုပ်နိုင်ပါဘူး..ဒါပေမယ့် ဆံပင်ထဲတိုးဝင်သွားရင် သူ့ ခြေထောက်တွေက ကုတ်မိရင်နာတယ်..ငြိမ်ငြိမ်နေ ဆံပင်တွေပြတ် ာန်လိမ့်မယ်.."

ကြိုးလေးကျိုင်းကောင်ဆိုတာကို မမြင်ဖူးဘဲ ဆံပင်မှာတစ် ကောင်လောက်ကပ်ငြိနေသည်ဆိုတာနှင့် ထိပ်လန့်နေမိကာ ချမ်းည ၏ အကျႌခါးစပ်ကိုအားယူသလို ဆုပ်ဆွဲထားမိ၏။ ချမ်းညကြိုးလေး ၏ ဆံနွယ်လေးတွေမထိခိုက်အောင် ရွရွသာသာလေးဆွဲယူနေရင်း ူးလိုက်ပြီး.. ၊

"ခင်ဗျားရဲ့အလှက နဖူးကနေခြေဖျားထိအောင် တစ်ကိုယ်လုံး ဖြစ်မျိုးမှဲ့မထင်ဘဲနော်.."

ကိုယ့်ကိုလှတယ်ပြောတာကို မကြိုက်သည့်မိန်းကလေးမရှိ ာက်ဘူးထင်သည်။ ကြိုးလေးရဲ့နှုတ်ခမ်းသားလေးတွေပြုံးယောင် ာမ်းသွားသည်။ သို့သော်.. ၊

"ဒါကြောင့် သူကြီးတို့ညီအစ်ကို ခင်ဗျားကိုမြင်လိုက်တိုင်း ရူးရူး မူးမူးထဖြစ်ကုန်တာ.."

"ဟုတ်တယ်..ရှင်ရူးဖို့ပဲလိုတော့တာ.."

"ကျုပ်ကမရူးပါဘူး..ခင်ဗျားကိုပိုင်ထားတဲ့ပိုင်ရှင်၊ ခြေမကိုင်မိ က်မကိုင်မိ ဖြစ်စရာလည်းမလိုဘူး.."

ပြောပြီးအသည်းယားဖွယ် ရယ်နေသေးသည်။ ကြိုးလေးဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ထွက်တာမဟုတ်ဘဲ မျက်စောင်းလေးနှင့် ငဲ့ကြည့်မိကာ.. ၊

"အဲ့ဒါကြောင့် ရှင်ကျွန်မကိုခေါင်းထဲရော ရင်ထဲရော ဘယ်တုန်းက မထည့်တာလား.."

"ဟင်.."

"ရှင်ဘာတွေလုပ်နေသလဲ..ဘာအတွက်လဲ၊ ဘာတွေဖြစ်လာမှာ လဲ..ကျွန်မကရှင့်မိန်းမဖြစ်နေပြီး ဘာမှမသိရဘူး.."

"မေးလေ..ဘာသိချင်လို့လဲ.."

"မေးနေရတာကိုက ရှင်မသိတတ်တာလား..ကျွန်မအသုံးမကျ တာလားကိုချမ်း၊ ရှင်ပေါက်ကရတွေလုပ်နေတာ မဟုတ်မှန်းကျွန်မ သိတယ်.."

ချမ်းညကပြုံးလိုက်ပြီး.. ၊

"ပါရမီဖြည့်ဖက်ပီသတယ်.."

"ပီသချင်လို့ပြောနေတာမဟုတ်ဘူး..ကျွန်မမတုံးဘူးဆိုတာကို သိစေချင်တာ.."

"ဟား ဟား ဟား.."

ချမ်းညကအကျယ်ကြီးထရယ်၏။ သူရယ်ပြီဆို တိုးတိုးသက် သာရယ်တာ တစ်ခါတစ်ရံပဲထင်သည်။ ရယ်ချင်ရင် နေရာမရွေး ပုဂ္ဂိုလ်မရှောင် ဘယ်လိုသဘောပဲသက်ရောက်သွားပေ့စေ ရယ် လိုက်တာပဲဖြစ်ကာ.. ၊

"သိသားပဲ..ခင်ဗျားအဲ့လိုမိန်းမမျိုးမှန်းသိလို့ ပြောမနေတော့ တာ၊ သိရင်လည်း ဘာလို့မသိရဘူးလို့ပြောနေသေးလဲ.."

"ရှင်ဘာလုပ်လုပ်ပြောပြတိုင်ပင်ရမှာ ရှင့်တာဝန်ပဲ.."

"ကျွန်တော်ကတော့ ခင်ဗျားအတွက် တာဝန်ယူဖို့ကြိုးစားနေ တာပဲ..မဟုတ်တာလုပ်ဖို့မှ မဟုတ်တာ၊ အဲ့ဒီတော့ ဘာမှမဖြစ်သေး တာကို ဘာမှမပြောတော့ ကဲ့ရယ်မခံရတော့ဘူးပေါ့.."

"ရှင်ကကဲ့ရယ်ချင်စရာတွေ လုပ်နေတာလား.."

"အဲ့ဒါပဲလေ..မပြောရသေးဘူး၊ ကဲ့ရယ်ဖို့ခြေလှမ်းဝင်ပြီ.."

"ရှင်နော်.."

"ဘာတုံး.."



"လင်မယားချင်တောင် ယုံကြည်မှုမရှိဘူးလား.."

ချမ်းညကရယ်နေကာ ကြိုးလေးနဲ့လက်မောင်းချင်းထိအောင် ကပ်ထိုင်လိုက်၏။ ပြီးတော့ မျက်နှာချင်းနီးအောင်တိုး၍.. ၊

"ဘုရားလောင်းတော်မဟော်သဓာဘဝတုန်းက အဲ..အိမ်သူဇနီး မယားကို ယုံသင့်မယုံသင့် ဘယ်လိုသက်သေပြခဲ့ပါလိမ့်.."

သူစမှန်းသိပေမယ့် ကြိုးလေးသည်းမခံနိုင်။ ထို့ကြောင့် ချမ်းည မျက်နှာကိုစိုက်ကြည့်ပြီး နေရာမှထရပ်လိုက်၏။

"ဟော့.."

ချမ်းညက သူမလက်လေးကိုလှမ်းဆွဲလိုက်ပြီး ချက်ချင်းထရပ် ကာ.. ၊

"ဘယ်လိုဖြစ်တာတုံး..အဲ့ဒါပဲ မိန်းမများစိတ်ကောက်သိပ်သန့်."

"ဟုတ်တယ်..ကျွန်မကတော့ မိန်းမပီသရမှာပဲ၊ ရှင်ယောကျ်ား ပီသချင်လို့ ကြိတ်ကြံနေတာတွေ ဘယ်တော့မှလာမပြောပြနဲ့..ကျွန်မ ဘာသာအဆင်ပြေတယ်.."

"ဟာ ဟော့..အဲ့လိုမလုပ်နဲ့လေ.."

ကြိုးလေးက သူကိုင်ထားသည့်လက်ကို ချပစ်ခဲ့ပြီး အိမ်ပေါ်ပြန် တက်ဖို့သွားသည်။ ချမ်းညအတင်းပြန်ဆွဲထားကာ.. ၊

"ချစ်လို့စတာကွာ.."

"ဘာ.."

ဒါပြန်မေးသင့်သည့်စကားမဟုတ်ပေမယ့် နားထဲမှာထူးဆန်း သွားသဖြင့် ကြိုးလေးပြန်မေးလိုက်မိမလိုဖြစ်သွားသည်။ ချမ်းည လည်း မျက်ခုံးကိုလက်မနဲ့ ခြစ်ရင်းရယ်ကာ.. ၊

"အဟွန်း..မဟော်သဓာက ဇနီးမယားတွေကိုလို့ဝှက်သော စ ကားမပြောအပ်ဘူးလို့ ဆိုတာနော်၊ ခင်ဗျားနဲ့ကျွန်တော်က.."

"အဲ့ဒါလည်းပြောစရာရှိသေးတယ်.."

"ဟင်..ဘာလဲ.."

ကြိုးလေးရှက်တော့ရှက်ပေမယ့် မပြောလို့လည်းမပြီး.. ၊

"ရှင်ညညအိမ်ရာပြင်မှာ ထွက်အိပ်တာမကောင်းဘူး.."

"ဟုတ်လား..ဒါဆိုအထဲဝင်အိပ်ရမယ်ပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



ချမ်းညကပြောရင်းနဲ့ ကြိုးလေးနဲ့ပခုံးချင်းတိုက်ကာ အနား[illegible] တင်းကပ်လိုက်ပြီး.. ၊

"ပြောလေ.."

"ဟုတ်တယ်..လက်ထပ်ပြီးကာမှ ရှင်အဲလိုထွက်အိပ်နေတာ သူ တို့တွေဘယ်လောက်စနောက်နေကြသလဲ.."

"သြော်..ဟော် စနောက်ကြမှာစိုးလို့ကိုး.."

"မဟုတ်ရင် ဘာကြောင့်ပြောစရာလိုလို့လဲ..ဟွန်း.."

ကြိုးလေးနှုတ်ခမ်းလေးမဲ့တော့ ချမ်းညကသူမပါးလေးကို လက် သီးဆုပ်နဲ့ မချင့်မရဲကပ်တွန်းလိုက်ကာ.. ၊

"ပြောမှာဒီည.."

ဟင်.. ၊

"မင်းသမီးကအနားကပ်မခံလို့ ထွက်အိပ်ရပါတယ်လို့.."

"ရှင်မဟုတ်တာတွေမပြောနဲ့နော်..ရှင့်ကိုဘယ်သူကမကပ်ရဘူး ပြောလို့လဲ.."

"ဟင်..တကယ်.."

ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲဆွဲလှည့်လိုက်တော့ ကြိုးလေး ကိုယ့်ဘာသာဘာပြောလိုက်မိမှန်းသတိရသွားကာ ပါးပြင်လေးတွေ ရဲတွတ်သွား၏။

"ဖယ်ပါ..စကားပြောလိုက်ရင် လိုရင်းကိုမရောက်ဘူး..ခုနပြော နေတာ ရှင့်အလုပ်ကိစ္စ.."

"အလုပ်ကိစ္စက အရေးမကြီးပါဘူး..မင်းသမီးကကျွန်တော့်ကို အကြင်လင်မယားအဖြစ် အသိအမှတ်ပြုပေးမယ်လို့ ပြောလိုက်တာ မို့လား.."

ဘယ်သူကဟင့်အင်း ပြောခဲ့ဖူးလို့လဲ.. ၊

ချစ်သူတွေလည်းမဟုတ် မိဘကလက်ထပ်ပေးခဲ့တာလည်း မ ဟုတ်သည့်အပြင် အကြောင်းကြောင်းကြောင့် ခိုးပြေးခဲ့ကြရသည်ဆို ရင်တောင် သဘာဝဆန်သေးသည်။ ခုတော့ ချမ်းညနဲ့သူမ စိမ်းသက် သောအခြေအနေထဲကနေ ရုန်းထွက်ဖို့ခက်နေကြသဖြင့် ခံစားချက်တို့ ကို ကိုယ်စီမျိုသိပ်နေခဲ့ကြလျက်.. ၊



"မပြောလည်းသိပြီ.."

"ဟာ..ဘာမှန်းလည်းမသိဘူး၊ လွှတ်စမ်းပါ.."

"စိတ်မပူပါနဲ့..ကျွန်တော်ကိုယ်တိုင်က မင်းသမီးကိုအရမ်းတန် [illegible]းထားတဲ့သူပါ၊ ကိုယ့်ကိုယ်ကိုယုံကြည်ထိုက်တဲ့ယောကျ်ားလို့ မယုံ ကြည်သေးသရွေ့ ခင်ဗျားကိုလက်ဖျားနဲ့မထိဘူး.."

"လက်ဖျားနဲ့မထိဘူးဆိုပြီး ဒီမှာလူကိုအဝတ်ထုတ်များမှတ်နေ သလား.."

ချမ်းညက ကြိုးလေးရဲ့ပခုံးလေးကို ဖက်ထားရင်းရယ်နေကာ..

"ဒါကဒီလိုရှိတယ်.."

"သွားပါ.."

ရှက်ပြုံးလေးနှင့်မျက်နှာလှလှလေးကို ချမ်းညကငုံ့မိုးကြည့်ပြီး [illegible]ငှသက်ရှိုက်သည်။ ပြီးတော့.. ၊

"မင်းသမီး ကျွန်တော့်ကြောင့်မျက်နှာမငယ်စေရပါဘူး.."

ကြိုးလေးက တကယ်ဟုတ်လို့လားဆိုသည့် မျက်ဝန်းလေးတွေ နှင့် သူ့ကိုမော့ကြည့်၏။ တကယ်တော့ သူကကိုယ့်ကိုတန်ဖိုးထား [illegible]လို သူမသည်လည်း ချမ်းညဘယ်လိုလူဖြစ်နေနေ မသိစိတ်ကယုံ ကြည်နေသည်။ မဖြစ်နိုင်သည့်အခြေအနေပေါင်းများစွာထဲကနေ သူ့ ကိုပဲစွဲလမ်းတမ်းတနေခဲ့သည်။

မရည်ရွယ်ပေမယ့် ဖြစ်လာခဲ့သည့်အခြေအနေပေါ်မှာ သူနဲ့သူမ လက်ထပ်ရဖို့ဖြစ်လာခြင်းအတွက် ကြည်နူးပျော်ရွှင်နေခဲ့သည်။ စိုး ရိမ်မိတာက သူရောကိုယ့်လိုဖြစ်ရဲ့လားဆိုတာပင်။ ဒါကြောင့် အိမ် ထောင်ရေးဆိုသည့်နယ်ပယ်ထဲကို သူမတကယ်ရောက်ခဲ့တာလား.. [illegible]ိုင်မြဲဖို့လား..ပြိုကွဲသွားမှာလားဆိုတာ အချိန်တိုင်းခြောက်လှန့်နေခဲ့ သည်။ သူ့ပုံစံက ထင်သလိုသွားလာပေါ့ပါးနေတော့ စိုးရိမ်မှတ်က [illegible]လာသည်။

"ရှင်သိလား.."

"မသိဘူးလေ.."

"သွား.."

"သြော်..ကဲ..ပြောမှသိမှာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



ကြိုးလေးကနေရာမှာပြန်ထိုင်လိုက်လျှင် ချမ်းညကလည်း ဘေ
မှာကပ်ထိုင်လိုက်ကာ.. ၊

"ရပြီ..ပြော.."

"ရှင်ဂရုမစိုက်တာတွေကို ကျွန်မအရမ်းစိုးရိမ်နေရတာကိုချမ်း.."

"ကျွန်တော်ဂရုစိုက်နေပါတယ်.."

"မစိုက်ပါဘူး..ကျွန်မတို့လက်ထပ်ပြီးတည်းက ရှင်သွားချင်သ
လို သွားလာနေတာ.."

"မင်းသမီးရယ်..ဒီရွာလေးကျဉ်းကျဉ်းလေးကို အိမ်မှာမရှိတာ
ပဲ ဒီလိုပြောရလား.."

"ရွာကျဉ်းတာကျယ်တာတွေလည်း ကျွန်မမှမသိတာ.."

"မသိပေမယ့် မင်းသမီးရဲ့ဘေးမှာ ဒေါ်ကြီးနီတာရှိတယ်..ပြ
တော့မင်းသမီးကိုလည်း တအားချစ်တာလေ.."

"ဒါဖြင့်သူချစ်တာနဲ့ ကျွန်မအတွက်ပြည့်စုံသွားပြီပေါ့.."

"ဟင်.."

မျက်လုံးချင်းဆုံသွားတော့ ကြိုးလေးနှုတ်ခမ်းလေးစူသွားကာ

"ဘာတွေပြောနေမှန်းမသိတော့ဘူး..တော်ပြီ တော်ပြီ.."

"ဘာလို့တော်ရမှာလဲ..ပြန်ပြော၊ မင်းသမီးနဲ့ကျွန်တော်.."

"မဟုတ်ပါဘူးဆိုမှ.."

ရှက်ရှက်နှင့်ကြိုးလေးရုန်းလျှင် ချမ်းညကလက်ချင်းဆွဲချိတ်
ထားလိုက်ပြီး မျက်နှာနားကပ်၍.. ၊

"ကျွန်တော်ခင်ဗျားကို ဘယ်လောက်ထိစွဲလမ်းမြတ်နိုးနေခဲ့သ
လဲသိလား.."

ကြိုးလေးက ပြုံးတော့မလိုမျက်နှာလေးနှင့် ခေါင်းခါ၏။

"ခဏခဏပြောနေတာတောင် မယုံသေးဘူးနဲ့မင်းသမီးရယ်..မေး
ရမှာက ကျွန်တော်ရယ်.."

"ရှင့်ကိုကျွန်မဘယ်တုန်းကများ ငြိုငြင်စူအောင့်ခဲ့တာရှိခဲ့လို့
လဲ.."

"ဒါပေမယ့် ခင်ဗျားကမိန်းမသားလေ..အရှက်သိက္ခာကြောင့် မ
ထူးစိတ်ပိုက်လိုက်ရတာမျိုး ဖြစ်နေနိုင်တာပဲ.."



ကြိုးလေးက သူ့ပခုံးစွန်းမှာ ခေါင်းလေးမှီ၍.. ၊

"ကျွန်မထွက်သွားတော့မယ်လို့ ဆုံးဖြတ်ထားခဲ့ပေမယ့် တ
ထွက်သွားဖြစ်ရင်တောင် ခြံဝင်းအပြင်ရောက်တဲ့အခါ တကယ်
နိုင်ပါ့မလားဆိုတာ မသေချာပါဘူး..ဘယ်ဆီဘယ်ဝယ်ဆိုတာ
း မသိဘဲနဲ့ ဒီအချိန်ကြီးလေ.."

"ကျွန်တော်လည်း ခင်ဗျားက အနားမကပ်ပါနဲ့ဆိုရင်တောင်
ျားတစ်ယောက်တည်းထွက်သွားဖို့ပြင်နေရင် ဒီတိုင်းဘယ်လိုမှ
သွားခွင့်ပြုနိုင်မှာ မဟုတ်ဘူး.."

ကြိုးလေးကမော့ကြည့်တော့ နဖူးပြေပြေလေးကို ငုံ့နမ်းမိကာ..

"ဘာလဲ..မယုံလို့လား.."

"ယုံချင်လို့.."

"အဟွန်း.."

သူကြိုးလေးရဲ့ပခုံးလေးကို ကြင်နာစွာထွေးပွေ့ထားလိုက်ရင်း..

"ကျွန်တော်ဘယ်လောက်ချစ်သလဲဆိုတာ အလုပ်နဲ့သက်သေပြ
..ရတော့ မဟုတ်သေးဘူး.."

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၅)

"ဘယ်တုံးဗျ..ဒေါ်နီတာ.."

"ခြံထဲက ရုံးပတီသီးလေးတွေမြိုင်နေတာနဲ့ ဆွတ်ပြီးရှာထဲ
ရောင်းတာလေ.."

ခြံဝကနေထွက်ပြီး နှုတ်ဆက်သည့်သူကြီးဦးသာဒင် မျက်
ကြီးရှုံ့မဲ့သွားသည်။ တကယ်က နှုတ်ဆက်ချင်လို့မဟုတ်ပေ။
ပြောချင်လို့ တမင်တကာခြံတိုင်တုတ်နေသလိုလို အလုပ်ရှုပ်
ထွက်စောင့်နေခဲ့တာဖြစ်သည်။ ထို့ကြောင့်.. ၊

"ဘယ်နှယ့်ဗျာ..တစ်ယောက်တည်းတောင် မတ်တပ်အိပ်
တာကို လူပိုကြီးနှစ်ယောက်ကို တင်ကျွေးထားရသလား.."

ဒေါ်နီတာက ရုံးပတီသီးထည့်ထားသည့် ဇကာခုံးလေးကို
စောင်းတင်ထားရင်း ရယ်ကာ.. ၊

"မတ်တပ်မအိပ်ရပါဘူးသူကြီးရယ်..ကျွန်မမှာ ခြံနဲ့ဝင်း
နဲ့ပါ၊ ကိုယ်ပိုင်လယ်မလုပ်နိုင်ပေမယ့် လယ်နှစ်ကွက်ရှိတာ
စိုက်ထားတယ်..အိမ်နောက်ဖေးမှာ ဈေးဆိုင်တည်ထားတယ်၊
တပ်အိပ်ဖို့လည်း မလိုဘူး..တစ်ဝမ်းတစ်ခါးကနေ သုံးဝမ်းသုံး
လာတာလည်း ပူဖို့မလိုဘူး၊ ကလေးနှစ်ယောက်ကို ကျွန်မက
ချစ်နေတာ..ပြန်သွားကြမှာတွေးမိရင် ညညအိပ်လို့တောင်မပျော်

"ဖြစ်မှဖြစ်ရလေ..အင်း ခင်ဗျားလည်းဝဋ်ကြွေးပဲ.."

"ဘယ်ကလာဝဋ်ကြွေးရမှာတုံး..အဲ့ဒါရေစက်ရှိတာ၊
ဆက်အထောက်အပံ့တွေကြောင့် ဆုံရကြုံရတာ.."

ဒေါ်နီတာက ချမ်းညနဲ့မင်းသမီးလေးကို သားသမီးတွေလို



တွယ်တာနေသည်ဖြစ်ရာ ကိုယ်ကိုယ်တိုင်မစားရက်မဝတ်ရက်စု
ောင်းခဲ့သမျှ ဒီကလေးတွေနဲ့ကျမှ ကျွေးလို့ပေးလို့အားမရနိုင်.. ၊

"ဟုတ်ပါပြီ..နေစမ်းပါဦး၊ အဲ့ဒီလူချောလေးက တကယ့်ဇာတ်
သားလား..သူဌေးသားလိုလို မင်းသားလိုလို သူ့ဇာတ်မြစ်ကဘာ
ရှ.."

"မသိပေါင်.."

ဒေါ်နီတာက ခေါင်းခါပေမယ့် ပြုံးနေကာ.. ၊

"ကျွန်မကဖြင့်မေးရင် သိရမှာစိုးလို့ မေးကိုမမေးတာ.."

"ခင်ဗျားကလည်း တရားလွန်ရူးနေပြန်ပြီအပျိုကြီးရာ..ခင်ဗျား
ယောက်ရူးပြနေတာနဲ့တော့ နှစ်ယောက်စလုံးကောင်းကောင်းနဲ့
ဟုတ်နေမှာ မြင်ယောင်သေးတယ်.."

"ဟီး ဟီး..စားပါစေတော်၊ သူကြီးပြောသလိုဖြစ်လာပါစေ.."

ဘုရား..ဘုရား.. ၊

ရှေးရေစက်ဆိုတာ ဒါမျိုးလားလို့ တွေးမိပြီး ဘုရားတရင်း.. ၊

"နေပါဦး..စကားပြောနေရင်း ဘယ်လိုကြောင့်ခြေလှမ်းတပြင်
ဖြစ်နေရတာတုံး.."

"ဟုတ်ပါဘူး..နေဝင်ရီသရောအချိန်ကြီး လမ်းကြောင်းမှာစကား
ပြောရတာ မကောင်းလို့ပါ.."

"နေဝင်ရီသရောမဟုတ်သေးပါဘူး..နေတောင်မဝင်သေးတာ
များကလည်း၊ ကျုပ်သိချင်တာ အဲ့ဒီလူချောက ဘာအလုပ်မှမလုပ်
မှာထဲကပန်းပဲတင်လှဆီမှာ သွားသွားထိုင်နေတာ ဘာလုပ်တာ
.."

"ပြောတတ်ဘူးသူကြီးရဲ့..ပန်းပဲပညာသင်ချင်လို့ ဖြစ်မှာပေါ့.."

"ကျုပ်မေးကြည့်ပြီးပါပြီဗျာ..သံတိုသံစတွေကောက်ဖြတ်ဆက်
ာတဲ့၊ ဘယ့်နှယ်မိန်းမတော့ ခိုးလာပြီး သူများသားသမီးကိုလက်
ထပ်တင်းအောင်ရှာဖွေမကျွေးချင်ရတာတုံး..လူကြည့်တော့အား
ကောင်းမောင်းသန်ကြီးနဲ့ နေလည်းနေတတ်ပါ့.."

ကိုယ်တွယ်တာနေတဲ့သူတွေကို ကရုဏာလိုလို ကဲ့ရယ်တာလို
ဖြေဖန်နေတော့ ဒေါ်နီတာ့မျက်နှာ ပြုံးနေရင်းကနေ မဲ့တဲ့ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရကာ.. ၊

"သူကြီးကလည်း ယောက်ျားကြီးဖြစ်ပြီး ကဲ့ရဲ့တတ်ရ... တော်.."

"ဘာဗျ.."

"ဟီး ဟီး..မဟုတ်ဘူးလားလို့၊ လူကြီးသူမဆိုတာ ပြ... လာရင်တောင် ရင်ကြားစေ့ပေးရတာကို..သူကြီးကတော့ သူ... တာတွေသာ မင်းသမီးလေးကြားသွားရင် သူ့ယောက်ျားကို.."

"ဟုတ်ပါ့ဗျာ..အဲ့ဒီမိန်းကလေးကိုလည်း အံ့သြတာ၊ လု... တော့ ညစာခက်သတဲ့..ဒီကောင်လေးကို ချောတာလေးတစ်... နဲ့ တစ်သက်လုံးဘယ်လိုပေါင်းမှာတုံး.."

"ချောတာလေးကြည့်ပြီး ရေသောက်ဗိုက်မှောက်နေဖို့ ... ထားတာလည်း ဖြစ်နိုင်တာပဲသူကြီးရဲ့..သမီးလေးကိုလည်း... ဦး၊ ဒီလောက်ဖူးဖူးစင်အောင်လှတာ သူ့ရုပ်လေးနဲ့ အသားမ... ခမ်းလန် ဗိုက်ပူနေတဲ့ အသက်ကြီးကြီးအဘိုးကြီးမျိုးတော့ ရွေ... ဆယ်သားတင်ပေးပါ့မယ်ဆိုရင်တောင် ယူမယ်မထင်ဘူး.."

ကြည့်စမ်း..ဒီမိန်းမကြီး.. ၊

ပြောပြေးပြေးသည့်ဒေါ်နီတာ့ကို ဘာမှမချေပလိုက်ရဘဲ ... ဒင် မခံရပ်နိုင်စွာ ကျန်ရစ်ခဲ့၏။ ပြီးတော့ ကိုယ့်ဗိုက်ကိုငုံ့ကြည့်... နှုတ်ခမ်းကိုက်မိလိုက်.. ၊

ငါအဲ့လောက်တော့ မဆိုးသေးပါဘူး.. ၊

☺

အခန်း(၃၆)

"သူကြီးဘာလုပ်မှာလုပ်ဗျာ..အခု မောက်လန်ဘက်ကိုကူးလို့မရတော့ဘူး..."

"အေးလေ..မြစ်ကြီးဘက်ကိုကားသွားစီးဖို့ကျတော့လည်း ကမ်းပါးစောက်ကြီးနဲ့.."

"ဒါတင်ကလို့လား..ကန်ကြီးရွာမှာ စာသင်ကျောင်းဆောက်တော့မယ်၊ ငါတို့အဲ့ဒီမှာ အလုပ်လေးဘာလေးသွားလုပ်ရရင် အိမ်မှာ ထမင်းနှစ်နပ်စားရဦးမှာ.."

ရွာလူကြီးရဲ့ခြံထဲမှာ ရွာသားတွေတော်တော်များများ ရှိလာကြသည်။ နှစ်ယောက်သုံးယောက်စဝင်လာပြီး တစ်သောသောဝင်လာကြတာ ရွာထဲမှာလူကုန်ပြီလား တောင်မသိ.. ၊

"တို့ရွာမျိုးကတော့ ရှားပါတယ်ဟာ..ကိုယ့်ဆီမှာလည်း ဘာမှမဖြစ်ထွန်း တခြားထွက်လုပ်ဖို့ဆိုလည်း ကမ်းပါးပြိုလိုက် ရေလျှံလိုက်၊ ခုတော့ ကမ်းပါးစောက်ကြီးနဲ့ ချောင်းကောသွားတာနဲ့ ကိုယ်ကျိုးနည်းကုန်ပြီ.."

"တစ်ခုခုလုပ်ဦးသူကြီးဟာ..သူကြီးတို့မှာ လယ်လုပ်စရာရှိလို့ ထမင်းစားနေရလည်း ရောင်းရေးဝယ်ရေးဖြစ်မှ ပိုက်ဆံသုံးစရာရမှာ တစ်ရွာလုံးငတ်မွတ်ခေါင်းပါးကုန်ပြီဗျ.."

"လုပ်ပါဦးသူကြီးရာ..သူကြီးကလည်း ရပ်ရေးရွာရေးဆိုတာ.."

"ဟိတ်ကောင်တွေ..မင်းတို့ပြောတာ တရားလွန်နေပြီနော်.."

ပြောသမျှလူတိုင်းကို ချာလပတ်ရမ်းမတတ်လိုက်ကြည့်နေရင်း ဦးသာဒင်ဒေါသထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကဘာတုံးကွ..တစ်ရွာလုံးငတ်နေတာကို ငါကဆ[illegible] တစ်ခွက်စီလိုက်ဝေငှနေရမှာလား၊ နေရာတကာ 'သူကြီး'ပဲဝိုင်းအော[illegible] နေကြ.."

"ဒါကတော့ ကျုပ်တို့လည်းအော်စရာ သူကြီးပဲရှိတာကိုးဗျ.."

"သူကြီးကလည်းပြောလိုက်ရင်ဒါပဲ..အိမ်တစ်အိမ်မှာတောင် သားသမီးလိုအပ်ချက်ကို မိဘကဖြည့်ဆည်းပေးရမယ့် ဝတ္တရား[illegible] တယ်မဟုတ်ဘူးလားကိုင်း.."

"ဟုတ်တယ်ဗျာ..မပြည့်စုံတာတော့ ပြောရမှာပဲ.."

"ပြောရုံမှမဟုတ်ဘဲ မင်းတို့ကပူပြင်းနေကြတာ.."

"အဲ့တော့ဘာဖြစ်တုံး..ပူပြင်းရမှာကျုပ်တို့အလုပ် အပူငြိမ်းပေးရမှာ သူကြီးအလုပ်.."

"ဟော့ကောင်လှထွေး..မင်းအသံချည်းပဲ.."

"နေကြစမ်းပါဦး..နင်တို့ကဘာလဲ၊ ငါ့အိမ်မှာလူစုလူဝေးနဲ့.."

ဒေါ်အေးသာက ဦးသာဒင်တို့ရဲ့အမေဖြစ်ကာ အသက်ရှစ်ဆယ် ကျော်နေပြီပေမယ့် သန်တုန်းမြန်တုန်း.. ၊

"ဒီရွာရဲ့အစဉ်အလာကိုက ရှားပါးလာခဲ့တာ..ဘယ့်နှယ်ခုကျမှ သူကြီးလုပ်ပါဦး တာဝန်ယူပါဦးနဲ့နင်တို့.."

ဒေါ်အေးသာက လူကြီးပေမယ့် အသံစူးစူးလေးနှင့် ကျယ်လည်းကျယ်သည်။ ဘီးဆံပတ်ပတ်နေရင်း ထွက်လာခြင်းဖြစ်ကာ လူလုံးပေါ်မလာသေးခင် စကားသံကစကက်သေနတ်ပစ်တဲ့အတိုင်း..၊

"သွားကြ..သွား၊ လူမြင်မကောင်း လူစုလူဝေးနဲ့..ဘာလဲ.."

"သွားမယ်ကိုရင်တက်ပု.."

ကိုရင်ဝတ်တုန်းကခေါ်ခဲ့သည့်နာမည်အတိုင်း ခေါ်ခံနေရသည့် ကိုရင်တက်ပုက တကယ်ပဲအရပ်ကသုံးပေခွဲလောက်ပဲရှိသည်ဖြစ်ကာ ဇနီးသည်က လက်ကိုလာချိတ်လိုက်တော့ ပြန်ရှန်း၍.. ၊

"နင့်ဘာသာပြန်ပါလား..သူများတွေအရေးဆိုတုန်း ငါလည်း ဆိုစရာရှိတာဆိုရမှာပဲ၊ ဒီညစာဘာနဲ့.."

"ကျုပ်ကြဲဖန်ပြီးပါပြီကိုရင်တက်ပုရယ်..ညစာရော နောက်နေ့ စာရော နောက်ထပ်သုံးရက်လောက်ထိ ချေးငှားစရာမလိုသေးဘူး.."



"ဟော.."

သူတို့ပြောနေတာကို အနားမှာရှိသည့် ရွာသားချင်းကြားကြပြီး လှည့်ကြည့်ကြသည်။ အေးပုံကလည်း ကြွားလုံးထုတ်သည့်မျက်နှာလေးနှင့် အသံပို၍ကျယ်လိုက်ပြီး.. ၊

"အိမ်နောက်ဖေးက ကျုပ်အဖေလက်ထက်တည်းက လှေကြီးကို လူချောလေးက ငါးထောင်ပေးဝယ်သွားတာ.."

"ဟင်.."

ကိုရင်တက်ပုမျက်လုံးကြီး ပြူးသွားသည်။ ဘေးလူတွေလည်း အထင်တကြီးတွေဖြစ်ကုန်ကြကာ.. ၊

"နင့်ဟာက အဆွေးကြီးမဟုတ်လား.."

"အံမယ်..ကျွန်းဘောင်တွေတုတ်ပြီး ကျွန်းပြားတွေခင်းထားတာ နည်းနည်းနောနောကြီးမှတ်လို့၊ စကားကိုကြည့်ပြော.."

"ဘာဖြစ်ဖြစ် အဲ့ဒါနှစ်ထောင်တောင်မတန်တော့ပါဘူး.."

"ဟဲ့..တိုးတိုးပြောပါ၊ ဟိုကညည့်သည် တော်ကြာကြားသွားလို့ အေးပုံဆီမှာ ပိုက်ဆံပြန်တောင်းဦးမယ်.."

ကိုယ့်ရွာသားဘက်က ဖုံးဖိကာကွယ်ချင်သည့် အမျိုးသမီး တချို့ကလည်း ပြောသည့်လူကိုလက်တို့သတိပေး၏။

"ငါ့အိမ်က ရေစည်ပိုင်းကြီးလည်းပြန်ဝယ်သွားတယ်..သူက တစ်ထောင်တောင်ပေးတာနဲ့ နောက်ဖေးကတိုင်ကီပြတ်အစုတ်တွေပါ ငါပေးထည့်လိုက်သေးတယ်.."

ပြောကြရင်း သူကြီးကိုငိုပြနေသည့် ရွာသားတွေရဲ့ဦးတည်ချက် က လူချောခေါ်ချမ်းညထံ စုပြုံသွားကြ၏။ ထိုအကြောင်းကိုစလိုက် သော့ အေးပုံတို့ဘေးမှာ စကားဝိုင်းတစ်ဝိုင်းဖြစ်သွားကာ.. ၊

"အဲ့ကောင်လေးက အတော်သဘောကောင်းတာနော်..မင်းသမီး ဆိုတဲ့မိန်းကလေးကလည်း မင်းသမီးလို့ခေါ်ရအောင်ကိုလှတာ.."

"သူတို့ကတောင်ညိုတောင်လား..ဆယ်မရွာကလာတာလား.."

"အေးနော်..သူဌေးတွေလို့ပြောတာပဲ၊ ငါတို့ရွာမှာအမြဲနေမှာ လားပဲ.."

"သူဌေးတွေဆိုဘယ်နေမလဲဟာ..တို့ရွာကခေါင်းရှား[illegible]သည်

www.burmeseclassic.com

www.burmeseclassic.com



တောင်မလာတဲ့ဥစ္စာ ဒီလောက်ခြောက်ခမ်းတဲ့ရွာ.."

သူတို့ပြောနေတုန်း ဦးသာဒင်လည်ပင်းရှည်ကြည့်ကာ.. ၊

"ဘာတုံးဟေ့..လူချောဆိုတဲ့ညှို့သည်ကောင်ဆီ ပြေးတော်ကြမလို့လား.."

"ဒီသူကြီးကတော့.."

"အေးလေ..ရှေ့ကလည်းမသွား နောက်ကလည်းမလိုက်.."

သူကြီးကိုလှည့်ကြည့်ပြီး ရွာသားတွေမဲ့ကုန်ကြ၏။ သူကြီးကလည်း ကိုယ့်အခြေအနေကိုယ်သိသည်။ ဒါပေမယ့် ကိုယ်မဖန်တီးနိုင်တာကို ချမ်းညဖန်တီးလိုက်တာမျိုးတော့ မဖြစ်စေလို.. ၊

"မင်းတို့က ကျုပ်ကိုပဲလွှဲချလို့ကောင်းနေကြတယ်..အဲ့ဒီတစ်နယ်သားက သူခိုးလား ဓားပြလားဘယ်သူသိတုံး.."

"သူ့ဟာသူ သူခိုးဖြစ်ဖြစ် ဓားပြဖြစ်ဖြစ်ဗျာ..သူခိုးလာတာတွေကျုပ်တို့ကိုခွဲကျွေးတယ်လို့ပဲ သဘောထားတယ်.."

အံမာ..ကြည့်စမ်း.. ၊

"ဟုတ်တယ်..ဟုတ်တယ်၊ ငါတို့ဆီကလွတ်ပစ်ပစ္စည်းတွေကိုတန်ရာတန်ကြေးပေးဝယ်တာ.."

"ဟုတ်တယ်..ရွဲကုန်သည်တောင် မသိနားမလည်တဲ့မြေးအဖွားကို လိမ်လည်လှည့်ဖြားပြီးဝယ်သေးတာ၊ သူဆိုရင် ငါတို့ပစ္စည်းတွေကို တစ်ရာတန်ကို ငါးဆယ်ပဲပေးဝယ်ရင်ရသားပဲ.."

"ငါတော့ ငါတို့တွေအငတ်ဘေးဆိုက်တော့မှာမို့လို့ သူတော်ကောင်းပေါ်လာတယ်ပဲမှတ်တယ်.."

သူကြီးဒေါသချောင်းချောင်း ထွက်သွားလေသည်။

"ဟုတ်လောက်ပါရဲ့..သူတော်ကောင်းကြီးက အမေအိုကြီးရှာကျွေးတာကို လင်ရောမယားရော ရေသာခိုစားနေတာလေ.."

"ညှို့သည်ကညှို့သည်လိုနေမှာပေါ့ဗျ..သူကြီးကလည်း ယောက်ျားကြီးပီပီသသ အတင်းတုတ်တာလွန်ရော.."

"အေးလေဟယ်..ကိုယ့်ရွာကိုယ်ခေါင်းဆောင်ပြုပြင်မယ်မရှိဘူး၊ သူများကိုမနာလိုဖြစ်နေသေးတယ်.."

"ဟဲ့..ဟဲ့ ညည်းတို့တွေငါ့သားကို ဘာပြောလိုက်တာတုံး၊ အဲ့ဒါ



သူကြီးနော်.."

"ရွာသူကြီးလည်း ရွာသားတွေရှိမှ သူကြီးလုပ်လို့ရမှာပါအရီးယ်..အခုကျွန်မတို့ ရေကြည်ရာမြက်နုရာ ရှာရတော့မလိုဖြစ်နေပြီ.."

"အမေစု..အမေစုရေ.."

လူစုစုဆီ ဆယ်နှစ်သားလောက်ကလေးနှစ်ယောက် ပြေးလွှားက်လာကြကာ.. ၊

"အမေစုဒီမှာလား..အမေစုဘယ်မှာလဲ.."

"ငဒိုးလား..ငါဒီမှာလေ၊ ဘာဖြစ်လို့တုံး..အေးစိန်မရော.."

မငွေစုက လူကြားထဲကကမန်းကတန်းထွက်မေးလျှင် ပြေးလာညှို့ကောင်လေးတွေက အမောဆို့နေသလို ရင်ဘက်လေးတွေက်ကြွနေအောင် အသက်ရှူနေရင်း.. ၊

"ဟို..အေး အေးစိန်.."

"အေးစိန်မ ဘာဖြစ်နေမှန်းမသိဘူး.."

"အောင်မလေး..လုပ်ကြပါဦး၊ ငါ့တူမလေး.."

"ဘာဖြစ်တာတုံးဟ..ဘယ်မှာတုံး.."

"ဩော်..ဒီကလေးတွေ သွားချင်ရာသွားပြီးကမြင်းကြ၊ စီခနဲဆိုသကောင်ပေါင်းလဲမဖြစ်ဘဲ မပြီးဘူး.."

"မြန်မြန်သွားလေမယ်စုရဲ့.."

လူတစ်ဝက်လောက်ဝေါခနဲ ပြေးထွက်သွားကြလျှင် ကျန်ခဲ့တဲ့ူတွေ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြရင်း.. ၊

"ဟိတ်ကောင်ငဒိုး.."

လှည့်ပြေးသွားသည့်ကလေးတွေကို လှမ်းခေါ်ရင်း သူတို့ပါပြေးိုက်ကြကာ.. ၊

"ဘယ်မှာတုံးအေးစိန်မက.."

"ချောက်ကြီးနားမှာ.."

"ဟဲ့..ချောက်ထဲကျတာလား.."

"မဟုတ်ဘူးဗျ..မတ်တပ်ကြီး.."

"ဟင်.."

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၇)

ရွာသားတွေချောက်ကြီးဘက်ကိုမရောက်ခင် စုဝေးမိသွားကြ ကာ အေးစိန်မကိုတော့ မတွေ့ကြပေ.. ၊

"ဘယ်မှာတုံးဟ.."

"ငဒိုး..ရွှေးတိုဘယ်မှာတုံးအေးစိန်မ.."

"ဟိုမှာ ကြီးပင်ကြီးနောက်မှာ.."

ငဒိုးလက်ညှိုးထိုးသည့်နေရာကို လှမ်းကြည့်လိုက်လျှင် အေးစိန် မ၏သျှောင်ပေစူးလေးကိုပဲ လှမ်းမြင်လိုက်ကာ.. ၊

"ဟာ..အဲ့ဒီနားမှာ အုတ်ပုံဟောင်းကြီးရှိတယ်လေ၊ စပါးကြီးတွေ ရှိတယ်ဟ.."

"သေချာတယ်မယ်စု..နင့်တူမမြွေညို့နေတာလားပဲ.."

"လုပ်ကြပါဦး..အေးစိန်မရေ.."

မငွေစုက ကြီးပင်နောက်ကို အပြေးအလွှားဝင်၏။ အေးစိန်မက ဘယ်ကိုမှမကြည့်။ ပတ်ဝန်းကျင်ကိုလည်း မေ့နေပုံပေါ်ကာ ခြုံတွေ ဖုံးနေသော ကုန်းမြေပတ်ကြားအက်ပုံကြီးထဲကိုသာ စူးစိုက်ကြည့်နေ သည်။ လူအားလုံးလည်း အေးစိန်မကိုမြင်ရသည့်နေရာမှာ ရောက် သည်နှင့် ရပ်တန့်ကုန်ကြကာ နောက်ပြန်ဆုတ်တဲ့သူကဆုတ်၏။

"ဘယ်မှာတုံး.."

"ဟို့ ဟိုမှာ..နည်းတာကြီးမဟုတ်ဘူး.."

စကားသံတွေ တိုးကုန်ကြပြီး ခြေထောက်တွေက နောက်ကိုမ သိမသာပြန်ကန်ဆုတ်နေကြ၏။ မြွေသည် မြက်ဖုတ်ခြုံနွယ်တွေ နောက်မှာ ကိုယ်ခန္ဓာကဘယ်ဆီမှာနေပြီး ဘယ်လောက်ထိရှည်လျား



ကျားကျိုင်းနေသည်မသိ.. ၊

တောင်ပို့ရဲ့နောက်ကွယ်မှာ လည်ပင်းနဲ့ခေါင်းကိုမြင်နေရကာ တဖြည်းဖြည်းခေါင်းယိမ်းလာသဖြင့် ခြုံတွေပါသိသာစွာလှုပ်ရှားလာ၏။ လည်ပင်းနဲ့ခေါင်းလုံးကပဲ ယောက်ျားပေါင်လုံးလောက်ရှိကာ လူကိုညို့နေသည့်မျက်လုံးကြီးနှစ်လုံးက သူတို့အားလုံးကို မှင်တက် သွားလောက်အောင် ကြောက်လန့်ဖွယ်ပြူးပြောင်နေ၏။

မြွေကလည်းတဖြည်းဖြည်း လှုပ်ရှားလာသလို အေးစိန်မက လည်း လူကတောင့်မတ်နေပေမယ့် ခြေထောက်တွေကရှေ့ကို တရွေ့ ရွေ့လှမ်းဖို့ ကြိုးစားနေ၏။ သို့သော် ခြေချောင်းတွေက ခြေကုတ်ယူ နေသလို လှုပ်ရှားနေပေမယ့် ရှေ့ကိုလည်းမရောက်.. ၊

"မြွေ..အေးစိန်မကို မြွေမျိုတော့မယ်.."

"မသွားနဲ့.."

မငွေစုပြေးဆွဲဖို့ပြင်လိုက်သည်နှင့် တစ်စုံတစ်ယောက်က သူမ လက်ကိုဆွဲထားလိုက်ကာ.. ၊

"ဒီကောင်တွေက သူတို့အစာလို့သတ်မှတ်ပြီးရင် မရမချင်း မည်းတတ်တယ်.."

လှည့်ကြည့်လိုက်တော့ တားဆီးသူက ချမ်းညဖြစ်နေကာ သူ့ လက်ထဲမှာလည်း တုတ်ရှည်တစ်ချောင်းကိုကိုင်ထားလျက်.. ၊

"ခဏစောင့်.."

လို့ပြောကာ မငွေစုရဲ့ပခုံးပေါ်မှာတင်ထားသည့် ပုဆိုးစုတ်ကို ကြည့်ကာ အေးစိန်မကိုလှမ်းကြည့်၏။ အေးစိန်မရဲ့အင်္ကျီကလည်း အသားရောင်အပွင့်နုတ်အဟောင်းလေးမို့ ပုဆိုးကွက်နဲ့ဆင်ဆင်တူ၏။

"လူချောရေ..ဒီတုတ်လေးနဲ့ဟိုမြွေကြီးကို သွားရိုက်မလို့လား.."

"သတ္တိရှိကြောင်းသိပ်ပြချင်နေတာ..မာလကာရျာန်ကြွနေဦးမယ်.."

ပြောသူကနောက်ကလိုက်ပါလာသည့် ရွာသူကြီးဦးသာဒင်ဖြစ် ကာ ချမ်းညကလှည့်ကြည့်တော့ အချဉ်ပေါက်နေသည့်မျက်နှာကြီး နှင့်.. ၊

"မင်းသေမှာစိုးလို့ပြောနေတာမဟုတ်ဘူး..ကျုပ်ကရွာသူကြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတော့ မင်းကိုဟိုကောင်မျိုးနေရင် ဒီတိုင်းထိုင်ကြည့်နေလို့လည်း မကောင်း.."

"မကောင်းတတ်တော့ မြွေပါးစပ်ထဲက သူလိုက်နှိုက်ပေးမှာကျ နေတာပဲ.."

တစ်ယောက်က မကြားတကြားပြော၏။ ချမ်းညကဘာမှမပြော ဘဲ ပြုံးဘဲပြုံးနေ၏။ သူ့အတွက်က ဒီလူတွေကိုဖြေရှင်းနေဖို့မဟုတ် သလို မြွေရန်ကဘယ်လိုကာကွယ်ရမယ်ဆိုတာလည်း စိုးရိမ်ဗျာများ နေဖို့မလိုပေ.. ၊

လိုနေတာက ကြိုးလေးဒီနေရာကို လိုက်မလာခင် ကိစ္စကို ပြတ်ရှင်းဖို့.. ၊

"ချမ်းညလူချော..မောင်ရင်ဘာလုပ်မလို့တုံး.."

"မြွေကိုဝင်ရိုက်မလို့လားကောင်လေး..မိုက်ရူးရဲမလုပ်နဲ့နော်.."

လူတွေကတားနေကြပေမယ့် စိတ်လည်းဝင်စားနေကြသဖြင့် ချမ်းညထွက်သွားတာကို နောက်ထပ်မတားဆီးတော့ဘဲ ဝိုင်းကြည့် နေကြ၏။ ချမ်းညက အေးစိန်မရဲ့နောက်တည့်တည့်ကနေ တဖြည်း ဖြည်းချဉ်းကပ်သွားကာ အနားကိုရောက်သည်နှင့် တုတ်ကိုအေးစိန် မရှေ့မှာ စိုက်လို့ရအောင် ကမန်းကတန်းလှုပ်ရှားသည်။ ပြီးတော့ တုတ်တိုင်မှာပုဆိုးကို အလျားလိုက်ချိတ်ထားလိုက်ပြီး အေးစိန်မကို ဆွေခနဲပွေ့ချီလိုက်၏။

ရွာသားအားလုံး ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြ၏။ မြွေသည် တောင်ပို့အကွယ်ကနေ ထွက်ဖို့ရွေ့လျားနေပြီဖြစ်ကာ ခေါင်းကထောင်မတ်နေ၏။ ဝင်းပြောင်နေသော မျက်လုံးတို့သည် ချမ်းညနဲ့အေးစိန်မနောက်ကို ပါမသွားဘဲ တုတ်တိုင်မှာကျန်ရစ်ခဲ့ သည့် ပုဆိုးဟောင်းမှာပဲ စွဲညို့နေခဲ့၏။

ကလေးကိုပြန်ရလာသည်နှင့် ရွာသားတွေက နောက်ကိုတ ဖြည်းဖြည်းဆုတ်၍ တုတ်ဓားလက်နက်တွေ ပြန်စုဖို့ပြင်တော့သည်။

"ပြန်မနေနဲ့..ကျောက်ခဲတွေပေါ်မှပေါ်ပဲ.."

"ကျုပ်ကတော့ ဝါးစိမ်းတုတ်နဲ့ရိုက်သတ်မှာ.."

"ငါတို့တက်ညီလက်ညီဝိုင်းရိုက်မယ်ဟေ့..တစ်ရွာလုံးဟင်းစား



ရတာပေါ့.."

လက်နက်တွေပြေးကောက်ကြကာ အကျအနတာစုနေကြစဉ် ချမ်းညက အားလုံးကိုအရေးတကြီးပုံစံနှင့် လက်တို့၍ အဝေးတစ်နေ ရာကို ခေါ်သွားခဲ့ကြပြီး.. ၊

"မလုပ်ကြပါနဲ့..မြွေကရန်သူမဟုတ်ပါဘူး.."

"ဘာကွ.."

"ချမ်းည ဒါတော့မင်းမဟုတ်ဘူးနော်..ခုပဲ ကလေးကိုမျိုမလို့ ဟာ.."

"သူ့အတွက်ကလည်း သူ့အစာဖြစ်နေတာကိုး..ဒါပေမယ့်ဗျာ နေရာတစ်ခုမှာ နှစ်ပေါင်းများစွာရှင်သန်နေထိုင်လာကြတာလည်း ပဌာန်းဆက်တွေပါပဲ..သူ့အတိတ်အကြောင်းက ဒီနေရာဒီဒေသမှာရှိ ခဲ့တာဆိုရင် ကျုပ်တို့တွေနဲ့ဆွေမျိုးညီကို မိဘဘိုးဘွားတွေတော်စပ် ခဲ့ဖူးတာလည်း ဖြစ်နိုင်တာပဲ.."

"ကတည်း..ခုမှဘုရားဖြစ်မယ့် အုတ်နီခဲနဲ့လာတွေနေရတယ်.."

သူကြီးဦးသာဒင်က တီးတိုးရေရွတ်လိုက်ပြီးမှ ခါးထောက်ကာ..

"မင်းကကိုယ့်ကိုယ်ကို ကယ်တင်ရှင်ကြီးလို သူတော်ကောင်း တရားတွေဟောပြီး ကြည်ညိုခံမနေစမ်းပါနဲ့..တိရစ္ဆာန်ကတိရစ္ဆာန် ပေါ့၊ အတိတ်ထိဆွေမျိုးစပ်ကြည့်ပြီး ငါတို့ကပြေးဖက်ရဦးမှာလား.."

သူပြောကာမှ ချမ်းညကရယ်ကာ.. ၊

"လုပ်ပြီသူကြီးရာ.."

သူပြောသမျှကို ချမ်းညကအပြုံးမပျက်ပြန်ကြည့်နေတတ်တာ လည်း မကြိုက်ချင်တော့ပေ။ အစကတော့ ဒီကောင်လေးသည်ခံစိတ် ရှိသားလို့တွက်ပြီး သဘောကျသည်။ ကိုယ့်ရွာမှာတည်းခိုဖို့ မင်္ဂလာ ဆွမ်းကပ်ဖို့ကအစ အကူအညီတွေပေးခဲ့၏။

ကြာလာတော့ ဒီအပြုံးတွေကြောင့် သူ့စိတ်ထဲမှာသိမ်ငယ်လာ သလို ခံစားမိလာခဲ့၏။ သူကြီးဦးသာဒင်က ချမ်းညရဲ့မျက်နှာကို စိုက်ကြည့်ရင်း အတွေးများနှင့် အလုပ်ရှုပ်နေခဲ့၏။

"ကိုင်း..အေးစိန်မအကြောက်ကြီးပြီးတုန်နေပြီ၊ မယ်နှင့်ခုက လေးခေါ်ပြီးပြန်တော့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ဟုတ်တယ်၊ မြွေသူ့ဟာသူပြန်ထွက်သွားမယ် ပြီးတာပဲ..ကလေးဆီမြွေက လာတာမဟုတ်ဘူး..သူရှိတဲ့နေရာ ကလေးကသွားတာပဲ.."

"ဟုတ်ပါတယ်သူကြီးရာ..လူချောပြောတာကောင်းပါတယ် မြွေတွေဘာတွေဆိုတာ မသတ်ကောင်းပါဘူး၊ တကယ်ဆို ရွာနဲ့ ရာ သိပ်မဝေးပေမယ့် ကမ်းလည်းမဟုတ် ဘယ်သူမှလည်းသွား ကြတာမရှိပါဘူး..မြွေသူ့ဟာသူ သွားပါစေတော့.."

"ဟုတ်ပါတယ်..ဟိုဘက်ချောင်းထဲပြန်ဆင်းသွားမှာပါ.."

"အံမာ..ခုနကတော့ ဟင်းစားလိုချင်လွန်းလို့ တစ်ယောက် ပေါက်နဲ့၊ ခုကျတော့ လိမ္မာလို့ပါလား.."

"အဲ့ဒီတော့ သူကြီးသင်ပြရသက်သာတာပေါ့ဗျ.."

ချမ်းညတို့လုပ်ပြီ.. ၊

ချမ်းညက မထိတထိပြောတတ်ကာ သူကြီးကပုရွတ်ဆိ ကိုက်တာတောင် နှစ်လံလောက်ထခုန်တတ်တာ သိနေကြသဖြင့် ရွာ သားတချို့က ပြုံးစိစိနှင့်.. ၊

"ရတယ်လေ..ကျွန်တော်တို့ကိုဟင်းစားရစေချင်တဲ့ စေတ လေးရှိရင်တော့ သူကြီးဦးဆောင်လေ၊ မြွေကိုသွားရိုက်ကြမယ်.."

ဦးသာဒင်မျက်နှာကွက်ခနဲ ပျက်သွားကာ.. ၊

"မြွေရိုက်တာတောင် အဖော်ညှိနေတယ်ဟုတ်လား..မင်းတို့ ဖို့ကို ငါကအကုသိုလ်အတက်ခံပြီး သွားရိုက်ရမယ်.."

"အကုသိုလ်တက်မှာစိုးတာလား..ကြောက်တာလား ရှင်းရှင်း ပြောပါဗျာ.."

သိန်းထွန်းတို့ညီအစ်ကိုက ဦးသာဒင်ရဲ့အားနည်းချက်တွေ ကကြီးကနေအအဆုံးသိထားကြသဖြင့် ပြောချင်နေတာကြာပြီဖြ နေသည့်မျက်နှာတွေနှင့်.. ၊

"မင်းကလည်းငါတို့သူကြီးက အဲ့လောက်မကြောက်တတ်ပါ ဘူး..မိုးတွင်းတုန်းက ရေအင်တုံနားမှာ ပတ်ခွေနေတဲ့မြွေကို စိ လွတ်ကိုယ်လွတ် အုတ်ခဲနဲ့ထပေါက်တာ အင်တုံကြီးတောင်ကွဲသွ သေးတယ်.."



သူကြီးလည်ပင်းကြီး ဆတ်ခနဲရှည်ထွက်လာ၏။ ချမ်းညနားမ ည်နိုင်ဖြစ်နေစဉ်.. ၊

"ဟား ဟား ဟား မင်းမို့ပဲသိန်းထွန်းရာ..အဲ့ဒါမြွေမဟုတ်ဘူး၊ ကောင် တီကောင်မြင်လို့လန့်ဖျန့်ပြီး အုတ်ခဲကျိုးနဲ့ထုတာ.."

"ဟုတ်လား..ဟား ဟား ဟား ဟား.."

"ဟီး..ဟီး ဟား ဟား.."

ဘေးမှာမပြန်သေးသော ရွာသားတွေပါ ဝိုင်းရယ်ကုန်ကြလျှင်..

"ဟိတ်ကောင်တွေ..တော် တိတ်.."

သူကြီးဦးသာဒင် ပုဆိုးစနှစ်ဖက်'မ'၍ အော်ပစ်လိုက်လျှင် ရယ် သံတွေ တိတ်သွား၏။

"ငါ့ကို မင်းတို့ဘိုးအေထင်နေလား..ရီးလား ဟားလားနဲ့၊ တိတ် စမ်း.."

ဒေါသထွက်ရတဲ့အထဲ ရယ်ချင်ပတ်ကျိရုပ်တွေက ဘီလူးသံပု ရာသီး ကိုက်ထားတဲ့အတိုင်း.. ၊

သူကြီးက တက်ခေါက်ရင်း.. ၊

"ငါကပဲသူ့ရဲ့ဘော်ကြောင်ရဦးမယ်..ဟွန်း မြွေလောက်ကတော့"

"ဟာ..မြွေ.."

"သေစမ်းကွာ.."

သူကြီးမြောက်ခနဲထခုန်တာ အသံထက်မြန်နေ၏။ ရယ်သံတွေ ညံသွားလေသည်။

သူကြီးဦးသာဒင်ရဲ့ဖြစ်အင်.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၈)

"ကိုချမ်း.."

"ဟင်.."

"ရှင်တစ်နေ့လုံးသွားသွားနေတာ..အဲ့ဒီချောက်ကြီးနားက သ[illegible] လုံးတွေကို သွားစောင့်နေတာလား.."

"မစောင့်ပါဘူး..ဘယ်သူမှအသုံးမတည့်မယ့် ပစ္စည်းတွေကို ဘာလို့စောင့်ရမှာတုံး.."

ကညင်ဆီမီးခွက်လေးနဲ့ ဘာတွေလုပ်နေလဲသွားငုံ့ကြည့်တော့ မြေပုံလိုလို တောတောင်ရှုခင်းပန်းချီပုံလိုလို။ ကြိုးလေးအနားရောက် သွားတာတောင် တစ်ချက်ပဲမော့ကြည့်ပြီး စာရွက်နဲ့မျက်နှာအပ်မြဲ..

"ပြောစမ်းပါ..ရှင်တစ်နေကုန် အဲ့ဒီသစ်ပုံနားမှာ မဟုတ်ရင် ပန်း ပဲဖို့မှာလား.."

"အင်း..အဲ့ဒီမှာတော့ အလုပ်ကမပြတ်သေးဘူး.."

"ဒါဆိုလည်း အဲ့ဒီသစ်ပုံကြီးက ဘာအတွက်လဲ..ပန်းပဲဖို့မှာဘာ အလုပ်တွေ အရေးကြီးနေလို့လဲ၊ အဲ့ဒါတွေအကုန်မပြောနိုင်ရင်တောင် ကျွန်မအနည်းအကျဉ်းတော့ သိခွင့်ရှိတယ်မို့လား.."

"သိခွင့်ရှိတယ်လေ..ဒါပေမယ့် ဘာမှမှမလုပ်ရသေးတာ.."

"ဘာလုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်ကတော့ ရှိနေမှာပေါ့.."

ချမ်းညက ခဲတံကိုချထားလိုက်ပြီး ကိုယ်ကိုမတ်မတ်ပြင်ထိုင် လိုက်၏။ ညကညဉ့်မနက်သေးပေမယ့် တောလေ့အရတော့ လူမြေ တိတ်နေပြီဖြစ်သည်။ အပြင်ခေါင်းရင်းခန်းမှာ ဒေါ်နီတာလည်း အိပ် နေပြီမို့ ချမ်းညကလေသံကိုလျှော့ချ၍.. ၊



"မပြီးခင်ဗမာမမြင်စေနဲ့တဲ့.."

"ကျွန်မကရှင့်မိန်းမ.."

"မိန်းမမို့ ပိုပြီးမပြောချင်ဘူး.."

"ဘယ်လို.."

ဒါကိုပြောဖို့ပြင်တိုင်း ဟိုအကြောင်းရောက် ဒီအကြောင်းရောက် မေးဖြစ်ပြောဖြစ်တယ်လို့ မရှိခဲ့ပေ။ ဒီညတော့ ချမ်းညလည်းမ [illegible]သေး။ သူမလည်းမအိပ်နိုင်.. ၊

"ကျွန်မတို့ဒီမှာ ဧည့်သည်လိုအကြာကြီးနေလို့ မကောင်းဘူး [illegible]ချမ်း.."

ကြိုးလေးစကားသံက မာကြောလာသည်။ အပြာနုရောင်အင်္ကျီ [illegible]ကြီးက ဒေါ်နီတာ့အင်္ကျီကြီးဖြစ်သော်လည်း သူမကဘာဝတ်ဝတ် [illegible]သွားတယ်ဆိုတာမရှိပေ။ အလိုမကျသည့်မျက်နှာလေးက တင်း [illegible]တောင် မျက်တောင်ကော့လေးတွေပို၍ ထင်းနေသလိုရှိလျက် [illegible]ဖွယ်လေးဖြစ်နေခဲ့၏။ ချမ်းညက သူမမျက်နှာလေးကို စူးစိုက် [illegible]၍ နှုတ်ခမ်းတို့ ပြုံးယောင်သမ်းနေလျှင်.. ၊

"ရှင်ကျွန်မပြောတာကို စိတ်ဝင်စားရဲ့လားကိုချမ်း.."

"စိတ်ဝင်စားတာထက်တောင် ပိုနေသေးတယ်.."

ဒီလိုပြောတာကိုက ပြတ်ချော်ခြင်းအသွင်သက်ရောက်စေတာမို့ [illegible]လေးနှုတ်ခမ်းသားလေးတွေကို ဖိပိတ်ပစ်သည်။ ပြီးတော့ နေရာ [illegible]လိုက်လျှင်.. ၊

"ကြိုးလေး.."

"ခုတော့ ကြိုးလေးဖြစ်သွားပြန်ပြီလား.."

ဆွဲကိုင်လိုက်သည့်လက်ကို အတင်းခါချရုန်းပေမယ့် ချမ်းညက [illegible]တ်ဘဲ ပြန်ထိုင်ကျလာတဲ့အထိ ဆွဲထား၍.. ၊

"ကျွန်တော့်ရင်ထဲမှာ ခင်ဗျားနဲ့နီးရဖို့ချည်းပါပဲ..ပြီးတော့ ခင် [illegible]ကျွန်တော့်ကြောင့် ဂုဏ်သိက္ခာမညှိုးမှိန်ရဘူး၊ ရည်ရွယ်ထားတာ [illegible]တော့ အများကြီးရှိတာပေါ့မင်းသမီးရယ်..အဲ့ဒါတွေကို ခုနေပြော [illegible]လိုက်ရင် အားလုံးရယ်မှာပဲ၊ ဘာလို့လဲဆိုတော့ ဘာမှမဖြစ်မြောက် [illegible]တဲ့အချိန်မှာ ကျွန်တော့်စိတ်ကူးတွေက သစ်ငုတ်တိုကြီးလို အပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းနဲ့ အမြစ်ချိုင်ဖို့ကြံနေသလိုဖြစ်နေမှာ.."

ကြိုးလေးရှန်းဖယ်ဖို့တွေကို မေ့သွားကာ ချမ်းညမျက်နှာကို

နေခဲ့၏။

"ဘယ်သူတွေဘယ်လိုပြောပြော ကျုပ်အပြုံးမပျက်နေနိုင်တယ်

..ဘယ်တုန်းကမှလည်း သူများကဲ့ရယ်စကားကို ဂရုမစိုက်ခဲ့ဖူး

ဒါပေမယ့် အခုခင်ဗျားကဲ့ရယ်မှာကိုတော့ ကြောက်တယ်..ဘယ်

အထင်သေးသေး ကြီးကြီး ခင်ဗျားဆီကအထင်တကြီးရှိမှုကို လို

တယ်.."

"ကျွန်မက ရှင့်ကိုအထင်မြင်သေးတဲ့ပုံ ဖြစ်နေလို့လား..ရှင့်

ပြောနေတာက.."

"သူများတွေကဲ့ရယ်စကားကြောင့်ဆိုရင် မလိုဘူးမင်းသမီး

ကျွန်တော့်အတွက် မင်းသမီးရဲ့ယုံကြည်မှုပဲ လိုအပ်တာ.."

ပြောနေရင်း ကြိုးလေးရဲ့လက်ဖဝါးနဲ့ သူ့လက်ကို လက်

ချင်းထပ်ဆုပ်ပြီး ပါးမှာကပ်သည်။ ပြီးတော့ နှုတ်ခမ်းနဲ့ဖိကပ်

လိုက်ပြီး.. ၊

"ခင်ဗျားကိုချစ်တယ်..ကျွန်တော့်ထက်အသက်ငယ်မှန်းသိ

မယ့် ကိုယ့်ဇနီးဖြစ်နေပေမယ့် ခင်ဗျားကကျွန်တော့်အမြင်မှာ မင်း

မီးလေးတစ်ပါးပဲ.."

သူ့နှုတ်ခမ်းနဲ့လက်ခုံ ဖိကပ်နေသဖြင့် ကြိုးလေးပါးပြင်

တွေ နီလာကာ လက်ကိုပြန်ရုန်း၏။ ချမ်းညက လွတ်မသွား

အတင်းဖိဆုပ်ကိုင်ထားရင်း.. ၊

"ကျွန်တော့်ဘဝသက်တမ်းတစ်လျှောက်မှာ ဘယ်လိုလူ

ကိုယ့်ကိုယ်ကိုထက်ပိုပြီး အထင်တကြီးမဖြစ်ခဲ့ဘူး..ဒါပေမယ့်

ထဲမှာ ခင်ဗျားမပါဘူး..မြပုခက်ကြိုးဆိုတဲ့ နာမည်လေးကြားတည်

ကျွန်တော်နဲ့မထိုက်တန်တဲ့အမြင့်စံပန်းတစ်ပွင့်လို မြင်ယောင်ခဲ့တယ်

သူ့စကားသူပြောပြီး ရယ်ကာ.. ၊

"ပြီးတော့ ကျွန်တော်ရယူခူးဆွတ်ရမယ့်ပန်းလို့ပဲ သတ်မှတ်

တယ်..ခင်ဗျားနဲ့ပတ်သက်တာတွေအားလုံးက ကျွန်တော့်ရင်ထဲမှ

အနိမ့်အမြင့်တွေနဲ့ချည်းပဲ၊ ဒီနေ့အတူတူနေခွင့်ရတော့ အိပ်မက်မ



သလိုထင်ပြန်ရော.."

"ပြောတာတွေကတော့ ယုံချင်စရာမရှိသလိုပဲ.."

"ဘာဖြစ်လို့လဲ.."

"ရှင့်စကား ရှင့်အမူအရာတွေထဲမှာ ကျွန်မဘာယ်နေရာမှ မပါ

ဘူးလို့ ခံစားနေရလို့လေ.."

"အဟွန်း.."

"ဘာရယ်တာလဲ.."

"ကျွန်တော့်အတွက်အရာရာဟာ ခင်ဗျားပဲဆိုတာ ပေါ်လွင်ထင်

ရှားအောင် သက်သေပြနိုင်တဲ့အချိန်ကျရင်သာ တော်တော်ကဲတဲ့လူဆို

ပြီး မငြိုငြင်နဲ့.."

မျက်စောင်းလေးရွယ်ပြီးမှ ပြုံးလိုက်တော့ ချမ်းညရင်ထဲမှာ လ

ှိုင်းသာသွားသည်။ ပြီးတော့ လက်ဖဝါးလေးကို မချင့်မရဲဖျစ်ညစ်

ဆုပ်ထားမိရင်း အနားထပ်တိုး၍.. ၊

"ခင်ဗျားရော ကျွန်တော့်ကိုနည်းနည်းပါးပါး မေတ္တာမရှိဘူး

လား.."

"မရှိဘူး.."

"ဟား..ပျော်စရာကြီး.."

တကယ်ဝမ်းသာအားရကြီးပြောလိုက်သဖြင့် ကြိုးလေးကြောင်

တောင်တောင်ဖြစ်သွားသည်။ ပြီးတော့ သူ့ပခုံးကိုထု၍.. ၊

"ရှင့်ကိုမချစ်ဘူးလို့ပြောနေတာ.."

"အဲ့ဒါကိုက အရမ်းချစ်နေပြီလို့ ဖြေလိုက်တာပဲ.."

"မဟုတ်ဘဲနဲ့.."

အစ်အောက်ထုတ်လိုက်တော့လည်း ကြိုးလေးမညာတတ်ပေ။

ပါးပြင်လေးတွေ ပန်းနုရောင်သမ်းလျက် ချက်ချင်းမျက်နှာလွှဲ၏။

"ဒီမှာသိလား..လူတွေက ကိုယ့်ရဲ့အမှန်တရားကို ဖုံးကွယ်ချင်

ကြတယ်၊ ကိုယ်တန်ဖိုးထားဆုံးအရာကို သိုသိတ်တယ်..ဥပမာခုန

က မေးခွန်းကိုချက်ချင်းဖြေတာမျိုးပေါ့၊ ကျွန်တော့်ကို တကယ်မချ

နိုင်ဘူးဆိုရင် ခင်ဗျားအားနာသွားမယ်..တိတ်သွားမယ်၊ ပြီးမှ

"တော်ပါ..ဟွန်း.."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလို့ငြင်းချင်လားပြော.."

"သိပ်လည်တဲ့လူ.."

"နည်းနည်းပါးပါးပါ.."

ချမ်းညကကြိုးလေးရဲ့ခါးလေးကို သိမ်းပွေ့ကာ ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်သည်။ ပြီးတော့ ကျောပြင်ထ မှာ ဝဲဖြာဖြန့်ခင်းနေသော ဆံနွယ်တွေကို တယုတယပွတ်သပ်နမ်း ရှိုက်ပြီး ရွှေလည်တိုင်နုနုမှာ မျက်နှာဖိကပ်ထားရင်း.. ၊

"ကျွန်တော်ခင်ဗျားနားကို မကပ်ချင်ဘူး..ဒါကြောင့် ခင်ဗျား မျိုးထင်နေမှာလည်း စိုးတယ်၊ တကယ်က ဘာလဲသိလား.."

သူကကြိုးလေးရဲ့ပါးပြင်ညက်ညက်လေးကို သူ့နှုတ်ခမ်းနှင့် ထိတထိကပ်၍.. ၊

"ခင်ဗျားကို ငါ့မိန်းမပဲဆိုတဲ့ စိတ်ကြီးဝင်လာမိမှာစိုးလို့.."

"ဘာဖြစ်လို့လဲ..မဟုတ်လို့လား.."

ထိုစဉ် ကညင်ဆီမီးရောင်က ဖျော့ကျအားနည်းသွားကာ အတွင်းမှာပဲ မှောင်ကျသွား၏။ ဒါပေမယ့် အမှောင်ထုကိုလည်း တိမထားမိဘဲ တစ်ယောက်ကိုတစ်ယောက်ဖက်တွယ်မှီနွဲ့ထားကြ

"ဟုတ်တယ်..ဒါပေမယ့် ကျွန်တော်အဲ့လိုမဖြစ်ချင်သေးဘူး၊ ဗျားကိုတင့်တောင့်တင့်တယ် မထားနိုင်သေးဘဲ သူများအိမ်ပေါ် အကြင်လင်မယားအရာ မမြောက်ချင်ဘူး..ကိုယ်သာယာသွားတဲ့ ခြေအနေတစ်ခုမှာ နစ်မျောသွားခဲ့ရင် ဒီ့ထက်ခက်ခဲတဲ့အခြေအနေ ဘယ်လိုရုန်းထွက်နိုင်တော့မှာလဲ..နောက်ဆို ကျွန်တော်တို့မှာ သမီးတွေနဲ့ ဖြစ်လာတော့မှာ.."

ကြိုးလေးရင်ထဲမှာ ကြည်နူးမှုတွေ အတိုင်းအဆမရှိဖြစ်ထွ လာခဲ့သည်။ 'ငါမမှားခဲ့ဘူး'ဆိုသည့် ပီတိစိတ်နှင့် မျက်ရည်များပ လည်မိခဲ့၏။ လူများတကာနဲ့ ဆက်ဆံပြောဆိုရာမှာ အလေးမထာ တတ်သော ကြွကြွရွရွသစ်လွင်တောက်ပမှုများနှင့် နေထိုင်တတ် ဘယ်အလုပ်မဆို ခေါင်းခါသည်ချည်းရှိခဲ့သော.. ၊

ထိုယောကျ်ားက သည်သို့သောအတွေးအခေါ်ဆင်ခြင်နိုင်မှု ရှိနေခဲ့သည်ဆိုတာ ယုံနိုင်ဖွယ်ပင်မရှိ။ သူပြောသလို တကယ်ဖြစ်လာ



လာ ကြိုတင်မသိနိုင်သော်လည်း လက်ထပ်ပြီးတည်းက ခုချိန်ထိ သူမအပေါ်မှာ တန်ဖိုးထားဆင်ခြင်ခဲ့သောအရာရာသည်.. ၊

"ကျွန်တော်သွားအိပ်တော့မယ်.."

"ဟင်.."

ကြိုးလေးရဲ့နှုတ်ခမ်းလေးကို ဖျတ်ခနဲခိုးနမ်းလိုက်ပြီး ပွေ့ဖက် ထားသည့်လက်တို့ကို ဖြည်၍.. ၊

"တော်ကြာ ကျွန်တော်.."

"ကိုချမ်း.."

"ဟင်.."

"အပြင်မှာလေတိုက်ပါတယ်..ရှင်ဒီဘက်မှာပဲ အိပ်လို့ရသားနဲ့.."

"မရလောက်ဘူး.."

ချမ်းညရယ်သံသဲ့သဲ့နှင့် ကြိုးလေးမျက်နှာလေးကို ကြည့်နေ၏။ မှောင်အတိကျသွားသော်လည်း အမှောင်နဲ့ကျင့်သားရလာသည့် မျက် လုံးထဲမှာ သူမရဲ့အရိပ်လေးကပဲ ပီပြင်စွာမြင်နေရသည့်နှယ် အကြာ ကြီးတိတ်နေပြီးမှ တိတ်ဘခိုးသက်ပြင်းချမိရင်း.. ၊

"ကျွန်တော်က မိန်းမလျာဆိုလည်း ကောင်းသား.."

ခပ်တိုးတိုးပြော၍ နေရာမှခွာသည်။ မချင့်မရဲစိတ်က မပြတ် သားသော်လည်း ကိုယ့်ကိုယ်ကိုဆုံးမ၍ အပြင်ထွက်လာခဲ့၏။ ဖြစ် ပေါ်လာသည့် ဆန္ဒမှန်သမျှကို ထိန်းချုပ်နိုင်ရမည်။ ထိန်းသိမ်းစောင့် စည်းနိုင်လေ အောင်မြင်ဖို့နီးလေ.. ၊

မင်းတကယ်ချစ်ရင် ယောကျ်ားပီပီသသသ စောင့်ထိန်းလိုက် တော့ချမ်းည. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

"အမေ့.."

"ဟေ.."

"ကျုပ်တို့ရွာသားတွေ ရှုးကုန်ပြီလား.."

"မသိပေါင်.."

ထမင်းစားပြီး ပလုတ်ကျင်းနေတုန်း ပြတင်းပေါက်ကနေ လှမ်း မြင်လိုက်သဖြင့် အံ့ဩသွားခဲ့သည်။ သေချာကြည့်လေ ဘာဖြစ်နေကြ တာမှန်းမသိလေ.. ၊

ရွာသားတွေနှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲသွားနေကြ သည်။ တစ်ယောက်တလေက ပုဆိုးပြင်ဝတ်နေရင်း အပြေးတပိုင် ကနေ ပြေးသွားတဲ့အထိ အလျင်စလို။ ကလေးတွေကျတော့ တစ် ခုအော်ပြီး ပြေးသွားနေကြ၏။ တူညီတာတစ်ခုက အရပ်မျက်နှာတ ဖက်တည်းကိုပဲ ဦးတည်သွားနေကြတာဖြစ်ရာ.. ၊

"တစ်အိမ်အိမ်မှာများ ဆွမ်းကျွေးရှိနေတာလား.."

"ဆွမ်းကျွေးရှိလည်း ဘုရားသံဃာအတွက်တစ်ဖွန်းတစ်ယော မပဲ တတ်နိုင်မှာပေါ့ သာဒင်ရယ်.."

ဒေါ်အေးသာက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို နှစ်ဖွာသုံးဖွာ ဖွာပြီးမှ ဘောမှာဒီတိုင်းချထားဖို့ ကြမ်းကြားရှာနေလျှင်.. ၊

"ဟာ..အမေ့မလုပ်နဲ့လေ၊ ဘယ်မှာတုံးအမေ့ဆေးလိပ်ခွက်.."

"အောက်မှာကျန်ခဲ့လားမသိတော့ပါဘူး..ဘာဖြစ်လို့တုံး၊ ဒါ ဆေးလိပ်ဘယ်မှာချချ ဘယ်တုန်းကမီးလောင်ဖူးလို့လဲ.."

ပြောပြီးတာနှင့် ကြမ်းကြားမှာသေချာချ၏။



"လောင်လိုက်တာမှ ဝါးကြမ်းခင်းတစ်ခုလုံး အညိုအမည်းတွေ စွဲနေတာ ကျားသစ်ရေခင်းထားတဲ့အတိုင်းပဲ.."

"ပေါက်တတ်ကရတွေမပြောပါနဲ့..အဲ့ဒါနင့်ကွမ်းခွေးတွေ(ကွမ်း တံတွေး)လေ.."

ဦးသာဒင်ပါးစပ်ပိတ်သွားသည်။ ကွမ်းတံတွေးထွေးပြီဆို သူ ရောညီဖြစ်သည့် ဦးမြဒင်လည်းအတူတူပင်။ အထူးသဖြင့် ညဘက် ကွမ်းဝါးသည့်အခါ ကြမ်းပေါ်ဖြစ်၍ ပါးစပ်နဲ့ကပ်ထွေးလိုက်တာပင်။ ထိုအခါ ကြမ်းခင်းကြားထဲကနေ လျှောခနဲကျသွားတာရှိသလို ကြမ်း ပေါ်မှာတင်ပြီးမှ ကျတာလည်းရှိ၏။

ဘာပဲဖြစ်ဖြစ် တစ်နေရာတည်းမှာ ခဏခဏစွန်းထင်းနေသ ဖြင့် ကြမ်းမှာအကွက်ထင် အရောင်စွဲလာတာဖြစ်သည်။

"နေရာတကာဆရာမလုပ်စမ်းပါနဲ့..ပြော ခုနကိစ္စ ရွာထဲကလူ တွေပြေးလွှားနေကြတာကို ပြောတာလား.."

"ဟုတ်တယ်.."

ဦးသာဒင်က ခေါင်းညိတ်လိုက်ပြီး ခြံရှေ့လမ်းဆီကို လှမ်း ကြည့်ပြန်ကာ.. ၊

"ဟိုတစ်ခါအေးစိန်မ မြွေညို့ခံရတဲ့ဘက်ကို သွားနေကြတာ.. ဖြစ်ပြန်ပြီလားမသိဘူး.."

"ဟုတ်နိုင်ပါဘူးဟယ်..အေးစိန်မလေးဖြစ်ပြီးတည်းက မှတ်ကြီး တို့အုပ်စုတွေ အဲ့တောင်ပို့ကိုသွားဖြိုထားတာ ဘာမြွေမှမရှိတော့ဘူး.."

"ဒါဆိုရင်တော့ အလှူအိမ်ရှိတာသေချာပြီအမေ..ရွာသားတွေ ငက်ငက်နဲ့ အလှူအိမ်မှာနင်းတုတ်ဖို့ ပြေးကြတာ.."

ဒေါ်အေးသာစိတ်မရှည်သည့်မျက်နှာနှင့် ဦးသာဒင်ရပ်နေသည့် ပြတင်းပေါက်နားလာရပ်ပြီး မှုန်နေသည့်မျက်စိကို မျက်မှောင်ကုတ် ၍ သေချာစူးစမ်းကြည့်ရင်း.. ၊

"အင်း..ခုသွားနေတာ စပ်စုမတို့သားအမိတွေလား.."

အားမလိုအားမရမျက်လုံးပေါ်မှာ လက်ဖြန့်ကာ၍ သဲကွဲအောင် ကြိုးစားကြည့်နေသည့် ဒေါ်အေးသာကို ဦးသာဒင်ပြန်ငုံကြည့်ကာ..

"လမ်းနဲ့အဝေးကြီးထိ အမေကမြင်တာလား.."

www.burmeseclassic.com

www.burmeseclassic.com



"မမြင်ရအောင် ငါကကန်းနေတာမို့လို့လား.."

"ကျွန်တော်ကတော့ မြင်နေရရုံနဲ့ မဖြစ်သေးဘူးအမေရ..သူတို့ လာမပြောကြရင်လည်း ကိုယ့်ဘာသာပဲလိုက်မေးရတော့မှာပဲ၊ လူကြီး လုပ်ရတာ အတော်မလွယ်တာဗျ.."

ဒေါ်အေးသာက ဦးသာဒင်လှေကားကနေ ဆင်းသွားတာကို နောက်ကနေ လှမ်းကြည့်ရင်း.. ၊

"ဟုတ်ပ..ငါ့သားလို ကိုယ်အုပ်ချုပ်တဲ့ရွာမှာ ဘာဖြစ်လို့ဖြစ်နေ မှန်းမသိတဲ့ လူကြီးမျိုးလည်းရှားသကိုး.."

ကိုယ့်အမေပြောလိုက်တဲ့အသံကို သေချာကြားလိုက်သည်။ ဦး သာဒင်မျက်နှာကြီးလည်း မဲ့သွား၏။ သို့သော် သူများချီးနှိမ်ပြောလာ ရင် မကြိုက်တတ်သည့်အမေသည် သူကိုယ်တိုင်ကတော့ ဒီသားနှစ် ယောက်ကို ခေါင်းကနေခြေဖျားထိ တစ်လက်မမှအကောင်းမကျန် အောင် ပြောလည်းပြောနိုင်လွန်းတဲ့အမေပါ.. ၊

ရှိစေတော့ ဟုသဘောပိုက်၍ ခြံပြင်ကိုခပ်သုတ်သုတ်ထွက်လာ ခဲ့သည်။ ညီဖြစ်သူ ဦးမြဒင်နှင့်မျက်နှာချင်းဆိုင်တိုးမိပြီး.. ၊

"မင်းတော့သွားပြီသာဒင်.."

"ဘာတုံး..အရင်းမရှိအဖျားမရှိ.."

"ဟဲ..ဟဲ.."

ဦးမြဒင်က ခပ်ပြောင်ပြောင်နဖူးကို ပွတ်၍ တဟဲဟဲရယ်ရင်း ဦးသာဒင်နဲ့ခေါင်းချင်းတိုက်မတတ် ကပ်ကာ.. ၊

"ငါကရွာသူကြီး..ဟိုပေါက်စလေးက ငပျင်းလေးပဲဆိုပြီး ဟို မင်းသမီးကို ညတိုင်းအိပ်မက်မက်နေတာ ငါသိပါတယ်သာဒင်ရာ.."

"ဟာ..ဟိတ်ကောင်၊ မင်းတော့နော်.."

"ဟဲ ဟဲ ဟဲ..အခုမင်းစိတ်မကူးနဲ့တော့၊ ချမ်းညဆိုတဲ့လူချော လေးက မင်းထက်အပုံကြီးသာသွားပြီ.."

"ဘာ..ဘာပြောတယ်.."

"ဟား ဟား..သနားပါဘိတော့သာဒင်ရာ.."

ဦးမြဒင်က ပြောချင်ရာပြောပြီး ခြံထဲဝင်သွားလေသည်။ ဒီ ကောင် ဘာပြောသွားတာလဲ.. ၊



ချမ်းညက အပုံကြီးသာသွားပြီဆိုတာ ဘာကိုပြောတာပါလိမ့်။ ...တယ် နာတယ်တွက်ရအောင် ဒီကောင်လေးနဲ့ကိုယ်က မိန်းမပြိုင် ...နေကြတာလည်း မဟုတ်။ တွေးရင်း စိုးရိမ်စိတ်တွေဝင်လာသည်။ ...များသားမယားမှန်းသိရက်နဲ့ ချောလွန်းလှလွန်းတာကို မျက်စိထဲ ...ဖျောက်မရအောင်တပ်မက်နေခဲ့မိတာတွေ ဒီကောင်လုပ်တာနဲ့ လူ ...သိကုန်ရင် ခက်ပြီ.. ၊

ဦးမြဒင်ပြောသွားတာကို စိတ်ဝင်စားမိတာရော ကိုယ့်ဘာသာ ...ပြောမလုံတဲ့အတွေးတွေ ဝင်နေတာရောပေါင်းကာ ဦးသာဒင်ရဲ့ခြေ ...မ်းတွေ ကျဲလည်းကျဲမြန်လည်းမြန်နေ၏။ သူ့ရှေ့ကို များများသွား ...လေ လူတွေပိုများနေတာ တွေ့ရလေ.. ၊

ထိုစဉ် ပန်းပဲဦးတင်လှကြီးက တောင်းအခွံတစ်လုံးနှင့် အိတ် ...ကြီးတစ်ခုကို တစ်ဖက်စီကိုင်လာကာ ပြုံးပြုံးကြီးလျှောက်လာတာ ...င်လိုက်ရသဖြင့်.. ၊

"တင်လှ.."

ဦးသာဒင်က ရှေ့ကနေပိတ်ရပ်ထားလိုက်ပြီး ကိုင်ထားသည့်ဦး ...တင်လက်ထဲက ပစ္စည်းတို့ကို သေချာကြည့်ကာ.. ၊

"ဘယ်ကပြန်လာတာတုံး.."

"သူကြီး..ဟဲ ဟဲ၊ ဒီနေ့အလုပ်အပ်ရတယ်လေ..အလုပ်ပြီးလို့ ...ည်းပျော်တယ်၊ ပိုက်ဆံလက်ငင်းရလို့လည်းပျော်တယ်..ကျုပ်တစ် ...က်မှာ အလုပ်တွေမနားတမ်းလုပ်ရတာရော ပိုက်ဆံများများကိုင်ရ ...ရော ဒါပထမဆုံးပဲဗျ.."

"ပြောစမ်းပါဦး..မင်းဆီကိုဟိုကောင်လေး.."

"အစစ်ပေါ့ဗျာ..ကျေးဇူးရှင်လေး သူတော်ကောင်းလေးလေ၊ ဘု ...ားပေးတဲ့ဆုလေး.."

မေးတာကိုမဖြေဘဲ ကောင်းချီးတွေရေရွတ်နေတာ မပြီးနိုင်။ ဦး ...သာဒင်နားကလောစွာရှိနေပေမယ့် ဘာမှလည်းမပြောသာဘဲ နား ...ထောင်နေခဲ့ရလျက်.. ၊

"အေးပါ..ပြီးရင်လည်း ဆက်ပြောပါဦး.."

"ဘကြီးတင်ရေ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟေး.."

စကားမဆက်နိုင်ရတဲ့အထဲ ကာလသားတစ်သိုက်က လှမ်းေ ပြန်ကာ.. ၊

"နောက်ထပ်စို့အကြီး ကိုးချောင်းထပ်လုပ်ပေးပါတဲ့..အမြန်တဲ့"

"ဟေ..အေး အေး.."

ဦးတင်လှဝမ်းသာအားရ ထွက်သွားမည်ပြင်လျှင် လက်ကို မန်းကတန်း ဆွဲထားလိုက်ရ၏။

"ဘာတွေလုပ်နေကြတာတုံး..တစ်ရွာလုံးကျုပ်ကို ရှိသေးတယ် တောင်မမှတ်ပါလား၊ အခုပြောပါဦး..ဘယ်မှာစာဘူးတောင်းလုပ်နေ ကြတာတုံး.."

"အာ..သူကြီးကလည်း ပြောရော့မယ်၊ စာဘူးတောင်းလုပ်ဖို့ ကျုပ်လို အလွန်တရာလက်ရာကောင်းတဲ့ ပန်းပဲဆရာလိုပါ့မလား သိချင်ရင် သူကြီးဆက်သွားကြည့်လိုက်ပါ၊ ကျုပ်တို့ရွာသူဌေးဖြ တော့မှာဗျ.."

"ဘယ့်နှယ့်..ဘယ့်နှယ်.."

"ဟား ဟား ဟား..သွားကြည့်လိုက်ပါဆိုမှသူကြီးရယ်၊ ကျုပ်က တော့ အလုပ်သစ်လေးလက်စသပ်ပေးလိုက်ဦးမယ်.."

ပြောပြီး အသက်အရွယ်နဲ့မလိုက်အောင် ပြေးထွက်သွားလေ သည်။ အနားကဖြတ်သွားကြသည့် ရွာသားတွေလည်း ပြုံးရယ်တာ ကြွနေကြတာ မြင်ရသဖြင့် ဘာမှန်းလည်းမသိရပေမယ့် ဦးသာဒင် ချင်စိတ်တွေရော သူတို့ရဲ့တက်ကြွမှုတွေပါ ကိုယ့်ထံကူးစက်လာ လို ခံစားလာရကာ အပြေးတပိုင်းလျှောက်တော့သည်။

သိပ်မကြာခင်မှာ လူတွေစည်ကားနေသည့် ချောက်ထိပ် ရောက်လာခဲ့၏။ ချောက်ဆိုပေမယ့် အနက်ကြီးလည်းမဟုတ်။ တိမ် လည်းမတိမ်ပေ။ ပိုဆိုးတာက ရွာဘက်ခြမ်းနှစ်မိုင်လောက်ထိ တက်ဖို့ဆင်းဖို့ မလွယ်ကူရတဲ့အထိ ပြတ်ရွှေ့ကြောင်းကဲ့သို့ မ စောက်နေခြင်းပင်.. ၊

ထို့ကြောင့် ဒီဘက်ကနေ ဘယ်အရပ်မျက်နှာကိုမှ ဖြတ်သ သွားလာလို့ မရခဲ့တာ အတော်ကြာခဲ့ပြီဖြစ်၏။ ဦးသာဒင်ချော



ထိပ်မှာ ဘာလုပ်နေကြသလဲ သိချင်ဇောဖြင့် သွားကြည့်လိုက်မိကာ..

"ဟော့..ဒီမှာဘာလုပ်နေကြတာတုံး.."

မေးနေရင်း မြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့၏။ ချောက်ကို ့က်ခမ်းဖြိုချနေကြတာဖြစ်ကာ လူငယ်တွေနဲ့ကလေးတွေက အပေါ် ကနေ ဖြိုချဖို့လက်နက်မျိုးစုံနှင့် တိုက်ဖျက်နေကြကာ ချောက်ထဲမှာ က လူကြီးတွေဖြစ်၏။

ထိုထဲမှာ ချမ်းညလည်းပါနေကာ မြေကြီးထဲကတိုးထွက်နေ သော မြစ်ဆုံတစ်ခုပေါ်မှာ ထိုင်နေ၏။ ပြီးတော့ လှေကားထစ်လုပ် နေသူတွေကို သူကဘာတွေညွှန်ကြားနေသည်မသိ.. ၊

"တွေ့လားသူကြီး..အဲ့ဒါသူကြီးပြောတဲ့ သူခိုးဓားပြလည်းဖြစ်နိုင် တယ်ဆိုတဲ့ ဧည့်သည်လေ.."

ပြောသူကိုလှည့်ကြည့်လိုက်တော့ ဒေါ်နီတာနဲ့ရွာသားနှစ် ယောက်။ ဒေါ်နီတာက ထမီတိုတိုဝတ်ထားသည့်ပြင် အကျီလက် မောင်းတွေကို ဆွဲတင်လိုက်ရင်း.. ၊

"လူတစ်ယောက်ကို သူ့ရဲ့ကြန်အင်လက္ခဏာကိုကြည့်တာနဲ့ ဘယ်လိုလူလဲဆိုတာ တန်းခနဲသိနိုင်အောင် သန့်ပြန့်ဝင်းထိန်နေတာ မျိုးလေ..ခုတော့ ကျွန်မတွေ့ဖူးခဲ့ပြီသူကြီးရဲ့၊ ဟဲ ဟဲ..ကျွန်မယုံကြည် နေတာ အဲ့ဒီကလေးကိုသိလား၊ သူကအဲ့ဒီလိုဆုတောင်းကောင်းနဲ့ မွေးလာတဲ့ ကလေးမျိုးပဲဆိုတာ.."

"လေလုံးကလည်း ကြီးပါ့ဒေါ်နီတာရယ်..အခုဘာတွေလုပ်နေ ကြတာတုံး၊ ဒီရွာမှာကောင်းတာဖြစ်ဖြစ် ဆိုးတာလုပ်လုပ် ကျုပ်ကို အသိပေးရမယ်ဆိုတာ နားမလည်ကြဘူးလား.."

"နားလည်တယ်လေ..ဒါပေမယ့် ကောင်းတာလုပ်မှန်းသိရင် တော့ ကျေနပ်မှာပဲလို့ တွေးထားတာကိုး၊ ဘာလဲ..သူကြီးက ကျွန်မ တို့ရွာ ချမ်းသာပွင့်လန်းမှာကို မလိုလားတဲ့လူလား.."

"ဘာဗျ.."

"သူကြီးကလည်းဗျာ..ကိုလူချောက သူ့ပိုက်ဆံတွေသုံးပြီး ကျုပ်တို့ရွာကို တံတားဆောက်လမ်းဖောက်လုပ်ပေးနေတာ၊ ဒီ ချောက်ကြီးကြောင့် ကျုပ်တို့အားလုံး မြို့နဲ့ဆက်သွယ်ရလမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ဖွံ့ဖြိုးနေတဲ့ ရွာကြီးတွေနဲ့ အဆက်အသွယ်ပြတ်တောက်နေတာ ဘယ်လောက်ကြာခဲ့ပြီလဲ.."

"မင်းကဘာတွေ လာနားချနေတာတုံး..ချောက်ထဲကိုဆင်းဖို့ လှေကားထစ်ထွင်းတာ ဘာများခက်လို့လဲ၊ ဒီချောက်ကိုကူးနိုင်ရင် တို့ရွာအဆက်အသွယ်တွေ ပြန်ကောင်းလာမှာလို့ ငါအစတည်းက မပြောနေဘူးလား.."

"ပြောတာကတော့ လူတိုင်းပြောတတ်တာပေါ့သူကြီးရဲ့.."

"ဘာတွေပြောနေကြတာတုံး..သူကြီးကိုယ်တိုင် ချောက်ထဲဆင်းတော့မှာလား.."

သူတို့နားကို ရွာသားတွေစုပြုံရောက်လာသည်။ ပြီးတော့ အားလုံးက ချမ်းညတော်ကြောင်း သူညံ့ကြောင်း။ ထိုစဉ် ချမ်းညချောက်ထိပ်ပြန်တက်လာပြီဖြစ်ကာ.. ၊

"သူကြီး ဘယ်တုန်းကရောက်နေတာလဲ.."

"ခုမှမြင်တာ ခုမှရောက်လို့ပေါ့ကွ.."

ရှက်လည်းရှက်နေမိသည်။ ချမ်းညမျက်နှာ ပြုံးနေတာကိုမြင်လိုက်တိုင်းလည်း စိတ်တိုပြီးသားဖြစ်နေခဲ့လျက်.. ၊

"မင်းကငွေနဲ့ပေါက်ခိုင်းတော့ ငွေလိုချင်နေတဲ့ ငါ့လူတွေက အမြီးနံ့ပြီး ဝိုင်းလုပ်ကြသပေါ့.."

ပြောရင်း ခါးနှစ်ဖက်ထောက်၍ ချောက်ထိပ်ကနေ အောက်ကို ငုံ့မိုးကြည့်၏။

"ငါခိုင်းတုန်းက အဲ့လိုလုပ်ကြရင် ဒီချောက်ခုချိန်ထိ ဒီလိုဖြစ်နေမှာ မဟုတ်ဘူး..ရွာကိုကစည်းလုံးမှုမရှိတာ၊ ငါ့ရပ်ရွာဆိုတဲ့စိတ် တော့မရှိကြဘဲ ဘာဖြစ်ဖြစ် လာဘ်လာဘလေးမြင်မှာ.."

"ဟာ..သူကြီးကတော့ပြောတော့မယ်ဗျာ၊ အူမတောင့်မှ သီလစောင့်တာလေ..သူကြီးခိုင်းတာ လိုက်လုပ်ပေးနေရင် ကျုပ်တို့မယား သားသမီးတွေ ဘာနဲ့စားမတုံး.."

"ဟုတ်ပ..ပြောလိုက်ရင် သူ့အပြစ်မရှိဘူး.."

"ဘာတုံး..ငါ့အပြစ်ဆိုတာ.."

ဘယ်သူတွေဝိုင်းပြောနေနေ သူကြီးကလှည့်ပတ်ငေါက်ငမ်း



လျက်ရှိကာ.. ၊

"ဒီလှေကားထစ်လေးတွေလုပ်တာ ဘယ်လောက်ခဲယဉ်းလို့တုံး ..နင်တို့လူအင်အားနဲ့လုပ်တာ ဒီတစ်နေ့နဲ့ ဒီလိုဖြစ်သွားတယ်မို့လား.."

ချမ်းညက နားထောင်နေပြီးမှ ပြုံးလိုက်ရင်း.. ၊

"ဘာအကူအညီမှမပါဘဲ စားပွဲပေါ်မှာဘဲဥထောင်ပြတဲ့ ကိုလံဘက်ကို ပြောသလိုပဲနော်.."

"ဟုတ်တယ်..ဟုတ်တယ်၊ အဲ့ဒါကိုပြောချင်တာ ငါခုနအစဖော်မရလို့.."

ရွာသားတစ်ယောက်က ပုဆိုး'မ'ရင်း နောက်ကနေ လှမ်းအော်ပြော၏။

"သူများလုပ်ပြမှ ဒီလိုမျိုးတော့ ငါလည်းလုပ်တတ်တယ်..လွယ်လွယ်လေးဆိုပြီးလေ၊ လှေကားထစ်လုပ်ရတာ လွယ်ရင် ဟိုဘက်မှာ နည်းနည်းလောက်လျှောက်သွားကြည့်လိုက်ပါဦး..ဘာရှိလဲသိရအောင်.."

ဦးသာဒင် အံ့သြရပြန်၏။ ချောက်ထဲကဆင်းပြီး ဟိုဘက်ကူးလို့ရအောင် လှေကားထစ်လုပ်နေသည်ထင်ကာ ကြိုးလှေကားပဲ ငါချပေးမယ်လို့ အားပါးတရပြောဖို့ကြံတုန်း.. ၊

"လာပါသူကြီးရ..ကျွန်တော်လိုက်ပြပါ့မယ်.."

ချမ်းညက သူကြီးလက်ကိုဆွဲ၍ ချောက်ထိပ်အတိုင်းအထက်ပိုင်းကို လျှောက်သွား၏။ ဦးသာဒင်က လက်ကိုဆောင့်ရုန်းလိုက်ပြီး စူပွပွမျက်နှာကြီးနှင့် တိတ်ဆိတ်စွာပါလာကာ.. ၊

"ဘာလဲဟ..ငါကဘယ်ထိလိုက်နေရမှာလဲ.."

"ရောက်ပြီ.."

သူတို့နောက်မှာလည်း ဒေါ်နီတာတို့လူစုပါလာကြကာ.. ၊

"ဟိုမှာ တံတားကြီး.."

ဟင်.. ၊

သစ်လုံးကြီးတွေကို ကမ်းပါးထိပ်နှစ်ဖက်နဲ့တံတားလုပ်ထားသည်။ အလယ်နှစ်ပေလောက်ပဲ ပျဉ်ပြားခင်းမယ့်ပုံရှိကာ ခုတော့သစ်လုံးကြီးတွေက မျဉ်းပြိုင်တွေကဲ့သို့ အခင်းမပါသေး.. ၊

www.burmeseclassic.com

www.burmeseclassic.com



ချမ်းညက တိုင်တွေကိုလက်ညှိုးထိုးပြရင်း.. ၊

"အဲ့ဒီတိုင်လုံးတွေမှာ ဒီဘက်ထိပ်ကစပြီး စရှေးဖောက်မယ်.. ခင်းမယ့်ပျဉ်းချောင်းတွေအတွက်ပေါ့.."

"နေပါဦး..မင်း မင်း ဒါကြီးတွေကို ဘယ်လိုလုပ်.."

မယုံနိုင်အောင်အံ့သြနေသည့်အဖြစ်က စကားတွေလည်းထစ်ငေါ့လျက် လက်ညှိုးထိုးတာတောင် တန်းတန်းမတ်မတ်မထိုးနိုင်ဘဲ ကတုန်ကယင်.. ၊

"ဒီဘက်က တစ်ဖက်စွန်းမှာစို့ရိုက်ထည့်ပြီး ကြိုးနဲ့ထိန်းထားလိုက်တာ..ဟိုဘက်ထိပ်ပို့မယ့်တန်းဖျားကိုတော့ ချောက်ထဲကနေ ဂျနဲ့ထောက်ပြီး ထိန်းပေးရတာလေ၊ လူအင်အားနဲ့ပဲ ခက်ခက်ခဲခဲလုပ်ယူရတာ.."

တကယ်တမ်းကျတော့ ဆင်းလို့မရအောင် နက်ရှိုင်းတာမဟုတ်ပေ။ ထိပ်နှစ်ဖက်က အကျယ်ကြီးလည်းမဟုတ်ဘဲ လူတစ်ရပ်လောက်နဲ့တော့ ဘယ်လိုမှ မကူးနိုင်တာကြောင့် စွန့်လွှတ်ထားခဲ့ကြတာဖြစ်သည်။

"ဒီတိုင်တွေ မင်းဘယ်လိုရှာလိုက်တာတုံး..နေပါဦး လှေကားတွေလည်း လုပ်နေသေးတယ်၊ မင်းရည်ရွယ်ချက်က ဘာတုံး..ချောက်ထဲက ဆင်းသွားခိုင်းမှာလား၊ တံတားနဲ့ကူးရမှာလား.."

"ချောက်ကိုကူးဖို့က တံတားနဲ့ပါပဲ..တိုင်တွေရှာတာကလည်း တကယ်ရှာရင် တကယ်တွေ့ပါတယ်၊ ကျွန်တော်တို့ရွာမှာ လမ်းပမ်းဆက်သွယ်ရေး ဘာမှမရှိတဲ့အတွက် ချို့တဲ့ခက်ခဲနေတာ..ကျွန်တော် ဒါကိုသိလိုက်တာနဲ့ ဒီချောက်ကို ပြင်ဆင်ဖို့ကြိုးစားတာဆိုပါတော့.."

"ဒါများကွာ..ငါ့ရွာဖွံ့ဖြိုးရေးအတွက် ငါ့ကိုတိုင်ပင်ပါတော့လား ငါသိရင် မင်းဒီ့ထက်ပိုမြန်သွားမှာ.."

"ဩော်..ငါတို့သူကြီးပြောဖော်ရပဟ.."

"အံမာ..မင်းတို့ကငါ့ကို စိတ်ပုတ်အကျင့်ပုတ်များ မှတ်နေသလား.."

"ထင်ရုံပဲထင်တာပါ.."

"ဘာကွ..ဘယ်ကောင်တုံး ငါ့ကိုပြောတာ.."



အသံတွေတိခနဲတိတ်ကျသွားကာ သူကြီးလိုက်ကြည့်တော့ မျက်နှာတွေဟိုလွှဲဒီလွှဲ ပြုံးတဲ့သူကပြုံး။ ချမ်းညရှိတဲ့နားမှာ ရွာသားတွေပိုမို စုဝေးလာကြလျှင်.. ၊

"အခု ကျွန်တော်ပြောမယ်ဗျာ..ကျွန်တော်တို့ဒီတံတားကို အားရှင်းပြီးအောင် လုပ်မယ်၊ တံတားကလောလောဆယ်တော့ ကူးဖို့သန်းဖို့အဆင်ပြေရုံပဲ..ရွာမှာ ဒီ့ထက်အဆင်ပြေလာမှ စက်ဘီးတွေလှည်းတွေပါကူးလို့ရအောင် ထပ်ပြီးတိုးချဲ့မယ်.."

"ကောင်းတာပေါ့..ငါတို့ရွာလာဘ်ပွင့်ပြီကွ.."

"တော်လိုက်တဲ့ဉာဏ်ကြီးရှင်လေး.."

ဦးသာဒင်မျက်နှာမှာလည်း မလိုမုန်းထားသည့်တင်းမာရှုပွခြင်းတွေ လျော့ပါးနေပြီဖြစ်လျက် ချမ်းညပြောတာကို တိတ်ဆိတ်စွာနားထောင်နေ၏။ ဘုန်းကံပါရမီ ရှိခြင်းမရှိခြင်းဟာ အသက်အရွယ်ကြီးတာငယ်တာနဲ့ မဆိုင်ပေ.. ၊

ကိုယ်ကအသက်ကြီးသော်ငြား လက်ရှိရွာလူကြီးလည်းဖြစ်သည့်တိုင် တော်တတ်ထက်မြက်စွာ ခေါင်းဆောင်နိုင်သည့်အရည်အချင်း ညံ့ဖျင်းခဲ့သည်ရှိရာ.. ၊

"အခု ဒီရွာရဲ့အရှေ့ထောင့်က လကုန်းရွာရယ်..မြောက်ဖက်ရေအိုင်ကြီးတစ်ဖက်မှာရှိတဲ့ ချင်းရွာမကြီးရယ်၊ အဲ့ဒီမှာ ဒေသန္တရဆေးပေးခန်းနဲ့ စာသင်ကျောင်းဆောက်တော့မယ်..အဲ့ဒီအဆောက်အဦးတွေလည်း သယ်ယူရေးအတွက်ခက်ခဲနေလို့ အထစ်အငေါ့ဖြစ်နေတာပဲ.."

"ဟုတ်တယ်.."

"ဆောက်ပြီဆိုလို့ကတော့ ကျွန်တော်တို့ကသွားလုပ်မှာ.."

"ချောက်ဟိုဘက်ကို လမ်းပေါက်သွားရင် ဘယ်ကိုဖြစ်ဖြစ်သွားလို့ရပြီ.."

ပြောသည့်လူတွေရဲ့မျက်နှာတွေကို ချမ်းညကသေချာလှည့်ကြည့်လိုက်ပြီး.. ၊

"ကျွန်တော်တို့ရွာက ဘယ်သူမှသူများဆီမှာ သွားလုပ်ဖို့မလိုဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"ဘာဖြစ်လို့တုံး.."

စကားသံတွေတိတ်ကျသွားကာ ချမ်းညဆီမှာမျက်လုံးတွေ ပြုလာ၏။

"ဒီရွာသားတွေလည်း အလုပ်နဲ့လက်နဲ့မပြတ်တော့အောင် ဝင်ငွေလည်းရှိနေအောင် ကျွန်တော်ဖန်တီးမယ်.."

"ဟား.."

"လုပ်ပါဦးသည်နတ်သားလေးရေ.."

မယုံမကြည်ဘယ်သူမှ ဖြစ်မသွားခဲ့ဘဲ အားလုံးဝမ်းသာလိုက်လှဲ့စွာ ကြိုဆိုကြ၏။ တစ်လအတွင်းမှာ ချမ်းညဖန်တီးခဲ့သည့် ပြောင်းလဲမှုဟာ ဘာမှမဟုတ်လောက်ဘူးဆိုပေမယ့် သူတို့အတွက်က ကန္တာရထဲမှာ မြင်လိုက်ရသည့် ရေကြည်တွင်းပဲဖြစ်လေသည်။ ဦးသာဒင် အတွက်ကတော့ နောက်ထပ်ထူးဆန်းအံ့ဖွယ်ကြီးတစ်ခု ကြားလိုက်ရတာဖြစ်ကာ.. ၊

"ဘာတဲ့.."

ပြောရင်း ချမ်းညရှေ့မှာ ကြောင်တောင်တောင်သွားရပ်ပြီး သေချာကြည့်၍.. ၊

"မောင်ရင်က လူနဲ့လေလုံးမမျှပါလား.ကြည့်လည်းလုပ်ပါကွာ၊ ချောက်ထိပ်မှာ ရပ်နေကြတာနော်..လေလုံးနဲ့လွင့်ပြီး ချောက်ထဲကျဦးမယ်."

ချမ်းညသွားတွေပေါ်အောင် ရယ်နေ၏။ ရွာသားတွေကတော့ ယုံချင်ဖွယ်မရှိသည့်တိုင် ယုံကြည်ချင်နေကြသည့်မျှော်လင့်ချက်မျက်ဝန်းတို့နှင့် ချမ်းညပြောလာမှာကို ငံ့လင့်နေခဲ့ကြသည်။ ချမ်းညက ပုဆိုးစတစ်ဖက်မ၍ ချောက်ထိပ်ကိုအေးဆေးသော ခြေလှမ်းတို့ဖြင့် လျှောက်သွားရင်း.. ၊

"ဒီချောက်ထဲမှာ ရွှေတွင်းရှိတယ်.."

"ပြောတော့မယ်.."

ရေရွတ်ပြီး ဦးသာဒင်မဲ့သွားသည်။ ဒီချောက်ကအစက ချောက်မဟုတ်ပါ။ တောင်ကြားဘက်ကနေ ဆင်းနေသည့်ရေတံခွန်ကလာ



သာ စမ်းချောင်းလေးသာ။ ရာသီဥတုတွေ ခဏခဏဖောက်ပြန်ဆိုး လာကာမှ ရေတွေလျှံလိုက် လေကျလိုက်နှင့် ကမ်းပါးသစ်ပင်တွေ ပါ။ ကမ်းပါးတွေပဲ့။ ပြီးတော့ နုတ်ခမ်းနားတွေကစပြီး ချိုင့်ကြီးတွေ ဖြစ်ကုန်သည်။

ရေစီးချောင်းက ချိုင့်ထဲရောက်သွားသလိုရှိလာရင်း ကမ်းပါး ဖြစ်လာလေ ပြိုကျလေ။ ရေစီးချောင်းပြောင်းသွားကာမှ ချောက်ကြီး ဖြစ်ကျန်ရစ်ပြီး ပြိုကျပြောင်းလဲမှုတွေလည်း ရပ်တန့်သွားခဲ့၏။ ဒီ ပိုနေရာက ရွှေတွင်းဖြစ်လာဖို့ အကြောင်းရှိမလား.. ၊

"ဘယ်လိုသဘောမျိုးလဲဗျ.."

"လူချောလေးဘာပြောလိုက်တာတုံး.."

အားလုံးလူချောရပ်နေသည့်နေရာထိတိုးလာပြီး ရွှေတွင်းတ ကယ်ရှိမရှိ ချောက်ထဲငုံ့ကြည့်ကြ၏။ ဟိုဘက်မှာလှေကားလုပ်နေ ကြသည်။ တံတားကိုဒီဘက်မှာ လာထိုးသည်။ ဒါကိုအစတည်းက နားမလည်ကြပေမယ့် ချမ်းညကလည်း သေချာရှင်းမပြဘဲ 'အခုဒါကို ပြီးအောင်လုပ်ကြပါ..အချိန်တန်ရင်သိရမှာပေါ့'လို့ပဲ ပြောခဲ့၏။

ဘာပဲဖြစ်ဖြစ် သူတို့ကို ခေါ်ခိုင်းသမျှ ပိုက်ဆံရကြသည်။ တစ် ကျပ်ဖိုးလောက်လုပ်ရတာကို နှစ်ကျပ်လောက်ရတော့ ပျော်နေမိကြ ၏။ ကမ်းပါးနှစ်ဖက်ပေါ် တိုင်တွေတင်ရတာလည်း ပင်ပန်းကြပေ မယ့် သူတို့တွေတက်ကြွနေကြသည်။ ခုလိုရွှေတွင်းရှိသေးသည်လို့ ကြားလိုက်ရလျှင်.. ၊

"ကိုလူချော..ကျုပ်တို့ကိုနောက်ပြောင်နေတာတော့ မဟုတ်ပါ ဘူးနော်.."

"နောက်စရာလားငါ့ညီရာ..ဒီမှာ အစ်ကိုပြောပြမယ်.."

မေးလာသည့် ကောင်လေးရဲ့လည်ပင်းကိုဖက်၍ ချောက်ထဲကို လက်ညှိုးထိုးပြကာ.. ၊

"တွေ့လား..ကျောက်တုံးတွေကြားထဲမှာသဲတွေ.."

"ဟုတ်တယ်လေ..အစက ရေတွေစီးနေတာကိုး.."

"ငါပြောတာရေမဟုတ်ဘူး..အဲ့ဒီသဲတွေက ရွှေဖြစ်မှာကိုပြော ကာ.."

www.burmeseclassic.com

www.burmeseclassic.com



ဟင်.. ၊

ဒါတကယ်ပြောနေတာမှန်း တွက်မိကြကာ ချမ်းညကိုယ့်ကြ... အားကိုးစွာဖြင့် အားလုံးစုပြုံတိုးကြိတ်လာကြ၏။

"ဟ..နောက်ကမတွန်းနဲ့လေ၊ ငါကျတော့မယ်.."

"ဘယ်လိုဖြစ်တာတုံး..သဲမမြင်ဖူးဘူးလား၊ ဌါမ်းပြန်ကျကျ... တော့မယ်.."

"ဟာဗျာ..သူကြီးကျတော့ ရှေ့ဆုံးကတိုးနေပြီး.."

"ဟုတ်ပတော်..သဲမြင်ဖူးရင်လည်း ဘာလို့ရှေ့ကတိုးနေတုံး..."

"သူ့ကိုယ်လုံးပြားပြားကြီးနဲ့ ပုဆိုးတိုတိုဝတ်ပြီး ရှေ့ကနေ ... ကုန်းငြင်းနေတာ.."

"အောင်မလေးစာဖြူမရယ်..ဒီလောက်မည်းသည်းနေတာကြီး... ဖင်ကုန်းငြင်းတယ် မပြောစမ်းပါနဲ့၊ မျက်စိထဲမှာမြင်ယောင်လို... တာ.."

"ဟုတ်ပ..ကြည့်ရဆိုးလိုက်မယ့်ဖြစ်ခြင်း.."

"ဟား ဟား ဟား.."

"ဟော့နဲ..နင်တို့.."

ပြောသမျှကိုကြားနေရသဖြင့် သူကြီးနောက်လှည့်အော်သည်... အော်ပေမယ့် ဖယ်ပေးရှာ၏။ ချမ်းညကခပ်နွဲ့နွဲ့ ခါးထောက်လျှ... ဘေးမှာရပ်ရင်း ရယ်ကာ.. ၊

"အဲ့ဒါသဲတွေပါပဲ..ကျွန်တော်ပြောတာက ဒီသဲတွေကိုရွှေဖြ... အောင်လုပ်လို့ရတယ်လို့.."

"ဘယ်လိုလုပ်ရမှာတုံး..ငါတို့လုပ်ရမှာလား၊ တကယ်ရွှေဖြစ်မှ... လား.."

"ချောက်ထဲဆင်းပြီး ဖိုထိုးရမှာလား.."

မေးခွန်းတွေထွက်လာကြကာမှ ချမ်းညကခေါင်းညိတ်လိုက်ပြီ... ရှင်းပြသည်။

"ကမ်းပါးနူတ်ခမ်းကိုဖြည်ပြီး လှေကားတွေထွင်းတာက အဲ့... သဲကိုကျွန်တော်တို့သုံးလို့ရအောင်လုပ်တာ.."

"ဘာသုံးမှာတုံး.."



"ပထမဆုံးလုပ်ရမှာက အဲ့ဒီထဲကတတ်နိုင်သမျှ ကျောက်တုံး... တွေကိုဖယ်ပြီး သဲပြင်ကျယ်ကျယ်ရလာအောင် ရှင်းရမယ်..ပြီးမှသဲ... ကိုကျောက်သဲလေးတွေရအောင် အထပ်ထပ်လုပ်ရမယ်၊ အနည်းဆုံး... ...ထပ်လောက်တော့ ဇကာချဖို့လိုမယ်.."

"ဟုတ်ပါပြီ..ပြီးရင်ဘာလုပ်ရမှာတုံး၊ သဲတွေရွှေဖြစ်ဖို့က.."

"သဲကိုအုတ်ဖြစ်အောင်လုပ်ရမှာ.."

"ဟင်.."

"အုတ်ဆိုတာအုတ်ခဲလား.."

"သဲကခြေထိုးခံပြီး အိမ်ဆောက်တာတောင် ခြေထောက်ပြန်... ...တ်တာနဲ့ ပြိုတာကို.."

"ဘိလပ်မြေနဲ့လုပ်ရမှာပါ.."

"ဟော.."

"အဲ့ဒါတွေ ကျွန်တော်စီစဉ်မှာပါ..ဘိလပ်မြေရှိတဲ့နေရာလည်း.."

"ဟာ..ရတယ် ရတယ်၊ ကိုကြီးချမ်း ကျွန်တော့်ကိုရှာခိုင်းတာ... ...ဒါလုပ်ဖို့လား..ကျုပ်ကိုလှည်းခပဲပေးစမ်းပါ.."

"အံမာ..လှည်းခငါ့ကိုပေးရင် ငါလည်းသွားသယ်လို့ရတာပဲ၊ ...နည်းလေး တစ်အိတ်နှစ်အိတ်တော့ရတယ်.."

"ငါ့မှာလည်းလှည်းရှိတာပဲ.."

"လှည်းပဲရှိရှိ..ဒုံးပျံပဲရှိရှိ ပစ္စည်းရှိတဲ့နေရာသိမှရတာ.."

"ငါလည်းသိတယ်..လူချောစုံစမ်းခိုင်းလို့ ငါသေချာမေးထား... ကာ၊ လောချိုင်က ဘုန်းကြီးကျောင်းမှာလည်းရှိတယ်..ကျောင်းအဝင်... ...ဝလုပ်တုန်းက ပိုနေတာတွေတဲ့..အများကြီးပဲ.."

"မင်းသားလေးရေ..ကျုပ်ကသုံးအိတ်လောက်ရအောင် ရှာပေး... ...နိုင်တယ်.."

"ဘာလို့မရရမှာတုံး..ဒီတံတားပြီးသွားရင် ဟိုဘက်မှာသူဌေး... ...ရှိတယ်၊ သုံးထားတဲ့အကျန်တွေ မရှိဘဲနေမလား..ငါ့ကိုဘာခမှမ... ...ပေးနဲ့ ပခုံးထမ်းပြီးသွားသယ်ပေးမယ်..ဒါပေမယ့်.."

အော်ပြောနေရင်း သံခဲဆိုသူက ချမ်းညရှေ့ထိတိုးလာပြီးကြည့်... ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အဲ့သဲတွေဘိလပ်မြေတွေနဲ့ အုတ်လုပ်ပြီးအဲ့အုတ်တွေကို ကတို့ရွာမှာ တိုက်ဆောက်မို့လား.."

"မဆောက်ပါဘူး..အဆောက်အဦးဆောက်ဖို့အတွက် လို လူတွေကို ရောင်းမှာပါ၊ သဲအုတ်က ရွှံ့အုတ်လုပ်ရတာထက် တယ်..မြန်တယ် စိတ်ချရတယ်၊ ဒီနားရွာနီးချုပ်စပ်တွေကို သွား ကူးသန်းလို့ရပြီဆိုရင် သူများလိုအပ်နေတာလည်း ကိုယ့်ရွာမှာရှိ ခဲ့ရင်.."

ဘယ်လိုလဲဆိုသည့်မေးခွန်းနှင့် မေးဆတ်တော့ ရွာသား ဏငြိမ်သွားကြသည်။ ပြီးတော့ ဟေးခနဲထအော်ကြလေသည်။ ပြီး တော့ လက်ခုတ်သံတွေတဖြောင်းဖြောင်းနှင့် ဆူညံသွား၏။

"မင်းအဲ့ဒါကို လုပ်တတ်တယ်ပေါ့.."

"သဲတွေနဲ့အုတ်လုပ်လို့ရတာ တကယ်လားလူချော.."

"ငါတို့အားလုံးကိုသင်ပေးမှာလား.."

ချမ်းညခေါင်းညိတ်ရင်း ဘယ်မေးခွန်းကို အရင်စဖြေရမှန်း ဖြစ်နေတော့သည်။ ထိုနေရာမှာပဲ သိလိုသမျှမေးမြန်းနေကာ သဲ ဇကာယူမယ့်လူတွေရော ခပ်ကြီးကြီးရအောင် ကိုယ်တိုင်ယက် လူတွေရော ခုန်ပေါက်အော်ဟစ်ပြီး ပြန်ပြေးတဲ့လူတွေလည်းရှိကာ

"နေပါဦးဟ..ဒီသဲကို အပေါ်သယ်ရမှာက ငါတို့လုပ်နိုင်ပါတယ် ဒါကရေတံခွန်ချောင်းဆိုတော့ ရေကျခဲ့ရင်ရော.."

"ဒီမှာရေအများဆုံးဘယ်လောက်ထိ ရှိတတ်သလဲ.."

ချမ်းညကမေးတော့ ဘေးကတစ်ယောက်က မေးသည့်လူ တွန်းပစ်လိုက်ကာ.. ၊

"လျှောက်မေးမနေနဲ့..ရေပြတ်နေတာကြာလှပေါ့.."

"ဟုတ်တယ်..အကယ်၍ရေကျခဲ့ရင်ဆိုတာ တွက်ထားရမှာပေါ့"

ချမ်းညက သူတို့ပြောတာကို နားထောင်နေခဲ့သည်။ ပြီးမှ..

"အလုပ်လုပ်ရင် အခက်အခဲဆိုတာ ဒွန်တွဲပါလာတာပဲဗျ..ဒါ ဒဏ်ခံနိုင်ဖို့ပဲလိုတယ်၊ ကျွန်တော်ကိုယ်တိုင် မကြုံဖူးသေးတော့ မပြောနိုင်သေးဘူး..ဒါပေမယ့် ခင်ဗျားတို့ပြောပုံအရဆိုရင် ရေလွှဲလု ပေးလိုက်လို့ရမှာပါ၊ ရေကာသိပ်ဝင်တာမှ မဟုတ်တာ.."



"ရေလွှဲ.."

"ရေလွှဲလုပ်မှာတဲ့..ဒီလိုလည်းတတ်နိုင်တာပဲလား.."

အချင်းချင်းမေးဆတ်ပြောကြရင်း ချမ်းညကိုအားကိုးအထင်ကြီး သောမျက်ဝန်းတို့ဖြင့် အနားမှာပဲမေးမြန်းမကုန်နိုင်အောင် ဖြစ်နေကြ လေသည်။ ထိုစဉ် သူကြီးက လက်သီးလက်မောင်းတန်းလျက်.. ၊

"တိတ်ကြတော့..အချိန်ကိုအလကားမဖြုန်းနဲ့၊ ငွေကိုအလကား မသုံးနဲ့တဲ့..အခုအမြန်ဆုံးလုပ်ရမှာက ငါတို့ချောက်ထိပ်က ကုန်း လျှောလှေကားတွေ မြန်မြန်ပြီးဖို့.."

"ဟုတ်တယ်..ဟုတ်တယ်.."

"သူကြီးကျွတ်တမ်းဝင်ရှာပြီ.."

"ငါတို့သူကြီးကို မပြောပါနဲ့ဟယ်..မည်းတာလေးနဲ့ ထူတာ လေးရယ်..နည်းနည်းအပျင်းထူတာလေးပဲရှိတာ၊ ကျန်တာ.."

"ကောင်းတယ်ပေါ့.."

"မကောင်းဘူး.."

"ဟား ဟား ဟား.."

"ခိ..ခိ.."

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၀)

"ကိုချမ်း..ကိုချမ်း.."

ခေါ်သံလေးက နူးနူးညံ့ညံ့။ သနပ်ခါးနံ့လေးက နှစ်သက်ကြည်နူးဖွယ် တိုးဝင်လာသည်။ မျက်လုံးမဖွင့်ဘဲ ချမ်းညနှုတ်ခမ်းတွေက ပြုံးယောင်သမ်း၏။

"ကိုချမ်းအဲ့လောက်အိပ်ပုတ်မကြီးတာ ကျွန်မသိတယ်နော်..အပျင်းကြီးမနေနဲ့..ထတော့.."

လက်မောင်းကိုကိုင်လိုက်တာတောင် ချမ်းညကမလှုပ်.. ၊

"မင်းသမီးရေ..အမေသွားပြီနော်၊ သမီးတို့အဆာပြေစားဖို့ သူကြီးအိမ်ကပေးထားတဲ့ ကောက်ညှင်းပေါင်းနဲ့ငါးခြောက်ဖုတ်ရှိတယ်ဟေ့..အေးဆေးနားကြ.."

ဒေါ်နီတာ့အသံက တက်ကြွနေသည်။ ကြမ်းခင်းမှာနင်းသွားသည့်ခြေသံက အပြေးတပိုင်းရှိကာ သက်ကြီးဝါကြီးတစ်ယောက်နှင့်လည်းမတူပေ။ ဒီရွာမှာ လူကြီးလူငယ်အားလုံးနီးပါးက ကျန်းမာသန်စွမ်းကြသည်။ အလုပ်လုပ်ကိုင်လိုစိတ်တွေလည်း ရှိကြပြီး ဖျတ်လတ်တက်ကြွကြ၏။

လိုနေတာက သေချာခေါင်းဆောင်လမ်းပြမည့်သူပင်။ ရွာသူကြီးကိုယ်တိုင်က အခြေအနေတစ်ခုပေါ်မှာ သပ်စွဲနေတာကြောင့် ရွာသားတွေလည်း ဒီတိုင်းနေကြရတာဖြစ်ကာ ဒီနေ့တော့ တစ်ရွာလုံးလှုပ်ရှားတက်ကြွနေကြ၏။

"မပြုံး..တော်နေမကောင်းလို့ဆို၊ ချောက်ထဲဆင်းမလို့လား.."

"မိန်းမမို့မိန်းမရောဂါဖြစ်တာပါနီတာရယ်..သွေးဆုံးတည်းက



သွေးဆုံးကိုင်ခဲ့တာ လူမမာလုပ်ခဲ့ရတဲ့နှစ်တွေကို ညည်းငွေ့ပါဘီ.."

"ဒါတော့ဒါပေါ့..တော်ကြာပင်ပန်းပြီး လဲဦးမယ်.."

ဒေါ်ပြုံးက ဇကာကြီးသုံးချပ်ကို ခေါင်းပေါ်တင်လိုက်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီးတွေ စုထည့်ထားသည့်လွယ်အိတ်စုတ်လေးကို သေချာဖြုံကြည့်ပြီးမှ ပခုံးမှာချိတ်၏။

"ဆေးလိပ်တွေအတော်များပါလား.."

"ဟုတ်တယ်..အလုပ်လုပ်တဲ့လူတွေကိုတိုက်ချင်လို့.."

"ကောင်းပါ့..ငါကတော့ ပြောင်းဖူးဖက်မတတ်နိုင်လို့ ရှိတဲ့ဖက်နဲ့ပဲ ဆေးရိုးထည့်လိပ်ထားတယ်၊ ဒါပေမယ့် သူကြီးအမေကလည်း လက်ဖက်သုတ်တွေ လုပ်ပေးထားဆိုပဲ.."

"ဒေါ်နီတာကြီးတို့ ကျုပ်တို့စားဖို့ တစ်ခုခုပါလား.."

"အံမာ..ငါကလူချောလေးရဲ့အမေလေ၊ နင်တို့ကတောင် ငါ့ကို ဦးသုံးကြိမ်လောက် ပြေးချရဦးမှာ.."

"လုပ်ပြီဗျာ.."

"ဟုတ်တယ်အဲ့ဒါ.."

"ဟား ဟား ဟား.."

လူငယ်တွေက ပြောချင်ရာပြောပြီး ရယ်မောသွားကြသည်။

"အရီးပြုံး ဇကာတွေကျုပ်တို့ကိုပေးလိုက်လေ.."

မိန်းကလေးနှစ်ယောက်ပြေးလာပြီး ဇကာတောင်းတော့ ဒေါ်ပြုံးမျက်လုံးကြီးပြူးပြလျက်.. ၊

"ပေးလိုက်ပြီးငါကဘာလုပ်ရမတုံး.."

"အရီးပြုံးကနေမကောင်းဘဲနဲ့.."

"နေကောင်းလို့ အခုနင်တို့ရှေ့မှာ ရပ်နေတာလေ..မိပြုံးတို့အသက် ငါးဆယ်ကျော်ခြောက်ဆယ်တွင်းပေမယ့် ကြည့်လိုက်..ဒေါင်ဒေါင်မြည်ပဲ.."

"ဟုတ်ကဲ့ပါ..မပြောတော့ပါဘူး၊ ခစ် ခစ်.."

ဒေါ်ပြုံးက ထမီစကိုင်ပြီး တဖြန်းဖြန်းခါပြနေသဖြင့် မိန်းကလေးတွေ ပြေးကုန်ကြ၏။ တစ်ရွာလုံးအလုပ်လုပ်နေကြသဖြင့် သူကြီးဦးသာဒင်ကိုယ်တိုင် စီမံခန့်ခွဲနေကာ အားလုံးတက်ကြွနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်တတ်နိုင်တဲ့မုန့်တွေလုပ်ကာ အလုပ်လုပ်ကြသည့်လူ တွေကို ကျွေးကြတာမို့ မုန့်ကတစ်မျိုး ရေကတစ်မျိုး ပြည့်စုံနေကြ

"ကျုပ်တို့ရွာ စီးပွားရေးလာဘ်ပွင့်ပြီနော်သူကြီး..လမ်းကြောင်း လည်းပွင့်သွားပြီ၊ သဲအုတ်တွေလုပ်ပြီး အနီးအနားကရွာတွေကို ရောင်းရင်လည်း ပိုက်ဆံရမယ်..အလုပ်လုပ်ရမယ်.."

"ကိုချစ်ဦးရယ်..ရှင်ကသဲအုတ်လုပ်၊ ကျုပ်က ရွာစဉ်လှည့်ပြီး ဈေးရောင်းမယ်..ဒါမှမဟုတ် ကျုပ်ကအိမ်မှာလုပ်မယ်၊ ရှင်က ရွာစဉ် လှည့်ပြီး နောက်တစ်ခုလုပ်..လင်ရောမယားရောလုပ်ကြရင် ဘာအ ဆင်မပြေစရာ ရှိတော့မှာလဲ.."

"အေးလေ.."

"ဟုတ်တယ်နော်မိကြိုင်..ငါတို့လည်း တစ်လဲစီလုပ်ရင် အဆင် ပြေမှာဟ.."

"ကျွန်မပဲလုပ်ပါ့မယ်ကိုတိုးရယ်..ရှင်ကဖြင့် ခါးမကောင်းဘဲနဲ့.."

"ဖြစ်ပါတယ်မိကြိုင်ရယ်..ရေရှည်သွားဖို့အတွက်တော့ ကိုယ့် ကိုယ်ကိုညှာရမှာပေါ့၊ ယောကျ်ားပဲကွ..ဇုန်းဇုန်းလဲသွားမှသာ စိတ် လျှော့မှာ၊ လုပ်နိုင်သရွေ့တော့ လုပ်နေရမှာပဲ.."

"တော်တော်စိတ်ကြီးတဲ့ကောင်..ဟီး ဟီး.."

"သန်းထွေး.."

"ဗျာ..သူကြီး.."

ခပ်ဖြီးဖြီးမျက်နှာကြီးကို သူကြီးကခပ်ကြိတ်ကြိတ်ခေါ်၍ သပ် ပေးသည်။ ပြောလိုက်မှ သန်းထွေးသွားကြီးအဖြီးသားနှင့် ရယ်မျ လိုက်ကာ.. ၊

"သူတို့လင်မယားညီညွတ်နေကြတာကို ချီးမွမ်းတာပါဗျ..ဟီး ဟီး ဟီး.."

သူကြီးမျက်စောင်းထိုးကာ တစ်ဖက်လှည့်ကြည့်၍.. ၊

"ကိုင်း..ဟိုဘက်ကအုတ်မှုတ်ခွက်တို့အုပ်စုရော တောင်ရွာသွား ကြတာပြန်လာပြီလား.."

"မလာသေးဘူးသူကြီး..ပေါက်စတို့လိုက်သွားကြတယ်.."

"အေး ကောင်းပါတယ်..သွားတဲ့လူတွေက ကဇော်သမားတွေ



နောက်ကလိုက်တဲ့လူတွေက ကြက်သမားတွေဆိုတော့ ပါသွားတာ လေးတွေပါ ပြုတ်ကျန်ခဲ့မှာ မြင်ယောင်သေး.."

"သူကြီးအဲ့လိုမပြောပါနဲ့.."

ဟမ်.. ၊

ဒီထက်မကပြောနေကျကို ဒါလေးပြောမိကာမှ ပေါက်စရဲ့မိန်း မပိစိက ဆတ်ဆတ်ထိမခံလှမ်းအော်ကာ.. ၊

"ကျွန်မယောကျ်ားပါတာပြုတ်ကျန်ခဲ့တဲ့အထိ မမိုက်ပါဘူး.."

"ဟဲ့..ငါပြောတာက လူချောပေးလိုက်တာတွေ ကုန်မစိုးလို့၊ ကိုယ့်ဟာကိုယ်ဆို ဘာလုပ်ပစ်ပစ် မီးပုံရှို့တော့ ဘာအရေးတုံး.."

"ဒါပေါ့..သူကြီးဥစ္စာမှမဟုတ်ဘဲ.."

"ဟမ်.."

"ကိုလူချောဥစ္စာဖြစ်ဖြစ် ကျွန်မယောကျ်ားဟာဖြစ်ဖြစ် သူကြီး ဥစ္စာပြုတ်တာမှ မဟုတ်တာ.."

"ဟာ..ဒီမိန်းကလေးတော့.."

"ဟား ဟား ဟား ဟား.."

အားလုံးဝိုင်းရယ်ကြတဲ့အထိ ပိစိကမကျေမနပ်ရေရွတ်နေတုန်း။

"ပြောကိုမပြောချင်ဘူး..ဟွန်း၊ ဘေးကြည့်ကသာနေတယ်.. ပြုတ်တော့ဘာဖြစ်တုံး..ကိုယ့်ပါတာကိုယ်ပြုတ်တာ.."

"ကဲ..တော်ပါတော့ပိစိမရယ်၊ ပြုတ်ထဲကကိုမထွက်တော့ဘူး.. ညည်းလင်ဥစ္စာ မပြုတ်ဘူး..ပါသွားတဲ့အတိုင်း ပါမှာပါတဲ့..ရပြီလား"

"ပြုတ်စရာလား အရီးရယ်.."

"ဩော်..ကိုင်း.."

"ဟား ဟား ဟား.."

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၁)

"ဟော..မိပြီ.."

သူကြီးဦးသာဒင်က ချမ်းညကိုအိမ်ရှေ့မှာမြင်သည်နှင့် ခြံဝက
နေ အပြေးတပိုင်းဝင်လာတော့သည်။

"မနက်လာလည်းမထသေးလို့ နေ့လည်လာလည်းအိပ်နေလို့..
ညနေကလည်း အိပ်ချင်သေးလို့နဲ့ မောင်မင်းကြီးသား.."

"စကားစလိုက်ရင် ကဲ့ရယ်သံလေးနဲ့ ငါတို့သူကြီးကတော့.."

ဦးသာဒင်နောက်ကပါလာကြသည့် ရွာသားနှစ်ယောက်က သူ
ကြီးထက်ခြေလှမ်းပိုမြန်အောင်လျှောက်၍ ဒေါ်နီတာ့ခြံထဲကိုရောက်
လာကြကာ.. ၊

"ကိုကြီးချမ်းရေ..ကျွန်တော်တို့ကိုပြစရာရှိတာလေးတွေ ပြဦး
လေ.."

"ပေါက်စနော်..မင်း.."

"ဘာတုန်းကွ.."

"ဒီနေရာမှာ မပိစိသာရှိရင် မင်းမလွယ်ဘူး.."

"မရှိမှန်းသိလို့ ပြောတာပေါ့ကွ.."

နှစ်ယောက်သားစပ်ဖြဲဖြဲ တွန်းထိုးနောက်ပြောင်လာကြတာကို
ချမ်းညကလည်း ကြားသည်။ ပြီးတော့ နောက်မှာထပ်ပါလာသည့်
လူစုကို လှမ်းကြည့်လိုက်ပြီး အိမ်ထဲမဝင်တော့ဘဲ ရပ်စောင့်နေခဲ့၏။

"ဟဲ..ဟဲ ကိုကြီးချမ်းကို မနက်ကျရင်တော့ ချောက်ထိပ်ကိုလာ
ပါလို့ လာပြောတာ.."

"ချမ်းညရေ..ချောက်ထိပ်ကို မင်းလာခဲ့ဦးလေ.."



သူကြီးက အသံကျယ်ကျယ်အော်ပြော၍ ပေါက်စတို့ဘေးမှာ
အတူလာရပ်လိုက်ပြီး.. ၊

"မင်းပြောသမျှ အားလုံးပြင်ဆင်ပြီးပြီ..လုပ်ရုံပဲလိုတော့တာ.."

"လုပ်လိုက်တော့လေ.."

"အေးလေ..လုပ်မှမလုပ်တတ်တာ.."

"မင်းငါ့ကိုပြောထားတဲ့ သုံးအချိုးတစ်ဆိုတာဘာတုံး..အဲ့ဒါကို
ပဲ ငါဘာလုပ်ရမှန်းမသိတာ.."

သူကြီးကလည်း ခေါင်းကုတ်ဖင်ကုတ်နှင့် ယောင်နနဝင်ပြော
၏။ ချမ်းညက ရေစိုနေသည့်လက်နှင့် ဆံပင်တွေကိုထိုးသိပ်တင်
ရင်း.. ၊

"သဲသုံးဆ ဘိလပ်မြေတစ်ဆလေ..မသိရင် ပြည်တောင်းနဲ့ချိန်
ဗျာ၊ သုံးပြည်တစ်ပြည်ပေါ့.."

"သဲကသုံးပြည် ဘိလပ်မြေကတစ်ပြည်.."

သူကြီးနဲ့ပေါက်စတို့ လက်ချောင်းတွေထောင်၍ တွက်ကြရင်း
အလုပ်ရှုပ်သွားစဉ် ကြိုးလေးကကညင်ဆီမီးခွက်လေးနှင့် အပြင်
ထွက်လာကာ.. ၊

"သူကြီးတို့ကို ဒီမှာပဲပြောနေရလားကိုချမ်းရယ်.."

အားနာစွာဆိုရင်း သူကြီးကိုပြုံးပြလိုက်ကာ.. ၊

"ကိုချမ်းရှင်းပြမယ်ထင်တယ်..လာပါရှင့်.."

သူကြီးသည် ကြိုးလေးထွက်လာတည်းက မတ်တပ်မေ့သွားခဲ့
ပြီဖြစ်ကာ သူမကပြုံးပြလိုက်လျှင်.. ၊

"အိမ်ပေါ်ကိုကြွပါသူကြီး.."

"လုပါတယ်ဗျာ.."

"ရှင်.."

"လု..အဲ..ရ..ရပါတယ်လို့.."

"လုပ်ပြီ..ငါတို့သူကြီး.."

ပေါက်စတို့ပါးကုတ်ရင်း နှုတ်ခမ်းလှုပ်ရုံပြောလျှင် ချမ်းညပြုံး
ရယ်ကာ.. ၊

"ရတယ်ဆိုလည်း အခုရပြီမို့လား..အုတ်ရိုက်ဖို့ခွက်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးတင်ပန်းပဲဖိုမှာ ဝင်ယူလို့ရပြီ၊ အဲ့ဒါတွေ ကျွန်တော်အစော
တည်းက လုပ်ခိုင်းထားတာ..”

“ဟင်..အင်း အေးပါ..”

သူကြီး ကြိုးလေးမျက်နှာပေါ်က မျက်လုံးခွာနိုင်ဖို့ အတော်
ကြိုးစားနေရကာ ရိုးသားသောလူပျိုကြီးပီပီ ရှက်နေလေပိုပြီးအမှ
မှားအယွင်းယွင်းဖြစ်ကုန်လေ.. ।

“ခွက်ကလှရဲ့လား..”

“ဗျာ..”

“ဩော်..ခွက် ခွက်လေ၊ ပုံစံကျရဲ့လားလို့မေးတာ..”

ပေါက်စစိတ်မရှည်နိုင်ဖြစ်လာခဲ့ပြီး.. ।

“ပုံစံကျရဲ့လားမေးရအောင် အုတ်ရိုက်ခွက်ဆိုတာကို သူ
မြင်ဖူးခဲ့လို့လား..”

“မြင်ပါတယ်ဟ..”

ဆိုပြီး မျက်လုံးကကြိုးလေးဆီမှာ။ ပြီးမှ မျက်နှာလွှဲရင်း သူ
ကိုပါကျောပေးနေလိုက်ရကာ.. ।

“ငါမြင်ဖူးတယ်လေ..ကိုတင်လှဆီမှာ ကြည့်ထားဖူးပါတယ်..”

“ဒါပေမယ့် ကိုချမ်းရာ..ဆရာမပြနည်းမကျတဲ့..”

ပေါက်စတို့ပြောနေစဉ် စာဖြူမတို့တစ်သိုက် ရောက်ချလာကြ
လျက်.. ।

“ကိုကြီးချမ်းရေ..ကျွန်မတို့လုပ်လက်စတွေနဲ့ တန်းလန်းကြီး
ထားနဲ့လေ၊ မနက်ကျရင်တော့ လာကြည့်ပေးပါတော်..”

“ဟုတ်ပါတယ်မင်းသားရယ်..ကိုကြီးတို့ကို ညှာတာပါ၊ မင်း
သားအတွက်ဟိုမှာ အရိပ်ကောင်းကောင်းနဲ့ စောင်နဲ့ခေါင်းအုံးနဲ့ထား
ပေးပါ့မယ်..”

“ဟုတ်တယ်..ထိုင်ရာမထ တစ်ချက်လောက်လှမ်းကြည့်ပေးနေ
ရုံပဲ..”

ချမ်းညမျက်နှာတစ်ဖက်လှည့်ရင်း ရှုံ့မဲ့မဲ့ဖြစ်သွား၏။ ကျောက်
စရစ်သဲလုံးလေးတွေရတဲ့အထိ ဘယ်လိုချရတယ်ဆိုတာလည်းပြပြီး
ပြီ။ ဘယ်လိုအချိုးအဆနဲ့ရောပါလို့လည်း ပြောပြီးသား.. ।



“ကိုချမ်းရယ်..လိုက်သွားလိုက်ပါ..”

“မင်းသမီးကကွာ..”

အရေးထဲလင်မယားချင်း လှည့်ရှင်းနေရသဖြင့် စိတ်ညစ်သွား
၏။

“ကျွန်တော်အားလုံးအဆင်သင့်ဖြစ်အောင် လုပ်ပေးပြီးပြီလေ..
ကျွန်တော်လာကြည့်ဖို့မှ မလိုသေးတာ..”

“အေးပါ..ဟုတ်ပါတယ်၊ ဒါပေမယ့် ငါတို့ကမြင်လည်းမမြင်
ဖူးဘူးလေ..ဘိလပ်မြေနဲ့သဲနဲ့စပ်တာကိုတော့ မင်းလုပ်ပြမှပေါ့..”

သူကြီးက ကြိုးလေးကိုမမြင်ရဘူးဆိုလျှင် ဘာပြောပြောချော
နေ၏။

“အခု ငါတို့တွေ..”

“သူကြီးတို့လုပ်နေတာ ဘာမှမရသေးဘူး..ဒါလောက်နဲ့အုတ်
ရိုက်လို့မရသေးပါဘူး၊ အဲ့ဒါကြောင့်မလာတာ..”

“ဟော..”

ချမ်းညကခေါင်းခါပြီး အိမ်ထဲပြန်ဝင်သွား၏။ သူတို့တွေဒီတိုင်း
ကျန်ခဲ့ပြီးမှ.. ।

“ချမ်းည..လူချောရေ၊ နေပါဦးဟ..”

“ကိုကြီးချမ်းရေ..”

သူတို့ထက်အရင် ကြိုးလေးကချမ်းညလက်ကိုဆွဲထားကာ..।

“ကိုချမ်းဘာလုပ်မလို့လဲ..”

“အိပ်မလို့လေ..ဘယ်အချိန်ရှိပြီလဲ..”

“ကိုချမ်းရယ်..ဧည့်သည်တွေလာနေကာမှ..”

“ဖယ်ပါဗျာ..”

“ကိုချမ်း..ဩော် ကဲ..”

ဆွဲထားသည့်လက်ကိုဖယ်ချခဲ့ပြီး ချမ်းညကအိပ်ရာထဲ တကယ်
ဝင်၏။ ပြီးတော့ စောင်ကိုအနားစကိုင်၍ လူလည်းလှဲပြီး စောင်လည်း
ခြုံပြီး ဆောင်ရွက်၍.. ।

“တံခါးထပိတ်ဗျာ..ကျွန်တော်ကအိပ်ပြီဆို အိပ်ချင်စိတ်ပြေပြီမ
ချင်းအိပ်နေရမှ..”

www.burmeseclassic.com

www.burmeseclassic.com



"ကိုချမ်း ဘုန်းကြီးကျောင်းမှာတုန်းက အဲ့လိုရလား.."

"ရအောင်လုပ်တာပဲ.."

ယုံပါတယ်လို့ပြောချင်မိ၏။ ပြီးတော့ ရယ်ချင်သည်။ ကြိုးလေး စိတ်ညစ်ပေမယ့် မျက်နှာလေးမှာလည်း ရယ်မြူးရိပ်တို့ဖြစ်လျက်..

"တော်တော်ပျင်းတဲ့လူ.."

"ဟုတ်တယ်..ပျင်းတယ်၊ ခင်ဗျားနဲ့ပြောတာနဲ့ ဟိုလူတွေဝင်လာ တော့မယ်..ဘာမှလုပ်လို့မရသေးတာကို.."

"အဲ့ဒါကိုနားလည်အောင် ပြောပြလိုက်ပေါ့.."

"မင်းသမီး.."

"ဘာလဲ..ရှင့်ကိုသူများတွေ လူပျင်းလို့ထင်ကုန်မှာစိုးလို့.."

"ထင်ပေ့စေ.."

ထိုစဉ် တံခါးဝမှာသူကြီးတို့ပေါ်လာကြကာ..၊

"လူချောရေ.."

"ဟား.."

ချမ်းညစောင်ခေါင်းမြီးခြုံလိုက်ပြီး စိတ်ပျက်လက်ပျက်ရေရွတ် ၏။ သူတို့တွေအခန်းဝကနေ ရှေ့လည်းမတိုးကြဘဲ မျက်နှာငယ်လေး တွေနဲ့ ရှိကြကာ.. ၊

"ငါတို့က အလုပ်လုပ်ရပြီဆိုပြီး ပျော်နေကြတာကို.."

"ထပါလူချောရာ..မင်းကလည်း ဆင်ကောင်ကြီးအမြီးကျ တစ်.."

"အမြီးရောက်ပြီဘယ်သူပြောလဲ.."

ချမ်းညကခေါင်းမြီးခြုံဖွင့်၍ ငေါက်ခနဲထထိုင်သည်။

"ခင်ဗျားတို့လူနှစ်ဆယ်လောက်က ဇကာချတယ်..ဇကာတစ် ချပ်က အကြီးဆုံးမှအချင်းသုံးပေရယ် ကျန်တဲ့ဟာကအသေးလေး တွေနဲ့ ဘယ်လောက်ထိပြီးမှာလဲ.."

"ဟင်.."

"လူငါးဆယ်လောက်စုနေကြပေမယ့် ကလေးတွေက ချောက် ထိပ်ကို ပြေးတက်ပြေးဆင်းလုပ်နိုင်တာတောင် တစ်ယောက်ချင်းစီ ဆို ကျောက်သဲတစ်ပုံးစီပဲပါမယ်..နေကုန်နေခမ်းကလေးတွေကတက်



ဆင်းနေနိုင်ရင်တောင် အလုပ်လုပ်နေတဲ့လူကြီးတွေက မုန့်နှိုက်စား လိုက် ရန်ဖြစ်လိုက်..ခဏနားလိုက်.."

"အဲ့.."

"အလုပ်လုပ်တာ ငါးရက်ရှိပြီဆိုပေမယ့် ကျောက်သဲနှစ်လှည်း လောက်ပဲရှိသေးတယ်.."

"အဟီး..အဲ့ဒါတွေကို ကိုကြီးချမ်းကဘယ်လိုလုပ်.."

"သိတာပေါ့..ကျုပ်က လူဦးရေထဲက ကလေးလူကြီးခွဲပြီးလုပ် မယ့်လူနဲ့ စကားများနိုင်မယ့်လူတွေပါ အချိုးကျတွက်ထားတာ.."

"အယ်.."

အမျိုးသမီးတွေမျက်လုံးပြူးနေကြ၏။ သူကြီးအံ့သြလျက် တံ တွေးမျိုချမိ၏။ သို့သော် ချမ်းညကစောင်ခြုံ၍ လှဲချမည်ပြင်လိုက် လျှင်.. ၊

"ဟေ့..ဟေ့ နေပါဦးကွ.."

ဦးသာဒင် ကမန်းကတန်းတားရင်း အခန်းထဲကိုခြေကျုံလာ၏။ ထိုအခါ နောက်ကျောမှာစုံပြုံကပ်နေကြသည့် စာဖြူမတို့ဝေါခနဲပြို ကျပါလာကြလျက်.. ၊

"ငါ့ကိုပဲတွန်းနေတာကိုး.."

"အံမယ်..ညည်းဘာသာခုန်ဝင်လိုက်တာပါကြက်မရယ်.."

"ဝင်စရာလားဟဲ့..သူကြီးခုန်ဝင်လိုက်လို့ ငါခလုတ်တိုက်တာ.."

မိန်းမသားချင်းရန်ဖြစ်နေကြပေမယ့် ကြားတော့လည်းမခံချင် ဖြစ်မိကာ သူကြီးခါးကြီးထောက်၍ နောက်လှည့်သည်။

"ငါ့ကျောကိုနောက်က ဘယ်သူတွန်းထည့်လိုက်တာတုံး.."

"အံမယ်..တွန်းပေါင်တော်.."

"ကိုင်းဗျာ..သူကြီးနဲ့စာဖြူမ.."

ပေါက်စတို့လည်း အခန်းထဲဝင်လာကြကာ တံခါးနားမှာပဲ ထိုင် ချလိုက်ကြပြီး.. ၊

"ထူးမှမထူးတော့တာ..ဒီမှာပဲထိုင်ကြမယ်၊ ရန်ဖြစ်မနေကြနဲ့ ပါနဲ့.."

ဟုပေါက်စက ခပ်တည်တည်ပြော၏။ ချမ်းညကိုကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကုတ်နေသဖြင့် မျက်နှာချိုသွေးသလို ဟဲခနဲရယ်ကာ..၊

"ရတယ်မို့လားမင်းသမီးလေးနော်..ဟီး ဟီး..ခဏပဲ.."

ကြိုးလေးကိုပါ ရယ်ပြရင်း ကြမ်းပေါ်က ကညင်ဆီမီးခွက်ကို အလုပ်မရှိအလုပ်ရှာကာ ဟိုဘက်ရွှေ့ ဒီဘက်ရွှေ့လုပ်ရင်း.. ၊

"ဒီလိုလေကိုကြီးချမ်းညရဲ့..အလုပ်လုပ်တဲ့နေရာမှာ ကိုကြီးမရှိရင် ပြောမယ့်ဆိုမယ့်သူမရှိတော့.."

"ဘာတုံး..ပြောစရာကအဲ့ဒါပဲ.."

ချမ်းညက မှုန်ကုတ်ကုတ်နှင့်မကြည်လင်.. ၊

"ကျုပ်သိတယ်..ဘာမှလုပ်လို့မရသေးဘူး၊ ကျောက်သဲချည်းပဲ လှည်းငါးစီးစာလောက်ရရမယ်.."

"ငါးစီးစာ..ခုမှနှစ်စီးစာ.."

အားလုံး လက်ချောင်းတွေထောင်၍ တွက်ကြပြန်သည်။ ပြီးတော့မှ.. ၊

"ဟုတ်လို့လား..ကျုပ်တို့ငါးရက်ခြောက်ရက်လုပ်ထားရတာ မင်းလာလည်းမကြည့်ဘဲနဲ့.."

"ကြည့်စရာမလိုပါဘူးသူကြီးရာ..လုပ်နေတဲ့လူတွေက တက်ကြွနေကြပေမယ့် လက်ကမပါဘူး.."

"အဲ့.."

"သူကြီးကပိုဆိုးတယ်.."

"ငါပါလာပြီဟ.."

"ဟုတ်တယ်..အလုပ်ကိုပုံပေါ်လာချင်တာပဲသိတယ်၊ စိတ်ကမရှည်ဘူး.."

"ရှည်တော့ရှည်ပါတယ်ကွာမင်းနှယ်..ငါချည်းပဲပြောနေရတာ.."

အပြစ်တင်ခံလိုက်ရတာ သူကြီးမျက်နှာရှုံ့တွတွနှင့်.. ၊

"ငါ့ကိုပြောမယ်ဆို..မင်းကရော.."

"ကျွန်တော်ဘာဖြစ်လို့လဲ.."

"ငါကလုပ်အားနည်းတယ်ဆိုပေမယ့် အလုပ်မှာကြီးကြပ်ပေး ဖော်ရသေးတယ်..မင်းကျစောင်ခေါင်းမြီးခြုံအိပ်နေတာလေ.."

"ကျွန်တော်က အမေမွေးတည်းက ပျင်းတယ်..ပျင်းတယ်လို့



အော်ပြီး ထွက်လာတာ.."

"မှတ်ရောကွာ.."

သူကြီးပါးစပ်အပြဲသားဖြစ်သွားတော့ ပေါက်စတို့ကကျေနပ်နေကြ၏။ ပေါ်တင်ကြီးဝန်ခံလိုက်သဖြင့် သူကြီးဘယ်လိုဆက်အပြစ်တင်ရမှန်းမသိဖြစ်သွားသည်။ သို့သော်.. ၊

"အေးပါကွာ..ကိုင်း ဒါဖြင့်မနက်ဖြန် ကျုပ်တို့ဘယ်လောက်လုပ်မှာလဲ ဘယ်လောက်လိုသေးတယ်ဆိုတာ.."

"လာကြည့်ဖို့မလိုဘူး..နောက်ထပ်လှည်းသုံးစီးတိုက်လိုတယ်၊ ပြီးမှ ဘိလပ်မြေစပ်ဖို့ ကျွန်တော်လာမယ်.."

"နေပါဦးမောင်ရင်က စတုန်းကစပေးပြီး ချောက်ထိပ်ကိုလာကို ကြည့်ချင်တော့တာလား.."

"ဟုတ်တယ်..ကျွန်တော်ကခိုင်းရင် မလုပ်ချင်ဘူး.."

"ဒါဆိုလည်း.."

"မခိုင်းလည်းမလုပ်ချင်ဘူး.."

"ဒါဖြင့်လည်း မင်းလုပ်ချင်မှပဲလုပ်ကွာ..မပြောတော့ဘူး.."

သူကြီးမျက်နှာစူပွပွနှင့် ခေါင်းကုတ်၏။ ထိုအခါကျမှ ချမ်းညကရယ်ကာ.. ၊

"ဒါဆို ကျွန်တော်အိပ်လို့ရပြီလား.."

"ကိုကြီးချမ်းည.."

နောက်လူတွေက ထိုင်လျက်ကနေ လှုပ်လှုပ်ရွရွ ရှေ့တိုးလာကြသဖြင့် ဘေးကထိုင်ကြည့်ရင်း ကြိုးလေးပြုံးလိုက်မိသည်။ အပြောဆိုးကြသလောက် တစ်ယောက်စကားအမှားအပေါ် တစ်ယောက်စားမှတ်နာကျင်ရမှန်းလည်းမသိတဲ့ ရွာသားတွေပါ.. ၊

သူကြီးကိုယ်တိုင်ကလည်း ဟန်တွေမထုတ်တတ်သော ရိုးသားသည့်လူပျိုကြီးဖြစ်နေသဖြင့် ရွာသားတွေနဲ့သူကြီးအနေအထားကလည်း သူငယ်ချင်းတွေအတိုင်း။ ဘာလို့ဒီရွာလေးကျမှ ဒီလောက်တောင်ဆင်းရဲပြာထိုင်နေသည်မသိ။ လှိုမြောင်ချိုင့်ကြားတွေကြားမှ ရွာချင်းလည်း ဝေးလှတာမဟုတ်ဘဲ အဆက်အသွယ်လမ်းတွေပိတ်ဆို့နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရွာထဲမှာ တိရစ္ဆာန်တွေမွေးရသည်။ ကိုယ့်ခြံထဲမှာပဲ ပဲသီးနှံတစ်နိုင်တစ်ပိုင်စိုက်ကြရသည်။ တကယ်တော့ ဒါဟာ ဖောက်စူးစမ်းလိုစိတ် မရှိကြသောကြောင့်ဖြစ်သည်။ အရာရာ လက်ရှိအနေအထားနဲ့ပဲ အကောင်းဆုံးရောင့်ရဲနေထိုင်ကြသဖြင့် ဆိုးအကောင်းဘာမှဖြစ်ပေါ်ပြောင်းလဲခြင်းလည်းမရှိ။ တစစဆိုး လာခြင်းကိုလည်း ကြောက်လန့်ရမှန်းမသိ.. ၊

ဆိုးတာကိုဆိုးလှချေရဲ့ ညည်းနေရုံနှင့် ဘာမှပြောင်းလဲလာ မဟုတ်ဘူးဆိုတာကို ချမ်းညကထောက်ပြလိုက်သလိုဖြစ်သွားခဲ့ ဖြင့် သူတို့အတွက်ချမ်းညသည် နတ်ဖန်ဆင်းသောမိုးကျရွှေကိုယ်

"ကိုကြီးချမ်းည..ဟိုလေ ကိုကြီးလာကြည့်ဖို့မလိုသေးဘူး ရင်လည်း မနက်ဖြန်ကျ.."

"ကဲ..မြန်မြန်ပြောလိုက်စမ်းပါဟယ်၊ ဟိုမှာလူချောလေးက ပြ လှဲနေပြီ.."

"အဟဲ..မင်းသားလေးကလည်း ခဏလေးပါကွယ်.."

"ကျွန်တော်မအိပ်သေးပါဘူး.."

"ဩော်..အေးပါ အေးပါ.."

"ဒါပေမယ့် ပြန်ကြပါတော့.."

"ဟေ.."

"မနက်ကျလာခဲ့ပါ့မယ်.."

"ဟေ..အေး အေး.."

"လာမယ်တဲ့..ဟဲ့ လာ..လာ ပြန်ကြမယ်.."

"သူများလင်မယားညမှုညတာ ငါတို့ကအလိုက်ကမ်းဆိုးမသိ"

"အံမယ်..နင်ကရှေ့ဆုံးကပါကြက်မရယ်.."

ကြက်မက အရပ်ရှည်ရှည်ပိန်ပိန်နှင့် မျက်လုံးကပြူးဝိုင်းနေ ချက် ငယ်ငယ်ကပုံကလည်း ဒီတိုင်းပဲမို့ ကြက်မလို့အမည်တွင် ရကာ တစ်ခုခုမခံချင်အောင်ပြောလိုက်တိုင်း သူမမျက်လုံးကသာ အ ရင်ဆုံး ပြူးထွက်လာတတ်ပြီး.. ၊

"ရှေ့ဆုံးကဝင်လာတာက ကိုယ့်ထက်ကြီးပေမယ့် အပြော တတ် အဆိုမတတ်တဲ့လူတွေရှိလို့လေ.."



သူမစကားကြောင့် အားလုံးထက်အရင်ပြန်မလို့ တိုးထွက်သွား သည့် ဦးသာဒင်တောင့်ခနဲရပ်သွားသည်။

"ကြက်မတို့က တစ်သက်လုံးဗိုင်းကောင်းကျောက်ဖိ ဣန္ဒြေသံပ တ္တိနဲ့နေလာတာ.."

"ဣန္ဒြေသံပတ္တိနဲ့ကြက်မဆိုတာ ရှိလို့လား.."

"ထုံးစံအရတော့ မရှိဘူးထင်တာပဲ.."

"ပေါက်စ..ပေါက်စမသာ..သေချင်းဆိုး.."

"ဟား ဟား ဟား.."

"ဝုန်း ဝုန်း ဝုန်း.."

ဒေါ်နီတော့အိမ်လေးခမျာ ပြေးကြလိုက်ကြ ဝရုန်းသုန်းကားကြား မှာ သိမ့်သိမ့်ခါကျန်ရစ်လေသည်။ အားလုံးဆင်းသွားကြမှ ချမ်းည တတ်တုတ်ထထိုင်ပြီး တစ်ယောက်တည်း.. ၊

"ဟား ဟား ဟား ဟား.."

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၂)

"ဟေး..ငါတို့ရွာသူဌေးဖြစ်တော့မှာကွ.."

အုတ်ရိုက်သည့်ကဏ္ဍမှာ ရွာသားတွေအူမြူးနေကြ၏။ ချမ်းည လုပ်ပေးထားသည့်အုတ်ပုံသံခွက်တွေနှင့် လူတိုင်းလုပ်လို့ရနေသည့် အလုပ်မို့ နှိုးဆော်နေလေ အလုပ်တွင်လေ.. ၊

"ငါတို့အုတ်တွေကို လကုန်းရွာကယူဖို့ပြောထားပြီးပြီနော်.."

"ဟုတ်တယ်လေ..ကိုကြီးချမ်းသွားပြောထားတာ.."

"အေးပါ..ငါကလည်း တို့သူကြီးသွားတယ်လို့မပြောပါဘူး၊ နောက်ထပ်ရွာတွေက ထပ်လိုချင်ရင်ပေးနိုင်အောင် မြန်မြန်လုပ်မှ.."

"ငါကတော့ ငါတို့ရွာကသဲအုတ်လုပ်နည်းကိုရော ဟော ချောက်ထဲက သဲကျင်းကိုရော တခြားရွာကဘယ်သူမှ လာမထိ အောင် ကာကွယ်ဖို့ဆုံးဖြတ်ထားတယ်..ဒါပဲနော် အုတ်လုပ်နည်းကို လုံးဝမပေါက်ကြားစေနဲ့.."

"အောင်မလေး..စိတ်ချစမ်းပါ၊ အသက်နဲ့လဲကာကွယ်မှာ.."

သူကြီးကလည်း နေလှန်းထားသည့်အုတ်တွေကို တမြော်တ ခေါ်ကြည့်ရင်း သဘောတွေကျနေကာ.. ၊

"ဒီကိစ္စအပြင်ကိုပေါက်ကြားတာနဲ့ မပေါ်ပေါ်အောင်စစ်ပြီး ရွာက နှင်ထုတ်ပစ်မယ်.."

"ခုမှလောဘတွေကြီးနေတာ တို့သူကြီး.."

ကြိုးလေးက ရွာသားတွေပျော်နေတာကို ခပ်လှမ်းလှမ်းကကြည့် ကာ ချောက်ထိပ်မှာ လူကြီးနှစ်ယောက်နဲ့စကားပြောနေသော ချမ်း ညကို လှမ်းကြည့်သည်။ ချမ်းညကလည်း လှည့်ကြည့်တာနှင့်ဆုံ



လျှင် သူခိုးလူမိသလို မျက်နှာလွှဲလိုက်ပြီးရယ်၏။

ချမ်းညချက်ချင်းပဲ အနားရောက်လာကာ.. ၊

"ဘာလဲ..လူကိုကြည့်ပြီးရယ်တာ ဘာသဘောနဲ့လဲ..ပြောမှန် မှန်.."

မေးရင်း လက်ဆွဲလိုက်တော့ ကြိုးလေးရှောင်လိုက်ကာ.. ၊

"လက်မပါနဲ့..လူတွေထဲမှာ.."

"ပါလို့ရပါတယ်..ခင်ဗျားကကျုပ်မိန်းမ.."

ချမ်းညကမိအောင်ပြန်ဆွဲ၏။ ကြိုးလေးက မရုန်းတော့ဘဲရယ် နေကာ.. ၊

"ရှင့်အကြောင်းစဉ်းစားနေလို့ ကြည့်တာပေါ့.."

"ရယ်တာက.."

"ရယ်စရာကောင်းတဲ့အတွေးကို တွေးနေတာလေ..ရယ်မောခြင်း ဆိုတာ မင်္ဂလာပဲဟာ.."

"ဒါပေမယ့် လှောင်ရယ်တာတွေ ကဲ့ရယ်တာတွေ ရယ်မောခြင်း အမျိုးမျိုးရှိတယ်.."

"ဟင့်အင်း..သဘောကျလို့ရယ်တာ.."

ကြိုးလေးရဲ့မျက်ဝန်းလေးတွေက ကြည်လဲ့နေသည်။ နှုတ်ခမ်း သားလေးတွေက စုတွေးနီးမြန်းနေကာ သနပ်ခါးမပြယ့်တပြယ်လေး နှင့် ပါးပြင်လေးတွေက ဝင်းညက်ညက်လေးနှင့် ရှိုးစင်းစွာလှနေလေ သည်။

ချမ်းညသူမရဲ့ လက်ဖဝါးနုနုကို မချင့်မရဲဖျစ်ညစ်ဆုပ်မိရင်း..

"ကျွန်တော့်ကိုချီးကျူးနေတာမို့လား.."

"အင်း.."

သူမကခေါင်းလေးညိတ်လိုက်ပြီး အလုပ်လုပ်နေကြသူတွေကို လှမ်းကြည့်၏။ ပြီးမှ ပြန်လှည့်ကာ.. ၊

"ရှင်ကသချာ်တအားတော်တယ်.."

ချမ်းညမျက်နှာကြီး ပြုံးကျသွားသည်။

"တစ်ခါတလေ တန်ခိုးရှင်လိုပဲ.."

"အဲ့လောက်တောင်လား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..တစ်ခါတလေကျတော့ ဘယ်လိုမှသုံးစားမရတဲ့ လူလိုနေပြန်ရော..ဒါပေမယ့်ကျွန်မရင်ထဲကို ကျွန်မပြောနိုင်တယ်သိလား၊ ရှင့်ကိုဘယ်လိုပုံစံနဲ့မှ အထင်မသေးခဲ့ဖူးဘူး.."

"ဒါကြောင့် ကျွန်တော်တို့လင်မယားဖြစ်လာတာပေါ့.."

ကြိုးလေးက သူကိုင်ထားသည့်လက်ကိုပြန်ကိုင်ကာ ခေါင်းလေးညိတ်လိုက်ရင်း.. ၊

"ရွာမှာစာကြီးပေကြီးတွေသင်ချင်တဲ့ ကလေးတွေကို အိမ်တော်ထဲကအဆောင်မှာ ကျွန်မနဲ့မယ်မယ်က သင်ပေးခဲ့တာ.."

"သိပါတယ်.."

အင်္ဂလိပ်စာနဲ့ကဗျာစာပေတွေကို စာကြီးပေကြီးဟုခေါ်ကာ ဒီအနီးတဝိုက်ဒေသများမှာတော့ စာကြီးပေကြီးသင်ပေးတဲ့နေရာ မရှိသလောက်ရှားပါသည်။ အားလုံးသည် ဘုန်းကြီးကျောင်းစာတတ်လျှင် ပညာတတ်ပဲဖြစ်ကာ လူတိုင်းလည်းစာတတ်ကြတာမဟုတ်ပေ.. ၊

"သချာ်ဆိုတာ ဂဏန်းသချာ်ပဲမဟုတ်ဘူးလေ..ထိုထွင်းတွက်ချက်နိုင်တာ ခန့်မှန်းကြံဆနိုင်တာ အားလုံးကသချာ်တွေပဲ၊ ဘယ်ရွာမှာဖြစ်ဖြစ် ရွာသားတိုင်းက သင်ပေးရင်တောင် မမှတ်နိုင်မတတ်နိုင်တဲ့ ရွာသားတွေချည်းပဲ..ကိုချမ်းကထူးခြားတယ်.."

"ဘယ်ကဦးမလဲ..ပိုထူးခြားတာရှိသေးတယ်၊ အဟမ်း.."

ဆရာကြီးပုံစံပြောတော့မည်ဆို ချမ်းညကချောင်းဟန့်မည်။ အကျိုကော်လံသမည်။ ဒါကိုပဲကြိုးလေး သဘောကျစွာကြည့်၍ရယ်၏။

"ပြောလေ..ဘာတွေရှိသေးတာလဲ.."

"ဘာ..ဒီနားတိုးကြည့်.."

သူမလက်လေးကိုဆွဲ၍ ကညင်ပင်ကြီးကို ကွေ့ပတ်ကာ တံတားခင်းဖို့ပြင်ဆင်ထားသည့်နေရာထိ ခေါ်သွားပြီး.. ၊

"ဒီပေါ်လျှောက်ရဲလား.."

"အင်း.."

"ဒါပေမယ့် မလျှောက်နဲ့ဦး၊ သပ်တွေစုံအောင်မရိုက်ရသေးဘူး.."

"ရပါတယ်..သူများတွေလည်း လျှောက်နေကြတာပဲ.."



"ဒါပေမယ့် ခင်ဗျားကိုစိတ်မချလို့.."

ပြောပြီး သူမပခုံးလေးကိုဖက်၍.. ၊

"ဟိုဘက်တံတားထိပ်ကနေ ညာဘက်တစ်ရာ့လေးဆယ်ဒီဂရီလောက်ကိုကြည့်.."

ချမ်းညက ထောင့်မှန်ပုံလုပ်ပြပြီးမှ ညာဘက်ကိုရွှေ့၍ လက်နဲ့ညွှန်ပြကာ.. ၊

"အဲ့ဒီမှာဘာရှိမယ်ထင်လဲ.."

"အဲ့ဒီမှာ.."

ကြိုးလေးက သံယောင်လိုက်ရွတ်ကာ ချမ်းညအဓိပ္ပာယ်ရှိလို့မေးတာမှန်းသိနေသဖြင့် သေချာစဉ်းစား၏။ စိမ်းညို့သောတောအုပ်ပြပြကို မြင်ရသည်မှလွဲ၍ ဘာမှမထူးခြားသဖြင့် ထိုနေရာနှင့်အနီးပတ်လည်ကို မျက်လုံးကစားရင်း.. ၊

"သိပြီ.."

ကလေးသဖွယ်ဝမ်းသာအားရအော်လိုက်ပြီး ချမ်းညကိုမော့ကြည့်၏။ ချမ်းညကလည်း ကြိုးလေးသိသွားပြီဆိုတာ နားလည်ပြီးခေါင်းညိတ်၏။

"သုံးလွန်းတောင်..ဟုတ်တယ်မို့လား.."

"သိပ်ဟုတ်တာပေါ့.."

"ဖေကြီးတို့က ကျွန်မတို့နဲ့ အဲ့လောက်နီးနီးလေးမှာရှိနေတယ်ဟုတ်လား.."

"ဒီတံတားပြီးသွားရင် တစ်မနက်စာခရီးပေါ့.."

"ဟင်.."

ကြိုးလေးအံ့ဩနေတာ အသံလေးတောင်တိတ်သွားခဲ့သည်။ သူမတို့အတူတူ ထွက်ပြေးလာတုန်းကအတိုင်းဆိုလျှင် သုံးလွန်းတောင်ကိုပြန်ဖို့ နှစ်ရက်လောက်သွားရမှာဖြစ်သည်။ ထို့ပြင် လမ်းတိုလမ်းရှည်တွေရှိနေသေးကာ အန္တရာယ်ကြီးသည့်လမ်းတွေလည်း ရှိသေးသည်။

"ကိုချမ်းအဲ့ဒါကြောင့် ဒီတံတားခင်းဖို့ကြိုးစားတာပေါ့ဟုတ်လား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.."

"ကျွန်မတို့ရွာမပြန်တော့ဘူးဆိုတာ တမင်ပြောတာပေါ့နော်.."

ဝမ်းသာကြည်နူးနေသည့် မျက်ဝန်းလေးတွေကို တစ်ချက်ကြည့်၍ မျက်နှာလွှဲမိကာ.. ।

"ကျွန်တော်က စကားပြောလွယ်တဲ့လူပဲ..ဒါပေမယ့် ပြောပြီးရင်တော့ ဖြစ်အောင်လုပ်တတ်တယ်.."

ဟင်.. ।

ကြိုးလေး မျက်နှာပျက်သွားကာ.. ।

"ဘယ်လိုပြောလိုက်တာတုံး..အဲ့ဒါဘာအဓိပ္ပာယ်လဲဟင်.."

ချမ်းညက သုံးလွန်းတောင်ရွာဘက်ကို ငေးနေရင်း ပြုံးသည်။ ဘယ်လိုစကားတွေပဲ အလေးအနက်ပြောနေပါစေ ချမ်းညမျက်နှာက အမြဲတမ်း ဒီအတိုင်း.. ।

"သုံးလွန်းတောင်ရွာကို ကျွန်တော်မပြန်ဘူး.."

ပြောလိုက်ပြီး ကြိုးလေးကိုနှစ်သိမ့်သလိုကြည့်၍ အနားတိုးလာကာ.. ।

"ဒါပေမယ့် ကြွေးဆပ်ဖို့တော့ရှိသေးတယ်.."

ကြိုးလေးက နားထောင်နေခဲ့၏။ ချမ်းညက သူမမျက်ဝန်းလေးတွေကို စိုက်ကြည့်ရင်း.. ।

"ကျွန်တော်ဘဘုန်းဆီက ငွေယူထားတယ်..ဘုန်းကြီးတစ်ပါးအနေနဲ့စွန့်ကြဲတာ၊ သတ္တဝါအပေါ်မေတ္တာနဲ့ ကူညီတာဘာပဲဖြစ်ဖြစ် ယူတဲ့သူကတော့ အပြစ်ရှိတာပဲ..ဒါကြောင့်.."

"ဒါကြောင့် ရှင်ယူလိုက်တာက ဖေကြီးတို့ပေးတဲ့ပိုက်ဆံဖြစ်သင့်တာ.."

"ဖြစ်သင့်တာတွေကို ကျွန်တော်စိတ်မဝင်စားဘူး..ကိုယ်လုပ်ချင်တာကိုပဲလုပ်မယ်၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ စိတ်ဝင်စားမှုရှိမှလည်း အဆုံးထိခိုင်မာတာ..အဲ့ဒါကြောင့် ကျွန်တော်ဘာလုပ်လုပ် ဘယ်သူ့ဆီက အကြံဉာဏ်မှမယူတတ်တဲ့အကျင့်ရှိတယ်..သူများအတွက် လိုအပ်နေတာထက် ကိုယ့်အတွက်ဘာကျန်သလဲဆိုတာပါ ထည့်တွက်တယ်..အဲ.."



သူကစကားမဆက်သေးဘဲ မျက်ခုံးခြစ်နေရင်း ခဏနား၏။ ...။

"ဒါပေမယ့် ကိုယ်လုပ်ချင်တာလုပ်တဲ့အတွက် သူများအကျိုး...မယ်ဆိုရင်တော့ ရှောင်တယ်.."

သူမမျက်နှာလေးက ငေးနေဆဲမို့ ချမ်းညကပခုံးလေးကိုဖက်...းလိုက်ကာ.. ।

"ကျွန်တော့်ကိုစိတ်ဆိုးသွားလား.."

ကြိုးလေးက ခေါင်းခါသည်။ သို့သော် သူမမျက်နှာလေးက ...ုံးရော်သွားသည်ဖြစ်ရာ.. ।

"ကျွန်တော့်အလိုအတိုင်းဆိုရင် ကျွန်တော့်မှာ မိသားစုရှိလာတဲ့...ါ ဒီလိုတောကြိုတောင်ကြားမှာ ကလေးတွေရဲ့ဘဝကို ဇာတ်မြှုပ်...နေဘူးဆိုတဲ့ ရည်မှန်းချက်နဲ့.."

"ဘယ်လိုပြောလိုက်တာလဲကိုချမ်း.."

ကြိုးလေးထိတ်လန့်သွားသည့် မျက်ဝန်းလေးတွေနှင့် သူ့ကိုတ...တသြကြည့်လျက်.. ।

"ကိုချမ်းက.."

"အခု အဲ့ဒီရည်မှန်းချက်က ဒုတိယထားလိုက်ပါပြီ.."

"ဖျက်လိုက်ပါကိုချမ်းရယ်..ဖေကြီးတို့မယ်မယ်တို့ရဲ့ မိဘဘိုး...ွားတွေက ဆိတ်ငြိမ်အေးချမ်းမှုကို တန်ဖိုးထားလွန်းလို့ ဒီအရပ်...ဒေသမှာ ဘဝအစဉ်အဆက်အုတ်မြစ်ချခဲ့ကြတာ..ဂုဏ်ပကာသန...တွ လောဘမောဟတွေနဲ့လည်း ပူလောင်မနေကြဘူး.."

"အားလုံးက သုံးလွန်းတောင်ရွာကရွာသားတွေမှမဟုတ်ဘဲ မင်း...မိ.."

ဟင်.. ।

ချမ်းညမျက်နှာပေါ်က လေးနက်မှုတွေကို သူမမယုံနိုင်။ သူမစ...တွေ့ခဲ့တုန်းက ခြေဖျားလေးကြွကြွ လက်တွေတခါခါနှင့် နေထိမခံ...သလိုလို လေထိမခံသလိုလို။ အကျီနဲ့လည်ပင်းကြားထဲက လက်ကိုင်...ပါစကိုလည်း နေရာရွှေ့မခံသော ချမ်းညဆိုသည့်ယောကျ်ား...လွန်ဇိဇာကြောင်၍ တစ်ကိုယ်ကောင်းဆန်တတ်ပုံလည်းရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တောကြိုတောင်ကြားထဲကို မျက်စိလည်လမ်းမှားပြီးရောက်လာသည့် မင်းသားတစ်ပါးလို စိတ်ထဲရှိတာပြောသည်။ နေတတ်သလိုနေသည်။ လူကြီးလူငယ်ဆိုတာလည်း သူကိုယ်တိုင်သတ်မှတ်သည့် ယဉ်ကျေးမှုနဲ့သာ ဆက်ဆံတဲ့သူ.. ။

ခုကျတော့ ဒီယောကျ်ားသည် ရှေ့ရေးနောက်ရေးတွေနဲ့ အနာဂတ်ကိုချိတက်မည့် တကယ့်လူဖြစ်နေခဲ့သည်။ ဒါကိုသူမဘယ်လိုမှမယုံနိုင်။ ချမ်းညက အတန်လာကြာတဲ့အထိ ဘာမှမပြောဘဲကြည့်နေသည့် သူမကိုစိုက်ကြည့်ရင်း သက်ပြင်းချသည်။ ပြီးတော့.. ။

"ကျွန်တော်ကပြောပြတာပါ.."

ဆိုပြီး သူမလက်ဖဝါးလေးကို ဆွဲကိုင်လိုက်ကာ.. ။

"နှစ်ယောက်တစ်ဘဝ သက်ဆုံးတိုင်လက်တွဲသွားရမယ့်နှစ်ယောက်မှာ တစ်ယောက်ကဒါကိုမနှစ်သက်ဘူးဆိုရင် ကျွန်တော် ဘယ်လောက်ပဲ ရည်မှန်းချက်တွေထားထား ဘာဖြစ်လာမှာလဲ.."

သူဘာပြောချင်တာလဲ..။ ကြိုးလေးက ချမ်းညမျက်ဝန်းတွေထဲကို အဖြေရှာသလို ပို၍စူးစိုက်နေ၏။

"ပြောချင်တာက ခင်ဗျားကိုစိတ်ဆင်းရဲအောင် ကျွန်တော်မလုပ်ဘူး.."

"ဟင်.."

"ဒါပေမယ့် ကျွန်တော့်ဆုံးဖြတ်ချက် ရည်ရွယ်ချက်တွေကို အားလုံးပြိုလဲသွားစေမယ့် တောင်းဆိုမှုမျိုး မင်းသမီးလုပ်မှာမဟုတ်ဘူးလို့လည်း ယုံကြည်နေတယ်.."

"ကျွန်မကို ဘာဖြစ်လို့အဖွင့်တွေအပိတ်တွေနဲ့ ပြောနေတာလဲဟင်.."

"ကျွန်တော်တို့ရဲ့ ဘဝခရီးအတွက် ခင်ဗျားစိတ်ချမ်းသာတာကိုရွေးချယ်စေချင်တာ.."

"ဒါဆိုရင်.."

"ဘုန်းကြီးကျောင်းသားချမ်းညတော့ ပြန်မဖြစ်ချင်ဘူး.."

"ကျွန်မတို့လက်ထပ်ခဲ့ပြီးပြီပဲ.."

"အဲ့ဒါကြောင့် သူဌေးသမက်ဖြစ်ရမှာမျိုးကိုပြောတာ.."



မျက်ဝန်းတို့ဆုံဆည်းနေကြစဉ် စကားပေါင်းများစွာပြောနေမိကြပြီး အတန်ကြာမှ ကြိုးလေးရဲ့မျက်ဝန်းလေးတွေမှာ ပြုံးယောင်သမ်းလျက်.. ။

"ရှင့်သဘောအတိုင်း ဆုံးဖြတ်ပါတော့.."

"အဟွန်း.."

"ရှင်ကကျွန်မကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် ကျွန်မကရှင့်ကို စိတ်ချမ်းသာစေချင်တာက ပိုပါတယ်.."

"ဟား ဟား ဟား.."

ချမ်းညကျေနပ်စွာ ရယ်လိုက်ရင်း ကြိုးလေးရဲ့ကိုယ်လေးကို ရင်ခွင်ထဲဆွဲပွေ့လိုက်လျှင်.. ။

"သူကြီးရေ..သူကြီး သူကြီး.."

ဟာ.. ။

ခေါ်သံက တစ်ယောက်ပြီးတစ်ယောက်ဆက်တိုက်မို့ ပြေးလာသည့်နှုန်းအတိုင်း အားလုံးကျယ်လောင်စွာကြားလိုက်ရကာ.. ။

"သူကြီးရေ..သူကြီး သူကြီး.."

"ဟိတ်..ဘယ်ကောင်တွေတုံးကွ.."

မသိရင် ဦးရှင်ကြီးတင်ရင်း အဘိုးပင့်နေသလိုလို။ သူကြီးခါးကြိုးထောက်ပြီး ဝမ်းခေါင်းသံပါအောင်အော်သည်။ ပြီးတော့ ပြေးလာသည့်ကလေးတွေကို ဒေါသနှင့်ဆီးကြိုနေခဲ့လျက်.. ။

"ဘာတုံး..နင့်တို့ကြီးတော်တွေလင်မရလို့ တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်ကုန်ကြလို့လား.."

"အောင်မလေး..ကြီးတော်ကငုတ်တုတ်ကြီးရှိသေးတယ်သူကြီးရဲ့၊ ဟောဒီမှာ ကြက်မမသေသေးဘူး..လင်မရလို့ပဲ တိုင်နဲ့ခေါင်းနဲ့ပြေးဆောင့်ရဦးမယ်၊ မလိုချင်လို့နေတာ ရုပ်ကိုကြည့်.."

"ဘယ်ကကြည့်ကြည့် ကြက်မပဲဟာ.."

"ပေါက်စ.."

"ဟ..နင်မဟုတ်လို့လား ကိုင်း.."

သူကြီးဘက်ကနေ ပေါက်စတို့အသံထွက်လာတော့ မုန်တိုင်းက ရွေ့လျားသွားသည်။ နှစ်ဖက်နဲ့တစ်ဖက်ဖြစ်နေရပေမယ့်ကြက်မ

www.burmeseclassic.com

www.burmeseclassic.com



က နည်းနည်းလေးမှ မာန်မကျပေ.. ။

ဒီရွာမှာ တစ်ယောက်ကမခံ။ တစ်ယောက်က ရန်စနှင့် လည်ရှိက်နေကြကာ အကြောင်းအရာတစ်ခုခုကို ပြောတော့မည် လိုရင်းကို ဘယ်တော့မှတန်းမရောက်.. ။

"ဒေါ်ကြက်ကြီးကလည်း အော်လိုက်တာဗျာ.."

"အံမာ.."

"ကြီးကြီးကလည်း ရန်မဖြစ်ပါနဲ့.."

ပြေးလာသည့်ကလေးတွေက တြိဂံနယ်မြေကိုရောက်သည် သူကြီးတစ်ဖက်တည်းဆီကိုပြေးသွားကာ.. ။

"ဟိုရွာကဆရာမလေးတွေနဲ့ ဘဘကြီးတစ်ယောက်လာတယ် သူကြီး..သဲအုတ်တွေမှာချင်လို့တဲ့.."

"ဟုတ်တယ်..ဟောဟဲ မောလိုက်တာ.."

သူကြီးက အမောဆိုက်နေသည့် ကလေးတွေကိုဒေါသမပြေ ကြည့်နေရင်း လက်ပိုက်လိုက်တာ ခပ်မိန့်မိန့်.. ။

"ဘယ်ရွာကတုံး..လကုန်းရွာကို ငါးထောင်ပို့ဖို့ ကတိပေးပြီး သား.."

"အဲ့ဒါ အဲ့ဒါသူတို့က ပိုက်ဆံတွေပါလာတယ်သူကြီးရဲ့..တစ်ပါ တည်းပေးမှာတဲ့၊ သူတို့ကိုအရင်ပေးပါတဲ့.."

"ဟေ.."

သူကြီးမျက်လုံးတွေ တံလျှပ်ထသွားသည်။

"နောက်ထပ်စေတီတည်ဖို့လည်း အများကြီးယူဦးမှာတဲ့ဗျ..အား လုံးအတွက် ပိုက်ဆံကြိုပေးထားမှာတဲ့၊ ဟီး..ဟီး.."

အားလုံးဝမ်းသာလုံးဆို့ပြီး ငြိမ်ကျသွားသည်။ သူကြီးပုဆိုး တို ပြင်လိုက်ပြီး ဆတ်ခနဲခေါင်းညိတ်၍.. ။

"ဒါဆိုရင်တော့ သူ့တို့ကိုပဲ.."

"တစ်ဖက်မှာ ကတိပေးပြီးသားကို ဒီလိုလုပ်လို့မဖြစ်ဘူးလေသူ ကြီး.."

ဟင်.. ။

ချမ်းညအသံကြောင့် ခြေလှမ်းပြီးသားဖြစ်သော်ငြား.. ။



"ဟုတ်တယ်..အဲ့ဒါပဲငါပြောချင်တာ.."

"မဟုတ်ဘဲနဲ့ သူကြီးကအမျိုးမျိုး.."

"ခုနကတော့ ခေါင်းညိတ်ပြီးတော့..သူပဲ.."

မောအောင်ပြေးလာရသည့်ကလေးတွေက လက်ညှိုးထိုးကြ၏။ သူကြီး ခြေလှမ်းတွေရွာဆီကိုမဟုတ်တော့ဘဲ ဟိုလျှောက်ဒီလျှောက် ဝေ့လည်သွားကာ.. ။

"ငါဘာပြောရသေးလို့တုံး.."

"သူတို့ကိုပဲ ပေးမယ်လို့ပြောလိုက်တယ်.."

"မပြောရသေးပါဘူး.."

"ပြောတယ်..ပြောတယ်.."

"ငါ..တယ်."

"ဟား ဟား ဟား ဟား.."

ကလေးတွေကဆူ သူကြီးကဒေါသထွက်ကာ ရယ်သံတွေပါပါ လာခဲ့လျှင် ချောက်ထိပ်မှာဆူညံပွက်လောရိုက်သွားလေသည်။

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၃)

"ဒီနေ့မျက်နှာမကောင်းပါလားညီမ..ဘာဖြစ်လို့တုံး.."

ဟန်ဆောင်မျိုသိပ်နေခဲ့ရတာတွေက သမီးလေးရဲ့သတင်းတစ်ခုခုကြားလိုက်ရတိုင်း လူကဗုန်းဗုန်းလဲချင်၏။ သူဌေးကြီးကလည်း ဇနီးသည်မျက်နှာကို မြင်လိုက်တာနှင့် နားလည်နေသည်ဖြစ်ရာ..။

"ဆရာတော့်ကျောင်းမှာ သဲတောရွာကရွာသားတွေ ရောက်နေတယ်ကြားလို့မဟုတ်လား.."

ဒေါ်ရတနာလှိုင်က ကြိမ်ကွက်ခင်းထားသည့် ကျွန်းကုလားထိုင်မှာ ခြေထောက်လေးတွေတင်၍ ကျုံ့ကျုံ့လေးထိုင်နေတာဖြစ်ကာ ခပ်ပွပွကတ္တီပါအနွေးထည်ကိုလည်း ဝတ်ထား၏။ ထိုပေါ်ကနေ နီညိုရောင်တဘက်ကျားလေးကိုလည်း သိုင်းပတ်ထားသေးသည်။

ရွှေဘီးစိုက်ထားသော ဆံထုံးမြင့်မြင့်နှင့် မဟာဆန်သောကျက်သရေမင်္ဂလာတို့သည် ညှိုးရော်နေသော မျက်ဝန်းနှင့်ချောင်ကျနေသည့်မျက်နှာကြောင့် အရောင်အဆင်းကင်းမဲ့နေသလို ရှိခဲ့လျက်..၊

"ကျွန်မကို ဂရုမစိုက်ပါနဲ့အစ်ကိုထည်..အစ်ကိုထည်မှန်တယ်ထင်သလိုနေပါ.."

"ကျုပ်ကိုရွဲ့နေသလိုပါလားလှိုင်ရယ်..သဲတောကလာတဲ့လူတွေဘာပြောမှာလဲ၊ သူတို့ဆီကငါတို့ကြားရရင် သမီးအကြောင်းကြားရမှာ မဟုတ်ဘူး..ချမ်းညဘယ်လိုတော်တာထက်တာတွေပဲပါမှာ.."

"အဲ့ဒီလိုယောကျ်ားနဲ့ လက်ဆက်ထားတော့လည်း ကိုယ့်သမီးပါဘုန်းကံမြင့်တာပေါ့အစ်ကိုထည်..ကျွန်မတို့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ.."



"ဒီသမီးကရော မိဘဆိုတာရင်းစားရနိုင်တဲ့ ပစ္စည်းတစ်ခုလို့ထင်နေတာလား..မင်းပဲတွေးကြည့်ဦးလေ၊ ထွက်သွားတည်းက..ကျွတ်.."

ပြောရရင်လည်း ရှေးဟောင်းနှောင်းဖြစ် စိတ်ပျက်ဖွယ်တွေပါလာဦးမှာပါ။ ခုဆို နှစ်နှစ်နီးပါးရှိခဲ့ပြီ။ ဟိုတုန်းတည်းက ချမ်းညဆိုတဲ့ကောင်လေးက ယောအိမ်တော်ကလူတွေဟာ 'ဘုရားထူးခံချင်ကြသူများ'လို့ ပုတ်ခတ်စော်ကားခဲ့သည်။ ယောက္ခမတော်ရပြီဆိုတော့ရော မိဘအရာမှာထားပြီး လေးစားသမှုနဲ့ပျပ်ဝပ်ရိုကျိုးတဲ့ပုံတစ်ချက်လောက် ရှိခဲ့ဖူးသလား.. ၊

ဒီကြားထဲမှာ သဲအုတ်တွေလုပ်ပြီး သဲတောရွာကိုသူဌေးဖြစ်အောင် လုပ်ပြခဲ့သေးသည်။ ဟိုအရင်အစက သူပြောခဲ့တဲ့အတိုင်း သဲတောကသဲအုတ်တွေကို သုံးလွန်းတောင်ကဝယ်ရတော့မှ ယောသူဌေးကြီးရဲ့ပိုက်ဆံနဲ့ ဘဘုန်းရဲ့ကြွေးကိုဆပ်ပါသည်လို့ မမေ့မလျော့ထည့်ပြောခဲ့သေးသည်။

သဲအုတ်တွေက ရွှံ့အုတ်ထက်ပိုကောင်းသည်။ ကြိုက်သလောက်မှာလို့ရသည်ဆိုတော့ လူအင်အားငွေအင်အားနဲ့ သဲတောကို အဝယ်လွှတ်ခဲ့သည်။ ပြန်လာကြကာမှ သဲတောမှာသဲအုတ်တွေကို လုပ်ကိုင်ဖြန့်ဖြူးနေတာ ချမ်းညဆိုတဲ့ကိုယ့်သမက်မှန်းသိခဲ့ရသည်။

ဒါပေမယ့် လိုအပ်သည့်ရွာနီးချုပ်စပ်တွေ မှာထားတဲ့အတိုင်းကိုယ့်အလှည့်ရောက်မှရသည်။ လိုချင်သလောက်ရဖို့ကို ပြန်စောင့်ရသည်။ ပြီးတော့ ပြောလိုက်သေးသည်။

" 'မျက်နှာသိစျေးမရောင်းရတဲ့'ဘဘရဲ့..'ချစ်သောသူကိုဥစ္စာမငှားရ'ဆိုတာလည်း ရှိသေးတယ်၊ ကျွန်တော်ကတစ်ခုခုကြောင့် မုန်းရမှာစိုးလို့ပါ.."

"ဘဘတို့ကို ဦးစားပေးရောင်းလိုက်ရင် ယောက္ခမမို့ မျက်နှာလိုက်တယ်ဖြစ်ကုန်မှာပေါ့..အဲ့ဒါကြောင့်ပြောတာ၊ 'ချစ်သောသူကိုဥစ္စာမငှားရ'ဆိုတာ အများကြီးအကျုံးဝင်အောင်ပြောထားတဲ့ဆိုရိုးစကား.."တဲ့.. ၊

သင်းက လူလေးငယ်ငယ်နဲ့ အလှည့်ရောက်တာနှင့်ပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တဲ့စကားတွေ သုံးလွှန်းတောင်ရွာမှာ ၅၅.အုတ်တွေမနိုင်မနင်၊ လုပ်နေကြတာ သူလည်းပါခဲ့သေးသည်။ သဲတောမှာ သဲကိုချောက် ထဲဆင်းသယ်မှရပေမယ့် သုံးလွှန်းတောင်မှာ စိမ့်စမ်းလျှိုမြောင်တွေ သဲတောသောင်ပြင်တွေမှအပြည့်.. ၊

ထိုစဉ်ကတော့ သဲအုတ်လေးလုပ်ကြည့်ပါလား။ အုတ်စီဖို့မလို ဘူး။ မီးဖုတ်ဖို့မလိုဘူးလို့ တစ်ခွန်းမှမဟခဲ့။ တွေးကြည့်လိုက်ရင် ချမ်းညဆိုတဲ့ကောင်လေးဟာ ဘယ်နေရာမှာမှ ထောင့်မကျိုးခဲ့ပါချေ။ လူကြီးကတစ်ခွန်းလောက် ငေါက်ငန်းလိုက်တာနှင့် သင်းလေးက ဆယ်ခွန်းလောက် ခွန်းတုံ့ပြန်၏။

မိုက်ရိုင်းလိုက်တာလို့ မပြောသာပေမယ့် သင်းဘာပြောပြော ထိမ့်မြင် ပြုနေသလိုခံရခက်ပါဘိ.. ၊

"ခက်ပါတယ်ကွာ..ကိုယ့်သမီးကိုက မိဘကိုမင့်ညှာတာ.."

အများကြီးစဉ်းစားနေရင်း မချိတရိုညည်းသံထွက်လာတော့ ဒေါ်ရတနာလှိုင်က မျက်လွှာပင့်ကြည့်သည်။

"အိမ်ထောင်ကျနေကာမှတော့ မိဘကိုပြန်ငဲ့နေရင် သူ့အိမ် ထောင်ရေးသာယာပါ့မလားအစ်ကိုထည်ရယ်..ခုဆိုသမီးလေးအိမ်မှာ မရှိတော့တာ နှစ်နှစ်ပြည့်တော့မယ်.."

"သူတို့တောင်မိဘရယ်လို့ ဒူးတုပ်တောင်းပန်ခြင်းမရှိခဲ့တာ မင်း ကဘာအတွက် လွမ်းနေသေးတာလဲလှိုင်.."

"တောင်းပန်ရဲတဲ့အထိရော ကျွန်မတို့ကလမ်းခင်းပေးခဲ့လို့လား ..အစ်ကိုပဲအိမ်ရပ်တောင်မနင်းနဲ့၊ နာမည်တူတောင်မခေါ်နဲ့နဲ့.."

"မိဘကတော့ ပြောမှာပဲလေ..ဒေါသထွက်ရင်ထွက်တဲ့စကား ပြောတာပဲကွ.."

"မိဘမှာပဲပြောခွင့်ရှိသလို သားသမီးဆိုတာလည်း မိဘကိုစော် ကားခွင့်ပါမစ်နဲ့ မွေးလာကြတာပဲ..ကျွန်မတို့က ပညာတတ်တော်ဝင် မျိုးနွယ်တွေပါရှင်၊ အရာရာကိုမျှတအောင် တွေးနိုင်ပါတယ်၊ အစ်ကို လည်း မျှတခဲ့တဲ့သူပါ..ကိုယ့်သမီးကျမှ.."

"ဟုတ်တယ်..အဲ့ဒါကိုယ့်သမီးမို့ပဲ.."

ဝန်ခံပြီးတာနှင့် မျက်နှာလွှဲမိသည်။ အိမ်မှာပဲလာနေကြပါတော့



မခေါ်ရုံတမယ် မိဘကတကောက်ကောက်လိုက်ခဲ့တာပဲ။ မခွဲပါရ နဲ့ဖေကြီးရယ်..ဆိုပြီးတောင်းပန်တာလာမျိုး ဘယ်မှာရှိခဲ့သလဲ..။

ကျွန်တော်တို့ကိုမခွဲပါနဲ့..ကျွန်တော်ဘယ်လိုကြိုးစားပါ့မယ်၊ ယ်လိုသစ္စာရှိပါ့မယ်ဆိုတာတွေ ချမ်းညဆိုတဲ့ကောင် ဘာလို့မပြော သလဲ..။ မပြောတဲ့အပြင် လူကြီးတွေကိုသင်းက.. ၊

"သခင်ကြီး.."

သူတို့စကားပြောနေရာသို့ ဦးဩဘာသုတ်သီးသုတ်ပျာဝင် ခဲ့လျက် အနားရောက်မှတုံ့သွားကာ သူ့ဌေးကြီးနဲ့သူဌေးကတော် ကို အကဲခတ်မိ၏။

"ဘာလဲကိုဩ.."

"ဟို..ကျွန်တော်သတင်းကြားခဲ့လို့ပါ.."

"ဘာတုံး..သဲတောကရွာသားတွေရောက်နေတဲ့အကြောင်းပဲ လား.."

"ဟုတ်ပါတယ်.."

"ရောက်နေတာရော..ရောက်နေတဲ့အကြောင်းရော ဘာမှထပ်မ သိချင်ဘူးဗျာ၊ မပြောနဲ့တော့.."

"ကျွန်တော်.."

"တော်ပြီ..တော်ပြီ၊ ကျုပ်ကဒါဆိုဒါပဲ..ဒီတစ်ခါလုံးဝ မပျော့ ပျော့တော့ဘူး.."

ပြောရင်း မျက်နှာလွှဲ၏။ ဦးဩဘာက ဒေါ်ရတနာလှိုင့်ကို လှမ်း ကြည့်သည်။ ဒေါ်ရတနာလှိုင် မျက်ရည်ဝေ့နေသည့်မျက်ဝန်းတို့ကို လွှဲလိုက်ရင်း ကိုယ့်ဆန္ဒကိုမျိုသိပ်နေလိုက်သည်။

"ကျွန်တော်တစ်ခုလေးပဲပြောချင်လို့ပါသခင်..ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်နှစ်ကလည်း ကလေးတွေနောက်ကိုလိုက်ခဲ့ကြတယ်.. ဒါ ပေမယ့် နောက်ကျခဲ့ရတယ်.."

"ဟင်..ကိုဩဘာကိုပြောတာလဲ.."

ဒေါ်ရတနာလှိုင်က နားမလည်။ ဆရာတော်ကြီးနဲ့လမ်းကြောင်း တူနေခဲ့လျက် သူတို့နောက်ကျခဲ့ရတာကို ဦးဩဘာနဲ့သူဌေးကြီးက တော့ သေချာသိနေပါ၏။ သို့သော်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတွေဘာဆိုင်လို့ ပြောနေတာတုံးကိုညြ..ဆရာတော် ကျုပ် အတူတူသွားခဲ့မိတာပါ၊ ဘယ်သူမှလည်း အရင်ရောက်မသွား ဘူး..အရင်ရောက်ခဲ့ရင်လည်း ဘာမှမဖြစ်ဘူး.."

"ခုတော့ဖြစ်လိမ့်မယ်သခင်..ချမ်းညတို့ဆီကို ဆရာတော်လိုက် သွားပြီ.."

"ဘာ.."

ဒေါသဖြစ်တာလား..အံ့ဩတာလားတော့မသိ။ ဒေါ်ရတနာ လှိုင်ကတော့ ခင်ပွန်းဖြစ်သူရဲ့ဒေါသသံကြောင့် စိတ်မချမ်းမြေ့သလို ကြည့်လိုက်ပြီး.. ၊

"သူ့ကျောင်းသားပဲအစ်ကိုထည်ရယ်..ပြီးတော့ သူ့တူအရင်းကြီး ကို တစ်ခါတစ်ခေါက် အလည်သွားတာဖြစ်မှာပေါ့.."

"မင်းမသိပါဘူးလှိုင်ရယ်..ဆရာတော်က သံဃာဖြစ်ပေမယ့် ကရုဏာကြီးမားတယ်၊ ကျုပ်ကတော့ အတ္တ မာနတွေကြီးကြီး ကိုယ့် သမီးကိုတောင် စွန့်ပစ်ထားတယ်..အဲ့ဒီလိုမျိုး.."

"ဘယ်သူပြောတာတုံး.."

"ဘယ်သူမှပြောစရာမလိုဘဲ အဲ့ဒီပုံစံပေါ်လွင်သွားတာပေါ့..သ တောနဲ့သုံးလွန်းတောင်နီးနီးလေးလည်း မဟုတ်ဘူး.."

"အခုနီးနေပါပြီသခင်..ဘိုနှစ်ကောင်ကတဲ့လှည်းနဲ့ဆိုရင် သုံး နာရီတောင်မကြာဘဲ ချောက်ထိပ်တံတားကိုရောက်ပါတယ်..အဲ့ဒီတံ တားကနေ တောင်ဘက်ချိုင့်ထဲမှာရှိတဲ့ရွာတွေကိုတောင် အလွယ် လေးသွားလို့ ရနေပါပြီ.."

သိလိုက်ပါသည်။ အဲ့ဒါတွေက ဘုန်းတော်ရှင်လေး ချမ်းည ကြောင့်.. ၊

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့တွေက ဆရာတော့်ကျန်းမာရေးကို အရိပ်ကြည့်စောင့်ရှောက်နေကြတာလေ..လူဝတ်ကြောင်တွေလို စိတ် သွားတိုင်းကိုယ်ပါနေတာ မကောင်းပါဘူး.."

ဇနီးသည်ကမကြိုက်မှန်းသိပေမယ့် ဆရာတော်သူ့ကိုဝေဖန် ထားခဲ့တာတွေကို မေ့မရတိုင်း ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကြားလိုက် ရရင် မပြောဘဲမနေနိုင်.. ၊



"မောင်မင်းလူဝတ်ကြောင်ဖြစ်ပြီး စိမ်းကားပြတ်တောက်နေ ကိုင်း ဘုန်းကြီးကပိုပြီးကင်းကင်းနေရမယ်လို့ ဘယ်ဝိနည်းမှာမှ ကျုပ် မဖတ်ဖူးဘူး.." တဲ့.. ၊

"မေတ္တာကြီးမားသယောင်နဲ့ ကိုယ့်လက်ပူတော့ပူမှန်းသိပါ့.."

"ဘုန်းကြီးကတော့ လူသတ္တဝါအပေါ်မေတ္တာထားရတယ်..ဘုန်း ကြီးမို့ပိုထားရမယ်၊ ကျုပ်ကတော့ ကလေးတွေသတင်းနားစွံ့နေတာ ပဲ.." တဲ့.."

ကိုယ့်ဘာသာရင်ထဲမှာမျိုသိပ်ပြီး ပြောမကောင်းဆိုမကောင်း ဘာတွေကို ဟန်လုပ်မာန်တင်းနေရတာ ဘယ်လောက်များနေပြီလဲ..

'မိဘမဟုတ်တိုင်း မစာမနာမကဲ့ရယ်ပါနဲ့'လို့ပြောရအောင် လူ ဝတ်ကြောင်ဆိုလည်း ဟုတ်သေး.. ၊

"ကိုညြ.."

"ခင်ဗျာ..အမိန့်ရှိပါသခင်.."

"အမိန့်ကရှိပြီးပြီ..ခင်ဗျားကမသွားသေးတာ၊ ကျုပ်ဘာမှထပ်မ ပြောချင်တော့ဘူး.."

ထပ်ပြောနေလည်း ကိုယ့်စကားလုံးက အပြစ်ဖြစ်တော့မှာကို သိနေသဖြင့် ဦးညြကိုပြောပြီးတာနှင့် နေရာမှထွက်လာခဲ့လျှင်.. ၊

"ဒါဆိုလည်းကတော်ကြီးကိုပဲ ပြောပါရစေ..ကျွန်တော်တို့မ သွားရဘူးဆိုရင်တောင် ကလေးကင်ပွန်းတပ်အတွက် လက်ဆောင် ပစ္စည်းလေးတော့ လူကြုံပါးပြီးပဲဖြစ်ဖြစ်.."

"ဘယ်လို..ဘာပြောလိုက်တယ်ကိုညြဘာ.."

ဒေါ်ရတနာလှိုင် ကျုံ့ကျုံ့လေးခပ်နွဲ့နွဲ့ထိုင်နေရင်းကနေ ခြေ ထောက်တွေကြမ်းပေါ်စုံကျ၏။ သူဌေးကြီးခြေလှမ်းတွေတုံ့ခနဲရပ် သွားလေသည်။ ပြီးတော့ နောက်ပြန်လှည့်လိုက်တာ ချာခနဲ.. ၊

"ကိုညြ..ဘာပြောလိုက်တာလုံး ခုနင်က.."

"မင်းသမီးလေးက သားဦးလေးမွေးပါတယ်..မနက်ဖြန်ဆိုမီး ထွက်ပြီလို့ ရွာသားတွေကိုသတင်းပါးခိုင်းလိုက်တာပါ.."

ဟင်.. ၊

ဒေါ်ရတနာလှိုင် မတ်တပ်ရပ်လိုက်ရင်း ယိမ်းယိမ်းယိုင်ယိုင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ သူ့ဒွေးကြီးချက်ချင်းပြန်လှည့်လာကာ ဒါကိုစုမှပြောသ[ည်] အတွက် ဒေါသဖြစ်သွားသည့်မျက်နှာကြီးက နီမြန်းနေခဲ့လျ[က်]..၊

"ခင်ဗျားဗျာ..တော်တော်အားကိုးရတဲ့လူ..ကျွတ်.."

စိတ်လှုပ်ရှားနေသလို ခြေနှစ်လှမ်းသုံးလှမ်းကို ခေါက်တုံ့ခေါ[က်] ပြန်လျှောက်နေတာ ပြေးနေတဲ့အတိုင်း။ ပြီးတော့ တုံ့ခနဲရပ်လို[က်] ကာ..၊

"စုချက်ချင်းသွားမယ်..ကလေးအတွက်လက်ဆောင်ပေးရအော[င်] ဘွားတော်ကြီးခုပဲပြင်လိုက်တော့.."

ဒေါ်ရတနာလှိုင်ပျာပျာသလဲခေါင်းညိတ်လိုက်၏။ ဦးသြဘာက တော့ ခေါင်းခါ၍..၊

"သခင်လိုက်မယ်ဆိုရင်တော့ ဟိုတစ်ခါလို့မဖြစ်ရအောင် လို[က်] အပ်တာအားလုံးပြင်ဆင်ရမှာပါ.."

"နို့ နှစ်နာရီကျော်လောက်ရောက်ဆို.."

"အခုအဲ့တံတားကို ပိုကောင်းအောင်တိုးချဲ့နေဆဲဖြစ်နေလို့ တောလမ်းကပဲသွားရမှာပါ.."

"ဒါဖြင့်ရင် ဆရာတော်ကရှေ့ကကြွနှင့်ပြီဆိုတော့ ကျုပ်တို့ နောက်ကျပြန်ပြီပေါ့..လမ်းအတိုင်းမသွားဘူး၊ ဖြတ်လမ်းကသွားမယ် ..အမြန်ဆုံးပြင်လိုက်တော့ကိုသြ.."

"ကောင်းပါပြီ.."

"ဖြတ်လမ်းတွေက အန္တရာယ်များ[ပါ]တယ်ကိုကြီးထည်ရယ်.."

"လူတိုင်းသွားနေလို့ လမ်းဖြစ်နေတာပဲကွာ..ကျုပ်မြေးဆီကို ကျုပ်ပဲဦးဆုံးရောက်မှဖြစ်မယ်.."

ဒေါ်ရတနာလှိုင်ခေါင်းခါရင်း ရယ်မိလေသည်။

မြေးဦးအရှူးဆိုတာ လူကြီးရူးတာလား..။ ကလေးရူးတာလား တော့မသိ..၊

☺

အခန်း(၄၄)

"ဟဲ့သူတော်..ကြည့်စမ်း ဟိုရှေ့မှာဘုန်းကြီးကျောင်းလား.."

"မှန်ပါ့ဘုရား..ထန်းနှစ်ပင်မှာလမ်းမေးခဲ့တုန်းက ပြောလိုက်တဲ့ ဘုန်းကြီးကျောင်းပဲဘုရား.."

"တော်သေးတာပေါ့..မြန်မြန်ရောက်ချင်လို့လာကာမှ လမ်းတွေ မှားပြီး ပိုရှည်နေတယ်၊ နင့်မီးကလမ်းကိုထိုးလေ.."

"တင်ပါ့.."

သူတော်က တိုလီထွာလီတွေပါသည့်လွယ်အိတ်ကြီး ပခုံးမှာ ချိတ်လျက် ရှေ့ရောက်သွားလိုက် ဆရာတော့်ကိုပြန်လှည့်ပြီး မီးထိုး လိုက်နှင့်..၊

"ရေညှိတွေချည်းပဲဘုရား..သေချာနင်းပါဘုရား.."

မှောင်နဲ့မည်းမည်းမှာ ဓာတ်မီးရောင်က ဝင်းဝင်းထိန်ထိန်ဖြစ်နေ သော်လည်း ခလုတ်ကပ်နေသဖြင့် မီးကလည်းလင်းလိုက်ပျောက် လိုက်မို့ အဆင်မပြေ..၊

ကြယ်ရောင်မစုံပေမယ့် ကြီးမားထည်ဝါသည့်ဘုန်းကြီးကျောင်း အိုကြီးရဲ့ ခေါင်မိုးအစွန်းတွေကိုတော့ မြင်နေရသေးသည်။ ဓာတ်မီး ကိုဝှေ့လိုက်တော့ လှေကားရင်းမုခ်ဝကနေ ကျောင်းပေါ်ထိအုတ်လှေ ကားထစ်တို့သည် ကျိုးပျက်အက်ကွဲနေလျက် ရေညှိမြက်ရိုင်းတို့နှင့် ခြေချစရာပင်မရှိ..၊

ထို့ပြင် ကျောင်းအောက်ခြေတိုင်လုံးကြီးတွေကလည်း ခြံနွယ်[ပ] ိတ်ပေါင်းတို့ ဝါးမျိုနေပြီဖြစ်ကာ အထဲမှာတောင် နေထိုင်စရာအဆင် ပြေပါ့မလားမသိ..၊

www.burmeseclassic.com

www.burmeseclassic.com



"နေဦး..မီးရောင်မြင်သလိုပဲ.."

"မတွေ့မိပါဘူးဘုရား.."

"ငါတွေ့မိတယ်."

"တပည့်တော်တော့ တပည့်တော်တို့ဒုတ်မီးရောင်ပဲရှိတယ်ထင် ပါတယ်ဘုရား.."

"ရော်..ဒါဖြင့် ကျုပ်ချည်းပဲမြင်နေရတာလား.."

ဆရာတော်က ငယ်စဉ်တည်းက သရဲကြောက်တတ်သူဖြစ်ကာ ရွာထဲမှာ နာရေးပေါ်ပြီဆို အဲ့ဒီအသုဘရက်မလည်မချင်း ညမှုညတ ဆို အပြင်မထွက်တော့ပေ။ ထွက်ရဖို့အကြောင်းရှိလာခဲ့ရင်လည်း ကိုရင်တွေကျောင်းသားတွေ လေးငါးယောက်မပါဘဲ ခြေတစ်ဖဝါးစ မှ မရွေ့ခဲ့တာ ရာဇဝင်တွင်၏။

ဒီနေ့လမ်းခရီးမှာ တောထဲတောင်ထဲမှာ မိုးချုပ်မည်လို့တွက် ချက်ခဲ့တဲ့ထဲမှာ မပါပေ။ ဟိုတစ်ခေါက်က ညဘက်ကြီးလယ်တဲထဲ မှာ မိုးချုပ်သွားခဲ့သည်။ သို့သော်ယောသူဌေးကြီးနဲ့လူယုံကြီးတို့ ရောက်လာကြသဖြင့် အဆင်ပြေသွား၏။

ဒါနဲ့တောင် အဖော်ရဖို့ကျေနပ်သွားသည့်ပုံမပြခဲ့ဘဲ သူဌေးကြီး ကို ကောင်းကောင်းကြီးပညာပေးခဲ့သေး၏။ ခုတော့ အရင်လမ်းက နေဖွဲ့ဆင်းပြီး ဖြတ်လမ်းကိုသုံးမိကာမှ မျက်စိတွေလည်ပြီး ဟိုရောက် ဒီရောက်.. ၊

"နာရီထုတ်ကြည့်စမ်း..ဘယ်နှစ်နာရီရှိပြီတုံး.."

"တင်ပါ့.."

ဦးသူတော်က ဒိုင်ခွက်ဝိုင်းလေးကို မြန်မြန်ဆန်ဆန်ထုတ်ကြည့် နေစဉ် ဆရာတော်က ဦးသူတော်ရဲ့ရှေ့က လှေကားထစ်ပေါ်ကို လှမ်း တက်လိုက်၏။ ပြီးတော့ ဓာတ်မီးကိုဆွဲယူကာ လက်နှစ်ဖက်နဲ့ဆုပ် ၍ ဘယ်ကိုမှမီးရောင်မရောက်အောင် ကိုယ့်မေးဖျားအောက်က အပေါ်ကိုထောင်ထိုးထားလိုက်၏။

"ကိုးနဲ့တစ်ဆယ်ကြားတစ်ချောင်း အဲ..အချောင်းနှစ်ချောင်းစ လုံးကြားထဲကိုပဲ ထိုးနေတယ်ဘုရား.."

"ငါ..တယ်.."



"အဲ့လို နှစ်ချောင်းစလုံးကြားထဲထိုးနေရင် တပည့်တော်မသိ တော့ဘူးဘုရား.."

"ဘယ်အချောင်းရောက်နေနေ နင်ဘယ်တော့မှသိမှာမဟုတ် တော့ ကြည့်လည်းမနေနဲ့တော့..ငါလည်း နင့်ကိုပဲခေါ်ခေါ်ထုတ်ခဲ့မိ တာ နာရီကြည့်ခိုင်းမိမှချည်း သတိရတယ်၊ ပြောကိုမပြောချင်တော့ ဘူး.."

စိတ်ညစ်လက်ညစ်ရေရွတ်ရင်း ဆရာတော်က လှေကားကို ဆက်တက်ဖို့ပြင်သည်။ သို့သော် ခြေလှမ်းတုံ့သွားပြီး.. ၊

"ကိုင်း..ရှေ့ကတက်သွားပြီး တံခါးဖွင့်ချေ.."

"တင်ပါ့ဘုရား.."

သူတော်လည်း ဆုခံထိနေသဖြင့် ပျာပျာသလဲခေါင်းညိတ်၏။ သို့သော် ဓာတ်မီးကဆရာတော်ကိုင်ထားတာမို့ အတူတူတက်သွား ရမှာပဲဖြစ်ကာ လှေကားထစ်ဆုံးတဲ့အထိရောက်အောင် သူ့စောင့် ကိုယ့်စောင့်.. ၊

ထိုစဉ် အထဲကဒုန်းခနဲအသံကြီးထွက်လာသဖြင့် နှစ်ယောက် သားတုံ့သွားကြ၏။ သူတို့အပြင်မှာမှောင်နက်မည်းမည်း လူမရှိဘူး ထင်ရပေမယ့် ကျောင်းထဲကိုအရင်ရောက်နှင့်နေကြသော ယောသူ ဌေးနှင့်လူယုံကြီးဦးသြဘာတို့မှာလည်း.. ၊

"ကျွန်တော်သေချာကြားလိုက်တာသခင်.."

"ကျုပ်ကတော့ ခင်ဗျားကန်ချလိုက်တဲ့ သစ်သားတန်းပြုတ်ကျ သံပဲကြားတယ်.."

လူယုံကြီးကလည်း အသက်ကြီးကာမှ ကြောက်လန့်နေရသည့် ကိုယ့်အဖြစ်ကိုသိသာထင်ရှားအောင်လည်း မပြရဲ။ ဒါပေမယ့် ထန်း နှစ်ပင်အောက်က အမူးသမားတွေပြောလိုက်တာကိုလည်း မေ့မရနိုင်။

"သတိတော့ထားနော်..အဲ့ဘုန်းကြီးကျောင်းက ပေါ်ရိုသကျောင်း ကြီးပဲ၊ ရွာလုံးပျောက်အောင် ဘာတွေဖြစ်ခဲ့သလဲ ဘူမှမသိဘူး.."

"ဟိုလူဒီလူပြောတာတော့ အဲ့ကျောင်းမှာခိုလှုံဖို့ရောက်လာ ရသေ့ယောင်ဆောင်ထားတဲ့လူက ဖုတ်လိုလိုစုန်းလိုလိုတဲ့..မ ခင် ကျောင်းထိုင်ဘုန်းကြီးလည်း ပျောက်သွားတယ်တဲ့၊ တစ် လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ရှာလည်းပျောက်သွားတာပဲ.."

"ကျောင်းနာမည်ကို ပေါရိသလို့ပေးတာကိုး.."

အမူးသမားတွေမို့ ယစ်ထွေရီဝေပြီး ပေါက်ကရလေးဆယ်ပြော နေကြတာလား..တကယ်ရှိခဲ့တာလားဆိုတာ သက်သေခံမည့်သူမရှိ သော်လည်း ဒီနေရာမှာ ဒီကျောင်းကြီးကို ထီးထီးမားမားတွေ့လိုက် ရခြင်းက ကျောချမ်းဖွယ်ပင်.. ၊

သူတို့ဒီကိုရောက်လာတော့ မှောင်ရီသမ်းစအချိန်ဖြစ်သည်။ 'ပေါရိသကျောင်း'ဆိုသည့် နာမည်စာတန်းတချို့တစ်ဝက်ကို မှုန်ဝ ဘောအက နံရံပေါ်မှာ မြင်ခဲ့ရသေးသည်။ ဦးသြဘာ ဒီလောက်ကြီး တော့လည်း အသည်းမငယ်ခဲ့သူပါ။ ဒါပေမယ့် ဒါတွေကို မကြုံခဲ့ ဘူးသလို တောကြားခြုံကြားတွေထဲ တိုးဝှေ့ပြီး ညလမ်းခရီးသွားခဲ့ ဖူးတာမျိုးလည်း တစ်ခါမှမရှိခဲ့ဘူးပေ.. ၊

ဟိုတစ်ခါညဘက်ကြီး လယ်တဲထဲမှာညအိပ်ခဲ့ရတုန်းကလည်း ဆရာတော်တို့နဲ့ဆုံခဲ့တာမို့ မထောင်းတာလှပေမယ့် ဒါနဲ့ဆိုနှစ်ခါရှိ ပြီမို့.. ၊

"သခင်..စကားပြောသံတွေမကြားဘူးလား.."

"မကြားပါဘူး..ဘာတုံး ခင်ဗျားကြောက်နေတာလား.."

"ကြောက်တယ်လည်းမဟုတ်ပါဘူး..ဒါပေမယ့် ကျွန်တော်ပဲ ကြားနေရတာဆိုရင်တော့ ဒါ.."

"ဂလောက်..ဂလောက်.."

"ဟော.."

တံခါးမျောက်လက်ကို ဆွဲလှုပ်လိုက်သံသေချာသည်။ ဦးသြ ဘာကွေးကွေးလေးလုံ နေရာက ငေါက်ခနဲထထိုင်မိသည်။ ညအမှောင် ထဲမှာ ဆီမီးခွက်မီးရောင်လေးက နီကျင်ကျင်ဖျော့ကျလျက်ရှိကာ ကျယ်ဝန်းသည့်ကျောင်းကြီးထဲမှာ မသဲ့သဲ့ကြာမြင့်စွာထားသည့် ခု တင်ကြီးတွေ တံခါးတွေပြုတ်ထွက်ကျနေသော ဗီရိုကြီးတွေ.. ၊

ထို့ပြင် လက်တစ်ဝါးစာလောက်ပွင့်နေသော ကျက်သရေ ဆောင်တံခါးကြီးက အထဲမှာ တစ်ခုခုရှိနေတယ်လာကြည့်လို့ လက်



ပ်ခေါ်နေသလိုပင်.. ၊ ဦးသြဘာ အရဲစွန့်ပြီး အသံကြားရာလှမ်း ကြည့်နေရင်း.. ၊

ပြောရပါလျှင် ဆီမီးအလင်းရောင်က ဘုရားစင်အမြင့်မှာဖြစ် က အလင်းရောင်မကျသော ချောင်ကြိုချောင်ကြားမှောင်ရိပ်တိုင်းက စ်ယောက်ယောက်ရပ်ကြည့်နေသလို လှည့်စားနေတာ အလိုလိုနေ ်း ကျောချမ်းနေရသည့်အဖြစ်.. ၊

ခြေထောက်ကတံခါးနားကိုရောက်လာလေ တုံ့နေးသွားလေ။ ့ရွေးကြီးကလည်း လက်နှိပ်ဓာတ်မီးကိုင်ထားရင်း တိတ်ဆိတ်စွာ ကြည့်နေ၏။ ဦးသြဘာနောက်ကိုတစ်ချက်ပြန်ကြည့်ပြီးမှ အရဲစွန့် က တံခါးဂျက်ကိုလှည့်ဖြုတ်လိုက်သည်။

တံခါးနှစ်ချပ်က ဟောင်းနေသည့်ပြင် လှုပ်ကိုင်ဆွဲခါထားသည့် ရှိန်နှင့် ဂျက်ဖြုတ်ပြီးတွန်းလိုက်တာနှင့် တံခါးထက်အရင် ပျဉ်နှစ် ျက်က ပြုတ်ကျသွား၏။ ထိုအခါ တံခါးတစ်ဖက်က မျက်နှာပြာပြာ ကြီးကိုမြင်လိုက်ရကာ.. ၊

"ဟာ..ခေါင်း ခေါင်းပြတ်ကြီး.."

ဦးသြဘာလက်ညှိုးထိုးအော်ရင်း ပြန်လှည့်ပြေးလေသည်။

"ဘယ်မှာတုံး..ဟဲ့ သူတော်ရှာစမ်း.."

ဆရာတော်ရုတ်တရက်လန့်ဖျန့်ကာ ကိုင်ထားသည့်ဓာတ်မီး လည်း လွတ်ကျ၏။ ပြီးတော့ ခေါင်းပြတ်ရှာရင်း တစ်ပတ်လည်နေ ျှင်.. ၊

"ဘုန်းဘုန်းဘုရား.."

ဦးသူတော် ကမန်းကတန်းဆွဲထားရင်း.. ၊

"အပေါ်မှာ ဘာခေါင်းပြတ်မှမရှိဘူးဘုရား.."

ဆရာတော့်မျက်နှာကို လန့်အော်ပြေးတာပါလို့လည်းမလျှောက် ်.. ၊

"ငါ့ကိုသရဲခေါင်းပြတ်နဲ့မှားရတယ်ပေါ့.."ဆိုပြီး ပိုတိုးလာမည့် ါသကိုလည်း ကြောက်ရသေးတာကြောင့်.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

"ပဌာန်းတရားကို နေရာတကာရွတ်ဖတ်လို့မရဘူး.."

"မေတ္တာသုတ်ခံရင်ဖြစ်ပါတယ်ဘုရား.."

"မေတ္တာသုတ်ကလည်း မေတ္တာခံယူချင်တဲ့ လောကသားမှ ရွတ်ရမှန်းသိတာ.."

"ဒါဆိုအရှင်ဘုရား ဘာမှမတတ်နိုင်ဘူးလို့ပြောတာလား.."

ဦးသြဘာတွင်တွင်တောင်းဆိုနေစဉ် သူဌေးကြီးကဝင်ပါလာ ပြီး.. ၊

"အိမ်တွေမှာ မကောင်းဆိုးဝါးရှိနေရင်တောင် ဘုန်းကြီးပင့်ပြီး နှင်ကြတာကို.."

"ဒါကကိုယ့်အိမ်လေ..အခု ကျုပ်တို့ကသူများနေရာလာနေကြ တာ၊ ဘယ့်နှယ့်ဧည့်သည်က အိမ်ရှင်ကိုနှင်တုတ်ရမယ်လို့.."

ဆရာတော်က မျက်နှာကြီးရှုံ့မဲ့လျက်.. ၊

"ဘုန်းကြီးသံဃာဆိုတာ မေတ္တာပို့ရတာပဲရှိတယ်..တစ်ပါးသူ နေရာပျောက် ဒုက္ခများအောင်မလုပ်ရဘူး.."

"အရှင်ဘုရားလည်း ကြောက်နေတာပဲဘုရား.."

"ဘာရယ်.."

ဆရာတော်ဒေါသထွက်သွားမှန်းသိလိုက်တော့ ဦးသြဘာ ခေါင်းငုံ့သွားကာ.. ၊

"ခုနက ဆရာတော်လည်းလန့်သွားတာကို သတိရလို့ပါ.."

မီးရောင်နီကျင်ကျင်အောက်မှာ ဆရာတော့်မျက်နှာနီသွားတာ ကို ကြည့်ကာ သူဌေးကြီးကပြုံး၏။



"မောင်မင်းကဘာပြုံးတာတုံး..အဲ့ဒါမောင်မင်းထိုင်ရာမထနိုင်း လို့ဖြစ်ရတာ၊ ကြောက်တတ်တဲ့သူကိုခိုင်းတော့ တောင်မြင်မြောက် မြင်နဲ့လျှောက်မြင်ပြီးအော်တယ်..ကျုပ်ကလည်း ရုတ်တရက်ဘာမှန်း မသိတော့ လန့်သွားတာပေါ့.."

"ဘာမှန်းသိလို့ လန့်တာပါ.."

သူဌေးကြီးက ကဲ့ရယ်လိုက်ပြီးမှ ဟားခနဲရယ်ချလိုက်ကာ..၊

"ကိုယ့်ပုံဘယ်လောက်ဆိုးနေသလဲမသိဘဲနဲ့ ခေါင်းပြတ်လိုက် ရှာရတယ်လို့ ဟား ဟား ဟား ဟား .."

"ဖလူး..ဖလူး.."

"အောင်မလေး..ဘုရား.."

ဦးသူတော်လန့်ဖျန့်အော်ကာ ဦးသြဘာနဲ့ကျောချင်းကပ်သွား ၏။ အနားမှာသရဲကြောက်တတ်သည့်အရွယ်ငယ်ငယ်နှောင်းနှောင်း လည်း မရှိပါဘဲ လူကြီးတွေပဲစုဖွဲ့နေပြီး ကယောင်ချောက်ချားတွေ ဖြစ်နေကြသည်။

ရယ်သံကြောင့် လင်းနို့တွေဘယ်ချောင်ကြားက လန့်ဖျန့်ပျံ ထွက်လာကြသည်မသိ။ တံခါးတွေကလည်း ပိတ်ထားသဖြင့် ကျောင်းထဲမှာပဲ လှည့်ပတ်ပျံနေကြ၏။ လူတွေဆီနိမ့်ဆင်းပျံဝဲလာ ကြလျှင် မျက်နှာတွေကို လက်တွေနဲ့ကာ၍ ရှောင်တိမ်းနေကြရင်း..

"ဟား ဟား ဟား ဟား.."

"ဖလပ်..ဖလပ်.."

"သခင် ဆက်မရယ်ပါနဲ့တော့..လင်းနို့တွေ ထပ်ထွက်လာလိမ့် မယ်.."

"ဟား ဟား ဟား.."

"ဘာတွေသဘောကျလို့ ဒီလောက်တောင်ရယ်နေတာတုံး.. ကိုယ့်ကိုယ်ကို ကလိထိုးနေသလား.."

"တပည့်တော်..အား တပည့်တော်က နည်းနည်းပဲရယ်တာဘု ရား.."

"ဖလပ်..ဖျန်း.."

မျက်နှာတွေကို လက်နှစ်ဖက်ကြားဝှက်၍ ပုဝပ်နေကြရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက်လည်း မမြင်။ ရယ်သံကြီးကလည်းမရပ်

"ဟား ဟား ဟား ဟား.."

"ဆရာတော်ကြီးလားဘုရား.."

"ငါ့ကိုနင့်တို့သူဌေးလို မျက်နှာရှုံးမှတ်နေလား.."

"အရှင်ဘုရား အဲ့ဒါတော့လွန်.."

"ဖျန်း.."

"အား.."

သူဌေးကြီးစကားပြောဖို့ မျက်နှာဖော်လိုက်လျှင် လင်းနို့က ဖျန်း ခနဲဝင်ပုတ်သွား၏။ ခံရတာနှစ်ခါရှိပြီဖြစ်ရာ.. ၊

"အရှင်ဘုရား တပည့်တော်ကိုပဲ ဘာလို့ပုံချနေရတာတုံးဘုရား ကိုယ့်ဘာသာသူများကို ကဲ့ရယ်လှောင်ပြောင်ချင်တာများ ရယ်ရ ရယ်တယ်ပေါ့.."

"မရယ်ဘူးလို့ ပြောနေတာ မောင်မင်းမကြားဘူးလား.."

ဆရာတော်မရယ်မှန်းသိလိုက်ပြီးသည်နှင့် လေးယောက်စလုံး ငြိမ်ကျသွားသည်။ သို့သော်.. ၊

"ဟား ဟား ဟား..ဟော့ ဟော့..ဟီး ဟီး..ဟီး.."

အားလုံးသိလိုက်ကြသည်။ သိလိုက်သည်နှင့် အသားတွေဆတ် ဆတ်တုန်ကာ တစ်ယောက်ကိုတစ်ယောက်စကားပြောဖို့ ကြိုးစားကြ ပေမယ့်လည်း သွားတွေကျင်ပြီး မေးခိုင်နေကြ၏။

"ဖလပ်..ဖျန်း.."

"အ.."

"ဖျန်း.."

"အောင်မလေး.."

လင်းနို့တွေက လက်ကိုဝင်ရိုက်ကာ ခေါင်းကိုဝင်ရိုက်လိုက်နှင့် အလူးအလိမ့်ခံနေကြကာ မကြာမီဆီမီးလည်း ငြိမ်သွားလေသည်။

သွားပြီ.. ၊

ကျောင်းပေါ်မှာ မှောင်အတိကျသွားခဲ့၏။ ရယ်သံကြီးလည်း ပျောက်ကွယ်သွားသည်။ သို့သော် သူတို့တွေကိုယ့်အသက်ရှူသံကို ပြန်ကြားနေရကာ နဖူးကစီးလာသည့်ချွေးပေါက်ပမာဏက ဇီးကင်း



လုံးလောက်ရှိလေသည်။

"သူ..သူတော်.."

"ဘု..ရား.."

"ကိုယ့်ဥစ္စာ..ကိုယ်ဆွဲထား.."

"ဘာ..ဘာကိုတုံးဘုရား.."

"အထုပ်..ပြေးရင်းတစ်ခါတည်းပါအောင်.."

ဦးသူတော် ဒူးတုပ်လျက်မျက်နှာကို ကွယ်ထားရာကနေ လက် တစ်ဖက်ဆန့်ထုတ်လိုက်သည်။ လွယ်အိတ်ကိုဒီနားမှာပဲထားတာပါ။ ဘယ်နားရွေ့သွားတာတုံး.. ၊

"ကိုသြ.."

သူဌေးကြီးကလည်း ကိုယ့်လူကိုပြင်ဆင်ခိုင်းလျှင်.. ၊

"ဝု..ဝုပါပီ၊ ရှာနေပါပြီ.."

ဦးသြဘာလက်မထုတ်ခင် ကိုယ့်လွယ်အိတ်ကို ဘယ်မှာဖြုတ်ချ ထားလိုက်မိသလဲဆိုတာ အရင်စဉ်းစားလိုက်သည်။ တကယ်တော့ လက်မထုတ်ဝံ့တာပဲဖြစ်ကာ မှောင်မည်းနေမှန်းသိလျက်နှင့်လည်း မျက်လုံးတွေကို မဖွင့်ရဲပေ။ ထိုစဉ်.. ၊

"ဟာ..ဘာလုပ်တာတုံးကိုသြ၊ ဒါကျုပ်အိတ်ပါ့ရော.."

ဦးသူတော်အသံက အရေးထဲမှာလာလုနေရလားဆိုသည့် စိတ် မရှည်သံဖြစ်ကာ.. ၊

"လွှတ်လေ..ဒါကျုပ်အိတ်ဗျ.."

ဦးသြဘာမျက်လုံးပြူးသွားသည်။ သူ့လက်တွေက ရင်ဘက် အောက်မှာခုထိဆုပ်ကျစ်နေတုန်း.. ၊

"ကိုသြဘာ..လွှတ်.."

ဦးသူတော်ရဲ့သွားကြားစေ့သံအရ ဒေါသဖြစ်နေမှန်းသိသာနေ သဖြင့် သူဌေးကြီးလည်းမနေသာတော့ပေ.. ၊

"ကိုသြ..ခင်ဗျား သူ့ဟာမှန်းကိုယ့်ဟာမှန်းမသိဘူးလား.."

"ကျ..ကျွန်တော်မဆွဲဘူးသခင်၊ လက်တောင်မ..မထုတ်ရသေး ပါဘူး.."

ဟမ်.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဦးသြဘာမဆွဲမှန်းသိလိုက်သည်နှင့် လွယ်အိတ်ကိုအသေဆွဲနေသည့်လက်လည်း ရင်ဘက်အောက်ချက်ချင်းပြန်ရောက်သွားသည်။ အခြေအနေအားလုံးကိုသိကာ သေးထွက်မတတ်ကြောက်လန့်နေသော ဦးသြဘာကအသံတုန်ကြီးဖြင့်.. ၊

"ကျ..ကျွန်တော်သိပြီ၊ ဒါ ဟိုအမူးသမားတွေပြောလိုက်တဲ့ဘုန်းကြီးသရဲပဲ..ပေါ ပေါရိသာရ.."

"ဟော.."

"အောင်မလေး..ထူးတယ်ဟ.."

"သူတော်..ပြေး.."

"ပြေးတော့ ကိုသြ.."

တုန်လှုပ်နေသော 'ဟော'ခနဲထူးသံကြီး ကြားလိုက်ရသည်နှင့် ဘာအိတ်မှမဆွဲနိုင်တော့ဘဲ တံခါးဆီသို့ထပြေးကြတာ ဘာမှမမြင်ရပေမယ့် တန်းတန်းမတ်မတ်.. ၊

"ဂျိမ်း.."

"ဒုန်း.."

တံခါးဖွင့်လိုက်ပြီး အသာလေးထွက်ပြေးရုံကို လေးယောက်တစ်ပြိုင်တည်းတိုးနေမိကြကာ.. ၊

"ဘာလို့တိုးနေတုန်းဟ.."

"ကျုပ်မတိုးပါဘူး.."

"ဆရာတော် မြန်မြန်ထွက်ပါဘုရား.."

"နင်ပဲငါ့ကိုတိုးနေတာ.."

"ဒုန်း.."

"အ.."

လွတ်တော့လည်းလေးယောက်စလုံး တံခါးအပြင်ထွေးခနဲကျကုန်ကြ၏။ ဦးသြဘာကမန်းကတန်းထလိုက်ပြီး ကိုယ့်သူဌေးလက်ကို ဆွဲလိုက်သေးသည်။

"မြန်မြန်ထသခင်..ပြေးနေတုန်းလဲရင် သရဲတက်နင်းတတ်တယ်.."

"ဟဲ့..သူတော် ငါ့ကိုထူဦး.."



လေးယောက်သားလှေကားထစ်တွေပေါ် ခုန်ပေါက်ဆင်းခဲ့ကြလျှင် လှေကားအောက်မှာလင်းနေသည့်အလင်းရောင်ကို သတိထားမိလိုက်၏။ ထို့ကြောင့် သူတို့တံခါးအပြင်ထွက်လိုက်တာနှင့် ကိုယ့်လူတွေကိုပြန်မြင်လိုက်ကြတာဖြစ်သည်။ ဒါကိုဦးသူတော် သဘောပေါက်သွားကာ.. ၊

"သူတော် ဘယ်ကိုတုံး.."

"ဟိုမှာ တပည့်တော်တို့ဒုတ်မီးလင်းနေတာဘုရား.."

"အေး..ဟုတ်တယ်ဟ.."

ဦးသူတော်လှေကားကြီးရဲ့ဘေးထဲကို ပြန်ဝင်သွားလျှင် ဦးသြဘာလည်း ပါလာ၏။ လေးယောက်စလုံးလိုက် ခြေလှမ်းပြင်လိုက်ကြကာ.. ၊

"ဒုတ်မီးက ခြုံပေါ်မှာတင်နေလို့ မကွဲတာဖြစ်မယ်.."

ဦးသြဘာက ထင်ကြေးပေးနေစဉ် ဦးသူတော်ကဓာတ်မီးကိုလှမ်းယူလိုက်ပြီဖြစ်၏။ သို့သော် ကိုင်ပြီးမှဆွဲလို့မပါဘဲဖြစ်နေသောကြောင့် နောက်ကိုသေချာကြည့်မိလျှင် ဓာတ်မီးသည်ဘာနဲ့မှလည်းမငြိ။ ဘယ်ပေါ်မှလည်း တင်နေတာမဟုတ်ဘဲ လေထဲမှာဒီတိုင်း..

"ကို..ကိုသြရေ.."

ဦးသူတော်အသံတွေ တုန်နေတာသိလိုက်လျှင် ဦးသြဘာကလည်း ခြေလှမ်းပြင်ပြီးဖြစ်ကာ.. ၊

"ပြေးဗျို့.."

အချက်ပြပြီးနှစ်ယောက်သားတစ်ချိုးတည်း လှည့်ပြေးကြ၏။ ပြေးနေရင်း သတိရလိုက်ကာ.. ၊

"ကျုပ်တို့ဆရာတော်နဲ့သူဌေးကျန်ခဲ့ပြီ.."

"အောင်မလေး..ကျန်ခဲ့တာမဟုတ်ပါဘူး၊ မရှိတော့တာ..အစတောင်မမြင်ရတော့ဘူး.."

နှစ်ယောက်တစ်တွဲ အလှမ်းကွာသွားကြပေမယ့် သူဌေးကြီးနဲ့ဆရာတော်က လက်ချင်းချိတ်လျက်ပြေးနေကြတာ နောက်ကျွခြေထောက် သစ္စာဖောက်.. ၊

☺

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၆)

"ကျုပ်တို့အပြေးမြန်ချက်ဗျာ..သဲတောရွာကို သန်းခေါင်မတိုင်ခင် ရောက်လာတာဗျ.."

"မရယ်နဲ့.."

"မရယ်ပါဘူး.."

ဦးသူတော်နဲ့ဦးသြဘာတို့ စည်းလုံးညီညွတ်နေကြသည်။ အဝတ်အစားတွေလည်း ဖရိုဖရဲလန်ပျံစုတ်ပြတ်လျက် ခြေထောက်မှာ ဖိနပ်တစ်ဖက်စီ စီးထားကြတာလည်း အတူတူ။ ကံကောင်းထောက်မလို့သာ သဲတောရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြတာဖြစ်ကာ ပြေးကြတာက လမ်းရယ်ကမ်းရယ် သိလို့မဟုတ်ဘဲ ခြေဦးတည့်တဲ့အတိုင်း တောင်မှန်းမြောက်မှန်းလည်း မသိ.. ၊

လကွယ်ရက်နီးနေသဖြင့် လကသန်းခေါင်ယံကျမှ ထန်းတစ်ဖျားလောက်ထိ တက်လာ၏။ လရောင်အောက်မှာ ယိုင်နဲ့နဲ့လူသားလေးဦးမှာ ဆရာတော်သည်လည်း အနားစတွေစုတ်ပြဲနေသောသင်္ကန်းကြီးတဖားဖားနှင့် ဖြစ်ကာ သူဌေးကြီးခမျာလည်း ဖိနပ်ပြတ်တစ်ဖက်ကို လက်ကကိုင်လျက် အင်္ကျီလက်တစ်ဖက်က တံတောင်ဆစ်ထိ တွဲရရွဲပြဲကျနေ၏။

တောကိုလွန်ကာလယ်ကွင်းတွေကိုဖြတ်နေကြရင်း ခြေထောက်တွေက သာခွေယိုင်ဖြစ်နေကြ၏။ သဲတောရွာကိုလှမ်းမြင်နေရပြီဖြစ်ကာ မီးရောင်တချို့ကိုလည်း တွေ့ကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့စုံစမ်းခဲ့သည့်ပုံစံအရ ဒါသဲတောပဲဖြစ်ရမည်သာ။ မဟုတ်ခဲ့ရင်လည်း လူတွေနေထိုင်သည့်ရွာဖြစ်ဖို့က အဓိကပင်.. ၊



လရောင်ကဖွေးထိန်နေသည်။ ညဥ့်လေပြည်က တဟူးဟူးတိုက်နေ၏။ ဦးသူတော်က ပို၍ချိနဲ့နေကာ.. ၊

"ဒီနားမှာခဏနားလိုက်ရင် မကောင်းဘူးလားဘုရား.."

"မကောင်းဘူး.."

"ကောင်းပါတယ်ဘုရား..လယ်ကွင်းကလည်း ခြောက်သွေ့သန့်ရှင်းနေတာပဲ၊ ဘာသစ်ပင်ခြုံနွယ်မှလည်း မရှိဘူး..လေလေးတဟူးဟူးနဲ့.."

"ဘာလဲ..ဝက်တွေလို တုံးခနဲပစ်လှဲတော့မလို့လား.."

"ပင်ပန်းလွန်းလို့ပါဘုရား.."

"ဟိုရောက်မှလဲသေသေ..မညည်းနဲ့.."

ဆရာတော်ဒေါကန်နေသဖြင့် ဦးသူတော်ရှု့တွတွဖြစ်သွားသည်ခါတ်မီးကလည်း အားနည်းနေပြီမို့ ထိုးလို့မရတော့ဘဲ ဒီတိုင်းကိုင်ထားရသည်။

"မောင်မင်းကဖိနပ်ပြတ်ကိုင်ပြီး ဘာလုပ်တာတုံး..တစ်လမ်းလုံး.."

သူဌေးကြီးက သူ့ကိုမေးမှန်းသိတော့ ကိုယ့်ဘာသာကိုင်ထားသည့် ဖိနပ်ကိုမြှောက်ကြည့်၍.. ၊

"ဖိနပ်ပြတ်လည်း ကြံဖန်စီးရင်ရတာပဲဆိုပြီး ကိုင်ထားမိတာဘုရား..အကျင့်ပါနေတာ.."

ငယ်ငယ်တုန်းကတော့ အလယ်လွန်အဆော့လွန်ပြီး ဖိနပ်ပြတ်လာပြီဆို အပြင်မှာပြတ်ခဲ့တာမသိအောင် အသာလေးပုံမပျက်ထားလိုက်ဖို့ ဒီတိုင်းပြန်ယူလာနေကျမို့ ငယ်ကျင့်တွေမပျောက်တာပါ..၊

သူဌေးကြီးကပြောပြီး လွှတ်ပစ်ဖို့ လက်ရွယ်လျှင် ဆရာတော်က စိတ်တိုသည့်အသံနှင့်.. ၊

"လွှင့်ပစ်စရာလား..ဒီထိသယ်လာပြီးမှ.."

ပြောပြီး နေရာမှာထိုင်ချလိုက်ကာ.. ၊

"မှန်းစမ်း..ဒီမှာချ.."

"ဟာ..အရှင်ဘုရား ဘာလုပ်မလို့တုံးဘုရား.."

"ပြတ်နေတာကို စီးလို့ရအောင်လုပ်ရမှာပေါ့..ချဆို.."

www.burmeseclassic.com

www.burmeseclassic.com



“ဟာ..မလိုပါဘူး၊ တပည့်တော်ကိုငရဲမပေးပါနဲ့ဘုရား..”

ဆရာတော်က စိတ်မရှည်တော့ဘဲ ဖိနပ်ကိုဆွဲယူလိုက်ကာ..၊

“မောင်မင်းခြေထောက်ထော့ကျိုးဖြစ်နေပြီမဟုတ်ဘူးလား..ဖွ စွဲနေတဲ့သံဃာကို ကိုယ်တော်ကိုယ်တိုင်ပြုစုပေးသေးတာ၊ မောင်မင်း ဝေဒနာမခံရအောင် ကျုပ်ကကယ်တင်လို့မရဘူးလား..”

အရေးကြုံလာတော့ ငယ်သံယောဇဉ်တွေကလည်း မနေ။ ဘုန်း ကြီးသံဃာပီပီ ကရုဏာစိတ်ကြီးမားတာကလည်း ပေါ်လာ၏။ သူ ဌေးကြီးရဲ့ဖိနပ်မရှိသည့်ခြေထောက်မှာ ဒဏ်ရာရနေပြီကိုသိနေသဖြင့် ဒီဖိနပ်ကို ဘာလုပ်ပေးရမလဲစဉ်းစားလာခဲ့တာ ပြေးနေတာတွေရပ် လိုက်တည်းက..၊

ခုတော့ ဘယ်လိုမှမကြည့်နိုင်တော့ဘဲ ဖိနပ်ကိုယူ၍ ခါးကြား က ဆေးရိုးနဲ့ကွမ်းထုပ်ပတ်ချည်ထားသည့် ချည်ကြိုးကိုဖြုတ်ယူလိုက် သည်။ ဦးသူတော်အတွက်က အခွင့်အရေးကြီးတစ်ရပ်ဖြစ်သွားသ ဖြင့် ခပ်လှမ်းလှမ်းမှာသွားထိုင်၏။ ဆရာတော် ဖိနပ်ကိုခေါင်တုတ် စဉ် ကြာမည့်အချိန်လောက်ကို အေးဆေးနားလို့ရသည်ဟုတွက်ကာ လယ်ကန်သင်းကို ခေါင်းအုံး၍လှဲချလိုက်လျှင်..၊

ဟင်..ဘာလဲဟ..၊ မျက်နှာရှေ့တည့်တည့်မှာ ရှည်လျားဖြော င့် မတ်စွာစီးမိုးနေသည့် ထန်းပင်ကြီး..၊

“ဒါ..”

ဦးသူတော် ငေါက်ခနဲထထိုင်လိုက်ကာ..၊

“ထန်းတစ်ပင်ပဲ..”

ဟင်..၊

“ဘာတုံး..”

ခုမှအမောပြေရုံရှိသေးသည်။ ‘ထန်းတစ်ပင်’ဆိုတော့ အားလုံ နားတွေထောင်သွားကြသည်။ သူဌေးကြီးနဲ့ဦးညဘာက ဒါကိုမသိ ကြသော်ငြား..၊

“ဘုန်းဘုန်း..”

“ဘာတုံး..”

“ဆရာတော်ဘုရား..”



“ငါ..တယ်..”

ဆရာတော်စိတ်တိုသွားသည်။ သို့သော် တစ်ခုခုတွေ့နေပြီမှန်း လည်းသိကာ ပစ်စလက်ခတ်ထိုင်နေခြင်းက သတိအနေအထားသို့ ပြောင်းလဲကာ..

ကျက်ချင်းပြောင်း၏။

“ထန်းတစ်ပင်ဘုရား..အဲ့ဒါထန်းတစ်ပင်..”

ကယောင်ကတန်းပြောကာ ဦးသူတော်ခုန်ထလိုက်လျှင် ကျန် သည့်သုံးယောက်လည်း ဘာမှမသိလိုက်ဘဲ လိုက်ထကြပြီး..၊

“ထန်းနှစ်ပင်တွေ တစ်ပင်တွေရှုပ်နေတာပဲ..ဘာတုံးဦးသူတော် မြန်မြန်ပြောပါဗျ..”

ဦးညဘာ ကြောက်လည်းကြောက် စိတ်လည်းမရှည်တော့ဘဲ သူဌေးကြီးနားကိုကပ်၏။ ဦးသူတော်ကိုယ်မှာပတ်ထားသည့်ခြုံထည် ကို လည်ပင်းမှာတက်သိုင်းလိုက်ပြီး..၊

“သဲတောသားတွေပြောသွားတယ်..ဒီရွာမှာနေ့ခင်းဘက်တောင် ဖြတ်မလျှောက်ရဲတာ အဲ့ဒီထန်းတစ်ပင်ပဲ..အဲ့မှာ ဂျပန်သရဲ..သရဲ ခေါင်းပြတ်..”

“ဟဲ့..သူတော် နေဦး..”

တားနေပေမယ့် သူတို့လည်းခြေလှမ်းတွေမြန်ကုန်ကြကာ..၊

“ပြောတိုင်းယုံနေရသလား..ဒီထန်းပင်လည်း ဟုတ်ချင်မှဟုတ် မှာပေါ့၊ ထန်းတစ်ပင်ဆိုတိုင်းပဲ..”

“ဘုန်း..”

“ဟုတ်နေပဟ..”

“ဟာ..ဘုန်းဘုန်းနောက်မှာ ဘောလုံးမည်းကြီးလိမ့်လာပြီ..”

“ဘောလုံးမဟုတ်ဘူး..အဲ့ဒါခေါင်းပြတ်ကြီးကိုညရဲ့..”

“လာစမ်းကွာ..ဒီလောက်တောင်ပြေးပဲပြေးနေရတာ..”

“အောင်မလေး..သရဲကိုစိန်မခေါ်ပါနဲ့သခင်၊ မြန်မြန်ပြေးပါ..”

ပြောပြီးကြည့်လိုက်တော့ သူသာကျန်ခဲ့တာမို့..၊

“သခင်စောင့်ပါဦး..”

ပြေးနေရင်း ရွာသို့ဝင်လေသည်။

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၇)

"ကြောက်တဲ့စိတ်ရှိနေရင် လူဖြစ်ဖြစ် သံဃာဖြစ်ဖြစ် သူတို့က ဒုက္ခပေးနိုင်တာပဲ..ပရိတ်ကြီးတွေကုန်အောင်ရွတ် မေတ္တာသုတ်တွေ အမြုပ်ထွက်အောင်ရွတ်နေလည်း ကြောက်တဲ့စိတ်ကြီးနဲ့ရွတ်နေရင် သူတို့ကို မသက်ရောက်ဘူး.."

ရွာထိပ်ကဇရပ်မှာ တစ်ထောက်နားမိကြတော့ ဘယ်လိုမှရှေ့မဆက်နိုင်တော့ဘဲ တစ်ယောက်တစ်နေရာစီ လဲလျောင်းနေမိကြတော့သည်။ ဦးဩဘာရှု့မဲ့ညည်းတွားနေသဖြင့် ဆရာတော်ကြီးက အမောဖြေရင်း ရှင်းပြနေကာ.. ၊

"ဆရာတော့်အကြောင်း ဘာဘုန်းပြောပြဖူးတယ်.."

သူဌေးကြီးကလည်း ဆရာတော့်အကြောင်း ငယ်ပေါင်းပီပီ ဟိုတုန်းကသိထားသမျှကို တွေးလိုက်မိရင်း.. ၊

"တောကလည်းခေါင်တယ်..ခေတ်အခါအရလည်း အယူသည်းအစွဲကြီးတာတွေရှိကြတော့ စုန်းကဝေ ဖုတ် သရဲတွေဆိုတာ အကြမ်းပတမ်းဒုက္ခပေးကြတာပေါ့..ဆရာတော့်အဘိုးကလည်း အထက်လမ်းဆရာကြီးပဲ၊ အဲ့ဒီကနေ လူဝတ်ကြောင်စွန့်ပြီး သက်န်းစီးလိုက်တယ်"

သံဃာတော်ဖြစ်သွားသည့်အချိန်မှာ ဒီအလုပ်တွေကိုမလုပ်တော့သည်ဖြစ်ရာ ကျန်ရစ်သည့်မိသားစုထဲမှာ ညီအငယ်ဆုံးလေးကတောထဲမှာ ဇက်ကျိုးသေနေခဲ့၏။ ဒါကိုသရဲဂုတ်ချိုးပါသည်ဟုအထင်ရှိကြပြီး မိန်းကလေးတွကို သီလရှင်ဝတ်၍ ယောကျ်ားလေးတွေကို သက်န်းစီးပေးတော့သည်။

ဆရာတော်တို့မိသားစုတွေအကုန်လုံး သာသနာ့ဘောင်ဝင်ခဲ့ကြ



သော်လည်း အယူအဆအမျိုးမျိုးနှင့် အစွဲအလမ်းတွေကိုယ်စီဖြစ်နေခဲ့ကြ၏။ ဆရာတော်ကတော့ ကြောက်သည့်စိတ်ကိုဖယ်လို့မရခြင်းပင်.. ၊

ဒါကိုနားထောင်ပြီး ဦးသူတော်ကအစ ကိုယ့်ဆရာတော်ကြီးကို ပို၍နားလည်သွားခဲ့သည်။ ဆရာတော်သည် သူ့ကိုယ်သူထက်တခြားသူအပေါ် ပို၍အလေးထားတတ်ကာ မေတ္တာစိတ်လည်းကြီးမားသူပါ။ ထို့ကြောင့်ဆရာတော်ကြီးဘယ်လိုဆူဆူ ဘယ်လောက်ပြောနေနေ သူဌေးကြီးကအစ ဘယ်သောအခါမှ ကြည်ညိုပျက်သည့်အကြည့်တစ်ချက်တောင် မရှိခဲ့ဘူးပေ.. ၊

ရွာသားတွေသည်လည်း ဒီအတိုင်းပင်။ လင်မယားရန်ဖြစ်သမီးလင်နောက်လိုက်တာကအစ ကျောင်းမှာရေခပ်လာရင်း ဆရာတော့်ရှေ့ပြေး၍ ဦးချပြီး ငိုယိုတိုင်ကြားကြ၏။ ဆူလည်းခံ ပြောလည်းခံ။ ပြီးတော့ ဘယ်လိုကြိမ်းမောင်းလွှတ်ပါစေ ခေါင်းကုတ်ဖင်ကုတ်နှင့်ပဲ ပြန်ပြေးကြကာ သုံးလွန်းတောင်ရွာကြီးမှာ ဆရာတော်ကြီးကို မိဘအိုးဘွားလို ယုံကြည်ကိုးကွယ်ကြတာဖြစ်သည်။

ဆရာတော်က ဖိနပ်ကိုပြီးအောင်တုတ်ချည်ပြီး သူဌေးကြီးကိုလှမ်းပေးလိုက်လျှင် အားလုံး၏အတွေးတွေက ပစ္စုပ္ပန်ဆီပြန်ရောက်လာကြ၏။ အချိန်သည် သန်းခေါင်ကျော်ည၌နက်ပိုင်းကို ရောက်ခဲ့ပြီဖြစ်၏။

"ဆရာတော်က လန့်ဖျန့်ပြေးပေမယ့် ဒီဖိနပ်ပြတ်နဲ့ကြိုးကိုတော့လွှတ်မချခဲ့ဘူးနော်..အဟွန်း.."

ဦးဩဘာက ဆရာတော်နဲ့သူဌေးကြီးကိုတစ်လှည့်စီကြည့်၍..

"သံယောဇဉ်ကြီးပုံပြောပါတယ်.."

"သံယောဇဉ်မဟုတ်ဘူး..သူများရပ်ထဲရွာထဲဝင်တာ ဖိနပ်မပါဘဲ သူခိုးဂျပိုးလိုဝင်လို့ ဘယ်လိုသင့်တော်မတုံး.."

"တပည့်တော်တို့မှာလည်း ဖိနပ်တစ်ဖက်စီပဲရှိတော့တာဘုရား"

ဦးသူတော်နဲ့ဦးဩဘာက ပြိုင်တူပြောလိုက်ရင်း ရယ်ကြ[illegible]ခုမှပဲရယ်နိုင်တော့သည့်အဖြစ်ကိုလည်း သတိရမိကြ၏။ ထို့ကြောင့် လရောင်ဆမ်းသော ရွာအဝင်လမ်းကလေးဆီ လှမ်းကြည့်မိကြရင်း..

www.burmeseclassic.com

www.burmeseclassic.com



"ရွာရောက်ပြီဆိုမှပဲ အမောတွေလည်းပြေ..အကြောက်လည်းပြေ..အဲ.."

ပြောရင်း သတိရကာ ဇရပ်ကိုမော့ကြည့်လိုက်မိသည်။ သဲတော ရွာက ဆင်းရဲလှသည်ဆိုပြီး ရွာပြင်ဇရပ်ကျတော့ အုတ်ဖိနပ်ခံနှင့် သွပ်မိုးပျဉ်ကာလို့.."

"ဝါး..ဟား.."

ဟင်.. ၊

အားလုံးလန့်ဖျန့်သွားကြသည်။ အသံသည် ခေါင်းပေါ်ကဖြစ်ကာ မော့ကြည့်လိုက်တော့ ငုတ်တုတ်ကြီးထိုင်လျက်.. ၊

"လူတွေများလှချေလား..ဟ.."

"ဘာလဲ..လူ လူလား.."

"လူထင်တယ်.."

ပြေးဖို့အသင့်ပြင်ရင်း လက်ချင်းဆုပ်ကိုင်ထားပြီးမှ စကားပြောလိုက်တော့ တုံ့သွားကြကာ.. ၊

"သရဲမဟုတ်ပါဘူး.."

သူတို့တွေတီးတိုးဆိုမိရင်း ပြန်မော့ကြည့်မိကြ၏။

"ဟား ဟား ဟား..ကျုပ်ကိုသရဲထင်လို့လား၊ လူပါဗျာ..ထန်းရည်လေးသောက်ပြီး တက်အိပ်နေတာ ဟီး..ဟီး.."

အပေါ်စီးမှာ ငုတ်တုတ်ထိုင်ကာ ထုတ်တန်းပေါ်ကနေ ခြေချလွဲရမ်းနေသဖြင့် ဆရာတော်ဒေါသထွက်သွားကာ.. ၊

"သင်းကမူးမူးရူးရူးနဲ့များ သံဃာတော်အပေါ်ကနေ..ဟေ့ ဆင်းခဲ့စမ်း.."

သံဃာတော်ဆိုတော့ လွဲခါနေသည့်ခြေထောက်က တုံ့ခနဲရပ်သွားသည်။ သို့သော်.. ၊

"ဘာလို့တုံး..တပည့်တော်ကတမင်အမြင့်တက်နေတာမှမဟုတ်ဘဲ ထန်းရည်သောက်ပြီးတိုင်း ဟောဒီသရဲခိုမှာ တက်အိပ်နေကျ..ခုမှဘုန်းကြီးတို့ကြောင့်နိုးလာရတာ.."

ကိုယ့်ကြောင့်ပါဆိုပြီး ပြန်ပဲအလျှော်ပေးရဦးမလိုလို။ ဆရာတော်သင်္ကန်းခြုံထည်ကို တစ်ချက်ဆွဲတင်ကာ ဇရပ်ထောင့်မှာအပုံ



လိုက်ရှိနေသော ပြောင်းရိုးတွေထဲက အရှည်ဆုံးကိုဆွဲယူလိုက်ပြီး..၊

"ဒီလောက်တောင်ဂါရဝါစတရားမသိတဲ့မူး..လာခဲ့၊ ခုချက်ချင်းဆင်းစမ်း.."

"ဝှစ်.."

"အ.."

"ဗိုး.."

"အား..သေပြီ၊ ဘုန်းဘုန်း..ဘာလုပ် လုပ်.."

"ဘုန်း.."

ခြေထောက်ကိုမရိုက်မိအောင် ကမန်းကတန်းရုတ်၍ ရှောင်လိုက်လျှင် အမူးသမားထုတ်တန်းပေါ်ကနေ ကိုးယိုးကားရားပြုတ်ကျလာလေသည်။ ဆရာတော်ကလည်း ပြောင်းရိုးကြီးတလွှဲလွှဲနှင့် ထပ်ချပ်မကွာလိုက်၍.. ၊

"နောက်ကိုမရှိမသေပြောဦးမလား..အမြင့်ပေါ်မှာထိုင်ဦးမလား"

"ကြောက်ပါပြီဘုရား..မထိုင်တော့ပါဘူးဘုရား၊ အောင်မလေးသေပါပြီ..ကျိုးပြီ.."

နောက်ဆုံးလူးလိမ့်ရှောင်တိမ်းမနေတော့ဘဲ ဆရာတော့်ခြေအစုံကို ပြေးဖက်ပြီးငိုယိုတောင်းပန်လေသည်။

"အောင်မလေး ကျောကွဲပါပြီ..အသားတွေလည်း စုတ်ပြတ်ကုန်ပြီ၊ ကြောက်ပါပြီ..ဟီး ဟီး၊ ရွာထဲမှာဓားပြဝင်နေလို့ လွတ်လွတ်ခါခါ ပြေးကုန်နေကာမှ ရက်စက်ပါဘိဘုန်းဘုန်းရဲ့.."

ဓားပြ.. ၊

ကိုယ့်ဆရာတော်လက်သံပြောင်တာကို ကြည့်ပြီး ကြိတ်ရယ်နေကြသည့် သူဌေးကြီးတို့တောင့်မတ်သွားကြသည်။ ဆရာတော်က အမူးသမားကိုင်ထားသည့် ခြေထောက်ကိုနောက်ဆုတ်လိုက်ပြီး ငုံ့ကြည့်၍.. ၊

"ဘယ်မှာဓားပြလဲ..ညတုန်းကဝင်သွားတာလား.."

"မဟုတ်ပါဘူးဘုရား..ရွာကိုဓားပြဝင်ရင် သန်းခေါင်ကျော်မှဝင်တာပါ၊ တစ်ခါတလေဆို မိုးလင်းခါနီးမှလည်း ဝင်ပါတယ်.."

"ဝင်ပြီးဘာလုပ်တာတုံး..နင်တို့ရွာကပြည့်စုံတာလည်း မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့.."

"အစကဟုတ်ပါတယ်..အခုမဟုတ်တော့ပါဘူး၊ တပည့်တော်တို့ရွာက ဒီနားမှာငွေရင်းအများဆုံးလုပ်ငန်းပိုင်ရွာကြီး ဖြစ်နေပါပြီဘုရား.."

သူဌေးကြီးက ကမန်းကတန်းအနားကပ်လာကာ.. ၊

"ဒါဖြင့် အခုရွာထဲမှာ ဓားပြတွေရှိနေသေးတာပေါ့.."

"မသိပါဘူးဘုရား.."

သူတို့အားလုံးရွာထဲကို သုတ်ခြေတင်ကြတော့သည်။ သူဌေးကြီးမျက်နှာပေါ်မှာ သောကတို့ဖိစီးလျက်.. ၊

"ကြိုးလေးက သွေးနုသားနုနဲ့ဒုက္ခတွေ့ပြီပေါ့.."

"ဒုက္ခမတွေ့နိုင်ပါဘူး..သိပ်စိတ်မပူပါနဲ့၊ ချမ်းညကတော်ရုံအကျပ်အတည်းကို ဖြေရှင်းနိုင်ပါတယ်.."

ခုချိန်မှာ ဆရာတော်ကြီးပြောသည့်စကားက နားဝင်ချိုနေသည်တောက်လျှောက်အထင်မကြီးနိုင်ခဲ့သည့် ချမ်းညဆိုသော လူငယ်တစ်ယောက်ကို ယုံကြည်အားထားချင်မိ၏။ သမီးလေးအတွက် အားကိုးယုံကြည်ဖွယ်ခင်ပွန်းကောင်းဖြစ်ပါစေလို့ ဆုတောင်းရင်းခြေလှမ်းတွေက အပြေးတပိုင်း.. ၊

အခန်း(၄၈)

ဘယ်လိုကြောင့်များ ဒီတစ်ညလုံးတပြေးတည်းပြေးနေရတာလဲဆိုတာ မောလာပြန်မှ တွေးမိလာသည်။ နားဖို့စိတ်ကူးလိုက်တိုင်းပြေးနေရသည်။ ပြေးစရာမကျန်တော့လည်း ပြေးလာရသည်။ ဓောက သားသမီးဓောပဲဖြစ်ကာ မြေပြင်မှာမိုးတိုးမတ်တပ်ရပ်နေကြသည့်ရွာသားတွေထဲ တိုးဝင်ရပ်လိုက်တာ သူဌေးကြီးပဲရှေ့ဆုံးက.. ၊

"သမက်ဆိုတဲ့ကောင် မင်းလည်းအဖိုးတန်တာပဲ..မဆိုးပါဘူး.."

"ဟုတ်တယ်..ဒီကောင်က ပညာလည်းတော်တယ်..ဒီရွာကိုဖန်ဆင်းတဲ့မင်းသားလို့တောင် နာမည်ကြီးတဲ့လူ၊ အဲ့ဒီတော့ သူဌေးကြီးဆီကလည်းတောင်းမယ်..ဒီရွာကိုလည်း အပိုင်ချုပ်မယ်၊ ဟား ဟား ဟား.."

"ဟား ဟား ဟား.."

ရွာသားတွေရဲ့အလယ်မှာ ဓားပြဆိုတဲ့လူတွေက မြင်းခြောက်ကောင်နဲ့ လူခြောက်ယောက်ဖြစ်၏။ ဘောင်းဘီရှည်ကားကားစုတ်စုတ်ပြတ်ပြတ်နှင့် တကယ့်ကိုတောပုန်းဓားပြလို ဆံပင်ရှည်ဘုတ်သိုက်တွေနဲ့ ဖြစ်လေသည်။

ရွာသားတွေက အယောက်သုံးဆယ်ကျော်လောက်ရှိကာ သူဌေးကြီးရောက်ပြီးမှ တစ်ဖွဲ့ဖွဲ့စုလာကြသဖြင့် တဖြည်းဖြည်းလူအုပ်ကပိုများလာသည်။

"သားမက်ဆိုတော့ ချမ်းညကိုပြောတာလား.."

ဦးသူတော်က အနီးမှာရှိနေသည့်ရွာသားတစ်ယောက်ကိုအသံမေးလိုက်လျှင် အနားမှာလူစိမ်းတွေရှိနေမှန်း သတိထားမိသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



ရွာသားတချို့က လှည့်ကြည့်လာကြ၏။ ပြီးတော့ မျက်လုံးတွေပြူ ကုန်ကြပြီး ချက်ချင်းပူးပူးကပ်ကပ်ဖြစ်ကုန်ကြလျက်.. ၊

"ကိုကြီးချမ်းညရဲ့ဘဘုန်းဆိုတာများလား.."

"ဒီက သူဌေးကြီး ဟိုဥစ္စာ.."

"ရှူး.."

ဦးသြဘာက ရွာသားကိုအသံမထွက်ဖို့ သတိပေးလိုက်ရင်း..

"မင်းသမီးလေးက မီးဖွားနေတာမို့လား..အခုဘယ်မှာတုံး.."

"ကျုပ်သမီးလေးနဲ့မြေးဆီအခုလာတာ..သူတို့ဘယ်မှာနေတာ တုံးလိုက်ပြပါ၊ ကျေးဇူးဆပ်ပါ့မယ်.."

ရွာသားတွေထိပ်ထိပ်ပျာပျာဖြစ်ကုန်ကြ၏။ ခေးပြတွေကတစ် ဖက် သူဌေးကြီးတို့ကတစ်ဖက်.. ၊

"သူတို့ကလည်း မင်းသမီးလေးကို ထုတ်ပေးမလို့ သည်းမည်း ရှာနေကြတာ.."

"ဟင်.."

"ကျုပ်သမီးလေးကိုဘယ်သူ.."

"ကိုကြီးချမ်းညပဲ ရွာသားတွေနဲ့ တံတားအောက်ကနေ ပြန် လွှတ်လိုက်တာ.."

"ဘာ..ဘာပြောလိုက်တယ်.."

"ဟုတ်တယ်..ခေးပြတွေက သူဌေးသားမက်နဲ့သမီး ဒီရွာမှာရှိ တယ်ကြားပြီး ပြန်ပေးဆွဲဖို့လာကြတာဗျ၊ အဲ့ဒါ လူချောလေးက သ တင်းရပြီး မင်းသမီးလေးတို့ သားအမိကိုအစောင့်အရှောက်တွေနဲ့ ပြန်လွှတ်လိုက်တာ.."

ရွာသားက တိုးတိုးကပ်ကပ်ပြောသော်လည်း.. ၊

"သွေးနုသားနုနဲ့မိန်းမကို ညကြီးမိုးချုပ်.."

"တိုးတိုးပြောပါ ဦးကြီးရယ်..ညကြီးမိုးချုပ်မဟုတ်ပါဘူး၊ နေ့ လည်တည်းက သတင်းရလို့ ချက်ချင်းလွှတ်လိုက်တာပါ..သူတို့သွား တော့ တောင်သုံးလုံးရွာကိုသွားကြတဲ့ လူတွေတောင်ပြန်မရောက်ကြ သေးဘူး.."

"ဟုတ်ပါတယ်သူဌေးကြီးရယ်..အဲ.."



သူတို့တွေအားလုံး သူဌေးကြီးရဲ့မျက်နှာကိုပဲကြည့်၍ စကား ပြောနေကြရင်း ကိုယ်ပေါ်ကအဝတ်အစားတွေကို သတိထားမိတော့ အံ့သြဟန်တွေဖြစ်ကုန်ကြသည်။ ဒါပေမယ့် စူးစမ်းမေးမြန်းဖို့လည်း အချိန်မရကြပါ။ ထိုစဉ်.. ၊

ဒိန်းခနဲသေနတ်သံကြီး ကျယ်လောင်စွာထွက်ပေါ်လာခဲ့လျက်..

"ကိုင်း..အားလုံးနောက်ဆုတ်နေကြ၊ ဟော့ သူဌေးသမက်ကို သိန်းငှက်နဲ့တင်ပေးလိုက်.."

"နေဦး.."

သေနတ်သံကြောင့် အားလုံးတိတ်ကျသွားခဲ့သဖြင့် စကားသံ တွေက ပီပြင်စွာထွက်ပေါ်လာ၏။ ထို့ပြင်ဝါးတိုင်နှင့်ထောင်ထား သော မီးတုတ်များ၏လင်းအားကြောင့် ရုပ်အင်္ကျီအဖြူအညိုကွက် နှင့် ဆံပင်ကိုသေသပ်စွာဖြီးထားသော ချမ်းညကိုအားလုံးထဲမှာ ထင် ရှားစွာ မြင်လိုက်ရ၏။

ယောကျ်ားများထဲမှာ ဖြူဝင်းချောမွေ့နေကာ ပုဆိုး'မ'၍ လျှောက်ထွက်လာပုံက ပြန်ပေးဆွဲခံရမည့် ခေးစာခံတစ်ယောက်လား စစ်ရေးကွင်းထဲဆင်းထွက်ရှုစားသည့် မင်းသားတစ်ပါးလား.. ၊

သူ့ကိုမြင်းပေါ်က ခေးပြတွေရော လူအုပ်ရဲ့အလယ်မှာခါး ထောက်ရပ်နေသည့်သေနတ်နဲ့ ခေးပြနှစ်ယောက်ကပါ မြင်ပြင်းကပ် သည့်မျက်လုံးတွေနှင့် စူးစိုက်ကြည့်နေခဲ့၏။

"ဒီကောင့်ကိုကြိုးတုပ်လိုက်.."

"အသာတကြည်လိုက်ပါ့မယ့်ပြောနေတာကို ကြိုးတုပ်ဖို့မလိုပါ ဘူး..ခင်ဗျားတို့မှာသေနတ်တွေနဲ့ မဟုတ်ဘူးလား.."

"ကြိုးတုပ်ရုံမကဘူး..မင်းကိုမျက်လုံးတွေပါ အဝတ်စည်းရမှာ.."

မြင်းပေါ်က နှုတ်ခမ်းမွေးနှင့်လူက ကြိုးနဲ့အဝတ်စတစ်စကိုင် ပြီး လွှားခနဲဆင်းလာ၏။

"ဒီကောင်လေးဘာတုံး..ခေးပြဖမ်းခံရမှာကိုပြဇာတ်ကနေတယ် ထင်နေလား..ငါ တယ်.."

သူဌေးကြီးစိတ်တိုနေသဖြင့် ဆရာတော်က လက်ကိုဆွဲထား ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုအကြောင်းရှိပါလိမ့်မယ်..စိတ်ထိန်းစမ်းပါ.."

"တပည့်တော်စိတ်ထိန်းလို့ရတယ်ဘုရား..ဒီရွာသားတွေက ဘယ်လိုတစ်ကိုယ်ကောင်းမျိုးတွေတုံး၊ သူတို့တစ်ရွာလုံးကို ကျည် ကယ်တင်ခဲ့တုန်းက နတ်သားလေး..ကယ်တင်ရှင်လေးဆို.."

ရွာသားတွေ ဓားပြတွေကိုကြောက်နေရသလို သူဌေးကြီးပေါ် သထွက်ပြစ်တင်နေတာကိုလည်း ခေါင်းငုံ့ခံနေကြရကာ.. ၊

"ကျွန်မတို့ကာကွယ်ကြပါတယ်သူဌေးကြီးရယ်..ဒီဓားပြတွေ ရွာထဲဝင်နေတာ ညတည်းကပါ၊ သူကြီးသမီးနဲ့သမက်ကို တစ်အိမ် တက်ဆင်းရှာနေကြရင်း မတွေ့မချင်းမပြန်ဘူး..မင်းသားထွက်လာ တော့လည်း မင်းသမီးကိုမတွေ့လို့.."

"ကျုပ်တို့ရွာသားနှစ်ယောက်ကိုလည်း ခြေထောက်တွေကို ဒ လိမ့်တုံးနဲ့ ဖိကြိတ်ပြီး အစစ်ခံရပါတယ်.."

"ကျုပ်တို့ရွာလူကြီးကိုလည်း သူ့အိမ်ပေါ်မှာ ကြိုးတုပ်ထားတာ ပါဗျာ..အဲ့လိုအဖြစ်ခံပြီး ကျုပ်တို့နှုတ်ပိတ်နေခဲ့တာပါ.."

"ဟုတ်ပါတယ်..ခုလည်း မင်းသားကသူ့ဘာသာ ရင်ဆိုင်မယ် ဆိုပြီး ထွက်လာတာပါ.."

"ဟိတ်..တိတ်ကြစမ်း.."

"ဒိန်း.."

နှစ်လုံးပြူးသေနတ်ကြီးတွေ တမြောက်မြောက်နှင့် တောင်ထဲ မှာ ကိုယ့်မင်းကိုယ့်ချင်းလုပ်နေသည့် ဓားပြခေါင်းဆောင်က မြင်း ပေါ်ကနေ သူဌေးကြီးတို့နဲ့ရွာသားတွေကို သေနတ်နဲ့လှမ်းချိန်၍..

"ဘာတွေစကားများနေကြတာလဲ..ခု တိတ်.."

ထိုဓားပြလှမ်းအော်လိုက်သဖြင့် ချမ်းညဒီဘက်ကိုလှည့်ကြည့် လိုက်လျှင် ဆရာတော်နဲ့သူဌေးကြီးတို့ကို မီးရောင်အောက်မှာလှမ်း မြင်သွား၏။ ကွက်ခနဲမျက်နှာပျက်သွားသော်လည်း ချက်ချင်းမျက် နှာလွှဲသည်။

ဦးညဘာနဲ့ဦးသူတော်တို့ နှုတ်ဆက်မလိုလက်တွေတောင် မြှောက်ပြဖို့ ပြင်လိုက်သေးသည်။ သို့သော် ချမ်းညမျက်နှာလွှဲသွား သဖြင့် လက်မပြလိုက်ရဘဲ.. ၊



"ချမ်းညတမင်တကာမသိသလိုနေတာဖြစ်မယ်ကိုညဘာ..မ ခေါ်နဲ့တော့.."

ဦးသူတော်စကားကြောင့် သူဌေးကြီးစိတ်တိုသွားကာ.. ၊

"နှုတ်မဆက်ချင်ပေမယ့် ဖြစ်မလားဦးသူတော်..သင်းကိုပြန်ပေး ဆွဲသွားပြီး ဘယ်သူ့ဆီမှာငွေတောင်းမှာမို့လို့လဲ၊ ကျုပ်ပဲပေးရမှာ.. ခုပဲရှင်းလိုက်မယ်.."

"နေစမ်းပါဦးသူဌေးကြီးရယ်..မောင်မင်းစိတ်မြန်လက်မြန် တယ်လုပ်ပါလား.."

သူဌေးကြီးကတော့ ချမ်းညကိုလည်းစိတ်တိုသည်။ ရွာသားတွေ ကိုလည်း မကျေနပ်။ သူတို့တွေနှိပ်စက်ခံပြီး ချမ်းညကိုကာကွယ်ပါ သတဲ့.. ၊

ဓားစာခံခေါ်မယ့်လူကိုတော့ လက်ဖျားနဲ့မထိဘဲ မဆိုင်တဲ့လူ တွေကို နှိပ်စက်တယ်ဆိုတာ ယုံစရာလား.. ၊

သူ့မှာတော့ မြေးဖောနဲ့မသေရုံတစ်မယ်ပြေးလွှားလာခဲ့ရသည်။ သူကတော့ ကိုယ့်ဇနီးနဲ့သားဦးလေးကို တခြားလူတွေနဲ့လွှတ်ထည့် လိုက်ပြီး ဒီရွာအတွက်အသေခံစွန့်စားဖို့ ချန်ရစ်ခဲ့တယ်တဲ့.. ၊

တွေးနေရင်းစိတ်ပေါက်လာကာ.. ၊

"နေပေ့စေ..သေသွားလည်းအေးတာပဲ၊ ဒီလိုသမက်ကိုပြန်ရဖို့ ပိုက်ဆံတစ်ပြားမှ အကုန်မခံဘူး.."

ဆရာတော်က ချမ်းညနဲ့ဓားပြတွေကို စူးစိုက်အကဲခတ်နေရင်း ကနေ သူဌေးကြီးကိုလှည့်ကြည့်ကာ.. ၊

"ဓားပြကတစ်မျိုး..မောင်မင်းကတစ်မျိုး၊ နားပူလိုက်ပါဘိ တော့.."

"ဒိန်း.."

ဒီတစ်ခါ သေနတ်ကိုထောင်ပစ်လိုက်ပြီး ဓားပြကမြင်းကိုခြေ တို့နှင်ကာ သူဌေးကြီးတို့ဘက်ကို ရောက်လာ၏။ လူတွေရှဲခနဲဖယ် သွားကြသဖြင့် သူတို့လေးယောက်စုစုလေး ကျန်ရစ်ခဲ့လျှင်.. ၊

"ဘာတွေလဲ..ဘုန်းကြီးတွေရော သူတော်တွေရော..အရူးလိုအ ကျီတွေဖွာရရာပြန်နဲ့.."

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးအံကြိတ်လိုက်သည်နှင့် ဦးသြဘာကလက်ကိုဆွဲပြီး ရှေ့ထွက်ရပ်သည်။ ဆရာတော်ကလည်း သူဌေးကြီးရှေ့ကို ခပ်အေး အေးလျှောက်သွားကာ.. ၊

"ဘုန်းကြီးက မေတ္တာရပ်ခံချင်တာပါ..ဒီရွာက.."

"ဘုန်းကြီးကဘုန်းကြီးလိုနေစမ်းပါ..မေတ္တာရပ်ခံရအောင် ကျုပ် တို့က ဓားပြလာတိုက်တာ.."

"ကိုင်းဗျာ..ဓားပြခေါင်းဆောင်ဆိုတဲ့ပုဂ္ဂိုလ်ကြီး.."

အားလုံးရဲ့စကားပြတ်သွားအောင် ချမ်းညအသံကျယ်ကျယ်ခေါ် လိုက်ကာ.. ၊

"အားလုံးဒီရွာကလူတွေပဲ..အားလုံးမှာ အပိုငွေတစ်ရာတောင် ပြည့်အောင်မရှိကြဘူး၊ ခင်ဗျားလည်း အပိုတွေလုပ်မနေစမ်းပါနဲ့.. သေနတ်ကြီးတကားကားနဲ့ ကြောက်နေတဲ့လူတွေကို ခြောက်လှန့် ပြနေတာ ဂုဏ်ယူဖို့လည်းမကောင်းပါဘူး.."

"အံမာ.."

ချမ်းညတမင်လမ်းလွှဲအောင် ပြဿနာရှာလိုက်တာမှန်း ဦးသူ တော်တို့ သိလိုက်ကြသည်။ ဓားပြခေါင်းဆောင်ကလည်း မြင်းဇက် ကြိုးလှည့်ကာ ချက်ချင်းပြန်လှည့်သွားခဲ့ပြီး.. ၊

"ခွေးသူတောင်းစားက ငါ့ကိုများ.."

မြင်းပေါ်ကနေ လှမ်းကန်ပစ်လိုက်သဖြင့် ချမ်းညနောက်ပြန် လန်သွားကာ နောက်ကမြင်းစီးသမား၏ခြေထောက်တစ်ဖက်ပေါ် ပစ်ကျသွား၏။ ထိုအခါ ရွာသားတွေထဲက ယောကျ်ားလေးငါး ယောက်ပြေးထွက်သွားကြကာ.. ၊

"ခင်ဗျားတို့လုပ်ချင်ရာလုပ်လို့ရနေတာတောင်.."

"ဒိန်း.."

"အား.."

"ဟာ.."

ကျည်ဆံက ရှေ့ဆုံးကပြေးတက်လာသည့် ပေါက်စရဲ့ဘယ် ဘက်ခြေထောက်ကို ရှပ်ထိသွားကာ လူတစ်ကိုယ်လုံး ပစ်စလက် ခတ်လဲကျသွားလေသည်။



"အောင်မလေး..ငါ့ယောကျ်ား၊ ငါ့ယောကျ်ားသေပါပြီ.."

ပိစိရဲ့အသံစူးစူးလေး ထွက်လာကာ ပြေးထွက်လာပုံလည်း ပေါ် ၏။ ထို့ပြင် ရွာသားတစ်ယောက်ယောက်ဆွဲထားလိုက်တာလည်း သေချာနေကာ.. ၊

"ကျွန်မတို့မှာရှိသမျှ ကြက်တွေဝက်တွေလည်း ယူထားပြီးပြီ.. သူဌေးသမက်ကိုလည်း ပြန်ပေးဆွဲဦးမယ်၊ ဒါတောင်အနိုင်ကျင့်နေ တုန်းပဲ..နင်တို့တွေ.."

"ဒိန်း.."

သေနတ်သံသည် ပိစိစကားကို အဆုံးသတ်ပေးလိုက်သော် လည်း.. ၊

"သေနတ်သံတွေက နားညည်းပါတယ်ဗျာ..ကျုပ်ကအဲ့လိုဆူညံ ဖို့ မလိုဘဲ အားလုံးကြောက်လန့်သွားအောင် လုပ်ပြနိုင်တယ်၊ ဘယ် လိုလဲ.."

ချမ်းညက အကန်ခံလိုက်ရခြင်းကြောင့် ထိတ်လန့်သွားပုံလည်း မရှိ။ ရွာသားတစ်ယောက်သေနတ်နဲ့ ထပ်ပစ်ခံရတာကိုလည်း မမြင် တဲ့အတိုင်း အေးဆေးစွာရှိလျက်.. ၊

"ရှိ.."

"ဟိတ်ကောင်..ဘာကိစ္စလက်ခေါက်မှုတ်တာတုံး၊ ညကြီးမင်း ကြီး.."

"ခင်ဗျားတို့လည်း သန်းခေါင်ကျော်မိုးသောက် ဓားပြတိုက်နေ ကြတာပဲ..သေနတ်သံထက်တော့ သာယာပါတယ်.."

"ရှိ..ရှိ.."

"ဟိတ်ကောင်..အဲ့ဒါမကောင်းဘူးကွ.."

ချမ်းညက လက်ခေါက်မှုတ်နေသည့် ဂါက်ကိုနှုတ်ခမ်းကနေ ဖယ်လိုက်ပြီးမှ၍.. ၊

"ခင်ဗျားတို့ကောင်းတာလုပ်ရင် ကျုပ်လည်းကောင်းတာလုပ်မှာ ပေါ့..ရွာသားတွေကို အနာတရဖြစ်အောင် လုပ်နေတာ ကောင်းတဲ့ အလုပ်လား.."

ပြောပြီး ချမ်းညကသူ့ကိုကန်လိုက်သည့် မြင်းသမားရှေ့မှာ ခါး

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရပ်လိုက်ပြီး.. ၊

"တကယ်တော့ ခင်ဗျားတို့က သေနတ်ရှိလို့ မိုက်ရဲနေကြတာ.. ဦးနှောက်မရှိဘူး.."

"ဟိတ်ကောင်.."

သေနတ်ကို မောင်းတင်လိုက်ပြီး ချမ်းညရင်ဝကို တန်းခနဲချိန်လိုက်လျှင် ခေါင်းဆောင်က ထိုသူကိုမကြည့်ဘဲ လက်ဆန့်တားလိုက်၏။ ပြီးတော့.. ၊

"မင်းကတော့ ဦးနှောက်သိပ်ကြီးနေတယ်ပေါ့.."

"အရည်အချင်းဆိုတာ ပမာဏနဲ့မဆိုင်ဘူးလေ..ဒါကြောင့်ခင်ဗျားတို့က တုံးတစ်နေပြီး ကျုပ်ကချွန်တာပေါ့.."

ဓားပြခေါင်းဆောင်ရဲ့မျက်နှာ နီရဲတင်းမာလာသည်။ နှဲ့လျှယိမ်းထိုးနေသော မီးတုတ်မီးရောင်ကြောင့် ပို၍ရူးရဲနေတာလည်း ဖြစ်နိုင်ကာ.. ၊

"ကျုပ်တစ်ယောက်တည်းနဲ့ ခင်ဗျားတို့ခြောက်ယောက်ကို ဒုက္ခပေးနိုင်တယ်..အဲ ကျန်ခဲ့တဲ့ ခင်ဗျားတို့စခန်းတစ်ခုလုံးကိုရော နေ့မကူးခင် မျိုးတုံးပစ်လို့ရတယ်.."

"ခွေးမသား..လူပါးဝလို့.."

ဓားပြတစ်ယောက်သည် မိုက်မိုက်ရိုင်းရိုင်းဆဲရေးကာ မြင်းပေါ်ကနေ လွှားခနဲခုန်ဆင်းလာ၏။ ချမ်းညကရယ်လိုက်ပြီး.. ၊

"ခုချက်ချင်း ခင်ဗျားခွေးပြေးပြေးရတော့မှာ..မြင်းနဲ့သိပ်ဝေးအောင် မလာနဲ့.."

"ရှိ.."

နောက်ထပ်လေချွန်သံ သေးသေးလေးလုပ်၍ လက်ခေါက်သွင်းပြီး ပလွေလိုမှုတ်လျှင်.. ၊

"ဒီကောင်..ဒီကောင် မြွေခေါ်နေတာလားမသိဘူး.."

"ဟုတ်တယ်..ဟိတ်ကောင်ရပ်.."

ချမ်းညကမရပ်ပေ။ ရွာသားတွေပါ ထိတ်လန့်ကုန်ကာ ကိုယ့်ခြေထောက်ကိုပြန်ငုံ့ကြည့်ပြီး အလင်းရောင်ရှိရာ စုပြုံကပ်ကြ၏။

"သူ့ငွေးသမက်..မင်းကိုရပ်ခိုင်းနေတယ်နော်.."



ချမ်းညက ရပ်လိုက်ပြီး လက်ကိုပါဖယ်ကာ.. ၊

"ခင်ဗျားခိုင်းလို့ရပ်လိုက်တာ မဟုတ်ဘူး..ကျုပ်လိုသလောက်ခေါ်ပြီးပြီမို့လို့.."

"ဘာ.."

ဓားပြတွေကျီးတိကြောင်တိဖြစ်ကုန်ကြသည်။ ချမ်းညက တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ ဟားတိုက်ရယ်လိုက်ပြီး.. ၊

"ခင်ဗျားတို့စခန်းကို ဓားစာခံအဖြစ်လိုက်မယ်ဆိုတာ ခင်ဗျားတို့ရဲ့သေနတ်တွေကို ကြောက်လို့လို့ထင်နေတဲ့ပုံပဲ..အဲ့ဒီစခန်းရှိနေတဲ့ ပတ်လည်ကလှိုဏ်တွေထဲမှာ မြွေတွေချည်းပဲ..နောက်ပြီးစခန်းအပေါ်မှာ တောင်ကိုဖောက်ပြီး မိုးနေတဲ့ကြီးပင်ကြီးထဲမှာ.."

"ဟိတ်ကောင်..မင်း မင်း ငါ့စခန်းကိုဘယ်လိုလုပ်သိနေတာလဲ၊ ပြောစမ်း.."

ဓားပြရဲ့ဒေါသက မိုးကြိုးပစ်သလို ကြမ်းတမ်းသောမြည်သံပေးလာခဲ့လျက် ချမ်းညရှေ့ကိုရင်ဘက်ချင်း ပစ်တိုက်တော့မတတ် ကပ်လာ၏။ ချမ်းညကလည်း ခါးထောက်မပျက်ဘဲ ကြည့်နေကာ.. ၊

"လန့်သွားတာလား..ကျုပ်က ဓားစာခံလိုလိုက်ပြီး အဲ့ဒီကြီးပင်သစ်ခေါင်းထဲက မြွေတွေကိုအပြုံလိုက်ပြုတ်ကျလာအောင်လုပ်မယ်.. ဘေးပတ်လည်က လှိုဏ်မြောင်ခြကြားမှာရှိတဲ့မြွေတွေ.."

"ဟား ဟား ဟား ဟား.."

ဓားပြခေါင်းဆောင်က ရယ်လိုက်တာနှင့် တခြားလူတွေပါဝိုင်းရယ်ကြ၏။ ပြီးတော့ ခေါင်းတွေခါနေကြပြီး.. ၊

"တော်တော်လေထွားတဲ့ကောင်.."

"ဟား ဟား ဟား..လေချွန်ပြလိုက် လက်ခေါက်မှုတ်လိုက်လုပ်ပြီး.."

"ခင်ဗျားတို့မယုံဘူးဆိုတာ သိပါတယ်..ဟောဟိုသစ်ပင်ခြေရင်းမှာ ထောင်ထားတဲ့ပဲအိတ်သုံးလုံးထဲက ဘယ်ဘက်အိတ်ထဲမှာ သွားကြည့်လိုက်.."

ဟင်.. ၊

ထိုအိတ်တွေဘက်ရောက်နေကြသည့် ရွာသားတွေက ခလုတ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မတတ် ပြေးလွှား၍ နေရာပြောင်းကြ၏။ ခါးပြတစ်ယောက်က ကြောက်လန့်နေသည့်ကြားက မီးတုတ်တစ်ချောင်းကိုဆွဲနှုတ်လိုက် ပြီး အိတ်တွေရှိရာ လှည့်ထွက်သွားလျှင်.. ၊

"ဟာ..မြွေ.. မြွေတွေ.."

အိတ်ကိုအစဆွဲပြီးမှ လက်လွှတ်၍လှည့်ပြေးသော် အိတ်ကတစ် ဖက်အိတ်ဝအိကျသွားခဲ့ပြီး မြွေတွေလျှံထွက်ကျလာ၏။ မီးရောင် အောက်မှာမြွေတွေ တွန့်လိမ်တိုးကြိတ်ထွက်လာတာမြင်လျှင် ရှိသ မျှလူတွေလန့်ပြေးကုန်ကြလေသည်။ ထို့ပြင် မြင်းတွေလန့်ကာ က ဆုန်ပေါက်ခါချနေသဖြင့် ခါးပြတွေမြေပြင်ပေါ် ဒလိမ့်ခေါက်ကွေး ကျကုန်ကြ၏။

မြင်းတွေက ခြေဦးတည့်ရာပြေးကုန်ကြသလို ခါးပြတွေလည်း ဘာပစ္စည်းမှမသယ်နိုင်။ ပြီးတော့ သေနတ်တွေကိုတောင် အနိုင်နိုင် ကောက်၍ ပြေးကြလေသည်။

"အားလုံး ဒီကနေ ဝေးဝေးသွားကြ.."

ချမ်းညက ခါးပြတွေမရှိတော့မှ ပျာယီပျာယာထဖြစ်ကာ ပေါက်စကိုပြေးထူသည်။ ပြီးတော့ ဆရာတော့်တို့ကိုလှမ်းကြည့်၍..

"ဘဘုန်းနဲ့သူဌေးကြီးတို့ ကျွန်တော့်နောက်လိုက်ခဲ့ပါ..ဒီနားမှာ မြွေတွေရှိတယ်.."

"ချမ်းည..မြွေတွေက ဟိုအိတ်ကြီးတစ်လုံးလား.."

"မဟုတ်ပါဘူးဘုရား..လေးငါးခြောက်ကောင်ပဲ ထည့်ထားတာ ပါ၊ ဒါပေမယ့် ကျွန်တော်လည်းမနိုင်ဘူး.."

"အေးလေ..မင်း မြွေနိုင်တယ်ဖြင့် ကျုပ်တို့မကြားဘူးပါဘူး၊ ဒါနဲ့တောင်.."

လေချွန်ပြီး မြွေတွေဘယ်လိုခေါ်ထည့်လိုက်တာလဲလို့ မမေးဖြစ် လိုက်.. ၊

"ချမ်းညရာ..မင်းကတော့ တကယ့်ကောင်ပဲဟေ့.."

ဦးသူတော်က အားပါးတရကြီးပြော၍ လက်ပါခါ၏။ သူဌေး ကြီးနဲ့ဦးသြဘာတို့ကတော့ မြေပြင်ကိုပဲ ပြူးပြဲကြည့်နေရသဖြင့် ဒေါ သလည်းထွက်ချိန်မရ။ ဘာမှလည်း မပြောနိုင်သေး။ ချမ်းညက



ကသုတ်ကယက် သွားလာနေရင်း ရယ်နိုင်သေးကာ.. ၊

"ဟုတ်တယ်လေ..ကျွန်တော်က ဆုတောင်းကောင်းနဲ့လာတဲ့သူ ပဲ.."

☺

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၉)

သဲတောကရွာလုံးကျွတ်နီးပါး လိုက်လာကြသဖြင့် သုံးလွန်းတောင်ရွာက ကလေးကင်ပွန်းတပ်မင်္ဂလာသည် ပြည့်စုံစည်ကားရုံမကဘဲ ရယ်မောသံစနောက်သံတို့ဖြင့် စိုပြေနေတော့သည်။

မိုးလင်းတည်းက ဆရာတော့်ကျောင်းမှာ ဆွမ်းကပ်အလှူမင်္ဂလာလုပ်ကာ ရွာသားတွေကိုတော့ ယောအိမ်တော်မှာ ကျွေးမွေးဧည့်ခံခဲ့သည်။ ထို့ပြင် သုံးလွန်းတောင်ရွာသားတွေကလည်း သဲတောရွာသားတွေကို ဖော်ရွေစွာကြိုဆိုဧည့်ခံကြရာ.. ၊

"ကျွန်မတို့ဖြင့် သုံးလွန်းတောင်ရွာဆိုတာ တကယ်ရှိသလိုလိုမရှိသလိုပဲရယ်..ခုလည်း အိမ်မက်ထဲရောက်နေသလိုပဲနော်၊ တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းတွေချည်းပဲ.."

"ဟုတ်ပ..ကျုပ်တို့ရွာမှာ ရွာသူကြီးအိမ်တောင်မှ ဒီကရွာသားတွေအိမ်လောက် မကောင်းဘူး၊ ရွာလူကြီးကလည်း ချမ်းသာ..လူတွေကလည်း စိတ်ရင်းကောင်းမှကောင်း၊ မသိရင် ရွာသားတွေမျက်နှာက ဘာသောကမှမထင်ဘဲ ပဒေသပင်ခူးစားနေကြတဲ့အတိုင်းပဲ.."

အိမ်တော်ကလူတွေ ခေါင်းညိတ်ရင်း ရယ်နေကြသည်။ ရွာသားတွေကလည်း ဂုဏ်ယူကြ၏။

"ရွာကိုစည်းရိုးတုပ်စရာတောင် မလိုဘူးနော်..ရွာရဲ့မျက်နှာစာနှစ်ဖက်မှာ လျှိုတွေတော်တော်နက်တယ်.."

"ဟုတ်တယ်ဗျ..နောက်ပြီး ကျုပ်တို့ကံကောင်းတာက လျှိုတွေက လူခိုလို့မရဘူး၊ ရွာဘက်ခြမ်းကပိုပြီးစောက်တယ်..တွယ်စရာနွယ်မရှိ၊ သစ်ပင်ကြီးမရှိ..နောက်ပြီး တခြားဘက်တွေမှာလည်း တစ်ဖက်



က မိကျောင်းအိုင်ကြီးရှိတယ်၊ ဒါလည်းကျွန်တော်တို့ရွာက မွေးထားတာမဟုတ်ဘူး..သဘာဝအတိုင်းရှိနေတာ၊ ကုန်းပေါ်လည်းတက်မလာဘူး..ဒီနေ့ထိလည်း ဘာအန္တရာယ်မှ မပေးခဲ့ဖူးဘူး၊ တစ်ဖက်မှာဆို ဒီပတ်ဝန်းကျင်မှာ အမြင့်ဆုံးတောင်ကတုံးကြီးက ပိတ်ထားတာလေ.."

မသိသည့်လူတွေက တအံ့တသြဖြစ်လို့မဆုံး။ တကယ်က သုံးလွန်းတောင်ရွာကြီးရဲ့ဂန္တဝင်ဆန်သည့် ဖြစ်တည်မှုတွေမှာပဲ မယုံနိုင်ဖွယ် ပဥ္စလက်တွေရှိနေခဲ့တာဖြစ်သည်။

ဒီရွာကြီးချမ်းသာသည်။ ရွှေတွင်းငွေတွင်းပေါ်မှာ ဖြစ်တည်နေခဲ့သည်။ ဒါပေမယ့် ရန်သူမျိုးငါးပါးကြောင့် ဒုက္ခဖြစ်ခဲ့ဖူးတာ တစ်ခါမှ မရှိခဲ့။ စိတ်ဓာတ်သေးသိမ်ဖောက်ပြန်သည့် ရွာသူရွာသားမျိုးတွေ ဒီရွာမှာမရှိခဲ့.. ၊

သုံးလွန်းတောင်ရွာ၏ဂန္တဝင်ဖြစ်စဉ်တွေဟာ ပြောလို့ပင်ကုန်နိုင်မည်မထင်။ ဒါပေမယ့် ဘယ်သူကမှလည်း မပြောခဲ့ကြသလို တမင်မပြောဘဲ မျိုသိပ်ဖုံးဖိခဲ့တာလည်း မဟုတ်.. ၊

ဒီနေ့ဒီမှာ ဆုံရပ်တစ်ခုလို သဲတောရွာကလူတွေ စုပေါင်းရင်းနှီးလာကြသည့်အတွက်လည်း ယောအိမ်တော်က မိသားစုတွေရော ရွာသားတွေရင်ထဲမှာ ဘယ်လိုစိတ်အနှောင့်အယှက်မှ မဖြစ်ခဲ့ကြပေ။ အဘယ့်ကြောင့်ဆိုသော် အားလုံးတွေ့ဆုံကြုံတွေ့လာသမျှ ဖြစ်ပျက်ခြင်းအရာရာဟာ အကြောင်းကြောင့်အကျိုးဖြစ်လာခဲ့သော ပဋ္ဌာန်းဆက် အထောက်အပံ့များသာဖြစ်သည်ဟု ယုံကြည်ကြသောကြောင့် ဖြူစင်နေသည့် စိတ်ထဲမှာ ဘယ်လိုပူပင်သောကမှ မထင်ကြခြင်းပင်။

"ဟောဒီက ကလေးလေးကိုကြည့်ပါဦး..မဟာနဖူးဒေါင့်ကြီးတွေနဲ့ မျက်လုံးကကောင်း နှာတံကပေါ်ပေါ်နဲ့.."

"ဟုတ်ပတော်..ခြေတံလက်တံတွေလည်း ကောင်းလိုက်ပါဘိ.."

"ဒီလိုအဖေ အမေကမွေးမှတော့ နတ်ဖန်ဆင်းတဲ့ကလေးလေးရှိပြီပေါ့.."

မြသားကဏ္ဍိပါလေးနှင့် ထွေးပတ်ထားသည့် ကလေးငယ်လေးဟာ မွေးပြီးဆယ့်တစ်ရက်သားရမှ ကင်ပွန်းတပ်မင်္ဂလာဆင်ယင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပရသည့်အလျှောက် ဖွံ့ထွားနီထွေးလျက် ပရိသတ်အလယ်မှာ တင့်တယ်စွာ ရှိနေခဲ့ပြီး.. ।

"ဒီမှာ ကျွန်မယူလာခဲ့တာ ကလေးလေးအတွက်ပေါင်ဒါ..ဝိုင်အိုလက်စစ်စစ်.."

"ဒီမှာ ပိစိမကလည်း မလိုက်လာနိုင်ပေမယ့် ပေါင်ဒါပေးလိုက်တယ်..ဝိုင်အိုလက်ပဲ နင့်ထက်သစ်တယ်.."

"အဲ့ဒါတွေ တစ်ခုမှမယူနဲ့.."

ရွာသူကြီးဦးသာဒင်က လူကြားထဲဝင်လာပြီး စတုမရူဆေးပုလင်းဟောင်းကြီးကို အားလုံးရှေ့မှာချ၍.. ।

"အဲ့ဒီဝိုင်အိုလက်ပေါင်ဒါတွေကို လိမ်းခဲ့တဲ့ကလေးတွေက မကြာခင် ပဋ္ဌင်းခံကြတော့မှာ..အလကား၊ နှစ်ချို့ပြီး ဖုံစော်တောင်နံနေတာတွေ ကလေးကိုလာပေးနေတယ်..မယူနဲ့ချမ်းည၊ ဒီမှာ ကျုပ်အမေသေချာသွေးပြီး ထည့်ပေးလိုက်တာ..နံ့သာဖြူစစ်စစ်.."

"သူကြီးနော်..ကျုပ်တို့ကဆင်းရဲလို့ ရှိတာပဲပေးရတာ၊ သူကြီးဥစ္စာက အဖိုးတန်ပေမယ့် ကလေးမွေးကင်းစတွေ လိမ်းရတာမဟုတ်ဘူး.."

"ဘာလို့မလိမ်းရမှာတုံး..ကလေးလိမ်းရင် အခိုးပွင့်တယ်၊ အပူကင်းတယ်..လိမ်းနေရင်း ပါးစပ်ထဲကောက်ခွံ့ပေးရသေးတယ်.."

"ခွံ့တော့.."

"အခိုးပွင့်တယ်..အပူကင်းတယ်.."

"ဒါပဲ.."

"သူဒါပဲသိတာကိုး.."

"ရှိသေးတယ်..အမွှေးနံ့သာကျွေးတော့ အသားအရေလှတယ်၊ ကိုယ်နံ့မွှေးမယ်.."

"ဒါကြောင့် သူကြီးလှနေတာ.."

"ဟား ဟား ဟား.."

"ကိုယ်နံ့မွှေးမမွှေးတော့မသိဘူး..ကြီးကြီးဆိုရင် အဝတ်လှန်းတိုင်းညည်းပါ့၊ 'ကျုပ်အိမ်က အကြီးကောင်လောက် ကိုယ်နံ့ဆိုးတာရှိမထင်ဘူးတဲ့.."



"ဟား ဟား ဟား ဟား.."

အားလုံးဝိုင်းရယ်ကုန်ကြသဖြင့် သူကြီးဦးသာဒင်ဒေါသထွက်လာသည်။ ဘာမှလည်းပြောစရာမရှိ။ ချမ်းညက ရယ်ကာ နံ့သာဖြူပုလင်းကိုကောက်ယူလိုက်ပြီး သူကြီးပခုံးကိုဖက်လိုက်ကာ.. ।

"မပြောကြပါနဲ့..ကျုပ်တို့သူကြီးက ရုပ်အဆင်းအားဖြင့် မဆိုစလောက်လေးပဲပြောစရာရှိတာ၊ စိတ်ရင်းဓာတ်ခံကျတော့.."

"မကောင်းပြန်ဘူး.."

"ဟား ဟား ဟား.."

"ခွေးဝဲစားလေးတွေ..နင်တို့ငါတွေ့မယ်.."

"တွေ့မှာပါ..ပြန်ရင် နွားလှည်းအတူတူစီးရမှာကို.."

"ဟား ဟား ဟား.."

သူတို့တွေနားကို ဆရာတော်နဲ့ကပ္ပိယတို့ရောက်လာကာမှ ရယ်သံတွေတိတ်သွားကြသည်။

"ဘယ့်နှယ် စားကောင်းသောက်ဖွယ်တွေ အားလုံးပြည့်စုံကြရဲ့လား.."

"ပြည့်စုံပါ့ဘုရား..ကျောင်းမှာတည်းက မနည်းထပြန်ခဲ့ရတာကို ဟောဒီယောအိမ်တော်ကြီးကလည်း လိုက်လုံဖော်ရွေပါဘိ.."

"ချမ်းညရေ..ရော့၊ ဒီမှာ ကလေးအတွက်လက်ဆောင်လာပေးသွားတာတဲ့..သဲတောမှာကျန်ခဲ့တဲ့ ရွာသားတစ်ယောက်ယောက်လာနောက်သွားတာထင်တယ်.."

ထန်းလက်နဲ့ယက်ထားသည့် ဖာသေးသေးလေးဖြစ်ကာ ချမ်းည ချက်ချင်းယူပြီးဖွင့်လိုက်လျှင် အထဲမှာမြွေစိမ်းရုပ်လေးတစ်ရုပ်..

သူရ.. ।

ချမ်းညတန်းသိလိုက်သည်။ မြွေရုပ်လေးက ပီပြင်ပေမယ့် အတော်ကြီးကျွတ်ခြောက်နေပြီဖြစ်ကာ အဝါရောင်သမ်းနေခဲ့လျက်..၊

"ဒါဘယ်တုန်းက လာပေးသွားတာတုံးကပ္ပိယကြီး.."

"တို့ဒီကိုထွက်လာမှပဲ..တို့လည်း ကျောင်းကအထွက် ကျောင်းသားလေးနှစ်ယောက်လာပြေးပေးတာ၊ ဟိုအစ်ကိုကြီးပေးတာပြီးနောက်ကိုတောင် လက်ညှိုးလှည့်ထိုးသေးတာ..ဘယ်သူမှမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



လို့.."

ပြောသည့်စကားကို နားထောင်ပြီးတာနှင့် ချမ်းညဘုန်းကြီးကျောင်းဘက်က တောလမ်းကိုပြေးထွက်လာခဲ့သည်။ သို့သော် ရွာလမ်းကနေ ထွက်တဲ့အထိ လူသူအရိပ်အယောင်တောင် မမြင်ရဘဲရှိလျှင်.. ၊

"သူရ..ဟော့ကောင်၊ မင်းဘာလုပ်နေတာတုံး..ဘာဖြစ်လို့ပုန်းနေတာတုံးကွ၊ သူရ..ဟော့ကောင်သူရ.."

အော်ခေါ်ရင်း မောနေသည့်ကိုယ်က ကုန်းကျသွားကာ ဒုန်းနှစ်ဖက်မှာ လက်ထောက်ပြီး ထပ်ခေါ်သည်။

"သူရ..မင်းအဲ့လိုလုပ်နေလို့များ ငါကကျေးဇူးတင်နေပြီထင်နေသလား၊ မင်းကိုယ်မင်းဘာထင်နေလို့လဲ.."

အော်သံကြောင့် ငှက်တွေဝုန်းခနဲထပျံကုန်ကြသည်။ တစ်ယောက်တည်းစကားတွေပြောလိုက် အော်ခေါ်လိုက်နှင့်တုံ့ပြန်သံမရတိုင်း တောထဲတိုးဝင်ရင်း.. ၊

"သူရ..ဟော့ကောင်ထွက်ခဲ့ကွာ.."

တောထဲမှာ သူ့အသံသာပဲ့တင်ထပ်လျက် ငှက်တို့ထိတ်လန့်၍ ပြေးလွှားပျံသန်းနေကြသော တောင်ပံခတ်သံတို့သည်သာ.. ၊

"မင်းက လူဆိုးခားပြ..ငါကသူဌေးသမက်ဆိုပြီးတော့လား.."

ဘယ်ကိုမှန်းမသိဘဲ သူစကားတွေပြောရင်း ခဏစောင့်သည်။ ဘယ်ကမှလည်း တုံ့ပြန်သံမလာဘဲ.. ၊

"ငါ့ကြောင့် ငါ့ညီသိက္ခာကျမယ်ပေါ့..အပိုတွေကွာ.."

ပြောနေရင်း နှာခေါင်းတွေစပ်၍ အာခေါင်တွေခြောက်လာခဲ့၏။ ချမ်းည မျက်စိရှေ့မှာရှိနေသည့် လမ်းလေးကိုစိုက်ကြည့်ရင်း အံကြိတ်လိုက်ကာ.. ၊

"ငါကမင်းပါပဲ..မင်းကြောင့်ငါဆိုတာဖြစ်လာတာပါ.."

ထိန်းချုပ်နေရင်း မျက်ရည်ကမျက်လုံးထဲမှာ ပြည့်တက်လာသည်။ ပြီးတော့ နောက်ပြန်ခြေလှမ်းဆုတ်ရပ်ရင်း သစ်ပင်တွေရှိသမျှကို လိုက်ကြည့်ငေးရင်း.. ၊

"မင်းငါ့ကို စာပေးခိုင်းပြီးခားပြဝင်မှာကို သတင်းပေးတယ်..



ပြီးတော့ ဒီကောင်တွေဘာကိုကြောက်တတ်သလဲဆိုတာပြောပြတယ်၊ အဲ့ဒါတွေကို ကွယ်ရာကနေ လုပ်ပေးနေတာနဲ့ မင်းကိုယ်မင်းသူရဲကောင်းကြီးဖြစ်ပြီ ထင်လို့လား.."

ရင်ထဲမှာ နင့်လာတော့ စကားတွေအော်ပြောလို့မရတော့ပေ။ ဒါပေမယ့် ဒီနေရာမှာပဲ သူရရှိနေတာကိုသူသိနေသည်။ ထို့ကြောင့် ရှိရှိမရှိရှိပြောနေမိ၏။ ကြားကြားမကြားကြား မပြောဘဲမနေနိုင်..၊

"မင်းပဲချစ်တတ်တာလား..တစ်လောကလုံးမှာ သွေးသားဆိုလို့ မင်းနဲ့ငါပဲရှိတော့တာကို မင်းဒီတိုင်းတစ်သက်လုံးနေသွားနိုင်လား.. သူရ ဟော့ကောင်..ပြောကွာ၊ တစ်ခုခုပြန်ပြော ဟော့ကောင်.."

တောသည်ပဲ့တင်သံမှလွဲ၍ စိမ်းကားစွာ ငြိမ်သက်နေမြဲရှိလျက်။

"ငါ့သားဘယ်လောက်ချောလဲ မင်းမကြည့်တော့ဘူးလား..ဘာလဲ ကိုယ့်တူကို သစ်ပင်ခွကြားက လာချောင်းကြည့်ဖို့စိတ်ကူးနေတာလား.."

ချမ်းညရဲ့ငိုသံပါနေသော အက်ရှသည့်စကားသံတို့ကို သူရကြားနေရသည်။ သူ့မျက်ဝန်းထဲမှာလည်း မျက်ရည်တွေနဲ့ပဲဖြစ်ကာ..

"ခွေးကောင်.."

ရယ်ဖို့ကြိုးစားရင်း မျက်ရည်ကျလာခဲ့လျက်.. ၊

"တော်တော်စကားတတ်နေတယ်..ဟွန်း ငါ့ဘာသာသစ်ပင်ခွကြားက လာချောင်းတော့ဘာဖြစ်လဲ၊ လာခိုးချီတော့ရော ဘာဖြစ်လဲ."

ကျင်းချိုင့်ကြီးထဲမှာ ဆောင့်ကြောင့်ထိုင် မျက်ရည်ကျရင်း မျက်ရည်သုတ်၍ရယ်ဖို့ ကြိုးစားနေမိကာ.. ၊

"ဒီတိုင်းနေလို့လည်း ရနေတာကို..ခွေးသူခိုးလေး၊ ဟီး..ဟီး.."

ပါးစပ်ပိတ်ငိုနေမိရင်း ပြောချင်တာလည်း ကျန်နေသေးရာ..၊

"ငါလာမှာပါ..ငါရှန်းထွက်ဖို့ကြိုးစားပါ့မယ်၊ ဒါပေမယ့်.."

တစ်ယောက်တည်း တိုးတိတ်သော ဖြေသိမ့်မှုများနှင့်.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅၀)

"ဟယ်..ဟိုမှာ ဖအေပြန်လာတော့ တိတ်သွားတယ်ကြည့်စမ်း.."

ငိုနေသည့်ကလေးရဲ့အသံ တိခနဲတိတ်ကျသွားလျှင် ရှိနေသည့် လူတွေအကုန်လုံး ချမ်းညလျှောက်လာသည့်ဘက်ကို လှမ်းကြည့်ကြ၏။ သို့သော်.. ।

"ကလေးက ကျုပ်တို့သခင်ကြီးထွက်လာလို့တိတ်သွားတာပါ.. ဖိုးအေမှန်းသိတာ.."

"အယ်..သူဌေးကြီးလည်းထွက်လာတယ်ဟ.."

ယောအိမ်တော်ရဲ့အပြင်ဆောင်မှာ သံတောရွာသားတွေရော သုံးလွန်းတောင်ကလူတွေပါ တစ်နေရာတည်းစုပြုံနေကြလျက် သူဌေးကြီးထွက်လာတော့ ပျာပျာသလဲဖြစ်ကုန်ကြကာ.. ।

"ဟုတ်များဟုတ်သလားပဲဟဲ့..သူဌေးကြီးက အနားတောင် ရောက်နေပြီဆိုတော့လေ.."

"အေးလေ..မျက်နှာကျပုံ မျက်ခုံးမျက်လုံးတွေက သူ့ဘိုးအေအတိုင်း ချွတ်စွတ်.."

"ဘယ်နှယ် ဖအေကိုကျော်ပြီး ဘိုးအေနဲ့မှချွတ်စွတ်ဖြစ်ရတယ်လို့.."

ဆရာတော်က တရားစင်သတ်မှတ်ထားသည့် စင်မြင့်ထက်မှာ တင်ပလ္လင်ခွေထိုင်လျက် မျက်နှာသည် သူဌေးကြီးဘက်ကိုခပ်ငုံ့ငုံ့နှင့်၊

"ပြောကြကြေးဆိုရင်တော့ ကျုပ်နဲ့လည်းတူလို့ရတယ်..ကျုပ်လည်းဘိုးအေပဲ.."

"ဖြစ်ရသေးတယ်ကိုယ်တော့်နှယ်..ဘုန်းကြီးနဲ့ဘီးအပ်စပ်ပါ့မ



လား၊ တွေးလည်းတွေးပါဦးတော့.."

သူဌေးကြီးနဲ့ဆရာတော် အချေအတင်ပြောမိသည်နှင့် ရွာသားတွေအသံတိတ်ကုန်ကြသည်။ သူဌေးကြီးက မျက်မှောင်ကုတ်လျက် ဘာကိုစဉ်းစားနေမှန်းမသိ။ ပြီးတော့ ဆရာတော့်ကိုကြည့်၍.. ।

"တပည့်တော်မသိလို့မေးပါရစေဘုရား..မနက်ခင်းကလည်း ကလေးအတွက် ကင်ပွန်းတပ်မင်္ဂလာတရားနာကြတော့ အရှင်ဘုရား တရားနာပြီးတာနဲ့ ကလေးကိုအတွင်းဆောင်ထဲခေါ်သွားသေးတယ်.."

ဆရာတော့်မျက်နှာကြီး အနီရောင်သမ်းသွားသည်။

"အကြာကြီးပဲနော်..ချမ်းညတောင် သူ့ကလေးသူလိုက်ရှာနေရသေးတာ.."

"အဲ့ဒီတော့ မောင်မင်းကဘာပြောချင်တာတုံး.."

"အရှင်ဘုရားကလေးကို အတွင်းခေါ်သွားပြီး တရှုံ့ရှုံ့နမ်းနေတယ်လို့.."

"ဘယ်သူပြောတာတုံး..ကျုပ်တရှုံ့ရှုံ့မပြည်ပါဘူး.."

"ဩော်..ဒါဖြင့်နမ်းတယ်ပေါ့.."

"ဟား ဟား ဟား."

"ခစ် ခစ် ခစ်.."

"မောင်မင်းကကျုပ်ကို စွပ်စွဲနေတာပဲ.."

"အရှင်ဘုရားလည်း မုသားမဆိုချင်လို့ ရှောင်လွှဲနေတာမဟုတ်ဘူးလားဘုရား..ကလေးကိုနမ်းမယ်ဆိုရင်တော့ အရှင်ဘုရား.."

"ဝါး.."

ဘယ်သူမှဆက်ပြောလို့မရတော့အောင် ကလေးငိုသံက ထွင်းဖောက်ထွက်ပေါ်လာလျှင် ပြုံးနေသည့်ချမ်းညှ ဆတ်ခနဲဖြစ်သွားကာ၊

"ဒေါ်ကြီးနီ..ကျွန်တော့်သားပေးလေ.."

"အောင်မယ်လေး..ကလေးအငိုတိတ်အောင် ကျုပ်ချော့တတ်ပါတယ်တော်၊ ချီထားစမ်းပါရစေဦး.."

"ဒေါ်နီတာကလည်းဗျာ..ကိုယ့်ရွာပြန်ရောက်ရင်လည်း တဝကြီး ချီထားလို့ရတာကို.."

"ဘာရယ်..ဘာရယ်.."

www.burmeseclassic.com

www.burmeseclassic.com



မြကြည်တို့ကလေးချီဖို့အတွက် မိန်းကလေးတွေအုပ်စုဖွဲ့ပြီး လက်တပြင်ပြင်နဲ့ စောင့်နေကြတာဖြစ်ကာ ဒီစကားကြောင့် ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ အသံတွေချက်ချင်းထွက်လာကြသည်။ ထို့ပြင် ပြောလိုက်သည့် သဲတောရွာသားကို စူးစူးရဲရဲကြည့်၍ မေးဆတ်ကာ.. ၊

"ဒီမှာသဲတောရွာသားရဲ့..ကလေးက ယောအိမ်တော်ကတစ်ဦးတည်းသော မျိုးဆက်သွေးလေ၊ ကျွန်မတို့သခင်လေးပါ..ဘယ့်နှယ်ရွာပြန်ရောက်ရင် တဝကြီးချီလို့ရတယ်ဆိုတာ ဘယ်လိုစကားတုံး.. ဘယ်လိုတွေမျှော်လင့်နေသေးတာတုံး..အံ့ပါ့.."

"ဟုတ်ပတော်..ငါတို့မမလေးရဲ့ ရင်သွေးလေးကိုများ.."

"ဟုတ်ပါတယ်ဗျာ..ဒါပေမယ့် ဟို.."

ရွာသားရဲ့လက်ညှိုးက ချမ်းညီဆီမရဲတရဲရောက်ကာ.. ၊

"လူ..လူချောလေးက ကျုပ်တို့ရွာမှာပဲ.."

"ယောအိမ်တော်ရဲ့သမက်က ရှင်တို့လိုသဲတောရွာငယ်လေး လိုက်နေရဦးမယ်..အားကြီး.."

"မဟုတ်ပါဘူး..ဟိုလိုဒီလိုတွေ မျှော်လင့်နေတာထားပါတော့.. ငါတို့သခင်လေးကိုများ ခေါ်သွားရမယ်လို့.."

သဲတောရွာသားနဲ့အိမ်တော်က မိန်းကလေးတွေပြောဆိုနေကြတာကြားကာ လူယုံကြီးနဲ့ဆရာတော်တို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးတော့ သူဌေးကြီးကို သူတို့အကဲခတ်ကြ၏။

သူဌေးကြီးကတော့ ချမ်းညမျက်နှာကို စူးစိုက်ကြည့်နေတာဖြစ်ကာ ရွာသားပြောလိုက်သည့်စကားနဲ့ပတ်သက်ပြီး ချမ်းညတကယ်ပဲ ဒီတိုင်းရည်ရွယ်ထားခဲ့တာလားဆိုတာကို သိချင်နေပုံရှိ၏။ ဒေါ်နီတာချော့မော့နေသဖြင့် ကလေးကလည်းအငိုတိတ်သွားသည်။ သဲတောရွာမှာ ချမ်းညနဲ့ကြိုးလေးကိုစောင့်ရှောက်ထားသည်ဆိုသော အ ခွင့်အရေးနှင့် ဒေါ်နီတာကအဆင်ပြေနေတာဖြစ်ကာ.. ၊

"ဒေါ်ကြီးကနားလည်ပါတယ်မိန်းကလေးတို့ရယ်..ဒီရွာကိုရောက်မှမဟုတ်ဘူး၊ မင်းသမီးလေးနဲ့ဒီလူချောလေးကို မြင်တည်းကတို့ရွာနဲ့မတန်တဲ့အသွေးအမွေးလေးဆိုတာ.."



"နို့..နေပါဦး၊ ဒါကိုသေချာသိဖို့လိုတယ်.."

သူဌေးကြီးမနေနိုင်တော့ဘဲ မေးခွန်းထုတ်ရပြီဖြစ်ကာ ချမ်းညကို စူးစိုက်ကြည့်၍.. ၊

"မင်းက ဟိုရွာကိုပြန်သွားဖို့ ရည်ရွယ်ထားခဲ့တာလား.."

"နို့..မောင်မင်းကရော မင်းသမီးပြန်သွားမယ်ဆိုရင် သွားခိုင်းမှာမို့လို့လား.."

ဆရာတော်က ဝင်မေးတော့ သူဌေးကြီးမျက်နှာပေါ်က တင်းမာမှုလျော့ကျသွားသည်။ ပြီးတော့မှ.. ၊

"တပည့်တော်က ချမ်းညကိုမေးတာပါဘုရား.."

"ဒါမေးရမှာမဟုတ်ဘူးလေ..ချမ်းညကိုသွားရမယ် မသွားရဘူး ..မောင်မင်းပဲပြောရမှာကို.."

"သူက.."

"သူကမောင်မင်းသမက်ပဲ..ဘာတုံး မောင်မင်းက သမက်တော်ရမှာကို နှာအံ့ထင်နေသေးတာလား.."

"အဲ့လိုမဟုတ်ပါဘူးဘုရား..ဒါပေမယ့် သူဒီလိုရည်ရွယ်ထားတာကိုတော့ တပည့်တော်မကြိုက်ဘူး..ကြိုးလေးကိုယူထားပြီး မိဘနဲ့တစ်နေရာစီခွဲထားဖို့ ကြိုးစားနေတာ မကြံစည်သင့်တဲ့ကိစ္စပါ.."

"ဟား ဟား ဟား.."

ဆရာတော်က ကိုယ့်ပေါင်ကိုလက်ဝါးနဲ့ပုတ်ပြီး ရယ်သည်။ ပြီးတော့ ရယ်နေရင်း.. ၊

"မင်းသမီးကိုစွန့်လွှတ်ခဲ့တာက ဘယ်သူမို့လို့တုံးပြောပါဦး.."

"ဒါကတော့ဘုရား.."

"မောင်မင်းလုပ်တော့ကောင်းတယ်..သူများလုပ်တော့ မသင့်တော်ဘူးဖြစ်သွားတာလား၊ ချမ်းညရေ တူတူနေကြမယ်ဆိုပြီးတာပဲ သူဌေးရယ်..လူငယ်တွေသိတတ်တာကို ဘာလို့စောင့်နေမတုံး.."

ဆရာတော်က မျက်နှာပုတ်ကြီးချနေသည့် သူဌေးကြီးကိုကြည့်၍ ပြုံးနေရင်း.. ၊

"ရှေးဟောင်းနှောင်းဖြစ်တွေကို ထားခဲ့ပြီး မိသားစုစွေ့ဖြစ်နေလိုက်ရင် ပြီးရောမဟုတ်လား.."

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားပဲ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်စနေတာဘုရ"

"မောင်မင်းက ရှေးရှေးမာနတွေ မစင်ဘူးဖြစ်နေလို့ ပြောရ ရတာ.."

ချမ်းညဆံပင်တစ်ချက်သပ်ရင်း ဘယ်လိုဝင်ပြောမလဲစဉ်းစား မိသည်။ သူ့ရကြောင့် ပူလောင်ကြေကွဲခဲ့ရတာတွေလည်း ဒီကပြဿ နာတွေနဲ့ လုံးထွေးပျောက်ကွယ်ကုန်ရကာ.. ၊

"ကျွန်တော်ကလည်း.."

"ဟုတ်တယ်..မင်းကိုမေးတာ၊ မင်းပြောဖို့ပဲလိုတာ.."

'မဆိုင်တဲ့သူ မပြောနဲ့'ဆိုသည့် သဘောသက်ရောက်သဖြင့် ဆ ရာတော့်မျက်ခုံးတန်းကြီးတွေ ဆတ်ခနဲပင့်တက်သွားသည်။ ထိုစဉ် ကလေးက ထွေးပတ်ထားသည့်အနှီးလေးထဲကနေ တအဲ့အဲ့လွန့်လူး နေသဖြင့် ချမ်းညကခေါ်ဖို့ပြင်စဉ်.. ၊

"ကျုပ်ကိုမြေးလေးပေးပါ.."

သူဌေးကြီးက လက်လှမ်းလိုက်လျှင် ဒေါ်နီတာပျာပျာသလဲထ လိုက်ပြီး ကမ်းပေးရှာ၏။ ဆရာတော်က ချောင်းဟန့်လိုက်ရင်း.. ၊

"သူနို့တိုက်မှာ.."

သူဌေးကြီးလှမ်းကြည့်လိုက်လျှင်.. ၊

"ဩော်..သူ့အမေဆီ မောင်မင်းပို့မလို့မဟုတ်ဘူးလား.."

သူဌေးကြီးရှက်သွားသော်လည်း တကယ်ငိုနေပြီမို့ မြကြည် လက်ထဲထည့်ပေးလိုက်ရကာ.. ။

"သူ့အမေဆီခေါ်သွားလိုက်.."

"အဟွန်း..အဲ့ဒါပြောတာပါ ကျုပ်က.."

သူဌေးကြီးနဲ့ဆရာတော်မျက်လုံးချင်းဆုံတော့ သူဌေးကြီးမျက် နှာ မှုန်ကုတ်ကုတ်ရှိနေကာ ဆရာတော်ကရယ်နေ၏။ လှည့်ကြည့် လိုက်တော့ ချမ်းညလည်းမရှိတော့ရာ.. ၊

"ဘယ်ရောက်သွားပြန်တာတုံး.."

သူဌေးကြီးစကားမပြတ်သေးသဖြင့် စိတ်တိုသွားကာ ကျွတ်ခ နဲ့ထပ်ဖြစ်လျှင်.. ၊

"ကလေးငိုတော့ ကလေးအဖေလည်းလိုက်သွားမှာပေါ့သူဌေး



ကြီးရယ်..မောင်မင်းသမက်လေ.."

ဆရာတော်မို့ပြန်ပြောရလည်း ခက်နေကာ သူဌေးကြီးဒီတိုင်းပဲ လှည့်ဝင်ခဲ့ရလေသည်။ နောက်မှာခပ်ကြိတ်ကြိတ်ရယ်သံတချို့ကျန် ရစ်ခဲ့တာကို သိနေလျက်.. ၊

ဒီဆရာတော်ကိုက ခက်တာပါ.. ၊

"မခက်ပါဘူးကွယ်..မိဘဆိုတာ အတေးအမှတ်ထားစရာမှမ ဟုတ်တာ.."

မြေးကိုချီပွေ့ချင်သည့် ဆန္ဒမပြည့်ဝသေးသောကြောင့် သူဌေး ကြီး ကလေးနောက်ကိုခပ်သုတ်သုတ်လိုက်လာခဲ့မိသည်။ သို့သော် သမီးအိပ်ဆောင်မှာ ချမ်းညရှိနေမှာကို သတိမထားမိဘဲ အခန်းရှေ့ ကျမှ ခြေလှမ်းတုံ့သွား၏။

ဒေါ်ရတနာလှိုင့်အသံက အေးဆေးတည်ငြိမ်နေပေမယ့် လူငယ် တွေကို ဖျောင်းဖျနားချနေတာလည်းဖြစ်ကာ.. ။

"ပြောပါဦး..မင်းက သူဌေးကြီးရဲ့အရင်က ဆက်ဆံရေးအပေါ် မှာ တစ်ခုခု.."

"တစ်ခုခုမှမရှိပါဘူး..ဟိုမှာနေဖို့ရည်ရွယ်ချက်ရှိခဲ့တာလည်း အ မှန်ပါပဲ၊ ဒါကြောင့် ကျွန်တော့်ဇနီးမျက်နှာမငယ်ရအောင် သူ့အတွက် ကျွန်တော်အစွမ်းကုန် ကြိုးစားခဲ့တာပါ.."

"သိပါတယ်..မင်းအောင်မြင်ခဲ့လို့လည်း မယ်မယ်တို့က စိုးရိမ်မိ တာပါ၊ ဒီအချိန်မှာ မင်းဘက်ကအမျိုးမျိုးခံစားနေနိုင်တယ်လေ..တို့ တွေဘက်လည်း.."

"အဲ့လိုမဟုတ်ပါဘူးမယ်မယ်.."

အံ့မယ်..မယ်မယ်တွေ ဘာတွေဖြစ်ကုန်ပါရောလား.. ၊

သမက်ဆိုသည့်ဆက်ဆံရေးနှင့် ပထမဆုံးကြားသိလိုက်ရခြင်း မှာ သူဌေးကြီးရင်ထဲမှာနွေးသွားသည်။ ပြီးတော့ သဘောကျသွားသ လိုလို ပိုရင်းနှီးသွားသလိုလို။ ပို၍သေချာတာက ဒီခံစားချက်ကို တပ် မက်သွားမိတာပင်.. ၊

"ကျွန်တော်ကြိုးစားခဲ့သမျှက မင်းသမီးလေးအတွက်ပါ မယ် မယ်တို့နဲ့ပဲ သူနေမယ်ဆို သူ့သဘောပါ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော.."

အံမာ.. ၊

နားထောင်နေသည့် သူဌေးကြီးဆတ်ခနဲဖြစ်သွားသည်။

"အရင်တုန်းက ပြောမှားဆိုမှားရှိခဲ့တာ ဝမ်းနည်းစရာတွေဖြစ်လာဖို့မရှိပေမယ့် ခုဆိုရင်.."

"ခုဖြစ်လာဖို့ရှိရင် ပြောမှားဆိုမှားမရှိအောင် မောင်မင်းဆင်ခြင်ပေါ့.."

သူဌေးကြီးတလွှားလွှား ဝင်ချလာတော့ ဒေါ်ရတနာလှိုင်ပျာပျာသလဲဖြစ်သွားသည်။ သမက်နဲ့ယောက္ခမဒီလိုပုံစံနဲ့ ပြောကြရင်ဖြင့် အဆင်ပြေကြဖို့မလွယ်ပေ။ ထိုစဉ် အတွင်းခန်းထဲက ကလေးငိုသံကြားလိုက်ရလျှင် ချမ်းညကနေရာမှထရပ်၏။

"ဟော့..ဟော့၊ သမီးကခုမှ ဆယ့်တစ်ရက်ပဲရသေးတာ.."

အဆောင်ထဲမှာမှ အတွင်းအိပ်ခန်းထပ်ရှိနေသေးတာမို့ ချမ်းညဒီရှာရောက်တည်းက မင်းသမီးကဒီနေရာကို ထွက်လာမှတွေ့ခွင့်ရသည်။ သူဌေးကြီးက ကမန်းကတန်းတားလိုက်ပြီးမှ ဇနီးသည်ကိုကြည့်၍.. ၊

"အဲ့ဒါတွေကို ကျုပ်ကပြောနေရတယ်..မင်းကပြောမှပေါ့.."

"ဘယ်သူမှပြောဖို့မလိုပါဘူးသူဌေးမင်း..ကျွန်တော်စောင့်စည်းရမှန်းသိပါတယ်.."

"ဘယ့်နှယ် ကျုပ်ကိုသူဌေးမင်းတဲ့.."

လွှတ်ခနဲပြောချလိုက်ပြီးမှ သူဌေးကြီးမျက်နှာဟိုလွှဲဒီလွှဲဖြစ်သွားသည်။ ယောက္ခမကိုတော့ မယ်မယ်ဆိုပြီး ကိုယ့်ကိုကျမှ သူဌေးမင်းဆိုတာ ကောင်းလား.. ၊

ဒေါ်ရတနာလှိုင် အံ့သြသွားပြီး တဖြည်းဖြည်းပြုံး၏။

"ခုချိန်ထိခေါ်နေတော့ အိမ်တော်ကလူတွေမလေးစားမစိုးလို့.."

ဘယ်သူမှမမေးဘဲ ဖြေရှင်းလိုက်မိပြီး ကယောင်ကတမ်း လှည့်ထွက်၏။ ပြီးတော့ ခြေလှမ်းတုံ့သွားပြန်သည်။ လှည့်ကြည့်လိုက်တော့ ချမ်းညမရှိတော့ပေ.. ၊

"ညီမ.."



"ရှင်.."

"မင်းလိုက်သွားသင့်တယ် မထင်ဘူးလား.."

"အဲ့လောက်မလိုပါဘူး အစ်ကိုထည်ရယ်..ချမ်းညက သမီးလေးကိုခိုးသွားတယ်ဆိုပေမယ့် တစ်နှစ်နီးပါးတောင် ရိုးရိုးသားသားနေခဲ့တာပါ.."

"ဟင်.."

"ဟိုမှာကိုယ့်အိမ်ကိုယ့်ယာနဲ့ ပြည့်စုံပြီဆိုမှ အကြင်လင်မယားလို ပေါင်းကြတာတဲ့..ဒေါ်နီတာပြောပြတာလေ၊ မဟုတ်ရင် ကျွန်မတို့ စောစောတည်းက မြေးချီရမှာ.."

"ကြည့်စမ်း..ဒီကောင်.."

"ဟင်..ဘာလို့မကျေနပ်နေတာလဲ.."

"ဘာမှမဟုတ်ပါဘူး.."

"ဟား ဟား ဟား.."

ရယ်သံတွေလုံးထွက်လာမှ လှည့်ကြည့်လိုက်တော့ အိမ်တော်က လူတွေအခန်းရှေ့ထိ အုံခဲလို့.. ၊

လှည့်ကြည့်လိုက်မှ အလျှိုလျှိုပြေးကုန်ကြတာမို့ သူဌေးကြီး မျက်နှာနီရဲသွားသည်။

သူဘာပြောမိလို့တဲ့.. ၊

☺

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅၁)

"မသိဘူးကွာ..ဒီညတော့ အတူတူအိပ်ရမှဖြစ်မယ်.."

"ကိုချမ်းရယ်.."

"ဘာဖြစ်လို့တုံး..မီးလည်းထွက်ပြီ၊ ခင်ဗျားလည်းကြည်လင်လှပလို့..ကိုယ့်မိန်းမနဲ့ကလေးနားမှာ ကျူပ်ကနေခွင့်မရှိဘူးလား.."

ကြိုးလေး ခင်ပွန်းဖြစ်သူကို ချစ်စနိုးကြည့်ရင်းပြုံးသည်။ အလယ်မှာသားလေးရှိနေသဖြင့် ချမ်းညကခြေရင်းကနေ ပတ်လျှောက်လာပြီး ကြိုးလေးရဲ့ဘေးမှာ လှဲလိုက်၏။ ပြီးတော့ နောက်ကနေဆွဲဖက်ထားလိုက်လျှင်.. ၊

"ကိုချမ်း အဲ့လိုကြီးမနေနဲ့လေ..တော်ကြာ ဖေကြီးတို့တွေ့သွားရင် အထဲဝင်ခွင့်တောင် မရဘဲနေလိမ့်မယ်.."

"အဲ့ဒါတွေကြောင့်စိတ်ညစ်တာ..ကျူပ်ကပြောရင် ကျူပ်က အောင်မြင်လာတာတွေ အာခံနိုင်တာတွေပါလာဦးမယ်၊ ချမ်းညဆိုတဲ့ကောင် ဘုန်းကြီးကျောင်းသားလုပ်တာပဲကောင်းတယ်.."

ကြိုးလေးက သူဖက်ထားသည့်လက်ကို ဖယ်ချဖို့ရုန်းနေရင်းရယ်ကာ.. ၊

"ဘုန်းကြီးကျောင်းသားက ကလေးအဖေဖြစ်ပါ့မလားပြောပါဦး.."

"မသိဘူး.."

"ရှင်သိလို့ကြိုးစားခဲ့တာပဲဟာ..ကြည့်ပါဦး မျက်နှာကြီးကလည်း ကလေးဆိုးကြီးကျနေတာပဲ.."

ကြိုးလေးက ချမ်းညလည်ပင်းကို လက်ပြန်လှည့်ဖက်လိုက်ပြီး



မေးဖျားကိုနမ်းလိုက်ကာ.. ၊

"ဖေကြီးကိုနားလည်ပါကိုချမ်းရယ်..တကယ်တော့ ကျွန်မကိုပြန်ခေါ်ဖို့ ဖေကြီးတကောက်ကောက်လိုက်နေခဲ့တာပါ၊ ကျွန်မတို့ကသာ သားသမီးတွေပီပီ ဟိုအရင်တည်းက ဒူးထောက်သနားခံခဲ့ရင် ခုလိုပြောစရာတွေကျန်ခဲ့မှာ မဟုတ်ဘူး.."

"ဘာလဲ..ကျွန်တော်ကမာနပြခဲ့တာလို့ ပြောချင်တာလား.."

"ဟင့်အင်း..ရှင်မာနရှိတာကို ကျွန်မကိုယ်တိုင်သိစေချင်ခဲ့တာ၊ ဖေကြီးကိုလည်းချစ်တယ်..ရှင့်ကိုလည်းချစ်တယ်၊ ဖေကြီးကိုလေးစားရသလို ကိုယ့်ယောကျ်ားဖြစ်နေတဲ့ရှင့်ကိုလည်း ဖေကြီးတို့အထင်မြင်သေးမှာ မလိုချင်ဘူး..ဒါကြောင့် အချိန်ကိုစောင့်ခဲ့တာပါ.."

သူမကပြောပြီးမှ သဘောကျသလိုရယ်လိုက်ရင်း.. ၊

"ရှင်ကမသိပေမယ့် ကျွန်မရှင့်ကိုဘယ်တုန်းကမှ အထင်မြင်မသေးခဲ့ဘဲ တိတ်တခိုးအားကိုးတွယ်တာနေရတာလေ.."

"အပွန်း.."

"ဒါကြောင့် ဖေကြီးတို့ကအထင်သေးစကားတွေပြောလာမှာကိုလည်း မကြားချင်တာ..ခုရော ရှင်ကျွန်မအနားမှာပဲနေပါ့မယ်လို့ ဘာလို့ ကတိမပေးနိုင်သေးတာလဲ..ပြောပါဦး.."

"နေချင်လွန်းလို့ ခုန်ဆွခုန်ဆွဖြစ်နေတာကို.."

"ဟာ..ခုကိုပြောတာမဟုတ်ပါဘူး၊ အိမ်တော်မှာထာဝရ.."

ချမ်းညက သူမမမြင်အောင်ပြုံးကာ.. ၊

"ကလေးရတိုင်း လေးဆယ့်ငါးရက်တိတိ အနားမကပ်ရအမိန့်ကြီး ပြန်ဖြုတ်ပေးမယ်ဆိုရင်တော့ စဉ်းစားမယ်.."

ကြိုးလေးရယ်လိုက်ပြီး သူ့မျက်နှာကိုမြင်ရဖို့ ပက်လက်လေးပြောင်းလိုက်သည်။ ထိုအခါ အရှည်လျားပုံခဲနေသောဆံနွယ်တွေနဲ့ လုံးထွေးသွားသဖြင့် ချမ်းညကမန်းကတန်း သိမ်းယူပြီး သူမရင်အုံလေးပေါ်မှာ တယုတယတင်ပေး၏။ ပြီးမှ သူမခေါင်းလေးကို ဖြည်းဖြည်းမျှ လက်တစ်ဖက်ခံပေးထားလိုက်ရင်း.. ၊

"ကျွန်တော့်လက်မောင်းပေါ်မှာ ခေါင်းအုံးအိပ်ရမှ အိပ်[illegible]ပျော်တယ်ဆိုပြီး သားလည်းရရော မအုံးရလည်းပျော်ပါတယ်[illegible]သွားတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲခင်ဗျား.."

"ဘယ်လိုလုပ်ပျော်မှာလဲ..ညတိုင်း ရှင့်နားလာခိုးကြည့်ပြီး ရှင့်နဖူးကိုနမ်းနေရတာ.."

"ဟင်..တကယ်.."

"အင်း.."

"မယုံဘူး.."

"တကယ်ပါဆိုမှ.."

"ဒါဆိုခုနမ်းပြ.."

"ဟင့်အင်း.."

"ဘာလို့တုံး.."

"ရှက်စရာကြီး.."

နမ်းပါပြောတိုင်း ဘယ်လိုမှနမ်းခိုင်းလို့မရခဲ့သည့်ဒီမိန်းမ..၊ ချမ်းညမချင့်မရဲဖြစ်သွားပြီး သူမကိုယ်လေးကို တင်းခနဲဖက်ထားလိုက်ကာ.. ၊

"ရတယ်..ခင်ဗျားမနမ်းရင် ကျွန်တော်ပဲ.."

"ဟာ..မလုပ်နဲ့၊ တံခါးဖွင့်ထားတာကို ကိုချမ်းကလည်း.."

"မရဘူးကွာ..ကိုယ့်မိန်းမကိုယ်နမ်းတာ ဘယ်သူမြင်မြင်.."

ချမ်းည အတင်းအကျပ်နမ်းနေစဉ် ကလေးက ဝါးခနဲငို၏။ ကလေးငိုသံနှင့် မရှေးမနှောင်းမှာ သူ့ဌေးကြီးအပြေးတပိုင်းဝင်လာလျှင်..

"အဲ့ဒါပဲ..အဲ့ဒါတွေသိလို့.."

ကယောင်ကတမ်းခြေလှမ်းတွေမှားကုန်လျက် ကလေးဆီသွားရမလို ပြန်ထွက်ရတော့မလို။ ဒေါ်ရတနာလှိုင် ထပ်ချပ်မကွာပါလာကာ အမောတကောမေးလျှင်.. ၊

"ကလေးကငိုတာကိုးကွ..မကြားဘူးလား မင့်မြေးငိုတာ.."

ပြောလည်းပြော၍ လှည့်ပြေးတာ အခန်းပြင်ကိုတစ်လှမ်းတည်းနဲ့ ခုန်ထွက်သွားတဲ့အတိုင်း.. ၊

အချစ်ကြောင့် လူတိုင်းရူးကြလေသည်။

☺

လရောင်ကျူးရှင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com